www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး





# နဂ္ဂရွာရောင်ခြည်

နဂ္ဂရွာရောင်ခြည်
နဂ္ဂရွာရောင်ခြည်











လောကီ ပညာ ရသ စုံ မဂ္ဂဇင်း

F.1.May,2013.



www.burmeseclassic.com

www.burmeseclassic.com



သံတော်ရှင် စေတီတော်ကြီး၏
အနောက်ဘက် တောင်ကုန်းထက်တွင်
ဆရာတော် အရှင်မဟိန္ဒ၏ အဓိဋ္ဌာန်အောင်စေတီကို...
☛ ၈၁-၈၁

# နှလုံးလှရောင်ခြည်

နာယကကြီး
ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒု-ဘာ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
ဓမ္မဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း၊ (ဘားအံ)
ပါဠိ အယ်ဒီတာ
ဦးစံတင့်
(ဓာတုနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း
အတွင်းဖလင်
ပါရမီ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၃၇၂) နှလုံးလှရောင်ခြည်စာပေတိုက်
၂၄၃၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄)၊ ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နတ်ပိုစာပေ
ရှမ်းတောင်ကြားသား ဖြန့်ချိရေး
မိထွန်းစာပေ (တောင်ကြီး)
ဝင်းနိုင်စာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်မောင်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ရွှေမိုးထိန်းစာပေ၊ ၂၄၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
ဖ- ၀၁ ၂၄၂၂၈၅

ကြော်ငြာဌာနမှူး – ကိုတင်မောင်ဆွေ
မင်္ဂလာ စီးပွားရေးကြော်ငြာလုပ်ငန်း

၂၀၁၃ ခုနှစ်၊ မေလ
အမှတ် ၃၂၂
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
ဖ-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

19 MAR 2013



ဆရာတော်၏ ရုပ်ကလာပ်ကို
မီးပူဇော်သောနေ့ ညဉ့်အချိန်တွင်
မီးသဂြိုဟ်သော နေရာမှ… ◆ စာ-၉

ဘုရားရှင် သထုံသို့ကြွစဉ်
ခြေတော်ဆေးသည့်
ကန်တော်မင်္ဂလာကို… ◆ စာ-၆၁



## တွေ့ဆုံခြင်းရောင်ခြည်


ရွှေဆိပ်ချဂါထာတော်နှင့် ရွှေအဆိပ်ချဆရာနှင့်
တွေ့ဆုံခြင်း (မြဒင်-ဇင်းကျိုက်) ၁၄၉
တောင်ဥက္ကလာပမြို့နယ် အောင်စည်တိုင်းရင်းဆေးခန်း
ဆရာဦးကျော်လှိုင်ဦး(တဆ-၀၀၇၁၇)၏
ဆီးချိုသွေးချိုရောဂါ သိကောင်းစရာများနှင့်ကုထုံး
(မြောင်းမြ မောင်ယဉ်တင့်) ၂၂၅


## ပညာပေးရောင်ခြည်


သင်္ကေတများ၏ ဘာသာစကား (၂၃) (ဟူဂျင်းဇီ) ၁၅၀
တရုတ်ကြိုးထုံးပညာ (၇၈) (ဟူဂျင်းဇီ) ၁၇၄
လူ့တိုင်းအတွက် တရုတ်မှီးရာ
အိပ်မက်ရှင်းတမ်း (၆၈) (ထက်မင်းကျော်စွာ) ၁၇၉


## လက္ခဏာရောင်ခြည်


လှိုင်မြို့နယ် ပဏ္ဍိတာရာမ စာသင်တိုက် နာယကစာချ
သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပါးစကားဝါမြေ
ဆရာတော် ဘဒ္ဒန္တ ပညာဝံသ၏ လက္ခဏာတော်
[ဆရာ ဦးခင်မောင်လင်း- B.Sc(ရွှေဘို)] ၁၂၅
လက္ခဏာပဟေဠိ အဖြေညှိကြစို့
(ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၁၄၁
စိုက်ပျိုးရေးလုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်မလား ၁၆၂
စိုက်ပျိုးမွေးပညာရှင်တစ်ဦး၏ လက်ဖဝါးပြင်မှာ ၁၇၇
သူ ဘယ်လိုလူစားလဲ (သန်းပညာ) ၁၈၇
ဘယ်လုပ်ငန်းနဲ့ အကျိုးပေးမလဲ
(ဦးသော်ခင်-ဟာသ်ဘ) ၂၀၅


## လမ်းညွှန်ရောင်ခြည်


ထူးဆန်းသော ပုဂ္ဂိုလ်များနှင့် ထူးဆန်းသည့်
မာဘရန်ဂူကြီး (မိုးမိတ် မိုးကျော်) ၁၇
ကျိုက်မြို့တောင်ဖက်မှ သတ္တဝတီ သာသနာမြေ
နန်းဆီသို့(၇) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၄၁
ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်
ရေတံခွန်တောင်ခြေ မြတ်သမဏ၏ အောင်ရပ်တွေ
မြေမဟီနန်းဆီသို့(၃) (ခရီးသည်သုတေသီတစ်ဦး) ၇၃
မြင်သာတောင် ဆံတော်ရှင်
ရွှေစေတီတုန်းတော်ဆီသို့ (၂) (စံထွန်းသာ) ၉၁
မိမ်းစော့ပ်စို တောင်ညိုမှိုင်းရီသည့် သာသနာ့အောင်မြေ
ဌာနေတိုင်းဆီသို့ (၂) (ထက်မင်းကျော်စွာ) ၁၀၃




www.burmeseclassic.com

www.burmeseclassic.com

## ○ အထူးဆောင်းပါးရောင်ခြည် ○


နွားသင့်တောင်ကျွေ့ အနောက်ဘက်အခြေမှ
ချမ်းမြေ့ရိပ်မြိုင် သပိတ်ကိုင်သာသနာ့မြေသို့(၁)
(ဇင်ညိုငယ်) ၉
အောင်အတိတ်ဆောင် သိင်္ဂနိက်တောင်ရိုးဆီမှ
ပုထိုးစေတီ နေရာထူးများ (၉) (ထက်မင်းကျော်စွာ) ၅၇
ပေါင်လောင်ရှင်ကဿပမထေရ် ကောင်းမှုစေတီများ
ပူဇော်မှုခရီး (ယင်းမာပင်မြို့နယ် ရေပုပ်ဘုရားကြီး-၁)
(ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၆၅
စစ်ကိုင်းတောင် မန္တလာကျားကူးချောင် ဆရာတော်
ဦးကောဝိဒနှင့် ခန္ဓာညက်ရောက်ကျင့်စဉ်တရား(၂)
(သံသရာခရီးသည်တစ်ဦး) ၈၉
ရွှေတောင်မြို့ ရယာဇ္ဇာ(၈၀)နှင့် မှဲ့ရှင်ဆရာတော်ကြီး(၂)
(သန်ဦး-သုဝဏ္ဏ) ၉၇


## ❀ ကိုယ်ပေါ်ဝတ္ထုရောင်ခြည် ❀


ချစ်ကြိုးယှက်နွယ် မြွေမောင်မယ်
(မျိုးတင့်-ညောင်လေးပင်) ၁၄
အရှင်ကြီးနတ် ဆုံးမခြင်းခံခဲ့ရဖူးသော ကျွန်ုပ်၏အဖေ
(ချစ်ဆိုင်) ၂၃၃
တွေ့ရကြုံရ ကျောက်သမားဘဝ(၅)
(ရွှေကသစ်-ကျောက်မျက်) ၂၃၆
အမေသူရဿတီမယ်တော်နှင့် ပတ်သက်သမျှ
(ဦးအုန်းမြင့်-ဟသ်ာတ) ၂၄၇
ငါးလိုက်ချောင်းရေ ချိုပါစေ(အောင်မိုးမြင့်-နေပြည်တော်) ၂၈၁


## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤


မပတ်ခွဲရှင် သိခွဲရှင်. . . . ကို (၃)
(ရွှေတောင် ကြည့်မောင်အေး) ၂၀၉
ကျွန်တော်နှင့် ထူးဆန်းသော ဇော်ဂျီဆံပင်
(ညီလေးငယ်-လယ်တော်) ၂၄၁
ထူးဆန်းသည့် ဝန္တာရိုပ္ပိုလ် (ရတနာဒေဝီ) ၂၄၉
အံ့ဖွယ် ငါးကျည်းပြီးသူ (စန္ဒာမိုး-တောင်ငူ) ၂၈၇
ကြောင်ကျောက်အစွမ်းသတ္တိနှင့် ဖြစ်ရပ်ဆန်းများ
(ဖိုးလင်းအောင်-မြန်အောင်) ၂၈၉


## ✻ ဆေးဆိုးပြီးကိုရောင်ခြည် ✻


လေဖြတ်ရောဂါအတွက် ဆေးတစ်လက်
(အေးမွှင့်ပန်-သင်တုံး) ၂၉
အမျိုးသမီးများအတွက် မီးယပ်တွက်တုထုံး
(မြေမိုးချစ်-နတ်မောက်) ၁၅၈
နံနက်သဘော် ညငှက်ပျော (မောင်ရင်တွေး-မအူပင်) ၁၈၄
ခြေဖဝါးပူရောဂါ ပျောက်ကင်းကြစေရာ
(ဒေါ်ခင်ဝင်းမွန်-B.A.သမိုင်း) ၁၉၁
ရုတ်တရက်လေဖြန်းသွားခဲ့လျှင် ဤဆေးနည်းလေး
သုံးကြည့်စေချင် (မောင်နိဘယ်(လ်)-မြစ်သား) ၂၀၇







လိုရာအကျိုးသိဒ္ဓိ ပြီးပြည့်စုံစေသည့်
သမထဓာရွှေလမ်းစဉ်
ပုတီးစိပ် စိပ်များနည်းဖြစ်သည်ဟု ➜ စာ-၅၃

သော့ချိတ်ဆိုတာ သူ့ချည်းသက်သက်
ဘာမှ အသုံးမဝင်ဘူး
သော့ချိတ်မှာ သော့တံရှိဖို့လိုတယ်... ➜ စာ-၁၃၇




www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတာကတော့ တစ်မျိုးကောင်းပါရဲ့
မိမိအလုပ်မှာတော့
အနှောင့်အယှက်ဖြစ်တယ်ဟု… ☛ စာ-၄၉

နှစ်ပေါင်းတစ်ရာမှ တစ်ပါးနှစ်ပါးသာ
လာရောက်သီတင်းသုံးသည့်
မိုးမိတ်ရှိ ဟာဘရန့်လိုဏ်ဂူကြီးသို့… ☛ စာ-၁၉




◆ ဆေးဝေဒဆောင်းပါးကဏ္ဍ ◆

မိမိပတ်ဝန်းကျင်ရှိ အနိုင်ဓာတ်များ (ရေတွက်ကောင်း အသက်ရှည်ဆေး) (အောင်လှသန်း-မင်းဘူး) ၁၆၀
ရှားစောင်းလက်ပပ်ချက်ဆေး အထင်မသေးနှင့် (မောင်မောင်ကျော့ကို) ၁၃၆
အပူနာမှန်သမျှ မြင်းခွာကုထုံး (ရှောင်းနက်သား) ၁၉၂
သွားနာသွားကိုက် သက်သာပျောက်ကင်းတဲ့ဆေး (ဒေါ်တင်အေး) ၂၁၃
ဓာတ်လေးပါးညီဆေး (မောင်ဗဟိန်း-အင်းတော်) ၂၁၆
ကိုယ်တွေ့ပြည်တည်နာ အနာကျက်စေသော ဆေးနည်းကောင်း (နန်းခင်ထွေး-သီပေါ) ၃၀၄

✻ အင်းဆေးဆောင်းပါးကဏ္ဍ ✻

ဂဏ္ဍိရ ဝ,ကိုးလုံး နဝင်းစမအဆောင်(ရောမြေ ကျော်ဝေ) ၇၈
အစွမ်းထက်သော အဆိပ်ချဂါထာနှင့် အစီအရင် (အုပ်-ဂါထာမန္တန်သုတေသီ) ၁၅၇

✻ ကျင့်စဉ်ဆောင်းပါးကဏ္ဍ ✻

ဝုဏ်တော်ကိုးပါးပုတီးစိပ်နည်းနှင့် အဓိဋ္ဌာန်အစီအမံများ (မောင်ဗဟိန်း-အင်းတော်) ၁၅၃
ဘုရားမဲ့ဘုရားတရားဘုရား၌ အဓိဋ္ဌာန်ဝင်လိုလျှင် (သီဟတေဇ) ၂၀၁
မဟာဘုတ်ချိန်ခွင်နှင့် ရန်ပြေချမ်းသာကျင့်စဉ် [၃-ကြွင်းသိုက်ဖွား ကြာသပတေးသားသမီးများအတွက်)] (သန်းပညာ) ၂၀၆

✻ ဂမ္ဘီရဆောင်းပါးကဏ္ဍ ✻

အလယ်ရိုးမ ခေါ် ပဲခူးရိုးမကြီး၏ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၊ သော်ဘင်ရွာအနီးရှိ ထူးဆန်းသော ဘုမ်းမွဲဇာတိုင်ကြီး (နေဝန်းနီ) ၂၅၃

✂ နေ့စဉ်သုံး အဖြေလမ်းညွှန်ဆောင်းပါးကဏ္ဍ ✂

၂၀၁၃ ခုနှစ်၊ မေလအတွင်း လာဘ်လာဘရွှင်လန်းစေဖို့ (ထက်မင်းကျော်စွာ) ၄၇
၂၀၁၃ ခုနှစ်၊ မေလအတွက် ခုနစ်ရက်သားသမီး ဟောစာတမ်း (ဆရာ ရောင်ခြည်) ၁၈၂
၂၀၁၃ ခုနှစ်၊ မေလအတွင်း ပိုရိုပ်ရှင်တို့၏ ကံကြမ္မာ (ဟူဂျင်းဇီ) ၁၉၀

✣ ထူးခြားသစ်ပင်ဆောင်းပါးကဏ္ဍ ✣

သစ်ပင်များပေါ်တွင် အလိုအလျောက်ပေါက်ပြီး သိဒ္ဓိဝင်နေသည့် ဇော်ဂျီမုတ်ဆိတ်ဂမုန်း (သန်းထွန်းသိန်း-ဘုံးအံ) ၈၆




www.burmeseclassic.com

www.burmeseclassic.com


## ▢ [illegible] ▢

[illegible] [illegible]
[illegible] [illegible] (ခင်ညိုဝယ်) ၇၀
[illegible] [illegible] [illegible]
(ငုသဲချေ ထွန်းထွန်း) ၁၁၂
[illegible] (ဘုမ္မဝတီ ကိုကိုလေး) ၁၈၈
[illegible] ဇာတ်ဓာတ်မြတ်မဟာ(၂)
(ရွှေတောင် ခင်မောင်ကြည်) ၁၉၇

## ● [illegible]ရောင်ခြည် ●

[illegible] ဓာတ်ရုသေ့အဆောင်
(ဦးဦးသန်းတင်-တမ္မဝတီ) ၃၇
ဆေးဝတ်သာဆရာတော်ကြီး၏ ခုနစ်ရက်သားသမီး
ဝုတ်းစီရင်စိပ်ပွားနည်း (ဓရိုးသည်သုတေသီ) ၅၃
ဗုဒ္ဓဘုရားရှင်၏ ပရိတ်တော်အစွမ်းနှင့်
လောကီအစီအရင် (စလင်း ဦးကျော်) ၉၄
ဓာရဏပရိတ်နှင့် ကျွန်တော့်ပဲခင်း
(ရောတိမ်ကျော်-မအူပင်) ၁၀၂
ဘူးနှာမောင်း အရောင်းအဝယ်ကောင်းအောင်
(ပိဋကမဟီ့ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး) ၁၂၄
မဟူရာကျောက်လက်စွပ် အစီအရင်
(နတ်မောက် လှမြင့်သစ်) ၁၈၅

## ✳ [illegible]ရောင်ခြည် ✳

ကိုယ်တွေ့ကြုံရ ရွှေဂါထာတော်၏အစွမ်း
(ဖေ့သားချစ်-မာန်အောင်) ၁၄၈
ကြက်တွန်လာဘ်ခေါ် ဆန်မန်းမန္တန်
(နတ်မောက် လှမြင့်သစ်) ၁၅၆
စည်းစိမ်တန်ခိုးနေ့စဉ်တိုး အစိန္တေယျဘုရားရှိခိုး
(နတ်မောက် ကောင်းမွန်မြင့်) ၁၆၄
ပြည်ရွှေဆံတော်စေတီနှင့် ရတနာ့ဂါထာတော်
(ကြည်ကြည်-ဗီးကုန်း) ၁၉၃
ထွက်ရပ်စခန်း (၁၀)ဂါထာ [စ ခ ဗ ဝ န မ င ထ လ ပ]
(ဦးသီလာစာရ-အလုံကျောင်းဆရာတော်) ၂၃၀

## ⁜ [illegible]ရောင်ခြည် ⁜

အိမ်ခါးပတ်နှင့် နို့ညှပ်အိမ် အတွေ့အကြုံ
(အောင်ဆန်းလင်း) ၁၆၉
အောင်စံအဝင်နှင့် ကျွန်တော်၏ တံကြမ္မာ
(ပါမောက္ခ ဒေါက်တာမောင်မောင်သန်း-ပထဝီဝင်) ၂၁၇

## ✝ [illegible]ရောင်ခြည် ✝

ပရလောကသားပေးသော ထူးဆန်းသည့်
မောင်းတစ်လုံး (လှမင်း-အောင်လံ) ၆၃
ကျောက်သော့ချိတ် (မျိုးတင့်-ညောင်လေးပင်) ၁၃၇

## ● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယတွ၏ ဘဝအတွေ့
အကြုံများ (၁၆) (ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်) ၁၄၂






[illegible]
[illegible]
[illegible]
[illegible]
[illegible]...
➡ စာ-၁၁၁

မင်း ... သစ္စာစေရတွင်း
အခုအမှာ
ဘာဖြစ်လို့
ဆီးသွားရတာလဲ
ဒါကြောင့် မင်းကို ...
➡ စာ-၂၇



www.burmeseclassic.com

www.burmeseclassic.com



လောကီ
စီးပွား
ချမ်းသာ
အတွက်
အဆောင်
ပစ္စည်းတစ်ခုခု
စီရင်လိုလျှင်...
♦ စာ-၃၅



နယ်လှည့်
ဂန္ဓာရီပုဂ္ဂိုလ်
များအတွက်
အောင်မြေ
အနီးမှ
ဘိလူးကြီး
ဦးဟာနေဘ၏
စောင့်ရှောက်
မှုကြောင့်...
♦ စာ-၁၀၉

တဖြည်းဖြည်း ဦးခေါင်းခေါက်
မျက်နှာခေါက်မှ ခြေဖမိုးခေါက်အထိ
တစ်ကိုယ်လုံး ကူးစက်ပြီး ဖြစ်သွားရသည်တို့... ◆ စာ-၁၃၀




## အမျိုးသမီးအထူးရောင်ခြည်

တမာရွက် အခါးသက်သာစေဖို့
(တင်ထွန်းလှိုင်-မြစ်သား) ၁၉၆
ငြာအကြောင်း သိကောင်းစရာ (မြင့်) ၂၂၄

## ကုထုံးရောင်ခြည်

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
(ခြေသလုံးကြွက်တက်သော်) (ဦးလှညိမ်း-တံတားဦး၊ အင်းဝ) ၁၆၈

## သုတေသနရောင်ခြည်

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
(ရန်ကုန်တိုင်းဧသကြီး၊ လှည်းကူးမြို့နယ်၊ ရိုးသာရပ်တွက်၊
နိဗ္ဗာန်ဆိပ်ဦး၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်
ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
သဒ္ဓမ္မမင်္ဂလာက်ာရအား ပူဇော်ဂါရဝပြုခြင်း) (သန်းပညာ) ၄၆
မြောက်ဦး တူးဖော်ရေးကုန်းအမှတ် (၂)မှ
တူးဖော်တွေ့ရှိသည့် ယဉ်ကျေးမှု ရှေးလက်ရာများ (၁၄)
(ပန်းချီဘူးလှ-ရှေးဟောင်းသုတေသန) ၁၅၁
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း
(ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၂၁၄

## မြန်မာ့ရိုးရာ ပညာရောင်ခြည်

အိမ်ဆောက်ကျောင်းဆောက် နက္ခတ်တွက်နည်း
(ဗိုလ်မင်း-မင်းလှ) ၁၅၅
သက်တော်ရှစ်ဆယ်ဟောကိန်း (ကောင်းခန့်-သခွတ်မြေ) ၁၆၁

## ကျန်းမာရေး ဗဟုသုတရောင်ခြည်

၂၀၀၃ ခုနှစ်၊ မေလ ကျန်းမာရေးအတွက်
အကြံပေးချက်များ (ဟူးရင်းစီ) ၁၅၉

## အထူးအဆန်းရောင်ခြည်

အလောင်းထမ်းမှူးခြင်းနှင့် ပတ်သက်၍ သိသမျှ
ဖြေလိုက်ပါသည် (ညွန့်ဝင်း-နတ်တလင်း) ၃၀
သိဒ္ဓိမြောက်တဲ့ဆေး သိသူများမှ ဖော်ပြပေးစေချင်
ဆောင်းပါးနှင့် ပတ်သက်၍ (အေးရွှေ-စီးကုန်း) ၂၂၁
မီးညွန့်မီးလျှံ မီးတောက်ကြီးနှင့် နီရဲလောင်ကျွမ်းနေသော
မီးလုံးကြီး သိသူများမှ ဖော်ပြရေးသားပေးကြပါရန်
(တူးမမ-ပေါင်) ၂၅၄

## ဟာသရွှန်းရောင်ခြည်

ကျွဲ့ဖွား ပန်းပေါက် လက်တွေ့ပျောက်
(နတ်မောက် မင်းချစ်နော်) ၁၅၀

## ပြုံးချင်းပြုံး ကလေးငယ်လေး ပြုံးရောင်ခြည်

ကလေးများအတွက် နဝါးပါးပျဉ်းရွက် (တွေးမြော) ၁၈၆


နဂါးမှာရောင်ခြည်ပိုက္ခရင်း ၅

www.burmeseclassic.com

## ✱ ဆောင်းပါးရောင်ခြည် ✱


အလောင်းတော်ကဿပဘုရားတော်ပေါ်မှ သစ္စာရေတွင်း (ဗိုလ်ညွှ) ၂၆
စစ်ကိုင်းတစ်ခွင် သိုက်ဝင်စေတီများ၏ အောင်မြေနှင့် မိုး ပူဇော်ပါသာတော်များ(၃)(အောင်ချမ်းမြတ်–စစ်ကိုင်းတောင်) ၁၀၅


## ◇ ဗေဒင်ရောင်ခြည် ◇


၂၀၁၃ ခုနှစ် မေလအတွက် ဇာတ်ကြီးငါးပါး
ရိုးမြဲမှုနှင့် အောင်ဘာလေထီဆုငွေ (ထက်မင်းကျော်စွာ) ၁၆၇
၂၀၁၃ ခုနှစ် မေလ ထီအတွက်
မွေးရက်ပါ ဥာဏ်ဂဏန်း (ဆရာရဲထက်–သုတေသီ) ၂၁၉


## ✱ စိုက်ပျိုးရေးရောင်ခြည် ✱


သရက်ပင် ဖောဖောပွင့်စေဖို့ (ကိုမောင်ကျော်လှိုင်–မအူပင်) ၃၁
သစ်ပင်ကို အသီး,သီးအောင် မဝင်လာဆောင်သည့် စတီနည်းတစ်နည်း (သိဒ္ဓိထိပ်ခေါင်) ၂၉၃


## ✍ ထပ်ဆင့်အသံရောင်ခြည် ✍


တွေ့ဆုံတင်ပါသည် နက္ခတ္တရောင်ခြည်
(အတက်ရောဂါမှ အောင်မြင်စွာ လွတ်မြောက်ခဲ့ပြီ) (ဦးကျော်ညွှန့်) ၂၂၀


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


ဝေဘူဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများနှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ(၂၀) (ကျောက်ဆည်–မင်းမပော်) ၃၃
တတက်ကုန်းဆရာတော်ကြီး၏ သာသနာပြုခရီးလမ်း
ကြည်ညိုဖွယ်ရာ ဖြစ်ရပ်ဆန်း (ရဲလေး–ဟသ်ာတ) ၄၉
မော်လမြိုင်မြို့မှ ကျော်လေးကျော် တောင်လေးလုံး
ဆရာတော်(၄) (ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်) ၁၂၁
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်
ကြိမ်တောချောင်တေးရွာ သိမ်ကျောင်း ပဓာန နာယက
ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စဝံသ၏ ဥတုဇ
ရုပ်ကလာပ်တော်မှ ထူးခြားဖြစ်စဉ်များ(မြမြဝင်း–တောင်ငူ) ၁၂၉


## ● ဖြစ်ရပ်မှန်ရောင်ခြည် ●


မိမိကိုယ်တိုင် ရေစက်ချ သာခုခေါ်သည့် တောင်စောင့်ရုက္ခစိုး (မောင်ဒီပ–စကုကျွန်း) ၂၄၆
စောင်မြဲပေးတာ ဘယ်သူလဲ (ဒီလှိုင်း–သပိတ်ကျင်း) ၂၆၂
ရုက္ခစိုး လာပေးသော ငွေမတ်စေ့ (ကျော်သန်း–အကြီးတန်းလက်နှိပ်စက်) ၂၆၇
ကျွန်ုပ် တွေ့ကြုံခဲ့ရသော ဖွေရှာရိုးမဟုတ်သော ဖြစ်ရပ်မှန်များ(၁) (ထွေးနုဒီ) ၂၆၀
ပျားမှုဆိုး (တင်ဘုန်းဝင်း) ၂၆၅
ပြောမယုံ ကြုံဖူးမှသိ (၁) (အင်ကြင်း–ကသာ) ၂၆၉
လူခြောက် (ဦးစိန်–ရွှေဘို၊ မြိတ်) ၂၉၄
ရတနာသိုက် ထူးရအောင် (ဦးမင်းလှိုင်) ၂၉၇
လက်ဝှေ့ကျော် ဦးထွန်းမြတ်နှင့် ကြောင်အမြီးတော(လက်ပံနီ) ၃၀၂


ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

ပခုက္ကူ လောကသား တစ်ဦးမှ လာပေးလို့ မောင်းတစ်လုံး ရခဲ့ပုံကြောင်း…

☛ စာ–၆၃



သူ့ရဲ့ ဦးကို ရေမွှေး ဆွတ်ပြီး ဆောင်ထားရင် လာဘ်ရွှင်ပြီး…

☛ စာ–၈၆



ဤပြင်ကျင်းမှာ ချစ်ကြိုးယှက်နွယ်နေသော မြွေမောင်မယ်တို့၏ ပြင်ကျင်းဖြစ်သည်… ☛ စာ–၁၄



www.burmeseclassic.com

www.burmeseclassic.com

စည်သိုလယ်

နွားလပို့တောင်တွေ့အနောက်ဘက်အခြေမှ ချမ်းမြေ့ရိပ်မြိုင်

# သပိတ်အိုင် သာသနာပြုသို့ (၁)



◆ သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွစဉ်

## သပိတ်အိုင်ဆရာတော်

ရဟန္တာပုဂ္ဂိုလ်ထူးဟု သမုတ်ခြင်းခံတော်မူရသော သပိတ်အိုင်ဆရာတော် ဦးကိတ္တိကို ဆွမ်းခံကြွစဉ် ခဏတာ မည်ကာမတ္တ ဖူးမြင်ဖူးသော်လည်း သပိတ်အိုင်ကျောင်းတွင် လည်းကောင်း၊ နေအိမ်သို့ ဆွမ်းစားကြွစဉ် သော်လည်းကောင်း သေချာစွာ အနီးကပ် ဖူးမြော်ရခြင်း မရှိခဲ့ပါချေ။

ဆရာတော်သည် သာရေးနာရေး ပင့်ဖိတ်မှုတွင် ကြွရောက်ခြင်း မရှိသကဲ့သို့ တောရကျောင်းတွင် သီတင်းသုံးစဉ်တွင်လည်း လာရောက်ဖူးမြော်ကြသော ရဟန်းရှင်လူပရိသတ်ကို အချိန်ကြာမြင့်စွာ လက်ခံစကားပြောခြင်း၊ ညဥ့်အိပ် ညဥ့်နေ နားခိုခွင့်ပေးခြင်းမပြုဟု ကြားသိခဲ့ရလေသည်။

ဆရာတော်သည် ၁၃၃၁ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်နေ့တွင် ပျံလွန်တော်မူသောအခါ မိမိမှာ အခြေခံပညာမူလတန်း နောက်ဆုံးနှစ် ကျောင်းသားအရွယ် ဖြစ်သည်။

ဆရာတော်ကြီး ဈာပနာကို သုံးရက်သာထား၍ အကျဥ်းရုံး ပူဇော်ကျင်းပသည်ဟု ဆိုသော်လည်း ဘုန်းကြီးပျံပွဲ သွားရောက်သူ ပရိသတ်ကား မနည်းလှပါ။

ထိုစဉ်က ပေါင်မြို့နှင့် သပိတ်အိုင်တောရအဝင် ကျုံကတိုက်ကျောင်းသို့ တစ်ဦးလျှင် ကား‌ခ(၄၀)ပြားဖြင့် ပြေးဆွဲပေးရာ အသုံးစရိတ် မလုံလောက်သဖြင့် သွားရောက်ပူဇော်ခွင့် မရခဲ့သော်လည်း ရောက်ရှိသွားသူ သူငယ်ချင်းများအဆိုအရ လူချင်းထပ်ကာ တိုး၍ မပေါက်အောင် စည်ကားလှသည်ဟု ကြားသိရလေသည်။

## မီးသင်္ဂြိုဟ်စဉ် ထူးခြားမှု

ဆရာတော်၏ ရုပ်ကလာပ်ကို မီးပူဇော်သောနေ့ ညဥ့်အချိန်တွင် မီးသင်္ဂြိုဟ်သောနေရာမှ မာကျူရီမီးသီး



www.burmeseclassic.com

www.burmeseclassic.com

ထက် အဆပေါင်းများစွာ အားကောင်းသော မီးလုံးကြီးတက်လာကာ ကောင်းကင်ပျံလျက် အနောက်တောင်ထောင့်အရပ်(ဘီလူးကျွန်းရှိရာ) သို့ ရွေ့လျားသွားသည်။

ထိုမှ ပြန်၍ ရွေ့လျားပျံသန်းလာကာ မီးသင်္ဂြိုဟ်ရာသို့ ပြန်လည်ဆင်းသက်လာသည်။ ဤသို့ဖြင့် အကြိမ်ကြိမ်လူးလာကွန့်မြူးခဲ့သည်။ ဘီလူးကျွန်းသည် သပိတ်အိုင်မကြွမီ ဆရာတော်သီတင်းသုံးခဲ့ရာနေရာ ဖြစ်သည်။

## ဖူးမြော်ခွင့်ရခဲ့စဉ်

သပိတ်အိုင်ဆရာတော်အား ကဒါရပ်ကွက်သို့ ဆွမ်းခံကြွစဉ် တစ်ကြိမ်သာ ဖူးမြော်ခဲ့ရဖူးသည်။ မှတ်မှတ်ရရ ၁၃၃၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့တွင် ဖြစ်သည်။

'သားရေ အဘိုးတို့အိမ်မှာ
ထောပတ် နည်းနည်းသွားတောင်းချေ'

မိခင်ကြီးစေခိုင်းသဖြင့် သွားရောက်စဉ် အဘွားက **"ဟဲ့ မြေး ဆွမ်းအစ်မြန်မြန်ယူလာ သပိတ်အိုင် ဆရာတော် ဆွမ်းခံကြွလာသတဲ့"** ဟုပြောရာ ဆွမ်းအစ်ကိုင်လျက် အဘွားနောက်မှ လိုက်ခဲ့သည်။

မဝေးလှသော ဆွမ်းလောင်းဇရပ်သို့ရောက်သောအခါ မျက်လွှာချလျက် ကြွလာသော ဆရာတော်ကြီးကို ဖူးမြင်ရသည်။ အဘွားက ဆွမ်းထမင်းများလောင်းလှူပြီးနောက် မြေပြင်တွင် ဝပ်တွားကန်တော့သည်။

'မြေးလေးကန်တော့ကွယ်။ သပိတ်အိုင်
ဆရာတော်ဆိုတာ ဖူးရခဲတယ်'

အဘွားက တိုက်တွန်းသဖြင့် ဆရာတော်၏ နောက်ကျောကို ကြည့်ကာ ထိခြင်းငါးဖြာဖြင့် ကန်တော့ဖြစ်ခဲ့သည်။

ရက်အနည်းငယ် ကြာသောအခါ မိခင်က...

'သား လပြည့်နေ့က သပိတ်အိုင်
ဆရာတော်ကို ဖူးရတယ်ဆို'

'ဟုတ်တယ်လေ အမေ့ကိုတောင်
သားပြောပြသေးတာပဲ'

'ကျုံကအိမ်(ကျုံကရွာမှ ပေါင်မြို့သို့ပြောင်းရွှေ့နေထိုင်သောမိသားစု)က "အမြင့်"က ပြောတယ်။ အဲဒီနေ့က သပိတ်အိုင်ဆရာတော် ကျုံကရွာမှာ ဆွမ်းခံကြွတာတွေ့ရလို့ ဆွမ်းလောင်းခဲ့သေးသတဲ့'

ဤကဲ့သို့ပင် မော်လမြိုင်၊ သထုံ၊ ရန်ကုန် စသည့် အခြားဝေးလံသော နေရာဒေသများတွင် ဆရာတော်



◆ သဲကုန်းအရှင်ဉာဏိဿရပုံတော်

ဆွမ်းခံကြွသည်ကို တွေ့ရသော်လည်း ကျုံကရွာတွင် နေ့စဉ် ဆွမ်းခံ မပျက်ခဲ့ချေ။

## သပိတ်အိုင်တောရသို့

သပိတ်အိုင်တောနှင့် ဆရာတော်ဦးကိတ္တိအကြောင်း လေ့လာပူဇော်ရန် စာတည်းချုပ်က အကြံပေးလမ်းညွှန်လေရာ မိမိကြားခဲ့၊ ကြုံခဲ့ဖူးသော အဖြစ်အပျက်များကို ပြန်လည် သတိရမိခြင်း ဖြစ်သည်။

သပိတ်အိုင်တောရသည် သ...ခရိုင်၊ ပေါင်မြို့နယ်၊ ကျုံက...ရွာ မြောက်ဘက် ဘန့်တွေး...တောင်





www.burmeseclassic.com

www.burmeseclassic.com

နှင့် နွားလပို့တောင်စွယ်နှစ်ခုကြား ရှိ ချိုင့်ဝှမ်းတွင် တည်ရှိသည်။ မွန်တိုင်းရင်းသားဘာသာဖြင့် **"ကရောက် ကလိင်"** ဟုရေး၍ **"ကရွတ်ကလိန်း"** ဟူသော နီးစပ်သည့်အသံ ထွက်ရှိသည်။

**ကရောက်** =တောင်ကြားချိုင့်ဝှမ်း၊ **ကလိင်**= သာလိကာဖြစ်ရာ **"သာလိကာချောင်"** ဟု ဆီလျော်အောင် ပြန်ဆိုရွှယ်ရှိသည်။ ဆရာတော်ရှိစဉ်က သာလိကာငှက်များ အိပ်တန်းဝင်ရာ နေရာဖြစ်ကာ ယခု မရှိကြတော့ပေ။


**ကျုံကရွာဦး တိုက်ကျောင်းအနီးမှ** နှစ်မိုင်ခန့် ဝင်ရောက်ရသည်။ မီးရထားလမ်းခင်း ကျောက်ထုတ်စခန်း ကျော်လွန်သောအခါ ပြန့်ပြူးသော အင်္ဂတေကားလမ်းကို ဖြတ်သန်းရသည်။

တောင်ကုန်း အတက်အဆင်းကလေးများ ရှိသော်လည်း လမ်းသာလှပါသည်။ စာတည်းချုပ် ဝယ်ပေးလိုက်သော **"ရှုဥသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း"** တွင် သဲကုန်း အရှင်ဉာဏိသရက နိဒါန်းရေးထားရာ...

'တောရကျောင်းလမ်းမှာ လူနှစ်ယောက်ယှဉ်၍ မသွားသာဘဲ တစ်ယောက်သွားလမ်းမျှ ဖြစ်သည်။ နွားလပို့တောင်စေတီမှာလဲ မြင့်မောက်မတ်စောက်သည့် တောင်ထိပ်ပေါ်မှာ ထုံးသင်္ကန်းမျှပင် မဝတ်ရုံရသည်မှာ နှစ်အတန်ကြာနေပုံ ရသည်'

ဟု ဖော်ပြထားသည်။ **၁၃၃၃ ခုနှစ်က အခြေအနေ** ဖြစ်သည်။

တောရတည်ရာ ကုန်းတော်အဝင်ဝ လမ်းခွဲတွင် နွားလပို့တောင်တန်းနှင့် စေတီကို ဖူးမြော်နိုင်သည်။ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ည အချိန်တွင် ဤစေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးတော်မူသည်ကို ချပ်နီးရပ်ဝေးမှ ဘုရားဖူးပရိသတ်



◆ အရှင်ပညာဇောတ(မွေ့ရှာ)

များစွာ မြင်တွေ့ရသည့်အပြင် ဗီဒီယို မှတ်တမ်းလည်း (၁၅)မိနစ်အကြာမျှ ရိုက်ကူးထားနိုင်ခဲ့သဖြင့် ထို့နောက်ပိုင်း ကာလများတွင် ဘုရားဖူးများ ကြိတ်ကြိတ်တိုး စည်ကားခဲ့လေသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အပါအဝင် စာနယ်ဇင်းများကလည်း နွားလပို့တောင် ဆံတော်ရှင်စေတီနှင့် စပ်လျဉ်း၍ ဆောင်းပါးများစွာ ရေးသား ဖော်ပြခဲ့ကြသည်။

ယခုသော်ကား တောင်တက်ကားလမ်း ဖောက်လုပ်ပြီးသည့်အပြင် အနောက်ဘက် တောင်တက်လမ်းတစ်လျှောက် အင်္ဂတေကားလမ်းများ ထွက်ပေါ်လာခဲ့လေသည်။

သပိတ်အိုင်တောရတွင် ဆက်လက်သီတင်းသုံးတော်မူကြသော သံဃာများကလည်း ဤလမ်းတစ်လျှောက် ကိုယ်တိုင် အင်္ဂတေခင်းကာ လုပ်အားပါဝင်လှူဒါန်းကြသည်ဟု သိရသည်။


လမ်းခွဲမှ ကုန်းမော့ကလေးအတိုင်း အနည်းငယ် တက်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com





◆ သာဓုနုပိဿာဒိကာသိမ်

◆ သိမ်မော်ကွန်းကမ္ပည်း

စမ်းကူးတံတားတစ်ခုနှင့်အတူ အနီးရှိ ညောင်ပင်တွင် “**သပိတ်အိုင်တောရ**” ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။

ဆရာတော်ကြီးရှိစဉ်ကမူ ဤဆိုင်းဘုတ်ကလေးကို မဆိုထားနှင့် တောရအဝင်လမ်း ပြုပြင်ပေးပါရစေ ဟု လျှောက်ထားသည်ကို ပရိသတ်စည်ကားမည်စိုးသဖြင့် ငြင်းပယ်တော်မူခဲ့လေသည်။

စမ်းကူးတံတား ကျော်လွန်သောအခါ ဆွမ်းစားဆောင်ကို လှမ်းမြင်ရသည်။ ထိုမှ အထက်မြေကွက်လပ်တွင် လက်ရှိဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်ရှိသည်။ ဆရာတော်ဦးကိတ္တိ ရှိစဉ်က သီတင်းသုံးခဲ့သော ကျောင်းနေရာဖြစ်ကာ မူလကျောင်းမှာ ပြိုပျက်သွားပြီ ဖြစ်သည်။

## သဘာဝလိုဏ်ဂူများ

သပိတ်အိုင်တောရမှ သာမဏေတစ်ပါးအကူအညီဖြင့် ဆရာတော်သီတင်းသုံးရှုမှတ်ခဲ့ရာ သဘာဝကျောက်လိုဏ်ဂူများ ဆီသို့ သွားရောက် လေ့လာကြရာ ဆယ်မိနစ်ခန့် မတ်စောက်သော တောင်တက်ခရီးဖြစ်သည်။ ရောက်ခါနီးတွင်ဆင်ခြေလျှောကျောက်ဖျာကြီးအား နွယ်ကြိုးဖြင့် တွဲခို၍ တက်ကြရသည်။

ပထမဆုံးတွေ့ရသည့် လိုဏ်ဂူမှာ ကျောက်ဆောင်ကြီး တစ်ခုအောက် တစ်ထိုင်စာ အမြင့်ရှိသောဂူ ဖြစ်သည်။ အလျား ဆယ်ပေ၊ အနံ လေးပေခန့်ရှိသည်။ ဒုတိယလိုဏ်ဂူမှာ ပထမဂူနှင့် မျက်နှာချင်းဆိုင် ကျောက်ဆောင်ကြီးအောက်ခြေ လူတစ်ယောက်သာ ဝင်ဆံ့သည့်ဂူ ဖြစ်သည်။

ထိုလိုဏ်ဂူများတွင် ဆရာတော် ရံဖန်ရံခါသာ သီတင်းသုံး၍ အမြဲသီတင်းသုံးသောဂူမှာ **တတိယလိုဏ်ဂူ** ဖြစ်သည်။ ကျောက်တောင်ကြီးအား ကွေ့ပတ်တက်ရောက်ရသည်။ ဆယ်ပေပတ်လည်ခန့်ကျယ်၍ မိုးလေ လုံခြုံသောနေရာ ဖြစ်သည်။

ကျောက်ဆောင်များ ကာရံထားသော ရေကန်ပမာရှိသည်။ **ဆရာတော်ကြီး တရားရှုမှတ်ခဲ့သော ခေါင်းတလား ပျဉ်နှစ်ချပ်ကိုလည်း တွေ့ရသည်။** ကျွန်းသား ဖြစ်သော်လည်း နှစ်ကြာသဖြင့် ဆွေးမြည့်နေလေသည်။

ထိုဂူ၏ လက်ယာဘက်တွင် **မြွေဂူ** ရှိသည်။ လူတစ်ကိုယ်စာ ကျောက်ကြားလျှိုကလေးဖြစ်၍ မြွေရေခွံများ တွေ့ရသည်။ လက်ဝဲဘက် ကမ်းပါးစွန်းတွင်ကား **ကျားဂူ**ရှိသည်။ လူတစ်ကိုယ်စာ ခေါင်းငုံ့ဝင်နိုင်သည်။

ဆရာတော်ကြီး စတင်ရောက်ရှိစဉ်က ဤလိုဏ်ဂူတွင် သီတင်းသုံးခဲ့ပြီးနောက် ထင်းရှူး၊ ဝါးခုတ်သူများ စုပေါင်းအားဖြင့် အောက်ဘက်မြေညီကွက်လပ်တွင် တဲကျောင်းငယ် ဆောက်လုပ်ပေးကြသဖြင့် ပြောင်းရွှေ့ သီတင်းသုံးရသည်ဟု သိရသည်။

ဤလိုဏ်ဂူများတွင် **ဆရာတော်အရှင်ပညာဇောတ(မွေ့ဗူတ)၊ သဲကုန်းဆရာတော် အရှင်ဉာဏိဿရ၊ ဖားအောက်တောရ ဆရာတော် အရှင်အာစိဏ္ဏ**တို့လည်း လာရောက်သီတင်းသုံးကာ ကမ္မဋ္ဌာန်းအားထုတ်ခဲ့ကြဖူးသည်ဟု ကြားသိရသည်။



www.burmeseclassic.com

ဆရာတော် ဦးကိတ္တိ သီတင်းသုံးစဉ် ကာလက မြွေများ အလွန်ပေါများ၍ ဆရာတော်ကိုမူ မကိုက်ကြပါ။ ဆရာတော်သည် မြွေဆိုးမြွေကောင်း ကြီးကြီးသေးသေး အားလုံးကို လက်နှင့် ကိုင်ဖမ်းသော်လည်း မကိုက်ကြ။ မြွေသာမက ကျား၊ ဆင် စသော တောတွင်း တိရစ္ဆာန်များသည်လည်း ဆရာတော်အား ရန်မပြုကြဟု မှတ်သားရသည်။

ဆူပူသောင်းကျန်းသော ခေတ်ကာလဖြစ်သော်လည်း ဆရာတော်မှာ ဘေးမသီ ရန်မခ ရှိခဲ့သည်။ ဆရာတော်ကြီး၏ သီလနှင့် မေတ္တာအာနုဘော်ကြောင့်ဖြစ်သည်ဟု ဆိုသည်။

တတိယလိုဏ်ဂူတွင် ဂူကြမ်းပြင်ကို သဲများဖြင့် ဖို့ညှိထားကာ ရေအိုးတစ်လုံးနှင့် ဖျော်ရည်ဘူးခွံ တစ်လုံးတို့က ကမ္မဋ္ဌာန်းဆောက်တည်သူ ယောဂီများ မကြာခဏ လာရောက်အားထုတ်လေ့ရှိကြောင်း ညွှန်ပြနေကြသည်။

ခန်းနေဦးပဉ္စင်းတစ်ပါး မိန့်ကြားချက်အရ လွန်ခဲ့သော နှစ်အနည်းငယ်က အမေရိကန်လူမျိုး ရဟန်းတစ်ပါး သပိတ်အိုင်တောရသို့ ကြွရောက်ရှုမှတ်ရာ တောရိပ်တောင်ရိပ် ဖြစ်သော်လည်း ပူအိုက်သော မြန်မာ့ရေမြေ ရာသီဥတုနှင့် လူသူများပြားသည်ကို ရှောင်ရှားရန် ဤလိုဏ်ဂူတွင် ပြုပြင်သီတင်းသုံးခဲ့သည်ဟု သိရသည်။

**(ဘုရားဖူးများ မကြာခဏ ဝင်ရောက် ကြည်ညို လေ့လာကြသဖြင့် သပိတ်အိုင်တောရတွင် တစ်ခါတစ်ရံ လူသူစည်ကား များပြားနေလေ့ ရှိပါသည်။)**



▲ သပိတ်အိုင်စမ်း

▼ တစ်ပါးစာကမ္မဋ္ဌာန်းကျောင်းတစ်ဆောင်



## သပိတ်အိုင်လွှမ်းစေတီ

လိုဏ်ဂူဟူ၍ မည်ကာမတ္တ ကျောက်ဆောင်ကြီးများ၏အခြေ လေကွယ်ရုံမျှ နေရာကလေးတွင် မွေ့လျော်ကာ တရားရှုကြကုန်သော ဆရာတော် ဦးကိတ္တိ အစပြုသည့် သံဃာတော် အရှင်မြတ်များအား ရည်မှန်းကန်တော့၍ အောက်သို့ ပြန်ဆင်းခဲ့ရာ ဆရာတော်ကြီး၏ မူလကျောင်းရာအနီးတွင် စေတီငယ် တစ်ဆူကို ဖူးတွေ့ရသည်။ **"သပိတ်အိုင်လွှမ်းစေတီ"**ဟု ကမ္ပည်းတင်ထားသည်။

သပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိသည် ၁၃၃၁ ခုနှစ်၊ တော်သလင်းလဆုတ်(၁၁)ရက်နေ့တွင် ပျံတော်မူရာ တပည့်ဖြစ်သူ ဦးဝါသဝက ဆရာတော်ကြီးတင်မိန့်မှာချက်အတိုင်း သုံးရက်သာထားကာ မီးသင်္ဂြိုဟ်ခဲ့သောနေရာတွင် တည်ထားသောစေတီ ဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com



◆ ချစ်ကြိုးယှက်နွယ် မြွေမောင်မယ်တို့ပုံ

မျိုးတင့် (ညောင်လေးပင်)

# ချစ်ကြိုးယှက်နွယ်

မြွေမောင်မယ်

မြန်မာနိုင်ငံသည် ပူပြင်းစွတ်စိုသော နိုင်ငံဖြစ်သည်။ ထိုရာသီဥတုနှင့် သဘာဝကို မြွေများ နှစ်သက်သည်။ ထို့ကြောင့်ပင် မြွေပေါသော နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။

မြန်မာ့လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသော မြန်မာ့လယ်သမားကြီးများတိုင်းလိုလို မြွေအကြောင်းကို သိကြသည်။

စာရေးသူသည် ကျေးလက်၌ မွေးဖွားသူ ဖြစ်သော်လည်း မြွေများနှင့် ထိတွေ့ရင်းနှီးခြင်း မရှိရုံမက မြွေများကို ကြောက်တတ်သူ ဖြစ်သည်။

သို့ပါသော်လည်း မှတ်မှတ်ရရ (၇–၉–၁၂)နေ့စွဲ ဖြစ်သော မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း (၆)ရက်၊ သောကြာနေ့က တစ်သက်တာ မမြင်ဘူးသော ထူးဆန်းသော မြင်ကွင်းကို မြင်ခဲ့ရဖူးသည်။ ထိုမြင်ကွင်းမှာ ချစ်ကြိုးယှက်နွယ်နေသော မြွေမောင်မယ်တို့၏ မြင်ကွင်းဖြစ်သည်။

ကျေးလက်နေ ပြည်သူများအတွက် မဆန်းကြယ်လှဟု ဆိုနိုင်ပါသော်လည်း လူအများစုမှာ ထိုမြင်ကွင်းမျိုးကို မြင်ဖူးသူ ရှားပေလိမ့်မည်။

စာရေးသူသည် မှတ်မှတ်ရရ မိမိ၌ အသင့်ပါလာသော ဒစ်ဂျစ်တယ်ကင်မရာလေးကို အသုံးချကာ ဓာတ်ပုံရိုက်ယူခဲ့သည်။ (ထိုပုံကို တင်ပြပေးလိုက်ပါသည်။)

အချိန်မှာ မောင်ရီပျိုးစ တော်သလင်းလဆန်း (၆)ရက်နေ့ညလကွေးကလေး ရေးရေးသာနေချိန် ဖြစ်၍ မြင်ကွင်းမှာ ရှင်းလင်းခြင်းမရှိပါ။

နေရာမှာ **ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းအနီး ညောင်ပင်အိုကြီးတစ်ပင်၏ အခြေတွင်** ဖြစ်သည်။

ထိုညောင်ပင်ကြီးအောက်၌ သစ်ရွက်ကြွေများ၊ သစ်ကိုင်းသစ်ခက်များနှင့် ရှုပ်ထွေးနေသည်။ ညောင်ပင်ကြီးမှာ အသက်ကြီးရင့်လှပြီ ဖြစ်သည်။

ညောင်မြစ်ပါးပျဉ်းများနှင့် ညောင်ခေါင်းပေါက်ကြီးများ ရှိသည်။ ပြိုကျနေသော အုတ်ခုံကြီးကလည်း ပိုင်းပတ်ထားလေရာ မြွေတို့နှစ်သက်ရာ ဂေဟာကြီးတစ်ခုနှယ် ဖြစ်နေခဲ့သည်။

ပုံ၌ ဖော်ပြထားသည့်အတိုင်း ရှည်လျား နက်မှောင်သော မြွေကြီးနှစ်ကောင် (မြွေဟောက်ကြီးများဟု ယူဆရသည်။) အမြီးချင်း၊ ကိုယ်ချင်း တွန့်



www.burmeseclassic.com

www.burmeseclassic.com



◆ မြွေမောင်မယ်တို့ စောင့်နေသော မြွေများပုံ ( မြှားပြထားသည် )

လိမ် ခွေခေါက်နေကြသည်။

စာရေးသူနှင့်အတူ အနီးအနားမှ ခရီးသွားများ၊ ရပ်ကွက်သူရပ်ကွက်သားများ မြင်လိုက်ကြသည်။ထိုမြွေနှစ်ကောင် အရွှေလိုက်နေသော အနီးသို့ မည်သူမှ မကပ်ရဲကြ။

အဘယ်ကြောင့်ဆိုသော် ခေါင်းတထောင်ထောင် ကိုယ်တလွန့်လွန့်နှင့် သူတို့အနီးအပါးတွင် အခြားသော မြွေ(၁၀)ကောင်ခန့်က ကင်းစောင့်သလို ရံပတ်စောင့်နေကြ၍ ဖြစ်သည်။

စာရေးသူသည် မလှမ်းမကမ်း ပေ(၂၀)လောက်အကွာမှ ကင်မရာကို အလင်းဖွင့်၍ အမှောင်ထုကြားက ရိုက်ကူးရခြင်းဖြစ်သည်။ ဓာတ်ပုံ ပြတ်သားထင်ရှားခြင်း မရှိသည်မှာ ထိုချို့ယွင်းချက်များကြောင့် ဖြစ်သည်။

* * *

မြွေတို့ ချစ်ကြိုးယှက်နွယ်ကြသည်ကို မြွေမိတ်လိုက်သည်၊ အရွှေလိုက်သည်ဟု လယ်သမားကြီးများက ပြောကြသည်။ မြွေတို့ မိတ်လိုက်ခြင်းနှင့် ပတ်သက်၍ ကျေးလက်နေ လယ်ယာလုပ်ကိုင်သူများ အ[illegible]ကဝင် သိကြသည်။

မြွေတို့ မိတ်လိုက်ပုံမှာ နွားများ မြိုင်လိုက်သည့် သဘာဝနှင့်တူသည်။ နွားမတစ်ကောင် မိတ်ထလျှင် နွားအုပ်ကြီးများ နောက်က တန်းစီ၍ ပါလာသည်။

ထိုနွားအုပ်ကြီးတွင် နွားထီး၊ နွားသိုး၊ နွားပျို၊ နွားအို၊ နွားပေါက်စကလေးများမှသည် နွားမများပါ ဝှရောနှောလိုက်ပါပြေးလွှားနေတတ်ကြသည်။

မြွေမများ မိတ်ထလာသောအခါတွင် မြွေထီး,မြွေမများမှာ (၁၀)ဂဏန်းမှ ရာဂဏန်းတိုင်အောင် မြွေမကြီးနောက်သို့ လိုက်ပါလေ့ ရှိကြသည်။

ထိုသို့ ပျော်မြူးခုန်ပေါက် တက်ကြွစွာ လှုပ်ရှားကြခြင်းမှာ ချစ်ရည်လူးရန် ပျော်မြူးကြခြင်းဟုဆို သည်။ ပြီးသော် မြွေမနှင့် သန်စွမ်းသော မြွေကြီး မိတ်လိုက်လေလျှင် ကျန်သော မြွေများက ကင်းစောင့်သကဲ့သို့ ဝန်းရံစောင့်ဆိုင်း ထားကြသည်။

မိတ်လိုက်ပုံမှာ အမြီးဖျားကို မြေမှထောက် ၍ ဦးခေါင်းကို မိုးသို့မော်ကာ ပတာတ်ရပ်၊ ကိုယ်ချင်းကပ်ခြင်း, ခွာခြင်းကို အကြိမ် ပေါင်းများစွာ ပြုကြခြင်းမျိုး ဖြစ်သည်။

ခြေဖျား ထောက်၍ လူများ မတ်တတ်ရပ် သကဲ့သို့ ရပ်ကြခြင်း ဖြစ်သည်။ နာရီဝက်ခန့်ကြာလျှင် ထို မြွေမောင်နှံတို့သည် မြေပြင်ပေါ်တွင် ကိုယ်ချင်းလိမ်ပတ်၍ နာရီဝက်ခန့် ကြာမြင့်စွာ နေတတ်ကြသည်။

ထိုအချက်အလက်များမှာ စာရေးသူသည် မြွေအတွေ့အကြုံများသော လယ်ယာဦးကြီးတို့၏ စကားများကို စုစည်းတင်ပြခြင်းဖြစ်သည်။

စာရေးသူ ဓာတ်ပုံရိုက်ကူးခဲ့သော ချစ်ကြိုးယှက်နွယ် မြွေမောင်မယ်တို့၏ အနေအထားမှာ မိတ်လိုက်ခြင်း နိဂုံးကာလဖြစ်သည်။

**[မဒေါက်ဒေသ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ လယ်သမားကြီး ဦးသောင်းတင် (ကွယ်လွန်)၏ ပြောပြချက်များနှင့် မိမိကိုယ်တွေ့တို့ကို ပေါင်းစပ်တင်ပြပါသည်။]**

မေတ္တာရှည်လျက်...

*မျိုးတင့် (ညောင်လေး[illegible])*



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး



# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသား အားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး။ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ ယာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမကျတဲ့သောတဏှာမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အား များကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချို ရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါ တယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်း လွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိ မေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစား ရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(ရ၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ကြီး၌ရေးထိုးထားသည့် ကျောက်
စာအရ မာဘရန်လိုဏ်ဂူကြီးသည်
၁၂၅၄ ခုနှစ်၊ နတ်တော်လ၌ ပြီးခဲ့သည်
ဟု သိရပါသည်။ ဂူကြီး၏ ဒါယကာ၊
ဒါယိကာမများမှာ ကျောင်းဆရာ
ကိုမာဘရန်နှင့် မမယ်ဖွဲ့တို့ဖြစ်သည်။
ကမ္မဋ္ဌာန်းဝိပဿနာကို နေ့စဉ်ပွားများ
အားထုတ်နေသော ဆရာရသေ့ကြီး
အတိုရုံအတွက် ဖောက်လုပ်လှူဒါန်းခဲ့
ခြင်းဖြစ်သည်ဟု ရေးထိုးထားပါသည်။

## ရသေ့ကြီးနှင့် ထူးခြားသည့် ကျောက်တုံးကြီး

ရသေ့ကြီးတစ်ပါးသည် ကျောက်တုံးကြီးကို အမှီပြု၍ သီတင်းသုံးလျက်ရှိပါသည်။ ထိုနေရာ၌ပင် ကမ္မဋ္ဌာန်းဝိပဿနာများကို အားထုတ်နေပါသည်။

သို့သော် ကျောက်တုံးကြီး၏အစွန်းမှာ (၃)ပေလောက်သာ ရှည်ထွက်လျက်ရှိသည်။ ထို့ကြောင့် မိုးတွင်း၌ မိုးလေမလုံခြုံဘဲ ကသိကအောက်နှင့် ဆင်းရဲဒုက္ခ ဖြစ်နေရသည်။

တစ်ရက်၌ရသေ့ကြီးက ကိုမာဘရန်ကို အိပ်မက်ပေးခဲ့သည်။ အိပ်မက်ထဲတွင် ကျောက်တုံးကြီးအောက်ရှိ မြေသားများကို တူးဖော်၍ လိုဏ်ဂူကြီး တည်ဆောက်ပေးရန် ဖြစ်သည်။

ကိုမာဘရန်ကလည်း အိပ်မက်ထဲက အတိုင်း တကယ်ဟုတ်,မဟုတ် သူ့မိတ်ဆွေများနှင့် သွားကြည့်ခဲ့ပါသည်။ အိပ်မက်ထဲကအတိုင်းပင် ထူးဆန်းအံ့ဩဖွယ် အမှန်တကယ် တွေ့ရှိခဲ့ရသည်။ သူလည်း ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့ ဖြစ်သွားခဲ့သည်။

နောက် ငါးရက်ခန့်အကြာတွင် ဖြစ်သည်။ ကိုမာဘရန်က လူ(၃)ယောက်ကိုငှားပြီး စားနပ်ရိက္ခာ(၈)ရက်စာနှင့် ပေါက်ပြား၊ ဂေါ်ပြား၊ သံတူရွင်းများကို

ထူးခြားသည့် ပုဂ္ဂိုလ်ထူးများနှင့် ထူးဆန်းသည့်

# မာဘရန်ဂူကြီး



မိုးမိတ် မိုးကျော်

◆ မဟာဗောဓိမြိုင် ဆရာတော်ကြီးဓာတ်ပုံတော်

ထမ်းပိုးပြီး ထွက်လာကြသည်။ မြို့မှ (၄)မိုင်ခန့် ဝေးပါသည်။

ကိုမာဘရန်တို့ လေးယောက်အဖွဲ့က ကျောက်တုံးကြီးနားသို့ရောက်လျှင် တဲထိုးလိုက်ကြသည်။ ပြီးလျှင် ကျောက်တုံးကြီးအောက်ရှိ မြေသားများကို တူး ပေါက်၍ နေ့စဉ်သယ်ထုတ်နေကြသည်။

ငါးရက်မြောက်သောနေ့၌ ဖြစ်သည်။ သူတို့အဖွဲ့က မနားမနေ ကြိုးစားပြီး လုပ်ခဲ့ကြသည်။ သို့သော် အလုပ် (၅)ရက်နှင့် မပြီးနိုင်ဖြစ်နေကြသည်။ နောက်ထပ် တစ်ရက်ခွဲစာလောက်


www.burmeseclassic.com

www.burmeseclassic.com

လုပ်မှ ပြီးနိုင်မည်ဖြစ်နေသည်။ ရိက္ခာမှာ နောက်တစ်ရက် နံနက်စာပင် မလောက်တော့ချေ။

ကိုမာဘာရန်က ညနေပိုင်းအချိန်လောက်ကပင် တူးသယ်ပစ်ရမည့် မြေထုကြီးကို ကြည့်လိုက်၊ ရိက္ခာကိုကြည့်လိုက်ဖြင့် စိတ်မချမ်းမသာ ဖြစ်နေတော့သည်။

နောက်ဆုံး၌ သူတို့အဖွဲ့သည် မြို့ပြန်သွားပြီး နောက်တစ်ခေါက် လာတူးရန် ဆုံးဖြတ်လိုက်တော့သည်။ ထိုနေ့က သူတို့သည် အလုပ်ပင်ပန်းကြသဖြင့် ခပ်စောစောပင် အိပ်လိုက်ကြသည်။

နောက်ရက် မိုးလင်းခါနီး၌ သူတို့အားလုံးသည် မျက်နှာထသစ်လိုက်ကြသည်။ မျက်နှာသစ်ပြီးနောက် ကိုဝင်းတင့်ကလိုဏ်ကြီးဘက်သို့တစ်ယောက်တည်း ထွက်သွားသည်။

ဂူကြီးနားသို့ရောက်လျှင် ရုတ်တရက်ကြည့်လိုက်ရာ ''ဟာ''ဟု အလန့်တကြား အာမေဋိတ်သံများပင် ထွက်သွားလိုက်မိသည်။

ထို့နောက် သူလည်း မျက်စိကိုပွတ်သပ်ပြီး သေချာစွာ ပြန်ကြည့်လိုက်စဉ် ''ဟင်''ဟူသောအသံပင် ဒုတိယအကြိမ် ထွက်သွားပြန်သည်။

ကိုဝင်းတင့်က အံ့ဩထိတ်လန့်သွားပြီး တုန်လှုပ်သွားသည်။ နောက်သို့ပင် ခြေလှမ်း သုံးလှမ်းခန့် ဆုတ်သွားမိလိုက်သည်။ ပြီးလျှင် တဲဘက်သို့ လှည့်ပြီး အံ့ဩထိတ်လန့်နေသောလေသံဖြင့် အော်ခေါ်လိုက်သည်။

'ဆရာမာဘာရန်... ကိုမြင့်သန်း... ကိုမျိုးသန်းတို့...ဒီ...ဒီကို မြန်မြန်လာကြည့်ကြစမ်းပါဦးဗျာ'

သူတို့သုံးယောက်လည်း အထိတ်တလန့် အော်ခေါ်သံကြောင့် အပြေးအလွှား လာကြည့်ကြသည်။ ပြီးလျှင်



◆ လိုဏ်ဂူကြီး၏ မြောက်ဘက်ထွက်ပေါက်ကို ဘေးတိုက်မြင်ရစဉ်

◆ လိုဏ်ဂူကြီး၏ မြောက်ဘက်ထွက်ပေါက်ကို အပေါ်မှမြင်ရစဉ်



ဂူကြီးကို ပြိုင်တူကြည့်စဉ် တအံ့တဩနှင့် အာမေဋိတ်အသံများပင် ပါးစပ်များမှ ထွက်သွားမိကြသည်။

သူတို့သည် တောင်ဘက်မှမြောက်သို့ထွက်သောဂူပေါက်ကြီးမှာ တိုးလျိုးပေါက်ကြီး ဖြစ်နေသည်။ တစ်ရက်ခွဲစာလောက်တူးပြီး သယ်ပစ်ရမည့် မြေသားများမှာ လုံးဝ မရှိတော့သည်ကို ထူးဆန်းအံ့ဩဖွယ် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူတို့သုံးယောက်က အလွန်အမင်း အံ့ဩတုန်လှုပ်မှုမျိုးကိုလည်း ခံစားနေကြရသည်။ ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်အောင်လည်း ဖြစ်နေကြသည်။ အားရဝမ်းသာလည်း ဖြစ်နေမိကြသည်။ ထိုအချိန်တွင် အဘိုးရသေ့ကြီးမှာ တရားထိုင်နေဆဲ ဖြစ်သည်။

သူတို့က အဘိုးရသေ့ကြီးကို အနှောင့်အယှက်ပေးရာ ရောက်မည်ကိုလည်း စိုးရိမ်ကြသည်။ ထို့ကြောင့်





www.burmeseclassic.com

www.burmeseclassic.com



▲ လိုဏ်ဂူကြီး၏ တောင်ဘက် အဝင်ဝ

▼ လိုဏ်ဂူကြီး၏ တောင်ဘက်ရှိ ကျောက်စာ



ဘာမှ မေးမြန်းလျှောက်ထားခြင်း မပြု တော့။ ပစ္စည်းများကို သိမ်းဆည်းပြီး အားရဝမ်းသာနှင့် မြို့သို့ပြန်လာခဲ့ကြ တော့သည်။

ဥတုရာသီ အလီလီပြောင်း၍ အချိန်လည်း ကုန်လွန်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တည်းဟူသော အချိန်ပိုင်းသို့ပင် ကျော်လွန်လာခဲ့ပေသည်။ တစ်ညသ၌...

ကိုမာဘရန်သည် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် အဘိုးရသေ့ကြီးသည် လေထဲ၌ ကြွလာသည်။ ပြီးလျှင် သူတို့အိမ်ရှေ့၌ လာရပ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။ ထိုအခါ သူလည်း ပျာပျာသလဲဖြင့် လက်အုပ်ချီ၍ လျှောက်လိုက်သည်။

'အဘိုးရသေ့ဘုရား ဘာများ အလိုရှိပါသလဲ၊ လိုဏ်ဂူကြီးမှာ သီတင်းသုံးရတာ အဆင်ပြေရဲ့လားဘုရား၊ တပည့်တော်လဲ အလုပ်များနေပြီး အနေဝေးနေတော့ မရောက်တာလဲ ကြာပါပြီဘုရား'

'ဒကာကြီးမာဘရန်... ဘာမှ ... လိုမရှိ

www.burmeseclassic.com

[illegible]

ထိုသို့မိန့်ကြားလိုက်သည့် ကိုမာဘရန်လည်း ချက်ချင်းသန့်နိုးလာခဲ့သည်။ ဆတ်ခနဲလည်း ထထိုင်လိုက်မိသည်။ ဆောက်တည်ရာမရလည်း ဖြစ်သွားမိသည်။ တောင်ပေါ်မှ မြို့သို့ဆင်းရန်လည်း ချက်ချင်း ဆုံးဖြတ်လိုက်သည်။

နောက်ရက်နံနက်ပိုင်း၌ မြို့သို့ ခြေကျင်ဆင်းလာခဲ့သည်။ မြို့ရောက်တော့ နေဝင်ခါနီးပြီ ဖြစ်သည်။ နောက်ရက်နံနက်(၈)နာရီလောက်တွင်ဖြစ်သည်။ ကိုမာဘရန်က ကိုဝင်းတင့်၊ ကိုမြင့်သန်းနှင့် ကိုမျိုးသန့်တို့ကိုခေါ်ပြီး အဘိုးရသေ့ကြီးရှိရာသို့ ထွက်လာခဲ့သည်။

လိုဏ်ဂူကြီးသို့ရောက်လျှင် အံ့လွန်းအံ့သြစရာကောင်းနေသည်။ အဘိုးရသေ့ကြီးကို တကယ်ပင် မတွေ့ရတော့ချေ။ ထိုအချိန်မှစ၍ နောက်ထပ်ဘယ်တော့မှ မတွေ့ရတော့သည်မှာလည်း အမှန်ပင် ဖြစ်ပေတော့သည်။

## နှစ်ပေါင်းတစ်ရာမှ တစ်ပါးနှစ်ပါးသာ လာရောက် သီတင်းသုံးသည့် မာဘရန်လိုဏ်ဂူကြီးနှင့် မဟာဗောဓိမြိုင် ဆရာတော်ကြီး

လိုဏ်ဂူကြီးသည် ၁၂၇၄ ခုနှစ်လောက်မှ ၁၃၇၄ ခုနှစ်အထိ လေဒဏ်၊ မိုးဒဏ်စသည့် ရာသီဥတုဒဏ်များကို နှစ်ပေါင်း ရာစုနှစ်တစ်ခုအထိ အပြင်းအထန် ခံစားခဲ့ရသည်။ အဘိုးရသေ့ကြီး စွန့်ခွာသွားချိန်မှစ၍ ပိုင်ရှင်မဲ့ အထီးကျန်ဘဝဖြင့် တောကြီးမျက်မည်းထဲ၌ ကျန်ရစ်ခဲ့ရရှာသည်။

မာဘရန်လိုဏ်ဂူကြီး နှစ်(၁၀၀)ပြည့်ရန် လပိုင်းအလိုတွင် မဟာဗောဓိမြိုင်ဆရာတော်ကြီး မိုးမိတ်သို့ ကြွလာခဲ့ပါသည်။ ဆရာတော်ကြီးသည် ရွှေမြင်တင်ဘုရားတောင်မှ မာဘရန်ဂူကြီးသို့ ၁၂၇၃ ခုနှစ်၊ တန်ခူးလဆုတ် (၇)ရက်၊ သင်္ကြန်အကျနေ့ (၁၃–၄–၂၀၁၂)တွင် ကြွသွားခဲ့ပါသည်။



ဆရာတော်ကြီးအသုံးပြုသော ကုဋီ

ဆရာတော်ကြီး လိုဏ်ဂူကြီးသို့ ရောက်ပြီး မကြာမီ သတင်းမှာ ပျံ့နှံ့သွားပါသည်။ ထို့ကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ရွာများမှ ဆွမ်းလာလောင်းကြပါသည်။

ဆရာတော်ကြီး၏ သီလသမာဓိဂုဏ်များကို ရန်ကုန်မှ စာရေးဆရာကြီး၊ စာရေးဆရာမကြီးများက သိရှိပြီးဖြစ်ပါသည်။ ဆရာတော်ကြီး၏ အကြောင်းကို ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရေးသားပူဇော်ကြ၍ ပို၍ လူသိများ ထင်ရှားလာခဲ့ပါသည်။

ဆရာတော်ကြီးကို ကြည်ညိုပြီးဖြစ်သော နိုင်ငံအနှံ့အပြားမှ ဒါယကာ၊ ဒါယိကာမများသည် ဆရာတော်ကြီး မိုးမိတ်ရောက်နေမှန်း သိသွားကြပါသည်။

နောက်ပိုင်း၌ ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ မုံရွာ၊ မိုးကုတ်၊ နောင်ချိုစသည့် မြို့များမှ ရဟန်းတော်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ ဒါယကာ၊ ဒါယိကာမများ တဖွဲဖွဲ ရောက်လာကြပါသည်။

## ဆွမ်းလောင်းလှူကြခြင်း

ဆရာတော်ကြီးသည် နေ့စဉ် ဆွမ်းခံကြွပါသည်။ ဂူကြီးမှ တောင်ဘက်ရှိ အထက်ညောင်နီရွာ။ အထက်ညောင်နီရွာမှ အနောက်ဘက်ရှိ အောက်ညောင်နီရွာနှင့် ဘုရားတောင်ခြေအထိ ဆွမ်းခံကြွပါသည်။ ဆရာတော်ကြီးသည် အသွားအပြန် (၄)မိုင်ကျော်ခန့် ကြွရပါသည်။

ဆွမ်းခံကြွလာသည်မှာ ဆရာတော်ကြီးတစ်ပါးသာ ဖြစ်သည်။ ဆွမ်းလောင်းသူများမှာ ထောင်သောင်းချီ၍ ရှိနေပါသည်။ လပြည့်ရက်များ၌ ပို၍ပင် များပါသည်။ ဆွမ်းလောင်းကြသူများသည် ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များ စီးနင်း၍ လာလောင်းကြခြင်း ဖြစ်သည်။

ဆွမ်းလောင်းသူများဖြင့်လမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးအတွက် ရေချိုးခန်း

မှာ ပြည့်ကျပ်နေပြီး တိုးမပေါက်အောင် များလွန်းလှပါသည်။ ကား၊ ထော်လာဂျီများမှာ အထက်ညောင်နီရွာအထိပင် မသွားနိုင်၊ အောက်ညောင်နီရွာ၌သာ ရပ်ထားကြရပါသည်။

ဆရာတော်ကြီး ဆွမ်းခံကြွရာလမ်း တစ်လျှောက်တွင် ကော်ဇောများ ခင်းထားပါသည်။ ဆရာတော်ကြီး ဆွမ်းခံကြွလာချိန်တွင်...

'ဆရာတော်ကြီး... ဆွမ်းခံကြွလာပါပြီ ခင်ဗျား... ဆရာတော်ကြီးကိုလက်နဲ့မထိကြပါနဲ့... သင်္ကန်းကိုလဲ မကိုင်ကြပါနဲ့... ယောဂီ တဘက်များ ခင်းထားရင်လဲ ဖယ်ထားပေးကြပါခင်ဗျား'

ဟု ရှမ်းလို၊ ဗမာလိုပါ အော်ဟစ်၍ လမ်းတစ်လျှောက်လုံး သတိပေးသွားပါသည်။

ဆရာတော်အား ကြည်ညိုလွန်းသော အချို့ဒါယိကာမများက ဆရာတော်၏ ခြေအစုံကို နဖူးနှင့်တိုက်၍ ကန်တော့တတ်ကြပါသည်။ အချို့ကလည်း ဆရာတော်ကြွလာစဉ် ကလေးငယ်ကို ဆရာတော်၏ရှေ့၌ ချလိုက်ပါသည်။

ဆရာတော်က ကလေးကို ကျော်ခွသွားခြင်းဖြင့် ကလေးသည် ဘေးဥပဒ် အန္တရာယ် ကင်းရှင်းသည်။ အသက်ရှည်သည်ဟု ယူဆကြပါသည်။

သို့သော် ဆရာတော်က ကလေးများကို ကျော်ခွသွားခြင်း၊ ယောဂီတဘက်များကို နင်းသွားခြင်း မပြုပါ။ ထိုအခါ ကပ္ပိယများက ပိုင်ရှင်များအား ပြန်ယူခိုင်းရပါသည်။

ဆရာတော်ကြီးနှင့် သင်္ကန်းများကို မထိမိစေရန် ကပ္ပိယဆယ်ယောက်လောက်က လက်ချင်းယှက်၍ ဆရာတော်ကြီးကို ကာရံထားပေးရသည်။

ဆရာတော်ကြီးကို လောင်းလှူကြသည်မှာ ဆွမ်း၊ သစ်သီးမျိုးစုံနှင့် လှူဖွယ်ဝတ္ထု အမျိုးစုံလင်လှပါသည်။ ထော်လာဂျီများနှင့်ပင် သယ်ယူရပါသည်။

## ပတ်ဝန်းကျင် အခြေအနေများ ပြောင်းလဲလာခြင်း

ဆရာတော်ကြီးကြောင့်၍ ညောင်နီရွာ၌ ဈေးဆိုင်များ ရှိလာခဲ့ပါသည်။လိုဏ်ဂူကြီးသို့သွားသည့်လမ်းကိုလည်း စေတနာရှင်များက ဝိုင်းဝန်း၍ ပြုပြင်ဖောက်လုပ်ပေးကြပါသည်။ ကျောက်ခင်းလမ်း ဖြစ်လာသည်အထိလည်း စီမံထားကြပါသည်။

ဆရာတော် အသုံးပြုရန် ရေချိုးခန်း၊ ကုဋိတို့ကိုလည်း အသစ်ဆောက်လုပ်လှူဒါန်းခဲ့သည်။ (၁၅ပေ-၇ပေ)ခန့် ကျယ်သော နှစ်ခန်းတစ်ခန်း ကျောင်းဆောင်သစ်ကိုလည်း ဆောက်လုပ်လှူဒါန်းထားပါသည်။

လိုဏ်ဂူကြီး၏ တောင်ဘက်မြောက်ဘက်ရှိ ဝင်ပေါက်၊ ထွက်ပေါက်များကိုလည်း တံခါးအသစ် ပြန်လည်တပ်ဆင်၍ လှူဒါန်းခဲ့ပါသည်။

## သဒ္ဓါတရားနှင့် ဆန္ဒသဘောထား

ဒါယကာ၊ ဒါယိကာမအချို့မှာ ဆရာတော်ကြီး ဆွမ်းခံကြွလာစဉ် ဖူးရရုံနှင့် အားရကျေနပ်မှု မရှိကြပါ။ ဆရာတော် သီတင်းသုံးရာ လိုဏ်ဂူကြီးအထိပင် သွားရောက် ဖူးတွေ့ကြပါသည်။

ဆရာတော်ကြီးကလည်း သူတို့၏ သဒ္ဓါတရားကိုငဲ့ညှာ၍ ဖူးတွေ့ခံပါသည်။ နောက်ပိုင်း၌ လာရောက်ဖူးတွေ့သူ များလာ၍ ကပ္ပိယများက အလွယ်တကူ ဖူးတွေ့ခွင့်မပေးတော့ပါ။

အခြားမြို့ရွာများမှ ရောက်လာကြသည့် ရဟန်းတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒါယကာ၊ ဒါယိကာမများကိုသာ ဖူးတွေ့ခွင့်ပေးခဲ့ပါသည်။ သူတို့သည် မိုင်ပေါင်းရာနှင့်ချီဝေးသည့် မြို့ရွာများမှ ရထားတစ်လှည့်၊ ကားတစ်လှည့်စီး၍ တကူးတက ကြိုးစား၍ လာရောက်သူများ ဖြစ်ကြပါသည်။

ဆရာတော်ကြီး ကျန်းမာရေး မကောင်း၍ နှစ်ရက်သုံးရက်ခန့် နားနေရပါသည်။ ထိုအချိန်တွင် အခြားမြို့ရွာများမှ လာဖူးသူများမှာ ဆရာတော်ကြီးကို ဖူးတွေ့ခွင့်မရကြပါ။ သူတို့သည် "ခဲလေသမျှ သဲရေကျ" ဖြစ်သလို ယူကျုံးမရ မျက်ရည်စက်လက်နှင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com

သွားကြရသူများလည်း အများအပြား ရှိပါသည်။

ဆရာတော်ကြီး၏ ဆန္ဒတော်မှာ ဆွမ်းခံကြွလာစဉ် မည်သူမဆို လာ၍ ဖူးတွေ့စေလိုဟန်ရှိပါသည်။ ဆရာတော်ကြီး သီတင်းသုံးရာ လိုဏ်ဂူကြီးအထိ လိုက်လာသည်ကိုတော့ ဖွင့်ဟ၍ မိန့်ကြားခြင်း မရှိသော်လည်း နှစ်သက်လိုလားဟန် မရှိပါ။

ညီ့သည်ဒါယကာ၊ ဒါယိကာမများ ရောက်လာတိုင်း ထွက်၍ ဖူးတွေ့ခံနေရပါသည်။ ကြာလာတော့လည်း ဆရာတော်ကြီးအတွက် တရားအလုပ်များ ပျက်နေရသည်မှာလည်း အမှန်ပင် ဖြစ်ပေသည်။

မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ "**သံဝေဂလမ်း**" စာ–၁၆၁တွင်...

'လူရှုတ်ခြင်း၊ လာဘ်ပေါ်ခြင်း၊ ခြေရုံပိုင်းရုံးရခြင်း၊ ကျော်စောခြင်း ဤလေးဆင့်တို့သည် သွားလက်စခြေလှမ်း ရှေ့မှနေ ခြေထိုးခံရခြင်း အဖြစ်ဖြင့် ငါတို့ အမြဲ ရှုမြင်သုံးသပ်၏။ မှန်းတီး၏။

သို့တိုင်အောင်လည်း ထိုလေးခင်က ရောက်လေရာဘုံထောက် အတင်း တကောက်ကောက်နှင့် ပါနေကြသည်။

နောက်လိုက်တို့အား မလိုက်စေလိုသဖြင့် လိုက်ရမည့်အစား မိမိတို့အိမ်မှာနေ တရားဖြင့် အမွေခံယူကြစမ်းပါ။ လိုက်ပါလျက် ပေးဝေချိန်များ ပျက်ကွက်၍ လိုသလောက် မရ မလိုက်မှသာ လိုတာထက်ပို၍ ရကြမည်' ဟုရေးသားထားပါသည်။ ဤသည်မှာ ဆရာတော်ကြီး၏ သဘောထား အယူအဆအမှန်ပင် ဖြစ်ပေသည်။

ဆရာတော်ကြီးသည် **၁၃၇၄ ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်၊ (၂–၆–၂၀၁၂)**နေ့တွင် မာဘရန်ဂူကြီးမှ ရုတ်တရက် ပြန်လည်ကြွသွားခဲ့ပါ



◆ ဆရာတော်ကြီး ညီ့သည်များကို လက်ခံတွေ့ဆုံသည့် ကျောင်းဆောင်ငယ်ကို တောင်ဘက်မျက်နှာစာမှ မြင်ရစဉ်

သည်။ မည်သူမှ မသိလိုက်ကြပါ။ ဖွန်လ(၃)ရက်နေ့ ဆွမ်းလောင်းသွားကြသူများသည် ညောင်နီရွာသို့ ရောက်မှ သိကြရသည်။

ဆရာတော်ကြီး မရှိတော့သည့် နောက်ပိုင်းတွင် ညောင်နီရွာရှိဈေးဆိုင်များလည်း ဘယ်ပျောက်ကုန်သည် မသိ။ ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားကုန်ကြပြီ ဖြစ်သည်။

## ဦးပဉ္ဇင်းကြီးနှင့် မာဘရန်ဂူကြီး

အချိန်မှာ ၉–၁၂–၂၀၁၂ နံနက် (၁၁)နာရီလောက်ဖြစ်သည်။ ဦးစိုင်းခွန်ဇော်ဦး (စည်ပင်အမှုဆောင်အရာရှိ) ဦးမျိုးစိန်၊ ကိုညဏ်လင်း၊ ကိုကျော်လွင် တို့လေးယောက်သည် မိုးကုတ်မှ ပြင်ဦးလွင်သို့ ကားဖြင့်ထွက်လာခဲ့သည်။

မိုးကုတ်–ပြင်ဦးလွင် ကားလမ်း အတိုင်း ဖြစ်သည်။ သူတို့အဖွဲ့သည် ပြင်ဦးလွင် ဖားအောက်တောရကျောင်းရှိ ဦးပဉ္ဇင်းကြီးအား ပင့်ဆောင်ရန် ထွက်လာခြင်း ဖြစ်သည်။

ဖားအောက် တောရကျောင်းသည် ပြင်ဦးလွင်နှင့် (၁၁)မိုင်ခန့်ဝေးပါသည်။ မန္တလေးမြို့နှင့် (၃၁)မိုင်ဝေးသည်။ သူတို့အဖွဲ့သည် ဖားအောက်တောရကျောင်းသို့ရောက်လျှင် ညနေ(၃)နာရီခန့် ရှိနေပြီ ဖြစ်သည်။ ရာသီဥတုကလည်း အလွန်အေးနေပါသည်။

ကျောင်းထဲသို့ ရောက်သည်နှင့် အရှေ့ဘက်၌ ကြီးမားသော ကျောင်းဆောင်ကြီးကို တွေ့လိုက်သည်။ အနောက်မြောက်ဘက်တွင်လည်း ဆွမ်းစားကျောင်းဆောင်ကြီး ရှိပါသည်။

ထိုပြင်တစ်ယောက်ထိုင် ကမ္မဋ္ဌာန်းကျောင်းတိုက်ငယ်လေးများ အလုံး (၃၀)လောက်ကို ဝမ်းသာကြည်နူးဖွယ် တွေ့လိုက်ရပါသည်။


ဖားအောက်တောရကျောင်းတိုက်ကို မန်းမြို့တော်ပေါက်ဆီ လုပ်ငန်းရှင်မှ ငွေ သိန်းရာပေါင်းများစွာ အကုန်အကျခံ၍ လှူဒါန်းခဲ့သည်ဟု သိရပါသည်။ ဝမ်းမြောက်ကြည်နူး သာဓုခေါ်လိုက်ရပါတော့သည်။

ထူးခြားသည်မှာ တောရကျောင်း၌ နိုင်ငံခြားသားများပါ လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာကို ကူးယူထားပုံ

တရားအားထုတ်နေကြသည်ကို အံ့သြဖွယ် တွေ့လိုက်ရပြန်ပါသည်။ အများအားဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံသားများ ဖြစ်ကြပါသည်။

အမျိုးသားများကလည်း သင်္ကန်းဝတ်နှင့် တရားထိုင်နေကြပါသည်။ အမျိုးသမီးများက ခေါင်းတုံး၊ တုံး၍ သီလရှင် ဝတ်ထားကြသည်။ အချို့က စင်္ကြံလျှောက်ရင်း တရားမှတ်နေကြသည်ကို စိတ်ကြည်နူးဖွယ် တွေ့နေရသည်။ သူတို့ကို မြင်ရသည်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ ငြိမ်းချမ်းမှု ရှိလှသည်။

သူတို့သည် တရားထိုင်ချိန်၊ စင်္ကြံလျှောက်ချိန်၊ တရားဖြုတ်ချိန်၊ အိပ်ချိန် တို့ကို တိကျစွာ လိုက်နာကြသည်။ ဆရာတော်က ချမှတ်သည့် စည်းကမ်းများကိုလည်း တစ်သဝေမတိမ်း လိုက်နာသည်ဟု သိရပါသည်။

တရားအားထုတ်နေသည့် နိုင်ငံခြားသားဦးရေမှာ ယောက်ျား,မိန်းမ စုစုပေါင်း (၂၅)ယောက်ခန့် ရှိသည်။ တိုင်းရင်းသားများနှင့်ဆိုလျှင် စုစုပေါင်း (၄၀)ခန့်ရှိမည်ဟု ထင်ရပါသည်။

ဦးစိုင်းခွန်ဇော်ဦးက ဦးပဥ္စင်းကြီးအား အကျိုးအကြောင်း လျှောက်ထားလိုက်ပါသည်။ ထိုအခါ ဦးပဥ္စင်းက ဗောဓိမြိုင်ဆရာတော်ကိုယ်တိုင် သီတင်းသုံးခဲ့ခြင်း၊ ဂူကြီးကိုလည်း အထူးစိတ်ဝင်စားမှုရှိနေခြင်း၊ မိမိကိုယ်တိုင်လည်း တောရကျောင်းများ၊ သုသာန်သင်္ချိုင်းများ၌ လှည့်လည် တရားကျင့်ခဲ့ခြင်း၊ ယခုလည်း တရားကျင့်နေဆဲဖြစ်၍ ပင့်လျှောက်မှုကို လက်ခံလိုက်ပါသည်။ ထို့ပြင် ဦးပဥ္စင်းနောက်မှ ရန်ကုန်မှ ကပ္ပိယတစ်ယောက်ပါ လိုက်ပါလာရန် လက်ခံခဲ့သည်။

နောက်တစ်ရက် ၁၀-၁၂-၂၀၁၂ နံနက် (၁၁)နာရီလောက်တွင် ဖြစ်သည်။ ဦးပဥ္စင်းကြီး ဆွမ်းဘုဉ်းပေးပြီးနောက် မိုးမိတ် ပုပ္ပာရုံကျောင်းဆရာတော်၏ကားနှင့် ပင့်လာခဲ့ပါသည်။

မိုးကုတ်သို့ ည(၉)နာရီလောက်တွင် ရောက်ခဲ့သည်။ မိုးကုတ်မှ ဆက်ထွက်လာရာ မိုးမိတ်သို့ ည (၁၁)နာရီကျော်လောက်တွင် ရောက်လာကြပါသည်။ ထို့နောက် လိုဏ်ဂူတွင်းသို့ ညတွင်းချင်းပင် ထွက်လာခဲ့ရာ ည(၁၂)နာရီလောက်မှ မာဘရန်လိုဏ်ဂူကြီးသို့ ရောက်ပါတော့သည်။

ဦးပဥ္စင်းကြီးဘွဲ့တော်မှာ **ဦးဝိမလ** ဖြစ်သည်။ သက်တော်(၆၅)နှစ် ဖြစ်သည်။ ဝါတော်မှာ (၁၉)ဝါ ဖြစ်ပါသည်။ ဦးပဥ္စင်းကြီး၏ ဒုတိယဆရာတော်မှာ ဖားအောက်တောရ ဆရာတော်ကြီး ဖြစ်ပါသည်။ ပဲခူးမြို့ ကံဦးကျောင်းတိုက်တွင် (၄)ဝါ ဆိုခဲ့ပါသည်။

ထို့နောက် တောရကျောင်းများ၊ သုသာန်သင်္ချိုင်းများ၌ လှည့်လည် တရားကျင့်ကြံ အားထုတ်ခဲ့ကြောင်း သိရပါသည်။ အချို့မြို့ရွာများက **"ရေဆူဆရာတော်"** ဟု ခေါ်ကြပါသည်။

ဤသည်မှာ မာဘရန်လိုဏ်ဂူကြီး နှစ်တစ်ရာပြည့်ချိန်၌ ဦးပဥ္စင်းကြီး ကြွရောက် သီတင်းသုံးလာခြင်း ဖြစ်ပါသည်။ နှစ်တစ်ရာအတွင်း ရဟန်းတော် ဒုတိယတစ်ပါး ကြွလာခြင်းလည်း ဖြစ်သည်။ ယခုအခါ ဦးပဥ္စင်းကြီးသည် မာဘရန်လိုဏ်ဂူကြီး၌ တရားကျင့်ကြံ အားထုတ်လျက် ရှိပါသည်။

မည်သည့်အချိန်ထိအောင် သီတင်းသုံးမည်။ မည်သည့်အချိန်၌ ပြန်ကြွသွားမည်ကို မည်သူမှ မသိကြပါ။ မေးမြန်းလျှောက်ထား၍ ကောင်းသည့် အရာလည်း မဟုတ်ပေ။

လိုဏ်ဂူကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ဂူကြီး၏ အရှေ့တောင်ဘက် တစ်ဖာလုံအကွာလောက်တွင် စေတီတစ်ဆူကို တည်ထားပါသည်။ ထိုစေတီကြီး ထီးတင်ပြီးသည့်အချိန်ထိ သီတင်းသုံးလိမ့်မည်ဟု မျှော်လင့်နေကြပါသည်။

မည်သို့ပင်ဖြစ်စေ မြို့[illegible]မြို့သား



www.burmeseclassic.com

www.burmeseclassic.com

ဒကာ၊ ဒကာမများကတော့ မာဘရန် လိုဏ်ဂူကြီး၌ အမြဲ သီတင်းသုံးသွား လျှင်လည်း အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပေမည်။ သို့သော် အဓိဋ္ဌာန်နှင့် ကြွလာသည်ဖြစ်၍ ကြာကြာသီတင်းသုံးမည် မထင်ပါ။

ဒီဇင်ဘာလ (၁၆)ရက်နေ့က မြို့ထဲ၌ ဈေးရောင်းသည့် ဒါယိကာမကြီး တစ်ယောက် ဆွမ်းလာကပ်ပါသည်။ ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး၌ အုံ့ဩဖွယ် မွှေးကြိုင်နေပါသည်။ ဦးပဉ္ဇင်းကြီးက ဆွမ်းလာကပ်သည့် ဒါယိကမကြီးကို…

'ဒီဂူကြီးမှာ တော်ရုံတန်ရုံ သီလ သမာဓိမျိုးနဲ့ သီတင်းသုံးလို့ မလွယ်ဘူး ဒကာမကြီး' ဟု မိန့်ကြားလိုက်သည်ကို ကြားလိုက်ရပါသည်။

လိုဏ်ဂူကြီး၌ ထူးခြားချက်များ၊ လျှို့ဝှက်ချက်များ အများအပြားရှိနေပါသည်။ နတ်ဒေဝတာများက ဤလိုဏ်ဂူကြီးသည် နောင်အခါ ဝိပဿနာလုပ်ငန်းအတွက် **"မဟာအောင်မြေကြီး"** ဖြစ်လာလိမ့်မည်။

ဤဂူကြီး၌ သီတင်းသုံး တရားအားထုတ်ကြသည့် ပုဂ္ဂိုလ်များသည် သီလဖြူစင်ပြီး သမာဓိအားကောင်းသည့် ပုဂ္ဂိုလ်ထူးများ ဖြစ်ကြမည်။ တရားထူး ရရှိကြမည်။ တရားထူး ရရှိပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြလိမ့်မည်ကို ကြိုတင်သိထားကြပါသည်။

နောင်အခါတွင်လည်း ဤအတိုင်းပင် အမှန်တကယ် ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ကိုမာဘရန်တို့အဖွဲ့ လိုဏ်ဂူကြီးကို တူးဖော်စဉ်ကပင် နတ်များက ကူညီ စောင့်ရှောက်ပေးခဲ့ကြပါသည်။

လိုဏ်ဂူကြီးသည် နှစ်ပေါင်းတစ်ရာမှ တစ်ပါး၊ နှစ်ပါးသာ လာရောက်သီတင်းသုံးတတ်သည့် ဂူကြီးဖြစ်နေပါသည်။

ဤသို့ဆိုလျှင် နောင်နှစ်ပေါင်းတစ်ရာ၁၄၅ ခုနှစ် ပတ်ဝန်းကျင်လောက်၌ဖြစ်လာလိမ့်မည်။ ရသေ့ကြီး၊ ဇော်ဂီမြိုင်ဆရာတော်ကြီး၊ ဦးပဉ္ဇင်းကြီး ဦးဝိမလတို့လို ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ တရားထူးရရှိကြမည့် ပုဂ္ဂိုလ်များ လာရောက်၍ သတင်းသုံးကြပေဦးမည်။

မည်သို့ပင်ဖြစ်စေ နောင်အနှစ်တစ်ရာ ၁၄၅ ခုနှစ်တွင်ရှိလာမည့် လူသားများအတွက် ဖြစ်သည်။ အလွန်ထူးဆန်းပြီး ဂမ္ဘီရဆန်လှသော မာဘရန်လိုဏ်ဂူကြီး၏ အကြောင်းကို သိရှိစေရန် မှတ်တမ်းတင် ရေးသားထား လိုက်ရပါတော့သတည်း။

*ဝေနေယျ သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။*

**မိုးမိတ် မိုးကျော်**

**မှတ်ချက်** ။ ။ **ကျောက်စာ၌ ကျောင်းဆရာ မပဒန်ဟု ရေးထိုးထားပါသည်။ ဗမာလိုဆိုလျှင် မိန်းမနာမည်လိုပင် ဖြစ်နေပါသည်။ ကချင်တိုင်းရင်းသားတို့၌ ထိုနာမည်မျိုးမရှိပါ။ မာဘရန်ဆိုသည်မှာ သားအကြီးဆုံးကို ခေါ်ပါသည်။**

**ဤသို့ဖြစ်ရခြင်းမှာ ထိုအချိန်က တောင်ပေါ်တိုင်းရင်းသားများ မြေပြန့်ဒေသ၌ လာရောက်နေထိုင်မှု အလွန်နည်းပါးပါသည်။ ထို့ကြောင့် သူတို့၏ ဓလေ့ထုံးစံ၊ နာမည်အခေါ်အဝေါ်၊ အသံထွက်များကို ရင်းနှီးမှု မရှိသေးချေ။ အလွယ်တကူ မြန်မာအသံထွက်အတိုင်း ရေးထိုးခဲ့ခြင်းသာ ဖြစ်ပါသည်။** *(စာရေးသူ)*

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**


*လေးစားစွာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



▲ အလောင်းတော်ကဿပ၏ ဂူပ်မှာဆင်းတုတော် ဂူပ်မှာတော်မြတ်၏ အောက်တည့်တည့်တွင် အရှင်မဟာကဿပ အလောင်းတော် ရှိသည်ဟု အဆိုရှိပါသည်

စိုးဦးသူ

# အလောင်းတော်ကဿပ ကျွန်းတော်ပေါ်မှ

### သရွာရေတွင်း

ပြာသိုလ ဆန်းပြီဆိုလျှင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ အလောင်းတော်ကဿပသို့ ဘုရားဖူးထွက်လေ့ ရှိကြသည်။ ပခုက္ကူ မုံရွာမြို့မှ ဒေသခံပြည်သူများကမူ သူတကာထက် စော၍ ဘုရားဖူးရောက်လာကြသည်။

ရှေးယခင်ကဆိုလျှင် အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်ကို အုပ်စုခွဲ၍ ခြေကျင်ခရီးနှင်ကြသည်။ တပို့တွဲလဆိုလျှင် စည်ကားသိုက်မြိုက်ပြီး တန်ခူးလကုန်တိုင်အောင် ဘုရားပွဲတော် ခင်းကျင်းလေ့ ရှိကြသည်။ ယနေ့ခေတ်တွင်ကား ကပိုင်ရွာကြီးသို့ နံနက်စောစော အရောက်သွားကြသည်။

ကပိုင်ရွာကြီးနှင့် အလောင်းတော်ကဿပ ကားရပ်နားစခန်းသည် မိုင် (၂၀) ဝေးလေသည်။ ကားရပ်နားစခန်းမှ အလောင်းတော်ကဿပသို့ တစ်မိုင်ခရီးကို တပျော်တပါး ခြေကျင်ခရီးနှင်ကြသည်။ အချို့ကမူ ကြုံတောင့်ကြုံခဲ ဆင်စီး၍ သွားကြသည်။ ဆင်ခမှာ လူတစ်ဦး (၂၀၀၀)ကျပ်နှုန်း ဖြစ်သည်။

သဗ္ဗညုမြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဂနိုင်ဥယျာဉ်အတွင်း ပရိနိဗ္ဗာန် စံတော်မူပြီး လေးလမြောက်ချိန် ရဟန္တာအရှင်မြတ် မဟာကဿပထေရ် အမှူးရှိသော ငါးရာကုန်သော ရဟန္တာအပေါင်းတို့သည် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကြီးကို အားပြု၍ ပထမ သင်္ဂါယနာတင်တော်မူလေသည်။

မိုတင်တေဒဂ်ဘွဲ့ထူးရှင် အရှင်မဟာကဿပ ရဟန္တာကြီးသည် ပရိနိဗ္ဗာန် ဝင်စံခါနီးသောအခါ ရှေးကဆုတောင်းအဓိဋ္ဌာန်ချက်အရ မြန်မာနိုင်ငံအလယ်ပိုင်း သလ္လဝတီချင်းတွင်းမြစ် အနောက်ဘက် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ (ခေါ်) တောင်သုံးလုံးအောက်တွင် ပရိနိဗ္ဗာန် စံတော်မူမည်ဟု ရည်စိတ်သန်လျက် ရာဇဂြိုဟ်ပြည်မှ ကြွမြန်းစံပျော်ခဲ့လေသည်။

အရှင်မြတ်ကြီးသည် လိုဏ်ဂူအတွင်း ရောက်လာလျှင် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ အနောက်မြောက်ထောင့်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီး၏ ရုပ်ပွားတော် ကိန်းဝပ်စံပယ်သော ဂန္ဓာကုဋိတော်

အရပ်သို့ ဦးခေါင်းပြု၍ ညာလက်တော်ကို ခေါင်းအုံးတော်မူလျက် အနောက်တောင်ထောင့်သို့ မျက်နှာတော်မူကာ လက်ယာနံ့စောင်းဖြင့် လျောင်းစက်၍ ပရိနိဗ္ဗာန် စံတော်မူလေသည်။

အဇာတသတ်မင်းကြီးသည် အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးကို လွန်စွာ ကြည်ညိုလေရာ အရှင်မြတ်ကြီး ပရိနိဗ္ဗာန် စံတော်မူမည့်အကြောင်း သိရှိလေလျှင် အရှင်မြတ်ကြီးနောက်သို့ ကိုယ်တော်တိုင် လိုက်လေသည်။ အဇာတသတ်မင်းကြီးသည် အရှင်မြတ်အား ဖူးတွေ့ရမည်မှန်ပါလျှင် ဤနေရာမှ ရေထွက်ပါစေသားဟု သစ္စာဆိုလျက် သန်လျက်ဖြင့်မြေကြီးကို ရစ်ပိုက်ထိုးစိုက်ရာ သန့်ရှင်းကြည်လင်သော ရေများ တဖွားဖွား ပေါ်ထွက်လာလေသည်။

ထိုရေတွင်းကို **သစ္စာရေတွင်း**ဟု ခေါ်ဆိုလေသည်။ **သစ္စာရေတွင်းသည် ယနေ့တိုင် ဘုရားဖူးလာ ထောင်သောင်းမကတို့သည် ထိုသစ္စာရေတွင်း တစ်တွင်းထဲမှ ရေများကို ခပ်ယူသုံးစွဲ၍ မကုန်နိုင်သည်ကို တွေ့ရှိရပါသည်။**

အလောင်းတော်ကဿပသို့ ဘုရားဖူး လာရောက်ကြသူတိုင်း သစ္စာရေတွင်း၏ ထူးခြားချက်၊ အလောင်းတော်ကဿပကုန်းတော်နှင့် ရဟန္တာအရှင်မြတ်ကြီးအား စောင့်ရှောက်နေသော အစောင့်အရှောက်များ၏ ထူးခြားစောင့်ရှောက်မှုကို သိသူ နည်းလိမ့်မည်ဟု ထင်ပါသည်။

စာရေးသူကိုယ်တိုင် သိရှိခဲ့သော ဖြစ်ရပ်တစ်ခုမှာ **၁၉၉၃ ခုနှစ်လောက်က ဖြစ်ပါသည်။** အဲဒီဖြစ်ရပ်ကတော့ အံ့ဩဖွယ်ရာဟု ပြောလျှင် ပြော၍ရပါသည်။ မုံရွာတွင် အခြေစိုက်သော အမှတ်(၁၆) ခြေမြန်တပ်ရင်းဟာ အလောင်းတော်ကဿပတွင် လုံခြုံရေးတာဝန် ဆောင်ရွက်ရန် ယာယီ တပ်ရင်းမှူး ဗိုလ်မှူးတင်စိုးနှင့် အဖွဲ့တို့သည် အလောင်းတော်ကဿပတွင် လုံခြုံရေးတာဝန်များ သွားရောက်ဆောင်ရွက်ကြပါသည်။

(၇)ရက်ခန့်မျှ တာဝန်ထမ်းဆောင်ပြီး၍ တပ်ရင်းသို့ပြန်ရန် လူပြန်စုပြီး လူစစ်ကြရာတွင် ချင်းတိုင်းရင်းသား တပ်ကြပ်ကြီး ထန်းငုတစ်ယောက် ပျောက်နေ၍ တပ်ရင်းမှူးက အဖွဲ့များခွဲပြီး ရှာကြစေရာ မတွေ့ရသဖြင့် တပ်ပြေးပဲ ဖြစ်မလား၊ တစ်ခုခုများ ဖြစ်နေပြီလားဟု သံသယဖြစ်ကြသည်။ (၃)ရက်မြောက်သောနေ့တွင် တပ်ကြပ်ကြီးထန်းငုသည် တပ်ရင်းမှူးရှိသော နေရာသို့ ပြန်လာသည်။

ထိုအခါကျတော့ အရာရှိများနှင့် စစ်သည်များက တပ်ကြပ်ကြီး ထန်းငုံအား...

'ဆရာ... ဘယ်သွားနေတာလဲ





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံး အတော်စိတ်ပူပြီး လိုက်ရှာနေကြတယ်။ အလောင်းတော်ကဿပရဲ့ ပတ်ဝန်းကျင်ကလဲ သစ်တောထူလွန်းလို့ တစ်ခုခုများ ဖြစ်နေသလားထင်ပြီး စိတ်အတော်ပူကြတယ်'

တပ်ကြပ်ကြီး ထန်းငုက...

'ကျွန်တော် ဘယ်မှမသွားဘူး။ ခင်ဗျားတို့ သွားလာနေကြတာ ကျွန်တော် တွေ့နေတာပဲ။ ခင်ဗျားတို့က ကျွန်တော့်ကို မမြင်ကြဘူးလား'

အရာရှိနှင့် စစ်သည်များက...

'ဆရာက ကျွန်တော်တို့ကို မြင်ရင် ဘာဖြစ်လို့ လှမ်းမခေါ်တာလဲ၊ ဆရာက ဘယ်နားမှာ မို့လို့လဲ'

ဟု မေးရာ တပ်ကြပ်ကြီးထန်းငုက...

'ကျွန်တော်က သစ္စာရေတွင်းနားမှာ ရှိတယ်'

'ဟာ ဆရာရယ် ကျွန်တော်တို့ စခန်းနဲ့ ကပ်နေတာပဲ။ ဆရာက လှမ်းခေါ်ဖို့ ကောင်းတာပေါ့'


ဟု ပြောတော့ တပ်ကြပ်ကြီးထန်းငုက...

'ခင်ဗျားတို့ကတော့ အဲဒီလို ပြောမှာပဲ ကျွန်တော်ကလဲ ခေါ်လို့လဲမရဘူး။ သွားလို့လဲ မရဘူး'

'ဟာ ဆရာကလဲ ဘယ်လိုဖြစ်လို့ ခေါ်လို့မရ၊ ပြောလို့မရ ဖြစ်ရတာလဲ။ (၃)ရက်လုံးလုံး အဲဒီနေရာမှာပဲ ရှိနေတာလား'

'ဟုတ်တယ် (၃)ရက်လုံးလုံး ဘယ်မှလဲ သွားလို့မရဘူး၊ ဘာမှလဲ စားလို့မရဘူး'

'ဒီလိုဆို ဆရာ မဆာဘူးလား။ ဘယ်မှ မသွားရလောက်အောင် ဘယ်လိုဖြစ်ရတာလဲ ဆရာရယ်။ ဖြစ်စဉ်လေးကို ပြောပြပေးပါဦး'




◆ သစ္စာရေတွင်း

တပ်ကြပ်ကြီး ထန်းငုက...

'ဖြစ်ရတာက ဒီလိုဗျ လွန်ခဲ့တဲ့(၃)ရက်ကပေါ့။ ကျွန်တော် မနက် အိပ်ရာထပြီး မျက်နှာသစ်ဖို့ သစ္စာရေတွင်းကို သွားတယ်။ အဲဒီမှာ မျက်နှာသစ်ပြီး အဲဒီရေတွင်းနားပဲ ဆီးသွားတယ်။ ပြီးတဲ့အချိန်မှာ အဝတ်ဖြူဝတ်ထားတဲ့ အဘိုးကြီးတစ်ယောက် ရောက်လာပြီး...

"မင်း ဒီနားမှာ ဘာဖြစ်လို့ ဆီးသွားရသလဲ။ မင်းမှာ အပြစ်ရှိတယ်။ ဒါကြောင့် မင်းကို ဒဏ်ပေးရမယ်။ ရေ့ပုတီး "အရဟံ"လို့ ဆိုပြီး ပုတီး (၃)ရက်စိပ်ရမယ်။ ဒီနေရာက ဘယ်မှ မသွားရဘူး"

ဆိုပြီး ပြောတယ်။


ကျွန်တော်လဲ အဘိုးပြောတဲ့ အတိုင်းပဲ ပုတီးစိပ်ပြီး နေခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com





▲ အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီး၏ ရုပ်ပွားတော်

◀ အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီး၏ ရုပ်အလောင်းတော်ရှိရာသည့်ဂူ သိရသော လိုဏ်ဂူအဝင်ပေါက်ဝနှင့် ကျောက်တံခါး

ဘယ်မှလဲ သွားလို့မရဘူး။ ဘယ်သူ့ကိုမှလဲ ခေါ်လို့မရဘဲ ရေတွင်းအနီးမှာအခုလို(၃)ရက်လုံးလုံး နေခဲ့ရတယ်'

'ဒါဆို ဆရာ မဆာဘူးလား။ ဆီး၊ ဝမ်းကော မသွားချင်ဘူးလား'

'ကျွန်တော် ဆာလဲမဆာဘူး။ ရေလဲ မငတ်ဘူး။ ဆီးဝမ်းသွားချင်စိတ်လဲ မရှိဘူး။ ခု (၃)ရက်ပြည့်တဲ့နေ့ရောက်တော့မှ ထလို့ရတော့တယ်'

'ဟာ အံ့ဩစရာပဲ ဆရာရယ်၊ ဆရာကလဲ ဘာဖြစ်လို့ သစ္စာရေတွင်းနားမှာ ဆီးသွားရတာလဲ'

'ဒီလိုပါဗျာ ကျွန်တော်လဲ မျက်နှာသစ်ရင်းနဲ့ လွယ်လွယ်ပဲ ဘာရယ် မဟုတ်ပါဘူး။ ဆီးသွားမိတာပါ။ အဲဒါကြောင့်လဲ အဝတ်ဖြူဝတ်ထားတဲ့ အဘိုးကို တောင်းပန်ရတာပေါ့ဗျ' **(ထိုစဉ်က သစ္စာရေတွင်းသည် ဖော်ပြပါပုံကဲ့သို့ အမိုးမရှိ၊ ရေစုပ်သော တုံကင်မရှိ၊ မြေပေါ်တွင် တစ်တောင်ခန့်ရှိသော အင်္ဂတေပေါင်ဖြင့်သာ ပြုလုပ်ထားပါသည်။)**

တပ်ရင်းမှူးနှင့် အဖွဲ့သည် တပ်ကြပ်ကြီးထန်းငှ ပြန်ရောက်လာမှ ဖြစ်စဉ်ကို သိရပြီး စိတ်အေးကြရတော့သည်။ ဖြစ်ရပ်များကိုလည်း အထူးပင် အံ့ဩကြပါတော့သည်။ ဤဖြစ်ရပ်ကို စာရေးသူက အနီးကပ် သိရှိရ၍ အလွန်တန်ခိုးတော် ကြီးမြတ်လှသော အလောင်းတော်ကဿပ အရှင်မြတ်ကြီးအား ကြည်ညိုသဒ္ဓါဖြင့် စောင့်ရှောက်နေကြသော ပုဂ္ဂိုလ်များ ထင်ထင်ရှားရှား ရှိနေသည်ကို ပိုမိုသိရပါသည်။

အလားတူ ထူးခြားဖြစ်စဉ်ကတော့ ကုန်းတော်ပေါ်မှ ရဟန္တာအရှင်မြတ်ကြီး ကိန်းဝပ်စံပယ်လျက်ရှိသော လိုဏ်ဂူသို့ဆင်းသော သံလှေကား တစ်ခု ရှိပါသည်။

ထိုလှေကားသည် လူတစ်ယောက်လောက်သာ ဆင်းတက်သွားလာနိုင်သော သံလှေကားငယ်တစ်ခုသာဖြစ်၍ ပွဲတော်ရက်များတွင် ဘုရားဖူးများ ထောင်သောင်းမကလာရောက်ကြသည်၊

ဘုရားဖူး များပြားလွန်း၍ သံလှေကားအသစ် အကြီးတစ်ခု ပြုလုပ်ရန် လိုအပ်နေသဖြင့် ထိုစဉ်က တိုင်းမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ် လှမြင့်ဆွေက လှေကားအကြီး အသစ်ပြုလုပ်ရန် အစီအစဉ်ပြုလုပ်၍ တာဝန်ပေးလိုက်ပါသည်။

သက်ဆိုင်ရာ ပညာရှင်များနှင့် ဝန်ထမ်းများသည် လှေကားအသစ် ပြုလုပ်ရန် အလောင်းတော်ကဿပ ကုန်းမြေတောင်ကို လိုအပ်သလို ဖြိုကြပါသည်။

ထိုအချိန်မှာ လုပ်သားဝန်ထမ်း တစ်ဦးကို ပုဂ္ဂိုလ်တစ်စုံတစ်ယောက် ဝင်ရောက်ပူးကပ်သဖြင့် တာဝန်ရှိသူများက မေးမြန်းကြရာ ဝင်ရောက်ပူးကပ်နေသော ပုဂ္ဂိုလ်မှာ တောင်စောင့်ဖြစ်ကြောင်း၊ သူ့တောင်ကို သူ့ထံ ခွင့်ပန်ကြားခြင်းမပြုဘဲ ပြုလုပ်သည်ကို မကျေနပ်၍ ခုလိုကြွပြီး ပြောကြောင်း ပြောပြသည်။

သို့နှင့် တာဝန်ရှိသူတစ်ဦးက မသိနားမလည်၍ လုပ်မိကြောင်း၊ ယခု လှေကားအကြီး ပြုလုပ်ရန် လိုအပ်သလို တောင်ကို ပြုပြင်လုပ်ကိုင်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပြုရန် တောင်းပန်ကြောင်း ပြောဆိုသောအခါမှ ကျေနပ်ပြီး ပြန်ထွက်သွားသည်ကို ကိုယ်တိုင် တွေ့မြင်သိရှိရသော ပုဂ္ဂိုလ်က ပြန်ပြောပြ၍ သိရပါသည်။

အလားတူပင် ရှေးအခါက အလောင်းတော်ကဿပသို့ ယင်းမာပင်၊ ကနီ၊ ပုလဲ၊ မင်းကင်း၊ ထီးလင်း၊ ဂန့်ဂေါ၊ ယော စသော ဒေသများမှ ဘုရားဖူးများသည် ခြေကျင်ခရီးဖြင့် လာကြရသည်။ ထိုသို့ လာရာတွင် အချို့လူငယ်ပိုင်းများသည် ပြက်ရယ်ပြုသောသဘောဖြင့် **"ငါကွာ ကြုံလို့သာ လာတာ၊ သိပ်လာချင်တာ မဟုတ်ဘူး"**ဟု ပြောလျှင် ပြောသောသူသည် တစ်ယောက်တည်း မျက်စိလည် လူစုကွဲပြီး လမ်းပျောက်၍ အလောင်းတော်ကဿပသို့ မရောက်ဘဲ ဖြစ်ရတတ်သည်။

အတူပါလာသူများက သိရှိပြီး၍ သက်ဆိုင်ရာပုဂ္ဂိုလ်များကို တောင်းပန်ပြီး ပြန်ရှာမှ တွေ့ကြရသော သာဓကများ ရှိခဲ့ဖူးကြောင်း ကြားသိရဖူးပါသည်။ အလောင်းတော်ကဿပ ဘုရားနယ်မြေအတွင်း ရောက်လျှင် အပြောအဆို ဆင်ခြင်သတိထားရကြောင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားပြောဆိုခြင်းကို ရှောင်ကြဉ်ရကြောင်း သိရပါသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးလာသူများသည် ဇန်နဝါရီလ၊ ပြာသိုလမှ အစပြု၍ လာရောက်ကြသည်။ ဖေဖော်ဝါရီလ၊ တပို့တွဲလပြည့်နေ့ ဆီမီးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အထူးစည်ကားလှပါသည်။

ဘုရားဖူးများသည် အချို့မှာ နေ့ချင်းပြန် လာရောက်ဖူးကြ၍ အချို့မှာ ညအိပ်နေကြပြီး အရှင်မြတ်ကြီးအား ဖူးမြော်၍ တရားဘာဝနာများ ပွားများအားထုတ်ကြပါသည်။

အလောင်းတော်ကဿပ အရှင်မြတ်ကြီးအား ယုံကြည်သဒ္ဓါ ထက်သန်စွာ ဖူးမြော်လိုသော ဆန္ဒဖြင့် အာရုံပြုထားပြီး သွားရောက် ဖူးမြော်သူများအားလုံးလည်း သဘာဝ တောတောင်စိမ့်စမ်းများ၊ သာယာလှပသော ရှုခင်းများကို တဝကြီး ကြည့်ရှုခံစားရင်း ရဟန္တာအရှင်မြတ်ကြီးအား သွားရောက်ဖူးမြော်နိုင်ကြပါစေကြောင်း မွန်မြတ်သော စေတနာဖြင့် တိုက်တွန်းလိုက်ရပါသည်။

အလောင်းတော်ကဿပ ဘုရားဖူးသွားရန် စီစဉ်ပို့ဆောင်ပေးသော ပြင်ဦးလွင် ပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးစိုးသိန်းအား ကျေးဇူးတင်ရှိကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ပါသည်။

**စိုးမိုးသူ**

ကျမ်းကိုး

**မှော်ဝိရအရှင်ဝါယာမိန္ဒ(ကနီ)** စုစည်းပူဇော်သော အလောင်းတော်ကဿပနှင့် သူတို့အမြင် စာအုပ်ကို မှီငြမ်းပြုစုပါသည်။

# လေဖြတ်ရောဂါ

## အတွက် ဆေးထစ်လက်



ကျွန်တော်၏ ဦးလေးဖြစ်သူမှာ လေဖြတ်ဝေဒနာဖြင့် ဝဲဘက် ကိုယ်တစ်ခြမ်း မလှုပ်ရှားနိုင်ဘဲ အိပ်ရာထဲမှာပင် ရက်ရှည်လများ လှဲနေရပါသည်။

တစ်နေ့တွင် နှစ်ရှည် ကွဲကွာနေခဲ့ကြသည့် သူငယ်ချင်းဖြစ်သူနှင့် အအေးဆိုင် တစ်ဆိုင်တွင် မမျှော်လင့်ဘဲ ဆုံတွေ့ကြရာမှ ဦးလေးအကြောင်း စကားစပ်မိကြပြီး သူငယ်ချင်းက ဆေးနည်း ပြောပြပါသည်။

သူငယ်ချင်း ပြောပြလိုက်သော ဆေးနည်းဖြင့် ဦးလေးဖြစ်သူအား ပြုစုပေးရာ (၁၀)ရက်မြောက်သောနေ့တွင် လေဖြတ်နေသည့် ခန္ဓာကိုယ်တစ်ခြမ်းမှာ လှုပ်ရှားနိုင်လာပါသည်။

အိမ်သားများ အားလုံး ဝမ်းသာကြရပါသည်။ သူငယ်ချင်း ကိုတွတ်ကိုလည်း အထူးပင် ကျေးဇူးတင်ကြပါသည်။ ဦးလေးဖြစ်သူဆိုလျှင် ရက်, လ များစွာပင် မမြင်မတွေ့ရသည့် ပျော်ရွှင် စိတ်ချမ်းသာမှု ခံစားနေရသည့် အရိပ်လက္ခဏာ အထင်းသားပင်။

သို့ဖြင့် ဆေးကို ဆက်လိမ်းပေးခဲ့ရာ (၁၇)ရက်မြောက်နေ့တွင်တော့ ဦးလေး လမ်းလျှောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆေးနည်းအား စေတနာ စာနာစိတ်အပြည့်ဖြင့် ရေးသား ဖော်ပြလိုက်ရပါသည်။ လေဖြတ်ရောဂါ ဖြစ်ပါလျှင် ဆေးနည်းမှာ... ကျီးအာသီးကို အခြောက်လှန်း၍ အမှုန့် ပြုလုပ်ပြီးလျှင် နှမ်းဆီစစ်စစ်နှင့် ဖျော်စပ်လျက် ဝေဒနာ ခံစားနေရသည့် နေရာတွင် နံနက်, ည တစ်နေ့ (၂)ကြိမ် လိမ်းပေးရပါသည်။

**အေးခွင့်ပန်(သင်ထုံး)**



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းထမ်းမွေးခြင်း နှင့်



## ထပ်သက်၍ သိသမျှ ဖြေလိုက်ပါသည်

၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ်(၃၂၀)၊ စာမျက်နှာ (၂၆၄)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆောင်းပါးရှင် နတ်မောက် လှမြင့်သစ်၏ **'အလောင်းထမ်းမွေးခြင်းအကြောင်း'** ဖတ်ရှုခဲ့ရပါသည်။

ဆောင်းပါးရှင်က အလောင်းထမ်း မွေးခြင်းနှင့်ပတ်သက်၍ ဗဟုသုတ ပြည့်ဝသူ၊ လက်တွေ့ကြုံရသူများမှ ဖြေကြားပေးပါရန် တောင်းဆိုထားရာ စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့သော အလောင်းထမ်းမွေးဖွားမိခဲ့သူ မိသားစု အဖြစ်အပျက်တစ်ခုကု ကိုးကားတင်ပြ လိုက်ပါသည်။

စာရေးသူ၏ ကိုယ်တွေ့ကို မဖော်ပြမီ နတ်မောက် လှမြင့်သစ်၏ ဆောင်းပါးပါ အလောင်းထမ်းမွေးခြင်းအကြောင်း စာရှုသူအတွက် ပြန်လည် ဖော်ပြလိုပါသည်။

'အလောင်းထမ်းမွေးခြင်း ဆိုသည်မှာ မိခင်တစ်ဦးမှ သားလေးယောက်၊ သမီးတစ်ယောက် မွေးဖွားခြင်းကို ခေါ်သည်။ ဤသို့ မွေးဖွားလျှင် သမီးဖြစ်သူ(နှမကလေး) သေဆုံးပျက်စီးရပြီး သားလေးယောက် (မောင်များ)က အလောင်းကို ဝိုင်းထမ်းချရသည့်ကိန်း ဆိုက်သောကြောင့် အလောင်းထမ်းမွေးခြင်းဟု ခေါ်ဝေါ်သည်။

စာရေးသူ၏ဇာတိ နတ်တလင်းမြို့နယ်၊ ကျောင်းကြီးရွာတွင် အဘိုးဦးထွေးနှင့် အဘွား ဒေါ်ဝိုင်းတင်တို့ ဇနီးမောင်နှံမှ သားနှစ်ယောက် အရင် မွေးဖွားပြီး သမီးတစ်ယောက် မွေးဖွားခဲ့၏။

ထို့နောက် သားငယ်နှစ်ယောက် ထပ်မွေးပြန်သည်။

ထို့ကြောင့် သမီးလေးသည် သားလေးယောက်၏ အလယ်တွင် မွေးဖွားသူ ဖြစ်ခဲ့သည်။ သမီးလေး၏အမည်က မစိန်စိန်ဖြစ်သည်။

မောင်နှမငါးယောက် စလုံး အရွယ်ရောက်၍ အိမ်ထောင်စုံချိန်တွင် မစိန်စိန်မှာ သားတစ်ယောက် မွေးဖွားပြီး သားငယ်လူလားမမြောက်မီပင် သေဆုံးသွားခဲ့သည်။ ယခုအခါ မောင်လေးယောက်အနက် မောင်အလတ်လည်း မရှိတော့ပါ။

ဤမိသားစုကိုကြည့်လျှင် အလောင်းထမ်းမွေးခြင်းဖြင့် နှမဖြစ်သူ ထိခိုက်နစ်နာရလေသလောဟု ယူဆ၍ စာရေးသူ ရေးသားပေးပို့လိုက်ရပါသည်။

ထို့ကြောင့် "ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်း မကြွယ်နှင့်" ဆိုသကဲ့သို့ သိပ္ပံပညာ ထွန်းကားနေသော ခေတ်ကြီးပင် ဖြစ်လင့်ကစား ယုံကြည်လိုက်နာသင့်သည့် ကိစ္စများ ဖြစ်ပါက ရှေးထုံးမပယ်ဘဲ မှတ်သားလိုက်နာသင့်ပါကြောင်း တင်ပြရပါသည်။

[ဤကဲ့သို့ အလောင်းထမ်းမွေးခြင်းကဲ့သို့ ကိစ္စရပ်များအတွက် ကုသိုလ်ကံမြှင့် ယတြာအစီအရင်များ ရှိပါက သိရှိသူ သုတေသီပညာရှင်များမှ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ရေးသားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
*ဦးကျော်မိုးသိန်း–စာတည်းချုပ်*]

ညွန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

# သရက်ပင်



**စောစောပွင့်စေဖို့**

ကျွန်တော်၏ အိမ်ခြံဝင်းထဲတွင်ရှိသော သရက်ပင်တစ်ပင်သည် တော်သလင်းလကုန်ပြီးစ သီတင်းကျွတ်လရောက်သည်နှင့် အပွင့်တွေ ဝေဆာမြိုင်ဆိုင်စွာ ပွင့်လာပါသည်။

သရက်ပင်မှာ မနှစ်ကလည်း အချိန်စောစွာ ပွင့်ခဲ့ပါသည်။

ကျွန်တော်တို့နေသော လမ်းထဲရှိလူများက ကျွန်တော့်သရက်ပင်ကို ကြည့်ပြီး အံ့သြနေကြသည်။ ထူးခြားသည်ဟု ဆိုရမလားမသိ။ အမှန်တော့ စောစီးစွာ ပွင့်တတ်သော သရက်ပင်များ ရှိတတ်သော်လည်း အလွန်နည်းပါးပါသည်။

တစ်နေ့တွင် လမ်းထဲတွင်နေသော ကျွန်တော်၏ မိတ်ဆွေတစ်ဦးသည် ကျွန်တော်၏ အိမ်ခြံဝင်းထဲသို့ ရောက်ရှိလာပြီး ပွင့်နေသော သရက်ပင်ကို ကြည့်ကာ...

'ခင်ဗျား သရက်ပင်က ဘာသရက်မျိုးလဲဗျ'

သူက မေးလာ၍ ကျွန်တော်က...

'မန္တလေးရင်ကွဲ သရက်ပါဗျာ'

'ခင်ဗျား သရက်ပင်ကို မြင်ရတာအားကျစရာပဲ။ အခုလို စောစောပွင့်ပြီး စောစောသီးမှာဆိုရင်တော့ အသီးစိမ်းပဲဖြစ်စေ၊ အသီးမှည့်ပဲဖြစ်စေ စောစောပေါ်ပြီး ဈေးကောင်းရောင်းလို့ရတာပေါ့။

ကျွန်တော့်ခြံထဲမှာလဲ မန္တလေးရင်ကွဲသရက်မျိုးတွေ ရှိပါတယ်။ တန်ဆောင်မုန်းလကုန်ပြီးမှ ပွင့်ကြတယ်။

ဒါတောင် တစ်ပင်လုံးကောင်းကောင်း ပွင့်ကြလေ့မရှိဘူး။ သရက်ပင် စောစောပွင့် စောစောသီးစေချင်တယ်ဗျာ။ နည်းနာအကြံဉာဏ်လေးများရှိရင် ပြောစမ်းပါ'

မိတ်ဆွေဖြစ်သူက ပြောလာ၍ ကျွန်တော်က...

'ကျွန်တော့်သရက်ပင် စောစောပွင့်ရတဲ့အကြောင်းရင်းကို သတိပြုမိတာကတော့ မနှစ်က မိုးဦးကျစတုန်းက လေပြင်းတိုက်သွားတဲ့အချိန်မှာ သရက်ပင်က အကိုင်းအတက်တွေ အတော်ကျိုးသွားတယ်။ သရက်ပင်က ကိုင်းကျုံ၊ ကိုင်းညပ်တွေလဲ မရှိတော့တဲ့ အပင်မှာ အတော်ရှင်းသွားပြီး နေရောင်ခြည်ကော လေဝင်လေထွက်ကော အတော်ရရှိသွားပုံရတယ်။

နောက်ပြီး ကျွန်တော်က နွားချေးဆွေး၊ မြေဆွေး၊ သစ်ရွက်ဆွေးတွေကို အပင်ရဲ့ မြေဩဇာအဖြစ် တစ်နှစ်တစ်ခါ ကျွေးလေ့ရှိထားတော့ မနှစ်ကတည်းက အပွင့်တွေ စောစောပွင့်လာတယ် ဆိုပါတော့ဗျာ။ ဒီနှစ်ပါဆိုရင် နှစ်,နှစ်ရှိပြီပေါ့'

ကျွန်တော်က ပြောပြလိုက်တော့ မိတ်ဆွေဖြစ်သူက...

'ခင်ဗျား ပြောတာကို သဘောပေါက် နားလည်သွားပြီ။ သရက်ပင်တွေမှာ ကိုင်းအတက်အလက်တွေ ပြည့်သိပ်ပြီး မရှိသင့်ဘူး။ ကိုင်းညပ်ကိုင်းကျုပ်တွေကို ရှင်းပစ်သင့်တယ်။

ဒါမှလဲ ခင်ဗျားပြောသလို အပင်တွေမှာ နေရောင်ခြည်ရပြီး လေဝင်လေထွက်ကောင်းမှာ မဟုတ်လား။ နောက်ပြီး ခင်ဗျားလုပ်သလို သရက်ပင်တွေကို တစ်နှစ်တစ်ခါ အစာကျွေးဖို့လိုတယ်။ ဒါမှလဲ စောစောစီးစီး အပွင့်တွေပွင့်ပြီး အသီးတွေ ကောင်းကောင်းသီးနိုင်မှာပေါ့'

မိတ်ဆွေဖြစ်သူမှာ ကျွန်တော် ပြောပြသည်ကို လက်ခံသဘောပေါက်နားလည်သွားရှာသည်။ ကျွန်တော့်ကိုလည်း ကျေးဇူးတင်သွားပုံရသည်။ ကျွန်တော်နှင့် စကား အနည်းငယ် ဆက်ပြောပြီး ပြန်သွားပါသည်။

ကျွန်တော်လည်း မိတ်ဆွေဖြစ်သူကို အချိန်စောစွာ ပွင့်သော သရက်ပင်အကြောင်းနှင့် ပတ်သက်ပြီး အကြံပြုသလို ပြောလိုက်ရ၍ ကျေနပ်နေမိပါတော့သည်။

**ကိုမောင်ကျော်လှိုင်**
**(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

### သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

**ပျောက်ကင်းစေသော ရောဂါများ**

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

### သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၁၀၅ YR ၁၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆက်စပ်ရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ဆီးယပ်ရောဂါများ ဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဥ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာနိုပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေ့ါပါး သွက်လက်စေပါသည်။

### သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၁၁၁ YR ၀၀၁၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး ၏

ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ (၂၀)

ကောက်နုတ်သူ မင်းမင်းဟော

ယခင်လမှအဆက်

ကိုတိုးမောင်က ''ဒီခွေးမ ထူးတယ်''ဟု ဆိုပြီး သူယက်ပြသည့် ခေါင်တိုင်အခြေမှာ တူးကြည့်ရာ ကိုတိုးမောင်မှာ အလွန်မတန်မှ အံ့သြနေမိသည်။ ခွေးမလေး ယက်ထားသောကျင်းမှာ မြေအိုးတစ်လုံး တွေ့ရှိပြီး ထိုမြေအိုးကို အဖုံးဖွင့်ကြည့်လိုက်ရာ မသန်းလှ၏ လက်ဝတ်ရတနာဖြစ်နေတော့ ကိုတိုးမောင်တို့သားအဖ မျက်ရည်ကျနေရှာသည်။

ခွေးမလေးကတော့ လင်နှင့်သားဖြစ်သူတို့ကို ပစ္စည်းပေးရ၍ ပျော်နေရှာပြီး အမြီးလေးတနန့်နန့်နှင့် လင်နှင့်သားကို နူတ်သီးဖြင့် နမ်း၍ ခုန်ပေါက်ပြီး ပျော်မြူးနေရှာသည်။

ကိုတိုးမောင်သည် ထိုပစ္စည်းများကို ထုခွဲရောင်းချပြီး ဝေဘူကျောင်းတိုက်သို့ သွားရောက်၍ ဝေဘူဆရာတော်ကြီး၏ ဩဝါဒခံယူပြီး ရဟန်းခံရှင်ပြု အလှူဒါနပြု၍ ကိုတိုးမောင်တို့သားအဖ ထာဝရ အေးချမ်းသာယာလှသော သာသနာ့ဘောင်သို့ ဝင်ရောက် ခိုလှုံသွားပါသည်။

ခွေးမလေးသည်လည်း ကိုတိုးမောင်တို့သားအဖနှင့်အတူ ဝေဘူကျောင်းတိုက်သို့ လိုက်ပါသွားခဲ့သည်။ ကိုတိုးမောင်တို့သားအဖ ရဟန်း(၇)ဝါရှိသောအချိန်ကြမှ ခွေးမလေး သေဆုံးသွားသည်။ ခွေးမလေး သေဆုံးသွားတော့ ကိုတိုးမောင်(ခေါ်) ရှင်နန္ဒိယက ခွေးမလေးကို ရည်စူး၍ ဝေဘူကျောင်းတွင်းရှိ သံဃာတော်များကို ဆွမ်းကပ် လှူဒါန်း၍ အမျှပေးဝေလေတော့သည်။




ဝေဘူဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



◆ တတိယဂူ

## ဒါမှ ရဟန္တာအစစ်ကွ

၁၂၈၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁) ရက်နေ့တွင် အသိတရား ရရှိသွားသော ကိုသောင်းအေး၏ ဘဝဇာတ်လမ်းကလေး တင်ပြပါရစေ။

အဘယ်ကြောင့်ဆိုသော် ဝေဘူဆရာတော်နှင့် ကိုသောင်းအေးတို့၏ ပဋ္ဌာန်းဆက်ရှိခဲ့ပုံမှာ အလွန်မတန်မှ အံ့ဩဖွယ် ကောင်းလှသည်။ ပဋ္ဌာန်းဆက်ရှိခဲ့ပုံက ဒီလိုပါ...

မိုးခေါင်ရေရှားအရပ် ကျေးတောဒေသမှာ ရေကြည်ရာ မြက်နုရာဆိုသကဲ့သို့ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်သို့ ပြောင်းရွှေ့လာပြီး လယ်ယာတည်၍ တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။

နေ့စဉ်နေ့တိုင်း ညနေတိုင်းမှာ အရက်သောက်လေ့ ရှိသည်။ တစ်နေ့သော် ကိုသောင်းအေးတစ်ယောက် အရက်မူးလွန်၍ လူမှန်းသူမှန်းမသိအောင် မူးလဲနေတော့ ကိုသောင်းအေး၏ မိသားစုမှ ပွေ့ချီ၍ အိပ်ရာပေါ်သို့ နွေးထွေးစွာ သိပ်ထားလေသည်။

'တုံ...တုံ...တုံ'

တုံးမောင်းခေါက်သံ၊ ကြေးစည်သံတို့ ကြားရလေသည်။ လင်းကြက်တွေကလည်း အသံသာသာဖြင့် တွန်ကြလေသည်။ ထိုအသံများ ကြားရလျှင် နံနက်လေးနာရီဟု သိရသည်။ ကိုသောင်းအေးတစ်ယောက်မှာ ဝေဘူက တုံးမောင်းခေါက်သံ၊ ကြေးစည်သံ၊ စည်တော်တီးသံတွေ ကြားရတော့...

'သူတော်ကောင်းတွေ မေတ္တာဘာဝနာတရားတွေ ပွားများနေတဲ့ အချိန်ပါလား။ ငါကတော့ မူးရူးနေပြီး အိပ်ရာထဲကတောင် မထနိုင်ဘဲ မူးနေတာ ငါ တော်တော် မကောင်းပါလား။ အခုနေသာ သေခဲ့ရင် ငရဲဘုံရောက်မှာ သေချာတယ်။ ငါ အရက်မသောက်တာ ကောင်းပါတယ်'

ဟု တွေးရင်း မှေးခနဲနှင့် အိပ်ပျော်သွားသည်။

ကိုသောင်းအေး အိပ်မက်ထဲတွင် ဆရာတော်နှင့် တွေ့ရပြီး ဖူးမြော်နေစဉ် ဆရာတော်မှ...

'ဒါယကာကြီး... အရက်သောက်တာ မကောင်းဘူးလို့ သိလိုက်ပြီ မဟုတ်လား။ အရက်ဟာ မကောင်းဘူးလို့သိရင် မကောင်းသောအရက် မသောက်မိရန် သတိတရားနဲ့ ရှောင်ပေါ့။ ဒါယကာကြီး'


ဟု မိန့်၍ ကြွသွားသည်ကို မြင်မက်လိုက်ရတော့ အိပ်ရာမှထပြီး ဆရာတော်ကို လက်အုပ်ချီမိုး၍ ကန်တော့





www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အိပ်ရာမှထပြီး မျက်နှာသစ်၍ သူ၏ ခနီး ဒေါ်ညွန့် အသင့်ပြင်ထားသော ရေနွေးကြမ်း၊ ထမင်းကြော်တို့ စားပြီး လယ်တောသို့ နွားကောက်၍ လှည်းနှင့် ထွက်ခဲ့သည်။ တောရောက်တော့လည်း နံနက်က အိပ်မက်ထဲက ဆရာတော်ကြီးမှ ''အသိတရားရပြီး သတိတရားနဲ့ ရှောင်ပေ့ါ ဒါယကာကြီး''ဟု မိန့်မှာစကားကို ကိုသောင်းအေး နားထဲက ကြားယောင်မိလေသည်။

ထိုနေ့ကစ၍ ကိုသောင်းအေး တစ်ယောက် အရက်သောက်ခြင်းကို ရှောင်ကြဉ်လေသည်။ ဝါခေါင်လဆန်း (၈)ရက်နေ့မှာ ဆရာတော်ကျောင်းမှာ ရပ်ဝေးရပ်နီးမှ ရောက်ရှိလာသော ပရိသတ်ကို သီလချီးမြှင့်ပေးသည်။ ထိုပရိသတ်ထဲတွင် ကိုသောင်းအေး တစ်ယောက်လည်း ပါရှိလေသည်။

ဆရာတော်ကြီး သီလပေးပြီးလျှင် ဩဝါဒကို ဆက်၍ပေးသည်။ ဩဝါဒ ပြုသည်မှာ အရက်သောက်ခြင်း၏ အပြစ်နှင့် အရက်သောက်ခြင်းမှ ရှောင်ကြဉ်အပ်သည့် အကျိုးတို့ ဟောကြား ဩဝါဒပြုပေးလိုက်သည်။

သီတင်းကျွတ်လဆန်း (၁၀)ရက်နေ့ တွင် ကိုသောင်းအေးတစ်ယောက် လယ်ထွန်နေစဉ် လယ်မြောက်ဘက် ဘေးမှ ငန်းစောင်းမြွေကြီးတစ်ကောင် ရောက်လာပြီး လယ်ထွန်နေသည့် ကိုသောင်းအေးကို ပေါက်ရန် ပါးပျဉ်း ကြီးထောင်နေစဉ် ကိုသောင်းအေးက မြင်လိုက်၍ ထိုမြွေကြီးကို ကြောက် တတ်သောစိတ် မရှိသော်လည်း ခိုင်း နွားတွေကို ကိုက်လိုက်မည်တော့ စိုး သည်။

သို့နှင့် ကိုသောင်းအေးက နွားများ ကို ထွန်တုံးမှ လွှတ်ပြီးလျှင် နွားရိုက် ကြိမ်လုံးလေးနှင့် ထိုမြွေကြီးနား သွား ပြီးလျှင်...

'အသင်မြွေကြီး...ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ရန်သူအပေါင်းနဲ့ ကင်းလွတ်ပါစေ။ အသင်ရဲ့အသားကို ငါလဲ မစားကောင်းပါ။ ငါရဲ့ အသားလဲ မစားကောင်းပါ။ အသင်မြွေကြီးသည် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် အန္တရာယ်ကင်းဝေးသောနေရာသို့ သွားပါ အသင်မြွေကြီး'

ဟု နှုတ်က ဖွင့်ဟ၍ ပြောပြီး ကိုသောင်းအေးက ညာလက်ဖြင့် လက်ညှိုးထိုး၍ ခန္ဓသုတ်နှင့် မေတ္တာသုတ် ရွတ်ဖတ် သရဇ္ဈာယ်လိုက်သည်ရှိသော် ထိုမြွေငန်းကြီး တခြားသို့ ရှောင်ခွာ ထွက်သွားသည်။ ကိုသောင်းအေးနှင့် နွားများကိုလည်း ရန်မူခြင်း မရှိပေ။

ထိုညနေခင်းမှာ ကိုသောင်းအေး တစ်ယောက် လယ်တောမှ အစောကြီး ပြန်လာပြီး ကြံရည်ဝယ်၍ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို သွားရောက် ကပ်လှူသည်။ ဆရာတော်ကြီးမှ ပြုံးတော်မူ၍...

'တို့...ဒါယကာကြီး မေတ္တာဖြင့် အဆိပ်ရှိသော သတ္တဝါရန်ကို အောင်နိုင်ခဲ့တာကိုး ဗျ။ ဟုတ်ရဲ့လား ဒကာကြီး'

ဟု မေးသော် ကိုသောင်းအေးမှာ အံ့အားသင့်နေပြီး "မှန်ပါ့ဘုရား"ဟု လျှောက်ထားသည်။ ဆရာတော်မှ ဆက်လက် မိန့်ကြားသည်မှာ...

'အေးဟဲ့...မေတ္တာဟူသော ဓာတ်သည် ကြည်လင်အေးမြ၍ အေးချမ်းသာယာပါတယ်ဗျာ။ မေတ္တာသည် သတ္တဝါတို့အပေါ် အာရုံရောက်အောင် ပို့တဲ့အခါ ရန်မူနေသော သတ္တဝါတို့သည်လဲ အလိုလို ငြိမ်းအေးသွားတာပါပဲ။

စောင်ကိုခြုံလို့ မလုံဘူး။ မေတ္တာခြုံမှ လုံတာဗျ။ မေတ္တာတရားသည် ဒေါသရဲ့ ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖက်သူက ကြမ်းတမ်းခက်ထန်တယ်။ မေတ္တာတရား လက်ကိုင်ထားသောသူက ယဉ်ကျေးသိမ်မွေ့လှတယ်။

အရာရာမှာ မေတ္တာတရား လက်ကိုင်ထားသူက မည်သည့် ဒုက္ခအန္တရာယ်မှ မကြုံတွေ့နိုင်ဘူး။ မေတ္တာတရား စီးဖြန်းနေသော အခါ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် တွေ ကင်းစင်ပြီး မေတ္တာဓာတ်ခံ ကြည်လင်နေတော့ ရန်သူဆိုတာ မရှိဘူး။ အေးငြိမ်းပြီး အစဉ်ထာဝရ အေးချမ်းဟာပေါ့ဗျ။ တို့ဒါယကာကြီး အမြဲတမ်း မေတ္တာတရား လက်ကိုင်ထားပြီးနေဗျာ'

ဟု မိန့်တော်မူလိုက်သည်။

ကိုသောင်းအေးသည် ဆရာတော်ကြီးကို ကန်တော့၍ အိမ်သို့ ပြန်လာပြီး သူ၏ ဇနီးသည်ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပြီး ဆရာတော်ကြီးမှ ကိုသောင်းအေး၏အဖြစ်ကို ကြိုတင်သိရှိနေသည်ကို ကိုသောင်းအေး တစ်ယောက် အံ့သြနေပြီး "ဒါမှ ရဟန္တာယ အစစ်"ဟု ပြောကြားရင်း ဝမ်းသာပီတိ ဖြစ်နေရှာသည်။

***ဆက်လက် ကြိုးစားပါမည်။***

**ကျောက်ဆည် မင်းမပော်**

---

စာရှုသူ သူတော်သီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုး[illegible]**
**စာတ[illegible]ချုပ်**



www.burmeseclassic.com

www.burmeseclassic.com



မာတင်္ဂနှင့် မာတင်္ဂရသေ့ပုံ

မာတင်္ဂနှင့်

# မာတင်္ဂရသေ့ အဆောင်

ဖိုးဖိုးဦးသန်းတင်
(တမ္ပဝတီ)

လောကီစီးပွား ချမ်းသာအတွက် အဆောင်ပစ္စည်းတစ်ခုခု စီရင်လိုလျှင် ဖြစ်ရပ်ဝတ္ထုကြောင်းနှင့် အကြောင်းတရား အကျိုးတရား အာနိသင်တွေ သိထားလျှင် ပိုပြီး ပြည့်စုံပါမည်။ အကျိုး သက်ရောက်မှု အစွမ်းထက်မှု စသည်တို့ကို ပိုမိုခံစားရမည် ဖြစ်ပါသည်။

မာတင်္ဂအစီအရင် ပြုလုပ်လျှင် မာတင်္ဂဝတ္ထု၏ ဖြစ်စဉ်ကို သိထားသင့်ပါသည်။ သို့သော် ယခု ရေးသားခြင်းမှာ အစီအရင် သက်သက်ကိုသာ ရေးသားရပါသဖြင့် ဝတ္ထုကြောင်းကို ချန်လှပ်ထားလိုပါသည်။ ကျွန်ုပ်သိထားရသမျှတွင် အစီအရင် (၄)မျိုး ရှိပါသည်။

၁။ ပထမအစီအရင်ကား

သူတောင်းစား ထမ်းပိုးကျိုးကိုယူ၍ မာတင်္ဂတောင်းဟန်ထု၊ ဘယ်လက်က စောင်းကိုကိုင်ဟန်၊ ညာလက်က စည်းတီးပုံ၊ ခွက်ကို ရှေ့ကထား၊ ဆောင့်ကြောင့်ထိုင်ဟန်ထု၊ သစ်စေးသုတ် ရွှေချပါ။ တနင်္လာဆန်းသောလမှာ စီရင်ပါလေ။ ကောင်း၏။ **စုတ်ရန်ဂါထာမှာ...**

ဥုံ ရာဇာဝါ မဟာဒေဝီဝါ ပူရိသဝါ ရာဇတံဝါ ဖေဟိ ဖေဟိ အာဂစ္ဆတု ဝိယံမမ။

(၁၀၀၀) စုတ်ရမည်။ နံ့သာရည်နှင့် စိမ်ထားပါလေ။ လိုအပ်သောအခါ အသုံးပြုပါ။ အကျိုးကျေးဇူးရှိ၏ဟူ၍ ပထမစီရင်နည်း ဖြစ်ပါသည်။

၂။ ဒုတိယအစီအရင်ကား

သူတောင်းစား ထမ်းပိုးကျိုးကိုယူ၍ မာတင်္ဂတောင်းဟန်ထု၊ မတ်တတ်ရပ်ပုံထု၊ ညာလက်က တုတ်တစ်ချောင်းကိုင်ဟန်ထု၊ ဘယ်လက်က ခွက်ကိုကိုင်၊ ညာပခုံးတွင် လွယ်အိတ်လွယ်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတွင် ခေါင်းပေါင်းထည့်၍ ထု၊ သစ်စေးသုတ် ရွှေချ၊ ပထမစီရင်နည်းမှ ဂါထာ အတိုင်း (၁၀၀၀)စုတ်လေ။ ပထမနည်းနှင့် အသုံးပြုနည်း တူပါသည်။

၃။ တတိယနည်းကား

ကြာသပတေး ဆန်းသည့်လ လဆန်း (၁)ရက်နေ့မှာ အရုပ်ကို အပြီးထုရပါသည်။ မာတင်္ဂ တောင်းဟန် ထိုင်လျက် အနေအထားထု ညာဘက် ဒူးတစ်ဖက်ထောင် ဒူးပေါ်တွင်ခွက်တင် ညာလက်က တုတ်ကိုင် ဘေးမှာ လွယ်အိတ်ထည့် ဘယ်ဘက်ဒူးက လှဲထား၊ ဘယ်လက် တင်ထား (ဘယ်လက်တွင် စည်းကိုင်ထားဟန် ထည့်လိုက ထည့်နိုင်သည်။) ခေါင်းတွင် ပေါင်းထည့်။

ပီပြင်စွာ ထုလုပ်ပြီးပါက သစ်စေး သုတ်ရွှေချရမည်။ ပထမနည်းမှ ဂါထာကိုပင် (၃၇)အုပ်စုတ်၍ ခွက်သန့်သန့်တွင်ထည့်ထား မှော်သွင်းပြီးမှ အသုံးပြုရမည်။



၄။ စတုတ္ထနည်းမှာ

အခြားနည်းမှ အရုပ်များနှင့် မတူပါ။ ကြာသပတေးဆန်းတဲ့ လဆန်း(၁)ရက်နေ့မှာ အရုပ်ကို အပြီးထုရပါသည်။ မာတင်္ဂရသေ့ပုံထု၊ မတ်တတ်ရပ်လျက်နေဟန်ထု၊ ညာလက်က တောင်ဝှေးကိုင် ဘယ်လက်က စိပ်ပုတီးစိပ်ကိုင် **(ကောင်းကင်၌ဖြစ်သော ဝဠာဟာကပုလဲဖြင့် သီကုံးထားသော စိပ်ပုတီးဟု ဆိုသည်။)**

ခေါင်းတွင် ဒေါက်ချာထည့်၊ အောက်ခုံသည် အဝိုင်းပုံထု(လပြည့်ဝန်းအတွင်းသို့ ရသေ့ဝင်ရောက်နေပုံ ဖြစ်သည်။) ပြီးလျှင် သစ်စေးသုတ် ရွှေချရမည်။

ထိုကဲ့သို့ မာတင်္ဂနှင့် မာတင်္ဂရသေ့ ပြုလုပ်ပြီးစီးသောအခါ ခွက်သန့်သန့်တွင်ထည့်၍ ပထမနည်းမှ ဂါထာ(၃၇) အုပ်စုတ်၍ ထားရပါသည်။ မှော်သွင်းပြီးမှ ပီယ၊ ရာဇ၊ လာဘ၊ သဗ္ဗသိဒ္ဓိ ဟူသော ဂါထာ(၁၀၀၀)စုတ်၍ သိဒ္ဓိတင်ပြီးမှ အသုံးပြုရပါသည်။

လောကီစီးပွား အထောက်အကူပြု စီရင်နည်းမျိုးစုံတို့တွင် မှော်သွင်းသည့် အဆင့် အောင်မြင်လျှင် ပိုမိုအစွမ်းထက်ပါသည်။

အထူး သတိထားရန် အချက်တစ်ခု ရှိပါသည်။ သူတောင်းစား ထမ်းပိုးကျိုး စစ်စစ်ဖြစ်ရန် လိုပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ဆောင်းပါးတစ်ခုတွင် ဖတ်ရဖူးသည်မှာ ဥပါသကာ ထမ်းပိုးကျိုးကိုလည်း သုံးရမည်ထင်သည်ဟု ရေးထားပါသည်။

တောင်းရမ်း စားသောက်ခြင်းနှင့် အလှူခံခြင်း မတူသည်ကို သတိပြုစေလိုပါသည်။ သူတောင်းစားထမ်းပိုးကျိုးအတွက် အစားထိုး၍ သုံးမရပါ။ မှော်သွင်းနည်းတွင် အတိအကျ ပြဆိုထားပါသည်။

မှော်သွင်းနည်းကို အဆင်သင့်သောအခါမှ အကျဉ်းချုံး၍ တင်ပြဦးမည် ဖြစ်ပါသည်။

ကျွန်ုပ်ထံတွင် မာတင်္ဂနှင့် မာတင်္ဂရသေ့ရုပ်တုများ ရှိပါသည်။ မာတင်္ဂ ရသေ့ရုပ်တုမှာ အစွမ်းထက်လှသည်ဆို၍ သက်ဆိုင်ရာ အစောင့်ပုဂ္ဂိုလ်များမှ ၂၀၀၇ ခုနှစ်လယ်ပိုင်းတွင် သိမ်းယူသွားပါသည်။

ဦးဦးသန်းတင်
(တမ္ပဝတီ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

ဝကြာမင်း

အမှတ်တံဆိပ်

မျက်စိကြည်

အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃



ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညှို့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဇနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ်ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၃




www.burmeseclassic.com

www.burmeseclassic.com

ဂျိုးဖြူတောင်တန်းမှ

# သမ္ပဒါ သာသနာဖြန့်ချိသူ (၇)

ဘုန်းကျော်စွာ
(မြို့င်တက္ကသိုလ်)



▲ အလောင်းတော်မင်းသား စားကြီးသုံးရှုန်း ကြွေးကြော်ဟာန်

▼ မယ်တော်မာယာဒေဝီပုံ



**ယခင်လမှ အဆက်**

'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာ မိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ' ဟူသော ဘုရားရှင် နောက်ဆုံး ဟောကြားခဲ့သည့် ဩဝါဒကို ကမ္ပည်းထိုး ပူဇော်ထားသည်။

---

ဖွား၊ ပွင့်၊ ဟော၊ စံ

---

သံဝေဇနိယလေးဌာန ဘုရားရှိခိုး

---

ယတ္ထ ဝိဇာယိ သမ္ဗုဒ္ဓေါ၊
ဓမ္မစက္ကံ ပဝတ္တယိ၊
ပရိနိဗ္ဗာယိ သမ္ဗုဒ္ဓေါ၊
တံ သံဝေဇနိယံ နမေ။

ခက်ခဲသော ပါဠိအသံထွက်

**ယတ္ထ** = ယတ်ထ
**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓို
**ဓမ္မစက္ကံ** = ဓမ်မစက်ကံ
**ပဝတ္တယိ** = ပဝတ်တယိ
**ပရိနိဗ္ဗာယိ** = ပရိနိတ်ဗာယိ
**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓော

အနက်အဓိပ္ပာယ်

**ယတ္ထ၊** အကြင် လုမ္ဗိနီသာမော အင်ကြင်းတော၌။ **ဝိဇာယိ၊** ဘုရားအလောင်းမင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေပြီ။ **ယတ္ထ၊** အကြင် ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌။ **သမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရား ပွင့်တော်မူလေပြီ၊ **ယတ္ထ၊** အကြင် မိဂဒါဝုန် သားမျိုးစုံသည့် ရဂုံသာမော ဂနိုင်တော၌။ **ဓမ္မစက္ကံ၊** ဓမ္မစကြာ တရားဒေသနာကို။ **ပဝတ္တယိ၊** ဖြစ်စေလည်စေ ဟောတော်မူလေပြီ။

**ယတ္ထ၊** အကြင် ကုသိနာရုံ အင်ကြင်းစုံ၌။ **သမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **ပရိနိဗ္ဗာယိ၊** ပရိနိဗ္ဗာန်စံတော်မူလေပြီ။ **သံဝေဇနိယံ၊** သတိသဒ္ဓါ လွှမ်းကဲစွာဖြင့် စိတ်မှာမသွေ ထိတ်လန့်စေတတ်သော။ **တံ၊** ထိုဖွားပွင့်ဟောစံ လေးတန်သော သံဝေဇနိယဌာနကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမေ၊** ရှိခိုးပါ၏။

သံဝေဇနိယလေးဌာနကို ဖူးမြော်





www.burmeseclassic.com


www.burmeseclassic.com

ပူဇော်ရသော အကျိုးကြောင့် လောကဓံတရားတို့နှင့် ကြုံဆုံရသောအခါ မတုန်မလှုပ် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်၍ ဘဝတိုတိုဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို တက်လှမ်းနိုင်သော အခြေခံကောင်းများနှင့် ပြည့်စုံစေသည်ဟု သိမှတ်ရသည်။

* * * ⟶

၁။ အဝင်မုခ်
၂။ ဓမ္မာရုံ
၃။ သားတော်များစေတီ
၄။ လက်ရှိဆရာတော်ကျောင်း
၅။ သုမေဓာရသေ့ဗျာဒိတ်ခံ ရုပ်တုရုပ်ပွားများ
၆။ ရှင်ဥပဂုတ္တရေကန်(မြကန်သာ)
၇။ နဂါးနီရေကန်နှင့် သမီးတော်များစေတီ
၈။ ကမ္မဋ္ဌာန်းလိုဏ်ဂူ
၉။ ပိဋကစေတီ
၁၀။ သက္ကဝတီနန်းတော်မုခ်ဦး
၁၁။ ရေချမ်းအိုးနှင့် ဆင်ဖြူတော်
၁၂။ နတ်ကြီးလေးပါးတန်ဆောင်း
၁၃။ နေ့ချင်းပြီးစေတီ
၁၄။ သက္ကဝတီနန်းတော်
၁၅။ အောင်ခြင်းရှစ်ပါးတန်ဆောင်း
၁၆။ ဆယ်တောင်ပြည့်စေတီ
၁၇။ ဒုက္ခရစရိယာတန်ဆောင်း
၁၈။ ဖြစ်တော်ပေါင်းစေတီမုခ်
၁၉။ ဖြစ်တော်ပေါင်းစေတီ(၁၆)ဆူ
၂၀။ နီးဘုရားဂန္ဓကုဋိတန်ဆောင်းတော်
၂၁။ ကမ္မဋ္ဌာန်းကျောင်းဆောင်
၂၂။ ဖွားတော်မူခန်းတန်ဆောင်း
၂၃။ ဓမ္မစကြာဟောတော်မူခန်းတန်ဆောင်း
၂၄။ ပရိနိဗ္ဗာန်စံဝင်ခန်းတန်ဆောင်း
၂၅။ မုစလိန္ဒရေကန်
၂၆။ လင်းလွန်းပင်ဘုရား
၂၇။ တန်ခိုးပြဘုရား
၂၈။ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း
၂၉။ ရေသိမ်တော်
၃၀။ အဘိုးဆရာတော်ကျောင်း
၃၁။ အဘိုးဆရာတော်ဗိမာန်

ကုန်းတော်မြေပုံ






အမျိုးသမီးယောဂီများကမ္မဋ္ဌာန်းကျောင်း

ကုန်းတော်မြေအတွင်း လှည့်လည်ကြည့်ရှု ဖူးမြော်ပြီးနောက် ဆရာတော်ကျောင်းသို့ သွားရောက် ဂါရဝပြုသည်။

## ဆရာတော် စွန့်လှူသည့် အဆောင်အတာများ

ဆရာတော်ကြီးက အဘဘိုးမင်းခေါင် ပေးအပ်ခဲ့သော ဆေးတောင်ဝှေးနှင့် သိဒ္ဓိမြောက် အမြှုတေကို ကိုင်ကာ ကလောင်စွမ်းအားဖြင့် သာသနာကို စွမ်းစွမ်းတမံပြုစုနိုင်၍ လိုရာ အကျိုးစီးပွား တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်း တောင်းပေးသည်။

ယင်းနောက် လောကီမျက်နှာစာ အသီးသီးအတွက် အသုံးဝင်မည့် အဆောင်အကာပစ္စည်းအချို့ စွန့်လှူချီးမြှင့်တော်မူသည်။



F.6B. May, 2013.


www.burmeseclassic.com

www.burmeseclassic.com



◀ တရားဦးဟောစဉ်

▼ မုစလိန္ဒကန်တော်







◀ ပရိနိဗ္ဗာန်တန်ဆောင်း

ဘေးဆီးရန်ကာ လာဘ်လာဘ ဝေဖြာစေသည့် လက်စွပ်ကွင်းရန် အတွက် အဘိုးဆရာတော်၏ဓာတ်လုံး (အဘိုးဆရာတော်သည် လုပ်ရတ်ပညာ ကျွမ်းကျင်၍ ဂန္ဓာရီခရီး လှည့်လည်ကာ လုပ်ရတ်စခန်းဝင် အားထုတ်ခဲ့ရာ ကံမမြို့နယ်၊ ကျောက်ပန်းတောင်ရွာအနီးရှိ ရှင်မတောင် တောင်ထက်တွင်လည်း နှစ်ကာလအတန်ကြာ သီတင်းသုံးကာ လုပ်ရတ်ပညာ ဆည်းပူး အားထုတ်တော်မူခဲ့သည်။ ထိုရှင်မတောင်သည် ကာရက အထောက်အပံ့အား ကောင်းမွန်လှသဖြင့် ခရီးတွင်ကျယ်ခဲ့ကြောင်း သိရသည်။)

ဝိဇ္ဇာဓရဆရာတော်ကြီး ဘိုးပေါက်ဆိန်၏ ပုဆိန်များနှင့် လည်ဆွဲလက်ဖွဲ့ အဆောင်များကို ဦးစွာ ချီးမြှင့်ပေးသည်။

ထို့နောက် အင်းဝိဇ္ဇာကြီးများ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သော အန္တရာယ်ကင်း မီးကွင်းအင်းတော်ကြီး၊ လယ်တီဆရာတော်ကြီး၏ ဘေးဆီးရန်ကာ စမအင်း၊ သရေခေတ္တရာခေတ်ကာလ ရဟန္တာ၊ ဝိဇ္ဇာကြီးများ ရေးသားခဲ့ကြသည့် ဓာရဏပရိတ်တော် (ပျူအက္ခရာ)နှင့် ဓာရဏပရိတ် အင်းတော်ကြီး၊ စာသင်သားများအတွက် ပညာရေးအထောက်အကူပြု စာမေးပွဲအောင် ဂါထာအင်း၊

လာဘ်လာဘ ငွေကြေးဆိုင်ရာအတွက် အဆောင်ငွေပွား (မျက်နှာဘက်တွင် အဘအောင်မင်းခေါင်ပုံတော်နှင့် ထောင့်လေးခု၌ စဓဗဝ စဓ လေးလုံး၊ ကျောဘက်တွင် ဝိဇ္ဇာရှစ်



www.burmeseclassic.com

www.burmeseclassic.com



▲ လူငယ်တစ်ဦးအား သိဒ္ဓိမြှောက်
ဆုတောင်းပေးစဉ်



▲ ကျိုက်မြို့တောင် သဗ္ဗညုတသာသနာမြေ လက်ရှိဆရာတော် ဦးဇဂ္ဂသာရ
(သာသနာပြု အဓိပတိကြီး ဦးဇောတိ)

သောင်း ဆရာပေါင်းတို့၏ ပုံတော်ခတ်နှိပ်ထားသည်။) မဟာမုနိပုံစံတူ နီး ဘုရား မူလအခြေအနေပုံတော်။

မြေလျှင်အကာ အင်းနှင့်ဂါထာ **(မြေလျှင် အကာအကွယ်ဂါထာမှာ "ယော ဒေဝီ ဒေဝ ဒေဝေါဂ္ဂ၊ ဓမ္မံ မဂ္ဂ ဖလံ ဒေါ၊ နမာမိ တံ အရဟံ"** ဟူ၍ ဖြစ်သည်။)တို့ကိုလည်း စွန့်လှူတော်မူသည်။

ယင်းတွင် သရေခေတ္တရာခေတ် ပျူဘာသာဖြင့် ရေးထားသော တရားပရိတ်တော်နှင့် အင်းမှာ သရေခေတ္တရာမြို့တော်မှ တူးဖော်ရရှိသော ကြေးထွင်းကမ္ပည်းမိတ္တူ ဖြစ်သည်။ သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းလက်ထက်တွင် ရဟန္တာအရှင်မြတ်များ၊ ရသေ့ အပေါင်း ဆရာကောင်းတို့ ပေါ်ထွန်း၍ သာသနာတော် စည်ပင်ထွန်းကားခဲ့သည်။

ဒွတ္တဘောင်မင်းသည် ဘုန်းကြီးသော မင်းဖြစ်၍ နင်းတိုင်းနင်းတိုင်း မြေကြီးတို့ ကျွံကျ၏။ သိကြားမင်းက တန်ခိုးအာနုဘော်ဖြင့် မင်းကြီးလှမ်းတိုင်း သံမှိုခံပေးရသည်။ မင်းမြောက်တန်ဆာငါးပါးနှင့်တကွ အဆောင်အယောင် အခြွေအရံများကို သိကြားမင်းက နှင်းအပ်ပေးသည်။

မင်းကြီးလက်ထက် ဆင်ဖြူ(၃၆၀)၊ ဆင်မည်း သုံးကုဋေခြောက်သန်း စစ်သည် တစ်ခေါ်ဘဏီ ရှိသည်ဆို၏။ **(အလျားတစ်လံရှိသော ဝါးအလုံးရေ (၆၀)ကို မြေ၌ခင်းကာ စစ်သည်များ နင်းဖြတ်သွားရသည်။ ထို ဝါးလုံး (၆၀)စလုံး မှုန့်ညက်သွားသော အခါ ဖြတ်သန်းသွားသည့် စစ်သည် အရေအတွက်ကို တစ်ခေါ်ဘဏီဟု သတ်မှတ်သည်။)**

ဘုရားသားတော် ရဟန္တာမြတ် သုံးဝေတာင်ကို နေ့စဉ်မပြတ် သစ္စည်းလေးပါး လျှာဒါန်း၏။ ထိုရဟန္တာ(၃၀၀၀) နှင့် တိုင်ပင်ကာ နော်လာနောက်သား




www.burmeseclassic.com

www.burmeseclassic.com



▲ လယ်တီဆရာတော်၏ ဓမ္မအဆောင်

▼ မြေငလျင်အကာ ဂါထာနှင့် အင်း



များအတွက် **"အပါယဂတိမုပါယ်"** ဂါထာအစချီသော ဓမ္မသတ်ကျမ်းကို ပြုစုတော်မူသည်။

ဤမင်းလက်ထက် ရတနာမိုး ငါးကြိမ် ရွာသွန်းသည်။ သာသနာ သက္ကရာဇ် ၁၆၇ ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်၊ တနင်္လာနေ့တွင် နှောကိန်း ဂြိုဟ်နက္ခတ် အနေအထားအရ ပေါင်းဖြည့်ရန် လိုအပ်ခြင်း၊ ထိုအချိန်တွင် ယတြာ မပြုက စည်းစိမ်လုယက်ခြင်း ခံရတတ်၏။)ကြသဖြင့် ရှင်ရသေ့ ဂဝံပတေ့က တွက်ချက်အခါပေးကာ ပြင်နန်းတော်ဆောက်၍ ယတြာပြုစေသည်။ *(မှန်နန်းရာဇဝင် စာ ၉၄၊ ၉၅၊ ၉၆)*

ထို့ကြောင့် ထိုခေတ်ကာလ ရဟန္တာများ၊ ရသေ့ဆရာများ စီရင်သည့် ဓာရဏပရိတ်တော်နှင့် ဓာရဏပရိတ် အင်းမှာ အလွန်ပင် အစွမ်းထက်မြက်ကာ ဘေးအန္တရာယ်အပေါင်း လွှင့်ပြယ်ကင်းစင်ခြင်းအကျိုးကို ခံစားရနိုင်ပေသည်။

## ပဋ္ဌာန်းနဂါးလှည့် ပူဇော်နည်း

နောက်ဆုံးတွင် **သဗ္ဗသိဒ္ဓိ မဟာပဋ္ဌာန်း အင်းတော်ကြီး**ကို ချီးမြှင့်သည်။ ဘုရားလေးဆူအင်း၊ ၈၀၀၀ အင်း၊ သရဏဂုံအင်းနှင့် မင်္ဂလသုတ်လာ ဖုဋ္ဌဿ လောကဓမ္မေဟိ ဂါထာအင်းတို့ ဝန်းရံကာ နဂါးရစ်ခွေပုံကို အလယ်၌ သွင်းထားသည်။

နဂါး၏ အရစ်အခွေတစ်ခုစီတွင် ဟေတုပစ္စယောမှအစ အ,ဝိဂတ ပစ္စယောတိုင်အောင် ၂၄ ပစ္စည်း ရေးထိုး ပူဇော်ထားသည်။ ထိုပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အရပ်ရှစ်မျက်နှာသို့ အာရုံပြုနိုင်သဖြင့် စည်းချပဋ္ဌာန်း ပူဇော်နည်းလည်း မည်၏။

ရှေးအခါက နဂါးတို့သည် ရန်စစ်ဟူသမျှ ပြေငြိမ်းအေးစေနိုင်သည်ဟု အယူရှိကြသည်။ ငါးရာ့ငါးဆယ် ဝိသတိနိပါတ် စမ္ပေယျဇာတ်တွင် အင်္ဂမင်းနှင့် မဂဓမင်းတို့ စစ်ဖြစ်ရာ မဂဓမင်းဘက်မှ နဂါးမင်း စစ်ကူသဖြင့် အင်္ဂမင်း စစ်ရှုံး၏။ မဂဓမင်းက ကျေးဇူးကို သိတတ်သည့်အားလျော်စွာ မဏ္ဍပ်ဆောက်လျက် နဂါးမင်းကို နှစ်စဉ် မပျက် အထူးပူဇော်သည်ဟု ပါရှိသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

ရန်ကုန်တိုင်းဒေသကြီး၊
လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်
နိဗ္ဗာန်ဆိပ်ဦး မဟာစည်
သာသနာ့ရိပ်သာကျောင်းတိုက်
ပဓာန နာယက ဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ
ဘဒ္ဒန္တ ဓမ္မလင်္ကာရအား
ပူဇော် ဂါရဝပြုခြင်း

ဆရာတော်သည် ၁၃၀၁ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်နေ့၊ စနေနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ ၆–ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

**၆–ကြွင်း မဟာဘုတ်**

**သောကြာဂြိုဟ် (၆–ကြာ)သည် ဘင်္ဂ အပျက်အိမ်၌ ရပ်တည်နေတဲ့အတွက် သောကြာဂြိုဟ်ရဲ့ ပရိယာယ် အရတော့...**

❖ ခရီးသွားရာ၌ ကြန့်ကြာမှုဖြစ်စေခြင်း၊ အခက်အခဲ ကြုံတွေ့ခြင်း ဖြစ်တတ်ပါတယ်။
❖ စကားပြော ကောင်းတတ်သလို စကားကောင်း မပြောတာမျိုးလဲ ရှိတတ်ခြင်းပါပဲ။
❖ စကားကြောင့် မိတ်ပျက်တတ်တဲ့ သဘောက ၆–ကြွင်းရဲ့ အားနည်းချက်ပါပဲ။
❖ စည်းစိမ်မမြဲ ပျက်စီးလွယ်ပါမယ်။
❖ ထင်ရှားမှု, ကျော်ကြားမှု, လူသိများမှု အားနည်းတတ်ပါတယ်။
❖ ခြွေရံပရိသတ် ပေါ်များတတ်ပေမယ့် အကျိုးပြုသူ နည်းပါးတတ်ပါတယ်။

**တနင်္လာဂြိုဟ် (၂–လာ)သည် မရဏအိမ်မှာ ရပ်တည်နေတဲ့ အတွက်ကတော့...**

❖ ငွေကြေးကံ မကောင်းခြင်း၊
❖ မိခင် ဦးစွာ ဆုံးပါးခြင်း၊
❖ ငွေကြေး အကျပ်အတည်း ကြုံတွေ့တတ်ခြင်း၊
❖ ငွေကြေးနဲ့ ပတ်သက်ပြီး သောကမကင်းတတ်ခြင်း...

တို့ပါပဲ။

တစ်ဖန်...

တနင်္လာဂြိုဟ် (၂–လာ)သည် မရဏအိမ်၌ ရှိပြီးအင်္ဂါဂြိုဟ် (၃–ဂါ)သည် အဓိပတိအိမ်တွင် ရှိတဲ့အတွက် ပက္ခမိစေပါတယ်။ **စံကူး** ရန်မာတတ်ကိန်း ကျရောက်နေပါတယ်။

ထို့ကြောင့်...



လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်
နိဗ္ဗာန်ဆိပ်ဦး မဟာစည်
သာသနာ့ရိပ်သာကျောင်းတိုက်
ပဓာန နာယက ဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ
ဘဒ္ဒန္တ ဓမ္မလင်္ကာရ

ငွေကြေးကို အကြောင်းပြု၍ပဲ ဖြစ်ဖြစ်၊ ကျောင်းနဲ့ ပတ်သက်ပြီးဖြစ်ဖြစ် ပြဿနာဖြစ်တတ် ရန် မကင်းတတ်ပါဘူး။

အကြံပြုပါရစေ...

ကုသိုလ်ကောင်းမှု ပြုပြီးတိုင်း ၆–ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် ကြေးစည်တီးပြီး အမျှဝေပေးပါ။ ယခုလို ဆောင်ရွက်ခြင်းကြောင့် ကုသိုလ်လဲရ စိတ်လဲ ချမ်းသာလာမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကတက်ကုန်း ဆရာတော်ကြီး

## ၏ သာသနာပြုခရီးလမ်း ကြည်ညိုဖွယ်ရာ ဖြစ်ရပ်ဆန်း

ရဲလေး (ဟသ်ာတ)



◆ ကတက်ကုန်းဆရာတော်ကြီး

ကတက်ကုန်း ဆရာတော်ကြီးသည် ၁၂၆၈ ခုနှစ်၊ တပို့တွဲလပြည့် တနင်္ဂနွေနေ့တွင် ခမည်းတော်နှင့် မယ်တော် ဒေါ်နှင်းမြိုင်တို့မှ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကတက်ကုန်းကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ သားသမီး(၃)ဦးရှိသည့်အနက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ အောင်နွဲ့ဖြစ်ပါသည်။ *[ခမည်းတော်၏ အမည်ကို ဖော်ပြထားခြင်း မရှိပါ။)*

သိတတ်စရွယ်မှစ၍ ကတက်ကုန်း ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးကေသရထံတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် အပ်နှံ၍ ပညာသင်ကြားစေခဲ့ပါသည်၊ ကတက်ကုန်း ဆရာတော်ကြီး သက်နှံနိုင်သောအရွယ်တွင် ဥပဇ္ဈာယ်ဆရာတော်ကြီးက ကိုရင်ဝတ်ပေးထားပြီး ငယ်ရွယ်စဉ် ကိုရင်ဝတ်ဘဝကပင် ထူးခြားမှုများ ရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

၁၂၈ဝ ပြည့်နှစ်တွင် မိဘများက ကတက်ကုန်း ဆရာတော်ကြီးဖြစ်မည့် လူငယ်အား လူဝတ်လဲစေပြီး ရှင်ပြုမင်္ဂလာကျင်းပပေးပြန်ရာ လူဝတ်ကြောင်ဖြင့် တစ်ရက်သာနေဖူးပြီး ထိုတစ်ရက်တွင်ပင် မင်္ဂလာမဏ္ဍပ်အတွင်း၌ ယားယံမှုကို မခံသာလောက်အောင် ခံစားနေရသဖြင့် ကျောင်းသို့ ပြန်ပို့ထားရပါသည်။

ရှင်အဖြစ် ပြန်ရောက်စဉ် ကတက်ကုန်း ဆရာတော်ကြီးဖြစ်လာမည့် ကိုရင်ကလေးမှာ တောထဲသို့သွား၍ ပဲနွယ်ချုံပေါ်တွင် ထိုင်လျက် တစ်ပါးတည်း တရားကျင့်နေသည်ကို ရွာသူရွာသားတို့ တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

၁၂၈၈ ခုနှစ်တွင် ကတက်ကုန်း ဆရာတော်ကြီး ဦးကေသရအား ဥပဇ္ဈာယ်ပြု၍ အသက်(၂၀)အရွယ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါတွင် ကတက်ကုန်း ဆရာတော်ကြီးသည် ကတက်ကုန်း ကျောင်းမှာပင် ရဟန်းဒါယကာ ဦးရွှေထူး၊ ရဟန်းအစ်မ ဒေါ်ခြူးတို့မှ ပစ္စည်းလေးပါး ဒါယကာခံ၍ ရဟန်းဘောင်သို့ သွတ်သွင်းခြင်း ခံခဲ့ရပါသည်။ ရဟန်းဘွဲ့တော်မှာ ဦးဥတ္တရ ဖြစ်ပါသည်။

ကတက်ကုန်း ဆရာတော်ကြီးသည် ငယ်စဉ်က ကတက်ကုန်းဆရာတော်ကြီး ဦးကေသရထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းများကို သင်ကြားတတ်မြောက်ပြီး ဆရာတော်ကြီး၏ ပို့လွှတ်ချက်အရ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်သို့ ကြွရောက်ကာ စာပေပရိယတ္တိပညာများကို မူလဓမ္မာစရိယအောင်မြင်သည့်တိုင် သင်ယူခဲ့ပါသည်။

ထိုအချိန်တွင် ကုလားဗမာ အဓိကရုဏ်းကြောင့် မူလဒေသ ကတက်ကုန်းကျောင်းသို့ ပြန်လည်ကြွရောက်ခဲ့ရပါသည်။ ထို့နောက် အင်္ဂပူမြို့နယ် စပါးစုကျောင်းတိုက်တွင် စာပေပရိယတ္တိများ ဆက်လက်၍ ပညာသင်ယူခဲ့ရသေးပါသည်။

ကတက်ကုန်းဆရာတော်ကြီး ပညာပြည့်ဝသောအခါတွင် ဥပဇ္ဈာယ်ဆရာတော်ကြီး၏ ပို့လွှတ်ချက်အရ လေးမျက်နှာမြို့နယ်၊ ကိုးထဲရေနှောက်ကျေးရွာတွင် တစ်ဝါ၊ လေးမျက်နှာမြို့နယ် လှော်ကထားကျေးရွာတွင် တစ်ဝါ ကျောင်းထိုင်ပေးခဲ့ရပါသည်။

ထို့နောက် မူလဥပဇ္ဈာယ်ဆရာ ကတက်ကုန်းဆရာတော်ကြီး ကျန်းမာတော်မမူ၍ ရွာကျောင်းသို့ပြန်ကာ ဆရာတော်ကြီးအား ပြုစုစောင့်ရှောက်တော်မူခဲ့ရပါသည်။

ဥပဇ္ဈာယ်ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ဇာတိ ကတက်ကုန်းရွာမှ ဒကာ,ဒကာမတို့၏ ပင့်လျှောက်



ချက်အရ ဖွားရာဇာတိ ကတက်ကုန်းကျောင်းကြီးတွင်ပင် သီတင်းသုံးတော်မူခဲ့ပြီး ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၉)ရက်၊ သက်တော်(၉၁)နှစ်၊ သိက္ခာတော်(ရ၁)ဝါအရတွင် ပျံလွန်တော်မူခဲ့ပါသည်။

ကတက်ကုန်း ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ဆရာတော်ကြီး၏ အလောင်းတော်မှာ မပုပ်မနံ ပကတိအတိုင်းရှိသောကြောင့် တပည့်ဒါယကာ, ဒါယိကာမအပေါင်းတို့က (အဂ္ဂိစျာပန)မီးသင်္ဂြိုဟ်ခြင်း မပြုရက်တော့ဘဲ အလောင်းတော်ကို မှန်စီရွှေခါင်းဖြင့် ထည့်ကာ စံကျောင်းတော်ဆောက်လုပ်၍ အပူဇော်ခံထားရှိခဲ့ကြပါသည်။

## ကတက်ကုန်းဆရာတော်ကြီး၏ မှာကြားချက်

ကတက်ကုန်း ဆရာတော်ကြီးသည် ပျံလွန်တော်မူခါနီးတွင် အားလုံးသော ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား...

- ❖ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ဆွမ်းတော်ကြီး ဘုရားမှာကပ်လှူပေးရန်၊
- ❖ တပေါင်းလပြည့်နေ့တိုင်း ဘုရားပွဲနှင့် ဆွမ်းတော်ကြီးပွဲ လောင်းလှူပေးရန်၊
- ❖ နှစ်စဉ် ဆရာတော် ရှိစဉ်ကကဲ့သို့ တရားစခန်းများ ပြုလုပ်ကျင်းပပေးရန် မှာကြားခဲ့ပါသည်။

အားလုံးသော ဒါယကာ,ဒါယိကာမအပေါင်းတို့ကလည်း ကတိကဝတ်ပြု၍ ကတက်ကုန်းဆရာတော်ကြီး ဆန္ဒတော်အတိုင်း ခုချိန်ထိ ဖြည့်ဆည်းလျက် ရှိနေကြပါသည်။

## ကတက်ကုန်းဆရာတော်ကြီး၏ သာသနာရေး ဆောင်ရွက်ချက်များ

- ကတက်ကုန်း ဆရာတော်ကြီးသည် ပထမဆရာတော်ကြီး ဦးကေသရ၏ အထိမ်းအမှတ်ပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း(၉)ရက်နေ့တိုင်း ကျင်းပပေးခြင်း၊
- ရှေးခေတ်က ဆောက်လုပ်ခဲ့သော ကျောင်းကြီးများကို ပြန်လည်၍ အသစ်ဆောက်လုပ်ခြင်း၊
- တစ်ဖွန်းဆန်ဖြင့် ဘုရားစေတီတော်ကြီးနှစ်ဆူကို တည်ထားခဲ့ခြင်း၊
- ဂန္ဓကုဋီတိုက်တော်ကြီး ဆောက်လုပ်ပြီး အတွင်းတော်မှာ ရုပ်ပွားတော်များကို ထည့်သွင်း ကိုးကွယ်ခဲ့ခြင်း၊
- အိပ်မက်အရ လာရောက် ကပ်လှူသော ဖား၊ ငါး၊ လိပ် ပလ္လင်ခံထားသည့် နဂါးရုံဘုရားကို ရွှေတိဂုံဂေါပကအဖွဲ့ဥက္ကဋ္ဌမှ ပေးပို့သော ဌာပနာများ ဓာတ်တော်များနှင့် အတူ ဌာပနာရန် စေတီတော်မြတ်ကြီးတစ်ဆူကို တည်ထားခဲ့ခြင်း၊
- နေ့စဉ် ရဟန်းသံဃာတော် (၂၀) ကျော်အား စာပေပရိယတ္တိများကို ပို့ချပေးခြင်း၊
- တပည့် ရွာသူရွာသားများကို နေ့စဉ် ကျောင်းသို့လာစေပြီး သမထဘာဝနာနှင့် ဝိပဿနာဘာဝနာများကို မပျက်မကွက် တွင်းထိုင်





www.burmeseclassic.com

www.burmeseclassic.com

စေခြင်း၊ တရားထိုင်ပြီးလျှင် ဂုဏ်တော်များကို ပွားများစေခြင်း၊

- ကတက်ကုန်းရွာ မူလတန်းကျောင်းကိုလည်း ဖွင့်လှစ်ပေးပြီး ဆရာ, ဆရာမများကို အစားအစာ၊ နေရာထိုင်ခင်းပါ ပေးထားခြင်းတို့ ဖြစ်ပါသည်။

## ကတက်ကုန်းဆရာတော်ကြီး၏ ထူးခြားချက်များ

* ကတက်ကုန်း ဆရာတော်ကြီးသည် ငယ်စဉ်မှစ၍ လောဘ၊ ဒေါသ၊ မောဟနည်းခြင်း၊ ဝိနည်းလေးစားခြင်း၊ အမြဲ ဂုဏ်တော်ပွားခြင်း၊ ဘုရားပူဇော်မှု အထူးဝါသနာပါခြင်း၊
* ဆရာတော်ကြီးသည် အာရုံကျရာတွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများ ဆောင်ရွက်လျှင် အမြန် ပြီးစီးအောင်မြင်ခြင်း၊ လောကီရေး, လောကုတ္တရာရေးတို့ကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးခြင်း၊
* ကတက်ကုန်း ဆရာတော်ကြီးသည် နေပုံထိုင်ပုံ ကျစ်လစ်ခြင်း၊ ဝိနည်းလေးစားခြင်း၊ သီလ,သမာဓိ, ပညာ ပြည့်စုံခြင်းကြောင့် လေးမျက်နှာနိဗ္ဗာန်ကျောင်း ဆရာတော်ကြီးက သံဃာများ ဖိုလ်ပုံအလယ်မှာ...

  'ဘုရားရှင်လက်ထက်က ရှိခဲ့သော ရဟန္တာအရှင်မြတ်ကြီးများကို မဖူးဘူးပါက (ကတက်ကုန်းဆရာတော်ကြီးအား လက်ညိုးညွှန်၍) ဒီကိုယ်တော်လေးကို ကြည့်ထားကြ ရဟန္တာလေးသဖွယ် တူတယ်'

  ဟု မိန့်ကြားခဲ့သည်။
* ကတက်ကုန်း ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းတော်



ကြီးကို ဝေနိမြစ်ကမ်းဘေးကြောင့် အတွင်းသို့ ပြောင်းရွှေ့သောအခါ ဆရာတော်ကြီးက **"ဒီနေရာ ပြန်ဆောက်"**ဟု မိန့်သောနေရာသည် ကန်ချိုင့်ကြီးဖြစ်၍နေသောကြောင့် ဒကာတို့က မသင့်တော်ကြောင်းလျှောက်ရာ **"ငါ ဆောက်ဆိုသည့် နေရာမှ... ဆောက်"** ဟု ထပ်မိန့်သဖြင့် နောက်တစ်နေ့ ဆောက်သည့်အခါ မို့မောက်သော ကုန်းကြီး ဖြစ်နေခြင်း၊

* ကတက်ကုန်း ဆရာတော်ကြီးသည် အရာရာကို စိတ်မနောဖြင့် ကြိုတင်သိနေခြင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်မည့်သူများကို မြင်နေရ၍ မိမိရပ်ရွာ ဒကာ,ဒကာမတို့အား ခေါ်၍ သူ၏ ကရိကထ အနှံ့အတာများကို ခံယူပြုစုကြရန် ကတိသုံးခါ ပြုစေခြင်း၊
* ကတက်ကုန်း ဆရာတော်ကြီး၏ နှုတ်တော်မှ **"ဘုန်းကြီးတာကတော့ တစ်မျိုးကောင်းပါရဲ့၊ မိမိ အလုပ်မှာတော့ အနှောင့်အယှက် ဖြစ်တယ်"**ဟု ဆိုခြင်း၊

ဆရာတော်ကြီးနှင့် ရဟန်းသံဃာတပည့်ဒကာ,ဒကာမများ တရားထိုင်နေစဉ် အမျိုးအမည်မသိရသော ဒါယိကာမနှစ်ဦးက ဆရာတော်ကြီးကိုးကွယ်ထားသော မဟာမြတ်မုနိ ရင်ငွေ့လှုံဘုရားဆင်းတုတော် (၄)ဆူအား နွယ်နီနတ်ပန်းတို့အား လာရောက် ကပ်လှူသွားသောကြောင့် တစ်ကျောင်းလုံး မည်သည့်အနံ့နှင့်မတူ အမွှေးနံ့သင်းကြိုင်နေခြင်း၊

* ကတက်ကုန်း ဆရာတော်ကြီးသည် မပျံလွန်မီ သုံး,လေးနှစ်အလိုမှာ ဆရာတော်ကြီး၏ ခြေဖဝါးနှစ်ဖက်မှာ (၁)လက်မခန့်ရှိသော မွေးညင်းများ ပေါ်ပေါက်လာခြင်း၊
* ကတက်ကုန်း ဆရာတော်ကြီး ကျန်းမာရေးမကောင်း၍ မကြွရောက်သောအခါ ဒါယကာတို့ စိတ်ထဲမှ ပင့်ဖိတ်၍ လှူဒါန်းသော မနောဆွမ်းကို ဘုဉ်းပေးခြင်း၊ အသိသက်သေထားခဲ့ခြင်းတို့ကို တွေ့မြင်ရသည်။
* ကတက်ကုန်း ဆရာတော်ကြီး၏ ထံမှောက်သို့ အနယ်နယ်အရပ်ရပ်မှ ပုဂ္ဂိုလ်များ အဆက်မပြတ် လာရောက် ဖူးမြော်ကြသည်။ ဝင်လာမစဲ တသဲသဲဟုပင် ဆိုရမည်။
* **"ငါ ပျံလွန်သောအခါ အရပ်ရပ်မှ လာရောက် ဖူးမြော်သူများ မပင်ပန်းရအောင် ဝေနိမြစ်မှာ ဟိုဘက်ဒီဘက် သောင်ထွန်းပေးလိမ့်မည်"**ဟု ကတက်ကုန်းဆရာတော်ကြီး မိန့်ဆိုခဲ့သည့်အတိုင်း မြစ်ကြီးမှာပိတ်ပြီး သောင်ထွန်းပေးခြင်း၊
* ကတက်ကုန်း ဆရာတော်ကြီး၏ ဈာပနပွဲတော်မှာ ကြက်ပျံမကျ စည်ကားခြင်း၊ မြစ်ဟိုဘက် ဒီဘက်ကို သွားလာ၍ရခြင်း၊ ဈာပနပွဲတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးပြီးမှသာ ဝေန်မြစ်ကြီး ပြန်လည်ပွင့်ထွက်သွားခြင်း၊

* ကတက်ကုန်း ဆရာတော်ကြီး ပျံလွန်တော်မူသော သီတင်းကျွတ်လတွင် ပိတောက်ပင်များ နှစ်စဉ်မပျက် ဖူးပွင့်နေခြင်း၊ စံကျောင်းအနီးမှ မန်ကျည်းပင်သည်လည်း (၁၂)ရာသီ ဖူးပွင့်ပူဖော်လျက်ရှိခြင်း၊ ဆရာတော်ကြီး၏ ခေါင်းတော်မှ ဆံတော်များသည် ရှည်ရှည်ထွက်လာ၍ သုံး,လေးလ ရိတ်ပေးရခြင်း၊
* နှစ်စဉ်နှစ်တိုင်း ကတက်ကုန်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာ အလင်းတန်းကြီးနှင့်အတူ တန်ခိုးအမျိုးမျိုးပြခြင်း၊ ယခုအချိန်အထိ ဘေးဒုက္ခအပေါင်းနှင့် တွေ့ကြုံနေရသူများသည် ဆရာတော်ကြီးအား တမ်းတတိုင်တည်လျှင် ဘေးဒုက္ခအမျိုးမျိုးမှ လွတ်ခဲ့ကြောင်း သိရှိရခြင်း၊
* ကတက်ကုန်း ဆရာတော်ကြီး မပျံလွန်မီမှာ ဆရာတော်ကြီးအား မန္တလေး မဟာမြတ်မုနိဘုရားမှာ ဖူးတွေ့ရခြင်း၊ ရန်ကုန်ရွှေတိဂုံဘုရားမှာ ဖူးတွေ့ရခြင်း၊ ကောင်းကင်မှာ ကြွလာသည်ကို ဖူးတွေ့ရသည်ဆို၍ လာရောက် စုံစမ်းသူများဖြစ်ကြောင်းစုံလင် ပြောပြ၍ သိရှိရခြင်း...

စသော ထူးခြားဆန်းကြယ်ချက်များပြည့်စုံပြီးလျှင် မပုပ်မနံ ပကတိအတိုင်း ပင် တည်ရှိနေသော **ရောဝတီတိုင်းဒေသကြီး အနောက်ရိုးမတောင်ခြေ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကတက်ကုန်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကြီးအား သွားရောက်ဖူးမြော်ကြ၍** မင်္ဂလာပေါက် ဖိုလ်ပေါက် အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်နိုင်ကြစေရန် ရည်သန်ပြီး ဆန္ဒမွန်ဖြင့် နှိုးဆော်တိုက်တွန်းပေးရခြင်း ဖြစ်ပါသည်။

ကတက်ကုန်းဆရာတော်ကြီး၏

ဩဝါဒ

* သရဏဂုံများကို ခြုံရမည်။
* သီလကို လုံရမည်။
* ဘုရား တရား သံဃာ ဂုဏ်များကို ထုံရမည်။
* သတိပဋ္ဌာန်တရားကို ရှုမှတ်ရမည်။
* အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးကို လက်ကိုင်ထားရမည်။

**လမ်းညွှန်** ။ ။ **ကတက်ကုန်းဆရာတော်ကြီးထံသို့ ကားဖြင့် ဟင်္သာတမြို့မှ အုတ်ပုံရွာအနီး ကညင်ငူမှတ်တိုင်ဆင်း ကတက်ကုန်းသို့ ရောက်၏။**

**ရထားဖြင့်** ဟင်္သာတဘူတာမှ မြို့ကွင်းဘူတာသို့ဆင်း၊ စက်လှေဖြင့် ဝေန်မြစ်အတိုင်းသွား ကတက်ကုန်းရွာဘေးသို့ ရောက်၏။

**[ဤစာစုဖြင့် ကျွန်တော့်အဘွားဒေါ်ကတည်းအား ဂါရဝပြု ကန်တော့ပါသည်။]**

*သာယာ ချမ်းမြေ့ပါစေ။*

ရဲလေး *(ဟင်္သာတ)*

ကျမ်းကိုး

**ရောဝတီတိုင်းဒေသကြီး အနောက်ရိုးမတောင်ခြေမှ ရဟန္တာဟု ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ၏ ကြည်ညိုဖွယ်ရာ၊ အံ့ဩဖွယ်ရာ ဖြစ်ရပ်ဆန်းများ-ဦးမြအေး(ဟင်္သာတ-ဘီအေ၊ ဘီအီးဒီ)**

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် စော်ဘွားကြီးကုန်းရှိ မဟာဆေးဝက်ဘာအာလိန်ငါးဆင့် ကျောင်းတိုက်သို့ သွားရောက်ဖြစ်ခဲ့သည်။

ကျောင်းဝင်းအတွင်းရှိ ဆရာတော်ဦးသူရိယ စံကျောင်းဗိမာန်အပေါ်ထပ်တွင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ဖူးတွေ့ရသည်။ သက်တော် (၅၅)နှစ်၊ ဝါတော် (၃၆)ဝါအရ ၁၉၇၀ ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ယခုအခါ နှစ်ပေါင်း လေးဆယ်ကျော်ပြီဖြစ်သော်လည်း ရုပ်ကလာပ်တော် မပုပ်မပျက်ဘဲ ပကတိအတိုင်း ဖူးမြင်ရလေသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ပြီးနောက် ဗိမာန်တွင်းရှိ ယောဂီအဘွားအိုများနှင့် စကားစမြည်ပြောဆိုကြည့်ရာ ဆေးဝက်ဘာဆရာတော် ချီးမြှင့်သော လိုရာအကျိုးသိဒ္ဓိ ပြည့်စုံစေသည့် ခုနစ်ရက်သားသမီး စိပ်ပုတီးစီရင်နည်းကို သိမှတ်ခွင့် ရခဲ့လေသည်။

**စိပ်ပုတီးစီရင်ခြင်း**

* * *

| | | |
|---|---|---|
| တနင်္ဂနွေသားသမီးများကိုယ်စား | →အင်သားပုတီးစေ့ | (၆)လုံး(သို့မဟုတ်) အုန်းသား |
| တနင်္လာသားသမီးများကိုယ်စား | →ကျွန်းသားပုတီးစေ့ | (၁၅)လုံး(သို့မဟုတ်) ကံ့ကော်သား |
| အင်္ဂါသားသမီးများကိုယ်စား | →ဆီး(ဇီး)သားပုတီးစေ့ | (၈)လုံး(သို့မဟုတ်) ညောင်သား |
| ဗုဒ္ဓဟူးသားသမီးများကိုယ်စား | →လဲလှသားပုတီးစေ့ | (၁၇)လုံး(သို့မဟုတ်) လင်းလွန်းသား |
| ကြာသပတေးသားသမီးများကိုယ်စား | →ပေါက်သားပုတီးစေ့ | (၁၉)လုံး(သို့မဟုတ်) ပျဉ်းမသား |
| သောကြာသားသမီးများကိုယ်စား | →သီးသားပုတီးစေ့ | (၂၁)လုံး(သို့မဟုတ်) သန်းသား |
| စနေသားသမီးများကိုယ်စား | →ထိမ်သားပုတီးစေ့ | (၁၀)လုံး(သို့မဟုတ်) ဒန်းသား |
| ရာဟု(ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖွား) သားသမီးများကိုယ်စား | →ရှားသားပုတီးစေ့ | (၁၂)လုံး(သို့မဟုတ်) ရဲယိုသား |

စုစုပေါင်း ပုတီးစေ့(၁၀၈)လုံး ဖြစ်ပါသည်။ မိမိမွေးနံသစ်သားကို ပင်လယ်ကူးနှင့် ပုတီးခေါင်း အသုံးပြုကာ သိမ်ဝင်ကြိုးဖြင့် သီပါ။ မိမိမွေးနေ့၏ မွန်းတည့်ချိန်တွင် ပြီးအောင်ချိန်ဆ၍သီပါ။



ထိုပုတီးကို သမ္ဗုဒ္ဓေဂါထာဖြစ်စေ၊ ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်းအကျယ်ဖြစ်စေ တန်ခိုးကြီးဘုရားစေတီ၊ သိမ်၊ မြစ်ချောင်း၊ ပင်လယ်၊ အဓိကရတောင်စသည်တို့တွင် တတ်နိုင်သမျှ ရွတ်ဖတ်ပူဇော်၍ သိဒ္ဓိတင်ပါ။

**စိပ်ပွားခြင်း**

ထိုပုတီးဖြင့် ဗုဒ္ဓဂုဏ်တော် ရွတ်ပွားပူဇော်ခြင်း(ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း) တည်ဆောက်စိပ်ပွားရသည်။

✦ **ပထမရက်တွင်** သောဘဂဝါ ဣတိပိ အရဟံ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။

✦ **ဒုတိယရက်တွင်** သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင် စိပ်ပါ။

✦ **တတိယရက်တွင်** သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင် စိပ်ပါ။

✦ **စတုတ္ထရက်တွင်** သောဘဂဝါ ဣတိပိ သုဂတော (၁၀၈)လုံး ပုတီးတစ်ပတ် ပြည့်အောင်စိပ်ပါ။

✦ **ပဉ္စမရက်တွင်** သောဘဂဝါ ဣတိပိ လောကဝိဒူ (၁၀၈)လုံး ပုတီးတစ်ပတ် ပြည့်အောင်စိပ်ပါ။

✦ **ဆဋ္ဌမရက်တွင်** သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။

✦ **သတ္တမရက်တွင်** သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။

✦ **အဋ္ဌမရက်တွင်** သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။

✦ **နဝမရက်တွင်** သောဘဂဝါ ဣတိပိ ဘဂဝါ (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။

တစ်ရက်လျှင် ဂုဏ်တော်တစ်ပါးစီ (၉)ရက်ပြည့်ပါက **'သောဘဂဝါ ဣတိပိအရဟံ'**မှ ပြန်စပါ။ (၉)ရက် သုံးကြိမ် **'ဂုဏ်တော်တစ်ပါးလျှင် သုံးရက်စီ'** (၂၇)ရက်ပြည့်အောင် စိပ်ပွားရသည်။ ဂုဏ်တော်တစ်ပါးစီ၏ အနက်အဓိပ္ပာယ်ကို မြင်အောင် နှလုံးသွင်း၍ စိပ်ရသည်။

လိုရာအကျိုးသိဒ္ဓိ ပြီးပြည့်စုံစေသည့် **'သမထရွှေလမ်းစဉ် ပုတီးစိပ် စီရင် စိပ်ပွားနည်းဖြစ်သည်'**ဟု ဆရာတော် ဦးသူရိယ မိန့်မှာတော်မူခဲ့ကြောင်း သိမှတ်ရလေသည်။

**ခရီးသည် သုဇေယျသီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့တယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ...ဘက်၊ ဒီဘက် လှည့်တာတောင် ...ဆုံ့ ခံစားရပြီး အမယ်လေး တ,နေ ...တယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြ ...လား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ ...ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ ...ဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ...နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ...လေး အစ်မ်လို လေးဖက်နာရောဂါ ...တုန်းက သောက်သုံးပြီး သက်သာ ...ပျောက်ကင်းသွားတဲ့ဆေးက ဘာဆေး ...လို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာ ...သောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ...မြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ...တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။ ...ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင် ...အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ...ပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်း ...သင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ် ... အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၀၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုခမ္မာလမ်းမကြီး၊**
**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၃၂၂၅၆၁**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး



(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀၂၅)

ကျော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်း တွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ ကြွက် သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက် ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန့်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ် ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွ ကြောင့် ကျန်းမာသန့်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆ အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူမျ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမ သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမ အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါ အကြံပြုပါရစေ'


ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး သုဓမ္မာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၉၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



◆ လိုဏ်ဂူတွင်းမှ ရုပ်ပွားတော်များ

ထက်မြင့်ကျော်စွာ

အောင်အတိတ်ဆောင်

# သိကြားနှိုက်တောင်ကျွန်းဆီမှ

## ပုထိုးစေတီ နေရာထူးများ (၉)

ယခင်လမှအဆက်

သုဝဏ္ဏဘူမိ၏ (၆)ဆက်မြောက် ဥပဒေဝရာဇသံဝေမင်းသည် နောင်တော် အက္ခရမင်း၏ မိစ္ဆာဒိဋ္ဌိ အယူဝါဒဖြင့် ဘုရားစေတီပုထိုး မြို့ရွာများ ဖျက်ဆီးသဖြင့် နောင်တော်အား ဖယ်ရှားကာ အရိုက်အရာကို ဆက်ခံသည်။

သူ၏ လက်ထက်တွင် မြို့တော်ကို တောင်ဘက်သို့ရွှေ့၍ မြို့သစ်ကြီးတည်သည်။ ယခု သထုံမြို့တည်နေရာဖြစ်သည်။ တစ်ဆက်တည်းပင် သူ၏ ညီတော် ဥဒိန္နရာဇသံဝေက မြို့အရှေ့ဘက် တောင်ထိပ်တွင် မြို့တည်၍ 'ရမ္မာဝတီ' အမည်ဖြင့် ထီးပြိုင်နန်းပြိုင်ပြု၏။ ယခု လာဝတောင် ဖြစ်သည်။

ဟူ၍ ဖော်ပြထားကာ **သမိုင်းသုတေသန ညွှန်ကြားရေးမှူး ဦးအောင်သော်** ရေးသားသည့် Historical Sites in Burma စာအုပ်မှ သထုံမြို့ မြေပုံကိုလည်း ကူးယူဖော်ပြထားသည်။ ထိုမြေပုံတွင် မြသပိတ်တောင်၏ မြောက်ဘက်၌ရှိသော တောင်ထွတ်ကို **ရမ္မာဝတီ၊ လာဝ၊ လဝ** ဟူ၍ ညွှန်းဆိုထားလေသည်။

**တိုင်းရင်းသား မွန်လူမျိုးများအကြောင်း သမိုင်းကောက်နုတ်ချက် စာတမ်း၊ ဆောင်းပါးပေါင်းချုပ် (ယခင်ညွှန်းပြီး) စာမျက်နှာ (၁၄၀)** တွင်လည်း နိုင်ပန်းလှ,က ဤသို့ မှတ်တမ်းပြုထားသည်။

သုဝဏ္ဏဘူမိ သထုံပြည်၌ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)ခန့်က တည်ထောင်ခဲ့သော မွန်ဘုရင်များ ထီးနန်းစံရာ ယဉ်ကျေးမှုများရှိစဉ် ယိုးဒယားနိုင်ငံ (ထိုင်းနိုင်ငံ)နေရာသည် မွန်ဘုရင်များ အင်ပါယာ ဖြစ်သည်။ ယိုးဒယားနိုင်ငံ (ထိုင်းနိုင်ငံ) တောင်ပိုင်းကို အုပ်ချုပ်ရပြည်






www.burmeseclassic.com

www.burmeseclassic.com





◆ ဦးသီလဝှကျောင်းမှ ဦးဝိသ

◆ လိုဏ်ဂူအထက်မှ စေတီ

ခေါ်၍ မြို့တော်မှာ လောပူရီဖြစ်၏။ ယင်းမြို့မှာ ဘန်ကောက်နှင့် မဝေးလှပေ။

လောပူရီကို မွန်ဘုရင်မ ဓမ္မဒေဝီက အုပ်ချုပ်သည်။ မြောက်ပိုင်းကို ပါရိဘုဥ္စပြည်ဟုခေါ်ပြီး မြို့တော်မှာ လင်ဖုန်းဖြစ်၍ ဖင်းမယ်နှင့် မဝေးလှပေ။ လင်ဖုန်းကို မွန်ဘုရင် ဓမ္မဒီစေတီက အုပ်ချုပ်သည်။

လောပူရီမှ မွန်တိုင်းရင်းသားများသည် နောက်ပိုင်းတွင် ခမာများ တိုက်ခိုက်မှုကြောင့် မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများသို့ ပြောင်းရွှေ့ အခြေစိုက်ကြရသည်ဟု ဖော်ပြထားသည်။

သို့ဖြစ်လေရာ လောပူရီမှ ပြောင်းရွှေ့လာကြသော လာဝမွန်တိုင်းရင်းသားလူမျိုးစုသည် ဤနေရာအနီးတစ်ဝိုက်တွင် မြို့ပြတည်ထောင်ခဲ့ကြပြီး ပတ်ဝန်းကျင်နှင့် ရောနှောဆက်ဆံခြင်းမရှိ။ လူမျိုးစုအတွင်း သွေးနှောကြခြင်းဖြင့် ရုပ်အဆင်းသဏ္ဌာန် ဆင်တူသောလူများ ဖြစ်လာကြသည်ဟု ယူဆဖွယ်ရှိသည်။

တောတောင်ရေမြေကို ကျွမ်းကျင်သဖြင့် ပြင်ပမှလူများ ဝင်ရောက်နှောင့်ယှက်မှု မရှိစေရန် ခြေရာဖျောက်နေထိုင်ခြင်း ဖြစ်နိုင်ပေသည်။

လာဝတောင်သုံးလုံးဆိုင် တောင်ညိုဝိုင်းသည် သုတေသီများအတွက် အလွန်တရာ စိတ်ဝင်စားဖွယ်ကောင်းသော နေရာကလေးဖြစ်လေသည်။

ရှေးခေတ် သုဝဏ္ဏဘူမိမြို့တော်တည်ဆောက်ပုံမှာ မြောက်ဘက်၌ မြို့ရိုးလေးထပ်၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် (လာဝတောင်၊ မြသပိတ်တောင်၊ ဂေါ့(ကော့)တောင်များက သဘာဝမြို့ရိုးအဖြစ် တည်ရှိသဖြင့်) မြို့ရိုးနှစ်ထပ်ကာရံကာ မြို့ရိုးတစ်ထပ်နှင့်တစ်ထပ်အကြား ရေမပြတ် စီးဆင်းနေသောကျုံးကို ဖန်တီးထားသည်။

ရေအတွက် လာဝတောင်၊ မြသပိတ်တောင်တို့မှ စီးဆင်းသောရေများကို အသုံးပြုကြသည်ဟု ဖော်ပြထားသည်။ **(ရွှေစာရံစေတီသမိုင်းစာအုပ် စာမျက်နှာ (၁၅၆၊ ၁၅၇၊ ၁၅၈)နှင့် စွယ်စုံကျမ်းအတွဲ (၁၂)၊ စာမျက်နှာ (၄၇၆)၊ သထုံမြို့စာတမ်းတို့မှ ထုတ်နုတ်သည်။)**

ထို့ကြောင့် ဦးအေးဝေပြောပြသည့် မြို့ရိုးသုံးထပ်နေရာရှိ ရေတံခွန်များမှာ အထောက်အပံ့ ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

## ကြေးသွန်းတန်ဆောင်း

လာဝတောင်မှ ပြန်ဆင်း၍ တောင်ပတ်လမ်းဝရောက်သော် သထုံမြို့တွင်းသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ လာဝတောင်စေတီမှာ ရင်ပြင်တော်ကျဉ်းသဖြင့် စေတီကိုယ်လုံးတော်ပြည့် ဓာတ်ပုံမှတ်တမ်း မပြုနိုင်ပါ။ တောင်ပတ်လမ်းဆီမှသာ တောင်ထွတ်နှင့် တကွ အဝေးမှ လှမ်း၍ ဖူးမြော်နိုင်လေသည်။

လာဝတောင်အား သုံးကြိမ်မျှ ဦးခိုက်ကာ ရစ်ဝိုက်ဖောက်လုပ်ထား သော ကားလမ်းအတိုင်း ဆင်းသက်လာရာ လမ်းထက်ဝက်ခန့်ရောက်၌





www.burmeseclassic.com

www.burmeseclassic.com





◆ ထူးခြားသော ရုပ်ပွားတော်

◆ ဆရာတော် ဦးသီလပုံတော်

◆ ရုပ်ပွားတော် နောက်ကျောဘက် မြင်ကွင်း



မြသပိတ်တောင်နှင့် စေတီကို ထင်ရှားစွာ ဖူးတွေ့ရလေသည်။

ထိုမှ ဆက်လက်၍ တောင်ခြေ ရွှေချောင်းကျောင်းတိုက်မုခ်ဦးမှ ထွက်ကာ မြသပိတ်တောင် အနောက်ဘက် စောင်းတန်းသို့ သွားသည်။ တောင်တက်စောင်းတန်း၏ သုံးပုံတစ်ပုံခန့်တွင် ကြေးသွန်းတန်ဆောင်း ရှိသည်။


ခြသေ့်နှစ်ကောင်အနီးမှ တောင်တက်ကားလမ်းအတိုင်းလည်း သွားရောက်ကာ ကြေးသွန်းတန်ဆောင်း တောင်ကုန်းအခြေသို့ ရောက်ရှိနိုင်သည်။ ကြေးသွန်းဘုရားကား သထုံတွင် အဓိကရ ဘုရားတစ်ဆူဖြစ်သည်။ ကြေးသွန်းဘုရားလမ်း ဟူ၍လည်း အထင်ကရ တွေ့မြင်နိုင်သည်။

ထို့ကြောင့် မြသပိတ်စေတီနှင့် ကြေးသွန်းဘုရား ဆက်စပ်မှု သမ္မန္ဓဗလ အင်အားကို ဆန်းစစ်ကြည့်သည်။ **မြသပိတ်** = ကြာသပတေး + သောကြာ + ကြာသပတေး = ၁၉ + ၂၁ + ၁၉ = ၅၉ ရ၏။ **ကြေးသွန်း** = တနင်္လာ + သောကြာ = ၁၅ + ၂၁ = ၃၆ ရ၏။ နှစ်ရပ်ပြိုင်ပြဟ်သက် ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်သေပတ္တာကလေး



◆ ဆေးသမား ဦးအေးဝေ

၅၉ + ၃၆ = ၉၅ ဖြစ်၏။ တည်မှီရာ သထုံ၏ နာမ် (အဖျား) စနေ = ၁၀ ပေါင်းသော် ၁၀၅ ဖြစ်၏။ ၁၀၅ ÷ ၇ = ၁၅ အကြွင်း ၀၊ မြို့နာမ် စနေပင် ရသောကြောင့် နာမ်ပေါ် ဓာတ်ရကိန်း ဆိုက်၏။ သူဖုန်းစားပင် သူကြွယ် ဖြစ်စေသောကိန်း ဖြစ်၏။ ထို့ကြောင့် မြသပိတ်တောင်မှ ကြေးသွန်း ဘုရားကို အထူးဝါယမစိုက်ကာ ဖူးမြော်ကြခြင်း ဖြစ်သည်ဟု တွေးဆ မိသည်။

ဤကြေးသွန်းဘုရားနှင့် တန်ဆောင်းကို ၁၂၉၀ ပြည့်နှစ်တွင် အလှူ့ရှင် ဒေါ်စိန်ဘွားနှင့် ဒေါ်ခင်တို့က ငွေကျပ်လေးသောင်း မ,တည်ကာ ဆရာတော် ဦးမာလာနှင့် ဦးသုမနတို့ ဦးဆောင် သွန်းလောင်းပူဇော်ခဲ့ခြင်း ဖြစ်သည်။

တင်ပျဉ်ခွေ ကြေးသွန်းမဟာမုနိ ရုပ်ပွားတော်မှာ ကြေးပိဿာချိန် သုံးထောင်၊ မျက်နှာတော်မှာ ရွှေသုံးပိဿာနှင့် ဘော်တစ်ပိဿာ ရောစပ်ထားကြောင်း သိရသည်။

ရှေ့တော်မှောက် ပလ္လင်ဝဲယာတွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် အဂ္ဂသာဝကရုပ်တုများ ရှိသည်။ ကြေးပိဿာချိန် (၃၀၀)စီဖြင့် သွန်းလောင်းထား၍ အောက်ခြေရှိ ဇရာဝဏ် ဆင်တော်ရုပ်တုနှစ်ခုမှာ ကြေးချိန် (၁၀၀)ပိဿာစီ ရှိသည်ဆို၏။

နံပေါ်ဓာတ်ရကိန်းဆိုက်သော ဤကြေးသွန်းရုပ်ပွားတော်အား ရှိခိုးပူဇော်ကာသိုလ်ပြုကာ မိမိတို့ လိုရာဆန္ဒ အစုစုအတွက် တောင်းသည့်ဆုများ ပြည့်စုံနိုင်ကြသည်ဟု ယုံကြည်ကြသည်။

ဆင်ရုပ်များမှာ သိကြားမင်းစီးသော ဇရာဝဏ်ဆေးဆင်တော်ဖြစ်ရာ မိမိတို့ ခံစားနေရသော ကျန်းမာရေးပြဿနာ ဝေဒနာများအတွက် ဖြစ်ရာနေရာ အစိတ်အပိုင်းကို ပွတ်သပ်၍ ဆုတောင်းလေ့ ရှိကြသည်။

ခေါင်းကိုက်လျှင် ဆင်၏ဦးခေါင်း၊ ကျောနာလျှင် ကျော စသဖြင့် ရည်မှန်း ပွတ်သပ်ပေးခြင်း ဖြစ်သည်။ ဆင်တော်နှစ်စီးအနက် လက်ဝဲဘက်ဆင်တော်မှာ ကနုတ်ပန်းခက်များ ပြောင်ချောနေသည်ကို တွေ့ရသည်။

မူလသွန်းလောင်းစဉ်ကပင် ကနုတ်မဆင် ပြောင်ချောထားလေသလား၊ လူအများ ပွတ်သပ်မှုကြောင့် ပြောင်ချောလေသလား မသိနိုင်သော်လည်း ပွတ်တိုက်မှုကြောင့် ပြောင်လက်သော အခြေအနေဖြစ်ကြောင်း ခန့်မှန်းရသည်။

လက်ယာဘက် ဆင်ကျောကုန်းတွင် နေမင်းကိုယ်စား ဒေါင်းရုပ်ပုံ သဏ္ဌာန် တန်ဆာဆင်ထားရာ ဤလက်ဝဲဘက်ဆင်တွင် လမင်းကိုယ်စား ယုန်ရုပ်ရှိခဲ့မည်ဟု ယူဆရလေသည်။

တန်ဆောင်းအပြင်ဘက်တွင် စိုက်




www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားရှင် သထုံသို့ ကြွစဉ် ခြေတော်ဆေးသည့် ကန်တော်မင်္ဂလာ

▼ ကန်လယ်ရေမျက်နှာပြင်



ထုထားသော ကြေးခေါင်းလောင်းကြီး တစ်လုံးရှိရာ ၁၃၅၃ ခုနှစ်တွင် ပျံလွန်တော်မူသော မြသပိတ်တောင်ပိုင်ဆရာတော် ဦးမာဃ လှူဒါန်းသည်ဟု မှတ်တမ်းပြုထားသည်။

ကြေးသွန်းတန်ဆောင်း၏ အောက်ဘက်တစ်ဆင့်နိမ့်သော ကုန်းတော်ထက်တွင် **ညောင်တံခါးတစ်ခု**ကို တွေ့ရှိရသည်။ မြသပိတ်စေတီ၏ ပူဇော်မှုခရီးအဆုံးတွင် အဝင်၊ အထွက် သဘောဆောင်သော ဤညောင်တံခါးကို မြင်တွေ့ရခြင်းက ခရီးစဉ် အောင်မြင်စွာပြီးဆုံးကြောင်း နိမိတ်ဆောင်သည်ဟု ထင်မြင်မိသည်။

## နေမိန္ဒရတောင်

နေမိန္ဒရတောင်မှာ သထုံမြို့ အရှေ့ဘက်ကပ်လျက်ရှိ သိင်္ဂနိက်တောင်တန်း၌ ပါဝင်သော်လည်း တောင်ပတ်ကားလမ်းမှာ ဂေါ့တောင်နှင့် မြသပိတ်တောင်ခြေ အနောက်ထိသာ တည်ရှိသည်။

မြောက်ဘက် လာဝတောင်ခြေ၏ အနောက်မြောက်ယွန်းယွန်း၌ ရှိသော နေမိန္ဒရတောင်ဆီသို့သွားရန် မြသပိတ်ဘုရားလမ်းအတိုင်း အနောက်ဘက် မြို့တွင်းဘက် ခရီးဆက်ရသည်။ ဘဏ်လမ်းမှတစ်ဆင့် မြောက်ဘက်သို့ ကွေ့ကာ သထုံမြို့နယ် စည်ပင်သာယာရေးရုံးအနီး၌ ကွေ့ဝိုက်လျက် အနည်းငယ်ထပ်သွားရသည်။

ထိုအခါ **နေမိန္ဒရလမ်း**ဟု ဆိုင်းဘုတ်တင်ထားသည့် ကွန်ကရစ်လမ်းကို တွေ့ရသည်။ ကွန်ကရစ်လမ်းကလေးအတိုင်း လိုက်သွားပါက လမ်းဆုံးတွင် နေမိန္ဒရတောင် အနောက်ဘက်မုခ်ဦးသို့ ရောက်လေတော့သည်။

အနောက်ဘက် ဆင်ခြေလျှောတွင် တင်ပျဉ်ခွေအုတ်ဆင်းတု (၂၈)ဆူကို ပလ္လင်ခံ ထီးမိုး၍ ပူဇော်ထားသည်။ တည်ထားပုံမှာ အလယ်စုစုနှင့် ဘေးနှစ်ဖက်စွန်းထွက်နေသော 'မ'အက္ခရာပုံစံ ဖြစ်သည်။

ကောင်းမှုရှင်နှင့် ပွင့်ထွန်းသည့်ကာလကို မသိခဲ့ရပါ။ နေမိန္ဒရတောင်တော်တည်ရှိပုံနှင့် အဆင်ပြေ၍ မျက်စိပသာဒရှိလှသော တည်ဆောက်ပူဇော်မှု ဖြစ်သည်။

အနောက်ဘက်စောင်းတန်းမှ ရင်ပြင်တော်သို့တက်ရောက်ကာ စေတီသမိုင်းအကျဉ်းကို စုံစမ်းရာ ကုန်းတော်နေ သံဃာများ လာရောက်၍ ကမ္မဋ္ဌာန်းဆောက်တည်သူများက စွန်းလွန်းဆရာတော်ကြီး ကြွရောက်၍ သိမ်သမုတ်သည်အထိ စေတီရှိဟန်မတူကြောင်း ခန့်မှန်းပြောပြကြသည်။ ရင်ပြင်တော် တနင်္ဂနွေထောင့်တွင်

www.burmeseclassic.com





▲ အရှင်ဝဏ္ဏတိမထေရ်ရုပ်တု

◀ ကန်ပတ်ထက် တန်ဆောင်းတွင်းမှ ရုပ်ပွားတော်

ကျောက်စာများရှိကြောင်း သိရသဖြင့် စေတီတော် တစ်ပတ်လှည့် ကြည့်ရှုကာ တနင်္ဂနွေထောင့်သို့ သွားရောက်လေ့လာကြည့်သည်။ ကျောက်စာသုံး,လေးချပ်မျှရှိ ဩဝါဒပါတိမောက် ကျောက်စာများ ဖြစ်နေသည်။

စေတီနှင့်အနီးကပ်ဆုံး ကျောက်စာမှာ ၁၂၈၃ ခုနှစ်တွင် မန္တလေးတောင်မှ ရသေ့ကြီး ဦးခန္တီသည် ဆရာတော် အရှင်မြတ်များ မိန့်ကြားတောင်းပန်သဖြင့် စေတီတည်ကြောင်း တစ်စွန်းတစ်စ တွေ့ရှိရသည်။ စကျင်ကျောက်သား ကျောက်စာတိုင်မှာ မျက်နှာပြင်ပွတ်ကာ ကျောက်စာအားလုံးနီးပါးမျှ ပွန်းပဲ့ကုန်ပြီဖြစ်သည်။ ပီပြင်စွာဖတ်ရှု၍ မရနိုင်တော့ချေ။

မွန်ပြည်နယ်တွင်းရှိ တန်ခိုးကြီး ဘုရားများစာတမ်း (မွန်ပြည်နယ် ငြိမ်းဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခင်)မှ မှတ်တမ်းပြုသည်။)တွင်မူ...

'နေမိန္ဒရစေတီတော်ကြီးကို ရဟန်းရှင်လူအများပြည်သူတို့ ကြည်ညိုသဒ္ဓါ ပွားနိုင်စေရန် အတွက် ဘိုးတော် အောင်မင်းခေါင်သည် ဆရာတော်ကြီးများ ဩဝါဒခံယူကာ ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အုတ်မြစ်ချပြီး ၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေကမင်္ဂလာကျင်းပ၍ ထီးတော် တင်လှူခဲ့သည်။

စေတီဉာဏ်တော် (၄၉)တောင်မြင့်၍ အရံစေတီ (၃၆)ဆူရှိသော ထူးခြားသည့်ပုံစံဖြင့် ကြည်ညိုဖွယ်ရာ တည်ဆောက်ထားသည်'

ဟု **စာမျက်နှာ (၃၁၂)တွင်** ဖော်ပြထားလေသည်။

စေတီ မတည်မီ

နေမိန္ဒရ အခြေအနေ

၁၂၈၀ ပြည့်နှစ် ပတ်ဝန်းကျင်ခန့်က နေမိန္ဒရတောင်ပေါ်၌ အုတ်ဂူ၊ နတ်ကွန်းများသာ ရှိခဲ့သည်။ ရှေးစေတီဟောင်းရှိခဲ့ဟန်တူသော်လည်း ပြိုပျက်ကုန်ပြီ ဖြစ်သည်။

သထုံမြို့နှင့် (၆)ဖာလုံခန့်ဝေး၍ ရှေးသထုံမြို့ရိုး ကျုံးဟောင်း၏ အရှေ့မြောက်ဘက် ကပ်လျက်တွင်ရှိသော နေမိန္ဒရတောင်သည် သထုံတောင်တန်း၏ မြောက်ဘက်အခြေတွင် ရှိသည်။


**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်**



www.burmeseclassic.com

www.burmeseclassic.com





◆ သူကြီးဦးဖိုးထိုက် မောင်း ရခဲ့သော နေရာအား လိုက်လံပြသစဉ်

( ဝိုင်းပြထားပါသည် )

◆ ဘိုလူကုန်းကျေးရွာမှ သူကြီးဦးဖိုးထိုက် ရခဲ့သော မောင်း

# ပရလောကသားပေးသော

## ထူးဆန်းသည့် မောင်းတစ်လုံး

ကဲ မယုံချင်နေလို့ အစချီလိုက်ချင်ပါတော့တယ်။ တကယ့်အဖြစ်အပျက်တို့ဟာ တစ်ခါတစ်ရံ စိတ်ကူးထက် ဆန်းကြယ်လှပါတယ်။ စာရေးသူ ၂၀၀၀ ပြည့်နှစ်၊ မတ်လ နောက်ဆုံးပတ်မှာ **အောင်လံမြို့ သမ္ဘူလတိုက်နယ်အတွင်းရှိ၊ ဘိုလူကုန်းကျေးရွာ**ကို ရောက်ရှိခဲ့ပါတယ်။

စာရေးသူရဲ့ ဝါသနာအရ ဒေသန္တရဗဟုသုတအတွက် စုံစမ်းလိုက်တဲ့အခါ **ဆင်ပေါင်ဝဲမြို့နယ်၊ လေးဒူးကွဲကျေးရွာမှ** ဓာတ်ပုံဆရာ ကိုခင်မောင်ကြည်ရဲ့ ကျေးဇူးကြောင့် လွန်ခဲ့သော နှစ်များစွာက **ဘိုလူကုန်းကျေးရွာသူကြီး ဦးဖိုးထိုက်လက်ထက်တွင် ပရလောကသားတစ်ဦးမှ လာပေးလို့ မောင်းတစ်လုံး ရခဲ့ဖူးကြောင်း** သိလိုက်ရပါတယ်။

ထပ်မံ၍ သတင်းကို အတည်ပြုလိုက်တော့ အဆိုပါရွာမှ ကွယ်လွန်သူ (ဦးသောင်းဟန်)ရဲ့ဇနီး ဒေါ်တင်အေးမှ ဟုတ်မှန်ကြောင်း ထောက်ခံတဲ့အတွက် သူကြီး ဦးဖိုးထိုက်ရဲ့သမီး အသက် (၈၀)နှစ်ရှိ ဒေါ်တင်ဥကို တွေ့ဆုံခဲ့ပါတယ်။

ဖခင်ဖြစ်သူ သူကြီး ဦးဖိုးထိုက်ဟာ အိပ်မက်ထဲတွင် ညအချိန် လူခပ်ထွားထွားတစ်ဦးမှ စောင်ကိုခြုံပြီး...

'မင်းကို မောင်းတစ်လုံးပေးမယ်၊ ရွာရဲ့ ရာဟုထောင့် မင်းယာကွက်မှာ သွားယူပါ' လို့ ပြောပြီး အိပ်မက်ထဲတွင် ပျောက်သွားသဖြင့် အိပ်ရာမှထပြီး သူကြီး ဦးဖိုးထိုက်ကိုယ်တိုင် ညတွင်းချင်း သွားယူခဲ့ရကြောင်း သူကြီး ဦးဖိုးထိုက်သမီး အသက်(၈၀)နှစ်ရှိ ဒေါ်တင်ဥမှ စာရေးသူအား ပြောပြခဲ့ပြီး ယနေ့တိုင် သိမ်းဆည်းထားတဲ့ မောင်းအား စာရေးသူ ပြခဲ့တာကြောင့် မှတ်တမ်းတင်ဓာတ်ပုံဖြင့် ဝါသနာရှင် သုတေသီတို့အား တင်ပြလိုက်ရပါတော့တယ်။

လမ်းကြုံခဲ့ပါက **ဘိုလူကုန်းကျေးရွာရှိ သူကြီး ဦးဖိုးထိုက်ရဲ့သမီး ဒေါ်တင်ဥအိမ်တွင်** ဝင်ရောက်လေ့လာနိုင်ပါတယ်။

**လူမင်း အောင်လံ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ(၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာစို့**
**သားမင်း** (အမှတ်တံဆိပ်)
**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ၇–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ၇–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ၇–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရှုံးသွားရှုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ၇–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဇ္ဇသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်မြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လွှင့်ပါရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆[illegible] ၉ ၅၀ ၉၇၉၈၃



www.burmeseclassic.com

www.burmeseclassic.com

# ပေါင်လောင်ကျွင်ကာသပပမလော်ရ

ကောင်းမှုစေတီများ ပူဇော်မှုခရီး

## ယင်းမာပင်မြို့နယ် ရေပုပ်ဘုရားကြီး (၁)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

### ခရီးစဉ်

ပုသိမ်–မုံရွာလမ်းဆုံ(မုံရွာ)မှ တောင်ဘက်သို့ ဆင်းကာ လမ်းဆုံတစ်ခုသို့ ရောက်သော် လက်ယာဘက်လမ်း(မြေလမ်း)အတိုင်း ခရီးဆက်ရသည်။ လက်ဝဲဘက်မှာ အသစ်ဖောက်လုပ်သော ပုသိမ်–မုံရွာ လမ်းမဖြစ်၍ လက်ယာဘက်မှာ ပုသိမ်–မုံရွာလမ်းဟောင်းဖြစ်သည်။


ထိုလမ်းအတိုင်းသွား၍ မိနစ်အနည်းငယ်ကြာလျှင် လမ်းအနောက်ဘက်(လက်ယာဘက်)၌ "ထန်းတောကြီးကျေးရွာသို့" လမ်းညွှန်ဆိုင်းဘုတ်နှင့်အတူ ယမ်းခွဲရှိသည်။

ထိုလမ်းခွဲအတိုင်းသွား၍ ထန်းတောကြီးကျေးရွာအလွန် တစ်မိုင်ခွဲသာသာခန့်တွင် ရေပုပ်ဘုရားကြီးကို ဖူးတွေ့ရသည်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသဖြင့် မေးမြန်းစုံစမ်းရန် အခက်အခဲမရှိပါ။

ရေပုပ်ရွာမှာမူ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က ပျောက်ပျက်သွားပြီ ဖြစ်သည်။

### ရေပုပ်ကျောင်းဝယ်

ရှေးဦးစွာ ရေပုပ်ကျောင်းသို့ ဝင်ရောက်မေးမြန်းသောအခါ ဆရာတော်အား ဆွမ်းစား ပင့်သွားသဖြင့် ဖူးမြော်ခွင့် မရခဲ့ချေ။ ရွာနီးချုပ်စပ်မှ ရောက်ရှိနေကြသော တပည့်ဒါယကာများက လိုက်ပါကူညီ ရှင်းပြပေးကြသည်။



ရေပုပ်ကျောင်း

ကျောင်းဝင်းအတွင်း ရောက်ရှိသည်နှင့် သတိထားကြည့်မိသည်ကား သစ်မြစ်ဆုံကုလားထိုင် ဖြစ်သည်။ အချိန်မှာ မီးခေတ်ဦးဆောင်သော နွေကာလဖြစ်ရာ ဖန်တီးမှုခေတ်ဖြစ်သည့် သစ်သားခေတ်ဆိုင်ရာ ပစ္စည်းပစ္စယများက စိတ်ခံစားမှုကို ပြည့်စုံစေ၏။

သစ်ပင်ပန်းမန်၊ သစ်စိမ်း၊ ဝါးစိမ်းများ သစ်သားဖြင့် ပြုလုပ်သော ပန်းပု၊ အိမ်ထောင်ပရိဘောဂ စသည်တို့ ဖြစ်သည်။

ယခုတွေ့ရသော ကုလားထိုင်မှာ လက်သမားပညာဖြင့် ဖြတ်ရွေ ထွင်းဖောက်ထားခြင်းမရှိဘဲ သဘာဝသစ်မြစ်ဆုံနှင့် မြစ်မြွာကလေးများကို အလိုက်သင့် ဖြတ်တောက်ကာ ထိုင်စရာ နောက်မှီကုလားထိုင်ကလေး ပြုလုပ်ထားခြင်း ဖြစ်သည်။

ထိုင်ဖန်များသဖြင့် အရောင်မတင်ရဘဲ ချောမွတ်ပြောင်လက်နေသည်။ ပူအိုက်သော နွေနေ့ခင်းတွင် သက်သောင့်သက်သာ ဖြစ်စေသည်။

လူနေအိမ်ခြေ ပျောက်ကွယ်သွားပြီဖြစ်သော ရေပုပ်ရွာဟောင်း၏ ဘုန်းကြီးကျောင်းတွင် သဘာဝအရိုင်းထည်အတိုင်း ပြုပြင်ဖန်တီးမှု နည်းပါးသော သစ်မြစ်ဆုံကုလားထိုင်ကို မြင်ရခြင်းက စည်းချက်ညီညီ လိုက်ဖက်လှသည်။


သစ်မြစ်ဆုံ ကုလားထိုင်ဝယ် ခေတ္တအပန်းဖြေ၍ ရေနွေးကြမ်းသောက်ပြီးသောအခါ ရွာခံတို့ လိုက်ပြသဖြင့်






www.burmeseclassic.com

www.burmeseclassic.com






◆ ပေါ်တော်မူ ရုပ်ပွားတော်များ

သစ်မြစ်ဆုံကုလားထိုင် ◆

◆ ပလ္လင်ခြေမှ အဓိပ္ပာယ် ဖော်မရသည့် စာတန်း



ပေါ်တော်မူဘုရားများအား ကြည်ညိုဖူးမြော်ရသည်။

## ပေါ်တော်မူဘုရား

ရေပုပ်ဘုရားအနီး နှောင်းခေတ်သမုတ်သော သိမ်အနီး မြေပြင်မှ တူးဖော်ရရှိသော ပစ္စည်းများ ဖြစ်သည်။

'ဒီနေရာက လှည်းလမ်းနံဘေးကပ်လျက် သစ်ပင်ချုံနွယ် ပိတ်ဖုံးခြင်းလဲ မရှိဘူး။ စေတီပေါင်းရာရယ်လို့ သိသာအောင် မြေမို့မို့ အုတ်ကျိုးစကလေးတွေလဲ မရှိဘူး။ ဟိုတလောက ခြောင့်ဖယ်ရင်း အမှတ်မထင် တူးဆွမိလို့ ရုပ်ပွားတော်တစ်ဆူ ပေါ်လာရာက အားလုံး တူးဖော်ပြီး ကျောင်းပေါ်မှာ ထိန်းသိမ်းထားပါတယ်'

ဤသို့ဆိုပါလျှင် နှစ်ပေါင်းများစွာသော ကာလကပင် တိမ်မြုပ်ခဲ့သော စေတီ ဖြစ်နိုင်ပေသည်။

တည်ဆောက်လက်စ အုတ်ကျောင်းအတွင်း ခေါင်းရင်းဘက်တွင် ဆင်းတုငယ် အတန်များစွာကို မှန်ဗီရိုဖြင့် ထည့်သွင်းပူဇော်ထားသည်။ ဗောဓိမဏ္ဍိုင် ရုပ်ပွားတော်များ၊ နဂါးရုံရုပ်ပွားတော်များ၊ ကြာဖက်ဆောင်း ဒက္ခိဏာသာခါရုပ်ပွားတော်များ၊ ဆင်ရုပ်၊ နဂါးရုပ်၊ ဘီလူးရုပ်၊ ဘုရင်ရုပ်၊ မျိုးမတ်ရုပ်များ စုံလင်စွာ တွေ့ရသည်။

ပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူရုပ်ပွားတော်များလည်း မြင်ရသည်။ ဆီမီးခွက်များ၊ ဓာတ်တော်ကြုတ်များလည်း ပါဝင်သည်။

ကြွေထည် ဓာတ်တော်ကြုတ်တစ်ခုမှာ နှောင်းခေတ်လက်ရာပေလောဟု သံသယဝင်ကြသည်။ ပုဂံပြည်၌ အနော်ရထာမင်း လက်ထက်ကပင်လျှင် တရုတ်နိုင်ငံနှင့် ကူးလူးဆက်သွယ်မှု ရှိခဲ့ရာ ကြွေထည်များလည်း ရောက်ရှိနေနိုင်ပါသည်။


အောက်ခံပလ္လင်ခုံတစ်ခု၏ နံဘေးတွင် ဗျည်းအက္ခရာအချို့ တွေ့ရသော်လည်း အဓိပ္ပာယ်ဖော်၍ မရပါ။ ထိုအက္ခရာများကို ဖော်ထုတ်နိုင်ပါက ဌာပနာပြုသော ခေတ်ကာလကို မှန်းဆနိုင်ပေသည်။ အများစုမှာ ပုဂံခေတ်လက်ရာဟု မှန်းဆရဖွယ် ရှိလေသည်။



F.9B. May, 2013.


www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်တော်ကြုတ် ကြွေအိုး

◆ ပရိနိဗ္ဗာန်လျောင်းတော်မူ





ထူးခြားစွာ တွေ့ရသည်မှာ နဂါးရုပ်ဖြစ်သည်။ ပေါင်လောင်ရှင်ကဿပ၏ တောကျောင်းနှင့် သိမ်နေရာတစ်ခု ဖြစ်သော ဖိုဝင်တောင်၊ မင်းစုရွာအနီး၊ မင်းဝန်ဘုရားမှ ရဟန္တာသိမ် ပန္နက်တိုင်များတွင် ဤကဲ့သို့ ပုံစံတူရုပ်တုများ တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

ဦးခေါင်းသဏ္ဌာန်ကိုသာ အဓိကသရုပ်ဖော်ထား၍ နဂါး (သို့မဟုတ်) ကျားဟု ယူဆရသော အရုပ်ဖြစ်သည်။ မကိုဋ်ဆင် လက်အုပ်ချီထားသော ရုပ်တုမှာ ပုဂံခေတ် မင်းဝတ်တန်ဆာပုံစံဖြစ်နေရာ နရပတိစည်သူမင်းရုပ်တုဟု ယူဆဖွယ်ရှိသည်။

ဆင်စီးလျက် လက်အုပ်ချီထားသူမှာ မှူးမတ်အဆင်တန်ဆာပုံစံဖြစ်ရာ အနန္တသူရိယအမတ်ကို ရည်ညွှန်းဟန်ရှိသည်။

ပုံပိုးပေးသည်မှာ ငရမာန် (သို့မဟုတ်) တေင်ကျည်းဟု ယူဆနိုင်သော ဘီလူးရုပ်၊ ပေါင်လောင်ငယ်ရုပ်များကိုပါ တွေ့ရှိရခြင်းဖြစ်သည်။

ပေါင်လောင်ရှင်ကဿပဟု ယူဆနိုင်သော ရဟန္တာရုပ်တုကိုမူ မတွေ့ရချေ။ ဤရုပ်တုများသာ မှန်ခဲ့ပါက ရဟန္တာရုပ်မှာ ပျောက်ပျက်သွားသည်ဟု မှန်းဆရပေသည်။

'အေးဗျာ အရုပ်တွေကို ဗီရိုအပြင်ဘက်ထုတ်ပြီးရိုက်ရင် ပိုကောင်းမှာ။ ဒါပေမယ့် ဗီရိုသော့က ဘုန်းကြီးနဲ့ ပါသွားတယ်။ တစ်ခုချင်း ရိုက်ထားတဲ့ ဓာတ်ပုံတွေလဲ ဘုန်းကြီးသေတ္တာထဲမှာဆိုတော့ အခက်ကြုံရတယ်' ရွာခံများက အားတုံ့အားနာ စကားဆိုကြသည်။

သို့ဖြစ်၍ ဗီရိုအပြင်မှ အကောင်း

◆ မြေမီးဖုတ်မျက်နှာတော်တစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြစ်စေရန် ကြိုးစားရိုက်ကူးတင်ပြလိုက်ပါသည်။ မှန်အထပ်ထပ်ကြောင့် အလင်းပြန်နေရာ ပီပြင်ကောင်းမွန်သော ဓာတ်ပုံများတော့ မဟုတ်ကြပါ။ ပုံသဏ္ဌာန်သိသာရုံမျှ ဖြစ်လေသည်။

## ရေပုပ်ဘုရားကြီး ဖြစ်စဉ်တော်


ရေပုပ်ဘုရားကြီးကို ဒေသခံများက ဆုတောင်းပြည့်ဘုရားဟုလည်း ခေါ်ကြသည်။ မူလက သီရိဓမ္မာသောကမင်း၏ မုဋ္ဌောစေတီဖြစ်သည်။ ပုဂံဘုရင် အလောင်းစည်သူမင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်သောအခါ ဤနေရာအရောက်အတွင် ရေပုံ့သည်။ (ကျုံ့ယုံ့သည်။ နည်းပါးသွားသည်။) ဖြစ်ရာ ဖောင်တော် ရှေ့ဆက်၍ မရတော့ချေ။

လက်ညှိုးညွှန်သော်လည်း ရေမဖြစ်သောကြောင့် အကြောင်းရင်းကို စုံစမ်းရာ မုဋ္ဌောစေတီကို တွေ့သဖြင့် စေတီကိုငုံလျက် ကောင်းမှုစေတီအသစ် မွမ်းမံ ပူဇော်ခဲ့သည်။

စေတီတော်အား ထိန်းသိမ်းပူဇော်ရန် လူများကို ထားခဲ့ရာ ရေပုံ့ရွာဟူ၍ ဖြစ်ပေါ်လာသည်။ နောင်သော် ရေပုပ်ရွာ၊ ရေဘုတ်ရွာ စသည် ခေါ်ဝေါ်ရာမှ ယခုသော် ရွာပျက်၍ စေတီသာ ကျန်ရစ်တော့သည်။

ရွာခံတစ်ဦးဖြစ်သူ ဦးကြီးစိုးက ဒွေးချိုးသဖြန်ကို အသံနေအသံထားဖြင့် ရွတ်ဆိုကာ စေတီသမိုင်းကို ပြောပြခြင်းဖြစ်သည်။

အလောင်းစည်သူမင်းနောက် မြေးတော် နရပတိစည်သူမင်း လက်ထက်ရောက်သောအခါ ပေါင်လောင်ရှင်ကဿပ ကြွရောက်ကာ တောကျောင်း၊ သိမ်၊ စေတီ တည်ဆောက်



◆ တောဓိမဏ္ဍိုင်နှင့် နဂါးရုံဘုရားများ

◆ ဆင်နှင့် နဂါးရုပ်များ




ရာ၌ အမတ်ကြီး အနန္တသူရိယနှင့်အတူ နရပတိစည်သူမင်းလည်း ရေပုပ်ဘုရားကြီးကို ထပ်မံ မွမ်းမံပူဇော်ခဲ့လေသည်။

အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းနှစ်ပါး လက်ထက် စာတော်ဝန်အဖြစ် အမှုထမ်းခဲ့သော ရေပုပ်ရွာဇာတိ ဦးသူ၏ မှတ်တမ်းအရ နရပတိစည်သူမင်းသည် သက်တော် (၄၅)နှစ်ပြည့်သော နှစ်တွင် ရေပုပ်ဆုတောင်းပြည့် ဘုရားကြီးအား ဉာဏ်တော် (၄၅)တောင်အမြင့်သို့ တိုးမြှင့်ပူဇော်ခဲ့ကာ စေတီ တည်ဆောက်ရေးအတွက် ကြီးကြပ်တာဝန်ယူရသည့် အမတ် (အနန္တသူရိယ ဖြစ်ဖွယ်ရှိ၏။)က အနီးဝန်းကျင် လူနေအိမ်ခြေများကို စုပေါင်းကာ 'ထောက်ရာမြို့'ဟူ၍ တည်ခဲ့ကြောင်း ဖော်ပြပါရှိ၏။ အလောင်းစည်သူမင်းနှင့် စပ်လျဉ်း၍ ရေးသားချက်ကို မတွေ့ရချေ။




www.burmeseclassic.com

www.burmeseclassic.com



▲ မှူးမတ်အဆင်တန်ဆာဖြင့် ဆင်စီးရုပ်

▼ ယာစွန် ဘုရင်ပုံ ယာမှ ဒုတိယက ပေါင်လောင်ဝယ်ပုံ
ဝဲမှ ဒုတိယ ဆင်စီးအမတ်ပုံ ဝဲမှ တတိယ ဘီလူးပုံ



ထိုစေတီသည် ၁၃၀၈ ခုနှစ်၊ တော်သလင်းလဆုတ် (၂)ရက်နေ့၌ လျှင်ကြောင့် ခေါင်းလောင်းမှောက် အထက်ပိုင်း အက်ကွဲရာ ထန်းတော ကြီးရွာသား ဦးဘိုးအောင်အား အိပ် မက်ပေးသဖြင့် ရေကြည်ပင်ရွာသား ဦးထွန်းရနှင့် တိုင်ပင်ကာ ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် ပြန်လည်၍ မွမ်းမံပြင်ဆင်ခဲ့ကြရသည် ဆို၏။

ထိုစဉ်က ရေပုပ်ကျောင်း (ခေါ်) ရွှေမင်းဝံကျောင်း ဆရာတော် ဦးသံဝရ (ဘုန်းတော်ကြီး ဦးတာ)က ဦးဆောင် လမ်းညွှန်ပေးခဲ့ကြောင်း ဦးကြီးစိုးက ပြောပြသည်။

ထိုမှဆက်၍ ကြီးမားသော ယိုယွင်း ပျက်စီးမှုများမရှိ၊ ချမ်းသာစွာ ကိန်းဝပ် တော်မူကာ ၁၃၆၅ ခုနှစ်တွင် မြစ်ဝ ကျွန်းပေါ်ဒေသ၊ ဒေါင့်ကြီးရွာမှ ဒါယကာများက မူလ သံထီးတော် အစား စတီးထီးတော်ကို တင်လှူခဲ့ကြ လေသည်။

## ဖူးမြော်ရစဉ်

ယင်းနောက်တွင် စေတီတော်အား သွားရောက်ဖူးမြော်ကြသည်။

ရေပုပ် ဆုတောင်းပြည့်စေတီတော် မှာ ပစ္စယံသုံးဆင့်အထက် ခေါင်း လောင်းမှောက်စေတီ ပေါက်ကာ ခေါင်းလောင်းမှောက် ပတ်လည်တွင် ဘီလူးပန်းဆွဲများကို ရှေးမူမပျက် ထိန်းသိမ်း တန်ဆာဆင်ထားသည်။ (နရပတိစည်သူမင်း၏) မူလလက်ရာ မပျက်အောင် ထိန်းသိမ်းမွမ်းမံခဲ့ကြ သည် ဆိုသဖြင့် တန်ဆာဆင် ပူဇော်မှု ကို လေ့လာကြည့်သည်။

ပစ္စယံများ၏ အခြေအုတ်ဖိနပ်တွင် အရံစေတီလေးဆူ၊ ပထမပစ္စယံ ထောင့်များတွင် မနုသီဟ (ခေါ်) နရသီဟ လေးကောင်၊ ဒုတိယ ပစ္စယံ ထောင့်များတွင် ကလသာအိုးလေးလုံး၊ တတိယ ပစ္စယံထောင့်များ၌ အရံစေတီ လေးဆူတို့ ပူဇော်ထားသည်။

ဤသို့ ပစ္စယံများပေါ်တွင် နရသီဟ ကို တန်ဆာဆင်ပူဇော်ခွင့် ရသူများမှာ ပြည့်ရှင်မင်းနှင့် သားတော်၊ သမီးတော် များသာ ဖြစ်သည်။ ဦးသူ၏ မှတ်တမ်း အရ အမတ်က ကြီးကြပ်တည်ဆောက် သည်ဟု ဆိုလေရာ အမတ်များ ပူဇော် ခွင့်ရသော အဆင်တန်ဆာ မဟုတ် သည်ကို တွေ့ရ၏။

ရှေ့လ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

ကျော့ပေါက်ဆရာတော်ကြီး ဦးမြှင့်တော်မူသည့်

# မြွေရန်အကာအကွယ် ဓာတ်လုံးစီရင်နည်း



◆ သက်တော်(၁၁၈)နှစ်အရွယ်က ဖူးတွေ့ရသော ကျော့ပေါက်ဆရာတော်

မော်လမြိုင်မြို့၊ မန္တလေးရပ် ကျော့ပေါက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဥတ္တမ (သက်တော်-၁၁၈နှစ်) ဦးမြှင့်တော်မူသည်ကို မဲဆောက်ကျောင်းကြီးမှ အရှင်နေမိန္ဒက ထပ်ဆင့် ဒါနပြုခဲ့သော ဓာတ်လုံးတည်နည်း ဖြစ်သည်။

**စိန်နီမြင်းသွား (၈)ပဲသားကို စိန်ပန်းမြစ်ပြာ (စိန်ပန်းပင်၏ အမြစ်ကို မီးရှို့ပြာချ၍ ရသောပြာ)**နှင့် ရောကာ လုံးတွင် ဖွဲ့(၂၇)တင်း ကုန်အောင် မီးပြင်းတိုးရသည်။

ထို့နောက် ယင်းဓာတ်လုံးကို ကိုယ်နှင့်မကွာ ဆောင်ထားရသည်။ မြွေ၊ ကင်း၊ ပုရွက်ဆိတ်၊ ငါးရှူ၊ ငါးကျည်း အစရှိသော အဆိပ်ရှိ သတ္တဝါများ၏ ရန်ဘေးမှ ကာကွယ်ပေးကြောင်း သိမှတ်ရသည်။

ဓာတ်လုံးစမ်းသပ်ရန်မှာ ကိုက်ခဲလျှင် အဆိပ်တက် ဖူးရောင်စေတတ်သော ပုရွက်ဆိတ်နီများ သွားလာရာ ပုရွက်ဆိတ်တန်း၏ အထက်မှ ဝဲကာ ဓာတ်လုံးကို ဝှေ့ယမ်းကြည့်ပါက ဓာတ်လုံးအောက်ရှိ ပုရွက်ဆိတ်များ လဲကျသေဆုံးနေသည်ကို တွေ့ရလေ့ရှိသည် ဆို၏။

မြွေ စသည် အဆိပ်ရှိသတ္တဝါများ၏ ဦးခေါင်းထက်တွင် စိန်ဓာတ်လုံးကို လည်း ဝဲကာ ဝှေ့ယမ်းခြင်း မပြုလုပ်ရန် ဆရာတော်ကြီးက မှာကြားတော်မူသည်။ နည်းနှစ်မျိုးစလုံး ပါဏာတိပါတကံ ထိုက်သဖြင့် သီလ ညှိုးနွမ်းစေတတ်သောကြောင့်ဖြစ်သည်။

မြွေကို အမှူးထား၍ အဆိပ်ရှိသတ္တဝါများကို ကြာသပတေးနံကောက်ကာ "**သူ့ကိုနိုင်လို ဆကိုနိ လိုရာဆေး ဖော်သုံး**" ဟူသကဲ့သို့ ကြာသပတေး၏ဆပွတ် အင်္ဂါထိန်းချုပ်သော **စိန်ပန်းအမြစ်ပြာ** တွဲသုံးသည်။ **အင်္ဂါ + ကြာသပတေး ဂြိုဟ်သက်ပေါင်း ၈ + ၁၉ = ၂၇ကို အစွဲပြု၍ ဖွဲ့မီး (၂၇)တင်း** သုံးထားခြင်းဖြစ်ကြောင်း မှတ်သားရလေသည်။

ဇင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'သြော်... စာရေးဆရာကြီး မောင်ကိုဖော် (ဥက္ကလာ)ပါလား။ သာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်နဲ့ (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းပေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊ လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေ့ါပေ့ါဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးညဏ်ထွန်းရှိန် (စက်မှု-၁)



www.burmeseclassic.com

www.burmeseclassic.com

ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်

# ရေတံခွန်တောင်ခြေ မြတ်သပေါ

၏ အောင်ရပ်ဘွေ မြေမဟီနှန်းဆီသို့ (၃)

ခရီးသည် သုတေသီတာဦး



▲ ပျံလွန်တော်မူခါနီး (၉၉)နှစ်တွင် ရိုက်ကူးထားသော ဦးဇောတိပါလ

## ယခင်လမှ အဆက်

ကော့ခပုံရွာထိပ် ရောက်သောအခါ မော်တော်ကားလမ်းမှ ရေတံခွန်တောင် အရောက် ခြေကျင်တောလမ်း သုံးမိုင် ခရီးတစ်လျှောက် လူများ ပျားပန်းခပ် များပြားနေသည်ကို တွေ့ရသည်။

စုံစမ်းကြည့်ရာ ဝါခရူရွာမှ ဒါယကာ တစ်ဦးက ထိုသို့ သတင်းဖြစ်ပေါ်၍ သူ့ထက်ငါ အလုအယက် လာရောက် ဖူးမြော်ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းသို့ ရောက်သော် လူများ ပြည့်ကျပ်ကာ ကျောင်းပေါ်တက်ရန်ပင် အခက်တွေ့နေရာ လူငယ်တစ်ဦး လာ ရောက်ခေါ်ယူကာ လမ်းပြမှသာ ကျောင်းသို့ ရောက်ရှိကြောင်း မှတ်တမ်း ပြုထားလေသည်။

ဆွမ်းစားချိန် ရောက်သောအခါ တပည့်ရင်း ကျောင်းဒါယကာ ဦးဘဟင် က ဆရာတော်အား သွားရောက် လျှောက်ထားရာ များပြားလှသော ပရိသတ်အကြား ခက်ခက်ခဲခဲ ကြိုးစား တိုးဝှေ့လျက် အချိန်အတန်ကြာအောင် သွားရသည်။

ဆရာတော် ဆွမ်းဘုဉ်းရာ နေရာ တွင်လည်း ဖူးတွေ့လိုသော ပရိသတ် များက နေရာမဖယ်ပေးကြသဖြင့် တပည့်ဖြစ်သူ မုဒ္ဒံပုဖွာရှဲ ဆရာတော် ကိုယ်တိုင်ထွက်ကာ မေတ္တာရပ်ခံမှ ဖယ်ချင့် ဖယ်ချင်ဖြင့် နေရာဖယ်ပေး ကြသည်။

(၁၁)နာရီခန့်တွင် ဆရာတော် ဆွမ်း ဘုဉ်းပြီး၍ ပရိသတ်အား ဖူးမြော်ခွင့်ပြု ရာတွင် တစ်သုတ်ပြီး တစ်သုတ် ဝင် ရောက် ဖူးမြော်ရန် စီစဉ်ပေးသည်။ သို့သော် ကျောင်းဝင်းအနှံ့ တောင်ထိပ် လျှိုမြောင်များပါမကျန် ပြည့်ကျပ်နေ သောပရိသတ်က လူတိုင်းစေ့ မဖူးကြရ သဖြင့် မကျေမနပ် ဖြစ်ကြလေသည်။

နောက်ဆုံးတွင် ပရိသတ်ကြီးအား မြေပြင်တွင် ငြိမ်သက်စွာ ထိုင်စေကာ





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အား ပြတင်းပေါက်သို့ ပင့်ဆောင်ပေးလေမှ အားလုံး ဖူးခွင့်ရကာ ကျေနပ်ကြသည်။ ပရိသတ်အားလုံး၏ အခက်အခဲ ပြေလည်အောင် စီမံပေးနိုင်သဖြင့် ဆရာတော်က **"အောင်ပြီ အောင်ပြီ"** ဟူ၍ အော်ကာ တပည့် သံဃာတော်များကို ချီးမွမ်းသည်။

ပရိသတ်ကြီးကလည်း တစ်ခဲနက် သာဓု သုံးကြိမ်ခေါ်ကာ ဝမ်းမြောက်စွာ ပြန်သွားကြတော့သည်။ ထိုစဉ်က ကူညီ ဦးဆောင်ပေးကြသော တပည့်သံဃာတို့မှာ **မုံရွာမြို့၊ ပုဗ္ဗာရာမကျောင်း ဆရာတော်၊ ကွမ်တာကျောင်းဟောင်း ဆရာတော်နှင့် ရွာလွတ်ရွာ သတိပဋ္ဌာန် ဆရာတော်တို့** ဖြစ်ကြလေသည်။



◆ ဓေတမ်မှ ရိုက်ကူးခဲ့သော ပုံတော်

## နတ်ရေတွင်း

ထိုဖြစ်ရပ်နှင့် မရှေးမနှောင်းတွင်ပင် ဆရာတော် သီတင်းသုံးခဲ့ရာ ဝင်းရော်ဆိပ်ကြီးတောရ ပရိဝုဏ်၏ မြောက်ဘက် ကပ်လျက်တွင် ရေတွင်းတစ်တွင်း အလိုအလျောက် ပေါ်လာသည်။ ထိုတွင်းရေကို ခပ်ယူ၍ သောက်၊ ချိုး၊ လိမ်းကျံကြသူတို့မှာ မိမိခံစားနေရသော ရောဂါဝေဒနာ အသွယ်သွယ် ပျောက်ကင်းကြသည်ဆိုသဖြင့် နတ်ရေတွင်းဟု ခေါ်ဝေါ်ကာ နေ့စဉ် လာရောက် ခပ်ယူသူတို့ မပြတ်စည်ကားလျက်ရှိလေသည်။

ထိုအကြောင်း ဆရာတော်အား လျှောက်ထားသောအခါ...

'ဒီအတိုင်းမှန်ရင် ကောင်းပေစွ၊ သာဓု... သာဓု...သာဓုပျာ။ နတ်ရေတွင်းပေါ်လာရင် ဝေဒနာရှင်တွေ ချမ်းသာရမှာပေါ့။ အဲဒီ နတ်ရေတွင်းကို ဗိုဗိုအားထားကြပေါ့'

ဟူ၍ အားပေးစကား မိန့်ကြားလေသည်။

ထိုသို့ ကြားသိရပြီး တစ်နှစ်ကျော်ခန့် အကြာ ကထိန်ကာလတွင် ထေရုပ္ပတ္တိရေးသူ ဆရာတော်အရှင်ဝေဒဂူ ကိုယ်တိုင် ကထိန်ပွဲကြွသဖြင့် အခိုပါနေရာသို့ သွားရောက် လေ့လာသောအခါ ရေသာမက မြေကြီးကိုပါ တူးထားသဖြင့် ရေမတွင်းချိုင့်ကြီး ဖြစ်နေသည်ကို မြင်တွေ့ရသည် ဆိုလေသည်။

## ဆရာကို မယုံသည့် ဒါယကာ

မုံရွာမြို့မှ ဒါယကာ ဦးကျော်သန်းသည် နေမွန်းတည့်အချိန်ခန့်တွင် တောရကျောင်းသို့ လာရောက်ကာ ဆရာတော်အား ဖူးမြော်သည်။ ရှိခိုး ဝတ်ဖြည့်ပြီးသောအခါ ဆရာတော်က...

'ကျော်သန်း... ခုနတုန်းက မြရင် မော်တော်ကားစီးပြီး မော်လမြိုင် တက်သွားတယ်။ မမြင်လိုက်ဘူးလား'

ဟု မေးသည်။ ဦးကျော်သန်းက ဆရာတော် သက်တော်ကြီး၍ သူငယ်ပြန်သည်ဟု ထင်မှတ်ကာ...

'ဆရာတော်ဘုရား... မြရင် အိမ်မှာပဲ ရှိပါတယ်။ မော်လမြိုင် မသွားပါဘူး'

ဟု ပြန်လျှောက်ရာ...

'ကျော်သန်းက မယုံတဲ့ကိုး။ ခုပဲ မြရင် ကားစီးပြီး မြို့ကို တက်သွားတယ်'

ဟု ထပ်မံ မိန့်ကြားသော်လည်း ဦးကျော်သန်းက ဖွတ်သာ ငြင်းနေလေသည်။ **(မော်လမြိုင်ဝန်းကျင်ရှိ ပေါင်၊ သထုံ၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော စသည့် မြို့နယ်မြို့မှ လူထုက မော်လမြိုင်ကို "မြို့"ဟု သာခေါ်၍ မော်လမြိုင်သို့ သွားသည်ကို "မြို့သွားတယ်"ဟုသာ ပြောဆိုလေ့ ရှိပါသည်။)**

ညနေစောင်းတွင် မုဒုံသို့ ပြန်ခဲ့ရာ အိမ်အရောက် မြရင်နှင့် ... ကျိုး အကြောင်းပြောဆိုရာ "ဒီနေ့ ကိစ္စ





www.burmeseclassic.com

www.burmeseclassic.com

ညည်းနည်းရှိလို့နာရီပြန် တစ်ချက်လောက်မှာ မြို့ကို ခဏတက်သွားတယ်''ဟု ပြောပြလေသည်။

တစ်ကြိမ်တွင်လည်း ဆရာတော်ကြီးသည် အခန်းတွင်းမှ ထွက်လာကာ ကပ္ပိယဦးဆိုင်အား...

'ဒီနေ့ အာဂန္တုရဟန်းတွေ၊ လူညှိုသည်တွေ ရောက်လာမယ်။ တောရကျောင်းမှာ ဆွမ်းများများချက်ထားပါ'

ဟု မိန့်တော်မူသည်။ ဦးဆိုင်က အမှုမဲ့အမှတ်မဲ့နေခဲ့ရာ အာဂန္တုများ၊ ညှိုသည်များ ရောက်လာသောအခါ အလောတကြီး အလုပ်များရလေတော့သည်။

နောင်တွင် ဆရာတော်ကြီး မိန့်တော်မူလျှင် ချက်ချင်းပင် ဆွမ်း,ဆွမ်းဟင်းများ ပြင်ဆင်ထားကြလေတော့သည်။

ဦးဘဟင်က ဆက်လက်၍ သူ၏ အတွေ့အကြုံတစ်ခုကို ပြောပြသည်။

တစ်ညနေ မိုးချုပ်ခါနီးမှာ...

'အာဂန္တုရဟန်းနှစ်ပါး ရောက်လာမယ်။ အိပ်ရာ,ခြင်ထောင်တွေ ပြင်ထားပါ'

ဟု မိန့်ကြားသဖြင့် ဆရာတော်၏ တူတော်သူ ဦးရောင်က သူတာဝန်ယူပါမည်ဟု ဆိုသည်။ ဦးရောင်၏ ဥယျာဉ်ခြံမှာ တောရကျောင်းအနီး၌ ရှိသဖြင့် အဆင်ပြေသောကြောင့် ဖြစ်သည်။

သို့ဖြင့် ဦးရောင်သည် အိပ်ရာ, ခြင်ထောင်များ အသင့်ပြင်ကာ ဘင်လှိုင်ဘုရားအနီး မော်တော်ကားလမ်းမှ စောင့်ဆိုင်းနေစဉ် (မြစိမ်းဆရာတော်ဖြစ်လာမည့်)အရှင်ရာဟုလာနှင့် ရဟန်းတစ်ပါး တရားအမှတ်ဖြင့် လျှောက်လာသည်ကို တွေ့ရသည်။

အကျိုးအကြောင်း မေးလျှောက်ပြီးမှ တောရကျောင်းသို့ ပင့်ဆောင်သွားကာ အိပ်ရာနေရာပေးကြသည်။ အရှင်ရာဟုလာသည် ဆရာတော်၏ လမ်းညွှန်မှုကြောင့် ပဋိပတ်ခရီး အခက်အခဲပြေလည်သွားသဖြင့် ဆရာအမှတ်အဖြစ် အမြဲ ရှိခိုးဂါရဝပြုကြောင်း မိန့်တော်မူလေသည်။

## နတ်များနှင့် စကားပြောခြင်း

ဆရာတော် အရှင်ဇောတိပါလသည် ၁၃၃၈ ခုနှစ်မှစ၍ တစ်ပါးကျောင်းအနီး သရက်ပင်ကြီးမှ ရုက္ခစိုးတို့ ဘုရားရှိခိုးသံ၊ ပရိတ်ပူဇော်သံများကို အမြဲ ကြားနေရကြောင်း မိန့်တော်မူသည်။ သာသနာရေးကိစ္စဖြင့် ခရီးကြွချီရာတွင်လည်း ရောက်ရာဒေသမှ နတ်တို့၏ ဘုရားရှိခိုး၊ ပရိတ်ပူဇော်သံများကြားရသည် ဆို၏။

ထို့အပြင် ဆရာတော်ကြီးက **"နတ်များရောက်လာသည်ကို မြင်တွေ့ရကြောင်း"** မကြာခဏ မိန့်ကြားလေ့ရှိသည်။ တောစောင့်တောင်စောင့်နတ်၊ ရုက္ခစိုးနတ်တို့သည်လည်း မကြာခဏလာရောက်ကာ ဆရာတော်နှင့် စကားပြောဆိုသည်။

တစ်ခါတစ်ရံတွင် ကျောင်းခန်းပြတင်းတံခါးဖွင့်ကာ **"ကဲ...ကဲ သွားတော့...သွားတော့၊ မလာကြနဲ့တော့"** ဟု လက်ကာပြ၍ တစ်ပါးတည်း ပြောဆိုနေသည်ကို မြင်ရကြောင်း ကြားသိရသည်။

ဆရာတော်ကျောင်းအနီးရှိ သရက်ပင်ကြီးမှာ လဲပြိုလျှင် ကျောင်းထိခိုက်မည်စိုးရိမ်ရသဖြင့် နောက်ပိုင်း၌ ဒါယကာများက ခုတ်လှဲပစ်လိုက်ကြသည် ဆိုပါသည်။

## အိပ်မက်နိမိတ်

၁၃၄၇ ခုနှစ်၊ ပထမဝါဆိုလဆုတ် (၁)ရက် ညဉ့်သန်းခေါင်ကျော် (၁)နာရီခန့်တွင် ဆရာတော်အား အလွန်ကြည်ညိုသည့် ဒါယကာတစ်ဦး ဖြစ်သည့် ဦးဖေတင်သည် သူ နေထိုင်ရာ မော်လမြိုင်၊ ဒိုင်းဝန်ကွင်း၊ ပျဉ်ထောင်တန်းရပ် အမှတ် (၅၀)နေအိမ်တွင် အိပ်မက် မြင်မက်သည်။

ဘုန်းကြီးတစ်ပါးသည် သူ၏ အိမ်ခေါင်မိုးအထက် ဝေဟင်ယံ၌ ဈာန်ခရီး ပျံကြွနေသည်။ ထူးဆန်းလှသဖြင့် မော့ကြည့်လိုက်ရာ သူ အလွန်ကြည်ညိုသော ရေတံခွန်တောင်ဆရာတော်ကြီး ဖြစ်သည်။ ဝမ်းမြောက်ဝမ်းသာ ရှိနေခိုက် အိပ်ရာမှ နိုး၏။

နံနက်လင်းသော် သူနှင့် ခင်မင်ရင်းနှီးသော မုဒုံမြို့၊ ပိန္နဲတိုက်ရပ်၊ ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်ကွန်ထံ သွားရောက်ကာ ဆရာတော်ကို ဆွမ်းစားပင့်လိုကြောင်း ပြောဆိုတိုင်ပင်သည်။

ဒေါ်ကွန်က ဆရာတော်ကြီးသည် လပြည့်ကျော် (၁)ရက်နေ့ကပင် မော်လမြိုင် မဟာရင်စာသင်တိုက်သို့ ကြွသွားပြီဖြစ်ကြောင်း ပြောပြသည်။ ထိုအခါမှ သူ အိပ်မက် မက်သောအချိန်တွင် ဆရာတော်ကြီး မော်လမြိုင်၌ ရှိနေကြောင်း သိရလေသည်။

ထိုအချိန်တွင် မော်လမြိုင် မဟာရင်စာသင်တိုက် ဆရာတော် ဦးဇာဂရသည် ဇာတိမြေ ကော့ဘိန်းရွာဝါးတောရကျောင်းသို့ ရောက်နေသည်။ ညဘက်တွင် ရေတံခွန်တောင် ဆရာတော်ကြီး သူ၏(မော်လမြိုင်မဟာရင်) ကျောင်းသို့ ကြွရောက်ကြောင်း အိပ်မက် မက်သည်။

မိုးလင်းသော် သီတင်းသုံးဖော်ရဟန်းများနှင့် အိပ်မက်အကြောင်း ပြောဆိုနေခိုက် စာတစ်စောင် ရောက်လာသဖြင့် ဖွင့်ဖတ်ကြည့်ရာ ဆရာတော်ကြီး မဟာရင်ကျောင်းသို့ ရောက်နေသည့်အကြောင်း အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com

စာဖြစ်နေသည်။ သို့ဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုရန် မော်လမြိုင်သို့ အလျင်အမြန် ပြန်လာခဲ့လေသည်။

## တရားကျင့်ကြံ ပေါက်မြောက်မှု

ဆရာတော် အရှင်ဇောတိပါလ၏ ကမ္မဋ္ဌာန်းတရား ကျင့်ကြံပေါက်မြောက်မှုနှင့် ပတ်သက်၍ ကိုယ်တော်တိုင်လည်း မိန့်ကြားလေ့ မရှိပါ။ ခမာဂုဏ်၊ ခန္တီဂုဏ် လက်ကိုင်ထား၍ ဝင့်ဝါခြင်းမရှိ၊ စကားနည်းပါးသူ ဖြစ်သည်သာမက တပည့်ရဟန်း၊ ဒါယကာတို့အားလည်း **"စကားကို နည်းနည်းသာ ပြော၊ စိတ်ကြံတိုင်း ဖွင့်အန်မပြောနှင့်"**ဟု ဆုံးမတော်မူလေ့ ရှိသည်။ ဆရာတော်သည်...

- ✪ သက်တော် (၉၉)နှစ် (၉)လတိုင်အောင် အာယုဝုမ္မိဂုဏ်၊
- ✪ သိက္ခာတော် (၈၀)ဝါ ဟူသော သီလဝုမ္မိဂုဏ်၊
- ✪ စတုတ္ထအရွယ်ဟူသော ဝယဝုမ္မိဂုဏ်၊
- ✪ မဟာရင်ဂိုဏ်းချုပ်ဟူသော ဂုဏဝုမ္မိဂုဏ်၊
- ✪ အရည်ရတိဟူသော ဓုတင်္ဂဂုဏ်

ဟူသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသည်။

'မောဃ ကာလံ န ခေပယေ'

**'အကျိုးမပြီး အချည်းနှီးသော အချိန်ကို မကုန်စေမှု'**၍ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကာလ ဗုဒ္ဓမြတ်စွာ သာသနာနှင့် ကြုံတွေ့ရခိုက်တွင် လူ့ဘဝဖြစ်ရကျိုးနှင့် သာသနာ တွေ့ရကျိုးနပ်အောင် သတိဆောင်ကာ နေထိုင်သွားရန် အမြဲ တိုက်တွန်းသကဲ့သို့ မိမိကိုယ်တိုင်လည်း အကျိုးရှိအောင် နေထိုင်တော်မူခဲ့သည်။

ဆရာတော် တောမိုကျင့်ကြံအားထုတ်ခဲ့သည့် (၆၂)နှစ်တာကာလအတွင်း လဲလျောင်းကျိန်းစက်လေ့ မရှိ၊ ခုတင်အိပ်ရာတွင် မကျိန်း၊ ကျောမှီပါ ကုလားထိုင်ဖြင့်သာ သီတင်းသုံးတော်မူသည်။

မဟာရင်ဂိုဏ်းဆိုင်ရာကိစ္စ၊ သာသနာရေးကိစ္စများအတွက် ကြွချီရာတွင် အာဂန္တုအဖြစ် နေရစဉ် ခုတင်အိပ်ရာ စီစဉ်ထားပါက ငြင်းပယ်ခြင်းမရှိ ခေတ္တ သီတင်းသုံးတော်မူသည်ဟု သာသနာဝေပုလ္လာရာမကျောင်း ဆရာတော် အရှင်ဥပါလိက မိန့်ကြားတော်မူသည်။

အရှင်ဥပါလိသည် ဆရာတော် ဦးဇောတိပါလ၏ မြေးတော်စပ်သည့်အပြင် ဆရာတော် ထင်ရှားရှိစဉ်ကလည်း ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့ရသော ဆရာတော်တစ်ပါး ဖြစ်သည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ကျန်းမာရေးအစ မည်သို့ အလုပ်များစေကာမူ အချိန်မှန်စွာ နေ့စဉ်မပျက် စီးဖြန်းလေ့ရှိသည်။ ဆရာတော်က ထုတ်ဖော်မြွက်ကြားခြင်း မရှိသော်လည်း ထိုင်းနိုင်ငံတွင် ပညာသင်ယူစဉ်က ထူးခြားသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံမှ နည်းနာခံယူ ရရှိခဲ့သည်ဟု ယူဆရသည်။

ဆရာတော် ပျံလွန်တော်မူပြီးနောက် ခေါင်းအုံးနံ့ဘေးတွင် **"အောင်ပြီ၊ အောင်ပြီ၊ အနိစ္စ၊ အနိစ္စ"**ဟူသော စာသားကို ဆရာတော့်လက်ရေးနှင့် မြင်တွေ့ကြရသည်။

ထိုမှတ်တမ်းကို ယနေ့တိုင် သက်ရှိထင်ရှား ရှိသေးသော တပည့်ရင်း ဦးဘဟင်က တွေ့ရှိ သိမ်းဆည်းထားခဲ့သည်။ မည်သည်ကို ရည်ရွယ်ကြောင်းကိုမူ မတွေးဆနိုင်ကြပေ။

## နောက်ဆုံးကာလများ

ရေတံခွန်တောင် ဆရာတော်ကြီး သက်တော် (၉၉)နှစ် (၃)လအရောက်တွင် သက်တော် ကြီးရင့်လှပြီဖြစ်၍ အနီးကပ်ပြုစုနိုင်ရန်အတွက် ကဝိုးရွာတွင် ကျောင်းထိုင်နေသော ဆရာတော် အရှင်ဥပါလိသည် ရေတံခွန်တောင်ပေါ်တောရသို့ ရောက်ရှိလာခဲ့သည်။

ပျံတော်မူမည့်နေ့ နံနက်တွင် အရှင်ဥပါလိက ဆွမ်းခွံ့ပေးသည်ကို ဖြည်းဖြည်းချင်း ဘုဉ်းပေးသည်။ ထို့နောက် လက်ဆေးပြီးလျှင်...

'ဒီမှာ နေမလား'

ဟု မေးတော်မူသည်။ အရှင်ဥပါလိက...

'နေပါ့မယ်ဘုရား'

ဟု ပြန်ဖြေရာ...

'ကောင်းတယ်၊ ကောင်းတယ်'

ဟု ဆိုလျက် ကုလားထိုင်ပေါ်၌ တရားမှတ်နေလေသည်။

နေ့ခင်း (၁)နာရီတွင် ထွေးခံခေါက်သံကြားသဖြင့် အနားသွားရာ ကွမ်းရွက်စိမ်းရည်ဖြင့် လက်ဆေး၍ ပတ်ဝန်းကျင်ကို အနည်းငယ် မျက်စိ ကစားကာ ဆက်လက်ရှုမှတ်နေပြန်သည်။

(၄)နာရီထိုးသောအခါ မိမိမှာ ကော့ခပုံရွာ ဝေပုလ္လာရာမကျောင်း၌ ကမ္မဝါညှပ်ရန် ရှိသည့်အပြင် တောရကျောင်းတွင်လည်း ဦးမြမင်း၊ ဦးဘဟင်စသည့် တပည့်ရင်းများစွာ ရှိနေသဖြင့် ဆရာတော်အနီးသွားကာ ခွင့်တောင်းရန် ပြင်သည်။

ဆရာတော် မျက်စိမဖွင့်သဖြင့် ခြေဆုပ်လက်နယ်ပြုပေးသည်။ ထိုအခါ ဆရာတော်က...

'ပြန်တော့'

ဟု တိုးညှင်းစွာ မိန့်ကြားသည်။

သို့ဖြင့် ဝေပုလ္လာရာမကျောင်းသို့ ပြန်ဆင်းလာကာ ပြုဖွယ်ကိစ္စများပြုပြီး ည (၉)နာရီခွဲခန့်တွင် ကျိန်းစက်ရာ

www.burmeseclassic.com

www.burmeseclassic.com



▲ ရေတံခွန်တောင်တောရ လက်ရှိမြင်ကွင်း

ဆရာတော် ကြွလာပြီး...

**'ငါ ရေတံခွန်တောင်မှာ မနေတော့ဘူး။ ဒီမှာ ကျိန်းမယ်'**

ဟု မိန့်ကြားသည်ကို အိပ်မက်မက်မြင်လေသည်။

နံနက်တွင် ဆရာတော် ယမန်နေ့ ည (၉)နာရီ (၂၀)မိနစ်က ပျံလွန်တော်မူကြောင်း သိရသည်။ အိပ်မက်အတိုင်း ရုပ်ကလာပ်တော်ကို ဝေပုလ္လာရာမ ကျောင်း ဆွမ်းစားဆောင်သို့ ပင့်ဆောင်ကာ အန္တိမဈာပနသဘင် ကျင်းပရေး စီစဉ်ကြလေသည်။

ကော့ခပုံကျေးရွာ သာသနာ ဝေပုလ္လာရာမကျောင်း (လက်ရှိ)ဆရာတော် ဘဒ္ဒန္တ ဥပါလိက မိန့်ကြားတော်မူခြင်း ဖြစ်သည်။

ဆရာတော်၏ အနီးနေ တပည့်ရင်းတစ်ဦးဖြစ်သော အသက် (၉၇)နှစ်ရှိပြီဖြစ်သည့် ဦးဘဟင် နေထိုင်ရာ မုဒုံမြို့၊ ဗိုလ်ချုပ်လမ်းနေအိမ်သို့ သွားရောက်လေ့လာမေးမြန်းရာ ဦးဘဟင်ကလည်း နောက်ဆုံးကာလနှင့် ပတ်သက်၍ ဤသို့ ပြောပြသည်။

'ကျုပ် (၈)နှစ်သားအရွယ် ၁၂၈၅ ခုနှစ်မှာ ဝင်းရော်ဆိပ်ကြီး တောရဆရာတော် ဦးဇောတိပါလဆီမှာ ကျောင်းသားအဖြစ် ပညာသင်ကြားပါတယ်။ ကျုပ်အသက် (၃၇)နှစ်အရွယ် ၁၃၂၂ ခုနှစ်မှာ ဝင်းရော်ဆိပ်ကြီးရွာကနေ ကော့ခပုံ ရေတံခွန်တောင်တောရ ကျောင်းကို ပြောင်းရွှေ့လာတယ်။

အဲဒီအချိန်က ရေတံခွန်တောင်မှာ ဆရာတော် အပြီးအပိုင် မနေသေးပါဘူး။ ခေတ္တကာလ အခြေအနေအရ လက်နက်ကိုင် သောင်းကျန်းသူတွေ ရန်က ဝေးအောင် ဝင်းရော်ဆိပ်ကြီး ရွာသားအတော်များများ ဒီလိုပဲ တခြားနယ်ပယ်ဒေသဆီ ပြောင်းရွှေ့ကြတယ်လေ။ ရွာမှာ အိမ်ခြေ (၈၀)လောက်ပဲ ကျန်ခဲ့တယ်။

ရေတံခွန်တောင်မှာ တစ်နှစ်လောက်နေပြီး မုဒုံမြို့မှာ အိမ်ငှား၊ နောက်တော့ အခု မြေကွက်ဝယ် အိမ်ဆောက်နေဖြစ်တယ်။ ၁၃၂၇ ခုနှစ်မှာ ဆရာတော်ကြီး ရေတံခွန်တောင်ကို အပြီးပြောင်းရွှေ့လာတော့ နေ့တိုင်းသွားပြီး ဝတ်ကြီးဝတ်ငယ် ပြုစုတယ်။ နောက်ပိုင်း ကျောင်းမှာ အိပ်ပြီးနေခဲ့တာ ဆရာတော် ပျံလွန်တော်မူမှ အိမ်ပြန်ဖြစ်တော့တယ်။

ပျံလွန်တော်မမူမီ ညနေ (၄)နာရီလောက်မှာ ဆရာတော် ရေချိုးပြီးလို့ နှိပ်နယ်ပေးနေတုန်း...

"ငါ ဟိမဝန္တာ ရောက်ဖူးတယ်"

"ဟာ ဘုန်းဘုန်းကလဲ၊ တပည့်တော်တို့နဲ့ အမြဲအတူရှိနေတာပဲဟာ၊ ဘယ်တုန်းက သွားတာလဲ"

"ငါ အိပ်မက်နဲ့ သွားတာကွ"

"အဲဒီမှာ လူတွေ ရှိသလား"

"ရှိတယ်။ ပိတ်ဖြူနဲ့၊ ပုဆိုးနဲ့ရော၊ ရဲဝတ်စုံ၊ စစ်သားဝတ်စုံတွေနဲ့ရော အစုံရှိတယ်"

လို့ ပြောတယ်'

ဦးဘဟင်က ဆရာတော် တောရဆောက်တည်ကာ မိပရုံတောင်၊ ဖားပြုတောင်များတွင် ကြုံတွေ့ရသော အဖြစ်အပျက်အချို့ကို ပြောပြပြီးနောက်...

'ပျံလွန်တော်မူတဲ့နေ့ နေ့ဆွမ်းဘုဉ်းပေးပြီးတာနဲ့ (၁၂)နာရီကစလို့ ည (၉)နာရီကျော်အထိ ကုလားထိုင်ပေါ်မှာ တရားမှတ်နေတယ်။ (၉)နာရီ (၂၀)မိနစ်အချိန်ကျမှ (၉)နှစ်၊ (၉)လ၊ (၉)ရက်တိတိ ထမ်းခဲ့တဲ့ ခန္ဓာဝန်ကို ချတော်မူပါတယ်။

တပည့် ဆရာတော်တွေ၊ ဒကာတွေကို အကြောင်းကြားပြီး ရုပ်ကလပ်တော် ပြောင်းရွှေ့ကြတော့ ဆရာတော်ရဲ့ ခေါင်းရင်းအနားမှာ စာရွက်ကလေးတစ်ခု တွေ့ရတယ်။ "အောင်ပြီ၊ အောင်ပြီ၊ အနိစ္စ၊ အနိစ္စ"လို့ ရေးထားတယ်။ ဘာအဓိပ္ပာယ်မှန်းတော့ မသိရပါဘူး'

**ရွှေလ ဆက်ဖတ်ပါရန်**

**ခရီးသည်သုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာ ‌ဆောင်းပါး ◀

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တာဆလတိုး (၁၃၁၂)

# နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)သေတာဝီလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

**ရေးသူ ထော်လယ်ဥ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

မြင်သာတောင်

# ဆံတော်ရှင်ရွှေစေတီ

တုန်းတော်ဆီသို့ (၂)

စံလွန်းသာ

**ယခင်လမှအဆက်**

- ချစ်သား အာနန္ဒာ၊ တစ်ဆူတစ်ဆူသော ဆံတော်ဓာတ်စေတီတို့သည် များစွာသော ပြည်သူတို့ စုစည်း ညီညွတ်စွာ မွမ်းမံ တည်ဆောက်လတ္တံ့။
- ချစ်သား အာနန္ဒာ၊ ထိုဆံတော်ဓာတ်စေတီတို့အား ကိုးကွယ် ဆည်းကပ်သူတို့သည် ကြီးပွား ချမ်းသာခြင်းကို ဖြစ်စေလတ္တံ့။

ဟူ၍ လေးခွန်းသော ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

***(သောဏ္ဍာယစေတီ ကျောက်စာ)***

ဤသို့လျှင် ဆကေသဓာတုဝင်ကျမ်း၊ သောဏ္ဍာယစေတီ ကျောက်စာတို့အရ မြင်သာတောင်ပေါ်ရှိ ဆံတော်ရှင်စေတီကို ရဟန်းရှင်လူ သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့ ရှာဖွေကြပါသော်လည်း အကြောင်းကံသိုလ်ဆက် ညီညွတ်သဖြင့် မတွေ့ရှိကြရပေ။ (ဤတွင် ရသေ့=ရှင်ငယ်ဖြစ်၍ "ရှင်" တွင် ပါဝင်သည်။)

၁၃၃၅ ခုနှစ်၊ တပေါင်းလဆုတ် (၁၄)ရက်နေ့တွင် ပုပ္ပါးတောင်တွင် တရားအားထုတ်နေရာမှ တောင်စွန်း၊ နတ်သုတ်၊ ကေလာသ၊ ယက္ကန်းသည်မ စသည့် သထုံရှေးမြို့တော်ဟောင်း တစ်ဝိုက်သို့ ပြောင်းရွှေ့လာသော **ရသေ့ ဦးမဟိန္ဒ** (လူမည် ဦးအောင်)သည် မြင်သာတောင်ပေါ်သို့ ရောက်ရှိကာ (၉)ပါးသီလ လုံခြုံစွာဖြင့် ကျင့်ကြံကာ ရွှေစေတီကို



ပထမအဓိဋ္ဌာန်အောင်စေတီ

ရှာဖွေခဲ့သည်။

ထို့နောက် ၁၃၃၆ ခုနှစ်၊ ကဆုန်လဆုတ် (၁၄)ရက်နေ့တွင် ဦးမဟိန္ဒ၏ အတိတ်ကံပါရမီအားလျော်စွာ ရွှေစေတီ၏ ဆံတော်တိုက်ကို တွေ့ရှိရလေသည်။ ထိုနှစ် ဝါကျွတ်ချိန် ဆောင်းဦးကာလ ရောက်သောအခါ နှင်းပုလဲ ရွာလယ်ကျောင်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိမလကို ဥပဇ္ဈာယ်ပြုကာ ရဟန်း ဘောင်သို့ ပြန်လည် ဝင်ရောက်၍ အရှင်မဟိန္ဒဖြစ်လာသည်။

**ဦးမဟိန္ဒသည် ၁၃၀၃ ခုနှစ်တွင် ရဟန်းဘောင်သို့ ပထမကြိမ် ရောက်ရှိကာ ပြည်မြို့မှ ဆရာတော် ဦးသုဇာတ (နောင်တွင် ရွှေတောင် ချော့ ခေါ် ဆရာတော်ကြီး ဖြစ် လာသူ)နှင့်အတူ ပုပ္ပါးတောင်၌ တရားအားထုတ်ရာ ကပ္ပိယ ကာရက မရှိသဖြင့် သာသနာတော်ကို ပိုမို အားထုတ်ပြုစုနိုင်ရန် နှစ်ပါးစလုံး ရသေ့ဘဝ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။**


**ဦးသုဇာတ၏ လုံ့လ၊ ဥဿာဟ ဖြင့် ပွင့်ထွန်းတော်မူသော "ချော့ ခေါ်" စေတီတော်ကြီးသည် ရွှေ တောင်မြို့ ရွှေနတ်တောင်သွား လမ်း၊ ကုန်းမြင့်ထက်၌ ထည်ဝါစွာ စံပယ်တော်မူပါသည်။**

အရှင်မဟိန္ဒသည် ကြီးစွာသော သီလ၊ သမာဓိ၊ ပညာဖြင့် ဥဿာဟ ပြုခဲ့ရာ ရွှေတိဂုံပုံစံတူ ဉာဏ်တော် အမြင့် (၂၇)တောင်ရှိ သောဏ္ဍာယ စေတီတော်သည် အရံစေတီ (၄၄)ဆူ နှင့်အတူ ၁၃၄၅ ခုနှစ်၊ တပေါင်းလ ပြည့်နေ့တွင် ထီးတော်တင်ပွဲနှင့် ဗုဒ္ဓါ ဘိသေကမင်္ဂလာပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့လေသည်။

သိကြားမင်း ကူညီ ညွှန်ပြသဖြင့် လည်းကောင်း၊ သိကြားသာသနာ (ခေါ်) သာသနာနှစ် (၂၅၀၀)ကျော် တွင် တစ်ဖန် ပွင့်ထွန်းရသဖြင့် လည်း ကောင်း သက္က ထူပ သောဏ္ဍာယ ဆံတော်ရှင် ရွှေစေတီဟူ၍ ဘွဲ့မည် ကပ်လှူထားလေသည်။

## ရှေ့တော်မှောက်သို့

စေတီသမိုင်းအကျဉ်းကို ကြည်ညို



◆ ကျွန်းလုံး အေးချမ်းသာယာစေတီ

လေ့လာနေစဉ် စေတီတော် ဂေါပအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းသန်းလည်း ဆွမ်းကပ် ရန် ရောက်ရှိလာသဖြင့် တောင်တော် သာသနာမြေတစ်ခွင် စုံလင်အောင် လိုက်ပါ ပို့ဆောင် ရှင်းပြသည်။

ရှေးဦးစွာ ဆံတော်ရှင်ရွှေစေတီသို့ သွားရောက်ဖူးမြော်ကြသည်။

'ဖိနပ်စီးပါ။ ဆရာတော်က ခွင့်ပြု ထားပါတယ်။ တောင်ပေါ်က ကျောက်ခဲ အချွန်အတက်ပေါတဲ့အပြင် ဒီလို ဖိနပ် စီးခွင့်ပြုထားတော့ မြေကြီးက အညစ် အကြေးတွေ ကျောင်းပေါ် မရောက်လို့ ပိုပြီး သန့်ရှင်းစေသတဲ့'

စေတီတော်မှာ တောင်ထိပ်အရှေ့ ဘက် ကုန်းစောင်းတွင် ကိန်းဝပ်တော် မူသည်။ ရွှေတိဂုံပုံစံတူစေတီဖြစ်၍ အရံစေတီများစွာ ပူဇော်ထားသဖြင့် ထည်ဝါသပ္ပာယ်လှပါသည်။ စေတီ တော်အား ဦးချကန်တော့ပြီးနောက် စေတီရင်ပြင်အား လှည့်ပတ်ကြည့်ရာ အရှေ့ဘက် တန်ဆောင်းအတွင်း၌ ရုပ်တော်မှ ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ ရသည်။ အနန္တရေဒီပံ မြတ်စွာဘုရား

ဟု ကမ္ပည်းတင်ထားသည်။ ဦးစိုးမင်း သန်းက ဤသို့ ပြောပြသည်။

'မြစ်ရေကြီးတဲ့ အချိန်တွေမှာ မျော ပါလာတဲ့ ထင်းတုံးတွေကို ကမ်းပေါ် ဆယ်ပြီး ထင်းအဖြစ် သုံးလေ့ရှိကြရာ မှာ အိမ်အောက်မှာပဲ စုပုံထားကြပါ တယ်။ စုပုံတယ်ဆိုပေမယ့် နေရာကျ အောင် စီထပ်ရတာပေါ့။

အဲဒီမှာ ထင်းတုံးကြီးတစ်တုံးက အကြီးဆုံး၊ အရှည်ဆုံးဖြစ်လို့ အောက် ဆုံးက ထားတယ်။ ဒါပေမယ့် မနက် စောစော မိုးလင်းတာနဲ့ အောက်ဆုံးက နေ ထင်းပုံပေါ် ရောက်နေတယ်။ တစ်ယောက်ယောက် ရွှေ့ထားသလား လို့ တွေးမိပေမယ့် မေ့မေ့ပျောက် ပျောက် ထားလိုက်ကြတယ်။ အဲဒီည ရောက်တော့...

"မင်းတို့ ငါ့ကို ညစ်ပတ်တဲ့မြေအနိမ့် အိမ် အောက်မှာ မထားကြပါနဲ့။ ရုပ်ပွားတော်ထု ပြီး မြင်သာတောင်က ရွှေစေတီကို ပို့ပေးကြ ပါ"

လို့ အိပ်မက်ပေးသတဲ့။ နှစ်ခါ၊ သုံး ခါ မက်တော့မှ ဆရာတော်ဆီ လာ





www.burmeseclassic.com


www.burmeseclassic.com



◆ ဝိဇ္ဇာတန်ဆောင်တွင်း ဆရာတော်များ

◆ ဝိဇ္ဇာရုပ်တုများ





◆ ဝိဇ္ဇာတန်ဆောင်

လျှောက်ကြလို့ မတ်ရပ်တော်ထုဆစ်ပြီး ဒီနေရာကို ပင့်ဆောင်ပူဇော်ထားကြတယ်။

အဲဒီ မိသားစုလဲ စီးပွားရေး ကောင်းလာလို့ အိမ်ခြံရောင်းပြီး မြို့(မော်လမြိုင်)ကို ပြောင်းသွားကြပါပြီ။ ထင်းတုံးကြီး ကမ်းပေါ်ရှိတုန်းကတည်းက အဝတ်လျှော်မိရင်၊ မိန်းမ တက်ထိုင်မိရင် ချက်ချင်း ဖျားနာကြသတဲ့'

ရုပ်ပွားတော်မှာ ရင်ပြင်အတွင်း မှန်ချပ်ကြီးများ ကာရံပူဇော်ထားသဖြင့် ဖူးမြော်ရ အဆင်ပြေသော်လည်း ဓာတ်ပုံပူဇော်ရာတွင် အလင်းဖွာကာ အခက်အခဲတွေ့ရသည်။ တတ်နိုင်သမျှ ပုံပေါ်စေရန် ရိုက်ကူးတင်ပြလိုက်ပါသည်။

ထိုနေရာမှ အရှေ့ဘက် အဝေးဆီ၌ **ကုသိန္နာရုံတောင်နှင့် မဲလန်ဆံတော်ရှင်တောင်**တို့ကို လှမ်းမြင်ရသည်။ အရှေ့ဘက် အခြေ မဝေးလှသောနေရာတွင် **ဒေးခင်တောင်နှင့်** စေတီကို ဖူးမြင်ရသည်။


မွန်ဘာသာ **'ဒေးကင်း'**မှ ရွေ့လျော လာခြင်းဖြစ်သည်။ **'ဒေး'**မှာ 'တောင်'၊ **'ကင်း'**မှာ ကင်းစောင့်ခြင်း၊ ကင်းစခန်း ဟု အဓိပ္ပာယ်ရသည်။ ကင်းစခန်းရှိရာတောင်ဟု ဆိုလိုပေသည်။ ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်၍ ပါရမီဖြည့်ကျင့်သူတို့အတွက် ထူးခြားသော အဓိဋ္ဌာန်အောင် နေရာထူးတစ်ခုလည်း ဖြစ်သည်။

ကုန်းတော်တောင်ဘက်တွင် အုတ်တိုက် ဓမ္မာရုံကြီးတစ်ဆောင်ကို ကမ်းပါးထိပ်တွင် မေးတင်ဆောက်လုပ်ထားသည်။ စေတီရင်ပြင်တော်မှ ကြည့်လျှင် တစ်ထပ်ဆောင် ဖြစ်သော်လည်း ထူး



www.burmeseclassic.com

www.burmeseclassic.com



◆ ရာဟုထောင့်မှ သိကြားမင်း

စောင်းဆင်ခြေလှေျာအောက်မှ ကြည့်ပါက နှစ်ထပ်ဆောင်ကြီးလည်း ဖြစ်သည်။

တရားစခန်းကျင်းပချိန်နှင့် သကြံန်ကာလပွဲတော်ချိန်များတွင် အာဂန္တုသံဃာ၊ တရားစခန်းဝင် ယောဂီများ ပြည့်နှက်စည်ကားနေသည်ဟု သိရသည်။

သကြံန်ကာလတွင် ဝိပဿနာတရားစခန်း ဝင်နိုင်သကဲ့သို့ မိမိတို့ အဓိဋ္ဌာန်အရ အားသန်ရာ သမထကမ္မဋ္ဌာန်း ပွားများသူများလည်း ရှိကြသည်။ တောင်တော်တစ်ခွင် ဇရပ်များ၊ ကျောင်းဆောင်များအနှံ့ စည်ကားစွာ တွေ့ရသည်။

ထိုရက်ပိုင်းအတွင်း တောင်ပေါ်၌သာ နေထိုင်ကျင့်ကြံရ၍ တောင်အောက် မြို့တွင်းသို့ ဆင်းခွင့်မရှိပါ။ ထို့ကြောင့် တပည့်ဒါယကာများက တရားဝင် အဓိဋ္ဌာန်ဝင်သူတို့အတွက် ဆေးလိပ်၊ ကွမ်းယာ၊ ကော်ဖီမစ်မှအစ အသေးသုံးပစ္စည်းများကို တောင်ပေါ်၌ ဆိုင်ဖွင့် ရောင်းချပေးရသည်ဟု သိရသည်။


တောင်ဆင်ခြေလှေျာ အောက်နားတွင် သံဃာသုံး ကုဋီနှင့် လူယောဂီများအတွက် သန့်စင်ခန်း ဆောက်လုပ်ပေးထားသည်။ တောင်ပေါ် နေရာအနှံ့အပြား၌...

'သတ်မှတ်ထားသော နေရာမှလွဲ၍ အညစ်အကြေး စွန့်ပိုပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို ကူညီဖြေရှင်းပေးနိုင်မည် မဟုတ်ပါ"

ဟူသော သတိပေးစာတန်းများ ချိတ်ဆွဲထားသည်ကို သတိပြုမိသည်။

## အဓိဋ္ဌာန်အောင်စေတီများ

ဆံတော်ရှင် စေတီတော်ကြီး၏ အနောက်ဘက် တောင်ကုန်းထက်တွင် ပထမဆရာတော် အရှင်မဟိန္ဒ၏ အဓိဋ္ဌာန်အောင် စေတီများ ကိန်းဝပ်တော်မူကြသည်။ သစ္စာမဏ္ဍိုင်စေတီတော်ဟု ကမ္ပည်းတင်ထားသည့် မုခ်ဦးလှေကားအတိုင်း တက်ရောက်သောအခါ ရှစ်မြှောင့် အုတ်ခုံထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသော စေတီငယ်တစ်ဆူ ဖူးတွေ့ရသည်။ **ဆရာတော်ကြီး၏ ပထမဆုံး အဓိဋ္ဌာန်အောင်စေတီ ဖြစ်သည်။**



◆ တနင်္ဂနွေထောင့် သိကြားမိဖုရား

◆ တနင်္ဂနွေထောင့် သိကြားမင်း



ထိုမှအထက် ကုန်းမြင့်ထက်ရှိ အခြ
စေတီများနှင့်အတူ သစ္စာမဏ္ဍိုင်စေတီ
ကို ဖူးမြော်ရသည်။ ကုန်းတော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ပိုင်ဘိုးဘိုးကွန်းဆောင်

သို့ အမျိုးသမီးများ မတက်ရန် မေတ္တာရပ်ခံသည့် စာတန်း ချိတ်ဆွဲထားသည်။ ကုန်းတော်အခြေ တောင်ဘက်ရှိ အောင်မြေတွင်မူ အမျိုးသား၊ အမျိုးသမီး မခွဲခြား အာရုံပြု ဆုပန်ဖူးမြော်နိုင်လေသည်။

စောင်းတန်းလှေကား၏ တောင်ဘက်ကုန်းထိပ်တွင်မူ ဝိဇ္ဇာတန်ဆောင်း ရှိသည်။ တန်ဆောင်းတွင်း၌ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ဘိုးတော်အေး၊ ဘိုးတော်ပွင့်၊ ရှင်မထီးဆံရှည်ကိုယ်တော်၊ ရက္ခန်းစင်တောင် ဦးဩဘာသ၊ မြင်သာတောင် ဦးမဟိန္ဒ စသည်ဖြင့် အောက်ခြေကမှည်းနှင့်တကွ ရုပ်တုတော်များ သွန်းလုပ်ပူဇော်ထားလေသည်။

ဝိဇ္ဇာတန်ဆောင်းအတွင်း ဂါရဝပြုပြီး ပြန်ထွက်လာသောအခါ မြောက်ဘက်ကုန်းစောင်းတွင် **'ကမ္ဘာလုံးအေးချမ်းသာယာ ဆုတောင်းပြည့်စေတီ'**ကို ဖူးမြော်ရသည်။ စစ်ဘေးအန္တရာယ် ကင်းဝေးစေရန် ရည်ညွှန်းတည်ဆောက်ပူဇော်သောစေတီ ဖြစ်ကြောင်း သိရသည်။

စေတီတော် အနောက်မြောက်ထောင့်တွင်ကား သိကြားမင်းနှင့် အခြံအရံ နတ်သား(၂)ပါးရုပ်တု ရှိသည်။ သိကြားမင်း ညွှန်ပြကူညီပေးသည်ကို ရည်ညွှန်းပြုလုပ်ထားခြင်း ဖြစ်သည်။ စေတီ၏ အရှေ့မြောက်ထောင့်တွင်လည်း သိကြားမင်းရုပ်တုနှင့် ဗိမာန်တော်တစ်ခု ရှိသည်။

လုပ်ငန်းရှင်ကြီးတစ်ဦးသည် ဆံတော်ရှင်စေတီ၌ အဓိဋ္ဌာန်ဝင် ကျင့်ကြံစဉ် အာရုံ၌ သိကြားမင်း ကြွရောက်လာကာ ရင်ဆိုင်လုပ်ကိုင်နေသည့် အခက်အခဲ အလုပ်အကိုင်များအတွက် ကူညီမိန့်ကြားပေးခဲ့သည်ဟု သိရသည်။

ထိုပုဂ္ဂိုလ်လည်း အဓိဋ္ဌာန်အောင်မြင်ပြီး၍ အာရုံတွင် ထင်မြင်သည့်အတိုင်း ဤသိကြားမင်းရုပ်နှင့် ဗိမာန်ကို လာရောက်လှူဒါန်းသည်ဆို၏။ အနောက်မြောက်ထောင့် သိကြာမင်းဗိမာန်အနီးတွင် တောင်စောင့်ဘိုးဘိုး နတ်ကွန်းကို ဖူးတွေ့ရလေသည်။

## ရန်ပြေမာန်အောင် ရှေးရုပ်ပွားတော်

စေတီတော် မြောက်ဘက်တွင်ကား ရန်ပြေမာန်အောင် တန်ဆောင်းကြီး တည်ရှိ၏။ အတွင်း၌ မကိုဋ်စလွယ်ဆင်ကာ ရောင်လျှံတော်အဆင့်ဆင့် ပူဇော်ထားသည့် သပ္ပာယ်လှသော တင်ပျဉ်ခွေရုပ်ပွားတော် စံပယ်တော်မူသည်။

လွန်ခဲ့သော နှစ်,နှစ်ဆယ်ကျော်ခန့်က အမည်မဖော်လိုသူ ဒါယကာတစ်ဦး လာရောက် လှူဒါန်းထားခြင်း ဖြစ်သည်။ ရန်ဘေးဒုက္ခ၊ အမှုတပေါင်၊ မျက်နှာစာအသီးသီးမှ အခက်အခဲ ပြဿနာများ စသည်တို့အတွက် ပြေလည်ငြိမ်းအေးစေသည့် ဆုတောင်းပြည့် ရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

ဤရုပ်ပွားတော်အား ယခင်ဆရာတော်ရှိစဉ်က တွံတေးနယ်ဘက်မှ ရုပ်ရှင်အေးချမ်းရေးအတွက် ဒေသစာရီကြွချီတော်မူပါရန် လာရောက်ပင့်ဆောင်ခဲ့ဖူးသည်။ ဆရာတော်ကိုယ်တိုင်လည်း လိုက်ပါစောင့်ရှောက်တော်မူသည်။

တွံတေးတူးမြောင်းအတိုင်း မော်တော်ဘုတ်ဖြင့် ပင့်ဆောင်ရသည်။ တွံတေးရောက်သော် လူများစွာ အုတ်အုတ်ကျက်ကျက်ဖြင့် လာရောက်ဖူးမြော်ကြသဖြင့် စုံစမ်းကြည့်သောအခါ ပင့်ဆောင်သွားသော မော်တော်သည် ရေပြင်တွင် မြုပ်တစ်လှည့်၊ ပေါ်တစ်လှည့် မြင်ရသည်။

သို့နှင့် ကမ်းနစ်ဖက်မှ စိုးရိမ်တကြီး ဝိုင်းအုံကြည့်ရှုကြသောအခါ မော်တော်နောက် ရေပြင်၌ ငါးများ၊ ဗျိုင်းများ အုပ်စုလိုက် လိုက်ပါဖူးမြော်ကြသည်ကို မြင်ကြရသည်ဟု ပြောပြကြလေသည်။

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

သဘာဝထူးခြားမှု (ဘားအံ)

သစ်ပင်များပေါ်တွင် အလိုအလျောက်ပေါက်ပြီး

# သိဒ္ဓိဝင်နေသည့် ဇော်ဂျီမုတ်ဆိတ်ဂမုန်း

စာဖတ်သူများ **ဇော်ဂျီမုတ်ဆိတ်ဂမုန်း**ဟုဆိုလျှင် အိမ်တွင်း အလှပန်းအဖြစ် စိုက်ပျိုးထားသော အရွက်ရှည်မျောသဏ္ဌာန် ပင်စည် အကိုင်းအခက်များ မရှိဘဲ၊ အပွင့်မှာ ကြာရိုးအရွယ်၊ လုံးတံ တစ်တောင်ကျော်ခန့် ထိုးတက်သွားပြီး လိပ်ပြာသဏ္ဌာန် ပွင့်ဖတ်ညိုညိုကြီးနှစ်ခု ကားထွက်ကာ အလယ်ဆန်မှ မုတ်ဆိတ်မွေးလို အမွေး နီညိုရောင်များ တစ်ထွာခန့် အောက်သို့ ကျဆင်းလာသည့် ဇော်ဂျီမုတ်ဆိတ်ပင်များကိုကား တွေ့မြင်ဖူးကြပေမည်။

သို့သော် နာမည်တူ ဇော်ဂျီမုတ်ဆိတ် တစ်မျိုးကိုတော့ စာရေးသူ ဘားအံ ရေးကီစွနှင့် သာမညသို့သွားရင်း တိုင်းရင်းဆေးဆရာကြီး ဦးသန်းထိုက်စိုး၊ ဥက္ကဋ္ဌ(ဂွင်မှူး)မှ ပြောပြ၍ သိခဲ့ရပါသည်။

'ဂမုန်းတွေနဲ့ ပတ်သက်လာရင် အလှစိုက်ဂမုန်း၊ အန္တရာယ်ကင်းအောင် စိုက်တဲ့ဂမုန်း အမျိုးမျိုးပေါ့လေ။ အခု ဆရာပြောမှာကတော့ မထင်မှတ်ဘဲ သိဒ္ဓိဝင်နေတဲ့ ဇော်ဂျီမုတ်ဆိတ်ဂမုန်း တစ်မျိုး ဖြစ်ပါတယ်။ ကရင်တိုင်းရင်းသားဘာသာစကားနဲ့တော့ **ဇော်ဂျီရှုလောက်**ခေါ်ပြီး **ဇော်ဂျီမုတ်ဆိတ်**ပင်လို့ ခေါ်ပါတယ်'

## ဇော်ဂျီမုတ်ဆိတ်ဂမုန်းပုံသဏ္ဌာန်

'ဒီဂမုန်းပင်ကတော့ မိုးဦးကျအခါမှာ အုန်းပင်၊ ကွမ်းသီးပင်တို့မှာ စတင်ပေါက်တတ်ပြီး အခုလို နွေရာသီမှာတော့ အရွက်တွေ ခြောက်သွေ့သွား



ကွမ်းသီးပင်ပေါ်တွင် အလိုအလျောက် ပေါက်နေသော(သိဒ္ဓိဝင်) ဇော်ဂျီမုတ်ဆိတ်ပင်များအား တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များပေါ်တွင် အလိုအလျောက် သိဒ္ဓိဝင် ပေါက်နေတတ်သော ဖော်ကျိုမှတ်ဆိတ်ပင်အကြောင်း ပြောပြနေသော ဆရာကြီး ဦးသန်းထိုက်စိုး

တတ်ပါတယ်။ အဲဒီဂမုန်းက သုံးလက်မ ပတ်လည် အပိုင်းနှစ်ခုခြားက အညွန့် နှစ်ခု၊ တစ်ထွာခန့် ရှည်လာတဲ့အချိန် အရွက်နောက်ကျောမှ အရွက်၏အရှေ့ သို့ ပြန်လည်ခေါက်ဆင်းကာ အရွက် ထိပ်ပိုင်းမှ တစ်ဝက်ခန့်အထိ စပရိန်များ သဖွယ် တွန့်လိမ်ကောက်ကွေးပြီး လေ တိုက်တဲ့အခါ တုန်ခါနေပါတယ်။

အဲဒီ စပရိန်နဲ့အတူ အရွက်နှစ်ရွက်မှာ တစ်ရွက်ကတို တစ်ရွက်က ရှည်နေရင် "အထီး"လို့ သတ်မှတ်ပြီး အရွက်နှစ်ခု ညီနေရင်တော့ "အမ"လို့ သတ်မှတ်ကြ ပါတယ်။ သိဒ္ဓိဝင်နေတာချင်းတော့ အတူတူ ပါပဲ။

သစ်ပင်မှာကပ်ပြီး ထူးခြားစွာ ပေါက်နေတဲ့ ဖော်ကျိုမှတ်ဆိတ်ဥတွေ က အသေးဆုံး လက်သည်းခွံရှိပြီး အကြီးဆုံး လက်မလောက်သာ ရှိပါ တယ်။ ကျွန်တော်တို့ ကရင်ပြည်နယ် တောင်တန်းတွေဘက်မှာတော့ သူ့ရဲ့ ဥကို ရေမွှေးဆွတ်ပြီး ဆောင်ထားရင် လာဘ်ရွှင်ပြီး ဈေးရောင်း၊ ဈေးဝယ် ကောင်းမွန်သလို အမှုအခင်းများမှာ အဆင်ပြေ အောင်မြင်စေတယ်လို့ အယူရှိကြပါတယ်'

ဟု ဆရာကြီးက ပြောပြပါသည်။

အထက်ဖော်ပြပါ သစ်ပင်မှဖြစ်သော သိဒ္ဓိဝင် ဖော်ကျိုမှတ်ဆိတ်ဂမုန်း တစ်မျိုးကို လက်တွေ့အသုံးပြုနေသော ဆေးဆရာကြီးများ၊ ကုန်သည်များ ရှိသလို ထိုဂမုန်း၏ အာနိသင်ကို မသိ သေး၍ (သို့မဟုတ်) မမြင်ဘူးသေး၍ ဂမုန်းပင်မှန်း မသိသေးသော သူများ လည်း ရှိပေမည်။ သို့ပါ၍ စာဖတ်သူ များ ဗဟုသုတအဖြစ် လေ့လာအသုံး ပြုနိုင်ရန် ရေးသားတင်ပြလိုက်ရပါ သည်။

[**ကျေးဇူးတင်လွှာ** ။ ။ ဂမုန်းပင် အကြောင်း ဗဟုသုတအဖြစ် ပြောပြ သော **ဘားအံမြို့နယ်(သာမညာ)မှ ဆရာကြီး ဦးသန်းထိုက်စိုးအား** မှတ်တမ်းတင်အပ်ပါသည်။]

***အနန္တမေတ္တာများဖြင့်...***

**သန်းထွန်းသိန်း *(ဘားအံ)***

စာမျက်နှာ (၇၉)မှ အဆက်

တည်းသာ ပွင့်တော်မူသဖြင့် လမင်း ပမာ ဖြစ်တော်မူသော။ **တံ၊** ထိုမြတ်စွာ ဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

***[၉-ခေါက်ရွတ်ဆိုပါရန်]***

၃။ ကုဗ္ဗိုင်းသိဒ္ဓိပိတ်ပြီးသည့်ဂါထာတော်

ဇဝံ အစိန္တိယာ ဗုဒ္ဓါ
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော။

***[၉-ခေါက် ရွတ်ဆိုပါရန်]***

**အနက်**

**ဇဝံ၊** ဤသို့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့ သည်။ **အစိန္တိယာ၊** မကြံစည်အပ်ကုန်။ **ဗုဒ္ဓဂုဏာ၊** ဘုရား၏ဂုဏ်တော်တို့ သည်။ **အစိန္တိယာ၊** မကြံစည်အပ်ကုန်။ **အစိန္တိယေ၊** မကြံစည်အပ်သော မြတ်ဘုရား၌။ **ပသန္နာနံ၊** ကြည်ညိုကုန် သောသူတို့အား။ **အစိန္တိယော၊** မကြံ စည်နိုင်သော။ **ဝိပါကော၊** အကျိုး သည်။ **ဟောတိ၊** ဖြစ်၏။

***(အထက်ပါ ဂါထာတော်များ၏ ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်(မှော်စရိယ၊ ဝိနယာရေ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါ သည်။)***

ဤဂမ္ဘီရ ဝ,ကိုးလုံး နဝင်းစမ အဆောင်ကို ကံငါးပါး မလုံခြုံသူများ မဆောင်သင့်ပါ။ ကံငါးပါးကို လုံခြုံပြီး ယုံကြည်သူတို့အတွက် အထူးသင့် လျော်သော ဂါထာကျော် ဖြစ်ပါသည်။

ဤဂါထာတော်များနှင့် နဝင်းစမ ပုံတော်များကို ဆရာတော်ကြီး ဦးစန္ဒိမာ က ရှာဖွေစုဆောင်းပေးသလို နေလ ရတနာအေးဂါထာဟုလည်း ခေါ်ဆိုကြ သည်ဟု သိရှိရပါသည်။

ယုံကြည်သူများ ဆောင်၍ထားနိုင် စေရန် စေတနာ မေတ္တာဖြင့် မျှဝေလိုက် ပါသည်။

**ရောမြေ ကျော်ဝေ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး


## အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာစနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အခိုးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်,အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ထွန်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

**မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)**



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတောင် မန္တလာကျားကူးချောင် ဆရာတော်

# ဦးကောဝိဒ

နှင့် ခန္ဓာဉာဏ်ရောက် ကျင့်စဉ်တရား (၂)

သံသရာခရီးသည်လာဦး



◆ ကျားကူးချောင် ဆရာတော် ဦးကောဝိဒ

ယခင်လမှအဆက်

ထမင်းဝိုင်းမှာ အသား,ငါး၊ ငါးပိကြော်၊ ဟင်းရွက် စသည် အမည်စုံ၊ ဇလွှဲခုံအပြည့် တည်ခင်းထားသည့် ထမင်းများမှာ အငွေ့တထောင်းထောင်းနှင့် မိမိတို့ ရောက်စအချိန်၌ပင် ချက်ပြုတ်ထားခြင်း ဖြစ်နိုင်သည်။ ထမင်းစားချိန် မဟုတ်သော်လည်း ကပ္ပိယအမယ်အိုး၏ လက်ရာကြောင့် ခံတွင်းမြိန်ကာ အတန်ပင် စားလိုက်မိသည်။

ခုံထည်သော ကျောင်း၊ ဇရပ်၊ အနုံဆောင်းကြီးများ၏ အရှိန်အဝါကြောင့် ဆရာတော်အား ဖူးမြော်ရစဉ် အနည်းငယ် ရွံ့မိသော်လည်း လျှောက်ထားသမျှ ရပါတယ်ဟုသာ အေးဆေးစွာ မိန့်တော်မူသဖြင့် စိတ်သက်သာရာရသည့်အပြင် လူအသွားအလာနည်းပါးသော ဤနေရာ၌ ဖွယ်ဖွယ်ရာရာ ထမင်းဝိုင်းကြောင့် ရေးဖော်ဝင်းမြင့် (ပေါင်မြို့)၏ စကားတချို့ကို ပြန်ပြောင်း ကြားယောင်မိသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇွဲဒိရွာကျောင်း ဆရာတော် ဦးပညာကို သွားရောက် ဖူးမြော်၍ ပူဇော်ရေးသားစဉ်က ဖြစ်သည်။

'အစ်ကို ကြားရတဲ့အတိုင်း ဘာပဲလျှောက်လျှောက် ဆရာတော်ကြီးက ရပါတယ်၊ ရပါတယ်လို့ပဲ မိန့်တယ်။ တစ်ဖက်သား စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။ ဒါကြောင့် ဆရာတော့်ကျောင်းမှာ အားလုံး ပြည့်စုံနေတာ တွေ့ရတယ်။ မတောင့်တလို့ လိုချင်စိတ် မရှိဘူး။ လိုချင်တဲ့စိတ်မရှိလို့ အားလုံး ပြည့်စုံနေတာပေါ့'

ထိုဆရာတော်ကြီး၏ ကျောင်းတွင် ရှားပါးသော ဂမုန်းပင်များစွာ စိုက်ပျိုးထားကာ လာရောက် တောင်းယူပါကလည်း နှမြောတွန့်တိုမှုမရှိဘဲ စွန့်လှူတတ်သည်။ ရဟန်း အထောက်အပံ့ဖြစ်သော ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးပြည့်စုံကာ တပည့်သာဝကများကို ကြည့်ရှု စွန့်လှူတတ်ခြင်းကြောင့် ရှိရင်း ပစ္စည်းတို့ လျော့ပါးခြင်းမရှိ။ ပိုမို တိုးပွားလာသည်ကို သတိပြုမိပေသည်။

## ဆရာတော်၏ ဆုံးမစကား

ထမင်းစားပြီးသောအခါ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com

သုပ်၊ ရေနွေးကြမ်း စွန့်လှူသဖြင့် အချိုတည်းကြစဉ် ဆေးလိပ်ကို စွဲစွဲလမ်းလမ်း သောက်သုံးတတ်သူ ကိုမင်းညိုမှာ ဆေးလိပ်ဘူး မေ့ကျန်ရစ်သဖြင့် ကသိကအောက် ဖြစ်နေသည်။ ဆေးလိပ် မေ့ကျန်ခဲ့ကြောင်း အမူအရာဖြင့် မသိမသာပြသည်။ ထိုစဉ် ဆရာတော်က ဤသို့ မိန့်သည်။

'တစ်ခါက ဦးပဉ္စင်းတစ်ပါး ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်လိုပါတယ်ဆိုပြီး ရောက်လာတယ်။ ပါးစပ်က ကွမ်းတမြုံ့မြုံ့၊ လက်ကြားမှာလဲ ဆေးလိပ်တိုက မချဘူး။ ဦးပဉ္စင်း ပြုံးမိတယ်။ ဘုန်းတော် အားထုတ်လိုက အားထုတ်ပါ။ ကြိုက်တဲ့နေရာမှာ ရွေးပြီး သီတင်းသုံးပါလို့ ခွင့်ပေးလိုက်တယ်။ မကြာပါဘူး။ ရက်ပိုင်းနဲ့တင် ပြန်သွားတော့တယ်။

ဦးပဉ္စင်းလဲ ဆေးလိပ်ကို အင်မတန်သောက်ခဲ့တာ။ တရားထိုင်လို့ အာရုံကလေး ကောင်းနေချိန်မှာ ခံတွင်းက ချဉ်လာပြီး ဆေးလိပ် သောက်ချင်လာတယ်။ ဒါနဲ့ သိပ်ကြိုက်တဲ့ဆေးလိပ်ကို ဖြတ်လိုက်ရတယ်။ ကွမ်းလဲ ကြိုက်တာပဲ။ အာရုံကောင်းနေချိန်မှာ ချင်ခြင်းတပ်လာလို့ ကွမ်းပါ ဖြတ်လိုက်တယ်'

ကိုမင်းညိုကား မိမိအား တစ်ချက်လှမ်းကြည့်ကာ ပြုံးတုံ့တုံ့ လုပ်နေလေသည်။

'ဆေးလိပ်မသောက်၊ ကွမ်းမစားပေမယ့် ဝိုက်မျဉ်းတွေဝေမှု ရှိနေရင်လဲ သမာဓိရဖို့ ခက်တယ်။ ဒီလိုဖြစ်လာရင် တိုင်ဖြစ်ဖြစ်၊ နံရံမှာဖြစ်ဖြစ် ကပ်ပြီး ရပ်နေလိုက်တယ်။ သမာဓိ ကောင်းလာမှ ပြန်ခွာတယ်။ လုံးဝ မထိုင်ဘူး။ တစ်ညလုံး ရပ်နေပေမယ့် သမာဓိ ကောင်းရင် မလဲဘူး။ မိန်းကလေး ယောဂီငယ်ကလေးတွေတောင် တစ်နာရီခွဲ နှစ်နာရီကြာအောင် ရပ်နိုင်ကြတယ်။

သမာဓိဆိုတာကလဲ လေကပြတာ။ ကိုယ်က လုပ်ယူရတာ ပြောရတာ မဟုတ်ဘူး။ ဝင်လေ ထွက်လေသာ သိနေရင် ဝိပဿနာပဲ။ (ဝိ)ဆိုတာ အထူး၊ (ပဿနာ)ဆိုတာ သိခြင်းတဲ့။ "ဘုရားရှင်ကလဲ ရုပ်နာမ်ခန္ဓာရှိတာကို မပြတ်မလပ် ရှုကျင့်ကြပါလေ" လို့ မှာ ရစ်ခဲ့တယ်'

## အာရုံကို ပယ်ပါ

'ဘုန်းဘုန်း ဟိုတစ်ခါကပြောတဲ့ အရိုးအကြော်တွေချည်းပဲ မြင်နေရတယ်ဆိုတာ မိန့်ကြားပါဦး'

ကိုမင်းညိုက ထောက်ပေးသဖြင့် ဤသို့ ဆက်၍ မိန့်တော်မူသည်။

'ဩော် အဲဒါက ရွှေဘိုဘက်မှာ သွားပြီး အားထုတ်စဉ်ကပါ။ သမထ အားကောင်းလာတော့ ကိုယ့်ကိုယ်ကိုယ် တစ်စစီ ကြွေကျနေတာ မြင်ရတယ်။ သူတစ်ပါးကို ကြည့်ရင်လဲ လူ,ယောကျ်ား,မိန်းမ ခွဲခြား မမြင်ရဘူး။ ယိုယွင်းနေပါလား။ ခန္ဓာကိုယ်က တစ်စစီ ကြွေကျနေပါလားလို့ မြင်ရတယ်။

နှာသီးဖျားမှာ စိတ်ကိုထား၊ ဝင်လေ ဝင်တိုင်းဝင်တိုင်း ဝင်တာကို သိ၊ ထွက်လေ ထွက်တိုင်းထွက်တိုင်း ထွက်တာကို သိနေ။ အဲဒီအခါ နိမိတ် အမျိုးမျိုး ပေါ်လာတတ်တယ်။ ထွက်လေဝင်လေတို့ဟာ လေအမြှောင်းကြီးလို့ ထင်လာတတ်တယ်။

နှာသီးဝက လေထွက်သွားရင် တစ်ထွာ တစ်တောင်လောက်အထိ ရောက်သွားသလိုလို၊ ဝင်လေကလဲ လည်ချောင်း,ရင်ဝ,ချက်အထိ ရောက်သွားသလို ထင်လာတတ်တယ်။ တချို့က ဝင်လေကို ချက်ထိရောက်အောင် အားထုတ်ရမယ် ထင်မှတ်ပြီး ချက်ရောက်အောင် တမင် ရှူသွင်းနေကြတယ်။ အဲဒါကြောင့် ရှေ့မဆက်ဘဲ ကြန့်ကြာနေကြတာ။

တစ်ခါတလေလဲ မီးခိုးလို၊ နှင်းမှုန်လို၊ ပုလဲလုံးလို နှာသီးဝမှာ ဝင်လိုက်ထွက်လိုက် မြင်နေတတ်တယ်။ သမာဓိ ပိုရင့်လာရင် ဒီပုလဲလုံးတွေက ဓာတ်မီးလို အရောင်လင်းလာတတ်တယ်။ အဲဒီနိမိတ်ကိုသာ အာရုံပြုပြီး သိလျက်နဲ့ သတိရှိနေတယ်။ နှာသီးဖျားမှာ စိတ်မရှိတော့ဘူး။ နိမိတ်ပျောက်မှ နှာသီးဖျားကို စိတ်ရောက်တော့တယ်။ ဒါကြောင့် စိတ်ရောက်အောင် တမင်ထားပေးရတယ်။

ရေမြေတောတောင် သစ်ပင်အမျိုးမျိုး၊ ဂူကျောင်းဘုရားအမျိုးမျိုး၊ အသံအမျိုးမျိုး၊ ပြုံးပြုံးပြက်ပြက် အရောင်အမျိုးမျိုး ပြောမပြတတ်အောင် အဆန်းတကြယ်တွေ တွေ့လာတတ်တယ်။ ဝိဇ္ဇာ,ဇော်ဂျီ,ဖုတ်,ပြိတ္တာ,ရက္ခစိုးတွေ့ရ၊ စကားပြောရတတ်တယ်။ လူလူချင်း တွေ့သလို တွေ့ရ၊ စကားပြောရတတ်တယ်။ တချို့က အားပေးတယ်။ တချို့က ခြောက်လှန့်တယ်။ တချို့က မေးရင် ဖြေတယ်။ မိမိက အလိုရှိရင် လာတယ်။

ဒီအခါ သမထအားထုတ်တဲ့ ယောဂီဟာ မိမိအလုပ်ကို ကောင်းကောင်း မလုပ်တော့ဘဲ နတ်တွေနဲ့သာ ပျော်မွေ့တတ်တယ်။ မိမိကိုယ်ကို အထင်ကြီးပြီး နတ်ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင် တော်ကြာပဲ ဖြစ်တော့မလို၊ ချက်ချင်းပဲ ရတော့မလိုနဲ့ ပြောပုံဆိုပုံ ရူးနှမ်းသလို ဖြစ်လာတတ်တယ်။


တောင်မရောက် မြောက်မရောက်





www.burmeseclassic.com

www.burmeseclassic.com



◆ မွန်မြိုင်သော ရှေးစေတီများ

ကမ္မဋ္ဌာန်းအလုပ် ပျက်သွားတတ်တယ်။ သမာဓိအားကောင်းရင် အာရုံကို ပယ်ပြီး ဝိပဿနာကို ရှုသွားတာကောင်းတယ်။ အာရုံကို ဖက်တွယ်နေဘဲ ပယ်သင့်ပါတယ်။

## ကျားကူးချောင် မိတ်ဆက်

'ဆရာတော်ဘုရား ကျားကူးချောင်ရောက်လာတော့ ချောင်ဟောင်းချောင်ပျက်ဆိုတော့ စဦး အတွေ့အကြုံလေး အမိန့်ရှိပါဦးဘုရား'

'ဝါးချက် ပယ်ငါးဆယ်စတဲ့ ရွာကလူကြီးတွေက ပင့်လျှောက်လို့ ရောက်လာတာပဲ။ တောကြမ်းတယ် ပြောကြပါရဲ့။ ဦးပဥ္စင်းကလဲ ခပ်ကြမ်းကြမ်း၊ ငါ ဘုရားသားပဲဆိုတဲ့ မာနတစ်ခွဲသားနဲ့ ငါးနှစ်၊ ခြောက်နှစ်ကြာတဲ့အထိ ဘာအနှောင့်အယှက်မှ မရှိပါဘူး။

အဲ မှတ်မိတာတစ်ခု ရှိတယ်။ ဒီလောက် လူသူပြတ်လပ်တဲ့နေရာမှာ နေ့ခင်းကြောင်တောင် လူကိုးဆယ်တစ်ရာလောက် စကားပြောပြီး တက်လာတဲ့အသံတွေ ကြားရတယ်။ အပေါ်ရောက်တော့ လူတစ်ယောက်တည်း။ "ဟော့ မင်းဘယ်သူလဲ" လို့ ဆီးမေးတော့ "ကျုပ် နတ်သရဲ" တဲ့။

ဟိုဒီလှမ်းကြည့်တော့ ကြိမ်လုံးတစ်ချောင်း တွေ့တာနဲ့ "နတ်သရဲသော၊ ဘာသော နားမလည်ဘူး" ပြောပြီး တောင်ကိုရိုက်လိုက်တာ ပြေးပါလေရော။ ပြီးမှ "သြော် ငါ ဘုရားသားတော်ပါလား" ဆိုတာ သတိရပြီး မေတ္တာပို့ရတယ်။ မေတ္တာ ရ,မရတော့ မသိဘူး။ တစ်ကြိုးတည်း လစ်ပြေးတာ၊ လုံးဝ ပေါ်မလာတော့ဘူး။

ဒီလိုနဲ့ ခြောက်နှစ်လောက်ကြာတော့ ရွာလူကြီး (၈)ယောက်လောက် ရောက်လာကြတယ်။ "တပည့်တော်တို့လဲ ဘုန်းကြီးပင့်ထားတာ ကြာပြီ။ တစ်ခါမှ မရောက်ဖြစ်ဘူး" တဲ့။ သီလယူ၊ ဥပုသ်စောင့်ကြတယ်။ အဲဒီအချိန်က ကျွန်းကျောင်းအပျက်ပဲ ရှိသေးတယ်။ အကောင်ဗလောင်မျိုးစုံ ရှိတယ်။ သမင်,ယုန်,ကျား,မြွေတွေ အပြင် ပရလောကသားတွေလဲ ရှိတယ်။ လူကြီးတစ်ယောက်က...

"အရှင်ဘုရား၊ ရက္ခစိုးဆုပန်ပါလား။ အသက်ရှည်တော့ နောင်ပွင့်မယ့်ဘုရား ဖူးရတာပေါ့'

တဲ့။ ဦးပဥ္စင်းက...

"မင်းရက္ခစိုး ဘာအသုံးကျသလဲ၊ ငါ ဘုရားသားတော်"

လို့ ခပ်မာမာ ပြန်ပြောလိုက်တယ်။

တစ်ခါတည်း ကျောင်းကြီးကို ကိုင်လှုပ်လိုက်သလို ကျိမ်းကျိမ်းခါသွားတယ်။ ဝါးလုံးတစ်ရာစည်းကို တွန်းလှဲလိုက်သလို တော်လည်းသံကြီး တဝေါဝေါ မြည်လာတယ်။

"ဟဲ့...ဟဲ့ ဆင်းကြ၊ ဆင်းကြ"

လို့ အမူမဲ့အမှတ်မဲ့ ပြောပြီးမှ "ငါ ဆင်းရမှာပါလား" လို့ သတိရ၊ ကျောင်းအောက်ဆင်းပြီး...

"မင်း ဘာအသုံးကျလို့ ရက္ခစိုးဖြစ်ရတာလဲ၊ ငါ ဘုရားသားတော်၊ ဘာမှတ်သလဲ။ မင်း ဒီနေရာမှာ မြဲချင်ရင် ငါ့ကို သာဝက စုစည်းပေး။ အေး... နေချင်ရင် ငါ့ကျောင်းပေါ် တက်နေလဲရတယ်"

အော်ပြောတော့မှ ငြိမ်သွားတယ်။

နောက်တော့ သာဝကတွေ လာပြီး ဘုရားပြင်၊ ကျောင်းဆောက်၊ တရားစခန်းဝင်နဲ့ ဒီလိုဖြစ်လာတာပဲ။ ဒါမှလဲ ဘုရားရှင် သာသနာ ဆက်လက် တည်တံ့ပြီး သတ္တဝါတွေကို ကယ်တင်နိုင်မှာ မဟုတ်လား'

ကျားကူးချောင်တွင် တရားစခန်းများ အစဉ်မပြတ် ဖွင့်လှစ်ကာ ဆရာတော်ကြီးက တရားပြ နည်းပေး သွန်သင်တော်မူခဲ့သည်။ ယခုအခါ သက်တော်(၉၆)နှစ်ရှိပြီဖြစ်၍ တရားစခန်းကို သကြ်န်ကာလတွင်သာ ဖွင့်လှစ်ပြသ၍ ကျန်ကာလများတွင် အနားယူတော်မူသည်။ သက်တော်(၉၄)နှစ်အထိ အချိန်ပြည့် တရားပြကာ ပဋိပတ်သာသနာ ပြုတော်မူခဲ့ကြောင်း သိရှိရသည်။

## ဆရာတော် ချီးမြှင့်သော

## ခန္ဓာဉာဏ်ရောက် ကျင့်စဉ်တရား

'ဆရာတော်ဘုရားက သတိ

www.burmeseclassic.com

မကောင်းတော့ဘူးဆိုတော့ တရားပြတာ၊ တရားထိုင်တာတွေကော အဆင်ပြေရဲ့လား'

'တရားကျင့်ရင်တော့ စိတ်က ဝင်စားလိုက်တာနဲ့ ငြိမ်သွားတာပဲ။ နှစ်ပေါင်း(၅၀)လောက် ထုံခဲ့ပြီပဲ။ ထမင်းစားရင် လက်က ပါးစပ်ပေါက်ဆီ မှန်းဆ, မနေရဘဲ အလိုလို ရောက်သွားသလိုပေါ့'

'တပည့်တော်တို့ နာယူပါရစေဘုရား'

## ပုဗ္ဗကိစ္စ

ရှေးဦးစွာ ကမ္မဋ္ဌာန်းယူသော တပည့်များသည် မိမိတို့ ကိုယ်ကို ဘုရား စသည်တို့အား အပ်နှင်းကြရန်နှင့် ပြစ်မှားမိခဲ့သော ကံများကို တောင်းပန် ဝန်ချကြရန်။

အစိန္တေယျ။ ။ သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရားတို့ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန်တရားတော်မြတ်ကြီးကို စွမ်းအားရှိသည်အလျောက် အားထုတ်လိုပါ၍ အားထုတ်သောအခါ၌ သာသနာကို မကြည်ညိုကြကုန်သော လူမိစ္ဆာ၊ နတ်မိစ္ဆာ၊ မသမာသောသူအပေါင်းသည် ဘယ်သောအခါမှ နှောင့်ယှက် ဖျက်ဆီးခြင်းငှာ မပြုနိုင်ကြစေရန် ရည်သန်၍ သာသနာတော်ကို ကြည်ညိုတော်မူကြကုန်သော သမ္မာဒေဝနတ်၊ သာသနာတော်စောင့်နတ်၊ စတုမဟာရာဇ် လောကပါလနတ်၊ သိကြားမင်း၊ ဗြဟ္မာမင်းမှစ၍ အားလုံးကုန်သော နတ်ကောင်း နတ်မြတ်အပေါင်းတို့အား မြတ်စွာဘုရား၏ တပည့်၊ သားတော်တွေကို စောင်မ,ကြည့်ရှုကြရမည်၊ စောင့်ရှောက်ကြရမည်ဟု အမိန့်ပေးသနားတော်မူပါ ကျေးဇူးတော်ရှင် အရှင်မြတ်ဘုရား။

အသက်အားဖြင့် ကြီးသောသူ၊ ဂုဏ်အားဖြင့် ကြီးသောသူ သီလဝန်, ဝယဝန်, ပညာဝန်, ဂုဏဝန်ပုဂ္ဂိုလ်အပေါင်းတို့အား ကံသုံးပါးဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ကင်းလွတ်ပါရခြင်း အကျိုးငှာ ကန်တော့ပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ရှိခိုးပါ၏၊ ကျေချမ်းတော်မူကြပါ အရှင်မြတ်ဘုရား။

## ခန္ဓာလှူ ပူဇော်ရန်

အနိစ္စကာယံ၊ မမြဲသော ကိုယ်ခန္ဓာကို။ ယခု တရားအားထုတ်ဆဲအခါ၌ နိဗ္ဗာန်ကို ရည်မှန်း၍ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။ ဒုက္ခကာယံ၊ ဆင်းရဲသော ခန္ဓာကိုယ်ကို။ ယခု တရားအားထုတ်ဆဲအခါ၌ နိဗ္ဗာန်ကို ရည်မှန်း၍ ဓမ္မတရားတော်မြတ်ကို ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။ အနတ္တကာယံ၊ အစိုးမရသော ခန္ဓာကိုယ်ကို။ ယခု တရားအားထုတ်ဆဲအခါ၌ နိဗ္ဗာန်ကို ရည်မှန်း၍ သံဃာတော်မြတ်ကို ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

မြတ်စွာဘုရား၊ ယခု တရားအားထုတ်ဆဲအခါ၌ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားအား လှူဒါန်းပါ၏ အရှင်မြတ်ဘုရား၊ တရားတော်မြတ်အား လှူဒါန်းပါ၏ အရှင်မြတ်ဘုရား၊ သံဃာတော်မြတ်အား လှူဒါန်းပါ၏ အရှင်မြတ်ဘုရား၊ ကမ္မဋ္ဌာန်းပေးသောဆရာအား လှူဒါန်းပါ၏ အရှင်ဘုရား။ ဤ ကုသိုလ်ကောင်းမှုအဖို့ကို သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ၊ အမျှ၊ အမျှပေးဝေပါကုန်၏။

အကျွန်ုပ်နှင့် အတူတကွ အမျှရ[...] ၍ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ[...] ချမ်းသာကြပါစေ။ သူတော်ကောင်[...] သူမြတ်လောင်းတို့က ပို့သသော[...] မေတ္တာကိုလည်း အကျွန်ုပ်က ခံယူ[...] ၏။ သာဓု...သာဓု...သာဓု။

'ပြီးရင် ကမ္မဋ္ဌာန်းတောင်း[...] အောင်...

"**ဘန္တေ၊** အရှင်ဘုရား။ **အဟံ**[...] အကျွန်ုပ်သည်။ **သံသာရ ဝဋ္ဋဒုက္**[...] **တော၊** သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ[...] **မောစနတ္ထာယ၊** လွတ်မြောက်ပါရခြင်[...] အကျိုးငှာ။ **ဝိပဿနာ ကမ္မဋ္ဌာန်**[...] **သမထ ကမ္မဋ္ဌာန်း၊** ဝိပဿနာ ကမ္မဋ္ဌာန်[...] သမထကမ္မဋ္ဌာန်းကို၊ **ယာစာမိ၊** တောင်[...] ပန်ပါ၏ အရှင်ဘုရား"

ဒါကို **ဒုတိယမ္ပိ၊ တတိယမ္ပိ** ဆိုပြ[...] သုံးကြိမ်ဆိုပါ'

## အာနာပါန သမထနည်း


သမာဓိရဖို့ ရှေးဦးစွာ သမထနည်း[...] ကို စတင်ရတယ်။ သမထကမ္မဋ္ဌာန်း[...] လေးဆယ်ထဲက ယေဘုယျအားဖြင့်[...] အများနဲ့ သင့်လျော်မယ်ထင်တဲ့ အာနာပါနနည်းက လွယ်လွယ်ကူကူနဲ့ အားထုတ်လို့ဖြစ်တာ ကြုံတွေ့ရပါ[...] တယ်။

ဒါကြောင့် အာနာပါနနည်းကို အဓိက ပြဆိုပါမယ်။ အာနာပါန[...] ကမ္မဋ္ဌာန်း အားထုတ်ပုံ နည်းအမျိုးမျိုး[...] ပေမယ့် အတိုဆုံး၊ အမြန်ဆုံးနည်းလို့ ဦးပဥ္စင်း ယူဆထားတဲ့နည်းကို ပြပါ[...] မယ်။

ရှေ့အဖို့ ပြုဖွယ်ကိစ္စတွေ ပြုပြီးရင် မိမိ ကြာကြာထိုင်နိုင်မယ့် ဣရိယာပု[...] အတိုင်း ထိုင်ပါ။ ယောက်ျား ဖင်ပျဉ်[...] ခွေ၊ မိန်းမ ကျုံ့ကျုံ့ထိုင်ရင်ပိုကောင်း[...] တယ်။ ထွက်သက်ဝင်သက်ကို အလို[...]

www.burmeseclassic.com

www.burmeseclassic.com



◆ [illegible]သော ရှေးလက်ရာ အုတ်တန်ဆောင်း

လိုနေစဉ် အခါကအတိုင်း ရှူပြီး စိတ်က နှာသီးဖျား၊ ထွက်သက်ဝင်သက်တိုးသွား၊ ထိသွားတဲ့နေရာမှာ ထားပါ။

စိတ်ကနေ ဘာမှ မတွေးနဲ့၊ မကြံနဲ့၊ မရွတ်ဆိုနဲ့။ ထွက်လေဝင်လေ ထိတိုင်း ထိတိုင်း သိ၍သိ၍နေအောင် သတိထားပါ။ တစ်ခါတလေ အသက်ရှူတာ မှားသွားရင် မောတတ်တယ်။ ပြင်ပြီး ရှူပေး။ တစ်ခါတလေ ဖြည်းဖြည်းလေး ရှူတာ များသွားရင် အိပ်ချင်လာတတ်တယ်။ ပြင်ပြီး ရှူပေး။ ရှုဖန်များရင် မှဆိုးစိုင်သင်သလို အလုပ်က မိမိကို သင်ပြသွားမယ်။

ညောင်းအားကြီးရင် နေရာပြင်၊ ရှူမြဲအတိုင်း ရှူ၊ မှတ်မြဲအတိုင်း မှတ်ပါ။ စိတ်က ဘယ်နည်းနဲ့မဆို ပေါက်မြောက်အောင် အားထုတ်မယ်၊ ငါ ပါရမီရှိတယ်၊ အောင်ရင် အပါယ်တံခါးပိတ်မယ်လို့ ယုံယုံကြည်ကြည် လိုလိုချင်ချင်နဲ့ အားထုတ်ပါ။ ဒါမှ မြန်မြန် ခရီးရောက်မယ်။

ပေါ့ပေါ့ဆဆ အားထုတ်ရင်၊ မယုံတယုံ မလိုချင်လိုချင်ဆိုရင် အလကားပဲ။ ပင်ပန်းရုံ ရှိတတ်တဲ့အပြင် နောက်တစ်ကြိမ် အားထုတ်ပေမယ့် မအောင်မမြင် ခက်ခဲတတ်တယ်။

ဒီလို ရှုဖန့်,မှတ်ဖန် များလာရင် နိမိတ်မြင်လာတတ်တယ်။ တစ်စက္ကန့်က စပြီး တစ်မိနစ်၊ နှစ်မိနစ်၊ ဆယ်မိနစ်လောက် ကြာအောင် နိမိတ်မြင်တတ်တယ်။ နိမိတ်ဆိုတာမှာ အာနာပါန နိမိတ်(၁၂)ပါး ဖြစ်စေ၊ တခြားနိမိတ်များဖြစ်စေ မြင်လာတတ်တယ်။ မြင်ပေမယ့်လဲ မြင်မှန်းသိတာနဲ့ တစ်ပြိုင်နက်၊ နိမိတ်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ထွက်လေဝင်လေ ထိတဲ့နေရာ နှာသီးဖျားမှာပဲ စိတ်ကိုထားပါ။

မြင်လာတတ်တာက ထွက်လေဝင်လေတို့ဟာ လေအမြှောင်းကြီးကို ထင်လာတတ်တယ်။ ထွက်လေက နှာသီးဝ အပြင်ဘက် တစ်ထွာ၊ တစ်တောင်လောက်ရောက်အောင် ထွက်သွားတယ် ထင်ရသလို ဝင်လေကလဲ လည်ချောင်း၊ ရင်ဝ၊ ချက်အထိ ရောက်သွားသယောင် ထင်လာတတ်တယ်။ တစ်ခါတလေကျရင် ထွက်လေဝင်လေတို့ဟာ အခိုးတွေလို၊ ဖြူဖြူမီးခိုးလိုလို ထင်လာတတ်တယ်။

နှာသီးဝမှာ ဂွမ်းစ အဆင့်ဆင့် ထပ်ထားသလို ထွက်လေနဲ့ အဆင့်ဆင့်တိုးပြီး မြင့်လာသလို ထင်တတ်တယ်။ အဖြူခိုးတွေ ထွက်ရာမှာလဲ အဖြူခိုးနဲ့ ရောပြီး ရွှေချည်ငွေချည် အမှုန့်တွေကို လက်လက်,လက်လက် တောင်ပြောင်ပြီး မီးပန်းတွေလို ဖွားခနဲ ဖွားခနဲ ပါသွားတတ်တယ်။

တစ်ခါတစ်ခါကျတော့လဲ ပုလဲလုံးတွေ ထွက်လေဝင်လေနဲ့ ရောပြီး ဝင်လိုက်ထွက်လိုက် ထင်နေတတ်တယ်။ ပုလဲကုံးလို သီတန်းပြီး ဝင်ထွက်နေတတ်တယ်။ သမာဓိရင့်လာရင် ဒီပုလဲလုံးတွေက ဓာတ်မီးလို အရောင်လင်းပြီး ဝင်ထွက်နေတတ်တယ်။ ဝင်လေနဲ့အတူ ချက်အထိ တောက်လျှောက်ဝင်နေတာ။ အဲဒီအရောင်နဲ့ ဝမ်းထဲ ရှိသမျှကိုတောင် မြင်ရတတ်တယ်။

ဒီလို နိမိတ်မြင်တဲ့အခါ နိမိတ်ကိုသာ အာရုံပြုပြီး နှာသီးဖျားမှာ စိတ်မရောက်တော့ဘူး။ နိမိတ်ပျောက်သွားတော့မှ နှာသီးဖျားပေါ် စိတ်ပြန်ရောက်လာတယ်။ ဒါကြောင့် မရောက်ရင်လဲ တမင်ထားပေးရတယ်။

ဒါတွေအပြင် သုံးဆယ့်တစ်ဘုံမှာ ရှိသမျှ အပွင့်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ တောတောင်ရေမြေ,သမုဒ္ဒရာ, အဆောက်အအုံအမျိုးမျိုး၊ ဂူကျောင်းဘုရား,နေရာဌာနန္တရ,အသံ, နေလ, နက္ခတ်တာရာ,ဥက္ကာပျံ, ကျောက်မျက်ရတနာအမျိုးမျိုး၊ ပိုးစုန်းကြူးအစ မီးရှူးမီးပန်း,မီးလုံးအမျိုးမျိုး စတဲ့စတဲ့ ပြောမပြတတ်အောင် အမျိုးမျိုး တွေ့လာတတ်တယ်။

ရှေ့လဆက်ဖတ်ပါရန်

သံသရာခရီးသည်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်၏

# ပရိတ်တော်အစွမ်း နှင့်

## လောကီအစီအရင်

စလင်း ဦးကျော်



တစ်နေ့ ဆရာကြီး ဦးသိန်းဌေးထံသို့ တစ်ရွာတည်းနေ ကိုဘိုဝင်းနှင့် မအိမွှန်တို့ဇနီးမောင်နှံ ရောက်လာပါသည်။

မောင်ဘိုဝင်းက...

'ဆရာကြီးခင်ဗျား ကျွန်တော်တို့ရဲ့ သားဦးကလေး မောင်ရန်အောင်ဟာ ငိုယိုနေပါတယ်။ ငိုတာက ခေတ္တခဏ ငိုတာ မဟုတ်ပါဘူး။ အမြဲတမ်းလို အော်ငိုနေပါတယ်။ အသက်အရွယ်က ကိုးလသားကလေးပါ။

ကလေးငိုနေတာ ရက်တောင် အနည်းငယ် ကြာသွားပါပြီ။ နို့တိုက်ရင် စို့ပါတယ်။ အစားအသောက်ကျွေးရင် စားပါတယ်။ စားသောက်ပြီးရင် အမြဲငိုနေတော့တာပါပဲ။

အိပ်တုန်းခဏသာ အငိုတိတ်ပါတယ်။ အိပ်ရာမှနိုးရင် ငိုပြန်တာပါပဲ။ ဆီး,ဝမ်း,လေ အားလုံးမှန်ပါတယ်။ ညီညွတ်ပါတယ်။ ခန္ဓာကိုယ် ပူလွန်းခြင်း၊ အေးလွန်းခြင်းလဲ မရှိပါဘူး။ ကျွန်တော်တို့သားကလေး မောင်ရန်အောင်ဟာ တစ်စုံတစ်ခုကို ကြောက်လန့်နေတဲ့ပုံ ဖြစ်နေပါတယ်။

ကြီးကဲတဲ့လူကြီးများက မင်းတို့ကလေး အမြဲတမ်း ငိုယိုနေတာ ထူးဆန်းတယ်။ ဘေးပယောဂ အနှောင့်အယှက်ရှိဟန်တူတယ်။ ဆရာကြီး ဦးသိန်းဌေးတို့ဝတ်အသင်းကို ဖိတ်ကြားပါ။ မင်းတို့အိမ်မှာ ဝတ်တက်ပါ။

အဲသလို ဝတ်ရွတ် ဝတ်တက်လိုက်ရင် မောင်ရန်အောင်ကလေး အငိုတိတ်သွားပါလိမ့်မယ်လို့ အကြံပြုကြပါတယ်။ ဒါကြောင့် ဆရာကြီးတို့ ဝတ်အသင်း ယနေ့ည ကျွန်တော်တို့အိမ်မှာ ဝတ်ရွတ်ပေးပါရန် လေးစားစွာ ဖိတ်ကြားလာရခြင်း ဖြစ်ပါတယ်ခင်ဗျား'

ဆရာကြီး ဦးသိန်းဌေးမှ...

'အေး... မင်းတို့အိမ်မှာ ဝတ်ရွတ် ဝတ်တက်ချင်တာက ဘယာဘေးမှ ကင်းလွတ်စေလို၍ ဝတ်တတ်မှာ ဖြစ်တယ်။ ဒါကြောင့် ဘေးအန္တရာယ် ရန်အသွယ်တို့မှ ပိုမိုကင်းလွတ်စေဖို့...

၁။ ကျောက်စရစ်ခဲ ကိုးလုံး။
၂။ အပ်ချည်လုံး(ချည်ခင်) တစ်လုံး
၃။ သဲအပြည့်ပါသော သဲတစ်ပုံး
၄။ ရေအပြည့်ပါသော ရေအိုးတစ်လုံး အဆင်သင့်ထားပါ'

'ဟုတ်ကဲ့ဆရာကြီး ကျွန်တော်တို့ အသင့်လုပ်ထားပါမယ်'

ည(၇)နာရီခန့်တွင် ကိုဘိုဝင်းနှင့် မအိမွှန်တို့အိမ်တွင် ဆရာကြီး ဦးသိန်းဌေးနှင့် ဝတ်အသင်းသူ အသင်းသားများ စုံလင်စွာ ရောက်ရှိကြပါသည်။

သက်တော်ထင်ရှား ဗုဒ္ဓဘုရားရှင်အား ရည်စူးပြီး ဆီမီးအလင်းတိုင်များနှင့် အမွှေးတိုင်များကို ထွန်းညှိပူဇော်ကြပါသည်။ ဆရာကြီး ဦးသိန်းဌေးသည် ကြေးစည်ကလေးကို ထိုးခတ်နေပါသည်။

ကြေးစည်သံကလေးသည် စကြ



www.burmeseclassic.com

www.burmeseclassic.com

ချွာ ကမ္ဘာမြေမိုးတို့ကို ထိုးဖောက်ကာ ကြားနေရပါသည်။ ကြားရသူတိုင်း ဆိုးထဲတွင် အေးမြကာ သာယာလန်းဆန်း နေကြပါသည်။

သို့သော် ရင်ဝယ် မအေးချမ်းနိုင်သူ ကလေးကတော့ မောင်ရန်အောင်ပါ။ မောင်ရန်အောင်သည် ကြေးစည်သံ ကလေးနှင့်အတူ ငိုနေပါသည်။ ငိုနေ တာက သဲကြီးမဲကြီးပါပဲ။



ဆရာကြီးဦးသိန်းဒွေးတို့ဝတ်အသင်း သည် ပထမဦးစွာ ဘုရားပင့်ကြပါ သည်။ ဘုရားပင့်ပြီးလျှင် ငါးပါးသီလ ခံယူကြပါသည်။

ငါးပါးသီလခံယူပြီးလျှင် ဘုရား ဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော်ကိုးပါး တို့ကို ရွတ်ဆိုပူဇော် ရှိခိုးကြပါသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်နှင့် သံဃာတော်တို့၏ ဂုဏ်တော်များကို ရှိခိုးပူဇော်ပြီးသောအခါ ခဏရပ်နား ကြပါသည်။

ဆရာကြီး ဦးသိန်းဒွေးသည် အောက်ပါအတိုင်း စီစဉ်ညွှန်ကြားပါ သည်။ မိခင် မအိမွှန်ကို ဘုရားရှင်ဘက် သို့ လှည့်ထိုင်စေပါသည်။ သားငယ် မောင်ရန်အောင်ကို မအိမွှန်၏ ရင်ခွင် ထဲသို့ ပွေ့ထားစေပါသည်။

ကျောက်စရစ်ခဲများ၊ အပ်ချည်လုံး (ချည်ခင်)၊ သဲတစ်ပုံးနှင့် ရေအိုးတို့ကို အိမွှန်တို့ သားအမိနှစ်ယောက်၏ ရှေ့ တွင် ထားစေပါသည်။

ယင်း သားအမိနှစ်ယောက်နှင့် အထက်ပါပစ္စည်းများကို အတွင်းမှာ ထားပြီး ဝတ်အသင်းသူများက အပြင်မှ ဝိုင်းပတ်လျက် ထိုင်စေပါသည်။ ပြီးလျှင် ဝတ်ရွတ်ခြင်းကို စတင်ပါ သည်။

ဆရာကြီး ဦးသိန်းဒွေးသည် နတ် အပေါင်းကို ပင့်ဖိတ်ပါသည်။ သမန္တာ ကစပြီး မင်္ဂလသုတ်ကို သံပြိုင် ညီညာ စွာ ရွတ်ဆိုကြသည်။ မင်္ဂလသုတ် ရွတ်ဆိုပြီးသော်လည်း မောင်ရန်အောင် ငိုဆဲပါ။

မင်္ဂလသုတ်ပြီးဆုံးလျှင် ရတနသုတ် ကို ရွတ်ဆိုကြပါသည်။ ရတနသုတ် ပြီးဆုံးသော်လည်း မောင်ရန်အောင် ငိုဆဲပါ။

ရတနသုတ်ပြီးဆုံးလျှင် မေတ္တသုတ် ကို ရွတ်ဆိုကြပါသည်။ မေတ္တသုတ် ရွတ်ဆိုပြီးသော်လည်း မောင်ရန်အောင် အငိုမတိတ်သေးပါ။

မေတ္တသုတ်ရွတ်ဆိုပြီးလျှင် ခန္ဓသုတ် ကို ဆက်လက် ရွတ်ဆိုကြပါသည်။ ခန္ဓ သုတ်ရွတ်ဆိုပြီးသော်လည်း မောင်ရန် အောင် အငိုမတိတ်ပါ။

ခန္ဓသုတ်ရွတ်ဆိုပြီးလျှင် မောရသုတ် ကို ဆက်လက် ရွတ်ဆိုကြပါသည်။ မောရသုတ် ရွတ်ဆိုပြီးသော်လည်း ကလေးမှာ ဆက်လက်ငိုလျက်ပါ။

မောရသုတ်ရွတ်ဆိုပြီး၍ ဝဋ္ဋသုတ် ကို ဆက်လက် ရွတ်ဆိုကြပါသည်။ ဝဋ္ဋ သုတ် ရွတ်ဆိုပြီးသော်လည်း ကလေး မှာ သဲသဲမဲမဲ ငိုလျက်ပင်။

ဝဋ္ဋသုတ် ရွတ်ဆိုပြီးလျှင် ဓဇဂ္ဂသုတ် ကို ရွတ်ဆိုကြပါသည်။ ဓဇဂ္ဂသုတ် ရွတ်ဆိုပြီးသော်လည်း မောင်ရန်အောင် အားပါးတရ ငိုဆဲပါ။

ဓဇဂ္ဂသုတ်ပြီးလျှင် အာဋာနာဋိယ သုတ်ကို ဆက်လက် ရွတ်ဆိုကြပါသည်။

ထူးခြားသည်မှာ အာဋာနာဋိယ သုတ် ရွတ်ဆိုပြီးသောအခါ မရပ်မနား အဆက်မပြတ် ငိုနေသော မောင်ရန် အောင်မှာ ငိုကြွေးခြင်း လုံးဝ ရပ်ဆိုင်း သွားပါသည်။

ပရိတ်ရွတ်နေသော ဝတ်အသင်း ကြီးသည် အာဋာနာဋိယသုတ် ပြီးသွား သောအခါ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင် သုတ်၊ ပုဗ္ဗဏှသုတ်တို့ကို အစဉ်အတိုင်း ရွတ်ဆိုသွားကြပါသည်။

ပရိတ်ကြီး တစ်ဆယ့်တစ်သုတ်ပြီး လျှင် ပဋ္ဌာန်းနိဒ္ဒေသကို ရွတ်ဆိုကြပါ သည်။ ပဋ္ဌာန်းနိဒ္ဒေသပြီးဆုံးလျှင် သတ္တဝါအပေါင်းအား မေတ္တာပို့ကြပါ သည်။

မေတ္တာပို့ပြီးလျှင် အမျှပေးဝေကာ ဝတ်တက်ခြင်း ပြီးဆုံးပါသည်။ မောင်ရန်အောင်၏အသံသည် တိတ် ဆိတ် ငြိမ်သက်နေသဖြင့် အားလုံး တအံ့တဩ ဖြစ်ကြပါသည်။

ဆရာကြီး ဦးသိန်းဒွေးသည် မောင်ဘိုဝင်းတို့မိသားစု ဘေးအန္တရာယ် ကင်းဝေးစေရန် အောက်ပါအတိုင်း ညွှန်ကြားပြန်ပါသည်။

အိမ်ဝိုင်းတံခါးပေါက်ဝကို ချန်လှပ်ကာ အပ်ချည်ကြိုး(ချည်ခင်)ဖြင့် အိမ်ဝိုင်းပရိဝုဏ်ကို ဝိုင်းပတ်၍ စည်းတားစေပါသည်။ (မကောင်း သော မိစ္ဆာအနှောင့်အယှက်များ မဝင်ရောက် နိုင်စေရန် ဖြစ်ပါသည်။)

ပရိတ်သဲများကို အိမ်ဝိုင်းတစ်ခုလုံးကို ပက် ဖြန်းစေပါသည်။ တနင်္ဂနွေထောင့်မှစ၍ အရပ် နှင့် ထောင့်တစ်ထောင့်လျှင် ပရိတ်ကျောက်ခဲ တစ်လုံးကျ လက်ယာရစ်ချကာ မြှုပ်တွင်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း-၉၅ (စာမျက်နှာ ၁၀၃) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

**စကြာမင်း**

အမှတ်တံဆိပ်

**အားတိုးဆေး** ရှိပါ

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄))



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

'ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ''ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သဲ့နှာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၀၅၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မြို့ ရဟန္တာ(၈၀)နှင့်

# မှဲ့ရှင်ဆရာတော်ကြီး (၂)

သန်းဦး (သုဝဏ္ဏ)



◆ ဗုဒ္ဓဘာသာ ကမ္ဘာ့လွှမ်းမိုးပြီး မြတ်စွာဘုရားကြီး

ပရိယတ္တိ၊ ပဋိပတ္တိနှစ်ဖြာ နှံ့စပ်တော်မူပါတယ်။ ခုနစ်ရက်သားသမီးများနဲ့ ဝေနေယျသတ္တဝါများရဲ့ အကျိုးစီးပွား အလို့ငှာ ကျင့်ပွားအားထုတ်တော်မူပါတယ်။ ထူးခြားတာ များစွာရှိသော်လဲ ရေးမဖြစ်တာများစွာ ရှိပါတယ်။

စာဖတ်ပရိသတ်များ အနေဖြင့် ဆရာတော်ကြီးရဲ့ သက်တော်မှာ (၈၀)ကျော်နေပြီဖြစ်၍ သက်တော် ထင်ရှားရှိဆဲတွင် လာရောက်ဖူးမြော်စေချင်ပါတယ်။ ဤစကားကိုတော့ ကျွန်တော့်အနေဖြင့် စေတနာနဲ့ သဒ္ဓါအရ ပြောရခြင်း ဖြစ်ပါတယ်။

မိမိစိတ်အကြံကို သိနေသကဲ့သို့ ထူးခြားသော တိုက်ဆိုင်မှုများ ရှိပါတယ်။ လာသမျှ ပရိသတ်ကို ပုဂ္ဂိုလ်အလိုက် တရားဟောပါတယ်။ သက်တော် ကြီးရင့်ပြီ ဖြစ်သော်လဲ မမောနိုင်၊ မပန်းနိုင် တရားဟောတော်မူပါတယ်။ တရားနာသူရင်ထဲ စိမ့်ဝင်စွဲမြဲသွားတဲ့အထိ မနားတမ်း ဟောလေ့ရှိပါတယ်။

ဆရာတော်ကြီးရဲ့ မေတ္တာကို ခံယူမိသူတိုင်း လောကီကောင်းကျိုးများ သိသာထင်ရှားရုံမက လောကုတ္တရာ အမြုတေများ ရင်တွင်း ကိန်းအောင်း သွားကြသူများ ဖြစ်သွားကြပါတယ်။

နောက်ထပ် ထူးခြားတာကတော့ ရောဂါဒေဝနာရှင်များပါ သူ့အလိုလို ရောက်လာကြပြီး ဆရာတော့်ထံ မေတ္တာဆေးတော်၊ ရေဆေးတော် တောင်းခံကြတာပါပဲ၊ ခုနစ်ရက်သားသမီးများရဲ့ ရောဂါများ ပျောက်ကင်းရုံမက စိတ်ချမ်းသာသွားကြပါတယ်။

ဆေးမတိုးသူများလဲ ဆေးတိုးသွားကြပါတယ်။ ဆေးမှန်၊ ဆရာမှန် တွေ့ကြုံပြီး သက်သာပျောက်ကင်းကြပါတယ်။

သာကေတမြို့မှ အသက်(၃၀)ကျော် ဆရာဝန်ပေါက်စလေးမှာ အလိုလိုနေရင်း မျက်စိနှစ်လုံးမှောင်ကျကာ ကွယ်ခဲ့ပါတယ်။

တစ်နေ့မှာ ဆရာတော်ကြီးကို ကိုးကွယ်နေသော ဝေနေယျမိတ်ဆွေများရဲ့ ပြောကြားမှုကြောင့် ဆရာတော်

နောက်စာမျက်နှာသို့ဆက်ရန်

www.burmeseclassic.com





◆ လေးကျွန်းအောင်မြင့်ရိုက်ဓာတ်ပုံတော်ကြီးနှင့်
သာသနိကနယ်မြေ မြင်ကွင်းတစ်နေရာ

ဖျူးဓာတ် တမ္ဗာလျှမ်းမြင့် မြတ်စွာဘုရားကြီး
တည်ထားမှုအောင်ရန်အတွက် အခြေခံအုတ်မြစ် တူးနေစဉ် ◆

◆ ဆရာတော်ကြီး၏ တပည့်ဝေနေယျများ



ကြီးထံ ရောက်ခဲ့ပါတယ်။ ထိုဆရာဝန်လေးခမျာ ဆေးမျိုးစုံ၊ ဆေးခန်းမျိုးစုံမှာ ကုသခဲ့ပေမယ့် ဘာမှ မထူးခြားဘဲ နှစ်နဲ့ချီပြီး ကွယ်နေခဲ့ပါတယ်။

ဆရာတော်ကြီးက...

'ဒါဟာ အကုသိုလ်ကံ အကျိုးပေးနေတာဖြစ်တယ်'

လို့ ဆိုကာ သစ္စာအဓိဋ္ဌာန်ပြုပြီး...

'မကြာခင် ပြန်မြင်လာမယ်။ မင်း ယုံကြည်ဖို့တော့ လိုမယ်'

ဟူ၍ မိန့်ပါတယ်။ (၁၀)ရက်အကြာမှာ တဖြည်းဖြည်း ပြန်မြင်လာကာ ယခု စာပင်ဖတ်နေပါပြီ။

ဤသည်မှာ ဤစာရေးချိန်နဲ့ မရှေးမနှောင်းက အတွေ့အမြင်တစ်ခု ဖြစ်ပါတယ်။ ဆရာတော်ကြီးကတော့...

'အေး ငါကတော့ ဆေးကုတဲ့ ဘုန်းကြီးမဟုတ်ဘူး။ ထေရဝါဒပဲဖြစ်တယ်။ ဒါပေမယ့် ယုံရင်တော့ ပျောက်မှာပဲ။ သဒ္ဓါထက်သန်ရင် အကျိုးပေးမှာပဲ'

ဟူ၍သာ မိန့်ကြားလေ့ ရှိပါတယ်။

ကျွန်တော်ဟာ ဆရာသမားလဲဖြစ်၊ ဓမ္မမိတ်ဆွေလဲဖြစ်တဲ့ လူတစ်ဦးကြောင့် ဆရာတော်ကြီးထံ ရောက်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုတော့ ဆရာတော်ကြီးရဲ့ တပည့်များစွာထဲက နောက်တိုးတပည့်တစ်ဦး ဖြစ်နေပါပြီ။ တစ်လ တစ်ခေါက်မက ရောက်ခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ ဩဝါဒများ။ စရဏကျင့်စဉ်များ။ ကျင့်ပွားအားထုတ်ခြင်းများ၊ အဓိဋ္ဌာန်ဖြင့် ကျင့်ပွားခြင်းများကို အခါအားလျော်စွာ လုပ်ဆောင်ပါတယ်။

တစ်နှစ်ထက် တစ်နှစ်၊ တစ်လထက် တစ်လ ဘဝကံအပြောင်းအလဲများ၊ စိတ်ဓာတ်ရေးရာ အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဤသည်မှာ ကျွန်ုပ်ကိုယ်တွေ့ ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနှင့် ရဟန်းသာမဏေ၊ သီလရှင်များ

ဆရာတော်ကြီးနှင့် တပည့်ဝေနေယျများ



တကယ်တမ်းမှာတော့ ယခုအခါ ဆရာတော်ကြီးမှာ မိမိအတွက် ဘာမှ လိုအပ်တော့သည် မဟုတ်တော့ဘဲ ဓမ္မလမ်းကြောင်း ဆုံးတဲ့အထိ လျှောက်လှမ်းနေပါပြီ။

သို့သော် ရောက်လာကြသော ပါရမီရှင်များ၊ ဘဝ ပဋ္ဌာန်းဆက်ရှိသူများအား ကောင်းကျိုး ပြုနိုင်ရေးအတွက် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း မေတ္တာတရားများ ဖြန့်ကြက်ပေးနေခြင်းသာ ဖြစ်ပါတယ်။ တရားပွဲတချို့တွင်...

'ငါ မင်းတို့အတွက် လုပ်နေတာ၊ ငါ မင်းတို့တွေအတွက် လုပ်ပေးနေတာ'

ဟူ၍ မေတ္တာစကားကို သစ္စာထားပြီး မိန့်ကြားလေ့ရှိပါတယ်။

ဆရာတော်ကြီးဟာ သတ္တဝါတို့အပေါ် ငဲ့ညှာသနားတော်မူလေသောကြောင့် ရာသက်ပန် သက်သတ်လွတ် ဘုဉ်းပေးပါတယ်။ သက်တော်(၂၀) ရဟန်းပြုချိန်ကစ,က ယနေ့တိုင် သက်သတ်လွတ်သာ ဘုဉ်းပေးပါတယ်။

သက်သတ်လွတ်စားခြင်းနဲ့ ပတ်သက်ပြီး တပည့်ဝေနေယျများက မေးလျှောက်ကြည့်ရာ **"ဒါ ငါ့အကြောင်းနဲ့ငါပေါ့"** လို့သာ မိန့်ပါတယ်။

ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းပရိဝုဏ်အတွင်းမှာလဲ သက်သတ်လွတ်သာ ကျွေးမွေးပါတယ်။ လာသမျှ ပရိသတ်အတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာ ဘာမှ မပူမပင်ရပါ။

ကျွေးမွေး စောင့်ရှောက်ခြင်းကို ကျောင်းမှ သီလရှင်များ၊ ကပ္ပိယများနဲ့ တပည့်များက လုပ်ဆောင်ကြပါတယ်။ ချွေးတဒီးဒီးဖြင့် မနားတမ်း ချက်ပြုတ်ကျွေးမွေးနေသော သီလရှင်လေးများမှာ စိတ်မပျက်ဘဲ ဝမ်းသာရွှင်ပျ ကြည်လင်လှတာကြောင့် လာရောက်စားသုံးသူများလဲ ပျော်ရွှင်ကြည်နူးမဆုံးပါပဲ။ ချက်ပြုတ်သမျှ ဟင်းလျာများကလဲ နတ်သုဒ္ဓါအလား စားကောင်းကြပါတယ်။

ကုသိုလ် ယူလိုသူများကတော့ နံနက်စာဖြစ်စေ၊ နေ့လယ်စာဖြစ်စေ၊ ညစာဖြစ်စေ အကုန်အကျခံပြီး ကုသိုလ်ယူကြပါတယ်။

ကျောင်းဝင်းတစ်ခုလုံး အတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီနဲ့ ကပ္ပိယ တပည့် ဝေနေယျများအဖို့ ရဟန္တာ(၈၀)ကို မနက်အရုဏ်တက် ဝတ်မပျက် ဆွမ်းကပ်လှူရခြင်း၊ နေ့လယ်ဆွမ်း ဝတ်မပျက် ကပ်လှူရခြင်းမှာ များစွာသော မဟာကုသိုလ်တော်ကြီး ဖြစ်နေကြပါတယ်။

ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကျွန်တော် မမှန်းဆနိုင်ပါ။ သာသနာတော်အတွက် စိတ်ထက်ထက်မြင့် အားကြိုးမာန်တက် တစ်ရက်ကလေး



www.burmeseclassic.com

www.burmeseclassic.com






▲ သာသနိကာနယ်မြေအတွင်းရှိ ဘုရားတစ်ဆူ

◀ ရွှေတောင် မှဲ့ရှင်ဆရာတော်ကြီး အလောင်းတော်ကာလပတ္တမှ အဓိဋ္ဌာန်အောင်ပြီး ကြွတော်မူလာပုံ

မှ ပျက်ယွင်းမှုမရှိဘဲ ထက်သော သဒ္ဓါ၊ ဝီရိယ ကောင်းကောင်းဖြင့် သာသနာပြုနေသူသာ ဖြစ်ပါတယ်။

များစွာသော သာသနာပြုလုပ်ငန်းများကို အောင်အောင်မြင်မြင်ဖြစ်အောင် စွမ်းဆောင်နေနိုင်ခြင်းကပင် သက်သေခံလျက် ရှိနေပါတယ်။

လက်လှမ်းမီသမျှ ရေးပြောရရင်...

- ပဲခူးမြို့တွင် သိဒ္ဓိရှင်ဘုရားကြီး။
- ပေါင်းတည်တွင် ယူမကုန်စေတီတော်ကြီး။
- ရွှေတောင်၊ ရွှေနတ်တောင်ရှိ ပြိုပျက်နေသော ဂူ ကျောင်း ပုထိုးတော်များ ဇရပ်များအား ပြုပြင်ခြင်းများ။
- နှစ်ကျိပ်ရှစ်ဆူဘုရားများအား ပြုပြင်မွမ်းမံခြင်း။
- ငါးဆူတောင် စေတီတော်ကြီးအား သိန်းပေါင်းများစွာ အကုန်အကျခံ၍ ပြုပြင်မွမ်းမံခြင်း။
- ဖလွှမ်းတောင်စေတီတော် အပျက်ကို ငုံထားသော ညောင်ပင်ကြီးအား ရှင်းလင်းကာ ပတ်ဝန်းကျင်ကျေးရွာများမှ ရဟန်းရှင်လူများ၊ တပ်မတော်မှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ သာသနာ့မြေကို သန့်စင်ပြီးနောက် ဉာဏ်တော် (၄၅)တောင်၊ စေတီအရံ (၈)ဆူ၊ လေးဖက်မုခ် လိုဏ်ဂူတော် တန်ဆာဆင်ကာ "မှဲ့ရှင်တော်ဘုရားရုပ်ပွားတော်"ကို စံပယ်စေတော်မူပြီး "လောကဥသျှောင်သရဖူဘုရား"လို့ တွဲ့ခိုတော်မူခြင်း။
- ဇီးကုန်းမြို့အရှေ့ ရေတာရှည်အနီး၌ ဉာဏ်တော်(၃၆)တောင်ရှိ စိန္တာမဏိစေတီတော်၊
- ပေါင်းတည်မြို့၌ ဉာဏ်တော် (၂၇)ပေရှိ ပြည့်ပြည့်ပင်ဘုရား။
- အောင်လံ ငွေးချိုင်၌ ဘုရားတစ်ဆူ၊
- ရွှေနတ်တောင်၌ ဆန္ဒတော်ပြည့် ပေါ်တော်မူဘုရားကြီး ဆန္ဒတော်ပြည့်စေတီတော်၊
- ယင်းအနီး မြောက်ဘက်၌ အောင်တော်မူစေတီတော်အား ထီးတင်လှူခြင်း။



www.burmeseclassic.com

www.burmeseclassic.com

- မွေ့လေးမြို့ ပညာရှင်များနှင့် ထုတ်လုပ်အပ်သော ပုံတော်တူ ရုပ်တော်တူ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်(ကိုယ်ပွား)နဲ့ မဟာတန်ဆောင်းတော်ကြီး။
- ရွှေဘောမြို့တောင်ဘက် ကျီးတိုင်ရွာ အနီးဥဏ်တော်(၃၆)တောင်ရှိ အနန္တဇေယျစေတီတော်၊
- သန်လျင်မြို့တွင် ပေ (၁၀၀)ကျော်ရှိ စေတီတော်တစ်ဆူ တည်ထားနိုင်ခဲ့ပါတယ်။

ခိုအပြင် တံတားပေါင်း (၄၅)ခု တည်ဆောက်ခဲ့ပါတယ်။ တစ်နှစ်တစ်ခါကို ရဟန်း၊ သာမဏေပေါင်း မြောက်မြားစွာကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့ပါတယ်။

လမ်းပြုပြင်ခြင်း၊ တံတားပြုပြင်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ဇော်ခြင်းများ ကိုလဲ ရှက်ဆောင်ခဲ့ရုံမက ယနေ့တွင်လဲ **'ဗုဒ္ဓစာတ် ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီး'** တည်ထားပူဇော်ရန် အဓိဋ္ဌာန်ထား ရှက်ဆောင်နေပြီ ဖြစ်ပါတယ်။

ဗုဒ္ဓစာတ် ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီးမှာ ပေပေါင်း (၁၈၀) မြင့်မှာဖြစ်ပါတယ်။ ကမ္ဘာလုံးကြီးပေါ်တွင် ရပ်တော်မူဘုရားကြီး တည်ထားမှာဖြစ်ပါတယ်။ ဤစာရေးချိန်တွင် မြေစမ်းသပ်ခြင်း(Soil Test) ပြီးမြောက်၍ အောက်ခြေတိုင်ကြီးများ၊ ဒေါက်ကြီးများကို ခိုင်ခံ့သော အခြေအနေရောက်အောင် အောင်အောင်မြင်မြင် ပြီးမြောက်နေပြီ ဖြစ်ပါတယ်။ **(ဤဘုရားကြီးတွင် မည်သူမဆို တစ်တပ်တစ်အား လုပ်အား၊ ဝတ္ထုငွေကြေးအား လှူဒါန်းနိုင်ကြပါတယ်။** *စကားချပ်)*

ရဟန္တာ(၈၀) ရှေးဟောင်းမဟာသိမ်တော်ကြီးဟာလဲ ဆရာတော်ကြီးရဲ့ များစွာသော သာသနာပြုလုပ်ငန်းများတွင် အဓိက အရေးပါသော ပဓာနလုပ်ငန်းကြီး ဖြစ်ပါတော့တယ်။

ထို့ကြောင့် အဓိက ရေးပြောလိုသည်မှာ စာဖတ်သူများအနေဖြင့် ရဟန္တာ(၈၀) ရှေးဟောင်းမဟာသိမ်တော်ကြီးမှ ရဟန္တာ(၈၀)ကိုလဲ လာရောက်ဖူးမြော်လှည့်ပါ။

ကျေးဇူးတော်ရှင် မှဲ့ရှင်ဆရာတော်ကြီးကိုလဲ ဖူးမြော်ရင်း ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်ကိုလဲ ခံယူလှည့်ပါလို့ ဖိတ်ကြား နှိုးဆော်တိုက်တွန်းပါရစေ။

**သန်းဦး(သုဝဏ္ဏ)**

---

# လောကီကိစ္စ ပြည့်လေးပြည့်နဲ့

**ယိုးတရုဇေယျ**



**"ပြည့်လေးပြည့်"**ဆိုတာ တခြားမဟုတ်ပါ။

- မြတ်စွာဘုရားအား သောက်တော်ရေ ကပ်လှူသည့် ဘုရားသောက်တော်ရေအိုး
- မြတ်စွာဘုရားအား ကပ်လှူသည့် ညောင်ရေအိုး
- မိမိတို့ နေ့စဉ်သောက်သည့် သောက်ရေအိုး
- မိမိတို့ နေ့စဉ် သုံးစွဲသည့် သုံးရေအိုး

တို့ အမြဲမပြတ် ရေပြည့်ရေလျှံ နေခြင်းပါမည်။

မြန်မာစကားပုံတစ်ခုတွင် ထင်းကြွယ်၊ ရေမကြွယ်ဟု ဆိုထားပါသည်။ ထိုစကားပုံကဲ့သို့ပင် ထင်းရေတို့ မည်သည် ကြွယ်ဝသည်၊ ချမ်းသာသည်မရှိ၊ အမြဲတမ်းလို သုံးစွဲ၍ နေ၍သည်း နေ့စဉ်အမျှ ကုန်၍နေသော ကြောင့် မပိုမလျှံ၊ မချမ်းသာ မကြွယ်ဝဟု ဆိုလိုရင်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း ရှေးလူကြီးသူမတို့က သောက်ရေအိုး၊ သုံးရေအိုး ရေမလျှော့ကောင်းဘူးဟု ဆိုကြခြင်းဖြစ်သည်။ သောက်ရေ၊ သုံးရေအိုးတို့ ရေလျော့လျှင် မိမိတို့နေအိမ်၏ စီးပွားဥစ္စာတို့ ရေကဲ့သို့ ယုတ်လျော့တတ်သလို ရေအိုးတွေ ရေပြည့်ရေလျှံနေပါက စီးပွားဥစ္စာ ရွှေငွေတို့လည်း ပြည့်လျှံတိုးတက်တတ်တယ်ဟု ယုံကြည်ယူဆကြလေ့ ရှိပါသည်။

လူကြီးသူမတို့မှ သောက်တော်ရေအိုး၊ သောက်ရေအိုး၊ သုံးရေအိုးတွေ ရေမလျှော့ကောင်း အမြဲတမ်း ရေပြည့်ရေလျှံနေပါစေဟု မကြာခဏ ပြောဆိုတတ်ကြသည်။

စီးပွားဥစ္စာ ဒီရေအလား တိုးတက်အောင်မြင်လိုသူများအနေနှင့် ပြည့်လေးပြည့်အား မပျက်မကွက် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး စသည့် လောကီကိစ္စ အဝဝတို့လည်း အမြဲမပြတ် ပြည့်စုံနေမည် ဖြစ်ပါသည်။

ဤ ပြည့်လေးပြည့်အား မပျက်မကွက် ကြိုးစား ဆောင်ရွက်ကာ အကျိုးများစေရန် ရည်ရွယ်ကာ ဤဆောင်းပါးအား ရေးသားလိုက်ရခြင်း ဖြစ်ပါတော့သည်။

**ကိုသက်ရှည်**



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

'ပြောမှာပါ ဆရာသမားရယ်... ဆောပါနဲ့ဦး ယုံကြည်ဖို့ကသာ အဓိက ပါ'

ကျွန်တော့် ပဲခင်းတွေမှာရော ကျွန်တော့်ပဲခင်းနှင့် ကန်သင်းတင် ပဲခင်းတွေမှာရော ပဲဖျက်သည့် ငမြှောင် တောင်ပိုးများက ဝင်ရောက် ဖျက်ဆီး ခြင်းကို ခံနေရပါသည်။ ထို့ကြောင့်မို့ သည်း ပိုးသတ်ဆေးများ ဖျန်းပြီး ငမြှောင်တောင်ပိုးများကို ရှင်းပစ်ကြပါ သည်။

ကျွန်တော်ကတော့ အိမ်မှာရှိသည့် သုံးတာကြာပြီဖြစ်သော ဆေးဖျန်း ပုံးကို မြစ်ထဲမှာ ရေစင်အောင်သွား ဆေးပြီး အသင့်မန်းထားသော ရေမန်း ဖြင့် ရေပွားယူပြီး ဆေးဖျန်းပုံးဖြင့် ပဲခင်းအနှံ့ကို ပိုးသတ်ဆေးဖျန်းသလို ပက်ဖျန်းပါတော့၏။

---

**ရေမန်းပက်ဖျန်းပုံနှင့်**

**ဖြစ်ရပ်ဆန်းတစ်ခု**

---

ကျွန်တော်က ရေမန်းထည့်ထား သော ဆေးဖျန်းပုံးကို လွယ်ပြီး ပဲခင်း ရှိရာသို့ ဆင်းခဲ့ပါ၏။ အိမ်နှင့် ကျွန်တော် ၏ ပဲခင်းကလည်း အတော်ဝေးပါ သည်။ ကျွန်တော်၏ ပဲခင်းအစပ် ရောက်သည်နှင့် ခေတ္တခဏခြေစုံရပ်ပြီး ငါးမိနစ်ခန့် ကြာသောအခါ...

'ကဲ ငါပိုင်တဲ့ ပဲခင်းတွေထဲမှာ မိမိတို့ ဝမ်းစာအတွက် ရှာဖွေစားသောက်နေကြတဲ့ ပိုးသတ္တဝါကလေးများကို ငါမေတ္တာရပ်ခံပါ၏။ သင်တို့လဲ တစ်ဝက်စားကြပါ။ ငါ့ဖို့လဲ တစ်ဝက်ချန်ထားကြပါ'

ဟူ၍ ရေမန်းဆေးကို ပက်ဖျန်းပါ တော့၏။

ရေမန်းဆေးများ ပက်ဖျန်းပြီး အိမ် သို့ မပြန်ဖြစ်သေးဘဲ အစ်မဖြစ်သူအိမ် ဝင်ပြီး ညနေငါးနာရီခွဲ အလုပ်သိမ်းချိန် ကျမှပဲ ပြန်လာဖြစ်ပါ၏။

အိမ်အပြန်၌ မိမိတို့ ပဲခင်းကို ဝင် ကြည့်ဖြစ်သည့်အခါမှာတော့ ပဲသီး ကင်းနှင့် ပဲပင်များကို ကိုက်ယူစား သောက်သော ငမြှောင်တောင်ပိုးများ သည် ရိုရို၏ ပဲခင်းထဲမှ အခြားနေရာ များဘက်သို့ ပုရွက်ဆိတ်တန်းပမာ ထွက်ခွာသွားကြသည်ကို အံ့သြစရာ အဖြစ် တွေ့မြင်ရပါသည်။

ပြုလုပ်ပုံ

တရဏပရိတ်ကို အနည်းဆုံး သုံးခေါက် ဖြင့် ရေမန်းလုပ်ပါ။ ဆေးပုံးကို ရေစင်အောင် ဆေးပါ။ သတ္တဝါများကို မေတ္တာပို့ပေးပါ။ ရေမန်းရည် ပက်ဖျန်းခြင်းမပြုမီ အချိန်၌ မိမိပိုင်သော ပဲခင်းအစပ်မှာ ခြေစုံရပ်ပြီး မိမိ ပက်ဖျန်းမည့်ပရိတ်ရေသည် သတ္တဝါများ အား ထိခိုက်နစ်နာစေလို၍ မဟုတ်ကြောင်း သစ္စာပြုပေးရပါမည်။

၎င်းပြောပြချက်များကို ကာယကံရှင် ဖြစ်သော **မောင်အောင်ဆန်းကျော် (ကြာကွင်းကျွန်းကြား)**၏ ကိုယ်တိုင် ပြောပြချက်အရ ဘဝတူ တောင်သူများ မေတ္တာထားနိုင်ရန် သိရှိနိုင်ရန် မေတ္တာ ရှေ့ထား၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြပေးအပ်ပါ၏။

**မှတ်ချက်။ ။ တရဏပရိတ်ကို တော့ ၎င်းစာမူတွင် စာလေးမည်စိုး၍ ထည့်သွင်း မရေးသားတော့ပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ဂါထာ မန္တန်စာအုပ်များတွင် ရှာဖွေဖတ်ရှုပါ ရန်။**

***စာရှုသူများ ကိုယ်စိတ်နှစ်ပါး ချမ်းသာ ကြပါစေ။***

**ရောတိမ်ကျော် (မအူပင်)**

---

**စာမျက်နှာ (၉၅)မှ အဆက်**

မြုပ်စေပါသည်။ ကျောက်စရစ်ခဲရစ်လုံး အရပ် (၄)ရပ်၊ ထောင့်(၄)ထောင့် အတိအကျ ဖြစ်ပါသည်။ ကျန်သော ပရိတ်ကျောက်စရစ်ခဲ တစ်လုံးကို အိမ်၏ လှေကားထစ်အောက် တွင် မြုပ်စေပါသည်။

ပရိတ်ရေများကို သောက်ရေအိုးထဲ တွင် ထည့်စေပါသည်။ မောင်ရန်အောင် ကို တိုက်ကျွေးစေပါသည်။ အဲဒီဝတ် ရွတ်ဝတ်တက်သည့် ညမှစ၍ မောင်ရန်အောင်တစ်ယောက် သဲကြီး မဲကြီး အဆက်မပြတ် မငိုတော့ပါ။

မောင်ရန်အောင်သည် ယခု **၁၃၇၄ ခုနှစ်တွင် (၃)နှစ်သားအရွယ်ပင် ရောက်ရှိနေပါသည်။** စလင်းမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာအုပ်စု၊ အင်းပုတ် ကျေးရွာတွင် မောင်ရန်အောင်တို့ မိသားစု ပျော်ရွှင်အေးချမ်းစွာ နေထိုင် လျက်ပါ။

ဗုဒ္ဓဘုရားရှင်၏ ပရိတ်တော်များ သည် အစွမ်းထက်လှပါသည်။ ရွတ်ဆို ခြင်းဖြင့် အကျိုးအနန္တကို ရရှိစေပါ သည်။

စာရှုသူများ အထက်က ဖော်ပြခဲ့ သလို အခက်အခဲများ ကြုံတွေ့ရပါက မြတ်ဗုဒ္ဓ၏ ပရိတ်တော်အစွမ်းများဖြင့် ဖြေရှင်းနိုင်ကြစေရန် ရည်ရွယ်၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

**မှတ်ချက်။ ။ ဆရာကြီးဦးသိန်း ဌေး(အင်းပုတ်ရွာ) ပြောပြသော တကယ့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်ကို တင်ပြလိုက်ခြင်း ဖြစ်ပါ သည်။ ဆရာကြီးဦးသိန်းဌေးအား ဂါရဝပြုလိုက်ပါသည်။**

***ဘေးဘယာ ဝေးကွာကြစေရန် ဆုမွန် ပြုလျက်...***

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



## သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား



"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အကြောက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစား မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး။ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပါတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲ့အတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**။ ကိုရဲ့ကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၅၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com



● ဥမင်သုံးဆယ် အလိုတော်ပေါက်ရုပ်ပွားတော် (ရုပ်ပွားတော်၏ ဝဲဘက်နှာအနီးတွင် ဇော်ဂျီနှင့် ယာဘက်နှာတော်အနီးတွင် ပတ္တူကြီးသဃ်ရာဇာပုံကို တွေ့ရှိရပါသည်။) ဤရုပ်ပွားတော်နေရာသည် အောင်မြေဖြစ်ပါသည်။

# ဝက်ကိုင်းတောစခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဂုဏ်ပူဇော်ဂါထာတော်များ (၃)

အောင်မြေမှတ်
(စစ်ကိုင်းတောင်)

ဥမင်သုံးဆယ်ဘုရား

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ [၃-ကြိမ်ရွတ်ဆိုပါ။]

ပတ္တူကြီးသဃ် ရာဇေန၊
ကာရိတံ လောကပူဇိတံ။
တိ သုမင်္ဂတိ ပါကဋံ၊
နမော စေတိယ မဟန္တံ။

မြန်မာပြန်

**ပတ္တူကြီးသဃ်ရာဇေန၊** ပတ္တူကြီးသဃ်ရာဇာ အမည်ထင်ရှား ရှိတော်မူသော ဘဏ္ဍာစိုးရဟန်းကြီးသည်။

**လောပူဇိတံ၊** လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့ အထူးပူဇော်အပ်သော။

**တိ သုမင်္ဂတိပါကဋံ၊** ဥမင်သုံးဆယ်ဟူ၍ အလွန်လျှင် ထင်ရှားကျော်ကြားတော်မူပါသော။

**မဟန္တံ ယံစေတိယံ၊** အကြင် ဥမင်သုံးဆယ်စေတီတော်မြတ်ကို။

**ကာရိတံ၊** လူရှင်အများ ကုသိုလ်ပွားအောင် တည်ထားသမှု ကိုးကွယ်ခြင်းပြုအပ်ခဲ့လေပြီ။

**တံ၊** ထို ဥမင်သုံးဆယ် စေတီတော်မြတ်ကြီးကို။

**အဟံ၊** "………"ဟု နာမသမုတ်အကျွန်ုပ်သည်။

[**မှတ်ချက်။** ။"……"**နေရာတွင်** မိမိအမည် ထည့်ဆိုရန်]

**နမော နမာမိ၊** ပါရမီတော် (၃၀)၊ ဝါတော်(၄၅) အာရုံထား၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဘုရားတည်သောနှစ်

ကောဇာသက္ကရာဇ် ၆၈၇ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဒါယကာ

ပတ္တူကြီးသယ်ရာဇာ။

တည်နေရာ

ဆွမ်းဦးပုညရှင် အတက်ကွေ့ မြောက်ဘက် စစ်ကိုင်းတောင် သုဝဏ္ဏဂီရိတောင်ထွတ်။

ပွဲတော်ရက်

နှစ်စဉ် ဝါခေါင်လပြည့်နေ့။

အောင်မြေနေရာ

ဥမင်သုံးဆယ် လိုဏ်ဂူအတွင်း၊ အလိုတော်ပေါက်ရုပ်ပွားရှေ့။

အစောင့်အရှောက်

အင်္ဂိယက္ခဓာတ်ဘီလူး။

ထူးခြားချက်များ

ဥမင်လိုဏ်ပေါက် (၃၀)ရှိကာ ရုပ်ပွားတော် (၄၅)ဆူ စံပယ်တော်မူလျက်ရှိပါသည်။

ဘုရားရှင်၏ ဝါတော် (၄၅)ဝါကို ရည်ရွယ်ခြင်းဖြစ်ပြီး လိုဏ်ပေါက်(၃၀)မှာ မြတ်စွာဘုရားရှင်၏ ပါရမီတော်အပြား (၃၀)နှင့်အညီ ပြုလုပ်စီမံထားခြင်း ဖြစ်လေ၏။

အင်းဝဘုရင် သတိုးမင်းဖျား၏ ဆရာတော်ဖြစ်သော ပတ္တူကြီးသယ်ရာဇာသည် စစ်ကိုင်းတောင် သုဝဏ္ဏဂီရိတောင်ထွတ်တွင် အလျား (၁၉၀)ပေ၊ အနံ (၁၄)ပေ၊ အမြင့် (၂၆)ပေရှိသော လိုဏ်ကြီး ထွင်းဖောက်၍ ဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ပြဒါးရှင်ဓာတ်လုံးကို ဌာပနာထားခဲ့လေသည်။


ပတ္တူကြီးသယ်ရာဇာသည် သီရိသဒ္ဓမ္မရာဇာသေနာပတိဘွဲ့ ရရှိခဲ့၍ ပိဋကတ်(၃)ပုံ၌ အထူးကျွမ်းကျင်တော်မူလေ၏။

ထို့အပြင် ထူးခြားဆန်းပြားသော လောကီပညာရပ်များကို ကျွမ်းကျင်



▲ ဥမင်သုံးဆယ်မှ ရုပ်ပွားတော်များ

▼ ဥမင်သုံးဆယ်ရှုခင်းများ



တတ်မြောက်ရုံမျှမက ရွှေဖြစ်၊ ငွေဖြစ် အင်္ဂါရပ်ပညာဖြင့် ထွက်ရပ်ပေါက်ခဲ့သည်ဟု ကျော်ကြားတော်မူပါ၏။

ထူးထူးခြားခြား အကြားအမြင်ရသော ဝိဇ္ဇာဓိုရ်တစ်ပါးဖြစ်ကြောင်း သမိုင်းမှတ်တမ်းများတွင် တညီတညွတ်တည်း ဖော်ပြပူဇော်ခံရသော ဆရာတော်ကြီး ဖြစ်လေ၏။

အင်္ဂါရပ်ကိစ္စ၊ ဓာတ်ကိစ္စ လိုက်စားဆောင်ရွက်လေ့လာသူတိုင်းအတွက် နေရာထူး

ဖြစ်ပါသည်။

ရှင်ပင်နန်းဦး

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

လင်္ကာဂတေန ဘိက္ခုနာ၊

ရာဇဂေဟ သီသထူပံ၊

နိဓာပေတွာန ဓာတုယိ၊

ဝန္ဒေ ယန္တံ သုနိမ္မိတံ။



www.burmeseclassic.com

www.burmeseclassic.com



▲ ရှင်ပင်နန်းဦးစေတီတော်

မြန်မာပြန်

**လင်္ကာဂတေန၊** သီရိလင်္ကာနိုင်ငံမှ ပြန်လည် ကြွရောက်တော်မူသော။

**ဘိက္ခုနာ၊** ရဟန်းတော် အရှင်မြတ်သည်။

**ဓာတုဟိ၊** မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ဖြင့်။

**နိဓာပေတွာန၊** ထည့်သွင်းဌာပနာတော်မူလေ၍။

**ယံ ရာဇဂေဟ သီသထူပံ၊** အကြင် ရှင်ပင်နန်းဦး စေတီတော်မြတ်ကြီးကို။

**သုနိမ္မိတံ၊** ကောင်းစွာဖန်ဆင်းကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။

**တံ၊** ထိုရှင်ပင်နန်းဦးစေတီတော် မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒေ ဝန္ဒာမိ၊** ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ဘုရားတည်သောနှစ်

သက္ကရာဇ် ၆၀၇ ခုနှစ်။

ဘုရားဒါယကာ

ပေါင်လောင် အရှင်ကဿပမထေရ် မြတ်ကြီးဟု ယူဆရပါ၏။

တည်နေရာ

စစ်ကိုင်းတောင်ရိုးလမ်း နန်းဦးမြို့ သစ်ရပ်ကွက်၊ ကားရပ်စခန်း ညောင်ပင်ကြီး၏ မြောက်ဘက် မင်းဝံတောင်ကုန်းထက်၌ တည်ရှိပါသည်။

ပွဲတော်ရက်

နှစ်စဉ် ဝါဆိုလပြည့်ကျော်(၈)ရက်နေ့။

အောင်မြေနေရာ

သတ်မှတ်ထားခြင်းမရှိပါ။

အစောင့်အရှောက်

စေတီတော်၏ အရှေ့မြောက်ရှိ ရွှေညောင်ပင်နတ်ကြီး။

ထူးခြားချက်

သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)မှ ပြန်လည်ကြွရောက်လာသော ပေါင်လောင်အရှင် ကဿပမထေရ်မြတ်သည် သက်ဆိုင်ရာ ဒကာ၊ ဒကာမတို့၏ အကူအညီဖြင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ပင့်ဆောင်လာသော သရီရဓာတ်တော်မွေတော်များနှင့် ဌာပနာ၍ တည်ထားလေ၏။

ပေါင်လောင် အရှင်မဟာကဿပမထေရ်မြတ်သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဗျာကရုဏ်ကျမ်းများစွာ ပြုစုခဲ့လေ၏။

ဆရာတော်ကြီး၏ မဟာဗောဓိဝံသ ဋီကာ၊ ပရမတ္ထဗိန္ဒုဋီကာနှင့် ခုဒ္ဒသိက္ခာ နိဿယကျမ်းများထဲမှ မဟာဗောဓိဝံသ အဋ္ဌကထာကျမ်းသည် ပါဠိအရေး အသား အလွန်ပြောင်မြောက်ကောင်း မွန်လှသောကြောင့် သီဟိုဠ်(သီရိလင်္ကာ) တက္ကသိုလ်များ၌ပင် ပြဋ္ဌာန်းကြလေ၏။

ဆရာတော်ကြီးအား ရဟန္တာအရှင် မြတ်ကြီးအဖြစ် ယနေ့တိုင် တလေး တစား ယုံကြည်ကြပါသည်။ အသခ်ဃာ စောယွန်း၏ နန်းဦးနေရာ၌ တည်ထား ခဲ့ခြင်းကြောင့် **နန်းဦးဘုရားဟူ၍** ဘွဲ့မည်တွင်လျက် ရှိပါသည်။

ဤစေတီတော်ကား ပေါင်လောင် အရှင် ကဿပရဟန္တာကြီး၏ သာသနာဝင် နေရာ ထူး ဖြစ်လေသည်။

---

ရှင်ပင်နံ့ကိုင်းစေတီဂါထာ

---

**နမောတဿ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ် ဆိုပါ။]*

ကြံ့သိုင်းကုတိ နမကေန၊
မဟာမစ္ဆေန ကာရိတံ။
နံ့ကိုင်းဝှယ မဟာထူပံ၊
ဝန္ဒေ တ မဟ မာဒရံ


မြန်မာပြန်

**ကြံသိုင်းကုတိ နာမကေန၊** ပုဂံ တိုင်းမှ ကြံသိုင်းအမည် ရရှိပါသော။

**မဟာမစ္ဆေန၊** မင်းတိုင်ပင် ပညာရှိ အမတ်ကြီးသည်။

**ယံ နံ့ကိုင်းဝှယ မဟာထူပံ၊** အကြင် ရှင်ပင်နံ့ကိုင်း ဘွဲ့အမည်ရှိ စေတီတော် ကြီးကို။

**ကာရိတံ၊** လူရှင်အများ သဒ္ဓါပွား အောင် တည်ထားကိုးကွယ်အပ်လေ ပြီ။



◆ ရှင်ပင်နံ့ကိုင်းစေတီတော်ကို အောင်မြေသော်မှ မှုမြင်ရပုံ

**တံ၊** ထို ရှင်ပင်နံ့ကိုင်းစေတီတော် မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမသမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**အာဒရံ၊** ရိုသေညွတ်ကျိုးစွာဖြင့်။

**ဝန္ဒေဝန္ဒာမိ၊** ရိုသေမြတ်နိုး လက်အုပ် မိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်သောနှစ်
သက္ကရာဇ် ၄၂၁ ခုနှစ်။

ဘုရားဒါယကာ
ကြံသိုင်းအမတ်ကြီး။

တည်နေရာ
ဧရာဝတီမြစ်ကမ်းအနီး နံ့ကိုင်း တောင်။

ပွဲတော်ရက်
နှစ်စဉ် ဝါခေါင်လကွယ်နေ့။



www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်ပင်နံ့ကိုင်းစေတီတော်ရင်ပြင်ရှိ အကြီးဆုံး ကြေးသွန်းရုပ်ပွားတော်ကြီး



◆ ရှင်ပင်နံ့ကိုင်းစေတီတော်၏ အောင်မြေအနီးမှ အစောင့်အရှောက် ဦးတာနောကြီးရုပ်

**အောင်မြေနေရာ**

စေတီတော်၏ အရှေ့မြောက်ထောင့် ဦးတာနောကြီး၏ နတ်နန်းရှေ့။

**အစောင့်အရှောက်**

ဘီလူးကြီး ဦးတာနော။

**ထူးခြားချက်များ**

အသခ်ယာစောယွန်းမင်း စစ်ကိုင်း တည်စဉ်က **'အတွင်းမှဗြောကိုးဆူ'** တွင် တစ်ဆူအပါအဝင် ဖြစ်လေ၏။

မူလ ဘွဲ့အမည်တော်မှာ **"ရန်အောင်မြင်စေတီတော်"** ဖြစ်သော်လည်း တောင်တော်၏အမည်ကို အစွဲပြု၍ **ရှင်ပင်နံ့ကိုင်း**ဟူ၍သာ အမည်တွင်လျက် ရှိလေ၏။

ဤ နံ့ကိုင်းတောင်တော်သည်ကား ဧရာဝတီမြစ်ဘေးရှိ အမြင့်ဆုံးတောင်ထွတ်ပေါ်တွင် မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ စေတီတော်မြတ်ကြီး ဖြစ်လေ၏။

ထင်ရှားကျော်ကြားလှသော နေရာထူးဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ အနယ်နယ် အရပ်ရပ် ဒေသအနှံ့မှ ဘုရားဖူးများ အမြဲမပြတ် စည်ကားလျက်ရှိသော နေရာလည်း ဖြစ်လေ၏။ ရှခင်းရှုကွက် အကောင်းဆုံး၊ အလှဆုံး နေရာ တစ်ခုလည်း ဖြစ်ပါ၏။

အနယ်နယ်အရပ်ရပ်မှ ဂန္ဓာရီပုဂ္ဂိုလ်များနှင့် ဒေသခံ ဂမ္ဘီရဆရာများသည် ဤနံ့ကိုင်းတောင်ထိပ်ခေါင်၌ ဝါခေါင်လ၏အဆုံး ညဥ့်သန်းခေါင်ယံကာလ၌ **ခေါင်သုံးခေါင်နှင့် ပြည့်စုံသောကြောင့်** သိဒ္ဓိဆေးများပေါက်ခြင်း၊ ဆေးတော်



www.burmeseclassic.com

များကျူးခြင်း၊ ဂါထာတော်, မန္တန်တော်များ ရွတ်ဆိုပူဇော်ခြင်း၊ သီဒ္ဓိတင်ခြင်းများ ယခုတိုင် ပြုလုပ်လေ့ ရှိပါသည်။

ဂန္ဓာရီပုဂ္ဂိုလ်များအတွက် နေရာထူးဖြစ်လေ၏။

ပုဏ္ဏကာဘီလူးကြီး၏ ပိုင်နက်အဆုံးတောင်တော်ဖြစ်ခြင်း၊ ဘီလူးကြီးဦးတာနော၏ စောင့်ရှောက်မှုကြောင့် စေတီတော်နှင့် နံကိုင်းတောင်တော်ကြီးသည် နယ်လှည့်ဂန္ဓာရီ ပုဂ္ဂိုလ်များအတွက် အထူးအထောက်အပံ့ ရရှိနိုင်သောနေရာထူးဖြစ်လေ၏။

## လေးကျွန်းမာရ်အောင်စေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

အဝသေတိ ဘရာဇေနေ၊
မာပိတံ အတိဝိစိတ္တံ။
စတုဒီပ မာရဇယံ၊
ဝန္ဒေ စေတိယ မဟန္တံ။

မြန်မာပြန်

**အဝသေတိ ဘရာဇေနေ၊** အင်းဝဘုရင် ဆင်ဖြူရှင်မင်းတရားကြီးသည်။

**အတိဝိစိတ္တံ၊** အလွန်ဆန်းကြယ်သော ပုံသဏ္ဌာန်ရှိတော်မူသော။

**စတုဒီပ မာရဇယံ၊** လေးကျွန်းမာရ်အောင် ဘွဲ့မည်ရှိတော်မူသည့်။

**ယံစေတီယံ၊** အကြင် စေတီတော်မြတ်ကြီးကို။

**မာပိတံ၊** ရှင်လူအများ ကုသိုလ်ပွားအောင် တည်ထားတော်မူလေပြီ။

**တံ၊** ထိုလေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမသမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**



လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကို ကုန်းညီသဏ္ဌာန် ထူးခြားစွာ ဖူးမြင်ရပုံ

**ဝန္ဒေဝန္ဒာမိ၊** ရှိသေမြတ်နိုး အာရုံတိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားတည်သောနှစ်

သက္ကရာဇ် ၇၁၅ ခုနှစ်။

ဘုရားဒါယကာ

ဆင်ဖြူရှင် သီဟပတိမင်းကြီး။

တည်နေရာ

စစ်ကိုင်းတောင်ခြေ၊ ဧရာဝတီမြစ်ကမ်းအနီး သောတာပန်ရပ်တွင် တည်ရှိပါ၏။

ပွဲတော်ရက်

နှစ်စဉ် တော်သလင်းလဆန်း (၈)ရက်နေ့။

အောင်မြေနေရာ

စေတီတော်၏ အဂ္ဂိထောင့် ညောင်တံခါးကြီး။

အစောင့်အရှောက်

ငါးဆူကံရှင်ဘိုးဘိုးကြီး။

ထူးခြားချက်များ

ဂေါတမမြတ်စွာဘုရားသည် ကိုးဆယ့်ကိုးယောက်သော ဘီလူးတို့အား သောတာပတ္တိဖိုလ် တည်စေ၍ အောင်တော်မူရာ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့ပါ၏။

www.burmeseclassic.com



▲ လေးကျွန်းမောက်အောင်ရုပ်ပွားတော်ကြီးအား
စကျင်ကျောက်သားဖြင့် သပ္ပါယ်စွာ ဖူးမြင်ရပုံ

တော် (၁၈)တောင်ရှိသော စကျင်ကျောက်သား ရုပ်ပွားတော်ကြီးက အဖူးမြော်ခံလျက် ရှိပါသည်။


စေတီတော်ကြီး၏ အပြင်ဘက်ပုံစံတော်မှာ ရှစ်ထောင့်ချိုးစေတီဖြစ်၍ ဇေတာဘီလူး ဦးဆောင်သော ပရိသတ်များမှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသော ကိလေသာရန်တို့ကို ပယ်သတ်၍ မဂ္ဂင်ရှစ်ပါး ရရှိသော သောတာပန် အရိယာချည်း ဖြစ်စဉ်ကိုလည်း ရည်ညွှန်းပါ၏။

ထို့အတူ တနင်္ဂနွေမင်းတရားကြီးသည်လည်း အရပ်ရှစ်မျက်နှာရှိ ရန်သူ အပေါင်းတို့အား အနိုင်တိုက်ယူကာ အောင်မြင်မှု ရရှိခဲ့ခြင်းကိုလည်း သမိုင်းတင်ထားခြင်းဖြစ်ပါ၏။

တနင်္ဂနွေမင်းတရားကြီး၏ အောင်

စေတီတော်၏ ပုံစံမှာ မည်သည့် စေတီနှင့်မျှ လုံးဝမတူသော ဂမုန်းဉ ပုံသဏ္ဍာန်ရှိပြီး အောက်ခံအုတ်ခုံမှာ ဆဋ္ဌဂံဖြစ်၍ လိုဏ်အတွင်း၌ အရုပ်

▼ လေးကျွန်းမောက်အောင်စေတီ ရင်ပြင်တော်အပါးတော်တွင်တည်ရှိသော ဗောဓိညောင် သစ်ပင်ကြီး ( အောင်မြေဖြစ်ပါသည် )





www.burmeseclassic.com

www.burmeseclassic.com

မြေနှင်းရာ နေရာမြတ်လည်း ဖြစ်ပါပေ၏။

တနင်္ဂနွေမင်းတရားကြီး၏ တစ်မူထူးခြားသော ရည်ရွယ်ချက်မှာ စေတီတော်ကြီးအား ဖူးမြင်မိရုံမျှနှင့် ရှင်တော်မြတ်ဘုရားအား ကြည်ညိုစိတ် ပြင်းပြလာစေပါ၏။

ဘုရားရှင်၏ ပုပ္ဗဝိဒေဟ၊ ဇမ္ဗူဒီပ၊ အပရဂေါယာနနှင့် ဥတ္တရကုရုဟူသော ကျွန်းကြီးလေးကျွန်းလုံး၌ ခန္ဓမာရ်၊ ကိလေသာမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်နှင့် ဒေဝပုတ္တမာရ် စသော မာရ်ငါးပါးအပေါင်း အောင်မြင်မှုကို ပူဇော်သည့်အနေဖြင့် **လေးကျွန်းမာရ်အောင်စေတီတော်**ဟု ဘွဲ့တော်သမုတ်တည်ခဲ့လေသည်။

စစ်ကိုင်းတစ်မြို့နယ်လုံးက ယုံကြည်လေးစားရသော **"ငါးဆူကံရှင်ဘိုးဘိုးကြီး"**၏ အုတ်နန်းကလည်း မူလနေရာအစစ် ဖြစ်လေ၏။

အလွန် ကြီးမားဆန်းပြားသော ညောင်ပင် သစ်တံခါးကြီးကလည်း အောင်မြေနေရာအဖြစ် ဆုတောင်းခံရာ၊ **အဓိဋ္ဌာန်ယူရာဌာန**ဖြစ်လေ၏။

မြန်မာနိုင်ငံ၌ ကျောက်တော်ကြီး ငါးဆူရှိလေရာ ပထမဆုံး အဦးဆုံး ကျောက်တော်ကြီး ဖြစ်လေတော့၏။

၁။ လေးကျွန်းမာရ်အောင် ကျောက်တော်ကြီး (စစ်ကိုင်းတောင်)၊

၂။ လောကသရုပ္ပကျောက်တော်ကြီး(အင်းဝမြို့)

၃။ တောင်သမန်ကျောက်တော်ကြီး (ဦးပိန်တံတားအနီး၊ အမရပူရမြို့)၊

၄။ မန္တလေးကျောက်တော်ကြီး (မန္တလေးတောင်ခြေ)၊

၅။ လောကချမ်းသာ အဘယလာဘမုနိကျောက်တော်ကြီး (မင်းဓမ္မကုန်းတော်၊ အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး)၊

အောင်မြေနေရာထူး ဖြစ်သောကြောင့် အထူးအောင်မြေကို ညွှန်းလိုက်ရပါသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်း၊တောင်)***

# ပြဒါးသေ ပြဒါးရှင်တို့ဓါ

## လက္ခဏာများ

ပြဒါးဓာတ်သေဟူသည် ထိုဓာတ်ထိုးပြီး ဓာတ်ချော်ဖြင့် အခိုးဓာတ် (အာကာသ)ဓာတ်ကို ဖမ်းနိုင်ခြင်း၊ ထိုလုံးဖြင့် (ခဲ)ကို ပွကြွစေခြင်း၊ ချော်ပြတ်ခြင်း၊ ထိုဓာတ်ဖြင့် ရသတစ်ခုခုထပ်လျှင် ရသ တင်းပျက်စေနိုင်ခြင်း၊ ပြောင်းလွဲစေခြင်း၊


ထိုဓာတ်ကို ချော်ဖုံးထိုးပါက ချော်ပေါ်တက်၍ ထိုင်ခြင်း၊ ချော်မထည့်ဘဲ ထိုးပါက လုံထဲတွင် လှည့်လည်ကစားနေတတ်ခြင်း၊ ထိုလုံတွင် ဘော်ထည့်ပါက ဘော်ကြေမွ၍ ပြာကျစေနိုင်ခြင်းတို့ဖြစ်သည်။

**ပြဒါးဘော်ပြာ** လိုရာကို သုံးဆောင်၍ ရသည်။ ဓာတ်သေကို အသမ္ဘိန္နဆေးလေးပါးဖြင့် ဆက်၍ သိဒ္ဓိတက်ပါကလုံမီးထဲတွင် မီးပေါင်းများစွာဖြင့် ထိုးသော်လည်း မီးမစွဲ၊ ညှပ်ဖြင့်ယူ၍ လက်ဝါးပေါ်တင်လျှင် ရေခဲပမာ အေး၍သာနေသည်။ ထိုဓာတ်သည် ရောင်မျိုးဖြာ၍ အလင်းရောင်သည် နေ့မညဟူ ထွက်ပျံ့စေပြီး လိုရာဆန္ဒကို ပြီးမြောက်စေသတည်း။

**ပြဒါးရှင်ဟူ**သည် သွပ်ပြဒါးသေ၍ အဏုမြူ ပြဒါးစွဲကာ လုံထဲတွင် မီးရဲအောင်ထိုးသော်လည်း အရောင်လင်း၍ အခြားဓာတ်မှန်သမျှကို သတ်နိုင်၊ ပြောင်းလဲချေပနိုင်ရုံမျှမက ထိုဓာတ်လုံးကို ညှပ်ဖြင့်ယူ၍ လက်ပေါ် တင်လိုက်သည့်အခါ ရေခဲပမာ အေးမြလျက်ပင် ရှိလေသည်။

ထိုပြဒါးရှင်ဓာတ်သည် ပူအေး အမှုခပ်သိမ်းကို ခံနိုင်ခြင်း ရှိလေသည်။ လိုရာကို ပြီးမြောက်ကြဲဆစေနိုင်ခြင်း သိဒ္ဓိရှိသည်။ ရတနာ့ရှိ တောင်မြေမှ အရောင်လင်း ထွက်ပျံ့သွားသည်ကို မြင်ရသော ပြဒါးမျိုး၊ ကောင်းကင်မှ အရောင်လင်း၍ ကျဆင်းပြီး မြေပြင်နှင့် ဝါးတစ်ရပ်လောက်တွင် ပျောက်ကွယ်သွားတတ်ခြင်း၊ ကောင်းကင်၌ အလင်းလုံးကြီး ဥပါဒ်ပုံများ ဥက္ကာပျံများသည် ပြဒါးမျိုးတို့ပင် ဖြစ်ကြသည်။

ထို့နောက် ပြဒါး၏ ဂုဏ်သတ္တိများ ကို သိရှိထိုက်သည်မှာ လောဘ၊ ဒါသ၊ မောဟ အကုသိုလ်နည်း သဒ္ဓါဝီရိယပညာ ဘုန်းရှင် စိတ်ဖြူစင်သူတို့သာ ပြုလုပ်ဖြစ်ထိုက် ခံစားထိုက်သော ပြဒါးရှင်ဓာတ်ကို ရရှိစေနိုင်၏။



အထက်ပါအကြောင်းတို့မှာ ပြဒါး၏ ဂုဏ်သတ္တိများနှင့် ပုဂ္ဂိုလ်တို့၏ ဝေလေ့စရိုက်၊ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်နည်းသူတို့နှင့်သာ ထိုက်တန်ကြောင်း သိရှိထားရပေမည်။

**( ပုလဲမြေ ထွန်းထွန်း )**



www.burmeseclassic.com

www.burmeseclassic.com



▲ ယနေ့ ဖူးမြော်ရသော မျက်နှာပုံပါန်

စိမ်းရောင်စို တောင်ညိုမှိုင်းရီသည့်

# သာသနာ့အောင်မြေ ရှာနေကျိုင်းဆီသို့ (၂)

ထက်မင်းကျော်စွာ

**ယခင်လမှ အဆက်**

အဲဒီနောက် **'ကျွဲသောင်ရွာ'**ဆိုတာ **'ကျွဲဒုံးရွာ'**နဲ့ တစ်ဆက်တည်းပဲ။ အဲဒီရွာကနေ ရန်ကုန်မှာ ပြောင်းရွှေ့နေထိုင်ကြတဲ့ မိတ်ဆွေတွေ အကူအညီနဲ့ ရန်ကုန်ကို ရောက်သွားတယ်။ ရွှေတိဂုံစေတီရင်ပြင်က ရက္ခန်းစင်တောင် ဆရာတော် ဓာတ်ပန္နက် နေလဘုရားမှာ အောင်ပန္နက်ယူ ကျင့်ကြံတယ်။ နောက်တော့ စစ်ကိုင်း ဒီပါအေးမြ ဆရာတော်ကြီးဆီသွားပြီး နည်းခံအားထုတ်တယ်။

**(ထိုဆရာတော်ကြီးမှာ စစ်ကိုင်းမြို့ ထူပါရုံစေတီတော်ကြီးအား နောက်ဆုံးအကြိမ်အဖြစ် မွမ်းမံကာ တိုင်းသူပြည်သားများ အေးချမ်းသာယာရေးအတွက် လောကီအစီအရင်များ ပြုလုပ်တော်မူခဲ့သည့် ဝိဇ္ဇာဓရဆရာတော်ကြီး ဖြစ်သည်။**

**စစ်ကိုင်းမျိုးသူရ၏ ထူပါရုံစေတီမွမ်းမံမှု သမိုင်းစာအုပ်တွင် ဒီပါအေးမြဆရာတော်အကြောင်း အကျယ်တဝင့်လေ့လာနိုင်ပါသည်။)**

မအူပင်မြို့ ကမ္မဋ္ဌာန်းကျောင်းဆရာတော် လမ်းညွှန်ချက်အရ သစ်ပင်၊ သုသာန်၊ တောတောင်အနှံ့ လှည့်လည်ပြီး မေတ္တာကမ္မဋ္ဌာန်း အောင်မြင်ခဲ့တယ် ဆိုပါတယ်'

**[ဤမြို့တွင် အဘ ဦးချစ်မောင် ပြောပြသော မေတ္တာကမ္မဋ္ဌာန်း**






www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ညို အနောက်မြောက်ထောင့် ဓာတ်တော်မှုရှိဦး

တဲကျောင်းနံရံမှ ဆရာတော် ဦးဓမ္မိက ပုံတော်နှင့် မိတ်ခေါ်သံလက်ာ ▶



**အပြင် ရုက္ခမူကျင့်စဉ်ကို ကျင့်ဟန် ရှိသည်။ ထိုကမ္မဋ္ဌာန်း အောင်မြင်သဖြင့် သာသနာပြုခရီးလမ်းတွင် ဆွမ်းရိက္ခာအစ လိုရာပြည့်စုံရသည်ဟု ဆိုခြင်းကြောင့် ရုက္ခမူကျင့်စဉ် အောင်မြင်သူတို့၏ အကျိုးရလဒ်နှင့် တူညီနေသဖြင့် ရုက္ခမူကျင့်စဉ်အကြောင်း၊ အနည်းငယ် တင်ပြပါမည်။ ]**

၁၃၃၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့တွင် ဆရာ ဦးကျော်ဝင်း (သထုံညောင်ပိုင်း)၏ ဦးဆောင်မှုဖြင့် ဖင်းကျိုက်တောင်တွင် ရက်ရှည် ကမ္မဋ္ဌာန်း တည်ဆောက်ဖြစ်ခဲ့သည်။ အားထုတ်ဖော် မိတ်ဆွေ(၇)ဦး ပါဝင်သည်။

'ထိုကာလ၌ နယ်လှည့်၍ တရားအားထုတ်နေသော ယောဂီ ဦးကြည်နှင့် ဆုံတွေ့သည်။ အစားအစာ စားသုံးသည်ကို မတွေ့ရဘဲ နေထိုင်ပြောဆိုပုံ ထူးခြားသဖြင့် ချဉ်းကပ်မေးမြန်းကြည့်ရာ ဦးကြည်က ရုက္ခမူကျင့်စဉ် အကြောင်း ပြောပြခဲ့ခြင်း ဖြစ်သည်။

သရဏဂုံသုံးဆယ် ပုတီးစိပ်ပွားခြင်း ဖြစ်သည်။ ရှေးဦးစွာ မိမိနေရာဒေသနှင့် မနီးမဝေးရှိ တောစိုးသစ်ပင်ကြီး တစ်ပင်အောက်တွင် ညလုံးပေါက် စိပ်ပွားရသည်။ (၁၂)ညပြည့်အောင် စိပ်ရသည်။

ည၌ဦး မှောင်လာသည့်အချိန်မှ စတင်ကာ အရုဏ်တက်လျှင် ကမ္မဋ္ဌာန်း သိမ်းရသည်။ (၁၂)ည ပြည့်ပါက အခြား တောစိုးသစ်ပင်တစ်ပင်သို့ ပြောင်းရွှေ့ကာ (၁၂)ည ထပ်မံစိပ်ပွားရသည်။

သစ်ပင်(၁၂)ပင်၊ (၁၄၄)ည စိပ်ပွားပြီးချိန်တွင် ရောဂါဝေဒနာအချို့ကို သရဏဂုံ ရွတ်ပွားသော ဓေဖြင့် ကုသပေးနိုင်သည်။ အချို့ကိစ္စများတွင် ကြိုတင်၍ ကြားမြင်လာသည်။ ရုက္ခစိုးကြီးများနှင့် မိတ်ဆွေဖွဲ့နိုင်သောကြောင့် ဖြစ်သည်။

ထို့နောက် အဓိကရ တောတောင် (၁၂)ခု၊ အဓိကရ သုသာန်ကြီး (၁၂)ခု တို့တွင် (၁၂)ညစီ စိပ်ပွားအားထုတ်ရသည်။

ထိုနေရာဒေသ သုံးရပ်တို့၌ စိပ်ပွား အောင်မြင်ပြီးသောအခါ ရုက္ခမူကျင့်စဉ် အောင်မြင်သည်။ သာသနာပြုခရီးတွင် လိုရာပြည့်သည်ဟု ပြောပြသည်။

'သဘာဝကတော့ လွယ်လွယ်ကလေးပါ။ ဥပမာ စိုးမိုးအုပ်ချုပ်ရတဲ့ ဌာနအုပ်တွေ၊ မြို့ပိုင်၊ အရေးပိုင်တွေထဲက (၁၂)ယောက်လောက်နဲ့ မိတ်ဆွေဖြစ်ထားရင် တခြား မြို့ပိုင်၊ အရေးပိုင်တွေနဲ့လဲ တဖြည်းဖြည်း မိတ်ဆွေဖြစ်လာမယ်။ မိတ်ဆွေဖြစ်တော့ အရေးကြုံရင် ကူညီမစပေးနိုင်တယ်။


အရေးပါ အရာရောက်သူတွေနဲ့ မိတ်ဆွေဖြစ်ထားတော့ အကျိုးတွေအများကြီး သက်ရောက်မယ် မဟုတ်လား။ ဒီလိုပါပဲ တောစောင့်၊ တောင်စောင့်၊ ရုက္ခစိုး၊ ဘုမ္မစိုးတွေနဲ့ မိတ်ဆွေဖြစ်ပြီဆိုတော့ ကြားချင်တာလဲ ကြားနိုင်တယ်။ စားစရာလိုရင်လဲ စားနိုင်တယ်။ သိချင်တာလဲ သိနိုင်တယ်။ ဒါရုက္ခမူကျင့်စဉ် အကျိုးပေါ့'

ဟူ၍လည်း နားလည်အောင် ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com





▲ ငါးချက်နှာစေတီ

◀ ဖုံးတောင်းပုံ အထက်စက်တော်ရာ

[illegible]
[illegible]ယအ[illegible]နမှ ရဟန်းဖြစ်သလဲ [illegible]သာ'

'လူဝတ်ကြောင်နဲ့ သုံးနှစ် ကျင့်ကြံ[illegible]အားထုတ်ပြီးမှ ရန်ကုန်မြို့၊ ဗဟန်း[illegible]မဟာသံာတိုက်သစ် ဆရာတော်ကို [illegible]ပဇ္ဇာယ်ပြုပြီး ရဟန်းဘောင် ဝင်[illegible]ရောက်တယ်လို့ သိရတယ်'

***(၁၃၂၆ ခုနှစ်တွင် ရဟန်းအဖြစ် ရရှိ[illegible]ကြောင်း တွက်ချက်သိရှိရသည်။)***

'စစ်ကိုင်းမှာ နေစဉ်တုန်းကတော့ [illegible]ဟန်းဘဝရောက်ပြီလို့ ယူဆရပါ[illegible]တယ်။ ဘာကြောင့်လဲဆိုတော့ ဆရာတော် ရွတ်ပြလေ့ရှိတဲ့ လင်္ကာအရ ခန့်မှန်းတာပါ။

"စိမ်းရောင်စို တောင်ညိုကမ္ဘိုင်း
ညို့ညို့မှိုင်းမှိုင်း
တောင်ပိုင်းလို့တောင်ကာ
မြစိမ်းတောင်ညိုဘုရားကို
သင်သွားလို့ ဦးခိုက်ပါ။
မြစ်ကြီးဇရာဆန်လို့
ဒီပါအေးမြ စစ်ကိုင်း
မဟာဖောင်း စက်ကော့
အညာပြန်ကိုရွှေဘုန်း
လူကတော့ကတုံး
သူ့နာမည်တုန်းဘုန်း
ပျိုတို့မောင် ဒု နှောင် ဒိုင်း ရယ်လို့
တောင်ညိုရေချိုထွက်အောင်
တူးရက်စို့မောင်"[ဒါမှ သာသနာပြုလို့ရ]

အညာ(စစ်ကိုင်း)က ပြန်လာတဲ့ **"ကိုရွှေဘုန်း"** ဆိုတာကြောင့်ပါ။ စစ်ကိုင်းကနေ ဇလွန်နယ်ဘက်မှာ ရှိတဲ့ မဟာဖောင်း၊ စက္ကောဒေသတွေမှာ လှည့်လည်သီတင်းသုံး ကျင့်ကြံပြီး ၁၃၃၀ ပြည့်နှစ်မှာ တောင်ညိုကို ရောက်လာတယ်။

အဲဒီအချိန်က ပြောခဲ့ပြီးတဲ့အတိုင်း လူသူ အရောက်ပေါက်နည်းတဲ့ တောင်ညို၊ သစ်ကိစ္စ၊ ထင်းကိစ္စ အရေးတကြီးရှိမှသာ လူစုပြီး သွားလေ့ရှိကြတယ်။

တစ်နေ့တော့ သဲဖြူရွာသားတစ်စု တောင်ညိုတောင် ဆင်ခြေလျှောက သစ်ပင်ကြီးတစ်ပင်ကို စုပေါင်းလှဲချကြတယ်။ တည်းတည်းကလေး [illegible] အောင် ခုတ်ထစ်ပြီး ကြိုးနဲ့ ဝိုင်းဆွဲကြ




www.burmeseclassic.com

www.burmeseclassic.com



◆ အောက်စက်တော်ရာတန်ဆောင်း

◆ ပေါ်ပတ်လည်မှ အန္တရာယ်ကင်း မြစ်စဉ်တော်ပုံများ



ပေမယ့် သစ်ပင်က တော်ရုံနဲ့ မလဲနိုင်ဘူး။

နောက်ဆုံး အပင်ပတ်လည်မှာ သေသေချာချာ လှည့်ပတ်ကြည့်တော့မှ အပင်ခြေအောက် ချုံထဲမှာ တရားထိုင်နေတဲ့ ဘုန်းကြီးတစ်ပါး (ဦးဓမ္မိက)ကို မြင်ကြတယ်။ ပျာပျာသလဲ ဒူးတုပ်ရှိခိုးပြီး တောင်းပန်ကြတာပေါ့။

ဘုန်းကြီးက ဘာမှ ပြန်မပြောဘူး။ မျက်လုံးမှိတ်ပြီး ရှုမှတ်နေတယ်။ အတော်ကလေးကြာမှ ဘုန်းကြီးက ကမ္မဋ္ဌာန်းဖြုတ်ပြီး ထလာ၊ ဘေးကင်းရာရောက်မှ သစ်ပင်ကြီးလဲ ပြိုလဲကျသွားတော့တယ်။

အဲဒီတုန်းက ပါသွားတဲ့ သစ်ခုတ်သမား မောင်အေးသောင်းဆိုတာ အခုထိရှိသေးတယ်။ နောက်ထပ် နှစ်ဝါရတော့မှ ကမ္မဋ္ဌာန်းအောင်ပြီး သာသနာပြုလုပ်ငန်း စလို့ ကျွန်တော်တို့လဲ အားကြိုးမာန်တက် ကူညီပေးတယ်။

အရင်ရှိကြတဲ့ ဦးပညာ၊ ဦးကောသလ္လတို့ကလဲ **"ဒီဘုန်းကြီးက သာသနာ့အကျိုးဆောင်မှာ လက်ခတ်မလွဲ ယုံကြည်ရပါတယ်။ စိတ်ပါလက်ပါ ကူညီကြပါ"**လို့ မိန့်ကြားတော်မူပါတယ်။

## ဆရာတော်၏ ကျင့်စဉ်အချို့

မြစိမ်းတောင်ညို သာသနာပြုဆရာတော် ဦးဓမ္မိကသည် စကားနည်း၍ နေထိုင်ကျင့်ကြံမှု လျှို့ဝှက်လှသော်လည်း နှစ်ပေါင်းရှည်ကြာ အတူနေထိုင်ခဲ့ကြသော တပည့်သံဃာ ဒါယကာများ၏ ပြောပြချက်များအရ ခန့်မှန်းရသော ကျင့်ကြံမှုအချို့မှာ မေတ္တာကမ္မဋ္ဌာန်းနှင့် ရုက္ခမူကျင့်စဉ် အောင်မြင်တော်မူခဲ့သည်ဟု ယူဆရသည်။

ကျင့်စဉ်နှင့် ပတ်သက်၍ နယ်လှည့်စခန်းဝင် ယောဂီ ဦးကြည်၏ ဥပမာဖြင့် ပိုမိုသိသာစေရန် ထပ်မံ တင်ပြပေးပါမည်။

'အဘက တောစိုးသစ်ပင်ကြီး (၁၂) ပင်၊ သုသာန်(၁၂)၊ သုသာန်နဲ့ သချိုင်း မတူဘူးနော်။ လူသေကောင် မြှုပ်နှံတဲ့နေရာ (၁၂)နှစ်မပြည့်ခင် သုသာန်လို့ ခေါ်တယ်။ (၁၂)နှစ်ကျော်ရင် သချိုင်းလို့ ခေါ်တယ်။

အဲဒါတွေ ပြီးသွားတော့ အလောင်းတော်ကဿပ သီတင်းသုံးတဲ့ ခေါက်လောက်တောင်၊ ဖိုလ်ဝင်တောင်၊ ပုပ္ပါးတောင်၊ လယ်ဝေးသာဝတ္တိနယ်က စမတောင်၊ ဒိုက်ဦးမြို့နားက တောင်ကြီး တောင်ကြီးလို့ ခေါ်ရတာက ဒိုက်ဦးမှာ တောင်ကလေးနဲ့ တောင်ကြီးဆိုပြီး တောင်ညီနောင်နှစ်လုံး ရှိတယ်။ တောင်ကြီးက ပိုကြမ်းတယ်။

ဒီတောင်ပေါ် တက်သွားကြတဲ့ ဆရာတွေ တစ်ယောက်မှ ပြန်ဆင်းလာဘူးလို့ ဆိုစမှတ်တွင်တဲ့တောင်ပါ။ အဲဒီနောက် သာသနာ စတင်ရာ



www.burmeseclassic.com

www.burmeseclassic.com



လျှောင်းတော်မှ မျက်နှာတော် ◆

ရှုညည်နယ်က ဆံတော်ရှင်တောင်တွေ ဆီ ဆက်သွားတယ်။ တိသာရသေ့ တည်တဲ့ ကျိုက်ထို ကျိုက်ထီးရိုး တောင်၊ ကေလာသတောင်၊ မဲလန် တောင်၊ ဇင်းကျိုက်တောင်၊ ဗုဒ္ဓညာဏ ရသေ့တည်တဲ့ နွားလပို့၊ ကျိုက်ထီးရိုး တောင်။

အဲဒါတွေအားလုံးမှာ (၁၂)ညစီ အားထုတ်ခဲ့တယ်။ ဇင်းကျိုက်တောင် မှာတော့ အတော်ထူးခြားတယ်။ သုံး ဆယ်ဂူ အောက်ဆုံးအဆင့်မှာ (၁၂)ရက် အဓိဋ္ဌာန်ဝင်တော့ (၆)ရက်နဲ့တင် ပါ သွားတဲ့ သစ်သီးတွေ ကုန်သွားပြီ။ အတက်အဆင်းကလဲ ခက်တော့ ရိက္ခာတက်မယူဖြစ်တော့ဘူး။ ရရင် စား မရရင်လဲ (၈)ရက်နဲ့ မသေနိုင် ပါဘူးလို့ အားတင်းပြီး ကိုယ့်အလုပ် ပျောက်အောင် ဆက်လုပ်တယ်။

နေမွန်းမလွဲခင်မှာဘဲ ဂူဝကျောက် ချက်မှာ ငှက်ပျောသီးသုံးလုံး၊ ရေလဲ ပြည့်နေတာတွေ့လို့ စားသောက်ဖြစ် တယ်။ မျောက်တွေ ကျကျန်တာနေမှာ လို့ တွေးပြီး ဆက်ထိုင်တယ်။

နောက်နေ့တွေမှာလဲ ဒီအတိုင်းပဲ ငှက်ပျောသီးနဲ့ ရေက အဆင်သင့် ရောက်နေလို့ (၁၂)ရက် အဓိဋ္ဌာန် အောင်မြင်ခဲ့တယ်။

ဒီကျင့်စဉ်က အဋ္ဌကထာတွေမှာလာ တဲ့ **"သာရဏီယဝတ်"**အကျင့်နဲ့ ဆင်ဆင်တူတယ်။ ဒီသာရဏီယဝတ် ဖြည့်ကျင့်လိုတဲ့ ရဟန်းဟာ သံဃာ နည်းတဲ့ ကျောင်းတိုက်တစ်ခုမှာ နေပြီး နေ့စဉ် မိမိခံယူရရှိတဲ့ ဆွမ်းကို ကျောင်း တိုက်ထဲမှာရှိတဲ့ ထေရ်ကြီးကအစ ထေရ်ငယ်အဆုံး လှူဒါန်းရတယ်။



◆ ပေါင်းလဲလျှောင်းတော်မှ



ယက္ခညီနောင်ရုပ်တု ◆



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ညိုမှ ဦးကောသလ္လ သီတင်းသုံးခဲ့ရာကျောင်း

◆ ဆရာတော် ဦးဓမ္မိက ပထမအကြိမ်
သမထတရားထူး ရခဲ့ရာ ညောင်ပင်အခြေ



တကယ်လို့ မထေရ်တွေက မိမိဆွမ်းကို ကုန်အောင်စားလိုက်ရင် အချိန်ရှိသေးရင် ထပ်ပြီးဆွမ်းခံ၊ အချိန်မရှိတော့ရင် သပိတ်ဆေးရေနဲ့ ဆွမ်းတစ်နပ်ပြီးရတယ်။

ဒီအတိုင်း (၁၂)နှစ်တိတိ ကျင့်ကြံနိုင်ရင် သာရဏီယဝတ် အောင်တယ်။ ဒီရဟန်းဟာ လူသူမရှိတဲ့ တောတောင်ထဲသွားလဲ ရက္ခစိုးတွေက ဆွမ်းလောင်းကြတယ်။ **ဒါက ဆင်တူတာကို ပြောတာနော်။ ရုက္ခမူကျင့်စဉ်က သာရဏီယဝတ်နဲ့ အတူတူပဲလို့ အဘ မဆိုလိုဘူး'**

ဟူ၍ ဖြစ်ပေသည်။

ရုက္ခမူကျင့်စဉ် ကျင့်ကြံအားထုတ်၍ အောင်မြင်ခဲ့သော ယောဂီ ဦးကြည်သည် လေးညှင်းရောင်ဝတ်စုံတစ်စုံနှင့် လွယ်အိတ်တစ်လုံးဖြင့် မြန်မာနိုင်ငံအနှံ့ လှည့်လည်ခဲ့သည်။

ထို့ပြင် ရိက္ခာထောက် အကူအပံ့များ ပြည့်စုံသည့်အပြင် အကူအညီလိုအပ်နေသူတို့၏ လိုအပ်ချက် စိတ်အကြံအစည်များကို ကြိုတင်သိရှိကာ ဖြည့်စွမ်းပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်သာဓုခေါ်ဖွယ် ကြုံတွေ့ခဲ့ရလေသည်။

## သတ္တဋ္ဌာန ကမ္မဋ္ဌာန်း
## အောင်မြင်တော်မူခြင်း

ဆရာတော် ဦးဓမ္မိကသည် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူပြီးနောက် သတ္တဋ္ဌာနတွင် (၇)ရက်စီ သီတင်းသုံးအားထုတ်တော်မူသည်ကို ကျေးဇူးဆပ်သည့်အနေဖြင့် တောင်ညိုတောင်၊ မြစိမ်းတောင်ဝန်းကျင်၌ သတ္တဋ္ဌာန အမှတ်ဖြင့် (၇)ရက်စီ သမထကမ္မဋ္ဌာန်းပွားများအားထုတ်ခြင်း ဖြစ်သည်။

**ဥပမာအားဖြင့်** မြစိမ်းတောင်နှင့် ကျွဲပုန်းတောင်၏ တောင်စူးစူးအရပ်ရှိ မဟာဗောဓိညောင်ပင်တွင် မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ဗောဓိပင်၏ အရှေ့မျက်နှာ၌ တည်သော ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ပဋိစ္စသမုပ္ပါဒဓမ္မကို အနုလောမ၊ ပဋိလောမအားဖြင့် ရှုကြံလျက်၊

ကုဋေတစ်သိန်းမကသော ဖလသမာပတ်ကို ဝင်စားလျက် နတ်တို့၏ ပူဇော်ခြင်းကို ခံယူကာ ခုနစ်ရက်ပတ်လုံး စံပယ်တော်မူပုံကို နှလုံးသွင်းပူဇော်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ခုနစ်ရက်စေ့အောင် စီးဖြန်းအားထုတ်ခဲ့သည်။ **ပထမသတ္တာဟဖြစ်သော ပလ္လင်သတ္တာဟကို** ပူဇော်ခြင်း ဖြစ်လေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်ရေး



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ သည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ် သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်း နိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ ရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင် သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာ သည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက် ချင်စိတ် မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍၊ ရုံခါ အပူ ဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက် ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက် ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါ တစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ ခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ လိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေ သော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက် သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝ ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော် ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည့်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်း အောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှု ကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည် လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေ သကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမား တော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေး နေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်း ရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ...ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေးပါ့ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လား...**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လား...မြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃၂ ...။



www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့မှ ကျော်လေးကျော်

# တောင်လေးလုံးဆရာတော် (၄)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

## ယခင်လမှ အဆက်

နောက်ဆုံး (၂၉–၆–၁၉၉၂)ရက်နေ့တွင် မော်လမြိုင် တောင်လေးလုံးကျောင်းတိုက်ကို (ဦးနာဂသေနအကြောင်း သိလိုသူ ဦးဆွေး) ဦးသုခေမိတနှင့်အတူ သွားရောက်ကာ အလှူခံယူရသည်။ ဦးသုခေမိမှာ မော်လမြိုင် သီရိမြိုင်ရပ်ကွက် (၁)လမ်းရှိ မြသိန်းတန်ကျောင်းတိုက် ဆရာတော်ဖြစ်ကာ ဦးနာဂသေနက ဦးဉာဏောဘာသ တစ်ပါးတည်း ပုဂ္ဂလိက လွှဲအပ်လိုကြောင်း မိန့်ရာတွင်...

'တပည့်တော်က ဆရာတော်ရဲ့ တူတစ်ဝမ်းကွဲပါဘုရား။ မော်လမြိုင်နဲ့လဲ အနေစိမ်းပါတယ်။ ဦးသုခေမိအာက ဆရာတော့် ညီအရင်းပဲ။ တပည့်တော်ထက်လဲ (၂၄)ဝါ ကြီးပါတယ်။ ဒါကြောင့် ဒီသူ့ကို လှူတော်မူပါဘုရား'

ဟု လျှောက်ထားသောကြောင့် ဖြစ်သည်။

(၂၂–၈–၁၉၉၃) နေ့တွင် ဆရာတော် ပျံလွန်သည့် တစ်လပြည့် ဆွမ်းသွတ်ပွဲနှင့်အတူ ပဌမဆရာတော် ဦးဉာဏောဘာသအား ကျောင်းအပ်ပွဲ ကျင်းပခဲ့သည်။

အသက်၊ ဝါတော် ကြီးမားသည့် မော်လမြိုင်ဝန်းကျင် ဆရာတော် (၃၆)ပါး ကြွရောက်၍ အသိအမှတ်ပြု လက်မှတ်ရေးထိုးကြသည်။

ဦးဉာဏောဘာသသည် ၁၉၇၃ ခုနှစ်တွင် ဓမ္မာစရိယ စာမေးပွဲကို အောင်မြင်တော်မူကာ ယခုအခါ တောင်လေးလုံး ကျောင်းတိုက်တွင် သံဃာ အပါး (၃၀)ကျော်ခန့်ကို စာဝါ ပို့ချပေး လျက်ရှိသည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်ကဆက်ကပ်သော **"မဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူသည်။



လက်ရှိ ပဌမတောင်လေးလုံးဆရာတော် အရှင်ဉာဏောဘာသ

### ကျောင်းတွင် မြင်ရသမျှ

လက်ရှိဆရာတော်က ကျောင်းခန်းအတွင်း ချိတ်ဆွဲထားသော ယခင်ဆရာတော် အရှင်နာဂသေနာဘိဝံသ ပုံတော်ကို ညွှန်ပြပေးသည်။ ဆရာတော်ကြီးသည် ကျော်လေးကျော်ဘွဲ့ ရရှိရုံမျှမက သာသနာအတွက် အကျိုးများသော ကျမ်းပေါင်း (၁၁)ကျမ်း ပြုစုခဲ့သည့် ဉာဏ်ပညာထက်မြက်သူ ဖြစ်သည်။

ဆရာတော်ကြီးသည် ဝိနည်း၊ သုတ်နှင့် အဘိဓမ္မာ ပိဋကတ်တော်များကို နှုတ်ငုံဆောင်ကာ ပျံတော်မူသည့် (၉၁)နှစ်အချိန်အထိ နေ့စဉ် ရွတ်ပွား ပူဇော်တော်မူခဲ့သည်ဟု သိရသည်။

ဆရာတော်ကြီးထက် နှစ်နှစ်စော၍ ပျံတော်မူခဲ့သော တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒ က ဆရာတော်အား လာရောက် ဖူးမြော်စဉ် (ဦးနေမိန္ဒ က ဆရာတော်ထက် ၂၅ နှစ်ခန့် ငယ်ပါသည်။)

'တပည့်တော်က ဓမ္မဘဏ္ဍာဂါရိက ဆိုပေမယ့် ကျက်စာသာရပါတယ်ဘုရား။ အရှင်ဘုရားလို မြန်မာမင်းများ လက်ထက်က ကျမ်းတတ်ပေတတ် ထိတ်ထိတ်ကြဲ ရာဇဂုရု ဆရာတော်ကြီးများထံမှ ပညာ မရလိုက်ပါဘုရား။

အရှင်ဘုရားလို ကျမ်းဂန်နှံ့စပ်ပြီး ဗဟုသုတ မကြွယ်ဝသေးပါဘုရား။ ကျမ်းကြီးကျမ်းငယ်





www.burmeseclassic.com

www.burmeseclassic.com

မပြုစုနိုင်သေးပါဘူး။ အရှင်ဘုရားထံ တစ်ပတ် တစ်ခါ လျှောက်ထားမေးမြန်းခွင့် ပြုပါဘုရား။ ကျောင်းချင်းနီးလျှင် နေ့စဉ် လာရောက်လို့ပါ တယ်ဘုရား'

ဟု လျှောက်ထားခဲ့သည် ဆို၏။

ဆရာတော်ကြီး၏ ဓာတ်ပုံနှင့်အတူ ဆွမ်းဘုဉ်းပေးစဉ်နှင့် စကြံ့ကြွစဉ်က ပုံများကိုလည်း ထပ်ဆင့် ရိုက်ကူး တင်ပြလိုက်ပါသည်။

ထို့နောက် နှစ်ပေါင်း (၁၄၀)ကျော် ကြာ (၁၈၆၅ ခုနှစ်)က တည်ဆောက်ခဲ့ သည့် မူလ တောင်လေးလုံးကျောင်း အတက်အုတ်လှေကား၊ ပင်မကျောင်း ဆောင်၊ တောင်ဘက်အဝင် စောင်း တန်းနှင့် အမိုးထက်ခိုနန်းချိုး တန်ဆာ ဆင်ပုံ၊ ကျိုက်သန်လန် ဘုရားစောင်း တန်းမှ တောင်ဘက်အဝင်မုခ် စသည် တို့ကို လေ့လာသည်။

နှစ်ပေါင်း ဤမျှကြာပြီ ဖြစ်သော် လည်း မူလလက်ရာအတိုင်း လေ့လာ နိုင်သေးသဖြင့် တန်ဖိုးကြီးမားသော ရှေးအထောက်အထားများ ဖြစ်ကြ သည်။ နယ်ချဲ့အင်္ဂလိပ် ကိုလိုနီအစိုးရ လက်ထက် ဖြစ်သော်လည်း မြန်မာမှု ဗိသုကာဟန် သီးသန့်သာ မြင်တွေ့ရ သည်။

ကျောင်းဝင်းအတွင်း မြောက်ဘက် ကုန်းမြင့်တွင် ဆရာတော်ရှိစဉ်က စင်္ကြံ လျှောက် ရှုမှတ်တော်မူခဲ့သည့် စင်္ကြံ ကျောင်းကို တွေ့ရသည်။ စင်္ကြံကျောင်း ၏ လက်ဝဲဘက်တွင်ကား စာချဆရာ တော် ကျောင်းဆောင်ကို ခေတ်လက် ရာဖြင့် တွေ့ရသည်။

တောင်လေးလုံး ကျောင်းဝင်း အတွင်း နှောင်းခေတ်လက်ရာဟူ၍ ထိုကျောင်းတစ်ဆောင်သာ တွေ့ရပေ သည်။

## ကျောင်းဝင်းမြေနှင့် ဂူသချိုင်း

ဘုရားဝင်း၊ ကျောင်းဝင်း မြေအတွင်း ၌ ပျံလွန်တော်မူသွားသော နာယက ဆရာတော်၏ အရိုးဂူ၊ ကျောင်းဘုရား ဒါယကာများ၏ ဂူသချိုင်းတို့ ထားလေ့ ရှိသည်ကို မော်လမြိုင်နယ်ဘက်တွင် တွေ့ရတတ်သည်။

**(အတွေ့ရများသည်ဟုသာ ဆိုလို ပါသည်။ အခြားဒေသများ၌လည်း တွေ့ရတတ်သည်။ ဥပမာ စစ်ကိုင်း တောင်ရိုး ဥမင်သုံးဆယ် အနီးရှိ အနောက် ပရက္ကမချောင် ကျောင်း ဝင်းအတွင်း၊ အဝင်ဝ၌ ညောင်လွန့် ဆရာတော် ဦးမေဓာဝီ၏ အရိုးအိုး စေတီတစ်ဆူကိုလည်းကောင်း။ မုံရွာ မြို့ မဟာလယ်တီတိုက် ကျောက်စာ ရုံအနီးတွင် လယ်တီဆရာတော်၏ အရိုးဂူစေတီကိုလည်းကောင်း တည် ထားခဲ့သည်ကို တွေ့ရှုရပါသည်။ လယ်တီဆရာတော် အရိုးဂူစေတီ ကား ယခု မရှိတော့ပါ။)**

အလားတူပင် မော်လမြိုင် တောင် လေးလုံးကျောင်း ဒကာအဆက်အနွယ် ဦးဖန်၊ ဒေါ်ရင်တို့ ကွယ်လွန်သောအခါ ကျောင်းဝင်းအတွင်း ဤကုန်းမြေ ဝန်းကျင်နေရာတွင် ဂူသွင်း သင်္ဂြိုဟ်ခဲ့ ကြသည်။

တောင်လေးလုံးကျောင်း မူလ ဒါယကာ ဦးရွှေဂန်၊ ဒေါ်မဲမ တို့နောက် သားဖြစ်သူ ဦးဖန်၊ ဒေါ်ရင်တို့က မိဘ အစဉ်အလာ အမွေဆက်ခံ၍ ကိုးကွယ် ခဲ့ကြရာ **ဦးဖန်၊ ဒေါ်ရင်**တို့ ကွယ်လွန် သောအခါ သားသမီးများ ဖြစ်ကြသော **ဦးသွင်(ဆာဦးသွင်)၊ ဒေါ်နှင်းအိ၊ ဦးအုန်းဖေ (မော်လမြိုင်မြို့တွက် လျှပ်စစ်မီး စတင်ပေးခဲ့သူ)**တို့က ဤ ကျောင်းဝင်းအတွင်း မြှုပ်နှံခဲ့ကြသည်။

ထို့ပြင် နှစ်စဉ် မြန်မာနှစ်ဆန်း တစ်ရက်နေ့နှင့် သီတင်းကျွတ်လပြည့် နေ့တို့တွင် အုတ်ဂူများ ဆေးကြောသန့် ရှင်းခြင်း၊ ပန်း, ဆီမီး, ရေချမ်း ကပ်လှူ ခြင်း၊ အမျှအတန်း ပေးဝေခြင်းတို့ကို မပျက်မကွက် ပြုလုပ်ခဲ့ကြလေသည်။

၁၉၈၅ ခုနှစ်တွင် တောင်လေးလုံး ကျောင်း သက်တမ်း နှစ် (၁၂၀) ရှိပြီ ဖြစ်၍ ကျောင်း အစိတ်အပိုင်းအချို့ကို အချိန်အခါ အခြေအနေနှင့် လိုက်လျော ညီထွေဖြစ်စေရန် တိုးချဲ့ခဲ့ကြသည်။

ထိုအခါ အုတ်ဂူနှစ်လုံးက အဟန့် အတား ဖြစ်နေသောကြောင့် ဒါယကာ များက ဆရာတော် ဦးနာဂသေနထံ လျှောက်၍ ဖြိုဖျက်လိုက်ကြသည်။

ဤတွင် ဒါယကာ မျိုးနွယ်ဆက် အဖြစ် ကျန်ရစ်သော ဦးအုန်းဖေ၏ ချွေးမ ဒေါ်ကြီးရှိန်က ဆရာတော်အား လျှောက်ထားရာ ဆရာတော်က ကျောင်းဝင်းမြေအတွင်း နာယက ဆရာတော်၏ အလောင်းကိုဖြစ်စေ ဒါယကာ, ဒါယိကာမ၏ အလောင်းကို ဖြစ်စေ ဂူသွင်း သင်္ဂြိုဟ်ခြင်း မပြုသင့် ကြောင်း ရှေးဖြစ်စဉ် အကိုးအကား များဖြင့် မိန့်ကြားတော်မူသည်။

၂-၂-၁၉၆၆ နေ့တွင် ဦးဖန် ဒေါ်ရင်တို့၏ သားကြီးဖြစ်သူ သတိ သီရိသုဓမ္မ ဆာဦးသွင်သည် ရန်ကုန် ကုက္ကိုင်းရှိ မဟာစည် သာသနာ့ရိပ်သာ တွင်းရှိ နေအိမ်တွင် ကွယ်လွန်သည်။ ***(မဟာစည် သာသနာ့မြေမှာ ၁၉ ဧ ကျယ်၍ ဦးသွင်ကပင် လှူဒါန်းထားခြင်း ဖြစ်သည်။)***

ထိုအခါ တူဖြစ်သူ (ဦးအုန်းဖေ၏ သား) ဦးစိုးတင် လာရောက်ကာ ရှာ ကျင်းပ၍ ရုပ်ကလာပ်ကို ရိပ်သာဝင်း အတွင်း ဂူသွင်းသင်္ဂြိုဟ်ရန် မဟာစည် ဆရာတော်ထံ လျှောက်သည်။ ဆ





www.burmeseclassic.com

www.burmeseclassic.com

တော်က ရွေးထုံးစဉ်လာ တရား နှင့်ယှဉ်၍ စိတ်ရှည်လက်ရှည် မိန့်ကြားကာ ခွင့်မပြုခဲ့ချေ။


ထို့အပြင်လည်း ၁၉၃၀ ပြည့်နှစ်တွင် ဆရာတော် ဦးဝိစာရ၏ ချုပ်ကလာပ်တော်ကို ရွှေတိဂုံဘုရား အနောက်မုခ် ဝတ္တကမြေတွင် မီးသဂြိုဟ်ရန် သင့်မတင့် အငြင်းပွားကြသည်။ ဦးသွင်က အမင်္ဂလာကိစ္စဖြစ်၍ ဦးဝိစာရ အလောင်းကို ဝတ္တကမြေပေါ် မီးသဂြိုဟ်ရန် ခွင့်မပြုသင့်ကြောင်း အဆိုဘက်မှ ရပ်တည်ခဲ့သည်။

ဦးသွင်တင်ပြသောရှေ့အထောက် အထားမှာ မန္တလေး အနောက်ပြင် အိမ်တော်ရာစေတီ အနီး မိုးကောင်း မဟာဝေယံ ဘုံကျော် ကျောင်းတိုက် ဆရာတော် အရှင် **"နာဂိန္ဒာဘိဓဇ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ်တော် နှစ်ထပ်ခတ်နိုင် ပူဇော်ခံရသော မိုးကောင်းဆရာတော်ကြီး ပျံလွန်တော်မူသောအခါ အလောင်းတော်ကို မိုးကောင်း ကျောင်းဝင်းအတွင်း အရိုးအိုးစေတီ တည်ထားကြရန် ဆရာတော်ကြီးများ နှစ်ပက္ခ သဘောကွဲလွဲကြသည်။

ထိုစည်းဝေးပွဲကြီး၏ သဘာပတိ ဖြစ်သော အကောက်ဝန်တိုက် ဆရာတော်ကြီးက...

'အလောင်းတော်ကို မိုးကောင်း ကျောင်းဝင်းအတွင်း အရိုးအိုးစေတီ မတည်ထားရ၊ အခြား လွတ်ရာ၌တည်ကြ။ မိုးကောင်း ကျောင်းဝင်းအတွင်း အရိုးအိုးစေတီ တည်ထားပါက မိုးကောင်းတိုက်ကြီး စည်ပင်သာယာခြင်းမှ ကင်းသိတ်မည်'

ဟု အမိန့်တော်ရှိသဖြင့် အိမ်တော်



▲ ဘုရားစောင်းတန်းမှ တောင်ဘက်အဝင်မုခ်

ရာစေတီ မြောက်ဘက်တွင် မိုးကောင်း ဆရာတော် အရိုးအိုးစေတီ တည်ကြရာ ယခုတိုင် တွေ့မြင်နိုင်သည် ဆို၏။

ထိုအကြောင်းများကြောင့် **"ဘုရား ပရိဝုဏ်၊ ကျောင်းပရိဝုဏ်များ အတွင်း အရိုးအိုးစေတီတည်ခြင်း၊ ဂူသွင်း သဂြိုဟ်ခြင်းများ ပြုသင့်၊ မပြုသင့် အလေးအနက်ထား စဉ်းစားကြပါ"**ဟု တောင်လေးလုံး ဆရာတော်က ဒါယကာများကို မိန့်ကြားတော်မူသည်။

လောကီဆိုင်ရာ အယူအဆ ဖြစ်သော်လည်း သဒ္ဓါလွန်၍ တဏှာမကျွံကြစေရန် သတိပေး ဆုံးမတော်မူခြင်း ဖြစ်ပေသည်။

## နှုတ်ဆက်ဂါရဝ

ဤတွင် တောင်လေးလုံး ကျောင်းတိုက်နှင့် ကျော်လေးကျော် ဆရာတော် အရှင်နာဂသေနာဘိဝံသ၏ ဘဝဖြစ်စဉ် အချို့ကို လေ့လာ ပူဇော်မှု ပြီးဆုံးပြီ ဖြစ်၍ လက်ရှိ ဆရာတော်အား နှုတ်ဆက်ကန်တော့ကာ ကျောင်းမှ ပြန်ထွက်လာခဲ့သည်။

ကျော်လေးကျော် ဆရာတော် အဘိုးအရင်းတော်သည့် **"ပေါင်းတောင်ကူ"** ဆရာတော်ကြီးကဲ့သို့ပင် ဘွဲ့တံဆိပ် (၃)တန် ရရှိခဲ့သည်။ အဘိုးဖြစ်သူ ပေါင်းတော်ကူဆရာတော် အရှင် ပညာသာမိသည် မြန်မာမင်းများ လက်ထက် နောက်ဆုံး သာသနာပိုင်ဖြစ်သော တောင်တော် ဆရာတော်၏ တပည့်အရင်းဖြစ်ကာ **"ပညာ လင်္ကာရ သီရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"** ဘွဲ့တံဆိပ်တော် **"ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ်တော်နှင့် **"အဂ္ဂမဟာ ပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် သုံးခု အလှူခံရရှိတော်မူခဲ့သည်။

ဆရာတော် အရှင် နာဂသေနာဘိဝံသသည်လည်း **"အဂ္ဂမဟာ ပဏ္ဍိတ"**၊ **"အဘိဓဇမဟာရဋ္ဌဂုရု"**၊ **"အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက"**ဘွဲ့တံဆိပ်တော် သုံးခု ဆက်ကပ်ခြင်းခံရသည်။ နောက်ဆုံး ဘွဲ့တံဆိပ် အလှူခံရသောအခါ ဆရာတော်က...

'ရလို့သာ ရလိုက်တယ် တို့များတော့ ဒီဘွဲ့တွေကို မွေစကြာလောက် မမက်ပေါင်'

ဟု မိန့်တော်မူသည်။ ဘွဲ့တံဆိပ် ဆက်ကပ်ခံရခြင်းမှ ရရှိသော ပူဇော်ငွေ သိန်းပေါင်းများစွာကိုလည်း ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များ၊ စာသင်ကျောင်းများ၊ သုသာန်၊ ရေခဲတိုက် စသည်တို့သို့ ပြန်လည် စွန့်လှူခဲ့သည်။

ရှိသမျှ ပစ္စည်းများကို သိမ်းသည်း



www.burmeseclassic.com

www.burmeseclassic.com

သိုမှီးထားလေ့မရှိဘဲ ဣသာ မစ္ဆရိယ ကင်းပါးစွာဖြင့် ရက်ရက်ရောရော စွန့်လှူသည်။ မိမိပြုစုသော ကျမ်းများကို လည်း လှူသင့် လှူထိုက်သူများအား ပေးလှူခဲ့သည်။ အလှူနှင့် ပတ်သက်၍ မဃဒေဝလင်္ကာကို ညွှန်းတော်မူလေ့ ရှိသည်။

'မုချမှတ်ယူ၊ လောကလူတွင်၊ အလှူပေးခြင်း။ စင်ထိုခြင်းကား၊ မယွင်းတူမျှ၊ ဟူကုန်စွ တည့်၊ အလောဘဟိတ်၊ ကြောက်စိတ်ကင်းစွာ၊ စွန့်ကြဲရာ၌၊ သဒ္ဓါသူ၏၊ ဗိုလ်ထုစွဲ၍၊ စစ်ကဲဝိရိယ၊ လုံ့လအထူး၊ ရဲခေါင်ကြူးသား၊ ဗိုလ်မှူးရှေ့ဘဏ်၊ ဆုတ်မလှန်ဘဲ၊ စိတ်သန်ခိုင်ကျန်။ စွဲယူမှန်းလော့'

***(မဃဒေဝလင်္ကာ တပိုဒ်-၂၀၈)***

အလှူ၌ ရဲရင့်သကဲ့သို့ ပဋိပတ်နှင့် ပြည့်စုံသောသူမြတ်တို့ ထုံးအတိုင်း သေခြင်းတရားကိုလည်း ရဲဝံ့စွာ ရင်ဆိုင်သွားခဲ့သည်။ ပျံလွန်တော်မူမည့်နေ့တွင် နေဆွမ်းကပ်သောအခါ အလှူရှင်များ ကျေနပ်မှုရှိစေရန် ဟင်းတစ်ခွက်စီမှ အနည်းငယ်စီယူ၍ အမှတ်ဖြင့် ဘုဉ်းပေးသည်။

ထိုည သံဃာတော်များ ဝတ်တက်သောအခါ ဆရာတော် နေ့စဉ် ပြုနေကျ ဝတ်အတိုင်း အာရုံဆောင်ထားသော သုတ်ပရိတ်တော်များ ရွတ်ဖတ် ပူဇော်သည်။ ထို့နောက် စကားတစ်ခွန်းမျှ မဆိုတော့ဘဲ အိပ်ရာထက်တွင် လျောင်းလျက် ရှုမှတ်ကာ ညသန်းခေါင်ကျော် (၅)မိနစ်တွင် တည်ငြိမ်စွာ ခန္ဓာဝန် ချတော်မူခဲ့သည်။

မူလအစ တောင်လေးလုံး ဆရာတော်ကြီး အရှင်မေဓာဝီကဲ့သို့ပင် ထွေထွေထူးထူး အမှာစကား မှာကြားရစ်ခဲ့ခြင်း မရှိပေ။ ဗျာဓိလက္ခဏာ ပြသဖြင့် မကြာမတင် အချိန်အတွင်း ပျံလွ[...] တော်မူတော့မည်ဟု ကြိုတင် မှန်[...] နိုင်ခဲ့ကြသည်။

နောက်ဆုံးကာလများတွင် ညည်း[...] မရှိ၊ သတိမမေ့၊ မျက်လန်ကြော[...] မရှိဘဲ တည်ငြိမ်အေးဆေးစွာ ပျံလွ[...] တော်မူခဲ့ခြင်း ဖြစ်လေသည်။

ကျော်လေးကျော် တောင်လေး[...] ဆရာတော် အရှင်နာဂသေနာဘိဝံ[...] အရှင်မြတ်ကား ဉာဏ်ပညာ ထက်မြ[...] သကဲ့သို့ သီလ သမာဓိနှင့် ပြည့်စုံသော[...] ဆရာတော်ကြီးတစ်ပါး ဖြစ်လေသည်[...]

**[ဆရာ ဦးအုံ့ကျော်နှင့် ဆရ[...] ဦးမျိုးသိန်း (အရှင်ပဏ္ဍိတ)တို့အ[...] ကျေးဇူးတင် ဂါရဝပြုလျက်...]**

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***

---



# ဘူးနှာမောင်း

**အရောင်းအဝယ်ကောင်းအောင်**

ဘူးကို ရာသီအလိုက် လယ်ထဲ၊ ကိုင်းထဲနှင့် မိမိတို့နေအိမ်ခြံဝင်းအတွင်း မြေကွက်လပ်တွင် စားသုံးရန်နှင့်ရောင်းချရန်အတွက် စိုက်ပျိုးကြသည်။ ယခုကဲ့သို့ မိုးအားနည်းသောအချိန်မှစ၍ နွေရာသီတိုင်အောင် ပြုပြင် စိုက်ပျိုးကြသည်။

ဘူးသီး၊ ဘူးညွန့်၊ ဘူးရွက်တို့ကို ဟင်းလျာအဖြစ် စားသုံးကြသည်။ ဘူးရွက်ကို ဆေးဝါးအဖြစ်လည်း အသုံးပြုနိုင်သည်။ ရောင်ရမ်းနေသော အနာ၊ မန်းဝင်နေသော အနာတို့ကို ဘူးရွက်သတ္တုရည်ဖြင့် လိမ်းခြင်း၊ ဘူးရွက်ကို ကပ်ခြင်း၊ အုံခြင်းဖြင့်လည်း အနာကို သက်သာပျောက်ကင်းစေသည်။

ယခု စာရေးသူ တင်ပြလိုသည်မှာ ဂန္ဓာရပညာတစ်ရပ်အနေဖြင့် ဘူးနှာမောင်းကို အပွင့်အလန်းအဖြစ် စီရင်အသုံးပြုနိုင်ရန် တင်ပြလိုပါသည်။

---

**စီရင်ပုံ**

---

**လူတစ်ရပ်ထက် မကျော်လွန်သော ဘူးပင်ဖြစ်ရပါမည်။** ဘူးပင်အညွန့်ထိပ်တွင် သဘာဝအလျောက် နွယ်တက်ရန် နှာမောင်းကလေးနှစ်ခု၊ သုံးခုခန့် ပါရှိတတ်ပါသည်။ ယင်းကို **ဘူးနှာမောင်း**ဟု ခေါ်ကြသည်။

ယင်းဘူးနှာမောင်းကို **စီရင်သူ၏ လက်ညှိုးကို အောက်မှခံ၍ အောက်ပါ ဂါထာဖြင့် (၁၀၈)အုပ်စုတ်ပါ။**

'ဉုံ ဣဣဋ္ဌိယမတော အာပစ္စယော ဣဣော[...] ဝိတောစက်ပတိ သွားဟ'

ဤကဲ့သို့ ဂါထာရွတ်နေရင်းနှင့် ဘူ[...] နှာမောင်းကို စီရင်သူ၏ လက်ညှိုးနှ[...] တဖြည်းဖြည်း ရစ်ပတ်ပါ။ ဂါထာကိ[...] ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပါ။ လက်ညှိ[...] ကို ပတ်မိသည်နှင့် ဖြုတ်ယူလိုက်ပါ[...] အချို့ နှစ်ပတ်၊ သုံးပတ်ထိ ရစ်ပတ်ပါ[...] သည်။ အပွင့်အလန်းအဆောင် ဖြစ်ပါ[...] ပြီ။

သင့်လျော်ရာ ပုလင်း၊ ဘူးစသည်[...] တွင် ထည့်၍ အမွှေးနံ့သာဖြင့် စိမ်ထား[...] ပါ။ မိမိနှင့် အမြဲဆောင်ထားပြီး နဖူ[...] ဆံစပ်၊ နှုတ်ခမ်းတို့ကို လိမ်းကျံပါက[...] အပွင့်အလန်း၊ အပြောအဆို ကောင်း[...] လှပါသည်။ စျေးရောင်းစျေးဝယ်လည်း[...] ကောင်းပါသည်။ ယုံကြည်စွာ လု[...] ဆောင်ကြည့်ပါ။

**ဝိဇ္ဇာမဟာဓိဗ္ဗ ဆရာဦးသ[...]မြင့်**
***(တိုင်းရင်းဆေး[...])***



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ပဏ္ဍိတာရာမစာသင်တိုက် နာယက စာချ
သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပါးစကားဝါမြေ ဆရာတော်

# ဘဒ္ဒန္တ ပညာဝံသ

၏ လက္ခဏာတော်

ဦးခင်မောင်လှ (B.Sc၊ ရူပ)
လက္ခဏာမဟာဘုတ်သုတေသီ



◆ ပုပ္ပါးစကားဝါမြေဆရာတော်
ဘဒ္ဒန္တ ပညာဝံသ
ပဏ္ဍိတာရာမ စာသင်တိုက် နာယက၊
စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက

ပုပ္ပါးတောင်မှ ဆရာတော်ကြီး ချီးမြှင့်သဖြင့် စကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသ အမြဲ ရွတ်ဖတ်ပူဇော်သော ဂါထာတော်ကို ဦးစွာ တင်ပြပါမယ်။

စ.ဓ.ဗ.ဝ ဂါထာတော်ကြီး

စ = စက္ခုမာ စရ ဏာစိဏ္ဏော၊
ဓ = ဓမ္မညူ ဓမ္မသာမိကော။
ဗ = ဗလူပေတော ဗလဓရော၊
ဝ = ဝရဒေါ ဒေတု မေ ဝရံ။

**စက္ခုမာ၊** ဒိဗ္ဗစက္ခု, ပညာစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဓမ္မစက္ခု ဟူသော စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ **စရဏာစိဏ္ဏော၊** အကုသိုလ်အဖို့မှ ဝေးကွာအောင် ကျင့်အပ်ပြီးထသော။ **ဓမ္မညူ၊** သိစရာမှန်သမျှ တရားအဖုံဖုံ အလုံးစုံကို သိတော်မူထသော။ **ဓမ္မသာမိကော၊** ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော တရားတို့၏ ပိုင်ရှင် ဖြစ်တော်မူပေထသော။


**ဗလူပေတော၊** ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံတော်မူထသော။ **ဗလဓရော၊** အားဆယ်ပါးကို ဆောင်တော်မူပြီးထသော။ **ဝရဒေါ၊** နိဗ္ဗာန်တည်းဟူသော ဆုမြတ်ကြီးကိုလည်း ပေးတော်မူနိုင်ထသော။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** တပည့်တော်အား။ **ဝရံ၊** ဆုထူးဆုမြတ်ကို။ **ဒေတု၊** ရွှင်ပြုံး ကြည်စွာ ပေးတော်မူပါ အရှင်မြတ်ကြီး ဘုရား။

**လက္ခဏာတော် လေ့လာချက်**

ဆရာတော်မှာ နယ်လှည့် ဓမ္မကထိက သာသနာပြုဆရာတော် ဖြစ်တဲ့အတွက် ဓမ္မကထိက သာသနာပြု အမှတ်အသားပုံရိပ်များကိုသာ အထူး အလေးထား၍ ပူဇော်ရေးသားလိုက်ပါတယ်။

★ **ကြာသပတေးဂြိုဟ်ခုံတွင် ရည်ရွယ်ချက်လမ်း၊ မျဉ်းမတ်ငယ်များ ပါသဖြင့် ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ (က)**

* * *





ဒါကတော့ ရည်ရွယ်ထားသမျှ ပြည့်စုံစေခြင်း၊ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေခြင်း၊ ကံအခွင့်အလမ်းကောင်းကြုံခြင်း၊ ပရဟိတလုပ်ငန်း၊ လူမှုဝန်ထမ်း ဘာသာရေးဆိုင်ရာလုပ်ငန်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများနဲ့ အကျိုးပေးပါတယ်။

အကြီးအကဲ ဖြစ်ရခြင်း၊ ဦးဆောင်မှုပေးနိုင်ခြင်း၊ ဂုဏ်သိက္ခာကို အလေးထားခြင်း၊ ပညာဗဟုသုတ ပြည့်စုံစေခြင်းတို့ရဲ့ ပြယုဂ်ပါ။

★ **စနေဂြိုဟ်ခုံမှာ သစ်ပင်သင်္ကေတ တွေ့ရပါတယ်။ (ခ)**

* * *





ဒါကတော့ မှီခိုသူများစေတတ်ပါတယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုတဲ့ စကားဥပမာလိုပါပဲ။ ဆင်းရဲဒုက္ခ ရောက်သူများရဲ့ ပူပင်သောက ငြိမ်းစေနိုင်ခြင်းပါပဲ။

ဘာသာရေးဆိုင်ရာ အလှူကြီး ပေးရခြင်း၊ တပည့်တပန်း ပေါ်များစေခြင်း၊ ကြည်ညိုသူ ဒကာ,ဒကာမများခြင်း၊ (၇)ရက်သားသမီးများအား အပူ




www.burmeseclassic.com

www.burmeseclassic.com





ခပ်သိမ်း ငြိမ်းအေးအောင် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနိုင်ခြင်းတို့ရဲ့ ပြယုဂ်ပါ။ **[နှလုံးလမ်းကြောင်း အရင်း၌ မြားမြီးသင်္ကေတ ပါရှိတဲ့အတွက် ယခုလို သုံးသပ်လိုက်ရပါတယ်။ (ဈ)]**

* * *




**★ တနင်္ဂနွေဂြိုဟ်ခုံမှာ သရဖူထွန်းသော အောင်မြင်ရေးလမ်းကို တွေ့ရတယ်။ (ဂ)**

* * *





ဒါကတော့ ဘုရားစေတီ တည်ထားကိုးကွယ်ရခြင်း၊ သာသနိက အဆောက်အအုံများကို ပြုပြင်မွမ်းမံရခြင်း၊ နေ့ညစွာ ပြည့်စုံစေခြင်း၊ ဘွဲ့ထူးဂုဏ်ထူး ရရှိစေခြင်း၊ နာမည်ကျော်လူသိများစေခြင်း၊ ထင်ရှားစေခြင်း၊ အောင်မြင်ရစေခြင်း၊ အဆောက်အအုံကောင်းကို ပိုင်ဆိုင်ရခြင်းတို့ရဲ့ ပြယုဂ်ပါ။

**[စတုဂံလွှင်ပြင်တွင် လေးထောင့်ကွက် ရှိသောကြောင့် တိုက်တာ အဆောက်အအုံကောင်းကို ပိုင်ဆိုင်ရခြင်းကို သုံးသပ်တင်ပြလိုက်ပါတယ်။ (ဠ)]**

**★ ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်များ တွေ့ရပါတယ်။ (ဃ)**

* * *




ဒါကတော့ ငွေကြေးရလွယ်ခြင်း လာဘ်ရွှင်ခြင်း၊ ဝတ္ထုကြေးငွေ အလျှံရလွယ်ခြင်း၊ ငွေကြေး စုဆောင်းမိခြင်းများရဲ့ ပြယုဂ်ပါ။ **[ဉာဏ်ဘက်တွင် ရတနာဘဏ်တိုက် ပါသဖြင့် ယခုလို သုံးသပ်လိုက်ပါတယ်။] (ည)**

**★ တနင်္လာဂြိုဟ်ခုံမှာ ကြိုးဗွေတစ်ခု တွေ့ရတယ်။ (င)**

* * *




ဒါကတော့ ရေအခက်အခဲ မကြုံတတ်ခြင်း၊ ငွေကြေးဥစ္စာ ကြွယ်ဝစေ



www.burmeseclassic.com


www.burmeseclassic.com




ခြင်းအပြင် ရေလမ်းခရီးသွားရခြင်း၊ ရပ်ဝေးရပ်နီးခရီး ကြွရခြင်း၊ နိုင်ငံရပ်ခြားခရီးများ၊ ရပ်ဝေးဒေသများ၊ ရေခြားမြေခြားခရီးများနဲ့ အကျိုးပေးခြင်း၊ လူမျိုးခြားများရဲ့ ထောက်ပံ့မှုရတတ်ခြင်း၊ အကျိုးပေးခြင်း၊ မွေးရပ်မြေနဲ့ အကျိုးမပေးခြင်းတို့ရဲ့ ပြယုဂ်ပါပဲ။ **[ခရီးသွားလမ်းကြောင်း(ဌ)နဲ့ ညာဘက် အသက်လမ်းကြောင်း ကျယ်ခြင်း၊ ညာဘက်၌ ရေလှိုင်း သင်္ကေတများ တွေ့ရခြင်း(ဍ) ကြောင့် ယခုလို သုံးသပ်ပါတယ်။]**

**★ ညာဘက်တွင် အမွေခံထီးရိုး ပါ,ပါတယ်။ (စ)**

* * *





ဒါကတော့ ဆရာသမား မိဘဆွေမျိုးရဲ့ အထောက်အပံ့ရခြင်း၊ ဆရာသမားများရဲ့ အမွေဆက်ခံရခြင်းတို့ကို ဖြစ်စေပါတယ်။ ဒ့ါအပြင် ဘာသာ, သာသနာစိတ်၊ မျိုးချစ်စိတ် ထက်သန်ကြောင်း ပြတဲ့ ပြယုဂ်ပါပဲ။ ထီလဲ ပေါက်တတ်ပါတယ်။ ငွေအလုံးအရင်းနဲ့ ဝင်တတ်ပါတယ်။

**★ ဉာဏ်လမ်းကြောင်းမှာ ဘယ်ဘက်တွင် ကြာဖူးသင်္ကေတနဲ့ဖြင့် အဆုံးသတ်ပြီး ညာဘက်တွင် တနလ်ာဂြိုဟ်ခုံသို့ ကွေးညွတ်ဆင်းသွားပါတယ်။ (ဆ–ဆ)**


* * *

ဒါကတော့ စိတ်ကူးစိတ်သန်း ကောင်းခြင်း၊ ပညာထူးချွန်ခြင်း၊ စာပေကို ဝါသနာပါခြင်း၊ အသိပညာ ကြွယ်ဝခြင်း၊ အပြောအဟော ကောင်းခြင်း၊ ဆန်းကြယ်သော အတွေးစိတ်ကူးများ ရှိခြင်း၊ အသိပညာ အထူးဖွံ့ဖြိုးစေခြင်းတို့ရဲ့ ပြယုဂ်ပါ။




**★ အင်္ဂါဂြိုဟ်ခုံတွင် သရဖူပါတယ်။ (ဇ)**

* * *




ဒါကတော့ ဘာပဲလုပ်လုပ် အတိုက်အခံ အနှောင့်အယှက် ကြုံပြီးမှ အောင်မြင် ပြီးမြောက်တတ်သော သင်္ကေတပါ။ တိုက်တိုင်းအောင် သင်္ကေတပါပဲ။

***သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။***

**ဦးခင်မောင်လင်း**
***(B.Sc၊ ရွှေဘို)***
**လက္ခဏာမဟာဘုတ်သုခေသီ**



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြဖြကျော်လေဆေးလျက်ဆား



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

၀၅၁၁ Y၀၀၉၀၀၉

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးမြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်ခင်ခင်ဆွေး၏**

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀၅၁၁ Y၀၀၉၀၀၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၅၁၁ Y၀၀၉၀၀၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဒေါ်အေးအေးမူ၏**

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရွှီးရွှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် **အငြဖြကျော်လေဆေးလျက်ဆား** ၀၅၁၁ Y၀၀၉၀၀၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာ သိမ်ကျောင်း


ဓာန နာယကဆရာတော်ကြီး

# ဘဒ္ဒန္တ အာဒိစ္စဝံသ

၏ ဥတုဇရုပ်ကလာပ်တော်မှ

မြမြဝင်း
(တောင်ငူ)

# ထူးခြားဖြစ်စဉ်များ



▲ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်က

## ၁။ သိရှိသွားရောက်ပုံ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာရှိ သိမ်ကျောင်းဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စဝံသ သက်တော် (၉၅) နှစ်၊ သိက္ခာတော်(ဂျ၅)ဝါသည် ဘဝနတ်ထံ ပျံလွန်တော်မူရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မှာ ကျောက်ဖြစ်သွားသည်ဟု ပါးစပ်သတင်း ရရှိပါသည်။

သို့နှင့် ချက်ချင်းပင် ထန်းတပင်မြို့နယ်ရှိ မိတ်ဆွေတစ်ဦးအား ဖုန်းဖြင့်မေးမြန်းကြည့်ရာ သတင်းအမှန်ဖြစ်ကြောင်း သိရှိရပါသည်။

ထန်းတပင်မြို့သည် စာရေးသူတာဝန်ထမ်းဆောင်ခဲ့ဖူးသော နယ်မြေဒေသဖြစ်သောကြောင့် ကြိမ်တောမြောင်ရွာဟု ကြားသိရုံမျှနှင့် ဤမြေကိုနင်း၍ ဤမြစ်ကို ဖြတ်၍ နေ့ချင်းပြန်ခရီး သွားရောက်ခဲ့ပုံများအားပြန်လည် အမှတ်ရနေရင်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို ပူဇော်လိုစိတ်များ ဖြစ်ပေါ်လာပါသည်။

ပေါက်ခေါင်းမြို့နယ်တွင် တာဝန်ကျ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဦးခေါင်းတော်ဘက်မှ ကြည့်ရှုရိုက်

တော်သေးတွင် ဖူးမြော်လာသူ ပရိသတ် အပေါင်းတို့အား ဆရာတော်ကြီး၏ လက်တွေ့ဖြစ်စဥ်များကို ရှင်းပြနေသဖြင့် စာရေးသူမှ ဝင်ရောက်နား ထောင်ပြီး သိလိုသမျှကို မေးမြန်းခွင့် ရရှိခဲ့ပါသည်။

၃။ ကျောင်းဝင်းအနေအထားနှင့်
ကျေးရွာအခြေအနေ

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် စံပယ်ရာ သိမ်ကျောင်းဝင်းသည် အလွန်ကျယ်ဝန်းပြီး သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးချမ်းလျက် ကျောင်းပေါ်မှ မျှော်ကြည့်လျှင် အရှေ့ဘက်၌ ရှုမျှော်ဆုံး လယ်ကွင်းများ၊ အနောက်ဘက်၌ ရေစီးနေသော စစ်တောင်းမြစ်၊ တောင်ဘက်၌ ကုက္ကိုပင်တန်းများနှင့် ဒိန်ကျော်ရွာ၊ မြောက်ဘက် ခပ်လှမ်းလှမ်း၌ လူနေအိမ်ခြေများကို တွေ့ရပါသည်။

ကြိမ်တောမြောင် ကျေးရွာသည် စစ်တောင်းမြစ်ရေစီးနှင့်အတူ မြောက်မှတောင်သို့ တန်းနေသော ကျေးရွာအုပ်စုကြီးဖြစ်သည်။ နေထိုင်ကြသော လူအများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး လယ်ယာကိုင်းကျွန်းဖြင့် အသက်မွေးကြသည်။

မိုးအခါ စပါးစိုက်၍ ဆောင်းအခါ နှမ်း၊ မြေပဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတောင့်ရှည်၊ ရုံးပတီ၊ ဖရဲ၊ နေကြာ၊ ငရုတ်၊ ကြက်သွန်နီ စသည့် သီးနှံတို့ကို သဲသောင်ပြင်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

ရွာရှိ မူလတန်းကျောင်းမှ အောင်မြင်ကာ မြို့ကျောင်းဆက်တက်ပြီး ဘွဲ့ရသည့် ကျောင်း ဆရာ ဆရာမ ပညာရေးဝန်ထမ်းများလည်းရှိပြီး ယခုအခါ ထိုရွာမှာပင် ရပ်ရွာအကျိုး သယ်ပိုးနေပြီဖြစ်ကြောင်း...

ရွာသူရွာသားများသည် အလုပ်စခန်း သိမ်းချိန်များ၌ပင် ကျေးရွာဘာသာ၊ သာသနာ တိုးတက်ရေး ဆောင်ရွက်ရန်ရှိသည့် ကိစ္စများအား ဆရာတော်ကြီး၏ အဆုံးအမကို နာယူ၍ ဆွေးနွေးကြရကြောင်း သိရှိရပါသည်။

၄။ ဆရာတော်ကြီး၏
ထေရုပ္ပတ္တိအကျဥ်း

က။ ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာနေ ခမည်းတော် ဦးခိုင်လေး၊ မယ်တော် ဒေါ်ထွေးညိုတို့မှ ၁၂၇၉ ခုနှစ်၊ တပေါင်းလဆန်း(၅)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ခ။ ရှင်သာမဏေ ပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၉ ခုနှစ်တွင် ကြိမ်တောမြောင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်ကြီး တရားထိုင်သည့်နေရာ

◆ ဆရာတော်ကြီး သီတင်းသုံးခဲ့သည့် ခုတင်



သိမ်ကျောင်းဆရာတော် ဦးသုဇာတထံ၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ ဖြစ်တော်မူခဲ့သည်။

ဂ။ ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ကြိမ်တောမြောင်သိမ်ကျောင်းရှိ ခဏ္ဍသိမ်တော်မြတ်၌ ကောဇာသက္ကရာဇ် ၁၂၉၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက် ဗုဒ္ဓဟူးနေ့ နံနက် (၉)နာရီ (၂၀)မိနစ် အချိန်တွင် သိမ်ကျောင်းဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ကြိမ်တောမြောင်ကျေးရွာ ဘုရားဒကာ ဦးသိုက်စွန်း၊ ဒေါ်ငွေဆုံတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း (၂၀)၊ အမှတ်(၂၃)နေ ရဟန်းဒါယကာ ဦးမျိုးညွန့်၊ ဒါယိကာမ ဒေါ်တင်တင်မြင့်၊ သား မောင်အောင်ကျော်၊ သမီး မချမ်းမြငြိမ်း(မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်)မှ သိမ်ထပ်မင်္ဂလာပြု၍ သိမ်ကျောင်းအသစ် တစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းပါသည်။

ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာနေ(ဦးကျော်တင့်)+ ဒေါ်ငယ် မိသား[...] တို့မှလည်း ထပ်မံ၍ သိမ်ထပ်မင်္ဂလာ[...] ပြုပါသည်။

ဃ။ ပရိယတ္တိစာပေများ သင်ကြ[...] ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သ[...] တော် (၇)နှစ်သားအရွယ်တွင် သိ[...] ကျောင်းဆရာတော်ကြီး ဦးသုဇာတ[...] ၌ သင်ပုန်းကြီးမှအစ ပိဋကတ်အခြေ[...] ကျမ်းစာတို့ကို သင်ယူသည်။

ရဟန်းဖြစ်ပြီးနောက် အုတ်တွ[...] မြို့နယ်၊ ကွဲပွဲမြို့ ဝံသာရုံကျောင်းတို[...] ရန်ကုန်မြို့ ဝါးကျောင်း၊ ဗားကရာတို[...] တို့တွင် ပိဋကတ်စာပေများကို သင်[...] ပေါက်အောင် သင်ကြားတော်မူခဲ့[...] သည်။

ရန်ကုန်မြို့၊ ဝါးကျောင်း ဗားက[...] တိုက်တို့တွင် ဒေသနာနယ၊ ဘေသ[...] နယ၊ နက္ခတ္တဗေဒနယ စသော တို[...] ရင်းမြန်မာ ဆေးပညာများကို သင်[...] အောင်မြင်ခဲ့သည်။

င။ သာသနာပြုတော်မူခြင်း

ဆရာတော်ကြီးသည် ရန်ကုန်[...] တွင် နှစ်ပေါင်း(၅၀)နီးပါး ပရိယ[...] သာသနာပြုခြင်း၊ ဘိုးဘွားများအ[...] စောင့်ရှောက်ရန် နှင်းဆီကုန်း ဘိုးဘွ[...] ရိပ်သာတွင် ဆရာတော်ကြီး၏ မွေး[...] တိုင်း ရာသက်ပန် လှူဒါန်းမှု ပြုခဲ့သည်[...]

မိမိကိုယ်တိုင် သင်ယူတတ်မြော[...] ခဲ့သော ဆေးပညာများကို ရဟ[...] ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အား အင်္ဂလိ[...] မြန်မာ နှစ်ဘာသာဖြင့် သင်တန်းမျ[...] ပို့ချပေးခဲ့သည်။

ကြိမ်တောမြောင်ကျေးရွာရှိ နေ[...] တော်အရင်းဖြစ်သော သိမ်ကျော[...] ကျောင်းထိုင်ဆရာတော်ကြီး သီတင်း[...] ပျံလွန်တော်မူပြီးနောက် ၁၃၆၁ ခု[...] တွင် ကြိမ်တောမြောင်ကျေးရွာ၊ သိ[...]



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသို့ ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးတော်မူသည်။

ထို့နောက် ကျေးရွာအတွင်း ဘာသာသာသနာ တိုးတက်ရေးအတွက် ဒကာ၊ ဒကာမများအား တရားဓမ္မ ဟောကြားခြင်း၊ တရားပြခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ ဝါးလွှတ်ပွဲ၊ ကထိန်ပွဲ စသည်တို့ ကျင်းပပြုလုပ်ကာ တပည့်သာဝကများကိုလည်း အဘက်ဘက် ပြည့်စုံအောင် လမ်းညွှန်ပြသ ဆုံးမတော်မူခဲ့ပါသည်။

## ၅။ ကြည်ညိုဖွယ်ရာ ဂုဏ်အင်္ဂါများ


ဆရာတော်ကြီးသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ်က ရွှေတိဂုံဘုရား အနောက်တောင်ဘက်ရှိ စနေထောင့်တွင် တရားထိုင်လေ့ရှိသည်။

ထို့နောက် သိမ်ကျောင်း၌ သီတင်းသုံး တောရဆောက်တည်ရသောအခါ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ရိပ်အောက်တွင် အုတ်ခဲကျိုးများစီ၍ နှီးဖျာစုတ်လေးအပေါ်၌ နေရာထိုင် ကော်ဇောသေးကလေးခင်းကာ တရားထိုင်လေ့ရှိပါသည်။

ဆရာတော်ကြီးမှာ အနေအေးပြီး သတ္တဝါများအပေါ် မေတ္တာစာတ်ပြည့်ဝပုံမှာ ဆွမ်းဘုဉ်းပေးခါနီး၌ ဆွမ်းစားပွဲကို အုပ်ဆောင်း မအုပ်စေရပါ။

'ခြင်၊ ယင်တက်ရင် တက်ပါစေ၊ ခါချဉ်၊ ပုရွက်ဆိတ် စတဲ့ ပိုးမွှားတွေ စားချင်ရင် စားပါစေဟဲ့။ တို့ချည်းပဲ ဗိုက်ပါတာ မဟုတ်ဘူး။ တိရစ္ဆာန်မှာလဲ ဗိုက်ပါတယ်ဗျာ'

ဟု ပြောပါသည်။ ကျောင်းဘေးရှိ သစ်ပင်မှ ကျောင်းဝရန်တာသို့ ပိုးမွှားကောင်လေးများ ကူးလာ၍ စားသောက်



◆ ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စရံသ၏ ဥတုဇရုပ်ကလာပ်တော်

◆ ဆွမ်းစားကျောင်းတော်နှင့် ဖူးမြော်သူများ



ကြစေရန် ဝါးတန်းလေးတစ်ခုလည်း ထိုးပေးထားပါသည်။

ကိတ်မုန့်များ မုံ့နှင့် ပုရွက်ဆိတ်များ တက်နေ၍ တပည့်များက လွှင့်ပစ်မည် ဆိုလျှင်လည်း ဆရာတော်ကြီးက...

'လွှင့်မပစ်နဲ့ဟဲ့ ထားလိုက်'

ဟု ဆိုကာ မုံ့နှင့် ပုရွက်ဆိတ် မရောက်သေးသော နေရာလေးရှိ မုန့်သားကို ရွေး၍ ဘုဉ်းပေးသုံးဆောင်ပြီးသောအခါ ထို ကိတ်မုန့်ပန်းကန်အား ပုရွက်ဆိတ်စား၍ မကုန်မချင်း မဆေးကြောရပါ။ သည်အတိုင်းသာ ထားလိုက်ရပါသည်။

ဆွမ်းခဲဖွယ်များ ဘုဉ်းပေးပြီးတိုင်းလည်း ကြွင်းကျန်သည်များကို မိမိသက်န်းထဲထည့်၍ ကျောင်းဝင်းရှိ သတ္တဝါများကို ကိုယ်တိုင်လိုက်လံ ကျွေးမွေးတတ်ပါသည်။

ဆရာတော်ကြီးသည် ကိုရင်ဘဝကတည်းက အသက်သတ်လွတ်ဟင်းဖြင့်သာ ဘုဉ်းပေးခဲ့သည်။ သက်တော်(၈၀)နှစ်ခန့်က ကျန်းမာရေး ယိုယွင်းလာသောအခါ အာဟာရ ဖြစ်စေရန် အသားစွပ်ပြုတ် ကပ်သောအခါ **"ငါ သေရင် သေပါစေ။ မဘုဉ်းပေး**



www.burmeseclassic.com

www.burmeseclassic.com

**နိုင်ဘူး''**ဟု မိန့်ပါသည်။

ဆရာတော်ကြီးသည် စကားပြော ဆိုရာဝယ် သိမ်မွေ့တော်မူခြင်း၊ မေတ္တာ တတ် ပြည့်ဝစွာရှိတော်မူခြင်း၊ ပေးကမ်း စွန့်ကြဲမှု ရက်ရောတော်မူခြင်း၊ ခန္တီပါရမီ ရှိတော်မူခြင်း၊ သီလ, သမာဓိ, ပညာ သိက္ခာ သုံးရပ်နှင့် ပြည့်စုံခြင်း၊ သမထ, ဝိပဿနာ အားကောင်းခြင်း စသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံတော်မူပါပေ သည်။

### ၆။ ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စဝံသ သည် ဇရာဗျာဓိ ဖိစီးနှိပ်စက်သဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ (၂)ရက်၊ တောင်ငူ ကေတုဆေးရုံ၌ (၅)ရက်ခန့် ဆေးကုသမှု ခံယူခဲ့သော်လည်း ပြန်လည်ထူထောင်လာခြင်း မရှိပါ။ မည်သည်ကိုမျှ ဘုဉ်းပေးသုံးဆောင် ခြင်းလည်း မရှိပါ။

အေးဆေးတည်ငြိမ်စွာဖြင့် သတိ မလွတ်ဘဲ အာနာပါန ရှုမှတ်ရင်း (၃၁-၁၀-၂၀၁၂) ၁၃၇၄ ခုနှစ်၊ သီတင်း ကျွတ်လပြည့်ကျော် (၁)ရက် ဗုဒ္ဓဟူးနေ့ ညနေ (၆)နာရီ (၅၀)မိနစ်အချိန်တွင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်း၍ ခန္ဓာဝန် သိမ်းတော်မူပါသည်။


### ၇။ ဆရာတော်ကြီး ရုပ်ကလာပ်တော်၏ ထူးခြားမှုများ

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ် တော်အား သိမ်ကျောင်းတိုက်အတွင်း ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ သည့် ခုတင်ထက်တွင် (၅)ရက်ခန့် ထားသော်လည်း အနံ့ထွက်ခြင်း၊ ပုပ်ပွ ခြင်း မရှိဘဲ ခန္ဓာကိုယ် ပျော့ပျောင်းနေ ကြောင်း တွေ့ရသဖြင့် ဆရာတော်၏ တပည့်ဒါယကာများက ထန်းတပင်မြို့ နယ်ရှိ သံဃနာယကဥက္ကဋ္ဌ ဆရာတော်



ဆရာတော်ကြီး သီတင်းသုံးနေသည့် မိုးယံဗျူဟမင်းနှင့် မြတ်ဆုကုဋေထီဝိုင်းမှ လှူဒါန်းထားသော သိမ်ကျောင်းအသစ်

ဆရာတော်ကြီး သီတင်းသုံးခဲ့သည့် သိမ်ကျောင်းဟောင်း



ကြီး ဦးအာစိဏ္ဏ(စာသင်တိုက်)ထံ ရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပန ပြုလုပ်ရန် ကိစ္စအား အကြောင်းကြား လျှောက်တင်ကြပါသည်။

မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာ တော်ကြီးမှ ကြိမ်တောမြောင်ရွာ သိမ် ကျောင်းသို့ လာရောက်ကြည့်ရှုပါ သည်။ ထို့နောက်...

''မီးမသင်္ဂြိုဟ်နဲ့ဦး။ စံကျောင်းတော်မှာထားပြီး ဒီအတိုင်း စောင့်ကြည့်ပူဇော်ကြ''

ဟု မိန့်ကြားခဲ့ပါသည်။


နာယကဆရာတော်ကြီး၏ အမိန့် အရ ချက်ချင်းပင် ယာယီစံကျောင်း တော် ဆောက်လုပ်ကြပြီး ရုပ်ကလာပ် တော်ကို မှန်အခေါင်းဖြင့်ထည့်၍ အကျိုးတော်ဆောင် အဖွဲ့ဝင်များက အလှည့်ကျ စောင့်ကြပ်ကြည့်ရှုပူဇော် ကြရာ စံကျောင်း၌ (၇)ရက် ကြာသော အခါ ဘယ်ဘက်မျက်လုံးတော်မှာ အဖြူရောင် ဖြစ်လာသည်။

နောက်(၁၀)ရက် ကြာသောအခါ ညာဘက်မျက်လုံး ဖြူလာသည်။ သို့မှ တစ်ဆင့် တဖြည်းဖြည်း ဦးခေါင်းတော် မျက်နှာတော်မှ ခြေဖဝါးတော်အထိ



www.burmeseclassic.com

www.burmeseclassic.com



◆ ဆောက်လုပ်ဆဲ ထာဝရစံ ဂူကျောင်း

တစ်ကိုယ်လုံး ကူးစက်ပြီး ဖြူဖွေးနေသည်ကို တွေ့ရပါသည်။

(၉–၁၂–၂၀၁၂)နေ့ နံနက်(၆)နာရီအချိန်၌ မှန်ခေါင်းတော် (၃)ဘက်တို့မှ အငွေ့ရေမွှားများက ရုပ်ကလာပ်တော်ကို ဖုံးလွှမ်းနေသဖြင့် ထိုနေ့နံနက်က လာရောက် ဖူးမြော်ကြသူများမှာ ထင်ထင်ရှားရှားဖူးမြော်ကြ... ဖူးမြော်ကြသူများမှာ အတပ်ပုံရိုက်ကြသောအခါ မထင်ရှား၍ အက်အခဲဖြစ်၍ ပြန်လာခဲ့ကြရသည်။ နှန်းလွဲပိုင်းရောက်မှသာ ယင်းရေမှုန်အမွှားများ ပျောက်ကွယ်သွားကြောင်း သိရပါသည်။

ဆရာတော်ကြီး ခန္ဓာဝန်ချပြီး တစ်လပြည့်သောနေ့တွင် ထန်းတပင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး ဦးအာစိဏ္ဏ(စာသင်တိုက်)နှင့် သံဃာတော်များ၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ စုပေါင်းအဖွဲ့သည် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ပြောင်းလဲမှုဖြစ်စဉ်အား လာရောက်ကြည့်ရှု စစ်ဆေးကြပါသည်။

မှန်ခေါင်းတော်ကို လှပ်ပြသောအခါ ကျန်းမာရေးဝန်ထမ်းများသည် ဖြူဖွေးနေသော နှာခေါင်းတော်ကို ခြစ်၍ စစ်ဆေးသဖြင့် နှာခေါင်းတော်မှာ အနည်းငယ်နိမ့်နေပါသည်။

ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများကို ကျန်းမာရေးဌာနမှ ကိရိယာများဖြင့် အထပ်ထပ် စစ်ဆေးကြည့်ရာ အပုပ်နံ့ မထွက်ဘဲ မာတင်းနေကြောင်း တွေ့ရသဖြင့် စိတ်ကျေနပ်မှုရှိအောင် စစ်ဆေးပြီးသောအခါ စောင့်ကြည့်ပူဇော်ရန် ထပ်မံ မိန့်ခဲ့ပါသည်။

(၁–၁–၂၀၁၃)နေ့တွင် သိမ်ကျောင်းအသစ် ဒါယကာဖြစ်သော မိုးယံ ရွှေလမင်းနှင့် မြတ်ဆုကုဠေ ထီဆိုင်ပိုင်ရှင်မှ လာရောက်ပူဇော်သောအခါ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် မှန်အခေါင်းတော်ကို ထပ်မံဖွင့်ပေးရပါသည်။

ရုပ်ကလာပ်တော်မှာ ပုပ်ပွခြင်း၊ အနံ့ထွက်ခြင်း အလျှင်းမရှိဘဲ မာတင်းနေသည်ကို လက်တွေ့သိရှိသောကြောင့် ထာဝရစံ ဂူကျောင်း ဆောက်လုပ်ရန် လိုအပ်နေသော ကုန်ကျစရိတ်အားလုံးကို လှူဒါန်းသွားပါသည်။

စာရေးသူတို့ သွားရောက်ဖူးမြော်သောအခါ (၅–၁–၂၀၁၃)နေ့၌ ဆရာတော်ကြီး ခန္ဓာဝန်ချသည်မှာ (၆၇)ရက်ရှိပြီ ဖြစ်သည်။ ခန္ဓာကိုယ်အနှံ့ ဖြူဖွေးနေရာ ခြေဖဝါးတော်များမှာ ဆံပင် အနည်းငယ် ကပ်နေသည်ကို လူတစ်ဦးက သံသယရှိသဖြင့် စာရေးသူက အကျိုးဆောင် ဦးအောင်မြင့်ကြည် အား မေးကြည့်ရာ ဦးအောင်မြင့်ကြည်က...

'ဒီလိုပါ အစ်မ၊ ဆရာတော်ကြီး ခန္ဓာဝန်ချတုန်းက ရွာရဲ့ဓလေ့အရ ခြေမတော်နှစ်ခုကို ကြိုးချည်မယ်လို့ စီစဉ်ကြတော့ ပရိသတ်ထဲက အမျိုးသမီးအချို့က ဆံပင်ကို သူတို့ထက်ငါ လှူလိုကြတယ်။ တစ်ယောက်ချင်းစီက နည်းနည်းစီ လှူကြလို့ ဆရာတော်ရဲ့ ခြေမနှစ်ဖက်ကို ပူးပြီး ချည်ခဲ့ရတာ။

ကျန်းမာရေးဌာနနဲ့ ပြည်သူ့ရဲ့တပ်ဖွဲ့ဝင်များ လာရောက်စစ်ဆေးတုန်းက အဲဒီဆံပင်ချည်ကိုဖြတ်ပြီး စွန့်ပစ်ရလို့ ကြွင်းကျန်နေတဲ့ ဆံပင်အနည်းငယ်ဟာ ခြေဖဝါးတော်မှာ မှို့နဲ့ရောပြီး ကပ်နေတာပါ။

ဆရာတော်ကြီးရဲ့ ဆေးကုသမှု ဝေယျာဝစ္စနဲ့ ရုပ်ကလာပ်တော် မှန်ခေါင်းထဲထည့်တာတွေအားလုံးကို ရဟန်းသံဃာတော်တွေ တာဝန်ယူကြပါတယ်။

ကျွန်တော်တို့ အကျိုးဆောင်တွေက ရုပ်ကလာပ်တော်ကို ကိုင်ခွင့်မရပါဘူး။ စောင့်ကြည့်တာဝန်ကိုသာ ယူရတာပါ။ ဆရာတော်ကြီးရဲ့ ရုပ်ပြောင်းလဲမှုကတော့ အမှန်တရားပါပဲ'

ဟူ၍ ရှင်းပြပါသည်။


## ၈။ ဆရာတော်ကြီး၏ ဆုံးမဩဝါဒများ

ဆရာတော်ကြီးသည် ထေရ်ကြီး ဝါကြီးပုဂ္ဂိုလ် ဖြစ်သော်လည်း မိမိကိုယ်ကို အမြဲနှိမ်ချဆက်ဆံသည်။ ဥပုသ်ဝါလ သီတင်းအပတ်တိုင်း ဆုံးမဩဝါဒ



www.burmeseclassic.com

www.burmeseclassic.com



◆ တာရာသူနှင့် ရာဇကြောင်ဆီး စမ်းတောင်မြစ်ကို ဖြတ်ကူးစဉ်

ပေးလေ့ရှိသည်။

(က) ဗုဒ္ဓ၊ ဓမ္မ၊ သံဃာသည် အားထား ကိုးကွယ်ရာအစစ် ဖြစ်တယ်။

(ခ) လူတိုင်း သရဏဂုံ မြဲကြရမယ်။ ဘဝတစ်သက်လုံးမကောင်းမှုတွေ ပြုလုပ်ပြီး သေခါနီးဆဲဆဲ သရဏဂုံ တည်သွားတဲ့ တံငါသည်ဟာ သေတော့ နတ်ပြည်ရောက်တယ်။ သရဏဂုံသည် အပါယ်ဘေးကို တားဆီး ပိတ်ပင်တတ်သောကြောင့် သရဏဂုံ မည်တယ်။

(ဂ) လူ့ဘဝဆိုတာ ရခဲတယ်။ ဗြဟ္မာ့ပြည်က အပ်တစ်စင်း လူ့ပြည်က အပ်တစ်စင်း အပ်ဖျားချင်း ထိချင်ထိမယ်။ လူ့ဘဝရဖို့ ခဲယဉ်းတယ်။ တန်ဖိုးရှိတဲ့ လူ့ဘဝကြီးကို ကျောက်ခဲ၊ အိုးခြမ်းကွဲတွေနဲ့ မလဲနဲ့။

(ဃ) ဘယ်တော့မှ မကောင်းမပြောနဲ့။ မကောင်းမကြံနဲ့။

(င) ဘယ်ဗေဒင်မှ မယုံကြည်နဲ့။ ခန္ဓာက သူ့လမ်းသူပြေးနေတာ။ သေဖို့ တစ်ရက်နီးသွားပြီဆိုတာ ယုံလိုက်ပါ။

(စ) ဘုန်းကြီးက ဘယ်နေ့ သေရမယ် မသိဘူး။ ဘုန်းကြီးမသေခင် ကျောင်းတိုက်အတွက် လိုအပ်တာတွေ လုပ်သွားမယ်။

(ဆ) ဘုန်းကြီးက ဒကာ၊ ဒကာမတွေရဲ့ အပြစ်တွေကို ခွင့်လွှတ်တယ်။ ဘုန်းကြီးမှာ အပြစ်တွေရှိရင်လဲ ခွင့်လွှတ်ကြပါ။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ရပ်ဝေးရပ်နီး လာရောက်ကြည်ညိုကြသော ဒေသ္မပရိသတ်များမှာ နံနက် မိုးလင်းသည်မှ တဖွဲဖွဲ ရောက်လာကြ၊ အလှူငွေ ထည့်ဝင်လှူဒါန်း ပူဇော်ပြီး ပြန်သွားကြနှင့် အချို့ ညအိပ် ဧည့်သည်များလည်း ရှိပါသည်။

ဧည့်ပရိသတ်အပေါင်းအား ကျေးရွာရှိ အလှူရှင်များက လှူဒါန်းသော ဆန် အစရှိသည့် စားနပ်ရိက္ခာများကို တပည့်သာဝကများက မမောနိုင် မပန်းနိုင် အသက်သတ်လွတ်ဟင်းလျာများ ချက်ပြုတ်ကာ လှူဒါန်းကျွေးမွေး ဧည့်ခံကြပါသည်။

သိမ်ကျောင်းတော်ရှေ့ မြေကွက်လပ်တွင်လည်း ဧည့်သည်များ လွယ်လင့်တကူ ဝယ်ယူစားသောက်နိုင်ရန် ဈေးဆိုင်တန်းများဖြင့် စည်ကားလျက် ရှိပါသည်။

ဆရာတော်ကြီးသည် သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါ၌ ခန္ဓာဝန်ချသဖြင့် ရုပ်ကလာပ်တော်အား ယာယီစံကျောင်းတွင် (၉၅)ရက်ခန့် ပူဇော်ပြီးပါက နောင်လာနောက်သားများပါ ဖူးတွေ့ပူဇော်နိုင်ကြရန်နှင့် သာသနာတော် တိုးတက်ပြန့်ပွား အဓွန့်ရှည်စေရေးအတွက် ရည်ရွယ်၍ ယခု ဆောက်လုပ်ဆဲ ဖြစ်သော ထာဝရစံဂူကျောင်းတော်သို့ (၁-၂-၂၀၁၃) ပြာသို လပြည့်ကျော် (၆)ရက် သောကြာနေ့တွင် ပင့်ဆောင်ထားရှိကာ ပူဇော်မည် ဖြစ်ပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့ အနေဖြင့် သိမ်ကျောင်း ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စဝံသ၏ မပုပ်မသိုး အနံ့မရှိဘဲ မှိုသန်းရင်း ကျောက်ဖြစ်စပြုပြီဟု ထင်မြင်ယူဆမိသော ဥတုဇရုပ်ကလာပ်တော်အား ဖူးတိုက်ခွင့် ရလိုပါက **ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာ သိမ်ကျောင်းဝင်းအပြင်ရှိ ထာဝရစံဂူကျောင်းတော်သို့** သွားရောက် ဖူးမြော် ကြည်ညိုပူဇော်နိုင်ပါကြောင်း ဖိတ်ခေါ်နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဤဖြစ်စဉ်အား စိတ်ဝင်စားသဖြင့် ထပ်မံ သိရှိလိုပါက ကြိမ်တောမြောင်ကျေးရွာ သိမ်ကျောင်း ဖုန်းနံပါတ် (၀၉-၄၂၈၁၅၁၁၈၇)အား ဆက်သွယ်၍ ဆရာတော် ဦးပညာဝံသ (သို့မဟုတ်) အကျိုးတော်ဆောင် တစ်ဦးဦးအား မေးမြန်းစုံစမ်းနိုင်ပါသည်။

**(ဤစာစု ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြသော ကြိမ်တောမြောင်ကျေးရွာမှ သံဃာတော် အရှင်သူမြတ်များနှင့်တကွ အကျိုးတော်ဆောင်များ၊ ဓမ္မမိတ်ဆွေများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း...)**

မြမြဝင်း (တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

သော့တံနှင့် တွဲနေသော သော့ချိတ်ကို လူတိုင်းသိကြသည်။ လူတိုင်းလိုလိုလည်း အသုံးပြုကြသည်။ သော့ချိတ်ဟူသည်မှာ သော့တံကလေးကို ထိန်းသိမ်းစောင့်ရှောက်ရသော ပစ္စည်း ဖြစ်သည်။

သော့ချိတ်ကြောင့် သော့တံမှာ မပျက်စီး မပျောက်ရှဘဲ ကိုင်တွယ်အသုံးပြုခွင့်ရသည်။ သော့ချိတ်မရှိလျှင် သော့တံပျောက်တတ်ကြောင်း လူတိုင်းသိကြသည်။

သော့တံမှာ သော့ခလောက်ဟူသော သော့အိမ်ကြီးကို ဖွင့်လှစ်ပေးရသောပစ္စည်းဖြစ်သည်။ သော့တံနှင့်ဖွင့်မှ သော့အိမ်ပွင့်မည်။


ထိုအခါ လိုအပ်သော ရွှေတိုက်၊ ငွေတိုက် စသော ရတနာတိုက်ကြီးများနှင့် ကုသိုလ်ကောင်းမှုဟူသော ရတနာသုံးပါးတိုက်ကြီးများပါပွင့်၍ နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးတရားများ ခံစားရနိုင်ပါသည်။

သို့ဖြစ်၍ သော့တံကလေးကို ထိန်းသိမ်းရသော သော့ချိတ်မှာ အရေးပါအခရာကျလှသည်ဟု ဆိုချင်ပါသည်။

ဤသို့ နိဒါန်းသွယ်၍ ရေးသားနေရခြင်းမှာ ထူးခြားသော ကျောက်သော့ချိတ်ကလေးနှင့် ပတ်သက်နေသော လူတစ်ယောက်အကြောင်းကို တင်ပြလို၍ ဖြစ်ပါသည်။ ဖြစ်စဉ်မှာ စိတ်ကူးမယဉ်သော လက်တွေ့ဖြစ်စဉ် ဖြစ်ပါသည်။ ဆက်လက် ဖတ်ရှုကြည့်တော်မူကြပါ။

* * *

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ကလေးတွင် စိတ်ကျန်းမာရေးနှင့် မပြည့်စုံသော လူတစ်ယောက်ရှိသည်။



ဗျိုးတင့်
(ညောင်လေးပင်)

◆ သတ္တဝကျောက်သော့ချိတ်

# ကျောက်သော့ချိတ်

တစ်နေ့သောအခါတွင် သူသည် အလျား (၃)လက်မခန့်ရှိပြီး အလယ်ပိုင်း ဖြက်အကျယ်(၂)လက်မခန့်ရှိသည့် ဘဲဥပိုင်းပုံသဏ္ဌာန် ကျောက်ပြားကလေးတစ်ခုကို လက်၌ ကိုင်ထားသည်။ ပြီးလျှင် စက်လှေမောင်း၍ အသက်မွေးဝမ်းကျောင်းပြုသူ ကိုစိုးကို ပေးလေသည်။

'ဟေ့ မောင်စိုး မင်းအတွက် ကျောက်သော့ချိတ်ကလေးကွ။ ကျောက်ခဲပုံထဲက ငါကောက်လာခဲ့တာ ရော့ ယူပေတော့။ မင်းအခု ကျောက်သော့ချိတ်ရပြီ။ သော့တံကိုတော့ မင်းဘာသာရှာပြီး မင်းလိုချင်တာ ဖွင့်ပေါ့ကွာ'

ဟု ပြောဆိုပြီး ကျောက်သော့ချိတ်ကလေး ကိုစိုးလက်တွင်းသို့ ထည့်ပေးပြီး ထွက်ခွာသွားလေသည်။

ဤသို့ဖြင့် ထူးဆန်းသော ဂမ္ဘီရသဘောများကို လမ်းညွှန်ပြသပေးမည့် ကျောက်သော့ချိတ်ကလေးသည် မမျှော်လင့်ပါဘဲ ကိုစိုးထံသို့ ရောက်လာခဲ့လေသည်။

ကိုစိုးသည် ကျောက်တင် စက်လှေမောင်းခြင်း၊ ကုန်တင်စက်လှေမောင်းခြင်းတို့ကို အလျဉ်းသင့်သလို လုပ်ကိုင်ရင်း စစ်တောင်းမြစ်ကြောင်း တစ်လျှောက် အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်သည်။

ကိုစိုးသည် မဒေါက်မြို့၊ ငွေဈေးတောင်ယံရပ်ကွက် စစ်တောင်းမြစ်ကမ်းနဖူး



www.burmeseclassic.com

www.burmeseclassic.com

တွင်နေထိုင်သည်။ ဖနီးမယား သမီး သားနှင့် ဘဝကို ပင်ပန်းစွာ အသက် မွေးနေရသူဖြစ်သည်။

သူ၏ စက်လှေသည် စစ်တောင်း မြစ်မကြီးအတွင်း ရွှေကျင်ဘက် ရိုးမ တောင်များရှိရာသို့ ဆန်တက်ရသည်။ ဘုရားလေး၊ ခတက်ဝ စသော ဒေသ များသို့ မိုးကာလများတွင် ကျောက်ကျိုး ကုန်ပို့လုပ်ရသည်။ လှေထိုး၊ လှော်တိုက် လူမိုက်အားကိုးဆိုသော စကားကဲ့သို့ စွန့်စွန့်စားစား လှိုင်းကြား၊ ရေကြား၊ ကျောက်ဆောင် ဝဲဂယက်ကြား အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို အရင်းပြု လှုပ်ရှားရသည်။

သူနှင့်အတူ ကျောက်ကျိုးရာတွင် အလုပ်သမားများလည်း ပါကြရသည်။ ရေထဲငုပ်၍ ကျောက်များကို ဆယ်ယူ ရသည်။ နေပူစို၊ မိုးရွာစိုဖြင့် အအေး၊ အပူကို စိန်ခေါ်၍ အသက်မွေးရသည်။

သူတို့အုပ်စုများသည် အလုပ်ကြမ်း သမားတို့၏ ထုံးစံအတိုင်း ယစ်ရွှေရည် ကို လူတိုင်းလိုလို ဆေးဝါးသဖွယ်မှီဝဲ ကြသည်။ ဆေးဖြစ်ဝါးဖြစ်မှ အရက် သည် မသောက်မဖြစ်သော ထာဝရ ဆေးတော်ကြီး ဖြစ်လာသည်။

ကိုစိုး၏ မျက်လုံးများမှာ အရက်ခိုး ကြောင့် နီရဲနေတတ်သည်။ မည်း ပြောင်သော ကြေးနီရောင်အသားနှင့် အဝတ်ဗလာကျင်းသည့် ခန္ဓာကိုယ်မှာ မိုးရွာခြင်း၊ နေပူခြင်းတို့နှင့် ထုသားပေ သားကျနေသည့်အလား ကြံ့ခိုင်မှု ရှိသည်။

အသက်(၅၀)ခန့်အရွယ် ကိုစိုးသည် အရက်နှင့် မျက်နှာသစ်၍ အရက်နှင့် အိပ်တန်းတက်သော အရက်သမား တစ်ဦးဘဝနှင့် အသားကျလျက်ရှိပေ သည်။

* * *

နံနက် အရုဏ်ကျင်း၍ လင်းရောင် ပျိုးစ ကျောက်လှေထွက်ရန် ရှိနေ သည်။

ထိုအချိန်၌ သူ၏လက်သို့ အမှတ် မထင်ရောက်လာခဲ့သော ကျောက် သော့ချိတ်ကလေးကို သတိရပြီး ကြည့်လိုက်သည်။

ကျောက်ပြား သော့ချိတ်ကလေး၏ ထိပ်တွင် အပေါက်ကလေးနှစ်ဖက်ပါ သည်။ အပေါက်မှာ တစ်ဖက်၌ကျယ်၍ အတွင်းဘက်သို့ ကျဉ်းသွားသည်။ အခြားတစ်ဖက်မှာလည်း ထိုသို့ပင် ဖြစ်သည်။

တိုးလျှိုးပေါက် တစ်ပြေးညီ ပေါက် နေခြင်း မဟုတ်၍ ထူးဆန်းသော သဘာဝတရားက ဖောက်ထွင်းထား သော အပေါက်များဖြစ်ကြောင်း သတိ ပြုမိသည်။

ကိုစိုးသည် အမှတ်မထင် ကျောက် ပြားအပေါက်ကလေးကို မျက်စိ တစ်ဖက်မှိတ်၍ကပ်ကြည့်လိုက်မိသည်။

"အလို ဘာတွေဖြစ်ကုန်တာလဲ"ဟု သူ့ရင်ထဲက ပြောလိုက်သည်။ သူ့ မျက်လုံးထဲက မြင်ကွင်းများသည် ရှင်းလင်း ပီပြင်ပြတ်သားသွား၍ ဖြစ် သည်။

သူ၏ အိမ်ကလေးပေါ်မှ ရွှေကျင် မြစ်ကမ်းဘက်ရှိ ဘုရားကြီးစေတီ တော်ကို ဖူးတွေ့ရသည်။ မူလအမြင် အာရုံများကို နှစ်ဆမက ချဲ့ပေးလိုက် သော ကျောက်သော့ချိတ်ပေါက် ကလေးမှ ရွှေသားရောင်ဝင်းအိ၍ သပ္ပါယ်လှစွာသော ဘုရားကြီးစေတီ တော်မှာ ကြည်ညိုဖွယ်အထိပါလား။

သူ့လက်ထဲသို့ ကျောက်သော့ချိတ် ကလေး ရောက်လာသောနေ့က စိတ် မကျန်းမာသူ၏ စကားအဆန်းကို သူ ပြန်တွေးမိသည်။

'သော့တံကို မင်းဘာသာရှာပြီး မင်းလိုချင် တာကို ဖွင့်"

တဲ့။

ဤအသံသည် ကိုစိုး၏ နားထဲတွင် ပဲ့တင်သံဖြစ်နေသည်။

သို့သော်ငြားလည်း ထုံးစံက ရှိနေ သည်။ လှေမထွက်မီ တစ်ပိုင်းလောက် မှ မသောက်ရလျှင် သူ့အတွက် မပြည့်စုံ။ ဤသို့ဖြင့် လုပ်နေကျအလုပ်ကို လုပ် ရန် အရက်ဖြူဆိုင်ရှိရာသို့ ထွက်ခဲ့ သည်။

ထုံးစံအတိုင်း ဆိုင်တွင်း၌ ထိုင်မိ သည်နှင့် အရက်တစ်ပုလင်းကို မှာ လိုက်သည်။ ဖန်ခွက်ထဲသို့ အရက်ကို လောင်းထည့်လိုက်သည်။ ပလုံစီ၍ ထ နေသော အရက်ဖြူခွက်ကို မက်မော စွာနှင့် တစ်ကျိုက် မော့သောက်လိုက် သည်။

'ဟား မင်းတို့ဟာ အရက်မှမဟုတ် တာ ရေပုလင်းကြီးပဲ'

ဟု ပြောလိုက်သည်။

'မဟုတ်ဘူး ကိုစိုး အရက်ပါပဲဗျာ'

ဟု ဆိုင်ရှင်က ပြောသည်။

'မဟုတ်ဘူး နောက်တစ်ပုလင်း ငါ့ ကို လဲပေးစမ်း'

ဟု ကိုစိုးက ပြောသည်။ သူ့ အကြောင်းကို သိနေသော ဆိုင်ရှင် သည် ကိုစိုး စိတ်တိုင်းကျ ပုလင်း တစ်လုံးကို လာချပေးလေသည်။

အရက်ပုလင်းသစ်ကို ဖွင့်ပြီး ထပ်ငှဲ့ သည်။ နှုတ်ခမ်းတွင် တေ့၍ စုပ် သောက်လိုက်သည်။

'ဟေ ခက်ကုန်ပြီ။ အရက်တွေ မဟုတ်ဘူး။ ရေတွေရေတွေ'

သူ၏ နှုတ်ဖျားမှ အသံထွက်သွား သည်။

ကိုစိုး ခေါင်းတယမ်းယမ်း ဖြစ်နေ သည်ကို ဆိုင်ရှင်က မျက်လုံးအပြူး



F.18R May, 2013.

www.burmeseclassic.com

www.burmeseclassic.com

သားနှင့် ကြည့်နေသည်။

ကိုစိုးသည် ဆိုင်ရှင်ကို အရက်ဖိုး ရှင်းပေးပြီး အရက်ဖြူပုလင်းကို ခါးမှာ ထိုးရင်း စိတ်ပျက်လက်ပျက် ထွက်လာခဲ့သည်။

သူ၏အပေါင်းအသင်း ကျောက်ကျိုး အလုပ်သမားများ စက်လှေပေါ်တွင် သူ့ကို စောင့်နေကြသည်။ ကိုစိုးသည် သူ၏ခါးတွင် ထိုးထားသော အရက်ပုလင်းကို ဆွဲထုတ်လိုက်ပြီး စက်လှေနံရံနှင့် "ဂွမ်း"ခနဲ ရိုက်ခွဲလိုက်လေသည်။

'ဟာ ဆရာစိုး ဘာဖြစ်တာလဲဗျ'

'ဘာမှမဖြစ်ပါဘူး အရက်သောက်တိုင်း ရေတွေချည်းဖြစ်ကုန်လို့'

'ဟာ မဟုတ်တာဗျာ ဒီမှာ အရက်စစ်စစ်ပါတယ်။ ကျုပ်တို့တော့ ကိုက်နေပြီ ဆရာစိုး ချလိုက်ပေတော့'

'ဟုတ်လား ပေးစမ်းပါဦး'

ကိုစိုး အရက်ပုလင်းကို လှမ်းယူရင်း ပုလင်းလိုက် မော့သောက်လိုက်သည်။

"ဟင်"ခနဲ အာမေဋိတ်သံ ထွက်သွားသည်။

'ဒါလဲ ရေတွေပဲ'

ဟု ကိုစိုးက ပြောလိုက်သည်။ ထိုနေ့မှစ၍ ကိုစိုးအတွက် အရက်မရှိ၊ အရက်ဟူသမျှ ရေဖြစ်နေသည်။

တော်တော်တော့ ဆန်းနေပါလား။

ထိုသတင်းသည် စက်လှေလောကသားများနှင့် ငွေသောင်ယံ ရပ်ကွက်ကလေးတွင် ပျံ့နှံ့သွားတော့သည်။

* * *

ညက အိပ်မက်ထဲတွင် ပုဆိုးကွက်ထောက် ကုပ်ထောက်ဆံပင်နှင့် ချင်အင်္ကျီတိုက်ပုံရှင် အဘိုးကို တွေ့ရသည်။

'လူလေး မင်းကို အဘိုး သော့ချိတ်



တစ်ခု ပေးခိုင်းလိုက်တာ ရရဲ့မဟုတ်လား'

'ဟုတ်ကဲ့ ရပါတယ် အဘိုး'

'အေး... မင်း အရက်မသောက်နဲ့တော့ သောက်လို့မရအောင် ငါ စီမံထားတယ်။ မင်း အရက်သောက်ရင် သေလိမ့်မယ်။

မင်း သာသနာပြုဖို့ ရှိတယ်ကွယ့်။ ဘုရား မှန်မှန် ရှိခိုး။ အရဟံဂုဏ်တော်ကို ပုတီးစိပ်။ အဘိုးပြောတာ နားလည်ရဲ့လား လူမိုက်ကြီးရဲ့'

အဘိုးအသံက ပြတ်သားသည်။ ဩဇာရှိသည်။ အမိန့်ပေးသံ၊ ခြိမ်းခြောက်သံနှင့် ကရုဏာသံများ ပါဝင်ပေါင်းစပ်ထားသံ ဖြစ်သည်။ အိပ်မက်ထဲတွင် ကိုစိုး ဇောချွေးများ ပြန်လာသည်။ ကတုန်ကယင် ဖြစ်နေသည်။

'အေး မင်းကိုပေးတဲ့ ကျောက်သော့ချိတ်ဆိုတာက မင်းကို ကြောက်ခိုင်းတာကွ။ မကောင်းမှုကို ကြောက်၊ မကောင်းမှုကိုရှောင်။ မင်း ဆက်မိုက်နေရင်တော့ ချိတ်က မင်းကို ဆွဲလိမ့်မယ်။ ဖဲ့ကို ဆွဲမှာသိလား။

အဲဒီသော့ချိတ်မှာ အကျဉ်းကနေပြီး အကျယ်ရဲ့ပြင်နိုင်တဲ့ နှစ်ဖက်ပေါက်ပါတယ်။ မင်း အမြင်မကျဉ်းနဲ့၊ အမြင်ကျယ်ကျယ်ထား။ အမှန်ကို မြင်ပါ။ အမှားကို မြင်ပါ။

သော့ချိတ်ဆိုတာ သူ့ချည်းသက်သက် ဘာမှ အသုံးမဝင်ဘူး။ သော့ချိတ်မှာ သော့တံ ရှိဖို့လိုတယ်။ အဲဒါက ရတနာသုံးပါး ကြည်ညိုပြီး သီလလုံခြုံတဲ့ မင်းရဲ့ စိတ်ဓာတ်ဆိုတဲ့ သော့တံပဲ။

အဲဒီသော့နဲ့ ဖွင့်ရင် ဘယ်အရာမဆို ဖွင့်နိုင်တယ်။ မင်း နားလည်လား။ ဒီနေ့ကစပြီး ကံငါးပါးလုံ ရတနာသုံးပါးအရိပ်ကို ခိုလှုံကြားလား'

'ဟုတ်ကဲ့ပါ အဘိုး'

'ဒါမှ ငါ့သားကွ သာဓု... သာဓု... သာဓု...'

အိပ်မက်မှာ ရှင်းလင်းပြတ်သားလှပါ၏။

* * *

တစ်နေ့သ၌ စာရေးသူထံသို့ ကျောက်သော့ချိတ်ပိုင်ရှင် ကိုစိုး ရောက်လာသည်။ သူ၏ ကျောက်သော့ချိတ်ကလေးကိုပါ ယူလာခဲ့သောကြောင့် စာရေးသူလည်း လေ့လာကြည့်ရှုခွင့် ရခဲ့ပါသည်။

ကျောက်သော့ချိတ်ကလေးမှာ ဘဲဥပုံ ချောမွတ်သော အဖြူရောင် သဘာဝ ကျောက်ပြားကလေးဖြစ်ပြီး အဖျားတစ်ဖက်တွင် ကျယ်ရာမှ ကျဉ်းသော အပေါက်များ တစ်ဖက်တစ်ချက်စီတွင် ပါဝင်နေသည်။ ဖန်တီးတုပ၍ မရသော သဘာဝက ပေးထားသော လက်ရာ ဖြစ်ပါသည်။

ထိုကျောက်ပြားကလေးကို ကိုစိုး



www.burmeseclassic.com

www.burmeseclassic.com

သည့် သူ၏ ဘုရားဆောင်တွင် ချိတ်ဆွဲထားသည်။ ထိုကျောက်ပြားကလေး ရောက်သောနေ့မှစ၍ ကိုစိုးတစ်ယောက် အရက်ပြတ်သွားခဲ့သည်။

ဘုရားရှိခိုး ပုတီးမှန်မှန်စိပ်သည်။

ရပ်ကွက်ထဲတွင် ကိုစိုး၏ ပြောင်းလဲသွားသော နေထိုင်မှုကို လူအများ အံ့သြကြသည်။

ငွေသောင်ယံရပ်ကွက် စက်လှေသမားများနှင့် ကျောက်လုပ်ငန်းလောကတွင် ကိုစိုးသည် "ဘိုးတော်စိုး" ဖြစ်လာသည်။

အဖေကြီး ဘိုးမင်းခေါင်က ဓာတ်စီး၍ ဟောကိန်းများ ထုတ်တတ်သည်။ ရွာသားများနှင့် စိတ်ဝင်စားသူများ သူ့ထံ ရောက်လာကြသည်။ ဒေးစွန်ပါတောင်တော်ကြီးမှ ရသေ့ယောဂီနှင့် ဘိုးတော်များ ကြွရောက်တော်မူလာကြသည်။

စာရေးသူသည် ကိုစိုး ပြောပြသော ထူးဆန်းသော ကျောက်သော့ချိတ်နှင့် သူ့အကြောင်းကို မှတ်တမ်းတင် စာရေးချင်စိတ် ပေါ်လာသည်။

ကိုစိုးကို ခွင့်တောင်းရာ လိုလိုလားလား ခွင့်ပြုသောကြောင့် သူ၏ ကျောက်သော့ချိတ်ကလေးကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူထားလိုက်သည်။ **(ကိုစိုး၏ လက်ထဲတွင် ကျောက်သော့ချိတ်ကလေး ရှိနေပါသည်။)**

ထူးဆန်းသော ကျောက်သော့ချိတ်ကလေး၏ သော့တံကို ကိုစိုး ရရှိခဲ့ပြီ။ ကြာရှည်စွာ ထိန်းသိမ်းအသုံးပြုနိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

**(လေ့လာလိုသူများ စက်လှေဆရာ ကိုစိုး ငွေသောင်ယံရပ်ကွက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးထံတွင် လေ့လာနိုင်ပါသည်။)**

မေတ္တာရှည်လျက်...

**မျိုးတင့် (ညောင်လေးပင်)**

စာမျက်နှာ (၁၄၁)မှ အဆက်


**လက္ခဏာပဗောဓိ အခြေများ**

၁။ **ဘဝတစ်လျှောက်မှာ ပုံ(၁) လက္ခဏာရှင်က ပိုပြီး ချမ်းသာကြွယ်ဝ ပြည့်စုံ ကြီးပွားပါမယ်။**

ဘာကြောင့်လဲဆိုတော့...

လက်သန်းနဲ့ လက်သူကြွယ်ကြား၊ လက်သူကြွယ်နဲ့ လက်ခလယ်ကြား လက်ခလယ်နဲ့ လက်ညှိုးကြားတို့မှာ **ကြိုးဗေွတစ်လုံးစီရှိကြောင်း** ပုံ(၁)မှာ တွေ့ရတယ်။ (ဂ)၊ (ဃ)၊ (င) အက္ခရာများနဲ့ ညွှန်ပြထားပါတယ်။

**ပုံ(၂) လက်ဖဝါး**မှာတော့ အဲဒီဗေွမျိုးတွေ လုံးဝ မရှိပါဘူး။ **(ဈ)၊ (ဈ)၊ (ည) အက္ခရာများနဲ့** ညွှန်ပြထားတဲ့ နေရာကို ကြည့်ပါ။





အဲဒီ ဗေွ(၃)လုံးရှိသူများဟာ ဘဝမှာ သူဌေးအခေါ်ခံရလောက်အောင် ချမ်းသာကြွယ်ဝမှုမျိုး အများအားဖြင့် ရှိတတ်ကြပါတယ်။

၂။ **ယခု အသက်လေးဆယ်ကျော်ငါးဆယ်အတွင်း အလုပ်အကိုင်နဲ့ စီးပွားရေးမှာ ပုံ(၁) လက္ခဏာရှင်က ပိုပြီး အောင်မြင်တိုးတက်အဆင်ပြေနေမယ်။ ပုံ(၂) လက္ခဏာရှင်ကတော့ အဆင်မပြေဘူး။ အခက်အခဲတွေကြုံနေမယ်။**

ဘာကြောင့်လဲဆိုတော့...

**ပုံ(၁)**ရဲ့ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းကြောင်း ထင်ရှားအားကောင်းပြီး အဖျက်သင်္ကေတ ကင်းရှင်းနေတယ်။ **(ခ)အက္ခရာနဲ့** ညွှန်ပြထားတဲ့ နေရာကိုကြည့်ပါ။

**ပုံ(၂)** လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာတော့ အောင်မြင်ရေးလမ်းတိုလေးရဲ့အပေါ်က **တစောင်းကန့်လန့် အဖျက်လမ်း အုပ်မိုးထားတယ်။ (ဆ) အက္ခရာနဲ့** ညွှန်ပြထားတဲ့ နေရာကိုကြည့်ပါ။





၃။ **အသက် သုံးဆယ်ခန့်မှ လေးဆယ်ခန့်အတွင်း အလုပ်အကိုင်မှာ ပုံစံ(၂) လက္ခဏာရှင်က အပြောင်းအလဲတွေ ဖြစ်မယ်။**

ဘာကြောင့်လဲဆိုတော့...

အဲဒီ အသက်ပိုင်းမှာ ကံလမ်းကြောင်း အပြောင်းအလဲ ဖြစ်နေလို့ပါပဲ။ **(စ)အက္ခရာနဲ့** ညွှန်ပြထားတဲ့ နေရာကိုကြည့်ပါ။

**ပုံစံ(၁) လက္ခဏာရှင်ကတော့ အလုပ်အကိုင် နိုင်မြဲတည်ငြိမ် အေးချမ်းနေမယ်။**

အဲဒီ အသက်ပိုင်း ကံလမ်းကြောင်း အပြောင်းအပြတ်မရှိဘဲ တဖြောင့်တည်း ထင်ရှား အားကောင်းနေခြင်းကြောင့် ဖြစ်ပါတယ်။ **(က)အက္ခရာနဲ့** ညွှန်ပြထားတဲ့နေရာကိုကြည့်ပါ။




*(လက္ခဏာပညာသုတ တိုးပွားကြပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီးဦးအောင်မြိုင်(ဥပဒေသွ)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com


# လက္ခဏာပဟေဠိ


အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ ညာလက်ဖဝါး ပုံ(၁)၊ ပုံ(၂) တို့ရဲ့ပိုင်ရှင်ဟာ အမျိုးသား အင်ဂျင်နီယာ (၂)ဦး ဖြစ်ကြတယ်။ အသက် လေးဆယ်ကျော် အရွယ်များ ဖြစ်ကြပါတယ်။

အဲဒီ လက်ဖဝါး ပုံစံများကို သေချာကြည့်ရှု စစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများ တို့ကို ဖြေကြည့်ပါ။




၁။ ဘဝတစ်လျှောက်မှာ ဘယ်သူကပိုပြီး ချမ်းသာကြွယ်ဝ ပြည့်စုံကြီးပွားမလဲ၊ ဘာကြောင့်လဲ။

၂။ ယခု အသက်လေးဆယ်ကျော် ငါးဆယ် အတွင်းမှာ ဘယ်သူက ပိုပြီး အလုပ်အကိုင်နဲ့ စီးပွားရေး အောင်မြင်တိုးတက် အဆင်ပြေနေမလဲ၊ ဘာကြောင့်လဲ။

၃။ အသက် သုံးဆယ်ခန့်မှ လေးဆယ်ခန့် အတွင်း အလုပ်အကိုင်မှာ ဘယ်သူက အပြောင်းအလဲတွေ ဖြစ်နိုင်လဲ၊ ဘယ်သူက နိုင်မြဲမလဲ၊ ဘာကြောင့်လဲ။

မိမိတို့ရဲ့အဖြေကို သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိအဖြေများနဲ့ ညှိနှိုင်းကြည့်မယ် ဆိုရင် လက္ခဏာပညာသုတ ပိုပြီး တိုးပွားရရှိနိုင်ပါမယ်။

> ပဟေဠိ အဖြေများကို
> စာမျက်နှာ ( ၁၄၀ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာရှင်

# ဆရာကြီး မင်းယက္ခ

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

၏ ဘဝအတွေ့အကြုံများ ( ၁၆ )

ယခင်လမှ အဆက်

### မြီးရှေ့နှစ်လုံး

''မြီးရှေ့နှစ်လုံး''ဆိုသော စကားလေးမှာ ကျွန်တော်၏ ချစ်ခင်လှစွာသော ရခိုင်ပြည်နယ်မှ သိုင်းဆရာ ဦးအောင်ကျော်သိန်း၏ ရခိုင်သံဝဲဝဲဖြင့် ပြောသွားသော မမေ့နိုင်သော စကားလုံးလေးများသာ ဖြစ်ပါသည်။

စာဖတ်သူလည်း ထိုစကားလုံးလေးလုံး၏ အနက်အဓိပ္ပာယ်ကို တိတိကျကျ သိချင်လည်း သိပါလိမ့်မည်။ သိချင်မှလည်း သိပါလိမ့်မည်။

စာရေးသူလည်း ထိုစကားလုံးလေးများ၏ အဓိပ္ပာယ်ကို အစက သိသည်ဟု ထင်ခဲ့ပါသည်။ နောက်မှ စာရေးသူ သိသော အဓိပ္ပာယ်နှင့် လုံးဝလွဲနေမှန်း သိလိုက်ရပါသည်။ ထိုစကားလုံး လေးလုံး၏ အဓိပ္ပာယ်မှန်မှာ...

ဆရာအောင်ကျော်သိန်းနှင့် ရေစက်ဆုံခဲ့ရပုံလေးကို အလျင်တင်ပြချင်ပါသည်။ စာရေးသူသည် ထိုစဉ်ကာလက ရန်ကုန်တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီ၏ ကော်မတီဝင်တစ်ယောက်ဖြစ်သလို မြန်မာနိုင်ငံသိုင်းအဖွဲ့၏ အမှုဆောင် ပညာရှင်ဆရာကြီး၊ မြန်မာ့သိုင်း သင်တန်းကျောင်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာ့သိုင်းပညာစဉ် ကော်မတီ အတွင်းရေးမှူး(၂)နှင့် ပြပွဲ,ပြိုင်ပွဲများ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါသည်။

စာရေးသူမှာ ထိုစဉ်က ရန်ကုန်တိုင်းဒေသကြီး သိုင်းအားကစားအသင်း၏ အုပ်ချုပ်သူအဖြစ် တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ထို့ကြောင့် ပြိုင်ပွဲကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး သိုင်းအားကစားအသင်း၏ လက်ရွေးစင် သိုင်းသမားများနှင့်အတူ သုဝဏ္ဏ အားကစားကွင်းအတွင်းရှိ အားကစား အဆောင်တွင် နေထိုင်ရပါသည်။

အခြားအခြားသော အသင်းအုပ်ချုပ်သူ အဆက်ဆက်တို့ ပြောစကားကြောင့် ရခိုင်ပြည်နယ် သိုင်းအားကစားအသင်းနှင့်အတူ ယှဉ်တွဲနေထိုင်ရမှာ စိုးရိမ်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် အားကစားသမားများသည် ညဉ့်နက်သည်အထိ (တစ်ခါတစ်ရံ တစ်ညလုံး) အားကစားနည်းစနစ်များကို လေ့ကျင့်ခြင်း၊ ညဘက်တွင် စကားကို ကျယ်ကျယ်လောင်လောင် ပြောတတ်ခြင်း စသော အကြောင်းများကြောင့် ဖြစ်ပါသည်။

ဆုတောင်း မပြည့်ခဲ့ပါလေပြီ။ အဆောင်ကြီးထဲတွင် ရခိုင်ပြည်နယ် အသင်းနှင့် ဘေးချင်းကပ်လျက် နေ[illegible] ပါသည်။ အဆောင် ခန်းမကျယ်ကြီးထဲ တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရခိုင် ပြည်နယ်အသင်း နှစ်သင်းတည်း ပူးတွဲ နေထိုင်ရပါသည်။

ကွပ်ပျစ်အမြင့်ကြီးများကို ခင်းထား ပါသည်။ ကြားတွင် သုံးထပ်သား ပါတေးရှင် တစ်ချပ်သာ ကာထားပါ သည်။ ရှေ့ပိုင်းက ဟာလာဟင်းလင်း ပါ။ ထို့ကြောင့် တစ်ယောက်နှင့် တစ် ယောက် ပြောသမျှ,ဆိုသမျှ အတိုင်[illegible] သား ကြားနေရပါသည်။

ရခိုင်တိုင်းရင်းသားလို ပြောသည့် စကားသံတို့ကို နား[illegible]လည်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပို၍ နာကြားရခက်ကာ နားငြီးနေခြင်း ဖြစ်မည် ထင်ပါသည်။ ရခိုင်ပြည်နယ် အားကစားသမားများက ကျယ်ကျယ်လောင်လောင် ပြောတတ်၍ အဆောင်တစ်ခုလုံးမှာ ဆူညံနေပါတော့သည်။

အတူနေထိုင်ကာစ၌ အတော်ပင် စိတ်ဒုက္ခရောက်ပါသည်။ မတတ်နိုင်။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုသာ သဘောထားရပါတော့သည်။

ရခိုင်ပြည်နယ် သိုင်းအသင်းမှ နည်းပြဆရာကြီး စောလှမောင်သည် **"မေမိုးအောင်ထွန်း"** ရှမ်းကြီးသိုင်း အနွယ်ဝင် ဆရာကြီးတစ်ယောက်ဖြစ်၍ **"မေမိုးအောင်ညွှန့်"** အနွယ်ဝင် ဖြစ်သော စာရေးသူ (ဆရာ မင်းယက္ခ) တို့မှာ ရှမ်းကြီးသိုင်း အနွယ်တူသူချင်း ဖြစ်ကြပါသည်။

ထိုသို့ အနွယ်တူသူချင်းဖြစ်ကြောင်း သိရသည်မှာလည်း စာရေးသူ၏ နန်းစဉ်မားရေး(၃၇)ချင်းကို ဖတ်ရှုလေ့လာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အနွယ်တူသူချင်းဖြစ်သော စာရေးသူအား မိတ်ဆက်ပါသည်။

ထိုမှ ဆရာကြီးစောလှမောင်၏ တပည့်ကြီး အိမ့်ထွန်းအောင်(ခေါ်) ဆရာဆန်ရှားမောင်နှင့် ခင်မင် ရင်းနှီးခဲ့ရပါသည်။ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒိုင်လူကြီးအဖွဲ့ဝင် ဆရာဦးထွန်းစောနှင့်လည်း နဂိုတည်းက ခင်မင်ရင်းနှီးခဲ့သူ ဖြစ်ပါသည်။

ဆရာဦးထွန်းစော မြန်မာ့သိုင်းသင်ရန် ရန်ကုန်သို့ လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က လာရောက်စဉ်က စာရေးသူ၏ တိုက်ပွဲဝင် သိုင်းသင်တန်းသို့ရောက်ခဲ့ဖူးသည်။

စာရေးသူ မအားလပ်သည့်အချိန် နယ်သင်တန်းသို့ သွားနေရသည့်



အချိန်)နှင့် တိုက်ဆိုင်၍ လိုင်းတိုင်းဟောင်း(သိုင်းမဟာ) သိုင်းအဖွဲ့ ဆရာကြီးဦးဘစိန်ထံ သွားရောက် သင်ယူဖြစ်ခဲ့ကြောင်း ဆရာဦးထွန်းစောက စကားစပ်တိုင်း ပြောဖြစ်ပါသည်။

ရခိုင်ပြည်နယ် သိုင်းအသင်း နားနေရာဘက်သို့ ခေါ်သွားပြီး အကျွေးအမွေး၊ အစားအသောက်များနှင့် ဧည့်ခံပါသည်။ သည်လိုနှင့် ရခိုင်ပြည်နယ် သိုင်းအသင်းအုပ်ချုပ်သူ ဆရာ ဦးအောင်ကျော်သိန်းမှစ၍ ရခိုင်ပြည်နယ် သိုင်းသမားများနှင့် ခင်မင် ရင်းနှီးခဲ့ရပါသည်။

ထိုသို့ စားသောက်ပြီးလျှင် ဆန်ရှားမောင်က သူ၏ ဓားနှစ်လက်သိုင်း ကစားကွက်၊ လှံရှည်ကစားကွက်၊ တုတ်ရှည်ကစားကွက်တို့ကို ဝေဖန်သုံးသပ်ပေးပါဆို၍ ကြည့်ရှုပေးရပါသေးသည်။

စာရေးသူကလည်း ရှမ်းကြီးဓားနှစ်လက်သိုင်း၊ ရှမ်းကြီးတုတ်ရှည်သိုင်း၊ လှံရှည်သိုင်း ကစားကွက်တို့ကို ပြန်လည် ကစားပြခဲ့ပါသည်။

ဆရာ ဦးအောင်ကျော်သိန်းကလည်း ခင်ခင်မင်မင် လေးလေးစားစား ဆက်ဆံပါသည်။ သူတွင် ပါလာသော ပန်းသီး၊ စပျစ်သီးများကို ကျွေးမွေး၍ အချိုရည်ဘူးများ တိုက်ပါသည်။ ထိုသို့ဖြင့် ရခိုင်ပြည်နယ် သိုင်းအသင်းသားများနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့ရပါသည်။

ထိုနှစ်က ဖြစ်ချင်တော့ ရခိုင်ပြည်နယ်သိုင်းအသင်းသည် သူတို့ ပြိုင်ပွဲရမှတ်များကို တွက်ချက်ကြည့်ကြပြီး မြန်မာ့သိုင်းစွယ်စုံ တံခွန်စိုက် ပထမ ဒိုင်းဆုကြီးကို ရရှိသည်ဟု ယုံကြည်ဆုံးဖြတ်ခဲ့ကြသည်။

သူတို့တွက်ချက်မှု သေချာသည်ဟု ဆုံးဖြတ်ကာ ရခိုင်ပြည်နယ်ရှိ တာဝန်ရှိသူများထံသို့ တယ်လီဖုန်းဖြင့်ဆက်ပြီး ဝမ်းမြောက်ဝမ်းသာ အကြောင်းကြားလိုက်ပါသည်။

တာဝန်ရှိသူ လူကြီးများကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပြန်လာမည့် သိုင်းအသင်းအား သိုက်မြိုက်စွာ ကြိုဆို၍ ဂုဏ်ပြုပွဲများ ပြုလုပ်ပေးမည် ဖြစ်ကြောင်း ပြန်လည် အကြောင်းကြားခဲ့ပါသည်။

အောင်ပွဲရ အားကစားသမားများ ပျော်မဆုံးမော်မဆုံး တပြုံးပြုံး ဖြစ်နေကြပါသည်။ စွယ်စုံတံခွန်စိုက် ပထမ ဒိုင်းဆုကြီးမှာ ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု အသင်းတိုင်း အလိုချင်ဆုံးဆုပင် ဖြစ်ပါသည်။

"သိုင်းစွယ်စုံ တံခွန်စိုက်ဒိုင်း ပထမဆုကြီး ရရှိကြောင်း သတင်းပို့ပြီးနောက်" ရမှတ်များကို ပြန်လည် စိစစ်သောအခါ ရခိုင်ပြည်နယ် သိုင်းအသင်းအနေဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ပထမ မရရှိဘဲ ဒုတိယဆုသာ ရရှိခဲ့ပါသည်။

ဒုတိယဆုကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် တွဲဖက်ရရှိခဲ့၍ ခေါင်းပန်းလှန်ရာ စစ်ကိုင်းတိုင်းဒေသကြီးက "ပထမ(၆)လတွင် ဆင့်ပွား ဒိုင်းအသေကို ဦးစွာ ယူဆောင်သွားမည် ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ပြည်နယ်အသင်းအနေဖြင့် စွယ်စုံတံခွန်စိုက်မရသည့်အပြင် ဒုတိယဒိုင်းအသေးကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးသို့ ပေးလိုက်ရမည်ဖြစ်ရာ ဒုတိယရရှိကြောင်း လက်ဆုပ်လက်ကိုင် မပြနိုင်တော့ပေ။ ပြည်တော်ပြန် မျက်နှာပန်းမလှတော့ပေ။ ဆုပေးပွဲက မနက်ဖြန်။

ရခိုင်ပြည်နယ် အသင်းခေါင်းဆောင် ဆရာအောင်ကျော်သိန်းမှာလည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ကာ မျက်ရည်လေး တလည်လည်နှင့် ကျန်အသင်းသားများလည်း တမှိုင်မှိုင် တတွေတွေ မျက်ရည်တလည်လည်နှင့် ဖြစ်နေကြသည်။

သူတို့ ရခိုင်ကို မပြန်ကြတော့ဟု ပြောပါသည်။ "ဆုမရတာနဲ့ ဘာဖြစ်လို့ မပြန်တာလဲ" ဟုမေးသောအခါ သူတို့က ဖြေသည်မှာ သူတို့ပြည်နယ်က... သည် အလွန်စည်းကမ်းကြီးပြီး တိကျပြတ်သားသူဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးကျူးတတ်သော်လည်း ဆုမရဘဲ ရှုံးပြီး ပြန်လာသူများကို ဒဏ်ပေးတတ်ကြောင်း။

ယခု သူတို့အနေဖြင့် ပထမဆုရသည်ဟု မှားယွင်းပြီး သတင်းပို့သည့်အပြင် ရရှိသော ဒုတိယဆုကိုပင် မပြနိုင်သောကြောင့် ကျိန်းသေ သူတို့အား အကြီးအကျယ် စိတ်ဆိုးဒေါသဖြစ်မည်ဖြစ်ကြောင်း။

လေယာဉ်ပျံပေါ်မှ အဆင်းတွင် ဆုဖလားကိုလည်း ကိုင်ဆောင်ပြီး ဆင်းနိုင်မည် မဟုတ်သဖြင့် ကြိုဆိုသောသူများကြားတွင် သူတို့မှာ အပြစ်တင်ခံရမည် ဖြစ်ကြောင်း။

အသက်အရွယ်ရမှ လူကြားသူကြား



ထဲတွင် အရှက်ကွဲမခံနိုင်ကြောင်း၊ ထို့ကြောင့် အခြေအနေအေးချမ်းမှ ဒိုင်းဆုရပြီး ပြသနိုင်သည့် ကာလကျမှ ရခိုင်သို့ ပြန်တော့မည်ဖြစ်ကြောင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ရှင်းလင်းပြောပြကြပါသည်။

ထိုစဉ်က စာရေးသူမှာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ပြပွဲ-ပြိုင်ပွဲနှင့် သိုင်းပညာစိစစ်ရေး ကော်မတီဝင်တစ်ယောက်ဖြစ်၍ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဆရာကြီး ဦးမြသိန်း(ဘီ၊ အေ။ ဘီ၊ အယ်၊ နိုတြီ ပဗ္ဗလစ်၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၏ ဥပဒေအကြံပေး)မှာလည်း စာရေးသူ၏ ဆရာအရင်း (ဆရာကြီး ဦးပြည်သိမ်း၊ ဆရာကြီးဦးချစ်သန်းတို့၏ ပညာအမွေခံတပည့်ကြီး)ဖြစ်၍ ရခိုင်ပြည်နယ်သိုင်းအသင်းက အကူအညီပေးပါရန် မေတ္တာရပ်ခံ တောင်းပန်ပါသည်။

ထို့ကြောင့် လက်ရှိပြပွဲပြိုင်ပွဲနှင့် ပညာစဉ်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးမြသိန်းထံသို့ ဆရာဦးအောင်ကျော်သိန်း၊ ဆရာဦးစောလှမောင်တို့နှင့်အတူ သွားရောက်ပြီး အကျိုးအကြောင်းကို ရှင်းလင်း တင်ပြသောအခါ ဆရာကြီးက ထိုစဉ်က

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အတွင်းရေး ဦးလှဦး(မြောက်ဒဂုံမြို့နယ်၊ အားကစား အရာရှိ)အား ဖုန်းဆက်ခေါ်၍ သိုင်း စွယ်စုံတံခွန်စိုက် ဒုတိယဆုကို ဒိုင်း သို့မဟုတ် ကလပ် ဘာကြောင့် မပေး ခြင်းအကြောင်းကို ဆွေးနွေး မေးမြန်း ပါသည်။

ထိုအခါ ငွေကြေးကုန်ကျစရိတ် ကြောင့် ဒိုင်းမပေးကြောင်း၊ ဆင့် ဒိုင်းအသေးသာပေးကြောင်း၊ ဖြေကြား၍ ဒါဖြင့် ကိုယ့်စရိတ်နှင့်ကိုယ် ဒုတိ ဆုအတွက် ဆုကို လုပ်၍ ရ မေးမြန်းသောအခါ ကိုယ့်စရိတ်နှင့်ကိုယ် လုပ်လိုက လုပ်ခွင့်ပြုကြောင်း ပြော ကျွန်တော်တို့တစ်သိုက်မှာ အား ရှင်လန်းစွာ ပြန်လာခဲ့ကြပါသည်။

ထိုနေ့က ရခိုင်ပြည်နယ် ဆုတံဆိ ကိစ္စကို လိုက်၍ လုပ်ဆောင်ပေးနေ သောကြောင့် ပြိုင်ပွဲကိုလည်း ပြ မကြည့်နိုင် ရန်ကုန်တိုင်းဒေသကြီ လက်ရွေးစင် အားကစားသမာ မောင်မြင့်နိုင်ကိုပဲ တာဝန်ပေးထား ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လက်ရွေး သိုင်း အားကစားသမားများကလည် လှည့်မကြည့်ရလောက်အောင် ကိုယ့် တာဝန် ကိုယ်ကျေအောင် လုပ်ဆော သွားခဲ့ကြပါသည်။

ထိုနေ့ တစ်မနက်လုံး ရခိုင်ပြည်န ကိစ္စနှင့် အချိန်ကုန်သွားခဲ့ရပါသည် ဆုဖလားအတွက် ဦးလှဒင်နှင့်သား ဆုတံဆိပ်လုပ်ငန်းဌာနသို့ ဆရာဦး လှအောင်နှင့် သွားခဲ့ရပါသည်။


**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယ**
**(တိုက်ပွဲဝင်)**



www.burmeseclassic.com

www.burmeseclassic.com





▲ စာရေးသူမှ ဆရာဦးတင်ဦးအား သိလိုသမျှ မေးနေစဉ်(ဝဲဘက်မှ ခွေးဆိပ်လာချကုသသူ မောင်သိန်းငွေ အောက်မှ ကိုတင်ဌေး)

◀ ဆရာဦးတင်ဦး ဘုရားခန်းရှေ့၌ ထိုင်နေပုံ

မြအင် (ဖင်းကျိုက်)

# ခွေးဆိပ်ချ ပါတကောက်ဆရာ

## ခွေးအဆိပ်ချဆရာနှင့် တွေ့ဆုံခြင်း

တစ်ခုသော တစ်မနက်ခင်းတွင် စာရေးသူနဲ့ အလွန်ရင်းနှီးသော သူငယ်ချင်း ကိုတင်ဌေးနဲ့ လကမ္ဘာ ကဖေးဆိုင်တွင် လက်ဖက်ရည် သောက်ရင်း စကားကောင်းနေကြပါတယ်။ ထိုအချိန်မှာ စာရေးသူတို့ ဝိုင်းဆီသို့ လူတစ်ယောက် ရောက်ရှိလာပြီး ထိုင်ခုံအလွတ်မှာ ထိုင်လိုက်ပါတယ်။

ထိုသူကတော့ စာရေးသူနဲ့ တစ်ရပ်ကွက်တည်းနေတဲ့ ကျောင်းနေဖော် သူငယ်ချင်းမောင်သိန်းငွေ ဖြစ်ပါတယ်။ သူရဲ့မျက်နှာက သိပ်တော့မကောင်း။ စာရေးသူက လက်ဖက်ရည် တစ်ခွက်လှမ်း မှာလိုက်တယ်။ ထိုအခါ မောင်သိန်းငွေက...

'ငါ မင်းတို့နှစ်ယောက်ကို လိုက်ရှာနေတာ ဆိုင်လဲ နှံ့နေတာပဲ။ နောက်တော့ ဒီဆိုင်ကို သတိရတာနဲ့ ရောက်ခဲ့တာလဲ'

မောင်သိန်းငွေက လက်ဖက်ရည်ကို တစ်ကျိုက်မော့ချပြီး စကားဦးသန်းလာတယ်။ ထိုအခါ ကိုတင်ဌေးက...

'သိန်းငွေ...မင်း ဒီနေ့ အလုပ်မသွားဘူးလား'

သိန်းငွေက...

'အလုပ်မလုပ်နိုင်တာ တစ်ပတ်လောက်ရှိပြီ'

စာရေးသူက...

'ဘာဖြစ်လို့တုန်း။ သူဌေးဖြစ်သွားပြီလား'

'မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါ့ခြေထောက် ခွေးကိုက်ခံရပြီးကတည်းက အလုပ်မလုပ်နိုင်တာ ဒီနေ့ထိ ဆိုပါတော့။ ဆေးထိုးဖို့ဆိုတာ စားဖို့တောင် အနိုင်နိုင်'

မောင်သိန်းငွေက လက်ဖက်ရည်ကို နောက်တစ်ကျိုက်မော့ချပြီး စကားကို ရပ်လိုက်တယ်။

သူ့ခြေတွင် ခွေးကိုက်ထားသော ဒဏ်ရာကို ပြတယ်။ ခြေသလုံး ကြွက်သားနေရာတွင် ကိုက်ထားတဲ့ အတွက် ရောင်နေတယ်။ အောင့်အောင့်နေတယ်လို့ မောင်သိန်းငွေက ပြောတယ်။ စာရေးသူအနေဖြင့် သူ့ကိုကြည့်ပြီး သနားကရုဏာ ဖြစ်မိတယ်။





www.burmeseclassic.com

www.burmeseclassic.com



◆ ခွေးကိုက်ခံရသောနေရာကို ကျားစွယ်ဖြင့် ခြစ်ပြီး မကောင်းဆိုးဝါးများကို ပရိတ်တရားတော်ရွတ်၍ ကုသနေပုံ

သူ့ဘဝကို တွေးကြည့်မိတယ်။ လက်ရှိ အလုပ်အကိုင်က မရေရာ။ သစ်ပင်ခုတ်၊ သစ်ပင်လှဲ၊ အုန်းပင်တက် အလုပ်သာ လုပ်ခဲ့သူ။ ကလေးက(၆) ယောက်။ မိသားစုစမ်းရေးကို မနည်း ကြိုးစားရှာနေရတယ်။ ဒီကြားထဲ ခွေးက အကိုက်ခံရဆိုတော့ အလုပ်က မလုပ်နိုင်။ မိသားစု စားဝတ်နေရေး ဘယ်လိုဖြေရှင်းကြနေလဲ။

တွေးပြီး မောင်သိန်းငွေမျက်နှာကို စာရေးသူ ကြည့်လိုက်မိတယ်။ သူ့ မျက်နှာသည် ညှိုးနေတာကို စာရေးသူ တွေ့လိုက်ရတယ်။ ခွေးကိုက်ခံထားရတဲ့ ဒဏ်ရာကြောင့်လား၊ မိသားစု စားဝတ်နေရေးကြောင့်လား နှစ်ခုစလုံး ကြောင့် ဖြစ်နိုင်ပါတယ်။

ခွေးကိုက်ခံရတယ်ဆိုတာ သိပ် မကောင်း။ ခွေးက အကောင်းဆိုရင် တော့ တော်သေးတယ်။ ခွေးက ရူးနေ ရင်တော့ လူပါ ခွေးရူးပြန်ရင် အသက် ပါ သေဆုံးရတယ်ဆိုတာ လူတိုင်း သိပြီးသား ဖြစ်ပါတယ်။ ဒါကိုတွေးပြီး မောင်သိန်းငွေတစ်ယောက် စိတ် မကောင်း ဖြစ်နေတာလဲ ဖြစ်နိုင်တယ်။

ထိုသို့ စဉ်းစားနေတုန်း စာရေးသူ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက် လာပါတယ်။ လွန်ခဲ့သော (၈)နှစ်ကျော် လောက်က ဖြစ်ပါတယ်။ အဲဒီတုန်းက စာရေးသူလဲ ခွေးကိုက်ခံခဲ့ရဖူးတယ်။ ဆရာတစ်ဦးရဲ့ ကုသပေးမှုကြောင့် သက်သာပျောက်ကင်းစေခဲ့တာ ယနေ့ ထိတိုင် ဆိုပါတော့။

နောက်ပြီး စာရေးသူရဲ့ မိတ်ဆွေ နှစ်ဦးလဲ ခွေးကိုက်ခံရတယ်။ အဲဒီ ဆရာကြီးထံ သွားရောက်ပြီး ကုသခဲ့ တာ ပျောက်ကင်းခဲ့ပြန်တယ်။ စာရေးသူ က မောင်သိန်းငွေကို ကြည့်ပြီး...

'မင်း... ဘာမှစိတ်မပျက်မနေနဲ့၊ ခလောက်အင်းက ဆရာဆီ သွားကြည့် ပါလား။ အဲဒီဆရာက ခွေးကိုက်တဲ့လူ တွေကို ခွေးဆိပ်ချကုသပေးနေတာ နာမည်ရနေတယ်'

ထိုအခါ ကိုတင်ဌေးက...

'ဟုတ်တယ်ကွ ငါလဲ အဲဒီဆရာ အကြောင်း တော်တော် ကြားဖူးထား တယ်။ ခွေးဆိပ်ချကုတာ အရမ်း တော်တယ် ဆိုပဲ'

သို့ဖြင့် စာရေးသူနဲ့ ကိုတင်ဌေး၊ မောင်သိန်းငွေ သုံးဦးသား ဆရာအိမ် သို့ စုံစမ်းပြီး ထွက်လာခဲ့ကြတယ်။ ကံကောင်းချင်တော့ ဆရာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့လိုက်ရ တယ်။ ဆရာဆိုသူက စာရေးသူတို့ကို တွေ့တာနဲ့ ညှိုဝတ်ကျေပွန်စွာဖြင့် ဆီးကြိုပါတယ်။ သုံးဦးသားထိုင်ချပြီး စာရေးသူက...

'ကျွန်တော့်သူငယ်ချင်း ခွေးကိုက် ခံရတာ (၇)ရက်လောက်ရှိပြီ ဆရာ။ အခု အကိုက်ခံထားရတဲ့နေရာက အောင့်ပြီး နာနေတယ်တဲ့'

ထိုသို့ ပြောလိုက်သောအခါ ဆရာ က ခွေးကိုက်ထားတဲ့ ဒဏ်ရာကို ကြည့် လိုက်ပါတယ်။ ပြီးတော့ ဆရာက သူ့ ရဲ့ ဆေးသေတ္တာကိုဖွင့်ပြီး လိုအပ်တဲ့ ပစ္စည်းကို ယူထုတ်တယ်။ ပြီးနောက် အစွယ်နှစ်ချောင်းဖြင့် ခွေးကိုက် ဒဏ်ရာကို ခြစ်နေတယ်။

နှုတ်ကလဲ တတွတ်တွတ်နဲ့ ရွတ်ဆို နေရဲ့။ ခွေးကိုက်ထားတဲ့ဒဏ်ရာမှာ သွေးစိမ်းများ ထွက်လာတာကို တွေ့ ရပါတယ်။ အဲဒီသွေးစိမ်းများကို ဆရာ က ဂွမ်းစဖြင့် သုတ်လိုက်ပြီး...

'ဒဏ်ရာက ကုသရလွယ်တယ်'

လို့ ပြောပြီးနောက် ယင်းအစွယ် နှစ်ချောင်းဖြင့် ဒဏ်ရာကို ထပ်မံခြ နေပြန်တယ်။

သွေးထွက်လာလိုက်၊ သုတ်လိုက်နဲ့ သုံး,လေးခါလောက် ပြုလုပ်နေတာကို တွေ့ရပါတယ်။ စာရေးသူမှာ ဆရာ ကုသနည်းကို အသေအချာ လေ့လာ မှတ်သားနေမိတယ်။ ထိုသို့ ပြုလုပ်ပြီး သွားသောအခါ ဆရာက သူ့ရဲ့ ခြ ဖဝါးမှာပင် မွန်စာလိုလို၊ အင်းစာလို ရေးပြီး ခွေးကိုက်ထားတဲ့ ဒဏ်ရာကို နင်းပြန်တယ်။


မနင်းခင်ကတည်းက ဆရာက





www.burmeseclassic.com

www.burmeseclassic.com



▲ ခွေးကိုက်အက်ရာကို ဂါထာရွတ်၍ အင်းကိုခြေပထိတွင်ချပြီး နင်း၍ကုသနေပုံ

မောင်သိန်းငွေကို နင်းတဲ့အချိန်မှာ အသက်အောင့်ထားဖို့ ပြောတယ်။ **ယင်းဒဏ်ရာကို နင်းတဲ့အခါ ဆရာရော၊ လူနာပါ အသက်အောင့်ထားဖို့ ထိုတယ်လို့** ဆရာက ပြောပါတယ်။ ထိုကဲ့သို့ ပြုလုပ်ပြီးစီးသွားသောအခါ ဆရာက ကောင်းသွားပြီလို့ ပြောပါတယ်။

ဆရာရဲ့ပညာဟာ အစွမ်းထက်မြက်ကြောင်း ကြားသိခဲ့တာ ကြာနေပြီဖြစ်ပါတယ်။ ထို့ကြောင့် "ပညာကို သေရွာသို့ မယူသွားကြေး"စကားနဲ့အညီ...

'ဆရာရဲ့ပညာကို အများပြည်သူအတွက် အကျိုးရှိအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲ ရေးထည့်ချင်တယ်ဆရာ ခွင့်ပြုပေးပါလား'

လို့ စာရေးသူက ခွင့်တောင်းလိုက်ပါတယ်။

ထိုအခါ ဆရာက အားတက်သရောဖြင့်...

'ကောင်းတာပေ့ါ။ ဝါသနာထုံတဲ့ လူတွေအတွက်လဲ လေ့လာမှတ်သားပြီး ကုသလို့ရတာပေ့ါ။ လူ့အသက်တစ်ချောင်းကို ကယ်ခွင့်ရတာ အင်မတန်မှ ကုသိုလ်ထူးပါတယ်'

ဆရာက ဤသို့ပြောပြီး ပညာကို သူ ရရှိလာပုံအကြောင်း အောက်ပါအတိုင်း ပြောပြပါတယ်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်လောက်က ဆရာရဲ့အမျိုးသမီးမှာ ဟင်းသီးဟင်းရွက် လိုက်ရောင်းရင်း အိမ်ကစ်အိမ်ထဲ အဝင်ခွေးကိုက်ခံလိုက်ရတယ်။ ဟိုခေတ်က ဆေးဝါးတွေ သိပ်မကျယ်ပြန့်သေးတော့ ဂါထာမန္တန်ဆရာကြီးများကိုသာ အားကိုးရတယ်။

အဲသလိုမှ မဟုတ်ရင် တစ်နေ့နေ့၊ တစ်ချိန်ချိန် ခွေးရူးပြန်ပြီး သေကြတာ အများကြီးရှိခဲ့တယ်။ ဒါကြောင့် ဆရာသမားကောင်းများကို လိုက်စုံစမ်းတဲ့အခါ **ဖင်းကျိုက်ကန်တော်ကြီးအနောက်ဘက်ရှိရပ်ကွက်လေးထဲမှ ဆရာသမားကောင်းတစ်ဦးကို တွေ့ခဲ့ပါတယ်။**

အဲဒီဆရာထံမှာ ဆရာရဲ့အမျိုးသမီး ခွေးကိုက်ဒဏ်ရာကို ကုသခဲ့တာ ပျောက်ကင်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဒီပညာကို စိတ်ဝင်စားပြီး ဆရာကြီးထံမှ သင်ယူခဲ့တယ်။

ယခုဆို လူနာပေါင်း ရာချီပြီး ကုသခဲ့တာ အကုန် ပျောက်ကင်းခဲ့ပါတယ်။ ခွေးကိုက်ခံရတဲ့ဒဏ်ရာကို ကြည့်ရုံဖြင့် ကုရ၊ မရ သိနိုင်ပါတယ်။ ဆရာရဲ့ကုသနည်းကို အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ပါတယ်။

ခွေးကိုက်ခံထားရသော ဒဏ်ရာကို ဦးစွာပထမ ကျားစွယ်နှစ်ချောင်းဖြင့် လိုက်ခြေရပါတယ်။ ထိုသို့ ကျားစွယ်ဖြင့် လိုက်ခြေတဲ့အခါ ဂါထာရွတ်ဆိုရပါတယ်။ အဲဒီဂါထာမှာ **ပရိတ်ကြီး (၁၁)သုတ်ထဲမှ ရတနသုတ်ကို အသွားအပြန် ရွတ်ဆိုရင်း ဒဏ်ရာကို ကျားစွယ်နှစ်ချောင်းနဲ့ ချေပေးရပါမယ်။** အဆိပ်သွေးကုန်မှ ရပ်နားရပါတယ်။

ဤသို့ပြုလုပ်ခြင်းမှာ မကောင်းဆိုးဝါးများကို မောင်းထုတ်တာဖြစ်ကြောင်း ဆရာမှ ရှင်းပြပါတယ်။ ပြီးရင် အဆိပ်ချဖို့ ပြုလုပ်ရပါမယ်။ ဆရာလုပ်သူရဲ့ ခြေဖဝါးအလယ်တွင် **"တက်၊ ကဉ်၊ ကက်၊ ကန်၊ ကပ်၊ မမ်၊ ကယ်၊ ကဝ်၊ ကယ်၊ ကဒ်"** ယင်းစာများကို တစ်နေရာတည်းတွင် ထပ်ရေးရပါမယ်။ အဲဒီစာကို ရေးရန်အတွက် ကျွန်းသားကို မီးသွေး ပြုလုပ်ထားရပါမယ်။

ထိုသို့ ပြုလုပ်ပြီးသောအခါ ခွေးအကိုက်ခံရသူနဲ့ ဆရာပါ အသက်ပြိုင်တူအောင့်ပြီး ယင်းစာကို ဆရာလုပ်သူမှ နှုတ်မှရွတ်ဆိုပြီး အနာပေါ် နင်းပေးရပါမယ်။ တစ်ခါနင်းပြီး ရွတ်ရင် နှစ်ခေါက် ရွတ်ဆိုရပါမယ်။ သုံးကြိမ်ပြည့်ရင် ရပါပြီ။

 စာမျက်နှာ (၁၇၉) သို့

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ကြုံရ

# ရွှေဂါထာတော်၏ အစွမ်း



ဖေသားချစ် (မာန်အောင်)

ကျွန်တော်၏အမည်မှာ ဦးသန်းရွှေ ဖြစ်ပါသည်။ အိမ်အမှတ်(၂၅)၊ ဗန္ဓုလလမ်း၊ မြို့မရပ်ကွက်၊ မာန်အောင်မြို့၊ ရခိုင်ပြည်နယ်တွင် နေထိုင်ပါသည်။

ကျွန်တော့်အသက်မှာ (၆၈) နှစ်ရှိပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖေသားချစ်(မာန်အောင်) ကလောင်အမည်ဖြင့် ဆောင်ပါးရေးသားလျက် ရှိပါသည်။

၁၃၇၄ခုနှစ်၊ ပြာသိုလဆန်း(၈)ရက်၊ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၁၉) ရက်၊ စနေနေ့ဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အဟောင်းများကို ပြန်လည်ဖတ်ရှုပြီး အပျင်းဖြေပါသည်။ မဂ္ဂဇင်းတစ်နေရာတွင် **မြင့်မောင် (ချေးငွေလုပ်ငန်း–မင်းဘူး)၏ "ရွှေဂါထာတော်"**ဆောင်းပါးကို ဖတ်မိပါတော့သည်။ ထိုနက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ **၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၂၈၁)၊ စာမျက်နှာ(၁၉၇)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း** ဖြစ်ပါသည်။

ရွှေဂါထာတော်သည် လူချစ်လူခင်ပေါများခြင်း၊ ဈေးအရောင်းအဝယ်ကောင်းခြင်း၊ လာဘ်လာဘပေါများခြင်း၊ မျက်နှာမြင် ချစ်ခင်ပြီး ကူညီမည့်သူ ပေါများခြင်း၊ ဌာနဆိုင်ရာလူကြီးများမှလည်း ချစ်ခင်လေးစားခြင်း၊ မိသားစု အိမ်ဆိုင်တွင်လည်း အရောင်းအဝယ် အဆင်ပြေခြင်းစသည်များကို ဖော်ပြထားပါသည်။

ထို့ပြင် ရွှေဂါထာတော်၏အစွမ်းထက်မှုကြောင့် ယခင်မြွေဆိုးပေါသောအိမ်ဝိုင်းအတွင်းတွင် မြွေဆိုးများ လုံးဝမလာတော့ကြောင်း ပါရှိပါသည်။

ဌာနတွင်း အလုပ်,လုပ်ကိုင်ကြသော ဝန်ထမ်းများ၊ ကုန်သည်ပွဲစား၊ ဈေးသည်များ၊ တောထဲတောင်ထဲတွင် သွားလာလုပ်ရှားနေကြသော တောင်သူကြီးများပါမကျန် ပွားများအားထုတ်နိုင်ရန် စေတနာဖြန့်ချိ၍ ဆောင်းပါးရှင်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြထားသည်။ ဂါထာတော်ကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

**ရွှေဂါထာတော်**

နမော ဗုဒ္ဓါန်
နမော ဓမ္မာန်
နမော သံဃာန်
နမော သဗ္ဗ ဒေဝါန်
နမော မာတာပိတုန်
နမော အာစရိယာန်
ဩောင်း သဗ္ဗသိဒ္ဓိ ဘဝန္တု မေ ဇယမင်္ဂလံ။
ဟူ၍ ဖြစ်ပါသည်။

**အနက်**

**ဗုဒ္ဓါနံ၊** ဘုရားရှင်တို့အား။ **နမော၊ ရှိခိုးပါ၏။**

**ဓမ္မာနံ၊** တရားတော်တို့အား။ **နမော၊** ရှိခိုးပါ၏။

**သံဃာနံ၊** သံဃာတော်တို့အား။ **နမော၊** ရှိခိုးပါ၏။

**သဗ္ဗဒေဝါနံ၊** အားလုံးသော နတ်တို့အား။ **နမော၊** ရှိခိုးပါ၏။

**မာတာပိတုနံ၊** အမိအဖတို့အား **နမော၊** ရှိခိုးပါ၏။

**အာစရိယာနံ၊** ဆရာတို့အား **နမော၊** ရှိခိုးပါ၏။

**ဩောင်း။** အန္တရာယ်ကင်း ရန်စွယ် ရှင်းစေသတည်း။ **မေ၊** အကျွန်ုပ်အား **သဗ္ဗသိဒ္ဓိ၊** အလိုရှိရာ အားလုံးပြည့်စုံ ခြင်းသည်လည်းကောင်း။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်လည်းကောင်း **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)*

ဂါထာတော်မှာ ကျက်မှတ်ရန် အလွန်လွယ်ကူပြီး ကျွန်တော့်မိသားစုလုပ်ငန်းနှင့်လည်း အကျုံးဝင်ခြင်း၊ ကျွန်တော်ကိုယ်တိုင် မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေရ၍ အစစအရာရာ အဆင်ပြေချောမွေ့စေရန် ရွှေဂါထာတော်အား ယုံကြည်အားကိုးကာ ကျွန်တော့်မိသားစုလုပ်ငန်း **လမင်း**ဆေးပြင်းလိပ်များကို ပလပ်စတစ်အိတ်တွင်း ထည့်ရင်း ဂါထာတော်ကို ရွတ်ပွားပါသည်။

ခေတ္တမေ့သွားလျှင် စာအုပ်ကိုကြည့်၍ ရွတ်ပွားပါသည်။ ရွတ်ပွား၍ အလုပ်လုပ်နေစဉ် ကဗျာဆရာ **သန်းခိုင်အောင်** ကျွန်တော့်ထံရောက်



www.burmeseclassic.com

www.burmeseclassic.com

ဘာပါသည်။ သူနှင့်စကားပြောရင်း ဆေးလိပ်များကို ထုပ်ပါသည်။ စိတ်ထဲမှလည်း ရွှေဂါထာတော်ကို နှုတ်သွင်းပါသည်။ သန်းခိုင်အောင် ပြန်သွားပြီနောက် ကျွန်တော် ဆေးလိပ်ထုပ်ရင်း ဂါထာကို ရွတ်ပွားပြန်ပါသည်။ ဆေးလိပ်ထုပ်ခြင်းကိစ္စ ပြီးစီးသော အခါ အညောင်းပြေ ပက်လက်လှန် ကုလားထိုင်မှာ ထိုင်ရင်း ရွှေဂါထာတော်ကို မမေ့စေရန် ရွတ်ဆိုကြည့်နေပါသည်။

ညဉ့်အိပ်ရာဝင်သောအခါ ယခင် ရွတ်ပွားနေကျဖြစ်သော ဘုရားရှိခိုး၊ ငါးပါးသီလခံခြင်း၊ မေတ္တာသုတ်၊ ခန္ဓီမိတ္တဇာလသုတ်များကို ရွတ်ပွားပြီး ရွှေဂါထာတော်ကိုလည်း (၅)ခေါက် ရွတ်ပွားသရဇ္ဈာယ်ပါသည်။ ညဉ့်သန်းခေါင်ကျော် (၁း၃၀) နာရီတွင် အိပ်ရာမှနိုး၍ အပေါ့အပါးသွားပါသည်။ ခြင်ထောင်(အိပ်ရာ)ထဲသို့ ပြန်ဝင်ချိန်တွင်လည်း ရွှေဂါထာတော်ကို ပါးစပ်မှ တစ်ခေါက်ရွတ်ပွားပြီး အိပ်စက်ပါသည်။

မကြာမီ ကျွန်တော့်အား ခေါ်သံ ကြားရပါသည်။ ငအင်းကျေးရွာမှ မူလတန်း ကျောင်းအုပ်ဆရာကြီး **ဦးစန်းတင်**နှင့် အဖော်တစ်ယောက် ဖြစ်နေပါသည်။ ယင်းနေ့ ငအင်းကျေးရွာ ပျော်ပွဲရွှင်ပွဲကျင်းပသော ညဉ့်တွင် အ. မ. ကကျောင်း ရံပုံငွေ ကံစမ်းမဲ ဖောက်ပါသည်။

ကျွန်တော် ပထမဆု မော်တော်ဆိုင်ကယ် ပေါက်ကြောင်းနှင့် စင်ပေါ်ထက်တွင်ဆုလာယူရန်၊ ဓာတ်ပုံပါအရိုက်ခံ ရမည်ဖြစ်ကြောင်းဖြစ်ပါသည်။

နားရဲကိုကြည့်လိုက်သောအခါ နာရီ ပြန် နှစ်ချက်ထိုးနေပြီဖြစ်သည်။ ကျွန်တော့် ပေါက်မဲနံပါတ်မှာ (၂၈၈) ဖြစ်ပါသည်။

ရာသီဥတုအလွန်အေးလွန်း၍ မလိုက်ပါနိုင်တော့ကြောင်း တောင်းပန်လွှတ်လိုက်ပါသည်။

ထိုကံစမ်းမဲကို အငြိမ်းစားဆရာ ကြီး **ဦးစောသိန်း** အိမ်တိုင်ယာရောက်လာရောင်း၍ ငွေတစ်ထောင်ကျပ်ဖြင့် ဒီဇင်ဘာလအတွင်းက ကံစမ်းမဲ ရံပုံငွေ ထည့်လိုက်ပါသည်။ ယခု ရွှေဂါထာတော်ကို ရွတ်ပွား၍ တစ်ရက်ပင်မပြည့်သေးပါ။

ငါးသိန်းမျှတန်သော မော်တော်ဆိုင်ကယ်ကို ပထမဆုမဲ ပေါက်ပါသည်။ တခြားဆုများ ပေါက်သွားကြပြီး ကျွန်တော်ပေါက်သော ပထမဆုမှာ မဲနှိုက်စရာပင်မလိုဘဲ နောက်ဆုံး ပေါက်ပါသည်။

၁၃၇၄ခုနှစ်၊ ပြာသိုလဆန်း(၉)ရက် နံနက်ချိန်တွင် ငအင်းကျေးရွာသို့သွားရောက်ကာ ဆုဆိုင်ကယ်ကို ထုတ်ယူပါသည်။ ကျောင်းရံပုံငွေအတွက် ငွေနှစ်သောင်းလည်း လှူခဲ့ပါသည်။

ညကြီးမင်းကြီးအချိန် လာရောက်အကြောင်းကြားသော ဆရာကြီး ဦးစန်းတင်နှင့် လက်မှတ်လာရောင်းသော ဆရာကြီး(ငြိမ်း)ဦးစောသိန်း တို့အားလည်း ထိုက်သင့်သော ကျေးဇူးတင် လက်ဆောင်များ ပေးလှူခဲ့ပါသည်။

ရွှေဂါထာတော်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ဖော်ပြသော မြင့်မောင် (ချေးငွေလုပ်ငန်း–မင်းဘူး) အားလည်း ကျေးဇူးအထူးတင်၍ မုဒိတာပွားနိုင်ပါစေရန် ရေးသားလိုက်ရပါသည်။

ရွှေဂါထာတော်အား ယုံကြည်စွာ *ရွတ်ပွား၍ ကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြပါစေ။*

**ဖေသားချစ် (မာန်အောင်)**

စာမျက်နှာ (၁၄၇)မှ အဆက်

ခွေးကိုက်ထားတဲ့ ဒဏ်ရာကို ကြည့်ရင် နီမြန်းပြီး ခြောက်သွေ့လာမယ်။ ဒီလိုဖြစ်လာရင်တော့ ဘာမှ ပြောစရာမလိုတော့ပေ။ ပျောက်သွားပြီလို့သာ မှတ်ယူပေလိုက်တော့။

ဤကုသနည်းကို ကုသပေးမယ့် ဆရာမှာ လူနာရှင်ထံမှ အခကြေးငွေ တောင်းခံ၍ မရပါ။ ဆရာမှာ ပွဲသာ ပိုင်ဆိုင်ခွင့် ရှိပါတယ်။ ယင်းပွဲပြင်သော အခါ **ကွမ်းရွက်ငါးရွက်၊ ကွမ်းသီးငါးလုံး။ ဆေးရွက်တစ်ထုပ်၊ အမွှေးတိုင်တစ်ထုပ်၊ ဖယောင်းတိုင်တစ်ထုပ်၊ ငွေတစ်ကျပ် တစ်မတ်သာ ဖြစ်ပါတယ်။**

ဆေးကုသတော့မယ်ဆိုပါက ဆရာလုပ်သူမှ ဦးစွာ ဘုရားကန်တော့ပြီး ငါးပါးသီလ ခံယူရပါတယ်။ ပွဲကို ဘုရားခန်းရှေ့မှာ ပြင်ပြီး ဖယောင်းတိုင် တစ်တိုင် မီးညှိထွန်းထားပါ။ ပြီးမှ အထက်တွင် ဖော်ပြခဲ့တဲ့အတိုင်း ကုသပါလေတော့။

ခွေးကောင်းပဲ ကိုက်ကိုက်၊ ခွေးရူးပဲ ကိုက်ကိုက် ဘယ်တော့မှ ခွေးရူးပြန်ခြင်းမရှိတဲ့ အစွမ်းထက်မြက်လှတဲ့ ဂါထာဖြစ်ပါတယ်။ ရပ်ဝေးရပ်နီးမှ ခွေးကိုက်ခံထားရသူများ ကိုယ်တိုင် မကုချင်ရင် ဆရာအိမ့်လာပြီး ကုသနိုင်ပါတယ်။ ဆရာကတော့ ဝေဒနာရှင်များကို ကြိုဆိုနေလျက်ပါ။

ဆရာရဲ့အိမ်ကို လာလိုရင် **ဖင်းကျိုက်မြို့၊ ခလောက်အင်း၊ ရွှေဟသာ်လမ်းသို့ ဝင်လိုက်တာနဲ့** ဘယ်ကလေး၊ လူကြီးကိုမေးမေး **ခွေးအဆိပ်ချဆရာ ဦးတင်ဦးအိမ် ပြပေးပါဆိုရင်** လိုက်ပြပေးမယ့်လူတွေက အများကြီးပါပဲ။

ဆရာဦးတင်ဦးမှာ ဤခွေးဆိပ်ချဂါထာတော်ကို **ဆရာကြီးဦးလယ်(ဖင်းကျိုက် ကန်တော်ကြီးဝေါးနားနေ)** ထံမှ သင်ယူခဲ့ကြောင်း ပြောပြပါတယ်။

*မြဒင်(ဖင်းကျိုက်)*

[စိတ်ရှည်စွာ ရှင်းပြပေးခဲ့သော ဆရာ ဦးတင်ဦးအား ဤဆောင်းပါးဖြင့် ကျေးဇူး တင်ရှိပါသည်။] (ရေးသူ)



www.burmeseclassic.com


www.burmeseclassic.com

# သင်္ကေတများ၏

ဘာသာစကား (၂၃)

ဟူကျင်ဇီ

## ဒိုင်းလွှား



စစ်မြေပြင်တွင် သူရဲကောင်းတို့ အသုံးပြုသော ဒိုင်း၊ လွှား တိုက်ခိုက်ရေး အဆင်တန်ဆာဖြစ်သည်။ ကာကွယ်ပေးခြင်း၊ ဘေးကင်းလုံခြုံခြင်းကို ကိုယ်စားပြုသော သင်္ကေတ ဖြစ်သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ မျက်နှာစာတွင်လည်း အေးချမ်းလုံခြုံခြင်း၊ ဆောက်တည်ရာရခြင်းတို့၏ သင်္ကေတအဖြစ် သတ်မှတ်ကြသည်။

သို့သော် ဒိုင်းလွှားသည် စစ်မြေပြင်တွင်ရှိမှ အသုံးဝင်သည်။ စစ်ပြေပြင်၌ရှိသော်လည်း မြေထက်၊ ဝပ်လျောင်းနေသော ဒိုင်းသည် အသုံးမဝင်ပါ။

ရှုပ်ရှုပ်ချုံချုံ အားမာန်အပြည့်နှင့် ရဲဝံ့စွန့်စားသည့် စစ်သူရဲကောင်း လက်တွင်းရှိ ဒိုင်းသည်သာ အသုံးဝင် အဖိုးတန်လေသည်။

ထို့ကြောင့် ဒိုင်းလွှားသည် အထောက်အပံ့ပေးခြင်း၊ ကာကွယ်ပေးခြင်းအနက် ဆောင်သော်လည်း မိမိကာယကံရှင်၏ လုံ့လ ဝီရိယ သူရသတ္တိအပေါ် အခြေခံ၍ အသုံးဝင်မှု၊ တန်ဖိုးရှိမှုများ ကွာခြားသွားနိုင်သည်။

ငွေကြေးအကျပ်အတည်း ကြုံနေရချိန်တွင် နှမ်းပါးသောမိတ်ဆွေက ဒိုင်းလွှားကို ပေးသော်လည်း ပြေလည်မှုကြီးမားနိုင်သည်ကို သတိချပ်သင့်သည်။ အထူးသဖြင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေးမျက်နှာစာတွင် အားကိုးရာအစစ်အမှန်ကို ရှာဖွေ စီစဉ်ရန် သတိပေးခြင်းဖြစ်သည်။


အလားတူပင် အခြား အခြားသော မျက်နှာစာများတွင်လည်း အားကိုးအားထားပြုနိုင်မည်။ အရည်အချင်း အင်အား လုံလောက်ကြွယ်ဝခြင်း ရှိမရှိကို ဆန်းစစ်ရန် လိုအပ်ပေသည်။

မည်သို့ဆိုစေကာမူ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည် အားထားရန် မလုံလောက်သော်လည်း စိတ်ဓာတ်အင်အားကို ပေးသည်သာ ဖြစ်သည်။

ဒိုင်းလွှားသည်လည်း လုံလောက်သောအင်အား အခြေနေမရှိစေကာမူ အကာအကွယ် လိုအပ်ချိန်တွင် စိတ်ဓာတ်အင်အားကို ပေးစွမ်းသော နိမိတ်ကောင်းဆောင်သင်္ကေတ ဖြစ်လေသည်။

ငွေအား၊ လူအားဖြင့် မကူညီနိုင်သော်လည်း စိတ်အားဖြင့် ကူညီသကဲ့သို့ရှိ၏။

## မြွေ



◆ တရုတ်ဓလေ့ ယင်းယန်း

အမှတ်အသား

ပင်ကို စွမ်းအင်၏သင်္ကေတ ဖြစ်သည်။ ရိုးစင်းသော မျက်မြင် အရှိအတိုင်းဖြစ်သော ပင်ကို စွမ်းဆောင်နိုင်မှု အရည်အချင်းကို ဖော်ပြသည်။ မြွေ၏ လျှို့ဝှက်ဆန်းကြယ်သော သဘာဝအရ တမလွန်လောက၏ ဆန်းကြယ်သော ပုံဖော်မှုအဖြစ်လည်း တင်စားတတ်ကြသည်။

မြွေ၏သဘာဝအရ မြေတွင် တွင်းတူး၍ အောင်းသော တွင်းအောင်းမြွေတို့မှာ တီကောင်၊ ပိုးမွှား စသည် မြေအောင်းသတ္တဝါငယ်များ ဖမ်းယူစားသောက်လေ့ရှိကာ သူတို့၏ဦးခေါင်းမှာ မြေအား တူးယက် ထိုးဖောက်နိုင်စေရန် သေးသေးချွန်ချွန် ရှိတတ်သည်။

ဟိမဝန္တာရှိ တွင်းအောင်းမြွေတစ်မျိုးမှာ မျက်စိမပါ။ ဦးခေါင်းနှစ်လုံးမြွေဟု တင်စားကြသည်။ တွင်းတူးရသော ဦးခေါင်းမှာ သေးငယ်၍ အမြီးမှာ အနည်းငယ်ပို၍ တုတ်သည်။

မျက်စိမပါသဖြင့် အမြီးဘက်၊ ခေါင်းဘက် နှစ်ဖက်စလုံးသို့ သွားလာနိုင်၏။ ထို့ကြောင့် ခေါင်းနှစ်လုံးမြွေဟု ဆိုကြခြင်း ဖြစ်သည်။

အချို့ကား သစ်ပင်ပေါ်တွင် နေကြသည်။ အမြီးဖွဲ့ဖြိုးသန်မာ၍ သွားဖြင့် သစ်ခေါက်တွင် စိုက်တွယ်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်လုံးဖြင့် သစ်ပင်သစ်ကိုင်းကို လိမ်ပတ်ထားခြင်းဖြင့်လည်းကောင်း နေတတ်ကြသည်။ တစ်ပင်မှ တစ်ပင်သို့ ကူးနိုင်သည်။

အလားတူပင် ရေငယ်(မြစ်ချောင်း)နေ မြွေ၊ ပင်လယ်နေ ဂျပ်မြွေ၊ ကုန်းရေနှစ်ရပ်စလုံး ကျက်စားသောမြွေ စသည်ဖြင့် အမျိုးမျိုး ဆန်းကြယ်သော သဘာဝအသီးသီး ရှိကြသည်။ ယင်းကို ရည်၍ မြွေကို လျှို့ဝှက်သော စွမ်းအင်များနှင့်လည်း [illegible]တူပြု



www.burmeseclassic.com

www.burmeseclassic.com

တင်စားတတ်ကြ၏။

အထူးသဖြင့် ဒီဒိုယာတိုက်တွင် မြွေကို အလှန်လောကာ၌ တွင်ကျယ်သူအဖြစ် အကျယ်တဝင့် ယူဆရေးဖွဲ့တတ်ကြသည်။ မြွေရုပ်ပုံ ရုပ်တု၊ ပန်းချီကားများသည် ပင်လယ်သို့ မပုတ်ရေခြာတတ်၏ ဒေဝတာမန်များဖြစ်သည်ဟု သတ်မှတ်လေ့ရှိကြသည်။

အီဂျစ်တွင်လည်း မြွေကို လျှို့ဝှက်နက်နဲသော အယူအဆများတွင် ကျယ်ပြန့်စွာ အသုံးပြုကြသည်။ ရှေးလက်တင်အက္ခရာဖြစ်သော နောက်ဆုံးဗျည်း(Z)သည် မြွေ၏ပုံသဏ္ဌာန်ကို ကိုယ်စားပြု ရေးမှတ်ထားခြင်း ဖြစ်သည် ဆို၏။

အရှေ့တိုင်း တရုတ်ဓလေ့တွင်လည်း မြွေသည်များစွာ အရေးပါဝင်သည်။ လောကဖြစ်တည် မဟာအင်အားနှစ်ရပ်ဖြစ်သည်။ **ယင်း** (Yin) နှင့် **ယန်**(Yang)တို့ကို မြွေဖြူနှင့် မြွေနက် သို့မဟုတ် ကွဲပြားသော အရောင်အဆင်းရှိသည်။ မြွေနှစ်ကောင် အမြီးခေါင်းဆိုင်နေပုံနှင့် သရုပ်ဖော်တတ်ကြသည်။

**ရှုရှမ်း**(Shǔ Xiāng)ခေါ် ဇာတိပုံရိပ် (၁၂)ပါးတွင် မြွေကို ထည့်သွင်းထားကြသည်။ မြွေသည် တရုတ်ဓလေ့တွင် အထွတ်အမြတ်ထားသော နဂါးနှင့်နှိုင်းယှဉ် နေရာပေးခြင်းခံရကာ မြွေကို **ရှောင်လုံး**(Xiǎo Lóng) နဂါးငယ်ဟု တင်စား ခေါ်ဝေါ်တတ်ကြလေသည်။

မြွေသည် မျက်စိပိတ်၍မရ (မျက်ခွံမရှိသောကြောင့် ဖြစ်သည်။) နားမပါရှိချေ။ မြွေအနီးတွင် ဆူညံစွာ တီးခတ်အသံပြုသော်လည်း မလှုပ်ရှားပါ။ သို့သော် ကြမ်းပေါ်၊ မြေကြီးပေါ်မှာ လှုပ်ရှားမှုများကိုမူ တုန်ခါမှုဖြင့် သိရှိနိုင်ကြသည်။

ဤသဘာဝကြောင့် မြွေသင်္ကေတသည် နားလည်ရန် ခက်ခဲသည်။ ပင်ကိုသဘာဝစွမ်းအင်အဖြစ် ဖွင့်ဆိုကြလေသည်။

အင်္ဂလိပ်စာပေတွင်ကား ကတိသစ္စာ မတည်ကြည်၊ မစောင့်သိသူ Treacherous Person ဟု လည်းကောင်း၊ **ဖျက်ဆီး နှောင့်ယှက်တတ်သော မာရ်နတ်**(The old serpent)ဟု လည်းကောင်း မြွေကို တင်စား သုံးနှုန်းကြလေသည်။

တရုတ်စာပေတွင်မူ အဆိပ်အတောက်ပြင်းသူ၊ ကွေ့ဝိုက် လှည့်ပတ်တတ်သူဟု တင်စားသုံး၍ ဆိုရိုးအနေဖြင့်...

Shě Yǒu Duō Cū Dòng Yǒu Duō Dà.

**ရှယ် ယို တွော ဆူး၊ တုန့် ယို တွော တာ့။**

မြွေအကောင်တုတ် (ကိုယ်လုံးကြီး) သလောက် တွင်းလည်း ကြီးမည်ဟု ပြောလေ့ရှိကြသည်။ **(မြန်မာဆိုရိုး "ကျားကြီး ခြေရာကြီး" နှင့် သဘောချင်း တူညီပေသည်။)**

---

**မျိုးစေ့ (ကောက်ပဲသီးနှံတို့၏ အပင်ပေါက်နိုင်စွမ်းရှိသော အစေ့)**

---

အသိဉာဏ်၏ သင်္ကေတဖြစ်သည်။ မျက်စိဖြင့် မြင်နိုင်စွမ်းရှိသော အင်အားစုများ သို့မဟုတ် အတွင်းသန္တာန် အတွင်းကိန်းအောင်းနေသော သဘာဝစွမ်းအားစုကို ရည်ညွှန်းသည်။

အရေးအကြောင်းကိစ္စ ကြီးမားစွာ ကြုံတွေ့လာသောအခါ ထွက်ပေါ် အသုံးပြုနိုင်သည့် စွမ်းအင်ဖြစ်သည်။ ဥပမာ သေဘေးကြုံစဉ် ကြီးမားစွာ အားအင်စိုက်ထုတ်နိုင်ခြင်း၊ မီးလောင်သောအခါ မနိုင်ဝန်ထမ်း၍ ပြေးနိုင်ခြင်းကဲ့သို့ပင် တကယ်ရှိသည့် စွမ်းအင်ဖြစ်သည်။

အခြားအဓိပ္ပာယ်အဖြစ် မူလအရင်းအမြစ်စွမ်းအင်၊ ရေသောက်မြစ် စသည်အတွက်လည်း ကိုယ်စားပြု ဖော်ပြတတ်ကြလေသည်။

အင်္ဂလိပ်စာပေတွင်မူ သားမြေးမြစ် မျိုးနွယ်စဉ်ဆက်တို့ကို "မျိုးစေ့"ဟူ၍ တင်စား သုံးနှုန်းတတ်ကြကာ တရုတ်စာပေတွင် ( 种 ) ကျုန် Zhǒng မျိုးစေ့ကို "ရဲစွမ်းသတ္တိ"ဟုလည်း တင်စား သုံးစွဲကြလေသည်။

---

**မြွေဥ**

---

(သင်္ကေတအဘိဓာန်ညွှန်းမှာ Sea-urchinဖြစ်သည်။ **ပင်လယ်ဖြူကောင်**ဟု မြန်မာပြန် အဓိပ္ပာယ်ရှိသော်လည်း သင်္ကေတ အဘိဓာန်မူလ ဖော်ပြချက်တွင်ပင် Calld "serpent's egg" **မြွေဥကို ရည်ညွှန်းကြောင်း ထပ်ဆင့် ရှင်းပြထားသည်။)**

မြွေဥသည် ဘဝအသက်ရှင်နေထိုင်မှုဆိုင်ရာ အင်အားစုနှင့် မူလကနဦးကတည်းက ရှိနှင့်ပြီးဖြစ်သော မျိုးရိုးဗီဇစွမ်းအင်ကို ညွှန်းဆိုပေသည်။

---

**စကော်ပီယံ** (Scorpion)

---



ကင်းမလက်မည်းဖြင့် သရုပ်ဖော်လေ့ရှိသော ဆယ့်နှစ်ရာသီခွင်မှ (၈)ခုမြောက် ဗြိစ္ဆာရာသီ၏ သင်္ကေတ ဖြစ်သည်။ သင်္ကေတများ၏ ဘာသာစကားတွင်မူ လူ့ဘဝသက်တမ်း အနားစွန်းဖြစ်သော မရဏာမင်းထံမှ ဆင့်ခေါ်လွှာဟု ဖွင့်ဆိုသည်။

လိင်မှုဆိုင်ရာ သင်္ကေတအဖြစ်လည်း အသုံးပြုလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အလယ်ခေတ် ကာလတစ်လျှောက်တွင် ဟေဗြဲ သို့မဟုတ် ရဟူဒီခေါ် ဂျူး(Jew)လူမျိုးတို့ကို ကိုယ်စားပြုခဲ့သည်။

အထူးပြု အသုံးအနှုန်းတွင် အရေးကြုံက အကူအညီပေးတတ်သော မိတ်ဆွေစစ် မိတ်ဆွေကောင်းနှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ဆောင်ရာ၌ သုံးနှုန်းတတ်သည်။

နောက်ဆုံး အသိအမှတ်ပြုထားကြသည်ကား ဤသင်္ကေတသည် ကြိုးပေးသမားနှင့် အလားသဏ္ဌာန် တူညီသည်ဟု ဆိုလေသည်။

## ဆက်ဂျစ်တားရီးယပ် (Sagittarius)



ဆယ့်နှစ်ရာသီခွင်မှ နဝမမြောက် ဓနုရာသီ၏ သင်္ကေတဖြစ်သည်။ ရုပ်ပုံအားဖြင့် မြင်းကိုယ်နောက်ပိုင်း၊ လူ့ကိုယ်ရှေ့ပိုင်းရှိကာ လူက လေးနှင့်မြားကို ကိုင်ထားပုံဖြစ်သည်။

နက္ခတ်အနေဖြင့် မိဂသီနက္ခတ်ကို ညွှန်းသည်။ သင်္ကေတတို့၏ ဘာသာစကားတွင် ကြီးကျယ်မြင့်မြတ်သော လူသားဟု ဖွင့်ဆိုသည်။

တစ်ချိန်က တိရစ္ဆာန်ဘ၊ ထို့နောက် ဝိညာဉ်ဘဝနှင့် ချမ်းသာကြွယ်ဝသူအဖြစ် အမျိုးမျိုး ကျင်လည်ခဲ့ပြီးသူဖြစ်သည်။

ဤသင်္ကေတကိုပင် ကောင်းကင်နှင့် မြေကြီးအကြားက ကွင်းဆက်အဖြစ်လည်း ဖွင့်ဆိုတတ်ကြသည်။ မိုးကုပ်စက်ဝိုင်းသို့မဟုတ် သက်တံကိုလည်း တစ်ခါတစ်ရံ ကိုယ်စားပြုသည်။

ရုပ်ပုံအနေဖြင့် မြင်းကိုယ်နောက်ပိုင်းကား ခွန်အား ပြည့်ဝခြင်း၊ အတိတ်တစ်ချိန်က တောင့်တင်းသော နောက်ခံအင်အားရှိခြင်းကို ညွှန်း၍ လူရုပ်ပုံကား ကြီးကျယ်မြင့်မြတ်သော အင်အားဂုဏ်ဒြပ်ပြည့်စုံခြင်းဖြစ်ကာ လေးနှင့်မြားက ကောင်းကင်ဘုံကိုယ်စား မြင့်မြတ်သန့်စင်ခြင်းတို့ကို ဖော်ပြခြင်းဖြစ်သည်ဆို၏။

## ရွက်(လှေ၊ သင်္ဘောတွင် တပ်ဆင်သောရွက်)

အီဂျစ်တို့၏ အရုပ်သင်္ကေတရေးထုံးတွင် ရွက်ကို လေအတွက် ကိုယ်စားပြုရေးသားကြသည်။

စတင်ရှူသွင်းလိုက်သော လေဖြစ်၍ လှုပ်ရှားမှု တစ်ခုခုအတွက် တွန်းအားဖြစ်စေသော လေဖြစ်သည်။ လေနှင့်ဆက်စပ်၍ သုံးစွဲသော သင်္ကေတဖြစ်ကာ သက်ဝင်လှုပ်ရှားခြင်း၊ ခရီးရောက်ခြင်းကို ညွှန်းသည်။

အချို့နေရာများတွင် ကောင်းကင်ဘုံမှ နတ်ဒေဝတာများ မြင့်မြတ်သော ဝိညာဉ်တော် ထွက်ပေါ်လာခြင်း အဓိပ္ပာယ်အနေနှင့်လည်း "**ရွက်**" ကို သင်္ကေတပြုကြလေသည်။

တရုတ်ဓလေ့ အယူအဆတွင်မူ အလိုက်အလျားသင့် အဆင်ပြေလွယ်ကူခြင်း အမှတ်အသားအဖြစ် "**ရွက်**"ကို နိမိတ်ကောင်းယူ၍ တန်ဆာဆင် သုံးစွဲတတ်ကြသည်။ "**ယီးပန်းဖုန်းရွှန့်**"Yì Bāng Fēng Shùn ဟူသော မင်္ဂလာဆုတောင်းစာသည် "**ရွက်အလွင့် လေလည်းအသင့်**"ဟု တိုက်ရိုက် အဓိပ္ပာယ်ရရှိ၏။

ဟူဂျင်းဇီ

## စာရှုသူ၊ သုတေသီနှင့် စာရေးသူ ဆောင်းပါးရှင်များသို့ . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊




www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်း နှင့်

## အဓိဋ္ဌာန်အစီအမံများ



မောင်ဗဟိန်း
(အင်းတော်)

နေသည် စောစွာ ထွက်သော်လည်း နှင်းများ ပြန်အုံ့ဆိုင်းလာသည်။ ကျန်းမာရေးအရ လမ်းလျှောက်ခြင်းဖြင့် နားနောင်သို့ စာရေးသူ ခြေကျင်လျှောက်လာပါသည်။

တောရိပ် တောင်ရိပ်များကြောင့် အေးစိမ့်သော်လည်း လမ်းလျှောက်ခြင်းကြောင့် နွေးထွေးမှု ရှိပါသည်။ ဝတ်ထားသော အနွေးအကျီကြောင့် ချွေးစေးများပင် ထွက်လာသည်။ အကျီချွတ်တရက်မချွတ်ရဲ။ ချွေးခြောက်ပြီး ပြန်အအေးပတ်လာမည် စိုးသဖြင့် ဝတ်မြဲဝတ်လာခဲ့ပါသည်။

ကြိုးကြာလွင်ပြင် အရောက်တွင်မူ ကြက်တူရွေးငှက်များ အုပ်လိုက်ပျံသန်းလိုက်သဖြင့် စိတ်ကူးဖြင့် လာခဲ့သော အတွေးများ ရပ်သွားရသည်။

နားနောင်ဆရာတော် ဦးကလျာဏ၏ ကျောင်းမှာ နှင်းမှုန်တွေထဲမှာ မပီဝိုးဝါး ဖြစ်နေရပါသည်။

စာရေးသူ ကျောင်းထဲအဝင်တွင် ဆရာတော် ဦးကလျာဏမှာ မီးပုံဘေး၌ နရသုခိကျမ်းကို ကိုင်ပြီး ကြည့်နေသည်ကို တွေ့လိုက်ရပါသည်။

စာရေးသူသည် ရောက်သည်နှင့် ဆရာတော် ဦးကလျာဏအား ဝတ်ချပြီး သင့်ရာနေရာ၌ မီးပုံဘေးတွင် မီးလှုံနေလိုက်ပါသည်။

စာရေးသူရောက်သည်နှင့် ဆရာတော် ဦးကလျာဏသည် လက်ထဲမှ နရသုခိကျမ်းကို ဘေးတွင်ချပြီး စားပွဲငယ်ရှိ မီးဖုတ်ပြီး ပေါင်းသင်းနှင့် ငါးခြောက်ဖုတ်ပန်းကန်ပြားကိုစာရေးသူအား ချပေးပါသည်။

'စားလိုက်ဦး ဒကာ၊ ပူပူနွေးနွေးလေး'

စာရေးသူသည် (၂)မိုင် မရှိတရှိ ခရီးကို လျှောက်ခဲ့ရသဖြင့် ဆာလောင်မွတ်သိပ်သည်က တစ်ကြောင်း၊ ဆောင်းကာလ၏ အင်းတော်ဒေသမို့ နံနက်အစောစာ ဖြစ်၍လည်းတစ်ကြောင်းကြောင့် ဟန်မဆောင်နိုင်တော့ဘဲ အားမနာ လျှာမကျိုး တဝကြီး စားလိုက်ပါသည်။

ရေနွေးပူပူ နှစ်ခွက်မျှ သောက်လိုက်ပြီးသည့်အခါမှ မဟာဝမ်းဗိုက်မှာ နေသာထိုင်သာ ရှိသွားပါသည်။

'ဆရာတော်ဘုရား နှစ်နှဲပြုမှာ မွေးနံ့ရောက်နေရင် ဘယ်လို ယတြာချေမလဲ ဘုရား'

ဆရာတော်သည် မီးလှုံရင်း စာရေးသူအား ပြန်ကြည့်ကာ...

'အကောင်းဆုံးက ဗုဒ္ဓယတြာပါပဲ။ ဗုဒ္ဓယတြာလို့ ခေါင်းစဉ်တပ်လိုက်တာ။ ဗုဒ္ဓကတော့ ယတြာမပေးပါဘူး။ ဗေဒင်ပညာရှင်များကပဲ ဗုဒ္ဓရဲ့ဂုဏ်တော်တွေနဲ့ မှမ်းပြီး လောကီသားတွေရဲ့ အနိမ့်အမြင့်အရ ကျေပျက်စေမယ့် အနိဋ္ဌဘေးတွေအတွက် ပုတီးစိပ်ယတြာကို ပေးတာပါ'

'တင်ပါ့ဘုရား'

ဆရာတော်က ဆက်ပြီး မိန့်ပါသည်။

'ဗေဒင်ကိန်းခန်းတွေ ကျမ်းတွေမှာ မပါပေမယ့် ဆရာတော်ကြီးတွေက လက်ဆင့်ကမ်း ဘုရားဂုဏ်တော်များ နည်းနိသာရည်း ကျနစွာ ပေးခဲ့ကြတယ် လိုက်မှတ်ပါ'

စာရေးသူသည် ဆရာတော် မိန့်ကြားမည့် ဘုရားဂုဏ်တော်ကို မှတ်ရန် အသင့် စောင့်ဆိုင်းနေလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

'ပရိက်အရ စည်းမျဉ်းစည်းကမ်း ဦးစွာရေးပါ။ မွေးနေ့ကာစရမယ်။ အချိန်က မနက်(၄)နာရီမှ (၈)နာရီအတွင်း အချိန်မှာပဲ ပွားများအားထုတ်ရမယ်။

ပုတီးမစိပ်မီ ပထမအဆင့်အနေနဲ့ ငါးပါးသီလ ဦးစွာခံယူရမယ်။ မေတ္တာ သုတ်ရွတ်ရမယ်။ မေတ္တာပို့ရမယ်။ ပါဠိလိုပဲဖြစ်ဖြစ်၊ မြန်မာလိုပဲဖြစ်ဖြစ် ပို့နိုင်တယ်။ အဓိဋ္ဌာန်သစ္စာပြုရမယ်။ အဓိဋ္ဌာန်သစ္စာကိုလဲ (၃)ကြိမ် ဆိုရမယ်။

"ကျွန်ုပ်သည် ယနေ့မှစပြီး မြတ်စွာဘုရား၏ ဂုဏ်တော်(၉)ပါးကို တစ်ပါးချင်းအလိုက် ပုတီးတစ်ပတ်စီဖြင့် (၉)ပတ်ကို နံနက်တိုင်း နေ့စဉ်(၉)ရက် မပျက်မကွက် စိပ်ပါ့မယ်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည်"

ဤသို့ သစ္စာဆိုပြီး သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များနဲ့ နတ်အပေါင်းကိုလဲ အသိသက်သေအဖြစ်ထားပြီး သစ္စာဆိုရပါဦးမယ်။

"အကျွန်ုပ်သည် ယနေ့မှစပြီး ဘုရားရှင်၏ဂုဏ်တော်ကိုးပါးကို တစ်ပါးလျှင် တစ်ပတ်ကျစီဖြင့် ပုတီး(၉)ပတ်စိပ်ပါမည်ဟု သစ္စာပြု တိုင်တည်အပ်ပါသည်။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် တကွ ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြေစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလနတ်၊ သိကြား ဗြဟ္မာ နတ်ဝိဇ္ဇာတို့အား ပန်ကြားကာ အသိသက်သေထားပါသည်"

ဂုဏ်တော်ကိုးပါးကို တစ်ပါးချင်း အလိုက် အောက်ပါအတိုင်း စိပ်ပါ။

* * * ——————→

(၉)ပတ်ပြည့်သွားရင် တစ်ရက်အတွက် အဓိဋ္ဌာန်ပုတီးစိပ်မှု ပြီးသွားပြီ ဖြစ်ပါတယ်။ ဤသို့ စိပ်ပြီးပါက (၃၁)ဘုံရှိ ရှိရှိသမျှ ဝေနေယျများစွာ သတ္တဝါအပေါင်းကို အမျှပေးဝေရမှာ ဖြစ်ပါတယ်။



(၉)ရက်အဓိဋ္ဌာန် ပြည့်သွားတဲ့နေ့တွင် ပြန်ပြီးဆုတောင်းဆိုရမှာ ဖြစ်ပါတယ်။

"အကျွန်ုပ်သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို တစ်ပါးလျှင် ပုတီးတစ်ပတ်ကျ (၉)ပတ်ဖြင့် နံနက်တိုင်း (၉) ရက် မပျက်မကွက် ပုတီးစိပ်ပါအံ့ဟု အဓိဋ္ဌာန်ပြုကြောင်းကို နတ်အပေါင်းတို့အားလည်း ပန်ကြားကာ အသိသက်သေ ထားခဲ့ပါ၏။

ဤကဲ့သို့ သစ္စာပြုကာ အသိသက်သေ ထားခဲ့သည့်အတိုင်း (၉)ရက် မပျက်မကွ[က်] အားထုတ်ခဲ့သည့်မှာ မှန်ကန်ကြောင်း အ[...] အမှတ် ပြုကြပါကုန်လော့။ ကျွန်ုပ်၏ လိုအ[င်] ဆန္ဒဖြစ်သော(............)ကို အပြည့်အ[...] ရရှိခံစားရပါစေ"

***[ကွက်လပ်မှာ လိုအင်ဆန္ဒတစ်ခု[...] ဆန္ဒအတိုင်း တောင်းဆိုပါ။]***

နေ့သားအလိုက် **အမြစ်၊ အပင်[...] အညွန့်ပါသော ပန်းများကို (၃)ညွန့်[...] ဘုရားလှူပါ။**

* * *

| | | | | | |
|---|---|---|---|---|---|
| ၁။ | တနင်္ဂနွေသားဆိုရင် | → | အန်း၊ | အုန်း၊ | ကံ့ကော် |
| ၂။ | တနင်္လာသားဆိုရင် | → | အုန်း၊ | ကံ့ကော်၊ | ဖွန် |
| ၃။ | အင်္ဂါသားဆိုရင် | → | ကံ့ကော်၊ | ဖွန်၊ | ခရေ |
| ၄။ | ဗုဒ္ဓဟူးသားဆိုရင် | → | ဖွန်၊ | ခရေ၊ | သပြေ |
| ၅။ | ကြာသပတေးသားဆိုရင် | → | ခရေ၊ | သပြေ၊ | သီး |
| ၆။ | သောကြာသားဆိုရင် | → | သပြေ၊ | သီး၊ | အန်း |
| ၇။ | စနေသားဆိုရင် | → | သီး၊ | အန်း၊ | အုန်း |

တို့ဖြစ်တယ်'

မွန်းတည့်ခါနီးပြီ ဖြစ်သလို အံ့ဆို[င်] နေသော နှင်းမှုန်များသည်လည်း နေရောင်ကြောင့် လွင့်စဉ်သွားပြီဖြ[စ်] ပါသည်။ စာရေးသူလည်း ဆရာတော်[ကို] အား ကန်တော့ပြီး ပြန်လည်ထွက်လာ[...] ခဲ့ပါတော့သည်။

***အာယု ဝဏ္ဏော သုခံ ဗလံ။***

**မောင်ဗဟိန်း (အင်းတော်)**

| | | |
|---|---|---|
| ၁။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိအရဟံ | ၁-ပတ် |
| ၂။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိသမ္မာသမ္ဗုဒ္ဓေါ | ၁-ပတ် |
| ၃။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိဝိဇ္ဇာစရဏသမ္ပန္နော | ၁-ပတ် |
| ၄။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိသုဂတော | ၁-ပတ် |
| ၅။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိလောကဝိဒူ | ၁-ပတ် |
| ၆။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိအနုတ္တရောပုရိသဒမ္မသာရထိ | ၁-ပတ် |
| ၇။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိသတ္ထာဒေဝမနုဿာနံ | ၁-ပတ် |
| ၈။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိဗုဒ္ဓေါ | ၁-ပတ် |
| ၉။ | အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိဘဂဝါ | ၁-ပတ် |


www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဆောက် ကျောင်းဆောက် နက္ခတ်တွက်နည်း

ဖိုးမင်း (မင်းလှ)



အိမ်ဆောက်၊ ကျောင်းဆောက် နက္ခတ် တွက်နည်းကို **ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ကျောက်ထရံကျောင်းတိုက်ဆရာတော်ကြီး ဦးကောဝိဒမှ** ထံက ငယ်စဉ်ကပင် သင်ယူခဲ့ပါသည်။

ဝါသနာအရ သင်ယူခဲ့သော်လည်း ဤတွက်နည်းကို စာရေးသူအနေဖြင့် ဌာနဆိုင်ရာအလုပ်တွေကြောင့် မေ့မေ့ပျောက်ပျောက် ရှိနေခဲ့သည်။

အလုပ်မှအနားယူပြီးနောက် မင်းလှမြို့တွင် အခြေချနေထိုင်ပြီး ဘာသာရေး၊ လူမှုရေးကိစ္စများကို တတ်စွမ်းသမျှ ပါဝင် ကူညီဆောင်ရွက်ပါသည်။

တစ်နေ့ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးကျော်ညွန့် (ရဲတပ်ဖွဲ့အငြိမ်းစား)က အိမ်သစ်ဆောက်ရန် ရက်ကောင်းရက်မြတ်၊ မြေခံတွက်ပေးပါရန် အကူအညီတောင်းခံလာသည်။

စာရေးသူက...

'ကိုကျော်ညွန့် အိမ်သစ်ဆောက်တော့မယ်ဆိုရင် လဆန်း,လဆုတ်၊ မြေခံ၊ ပြဿဒါး ရက်ရာဇာရွေးတာထက် ပိုပြီး အရေးကြီးတဲ့အချက်တစ်ခုရှိတယ်။ အဲဒါက "နက္ခတ်တွက်နည်း"ပဲဗျာ'

ကိုကျော်ညွန့်က...

'ဆရာဖိုးလ်ပြောတာ ကျွန်တော်နားမလည်တော့ဘူး။ ရှင်းပြပါဦးဗျာ'

'ဟုတ်ကဲ့ပါ... ကျုပ် ရှင်းပြပေးပါမယ်။ အိမ်ဖြစ်ဖြစ်၊ ကျောင်းဖြစ်ဖြစ် အဆောက်အအုံ တစ်ခုဆောက်လုပ်တော့မယ်ဆိုရင်နက္ခတ်ကို အရင်ဆုံး တွက်ချက်ရမယ်။

နက္ခတ်မှာ **"အဝင်နက္ခတ်"၊ အထွက်နက္ခတ်"** (၂)မျိုးရှိတယ်။ အိမ်၊ ကျောင်းဆောက်တဲ့အခါ အဝင်နက္ခတ်က ကြီးရမယ်၊ အထွက်နက္ခတ်ငယ်ရမယ်။

ဥပမာ... အထွက်နက္ခတ်ကြီးပြီး အဝင်နက္ခတ်ငယ်တဲ့အိမ်ကို ဆောက်ပြီးနေထိုင်ပါက စီးပွားမဖြစ်ဘူး။ အထွက်များမယ်။ အဝင်နည်းတဲ့သဘော။

အဝင်နက္ခတ်ကကြီးပြီး အထွက်နက္ခတ်ငယ်တဲ့အိမ်ဆောက် နေထိုင်ပါက စီးပွားဖြစ်မယ်။ စီးပွားတက်မယ်။ ဒါက အိမ်၊ ကျောင်းဆောက်တဲ့အခါ ပထမဆုံး တွက်ချက်ပြီးမှ မြေခံ ရက်ကောင်း ရွေးချယ်ပြီး ဆောက်ရမယ်'

ကိုကျော်ညွန့်က...

'ကျွန်တော် အခုဆောက်မယ့် အိမ်ကို တွက်ချက်ကြည့်ပေးပါဦးဗျာ'

စာရေးသူက...

'ကဲ...ခင်ဗျားအိမ် ထုပ်၊ လျောက်ပတ်ပတ်လည်ကို ခင်ဗျားအတောင်နဲ့ တိုင်းထွားပြီး ပြောပါ'

'ထုပ်(၁၀)တောင်၊ လျောက်(၁၁)တောင်ပါ'

ဤအိမ်မှာ နေထိုင်မည့်သူ၏ တိုင်းထွာသော(အတောင်)ရေကို ယူရမည်။

**အဝင်နက္ခတ်တွက်နည်း...**

ထုပ်(၂)ဖက် ဖြစ်သည့်အတွက် (၁၀)တောင်ကို (၂)နှင့် မြှောက်ရမည်။ လျောက်(၂)ဖက် ဖြစ်သည့်အတွက် (၁၁)တောင်ကို (၂)နှင့် မြှောက်ရမည်။

ပြီးလျှင် မြှောက်လဒ်(၂)ခုကို ပေါင်းပါ။ ယင်းပေါင်းလဒ်ကို (၈)နှင့် မြှောက်၊ (၁၀)နှင့်စား အကြွင်းသည် အဝင်နက္ခတ် ဖြစ်သည်။ ဤနေရာတွင် စားလဒ်ကို မယူရပါ။

* * *

**ထုပ် ၁၀ တောင်** × ၂ = ၂၀ တောင်

**လျောက် ၁၁ တောင်** × ၂ = + ၂၂ တောင်

၄၂ ပတ်လည်တောင်

ပတ်လည်အတောင်ရေ ၄၂ × ၈ = **၃၃၆** = မိတ်ပုံဖြစ်သည်။

```
        ၃၃
    ၁၀ ÷ ၃၃၆
         ၃၀
         ---
          ၃၆
          ၃၀
         ---
           ၆ ကြွင်း
```

အဝင်နက္ခတ် (၆) ဖြစ်သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

**အထွက်နက္ခတ်တွက်နည်း...**

ပတ်လည်အတောင်ရေ (၄၂)ကို (၃)နှင့် မြှောက်၊ ယင်းမြှောက်၍ရသော အတောင်ကို (၇)နှင့်စား အကြွင်းသည် အထွက်နက္ခတ်ဖြစ်သည်။ ဤနေရာတွင် စားလဒ်ကို မယူရပါ။

ထုပ်၊ လျောက် ပတ်လည်တောင် ၄၂×၃= ၁၂၆= မိတ်ပုံ

```
      ၁၈
  ၇ | ၁၂၆
      ၇
     ---
      ၅၆
      ၅၆
     ---
      ၀
```

အထွက်နက္ခတ် (၀)ကြွင်းဖြစ်သည်။

'ကိုကျော်ညွန့် ရက်ကောင်းရက်မြတ်နဲ့ မြေခံရွေးချယ်ပြီးရင် ခင်ဗျား အမြန်သာ ဒီအိမ်ကို ဆောက်လုပ်တော့ဗျာ။ စီးပွားဖြစ်မယ့်အိမ်၊ စီးပွားတက်မယ့်အိမ် ဖြစ်တယ်'

ဟု စာရေးသူမှာ ပြောလိုက်သည်။

ကိုကျော်ညွန့် အိမ်သစ်ဆောက်ပြီးသည့်နောက် စီးပွားရေးကောင်းလာသည်၊ အရောင်းအဝယ်ကောင်းလာသည်၊ အလှူဒါနပြုနိုင်သည်ဟု သိရသဖြင့် အများပြည်သူ သိရှိကြစေရန်နှင့် ဝါသနာရှင် သုတေသီများအတွက် လင်္ကာနှင့်တကွ ဖော်ပြလိုက်ပါသည်။

**အိမ်ဆောက်၊ ကျောင်းဆောက် နက္ခတ်တွက်နည်းလင်္ကာ...**

'တထေဝမှန် မိတ်ပုံကျန်ကို
မြှောက်ပြန်အဌ ဒသတုံဇာ
ကြွင်းရာမချွတ် ဝင်နက္ခတ်ဟု
မှတ်လောမလွဲ အထွက်နည်းစေ
ဝင်စေအများ ရှိတုန်းပြားက
စီးပွားကြွယ်ဝ ချမ်းသာရ၏'

***လူသားအားလုံး ကြီးပွားချမ်းသာကြ ပါစေ။***

**ဗိုလ်မင်း (မင်းလှ)**

# ကြက်တွန် လာဘ်ခေါ် ဆန်မန်းမန္တန်

ရုံးအားရက် တနင်္ဂနွေနေ့တစ်နေ့ နံနက် ကိုးနာရီခန့်တွင် မိတ်ဆွေ ကိုကောင်းမွန်အိမ်သို့ အလည်သွားရောက်ဖြစ်ခဲ့သည်။ အလည်ဆိုသော်လည်း ကိုကောင်းမွန်ထံမှ ရှေးဟောင်းကျမ်းဂန်စာအုပ်တစ်အုပ် ငှားလိုခြင်းက အဓိကဖြစ်ပါသည်။

ကိုကောင်းမွန်မှာ နေအိမ် ရပ်ကွက်တွင်း အိမ်ဈေးဆိုင်နှင့် စာအုပ်အငှားဆိုင် ဖွင့်ထားပြီး သူ၏ဇနီးနှင့် သမီးက ကုန်စုံများ ရောင်းချပြီးသူက စာအုပ်ဝယ်၊ ရောင်း၊ ငှား ထိုင်ပါသည်။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စာအစုံရေးသူလည်း ဖြစ်ပါသည်။

ကျွန်တော် ရောက်သွားချိန်တွင် ကိုကောင်းမွန်မှ သူ့အိမ်နောက်ကျောဘက် မြေတလင်းတွင် အိမ်မွေးကြက်များကို အစာပက်ကျွေးနေပါသည်။

ကျွန်တော်မှ လှမ်းခေါ်သောအခါ ဝယ် လက်ကာပြပြီး ကြက်များကို သူ့လက်ထဲမှ ဆန်ကုန်အောင် ကျွေးပြီးမှ စကားပြောပါသည်။



'ဘာအကြောင်းထူးပါသေးလဲ ကိုလှမြင့်သစ်'

'သိပ်မထူးပါဘူးဗျာ၊ စာအုပ်တစ်အုပ်လိုလို့ဗျ'

'ရပါတယ်ဗျာ၊ ကျွန်တော်မှာရှိတဲ့ စာအုပ်မှန်ရင် ရ,ရမှာပေါ့'

'ဒါနဲ့ဗျာ ခုန ကြက်စာကျွေးရင်း ကျွန်တော့်ကို လက်ကာပြတာ အဲဒါ ဘာလို့တုန်း ရှင်းစမ်းပါဦး'

'လာဘ်ခေါ် ဆန်မန်းလုပ်ပြီး ကျွေးနေတာမို့ပါ'

'ဆိုစမ်းပါဦး ဘယ်လိုလာဘ်ခေါ် ဆန်မန်းလဲ'

'ဒီလိုဗျာ ကြက်ကျွေးမယ့် အစာဆန်၊ ပြောင်းဖူး တစ်မျိုးမျိုးကို မန်းရမယ်။ မန်းရမယ့် မန္တန်က...

'ဦး စေယ စေဟုံဟုံ သွာဟာ၊ စေမ္တွ ကာ ကာလံယ'

အဲသလို (၇)အုပ်မန်းပြီး ပက်ကျွေး ပေး။ ကျွေးနေရင်းလဲ အဲဒီမန္တန်ကို စိတ်ထဲက ရွတ်နေ၊ မန်းနေရတယ်'

'အကျိုးကျေးဇူးက...'

'အကျိုးကျေးဇူးက ကြက်များနာပြုတွန်တဲ့ အရပ်ကနေ လာဘ်တွေ ဝင်လာရောက်လာမယ်။ ကြက်တွန်တိုင်း တွန်တိုင်း လာဘ်ဝင် နေမယ်။ ကြက်တွန်လာဘ်ခေါ် ဆန်မန်းအစီ အရင်ပေါ့ဗျာ ဟား ဟား ဟား'

ကိုကောင်းမွန်မှ ပြောရင်း တဟား ဟား ရယ်ပါသည်။

'ယုံရင် လုပ်ပေါ့ဗျာ၊ လက်တွေ့ အကျိုးထူးမှာပါ'


ဟု ပြောပြပါသဖြင့် ရေးသားလိုက် ပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com



### အစွမ်းထက်သော

# အဆိပ်ချဂါထာနှင့်

### အစီအရင်

ဆုပ်
(ဂါထာမန္တန်သုတေသီ)

ကျွန်ုပ်တို့ မှတ်သားမိ၏။ ဂါထာ အစ်ပုဒ်ကို ခေါက်ရေ(၉)သောင်း ပြည့်အောင် ရွတ်လျှင် အကျိုးရ၏။

သို့ကြောင့် ယခုဂါထာကိုလည်း (၉)သောင်းပြည့်အောင် ရွတ်ကြကုန် ဟု ကျွန်ုပ် မပြောတော့ပါ။ ယုံကြည်စွာ ကြိုးစားလျှင်ဖြင့် အကြောင်းသိ၍ အကျိုးပြီးအံ့။

ဂါထာတော်

ဥုံ ဥပဝရဿ နစ ဗုဒ္ဓေါ
ပဝရဿ နစ ဗုဒ္ဓေါ
ပဝရဿ နစ ဗုဒ္ဓေါ
မဟာပဝရဿ နစ ဗုဒ္ဓေါ
ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ
မေ စက္ကပါကာရော။

**အနက်**

**ယောဗုဒ္ဓေါ၊** အကြင်ဝိပဿီမည်တွင် ဘုရားရှင်သည်။ **ဥပဝရော၊** အလွန် မြတ်တော်မူပါပေ၏။ **အဿ၊** ထိုဝိပဿီမည်တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ **နစ နမော၊** ရှိခိုးပါ၏ဘုရား။

**ယောဗုဒ္ဓေါ၊** အကြင် သိခီမည်တွင် ဘုရားရှင်သည်။ **ပဝရော၊** အပြားအားဖြင့် ကောင်းစွာမြတ်တော်မူပါပေ၏။ **အဿ၊** ထိုသိခီမည်တွင် ဘုရားရှင်အား။ **နစနမော၊** ရှိခိုးပါ၏ဘုရား။

**ယောဗုဒ္ဓေါ၊** အကြင် ဝေဿဘူမည်တွင် ဘုရားရှင်သည်။ **ပဝရော၊** အပြားအားဖြင့် အလွန်မြတ်တော်မူပါပေ၏။ **အဿ၊** ထိုဝေဿဘူမြတ်စွာဘုရားအား။ **နစနမော၊** ရှိခိုးပါ၏ဘုရား။

**ယောဗုဒ္ဓေါ၊** အကြင် ကကုသန်မည်တွင် ဘုရားရှင်သည်။ **မဟာပဝရော၊** အလွန်အပြားအားဖြင့် အလွန်မြတ်တော်မူပါပေ၏။ **အဿ၊** ထို ကကုသန်မြတ်စွာဘုရားအား။ **နစနမော၊** ရှိခိုးပါ၏ ဘုရား။

**ဗုဒ္ဓေါ၊** ကောဏာဂုံမြတ်စွာဘုရားသည်လည်းကောင်း။ **ဗုဒ္ဓေါ၊** ကဿပဘုရားရှင်သည်လည်းကောင်း။ **ဗုဒ္ဓေါ၊** ဂေါတမဘုရားရှင်သည် လည်းကောင်း။ **မေ၊** အကျွန်ုပ်အား။ **စက္ကပါကာရော၊** စကြာရစ်ဝိုင်း တံတိုင်းပုံလား ကြီးမားသော အရံအတားသည်။ **ဟောတု၊** ထင်ရှားမသေ့ဖြစ်တော် မူပါစေသတည်း။

* * * ———→

ဂါထာအရင်း အင်းအဖျားဖြစ်၍ အဖျားကစ၍ လိပ်ရမည်။

**စီရင်ဆောင်ရွက်နည်း**

အထက် ဖော်ပြပါ အင်းကို (၄၉)အင်းချပြီး မွေးနေ့က စတင်လျက် ဖယောင်းတိုင်(၁)တိုင်ကို အင်း(၇)အင်းကို ပတ်၍ မီးထွန်းပါ။

ဆွမ်းတော်ပွဲ (၇)ပွဲပြင်ပြီး တစ်နေ့ (၇)အင်း (၇)ရက်မပျက်အောင် ဆောင်ရွက်ရမည်။

မီးထွန်း၍ မငြိမ်းမချင်း ထိုဂါထာ (အဆိပ်ချဂါထာ)ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်နေရမည်။ (၇)ရက်ထိ အင်း(၄၉)အင်းကို သွင်းပြီးလျှင် ခွေးရူး

**အင်းပုံစံ**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အရင်း | ဥုံ ၁ | ပါ ၄၆ | နု ၂၃ | သာ ၃၂ | ပ ၃ | စ ၃၄ | ပ ၁၁ | အဖျား |
| | သု ၂၂ | ရ ၃၁ | ဥ ၂ | ကာ ၄၇ | ဒွေါ ၁၀ | ဗု ၂၅ | ဝ ၄ | |
| | ကာ ၄၅ | ရော ၄၈ | ဗု ၉ | စ ၂၄ | နု ၃၃ | ဝ ၁၂ | ဗု ၃၅ | |
| | ဝ ၃၀ | ရ ၂၁ | ဒွေါ ၄၀ | မွေးနံ ထည့်ရန် | ဒွေါ ၃၆ | ရ ၅ | ဒွေါ ၂၆ | |
| | ဗု ၃၉ | စ ၄၄ | ဗု ၃၇ | စ ၈ | ဗု ၄၁ | စ ၁၆ | ရ ၁၃ | |
| | ဝ ၂၀ | ပ ၂၉ | ဒွေါ ၄ | နု ၁၅ | ဒွေါ ၁၈ | မ ၂၇ | သာ ၆ | |
| | မေ ၄၃ | ဒွေါ ၃၈ | ပ ၁၉ | ဟာ ၂၈ | နု ၇ | သာ ၁၄ | ဗု ၁၇ | |



www.burmeseclassic.com

www.burmeseclassic.com

ဆိပ်၊ မြွေဆိပ်၊ အဆိပ်ဟူသမျှ နိုင်နင်းတော့၏။

ရှောင်ကြဉ်ရန်

ထိုအစီအရင်ကို အောင်မြင်ထားသောသူသည်...

- ✤ ခွေးတောက်ရှက် (၃)နှစ် မစားရ။
- ✤ ဘုန်းကြီးပျံ၊ မယ်တော်ပျံ၊ ဖတော်ပျံ မသွားရ။

စကားချပ်

ထိုနည်းစဉ်ကို အောင်မြင်၍ အောင်မြင်စွာ ကုသလျက်ရှိသော ပုဂ္ဂိုလ်ထံမှ ရသည်။ တတ်မြောက်လိုသူများကို စေတနာဖြင့် ပညာဒါနပြုနေသည်။ ယနေ့တိုင် သက်ရှိထင်ရှားရှိပါသည်။ အကျိုးကိုငဲ့၍ အကြောင်းရင်းကို ဖော်ထုတ်ခြင်း မပြုရခြင်းကို နားလည်ပေးရန် တောင်းပန်ပါသည်။

လေ့ကျင့်ရန်

အင်းဆန်သွင်းရာ၌ လွယ်ကူချောမွေ့စေရန် အင်းဆန်သွင်းပုံ နမူနာကို ဖော်ပြလိုက်သည်။

* * *

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၄၆ | ၂၃ | ၃၂ | ၃ | ၃၄ | ၁၁ |
| ၂၂ | ၃၁ | ၂ | ၄၇ | ၁၀ | ၂၅ | ၄ |
| ၄၅ | ၄၈ | ၉ | ၂၄ | ၃၃ | ၁၂ | ၃၅ |
| ၃၀ | ၂၁ | ၄၀ | နံ | ၃၆ | ၅ | ၂၆ |
| ၃၉ | ၄၄ | ၃၇ | ၈ | ၄၁ | ၁၆ | ၁၃ |
| ၂၀ | ၂၉ | ၄၂ | ၁၅ | ၁၈ | ၂၇ | ၆ |
| ၄၃ | ၃၈ | ၁၉ | ၂၈ | ၇ | ၁၄ | ၁၇ |

၁–နွေ၊ ၂–လာ၊ ၃–ဂါ၊ ၄–ဟူး၊ ၅–တေး၊ ၆–ကြာ၊ ၀–နေ။

**အုပ် *(ဂါထာမန္တန်သုတေသီ)***

## အမျိုးသမီးများ

# မီးယပ်ကွက်ကုထုံး





**နတ်မောက်မြို့၏ အနောက်မြောက်ယွန်းယွန်း မိုင်နှစ်ဆယ်ခန့် ဝေးကွာသည့် သမှန်းပင်ရွာသို့** ရောက်ရှိစဉ် အရပ်လက်သည် အမေသိန်းဆိုသူနှင့် တွေ့ဆုံခဲ့ရပြီး **အမျိုးသမီးများ မီးယပ်ကွက်ကုနည်းနှင့် ပတ်သက်ပြီး** ကြားခဲ့ရသမျှ ဗဟုသုတကို အသံဖမ်းယူ တင်ပြရေးသားအပ်ပါသည်။

'အမေတို့ မိန်းမတွေမှာ အာဝေဏိက ဒုက္ခဆိုတာ ရှိတယ်လေ။ တစ်လတစ်ခါ ရာသီပန်းပွင့်ရတယ်။ ကိုယ်ဝန်ဆောင် သားမွေးရတယ်။ ထူးခြားတဲ့ အာဝေဏိက ဒုက္ခပေါ့ကွယ်။ ဘုရားရှင်ကလဲ ဟောခဲ့တာပါပဲ။

ရာသီပန်းပွင့် သွေးဆင်းပြီး သွေးဟောင်းသွေးသစ် ပြောင်းတယ်၊ လဲတယ်ကွယ့်။ အဲဒီမှာ သွေးဟောင်းသွေးပုပ်ကျန်ရင် မီးယပ်အဖြူကွက်၊ အနီကွက်တွေ ထမယ်။ ယားယံမယ်။ စားမဝင် အိပ်မပျော်ဖြစ်မယ်။

အမေသိန်းကတော့ ဘာဆေးဝါးမှလဲ မကိုင်ပါဘူး။ မြန်မာ့ရိုးရာ ရှက်,ခေါက်, မြစ်,သီးနဲ့ ဆေးဖက်ပြီး ရတာပါပဲ။ ပျောက်ပါတယ်ကွယ်။ အမေသိန်း အခု အသက်ခုနစ်ဆယ်ကျော်ပြီ၊ ပျောက်ပ့ါ။

ထန်းလျက်သုံးလုံးလောက် ထုခြေထည့်၊ ချင်းအစို လက်မလောက် ထောင်းထည့်။ ရေ မတ်ခွက်နှစ်ခွက်နဲ့ တစ်ခွက်ကျန်အောင် ကျိုချက်သောက်စေတယ်။

'လိမ်းဆေးကတော့ အညာကုန်းတမာပင်တွေ ပေါမှပေါ။ အရွက်စိမ်းစိမ်းစိုစိုတွေ ခူး၊ ကြိတ်ခြေပြီး အရည်ညှစ်ယူပြီး လိမ်းပေး။ ငါးရက်၊ တစ်ပတ် ဂရုစိုက်ရင် သက်သာ ပျောက်ကင်းသွားတာ လက်တွေ့ပါပဲ'

အရပ်လက်သည် အမေသိန်းထံမှ လက်တွေ့အသုံးပြု ပျောက်ကင်းသောနည်းကို ရေးသား တင်ပြအပ်ပါသည်။

**မြေမိုးချစ် *(နတ်မောက်)***



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မေလ

# ကျန်းမာရေး အသျှက် အကြံပေးချက်များ

| [illegible] | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| နွား | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | နဂါး, ကြွက်, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ကျား | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | နဂါး, မျောက်, ကြွက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ယုန် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဃာနာရုံ |
| နဂါး | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, မြွေ, နွား | ကြာသပတေးသားသမီး | သောကြာနေ့ | ဃာနာရုံ |
| မြွေ | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, မြွေ, နွား | ကြာသပတေးသားသမီး | သောကြာနေ့ | ဃာနာရုံ |
| မြင်း | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | သဒ္ဒါရုံ |
| ဆိတ် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | မြွေ, ကြွက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| မျောက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ကြက် | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မျောက်, ကြွက်, နဂါး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| ခွေး | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ခွေး, မြင်း, ကျား | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| ဝက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |

* * *

မေလတွင် **ကြွက်ပုံရိပ်ရှင်၊ နွား ပုံရိပ်ရှင်နှင့် ကြက်ပုံရိပ်ရှင်တို့မှာ** ကျန်းမာရေး ချို့ယွင်းနိုင်ကြသဖြင့် **ကြွက်ပုံရိပ်ရှင်တို့ကို စံပြုကာ** ဖယား ကို ရှင်းပြပါမည်။

ကြွက်ပုံရိပ်ရှင်တို့သည် အသည်းနှင့် ဆက်သက်သော ရောဂါဝေဒနာများ သတိပြု ကာကွယ်ကုသပါ။ အစိမ်းနု ရောင်(၃)ဂဏန်းတို့ ကံလာဘ်ပွင့်လင်း စေပါသည်။

ဂျုံနှင့် ပြုလုပ်ထားသော စားဖွယ် များက ကျန်းမာရေး အထောက်အကူ ပေးနိုင်သည်။ အရှေ့အရပ်သို့ သွား ရောက်၍ အနားယူခြင်း၊ အရှေ့အရပ်မှ ဆေးဝါးသမားကောင်းနှင့် တွေ့ရှိခြင်း တို့ကြောင့် ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းနိုင်သည်။

**ယုန်ပုံရိပ်ရှင်၊ ဆိတ်ပုံရိပ်ရှင်၊ ဝက် ပုံရိပ်ရှင်တို့မှာ** ကောင်းကျိုးပြုသည့် မိတ်ဖက်များဖြစ်ကြလျက် အကြောင်း ကိစ္စရှိပါက သောကြာသားသမီးက ကူညီပေးနိုင်လိမ့်မည်။

ကြာသပတေးနေ့ နေ့ကောင်းနေ့ မြတ်ဖြစ်သည်။ စက္ခုအာရုံကြောင့် ကျန်းမာရေး တိုးတက် ကောင်းမွန် တတ်ပါသည်။

ကျန်နှစ်ဖွား ပုံရိပ်ရှင်တို့လည်း အထက်ပါအတိုင်း ကောက်ချက် ချကြပါ။

**အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**



**ဟူဂျင်းဇီ**

***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

မိမိဝန်းကျင်ရှိ

# အနိုင်ဓာတ်များ



ထိုဆေးဖက် နှစ်မျိုးကို ရော၍ ရေအနည်းငယ် ဖျန်းကြိတ်ပြီး စစ်ယူသော သတ္တုအရည်ကို နေ့စဉ် အနည်းငယ် သောက်သုံးပါသည်ဟု တွေ့ရပါသည်။

ကျွန်တော် ငရုတ်ကောင်း၏ ဓာတ်ပြုပုံကို ကျေနပ်နှစ်ခြိုက်ပါသည်။ ငရုတ်ကောင်းသည် သွေးအတွင်းရှိ အညစ်အကြေးနှင့် အပူဓာတ်ကို နိုင်နင်းစွာ ဆီးအဖြစ် ထုတ်ပေးသည်ဟု ဆေးကျမ်း၌ ဖတ်ရပါသည်။

သို့သော် ဆေးနည်းပါ ဆေးဖွဲ့စည်းပုံ အချိုး၌ ဘာကြောင့် မြင်းခွာရွက် (၁–ပဲသား)တစ်ပဲသားနှင့် ငရုတ်ကောင်း (၁၂–ကျပ်သား)တစ်ဆယ့်နှစ်ကျပ်သားကို အချိုးချ၍ ဖွဲ့စည်းထားပါသနည်း။

ထိုဖွဲ့စည်းပုံကို ကျွန်တော် မကျေမလည် အတွေးမမီ ဉာဏ်နှင့်မရှင်းနိုင်ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော် ကန်ရှည်ရွာနေ ဆရာဦးမြင့်လှိုင်(ယခင် ရွာမကုန်းတောရကျောင်း ဆရာတော်ကြီး၏ တပည့်)ကို သွားရောက်တွေ့ဆုံ၍ မေးမြန်းကြည့်ရာ ဆရာ ဦးမြင့်လှိုင်မှ...

'ငြော် အနိုင်ဓာတ်ရေးတဲ့ ဓာတ်ဆရာ... စိန်တစ်ရွက်ကို ချင်း(ဂျင်း) တစ်တက်... နိုင်သလို ငရုတ်ကောင်း (၁၂)ကျပ်သား... မြင်းခွာရွက် (၁)ပဲသားနဲ့ အချိုးအကျ... သတ်ပြီး စားသုံးမှ ရသာယနဆေး... ငရုတ်ကောင်း အသက်ရှည်ဆေး ဖြစ်တော့... မှာပေါ့'

ဟု ရှင်းပြပါသဖြင့် ကျွန်တော့်... မြက်ဖျားနှင်းသီးကဲ့သို့ မကျေမလည် တင်ရှိနေသော အတွေးတစ်စသည် နေရောင်ဖြာ၍ နှင်းပျောက်သကဲ့သို့... ပါ။

ကျွန်တော်လည်း ရသာယနဆေးကဲ့သို့ ငရုတ်ကောင်း အသက်ရှည်ဆေးကို မှီဝဲ၍ ရရှိထားသော ဝဋ္ဋခန္ဓာရုပ်ကြီးကို စောင့်ရှောက်ရပေတော့မည်တည်း။

**အောင်လှသန်း (မင်းဘူး)**

## ငရုတ်ကောင်း အသက်ရှည်ဆေး

ပြာသိုရောက်ပြား ဆီးနှင်းရောယှက် နှံပုံပျက်။

ကျွန်တော်၏ နေထိုင်မှု ဘဝပုံစံတွင် နံနက်ခင်း တစ်မိုင်သာသာ အကွာ အဝေးကို လမ်းလျှောက်သည့် အလေ့အကျင့် ရှိပါသည်။

**'အပြင်ခြေသလုံးနှစ်ခု ကောင်းပါမှ ခန္ဓာကိုယ်အတွင်းရှိ နှလုံး သန်မာမည်'** ဟူသော ကျန်းမာရေးအဆိုကို လိုက်နာရပါမည်။

သို့ပါသော်လည်း ထိုနေ့နံနက်က လျှောက်လမ်းပေါ်၌ ကျနေသော ဆီးနှင်းထုကို ဖောက်ထွင်း၍ လမ်းလျှောက်ရန် ကာယကိုယ်အကြည်က လက်မခံဘဲ တွန့်ဆုတ်နေပါသဖြင့် ကျွန်တော် လမ်းမလျှောက်ဖြစ်ပါ။

ထို့ကြောင့် တူမလေး ကြော်ထားသော ထမင်းကြော်နှင့် ရေနွေးကြမ်းကို မိုးလင်းစာ သုံးဆောင်ပြီး ပက်လက်ကုလားထိုင်ပေါ် ထိုင်လျက် နှစ်(၆၀) ကျော်ကထုတ်သော ဆေးကျမ်းတစ်စောင်ကို ဖတ်ရှုမိပါသည်။ စာအုပ်ကလေးကား ဟောင်းနွမ်းဝါကြန့်နေပါပြီ။

ထိုဆေးကျမ်း၌ ရသာယနဆေး အသွင်ကဲ့သို့ အသွေးအသား ဓာတ်(၇)ပါး စင်ကြယ်၍ အင်အားတိုးပွားစေသော အသက်ရှည် ဆေးနည်းတစ်နည်းကို တွေ့ရပါ၏။ ထိုဆေးနည်းမှာ...

၁။ မြင်းခွာရွက်မှုန့်**(သဘာဝမြင်းခွာရွက်)** (၁)ပဲသား**(တစ်ပဲသားတိတိ)**

၂။ ငရုတ်ကောင်းမှုန့် (၁၂)ကျပ်သား **(တစ်ဆယ့်နှစ်ကျပ်သားတိတိ)**

www.burmeseclassic.com

# သက်တော်ရှစ်ဆယ်

ဟောကိန်း ကောင်းခန့် (သခွတ်မြေ) ဇက်လက်

**သက်တော်ရှစ်ဆယ် ဟောကိန်း ဆိုသည်မှာ** နက္ခတ်ဗေဒင်ပညာကို ...ခ နားမလည်သူတွေအတွက် အလွယ်တကူ ကောက်ယူ သိရှိနိုင်သော ဗေဒင်တွက်နည်း တစ်နည်း ဖြစ်ပါသည်။

ဗေဒင်ကို ဝါသနာပါ၍ အလွယ်တကူ ကောက်ယူတွက်ကြည့်လိုသူများအတွက် ရေးသားလိုက်ရခြင်းပင်...

သက်တော်ရှစ်ဆယ်ကိန်းကို တွက်ကြည့်လိုလျှင် ပထမဦးစွာ **အင်းကွက်ခေါင်း(၈၁)ကွက်**ပါရှိသော (၉)ကွက်ဝတ်လည်အင်းကွက်ကို အရင်ရေးဆွဲရပါမည်။


ထိုအင်းကွက်တွေထဲတွင် ၁၊ ၂၊ ၃၊ ၄ စသဖြင့် ဂဏန်းစဉ်ပေါင်း (၈၀)ပြည့်အောင် လက်ယာရစ် ရေးထည့်ရပါမည်။

အောက်တွင် ရေးဆွဲ အင်းဆန်ကြည့်ပြီး အင်းကွက်ကို ကြည့်ပါ။

* * *

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၁၀ |
| ၃၁ | ၅၆ | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၄၀ | ၁၁ |
| ၃၀ | ၅၅ | ၇၂ | ၇၃ | ၇၄ | ၇၅ | ၆၂ | ၄၁ | ၁၂ |
| ၂၉ | ၅၄ | ၇၁ | ၈၀ | | ၇၆ | ၆၃ | ၄၂ | ၁၃ |
| ၂၈ | ၅၃ | ၇၀ | ၇၉ | ၇၈ | ၇၇ | ၆၄ | ၄၃ | ၁၄ |
| ၂၇ | ၅၂ | ၆၉ | ၆၈ | ၆၇ | ၆၆ | ၆၅ | ၄၄ | ၁၅ |
| ၂၆ | ၅၁ | ၅၀ | ၄၉ | ၄၈ | ၄၇ | ၄၆ | ၄၅ | ၁၆ |
| ၂၅ | ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ |

ထိုအင်းကွက်ထဲမှ **၁၊ ၂၊ ၃၊ ၄** စသည့် အင်းဆန်တို့သည် တွက်လိုသူ မိမိ၏ သက်ရောက်နှစ်မျိုးပင် ဖြစ်ပါသည်။



ထိုအင်းကွက် အင်းဆန် သက်ရောက်နှစ်များကို လေ့လာပြီးလျှင် ထိုသက်ရောက် အဟောလင်္ကာတို့ကို ဆက်လက် ရေးသားပါမည်။

**သက်ရောက်အဟောလင်္ကာ...**

❊ ထောင့်တန်းတဲ့ကြက်ခြေ သက်ရောက်ကာ ဖွားနာရ ဒုက္ခနှင့်ပေ များရွှေငွေ ဆောင်လေသူမို့။ ထိပ်ကြိုးနှောင်အိမ်နှင့်၊ မူမပြိမ်ဖျာပါထပ်တယ်၊ ဘေးကပ်လို့သို့။

❊ ကိန်းအနေသွယ်ပြလို့ ကူးပင်လယ်နဒီကျရင်လ၊ ဟောပသေချာ၊ ချစ်မယားရယ်နှင့် ချစ်သားမိတ်ခင်ပွန်းတို့ကြောင့် ကျွမ်းရဖျာပါ၊ စိတ်မသာ၊ ကာ္ဗျာနှင့်လွန်စေ။ စီးပွားချွတ်ချော်လို့ ကြုံမတော် ဖျာပါမိတယ်၊ နွမ်းရိုပူဆွေး။

❊ ထောင့်ကြက်ခြေ ပင်လယ်လွတ်ရင်လ၊ မချွတ်ရသေချာ၊ စီးပွားရွှေငွေနှင့် ချောင်းနှစ်ခြေပွကာ ထပ်အောင်၊ လာဘ်ကမကွာ၊ ကြုံလေရာ ပြီးပါပြီမလွဲ။ စိတ်ချမ်းသာလို့ လန်းရွှေကြာပမာ တင့်တယ် ကြီးမြင့်သကဲ။

အထက်ပါ လင်္ကာအဟောကို ကြည့်ခြင်းအားဖြင့် **ထောင့်ကြက်ခြေကျသော သက်ပိုင်းနှစ်များနှင့် မြစ်နဒီပင်လယ်ကျသော နှစ်ပိုင်းများ**သည် မိမိအတွက် မကောင်းသော အကျိုးတို့ကို ပေးစေတတ်၍...

ထောင့်ကြက်ခြေနှင့် မြစ်နဒီ ပင်လယ်လွတ်သော နှစ်ပိုင်းများသည်



 စာမျက်နှာ (၁၆၃) သို့

www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးလုပ်ငန်းနဲ့


## အကျိုးပေး စီးပွားဖြစ်နိုင်မလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ညာ

အသက် (၅၀)အရွယ် အမျိုးသား တစ်ဦးရဲ့ ညာလက်ဖဝါးပြင်ပုံစံကို ဖော်ပြပေးလိုက်ပါတယ်။ **စိုက်ပျိုးရေး လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင် မလား** ဆိုတဲ့မေးခွန်းကို အဓိကထားပြီး မေးမြန်းသူ ဖြစ်ပါတယ်။

သဘာဝကို ချစ်မြတ်နိုးသော သစ်ပင်ပန်းမန်တွေနဲ့ ထူးခြားစွာ ဆက်သွယ်နိုင်သော ပင်ကိုဗီဇ၊ အရည်အချင်းတွေ ရှိ၊မရှိ ဆိုတာကို အရင်ဆုံး ကြည့်ဖို့ လိုပါတယ်။




**"က"** **အကွရာနဲ့** ညွှန်ပြထားတာကတော့ လက်ဖနောင့်စွန်း၊ တနင်္လာဂြိုဟ်ခွင်နေရာမှာ ထင်ရှားရှိနေတဲ့ **"သဘာဝဗွေ"**ကို တွေ့မြင်ရရုံနဲ့ အဲဒီ ပင်ကိုဗီဇ၊ အရည်အချင်းတွေရှိကြောင်း သိနိုင်ပါတယ်။

* * *




သဘာဝဗွေ

ဘာအလုပ်ပဲလုပ်လုပ်၊ အောင်မြင်ဖို့ဆိုတာ တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းကြောင်း (သို့မဟုတ်) အောင်မြင်နိုင်တဲ့ သင်္ကေတ၊ မင်္ဂလာအမှတ်အရုံ တစ်ခုခုတော့






www.burmeseclassic.com

www.burmeseclassic.com

ရမယ်။

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာက တော့ တနင်္ဂနွေဂြိုဟ်ခုံမှာ **"အောင်လံ"** သင်္ကေတရှိခြင်း ဖြစ်ပါတယ်။ ဒီသင်္ကေတကြောင့် အောင်မြင်မယ်လို့ ဟောနိုင်တယ်။

* * *





ငွေကြေး စီးပွားဥစ္စာ ရှာဖွေရလွယ်ကူခြင်း၊ အထိုက်အလျောက် ကြွယ်ဝချမ်းသာခြင်း ဖြစ်နိုင်ဖို့ဆိုတာ လက်သူကြွယ် လက်ချောင်း ကောင်းဖို့ "သူကြွယ်ယုဂ်"ရှိဖို့ လိုပါတယ်။

**"ဂ"အက္ခရာနဲ့**ညွှန်ပြထားတာဟာ **လက်သူကြွယ်ထိပ်မှာ ခရုပတ်ဖွေ** ရှိခြင်း ဖြစ်တယ်။ ကျန်တဲ့ လက်ချောင်း ထိပ်တွေမှာ ခရုပတ်ဖွေ မရှိဘူး။ ဒီ သင်္ကေတဟာ **"သူကြွယ်ယုဂ်"**ရရှိပါ တယ်။

* * *




စိုက်ပျိုးရေးအလုပ်ဆိုတာ အနုရော အကြမ်းပါ စွယ်စုံရဖို့ လိုပါတယ်။ အဲဒီ အတွက် လက်ချောင်းထိပ်ဖျားတွေဟာ **အဝိုင်းခြမ်းပုံစံ** ရှိနေရပါမယ်။ **"ဃ" အက္ခရာနဲ့** ညွှန်ပြထားတာပါ။ လက် ချောင်းထိပ် အဝိုင်း ခြမ်းပုံ ဖြစ်ပါ တယ်။




* * *

စိုက်ပျိုးရေးအလုပ်ဟာ မြေနဲ့ ပတ်သက် တယ်။ အပင်ပန်း အဆင်းရဲခံနိုင်ရမယ်။ ပြီးတော့ ကံကောင်းရဦးမယ်။ လက္ခဏာ ပညာအရဆိုရင် စနေဂြိုဟ်ခုံကောင်းရမယ်။

**"င"အက္ခရာနဲ့**ညွှန်ပြထားတာဟာ လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ နှလုံးလမ်းအဖျားမှ ထွက်တဲ့ **ဒေါင်လိုက်မျဉ်းပြိုင်** ရှိတယ်။ **စနေယုဂ်**ရသူ ဖြစ်ပါတယ်။


* * *




စိုက်ပျိုးရေးက ထွက်ရှိတဲ့ ပစ္စည်း တွေကို သယ်ယူပို့ဆောင် ဖြန့်ဖြူး ရောင်းချနိုင်တဲ့ ဈေးကွက်ကြီးနဲ့ နီးဖို့ လိုအပ်ပြန်တယ်။

**"စ"အက္ခရာနဲ့**ညွှန်ပြထားတာဟာ အသက်လမ်းကြောင်း အရင်းပိုင်းမှာ **ငါးကြင်းမြီး**သင်္ကေတ ရှိတယ်။ ဒါဟာ မြို့ကြီးပြကြီး အနီးဝန်းကျင်မှာ နေထိုင် လုပ်ကိုင်ရခြင်းကို ဖြစ်စေပါတယ်။

* * *




*(လက္ခဏာပညာသုတ တိုးပွားကြ ပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၆၁)မှ အဆက်

မိမိအတွက် ကောင်းကျိုးပြုသော နှစ် အသက်အပိုင်းများ ဖြစ်ပါသည်။

အောက်တွင် ကောက်နုတ်ပြထား သော ထောင့်ကြက်ခြေနှစ်ပိုင်းများနှင့် မြစ်နဒီပင်လယ်ကျသော နှစ်ပိုင်းတို့ကို ကြည့်ပါ...

**ထောင့်ကြက်ခြေကျသော နှစ်များ** ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၃၉၊ ၄၅၊ ၅၁၊ ၅၇၊ ၆၁၊ ၆၅၊ ၆၉၊ ၇၃၊ ၇၅၊ ၇၇၊ ၇၉ နှစ်များ ထိုနှစ်ပိုင်းတို့သည် ထောင့် ကြက်ခြေကျသော နှစ်ပိုင်းများ ဖြစ်ပါ သည်။

**မြစ်နဒီပင်လယ်ကျသော နှစ်များ** ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၆၊ ၄၂၊ ၄၈၊ ၅၄၊ ၅၉၊ ၆၃၊ ၆၇၊ ၇၁၊ ၇၄၊ ၇၆၊ ၇၈၊ ၈၀ နှစ်များ ထိုနှစ်ပိုင်းများသည် မြစ်နဒီ ပင်လယ်ကျသောနှစ်ပိုင်းများ ဖြစ်ပါ သည်။

အထူးသဖြင့် **၁၊ ၉၊ ၁၇၊ ၂၅** နှစ် ပိုင်းများသည် အခြားထောင့်ကြက်ခြေ ကျသောနှစ်များထက် ပို၍ ညံ့သကဲ့ သို့...

**၅၊ ၁၃၊ ၂၁၊ ၂၉** မြစ်နဒီပင်လယ် အလယ်ဗဟိုကျသော နှစ်ပိုင်းများက အခြားအလယ်နှစ်ပိုင်းများထက် ပို၍ ညံ့တတ်ပါသည်။

ထို **ထောင့်ပင်လယ်**မှ လွတ်သော နှစ်ပိုင်းများသည် မိမိအတွက် အကောင်း ဆုံးနှစ်ပိုင်းများ ဖြစ်သည်ဟု ရှေးပညာရှိ တို့ ဆိုထားပါကြောင်း...

**"လောက သုတဝဇနကျမ်း"မှ ကောက်နုတ်၍ ရေးသားတင်ပြထား ပါသည်။**

*သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။*

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

စည်းစိမ်တန်ခိုး နေ့စဉ်တိုး

# အစိန္တေယျ ဘုရားရှိခိုး

အစိန္တေယျဘုရားရှိခိုးကို သိသူများပါသည်။ အမှန်အပြည့်အစုံမှာ **'အစိန္တေယျကြီးလေးပါး ဘုရားရှိခိုး'** ဖြစ်ပါသည်။ အလွယ်အားဖြင့် အစိန္တေယျဘုရားရှိခိုးဟုသာ သိကြ၊ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။ အမှားကြောအမှန်ဖြစ်မည်စိုး၍ တင်ပြရခြင်း ဖြစ်ပါသည်။

'အစိန္တေယျကြီးလေးပါး ဘုရားရှိခိုး'၏ ထူးခြားချက်မှာ နေ့စဉ် သွားလာလှုပ်ရှားလုပ်ကိုင်ရင်းလည်း မိမိ၏ သက်စေ့ရှုတ်ပွား ပူဇော်ပေးနိုင်ခြင်း ဖြစ်ပါသည်။

ထိုသို့ ရွတ်ပွားရာတွင် မိမိဖူးမြော်ဖူးသော ရွှေတိဂုံ၊ ရွှေဆံတော်၊ ကျိုက်ထီးရိုး၊ မဟာမုနိ စသည်ဖြင့် ဘုရားအဆူဆူ၊ ဘုရားရှင်တို့ ရည်မှန်း၍ စိတ်မျက်စိတွင် မြင်အောင်ရှု၍ ရွတ်ပွားလျှင် စည်းစိမ်တန်ခိုး နေ့စဉ်တိုး၍ လိုရာပြည့်စုံ ဖူလုံကြွယ်ဝစေပါသည်။ လက်တွေ့မျက်မြင်များ များစွာရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းဇော်မှာ ဆီးချို၊ သွေးချိုရောဂါကြောင့် (...)ဌာနမှ လုပ်သက် (၂၃)နှစ်တွင် ဆေးပင်စင်ယူခဲ့ရပါသည်။ ဇနီးမောင်နှံ စုပြီး၊ ဆောင်းပြီး အရင်းအနှီးလေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ခဲ့ရာ သိန်းဆယ်ဂဏန်းသောငွေ အလိမ်ခံခဲ့ရပြီး လက်မှိုင်ချ ငိုင်တွေနေခဲ့ရပါသည်။ ရောဂါလည်း စိတ်ဆင်းရဲပင်ပန်းမှုဒဏ်နှင့် ပိုမိုတိုးခဲ့ရပြီး ဆေးရုံတက်ရပါသည်။ ကျွန်ုပ်မှာ မိတ်ဆွေရင်းတို့ ဝတ္တရားနှင့်အညီ ဆေးရုံသို့ လူမမာမေး သွားရောက်ခဲ့သည်။ သူ့ကြည့်ရသည်မှာ (အမှန်ဆိုရလျှင်) အားမရ၊ အားမရှိပါ။ ဒီတောင်ကကျော်ပါ့မလားဟုပင် ထင်မိရပါသည်။ သို့သော် ကျွန်ုပ် စိတ်ထဲမှာသာ ကြိတ်မျိုထားရပါသည်။

ဆီးချို၊ သွေးချို ဖြစ်သဖြင့် ပန်းသီး၊ စပျစ်သီး၊ မိုင်လို၊ ဟောလစ် ဘာမှ သူနှင့်သင့်သည်ဟူ၍ မရှိသလောက် ဖြစ်နေသည်။ နောက်ဆုံးတွင် ကျွန်ုပ် အမည်မခေါ်ဘတ်သော၊ အချိုဓာတ်လုံးဝမပါဝင်သော မုန့်တစ်မျိုးသာ ဝယ်သွားပြီး ပေးဖြစ်ခဲ့ရသည်။

ပြန်ခါနီးတွင် သူ့အား အစိန္တေယျကြီးလေးပါးဘုရားရှိခိုးကို နေ့စဉ် လူ… ခုတင်ပေါ်မှာ အိပ်နေရင်းဖြစ်စေ၊ ဘု… ရှင်အား ရည်စူးရည်မှန်းပြီး သက်… ရွတ်ပွားနေရန် တောင်တောင်ဤ… များ တွေးနေမည့်အစား ဘုရားရှင်… ကြည်ညိုပူဇော်နေခြင်းက လက်… အကျိုးထူးမှာဖြစ်ကြောင်း အကြံ… အားပေးခဲ့ပါသည်။

သူ ဆေးရုံပေါ်မှာ သုံးပတ်လော… အတွင်းလူနာအဖြစ် တက်ရော… ကုသမှုခံယူပြီး အတော်ကြီး ထသွား… ထလာ ကျန်းမာလာသဖြင့် နေအိမ်… ပြန်ဆင်းခွင့်ရခဲ့သည်။

ဆေးရုံမှဆင်းပြီး သူ့အိမ်သို့ ကျွ… တစ်ခေါက် ရောက်သေးသည်။ အ… တကယ်ပင် သူသည် ထူထူထော… ထောင် တက်တက်ကြွကြွ ရွှင်ရွှင်လ…






www.burmeseclassic.com

www.burmeseclassic.com

လန်း ကျန်းမာနေသည်ကို မြင်ရသဖြင့် ဝမ်းသာအားရ ဖြစ်မိခဲ့ရပါသည်။

'မင်း အကြံပေးတာ ကောင်းသွားတယ်ကွ။ ငါ ဆေးရုံတစ်ခါမှ မတက်ဖူးဘူး။ မင်း သိပါတယ် လှမြင့်ရာ။ ဆေးရုံတက်ရမယ်၊ ဒီလို ကုနေလို့ မရဘူးနဲ့ ကြားလိုက်ရတော့ လူက ပိုပိုပြီး အားငယ်ဝမ်းနည်း စိတ်ပျက်သွားတယ်ကွာ။

ဒါ အမှန်ပြောတာပါ လှမြင့်။ ဆေးရုံပေါ် ရောက်တော့လဲ လူနာတွေချိန်ကိုပဲ မျှော်နေပြီး မိတ်ဆွေတွေအကြောင်း စဉ်းစားလိုက်၊ လိမ်သွားတဲ့ ငွေတွေအကြောင်း တွေးပြီး စိတ်ဆင်းရဲ ပူပန်လိုက်၊ သားတွေ၊ သမီးတွေ အကြောင်း ရောက်သွားလိုက်နဲ့ လူက ပိုပိုပြီး နုံးချည့်သွားရတယ်။

မင်း အကြံပြုပြောလိုက်မှ ငါလဲ သတိရသွားပြီး ဘာမှ မတွေးတော့ဘူး။ အစ်နွေ့ယျ ဘုရားရှိခိုးရွတ်ပွားနေလိုက်တာ တစ်နေ့ထက်တစ်နေ့ ထူးထူးခြားခြား အေးမြကြည်လင်လာတယ်ကွ။ အခုဆိုရင် ခလုတ်တိုက်ရင်တောင်မှ အစ်နွေ့ယျလို့ ယောင်မိပါတယ်ကွာ။ ဟဲ ဟဲ ဟဲ ဟဲ'

အဟုတ်ပင် ကိုကောင်းဇော်သည် ရယ်မောပျော်ရွှင်စွာ ပြောဆိုနေခဲ့ပါသည်။ ထိုမှ နောက် သူနှင့်မတွေ့ဖြစ်၊ သူ့ထံ မရောက်ဖြစ်ခဲ့သည်မှာ (၇)လခန့် ကြာခဲ့ပြီး၊ ပြီးခဲ့သည့် ရုံးပိတ်ရက် တနင်္ဂနွေနေ့တွင် သူ ကျွန်တော့်အိမ် ရောက်လာပါသည်။

'လှမြင့်ရာ မင်းဆိုတဲ့ကောင် နေနိုင်ချက်ကွာ။ တစ်ခေါက်မှကို မလာတော့ဘူး'

'စိတ်မရှိပါနဲ့ သူငယ်ချင်းရာ၊ ငါ့မှာလဲ ငါ့အပူနဲ့ငါ၊ ငါ့အလုပ်နဲ့ငါ ယားလို့မှ မကုတ်အားဆိုတာလို ဖြစ်နေလို့ပါ။ နယ်ခရီးထွက်ရတယ်ကွာ။ ပြန်လာတော့ သားအငယ်ကောင် ဖျားနေလို့



ဆေးကုလိုက်ရတာ လူကို ဖားသွားတာပဲ။

သားကြီးနဲ့ သမီးကြီး အဝေးသင် တက္ကသိုလ် စာမေးပွဲဖြေဖို့ကလဲ ငွေရှာရသေးသကွ။ အဲ အဲ ပြီးတော့ မင်း ကျန်းမာနေတာလဲ မြင်ခဲ့၊ သိခဲ့ရပြီးပြီဆိုပြီး မရောက်ဖြစ်တာပါကွာ'

'အေးပါကွာ၊ အေးပါ၊ အေးပါ။ အခု ငါလာခဲ့တာကလဲ မင်းကို ကျေးဇူးတင်စကား ပြောချင်လို့ပါ။ မိတ်ကောင်းဆွေကောင်းပီသတဲ့ မင်းကို ဂုဏ်ပြုချင်လို့ပါကွာ'

'ဟ ဘာတုံးကွ။ မင်းစကားက အထူးအဆန်းပဲ။ ဘာများပါလိမ့်။ ဆိုစမ်းဦး'

'ဒီလိုလေကွာ၊ ငါ ဆေးရုံတက်နေတော့ မင်း ရောက်လာတယ်'

'အေးလေ ရောက်တယ်လေ၊ မင်း ဆေးရုံက ဆင်းတော့လဲ မင်းအိမ် ငါ ရောက်ပါတယ်'

'အေးပါ ဟုတ်ပါတယ်။ ငါ ဆေးရုံ ရောက်နေတဲ့အချိန်မှာ မိတ်ဆွေ အပေါင်းအသင်းတွေ တော်တော်စုံစုံ လာကြပါတယ်။ ပန်းသီးတွေ၊ မုန့်ထုပ်တွေဟာ ရောင်းတောင်စားရမလား မသိဘူး။ ဒါပေမယ့် တစ်ခုမှ ငါ စားမဖြစ်ဘူး။ မိတ်ဆွေတွေကို ကျေးဇူးတင် ပီတိဖြစ်ရပါတယ်။ အေး မင်းကတော့ အကောင်းဆုံးဆေး ငါ့ကို ပေးသွားခဲ့တာပဲ'

'ဟောဗျာ ဖြစ်ရပြန်ပြီ။ ငါက ဆရာဝန်လဲ မဟုတ်။ ဘာမှလဲ အဲဒီဆေးတွေ နားမလည်ပါဘူး။ ဘာဆေးပေးလို့လဲ'

'ဟဲ ဟဲ ဟဲ မင်းပေးတဲ့ဆေး မင်း မသိဘူး မဟုတ်လား။ အစ်နွေ့ယျ ဘုရားရှိခိုး ရွတ်ပွားနေကွာ။ တောင်တောင်ဤဤတွေ တွေးနေမယ့်အစား ဘုရားရှင်ကို ကြည်ညိုပူဇော်နေတာဟာ အကျိုးထူးပါတယ်ဆိုတာလေ။

တကယ်တော့ ငါသိတယ်။ ဒါပေမယ့် ပူဆွေးသောကတွေနဲ့ မေ့နေတယ်။ အမှတ်မရဘူး။ မင်း သတိပေးပြောပြလိုက်မှ ငါ့မှာ ရေငတ်နေသူ ရေဘူးကောက်ရသလို အဆင်ပြေ အေးချမ်းသွားတယ်ကွာ။

ကိုးကွယ်အားထားရာ အစစ်ဟာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးပါပဲကွာ။ အခု မင်း မြင်တဲ့အတိုင်း ငါ့ကျန်းမာရေး ဒေါင်ဒေါင်မြည်နေပြီ။ ဝမ်းသာစရာ မင်္ဂလာသတင်း ပြောရရင် ငါ့သားလတ် ဟို ဂျီတီစီကျောင်းဆင်းလေ'

'အောင်မျိုးဇော် ပြောတာလား'

'အေး အဲဒီသား အလုပ်ဝင်ရတော့မယ်။ နေပြည်တော်ပျဉ်းမနားဘက် တာဝန်ကျတယ်ကွ'

'ဟာကွာ၊ မင်းသား အလုပ်ရတာတောင် ငါ့ကို ဘာမှ မကျွေးသေးဘူး။ မင်းကမှ နေနိုင်ရက်တာ'

'ဟား ဟား ဟား ဟား မင်း ခုထိ ဆန္ဒစောၤ အလောကြီးတဲ့စိတ် မပျောက်သေးဘူး။ တကယ်ပါပဲကွာ လှမြင့်ကတော့။ ဟော့ သားရေ ယူခဲ့ကွ'

ထိုအခါမှ ကျွန်ုပ်နေအိမ်မှ ခြံဝင်း

www.burmeseclassic.com

အပြင်ဘက်တွင် လေးဆင့်စတီးချိုင့်ကိုင်ဆွဲစောင့်နေဟန်တူသော သူ၏သား အင်ဂျင်နီယာ မောင်အောင်မျိုးဇော် အိမ်ထဲဝင်လာပါသည်။

'ကောင်းဇော်ရာ သားကို တစ်ခါတည်းခေါ်ပြီး ဝင်လာတာ မဟုတ်ဘူး။ သားလေး မင်း ရပ်စောင့်နေတာပေါ့'

'ရပါတယ် ဦးဦး၊ ဖေဖေက ငါ့သူငယ်ချင်းကို စမ်းချင်လို့ မင်း ဒီက ရပ်စောင့်နေ၊ သူ မမြင်စေနဲ့။ ဖေဖေဝင်ခဲ့၊ လာခဲ့လို့ခေါ်မှ ဝင်လာခဲ့လို့ ပြောလို့ပါ'

'ဟား ဟား ဟား ဟား။ မင်းစိတ်ကို စမ်းချင်လို့ပါ လှမြင့်ရာ၊ ဟား ဟား ဟား ဟား'

ထိုနေ့က သူငယ်ချင်း ကောင်းဇော်မှ သူ၏သားကြီး အောင်မျိုးဇော် အလုပ်ဝင်ရမည့် အထိမ်းအမှတ်ပေးပို့လာသော မုန့်ဟင်းခါးချိုင့် လေးချိုင့်ကို ကျွန်ုပ်၏ တစ်မိသားစုလုံး အဝအအီ စားသောက်လိုက်ရပါတော့သည်။

*　*　*

သို့အတွက် ကျွန်ုပ်၏မိတ်ဆွေ သူငယ်ချင်းကြီး ကိုကောင်းဇော်၏ ဘဝတွင် လက်တွေ့အဆင်ပြေ အေးချမ်းခဲ့ရသည့် **(ပူပူနွေးနွေးဖြစ်ရပ်၊ တစ်နှစ်အတွင်း ဖြစ်ရပ်မှန်)** အစိန္တေယျကြီးဘုရားရှိခိုးကို နေ့စဉ် သက်စေ့ရွတ်ပွားပူဇော်ပေးနိုင်ကြရန် သတိပေးနှိုးဆော်တင်ပြလိုက်ရပါသည်။

နောက်ဆက်တွဲအနေဖြင့် အစိန္တေယျကြီးဘုရားရှိခိုးကို လူတိုင်းနီးပါး သိပြီးရပြီး ဖြစ်မည်မှန်သော်လည်း မသိသေးသူများ ရှိနိုင်ကောင်းသည်ဟု ထင်မြင်ယူဆမိသဖြင့် အနက်မြန်မာပြန်ပါ ကူးယူတင်ပြအပ်ပါသည်။



**အစိန္တေယျကြီးလေးပါး ဘုရားရှိခိုး**

၁။ ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျ သံယုတ္တံ။ ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလဝါစကော။

၂။ ရူပ ရူပ ဝိလာသဂ္ဂ၊ ရူပါစိန္တေယျ သံယုတ္တံ။ ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလရူပဝါ။

၃။ ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏာစိန္တေယျ သံယုတ္တံ။ ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလဉာဏဝါ။

၄။ ကုဒ္ဒိ ကုဒ္ဒိ ဝိလာသဂ္ဂ၊ ကုဒ္ဒိ စိန္တေယျ သံယုတ္တံ။ ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလကုဒ္ဒိမာ။

အနက်

၁။ **ဝါစာဝါစာဝိလာသဂ္ဂ ဝါစာစိန္တေယျ သံယုတ္တံ၊** ပကတိသော စကား၊ အလွန်တင့်တယ်သော စကား၊ မြတ်သောစကား၊ မကြံစည်နိုင်သောစကားနှင့် ပြည့်စုံတော်မူသော။ **သာရဂုဏောပေတံ၊** ကျေးဇူးတော်စစ် ဂုဏ်တော်အနှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ **(အဟံ၊** အကျွန်ုပ်သည်။) **ဝန္ဒေ၊** ရှိခိုးပါ၏။ **တေန၊** ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ **အတုလဝါစကော၊** အတုမရှိသောစကားနှင့် ပြည့်စုံသည်။ **အမှိ၊** ဖြစ်ရပါလို၏။

၂။ **ရူပရူပဝိလာသဂ္ဂ ရူပါစိန္တေယျ သံယုတ္တံ၊** ပကတိသော အဆင်း၊ အလွန်တင့်တယ်သော အဆင်း၊ မြတ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော။ **သာရဂုဏောပေတံ၊** ကျေးဇူးတော်စစ် ဂုဏ်တော်အနှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ **(အဟံ၊** အကျွန်ုပ်သည်။) **ဝန္ဒေ၊** ရှိခိုးပါ၏။ **တေန၊** ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ **အတုလရူပဝါ၊** အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်။ **အမှိ၊** ဖြစ်ရပါလို၏။

၃။ **ဉာဏဉာဏဝိလာသဂ္ဂ ဉာဏာစိန္တေယျ သံယုတ္တံ၊** ပကတိသော ဉာဏ်၊ အလွန်တင့်တယ်သော ဉာဏ်၊ မြတ်သောဉာဏ်၊ မကြံစည်နိုင်သော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော။ **သာရဂုဏောပေတံ၊** ကျေးဇူးတော်စစ် ဂုဏ်တော်အနှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ **(အဟံ၊** အကျွန်ုပ်သည်။) **ဝန္ဒေ၊** ရှိခိုးပါ၏။ **တေန၊** ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ **အတုလဉာဏဝါ၊** အတုမရှိသော ဉာဏ်နှင့် ပြည့်စုံသည်။ **အမှိ၊** ဖြစ်ရပါလို၏။

၄။ **ကုဒ္ဒိ ကုဒ္ဒိဝိလာသဂ္ဂ ကုဒ္ဒိစိန္တေယျ သံယုတ္တံ၊** ပကတိသော တန်ခိုး၊ အလွန်တင့်တယ်သော တန်ခိုး၊ မြတ်သောတန်ခိုး၊ မကြံစည်နိုင်သော တန်ခိုးနှင့် ပြည့်စုံတော်မူသော။ **သာရဂုဏောပေတံ၊** ကျေးဇူးတော်စစ် ဂုဏ်တော်အနှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ **(အဟံ၊** အကျွန်ုပ်သည်။) **ဝန္ဒေ၊** ရှိခိုးပါ၏။ **တေန၊** ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ **အတုလကုဒ္ဒိမာ၊** အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်။ **အမှိ၊** ဖြစ်ရပါလို၏။


နေ့စဉ် သက်စေ့ရွတ်ပွား ပူဇော်၍ အခက်အခဲဟူသမျှ ကျော်လွှားကင်းပျောက်နိုင်ကြပါစေသော်ဝ်...။

**နတ်မောက် ကောင်းနိုင်မြင့်**

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ မေလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့်
အောင်ဘာလေ



# ထီ ဆုငွေ



မေလတွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲတွင် ဆုကြီးများနှင့် နီးစပ်နိုင်ရန် ၄၊ ၈၊ ၆၊ ၁ ဂဏန်းခြေများကို က၊ ဃ၊ ဗ၊ ဘ အက္ခရာဝလီတို့နှင့် တွဲဖက်ကံစမ်းပါ။

မိမိတို့ မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးပြုလိုပါက အောက်ပါအတိုင်း ရွေးချယ်ပါ။

* * *

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| နွား ကျား | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ယုန် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| နဂါး မြွေ | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| မြင်း | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| ဆိတ်၊ မျောက် | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ကြက် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| ခွေး ဝက် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |

**ဥပမာ။** ။ မြင်းနှစ်ဖွားတို့သည် လာဘ်ပွင့်စေရန် မြေဝါရောင်ကို အဆောင်ပြုပါ။ အထက်ဖော်ပြပါ ဂဏန်းအက္ခရာတို့နှင့်တူ ကံပွင့်ဂဏန်း (၂)ကို ထိပ်စီး သို့မဟုတ် နောက်ပိတ်ထား၍ တွဲဖက် ရွေးချယ်ပါ။

ကံပွင့်စေသည့် အနောက်တောင်ထောင့်အရပ်ရှိ ထီဆိုင်တွင် တနင်္လာနေ့၌ ကံစမ်းရန်ဖြစ်သည်။ ပူးတွဲစပ်တူထိုးလိုပါက စနေသားသမီးနှင့် ပေါင်းစပ်ပါ။

ဆိုင်တည်ရာ ဌာနဗလအင်အားရယူလိုပါက မူကြိုကျောင်း၊ မူလတန်းကျောင်းများအနီး ဖွင့်လှစ်ရောင်းချသော ထီဆိုင်၊ စိမ်းစိုသော သစ်ပင်ရိပ်အောက်ရှိ ထီဆိုင်၊ ချစ်မှုရေးရာ သီချင်းများဖွင့်ထားသော ထီဆိုင်၊ ရေကန်ကျယ်၊ ပင်လယ်မြစ်ချောင်းရှိရာသို့ မျက်နှာပြုထားသော ထီဆိုင်၊ ကမ်းနားပိုင်း,ကမ်းနားလမ်းတို့ရှိ ထီဆိုင်များတွင် ကံစမ်းသင့်သည်။

**ထီကံပွင့် ယတြာပြုလိုပါက** လက်ဖက်မွှေးရွက် ပါဝင်သော လက်ဖက်ရည်ကြမ်း(၄)ခွက်ကို ဘုရားရှင်အား ကြာသပတေးနေ့ ညနေခင်းအချိန်တွင် ကပ်လှူကာ လိုရာဆုတောင်းနိုင်ပါသည်။ **[လက်ဖက်မွှေးရွက်၊ ကွမ်းမွှေးရွက်(ဆွမ်းမွှေးရွက်) တို့သည် တရုတ်ထုံးဓလေ့အရ ကြွယ်ဝခြင်း နိမိတ်ဆောင်ပါသည်။]**

***ဝယ်ယူ၊ ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ပေါက်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# အကြော နှင့် ဆရာ

**ဆက်စပ်ပါ မြန်စွာ ပျောက်ကင်းမှု**

## ခြေသလုံး ကြွက်တက်သော်

ကျွန်တော် မန္တလေးမြို့ (၈၂)×(၈၃) ကြား(၃၈)လမ်းတွင် ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ ဆေးခန်းသို့ အသက် (၃၀)ကျော်ခန့် အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး…

'ဆရာ… ကျွန်မ ခြေသလုံး ကြွက် ခဏခဏတက်နေတယ်။ ကျွန်မ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အကြောပြုပြင်လို့ ရပါ့မလား'

လို့ မေးတော့…

'ကိုယ်ဝန်နဲ့ဆိုပေမယ့် အကြောပြုပြင်လို့ ရပါတယ်'

ဆိုပြီး အကြောပြုပြင်ပေးလိုက်ပါတယ်။

'ဒီကနေ့ည ကြွက်တက်တာ မသက်သာရင် လုံးဝ ဆရာဆီကို မလာခဲ့နဲ့၊ ဆရာလို့လဲ မခေါ်နဲ့။ ကြွက်မတက်ရင် မနက်ဖြန်တစ်ခါ လာပြလှည့်ဦး'

လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

နောက်တစ်နေ့ မနက်(၉)နာရီ အချိန်ခန့်တွင် ယင်းအမျိုးသမီး ရောက်လာပြီး…


'ဆရာ… ကျွန်မ မနေ့ညက လုံးဝ ကြွက်မတက်ပါဘူး။ ဆရာက လုံးဝ ကြွက်မတက်ရင် လာခဲ့လို့ ကျွန်မလာရခြင်း ဖြစ်တယ်'

လို့ပြောတော့ ကျွန်တော်မှ ထပ်မံပြီး အကြောပြုပြင်ပေးလိုက်ပါတယ်။ အဲဒီ အမျိုးသမီးမှ…


'ဆရာ…ကိုယ်ဝန်ရှိရင် ဒီလိုပဲ ကြွက်ခဏခဏ တက်တတ်ပါသလား'

လို့ မေးတော့ ကျွန်တော်က…

'များသောအားဖြင့် ကိုယ်ဝန်ရင့်လာလေ ကြွက်တက်တတ်တာ များလေပဲ။ **ကြွက်တက်ခြင်းရဲ့ အကြောင်းကတော့ တံကောက်ကြော တင်းခြင်းကြောင့် ဖြစ်တယ်။ အဲဒီ တံကောက်ကြောကိုသာ ပျော့ပျောင်းအောင် ပြုလုပ်ပေးရင် အမှန်တကယ် ကြွက်တက်ခြင်းမှ ကင်းဝေးလိမ့်မယ်။** အခု အကြောပြင် နှိပ်ကွက်များကတော့ ကိုယ်ဝန်ဆောင်သည်များနဲ့ အထူးသင့်လျော်ပါတယ်။




၁။ တံကောက်သွေးအိမ်ကြော
၂။ သလုံးမောင်းထိပ်ကြော
၃။ သလုံးမိုးခိုကြော




၁။ ပေါင်တွင်းအာရုံကြော
၂။ ပါဒရက်ဗဟိုကြော

၁။ သလုံးမောင်းထိပ်ကြောကို ဖြည်းညင်းစွာ ဖိဖိပြီး ဖွဖွပေးရမယ်။ (၁၀)မိနစ်ခန့်။
၂။ တံကောက် သွေးအိမ်ကြောကိုလဲ ဖြည်းညင်းစွာ ဆွဲပြီး ဆွဲပြီး ဖြေပေးရမယ်။
၃။ ပါဒရက်ဗဟိုကြောမကြီးကို လိမ့်လိမ့်ပြီး ဖိဖိပေးရမယ်။
၄။ သလုံး မိုးခိုကြောကိုလဲ ဖိဖိပြီး ဖွပေးရမယ်။
၅။ ပေါင်တွင်းအာရုံကြောကိုလဲ ဖိဖိပြီး ဖွပေးရမယ်။

အဲဒီအတိုင်း ပြုပြင်ပေးရင် ကြွက်တက်ရောဂါ အမှန်တကယ် ပျောက်ကင်းသက်သာကြောင်း ဝါသနာရှင်များ ဝေဒနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ရုပ်ပုံကားချပ်နဲ့တကွ အကြောပြင် နှိပ်ကွက်များကို တင်ပြလိုက်ပါတယ်။

**ဦးလှညိမ်း(*တံတားဦး၊ အင်းဝ*)**
**[အကြောပညာရှင်]**



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သူကို ခိုက်တတ်သော အိမ်ခါးပတ်အကြောင်း ဆောင်းပါးများကို မကြာမကြာ အမှတ်ထင်ထင် တွေ့ကြုံ ဖတ်ရှုနေရပါသည်။ ပြဿနာ ရှိလျှင် အဖြေရှိစမြဲ ဖြစ်ပါသည်။

မလွှဲမရှောင်သာ၍ အိမ်ခါးပတ်တွင် နေထိုင်ကြလျှင်လည်း အန္တရာယ်မကျရောက်နိုင်အောင် **သီတင်းသီလ ဆောက်တည်ခြင်း၊ အဆောင်လက်ဖွဲ့ ယတြာများ သုံးစွဲ၍ ကြိုတင်ပြင်ဆင်ခြင်း**တို့သည်လည်း အကြွင်းမဲ့ သက်ဝင်ထိုက်သော အကြောင်းပြချက်များ ဖြစ်ကြပါသည်။

"ရှေးထုံးကိုလဲ မပယ်နဲ့ ဈေးသုံးကိုလဲ မလွယ်နဲ့"ဟူသော ရှေးဟောင်းဆိုရိုးသည် ခေတ်ကာလ မည်သို့ပင် ပြောင်းပြောင်း၊ ယနေ့ တိုးတက်ထွန်းကားနေသော အိုင်တီသိပ္ပံနည်းပညာများ အလျှင်အမြန် တိုးတက်နေသော ခေတ်ကြီးထဲတွင် မှန်ကန်နေဆဲ ဆိုရိုးစကားအဖြစ် ရပ်တည်နေပါသည်။

၂၀၁၂ခုနှစ်၊ ဩဂုတ်လ နက္ခတ္တဆောင်ခြည်မဂ္ဂဇင်းတွင် **ပစ်တိုင်းထောင် (ချောင်းနက်)က** လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ နက္ခတ္တဆောင်ခြည်မဂ္ဂဇင်းတွင် **ခင်နန်းထွေး (ရှမ်း/ မြောက်)က** လည်းကောင်း အိမ်ခါးပတ်နှင့် ပတ်သက်သော အကြောင်းအရာနှင့် အတွေ့အကြုံတို့ကို ရေးသားထား၍ ဖတ်ရှုရပါသည်။

ထိုဆောင်းပါးများကို ဖတ်ရှုပြီးမှ ကျွန်တော်သည် အညာမြေတွင် တည်ရှိသော ကျွန်တော့်မိဘများပိုင် နှစ်ထပ်အိမ်ကြီးကို မျက်စိထဲမြင် ယောင်မိပါတော့သည်။

မိဘများသည် နှစ်ထပ်အိမ်ကြီးကို လွန်ခဲ့သော နှစ်ပေါင်း(၄၀)က ဆောက်

အိမ်ခါးပတ်နှင့်

# မို့ညှပ်ဓါတ်

အတွေ့အကြုံ



အောင်သန့်လင်း

လုပ်ထားခဲ့ခြင်း ဖြစ်ပါသည်။ အိမ်စတင် ဆောက်လုပ်စဉ်ကတည်းက အထက်ပိုင်း ပျဉ်ကာ၊ အောက်ပိုင်း ထရံကာဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုတိုင် ဤပုံစံအတိုင်း ရှိနေပါသည်။ **[ရှေ့မျက်နှာစာကား အထက်, အောက် ပျဉ်ကာကိုသာ သုံးစွဲပါသည်။]**

အိမ်ဆောက်စဉ် ကာလက ကျွန်တော်တို့အိမ်တွင် ညီအစ်ကိုမောင်နှမသားချင်း (၉)ယောက်၊ မိဘနှစ်ပါးဖြင့် ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကား အိမ်ကြီးတစ်အိမ် ဖြစ်ခဲ့ပါသည်။

နှစ်ကာလ ကြာညောင်းလာသည်နှင့်အမျှ ကျွန်တော်အပါအဝင် မိသားစုဝင် ညီအစ်ကိုမောင်နှမများ အသီးသီး အိမ်ထောင်ကျပြီး မိဘအိမ်ကြီးမှ တစ်ဦးပြီးတစ်ဦး ခွဲခွာလာခဲ့ကြပါသည်။

မိသားစုဝင်ထဲမှ ဖခင်ကြီးနှင့် ညီငယ်နှစ်ယောက်မှာ ယခုအခါ ကွယ်လွန်သွားကြပြီ ဖြစ်သည်။

ဤအိမ်ကြီးတွင် နောက်ဆုံးတစ်ဦးတည်း ကျန်ခဲ့သူကား အသက်အားဖြင့် (၈၈)နှစ်ရှိပြီဖြစ်သော မိခင်ကြီး ဖြစ်ပါတော့သည်။

မိမိဘာသာ ချက်ပြုတ်စားသောက်နေထိုင်နေရသော မိခင်အိုကြီးအတွက် မိုင်ပေါင်း(၃၀၀)ကျော် အကွာအဝေးမှ ကျွန်တော့်မှာ စိတ်မဖြောင့်နိုင်ဖြစ်နေပါသည်။

ကျွန်တော်လည်း ကျွန်တော့်မိသားစုဘဝနှင့်ဖြစ်၍ မိခင်ကြီးအတွက် အထွေအထူး မတတ်နိုင်ပါ။ မကြာမကြာ တယ်လီဖုန်းဆက်ပြီး မာကြောင်း သာကြောင်း မေးမြန်းခြင်း၊ တစ်နှစ်လျှင် တစ်ခေါက်,နှစ်ခေါက် ပြန်ပြီး ကန်တော့ခြင်းသာ တတ်နိုင်ပါတော့သည်။

အခြား ညီအစ်ကိုမောင်နှမများလည်း ကျွန်တော်နှင့် အလားတူပင် ဖြစ်ပါတော့သည်။

ဤသည်တို့ကား ကျွန်တော့်မိခင်



www.burmeseclassic.com

www.burmeseclassic.com

များအိမ် (အိမ်ခါးပတ်)အကြောင်းတည်း။

ကျွန်တော့်မိဘများနှင့် ကပ်လျက်တွင် နေထိုင်သော မေမေ့အစ်မကြီးများထဲမှ နှစ်ဦးတို့၏ အိမ်ခါးပတ်များလည်းရှိနေပါသေးသည်။

မေမေ့အစ်မကြီးများ ကျွန်တော့်ကြီးတော်များကတော့ သက်ရှိထင်ရှားမရှိကြတော့ပါ။ ကြီးတော်တစ်ဦး၏ နှစ်ထပ်အိမ်(အိမ်ခါးပတ်)သည် နွေဦးရာသီတစ်ခုတွင် ရပ်ကွက်မီးသင့်လောင်ရာ အိမ်ခြေ(၅၀)ကျော် မီးဘေးသင့်ရာတွင် ကြီးတော်အိမ်မှစတင်၍ မီးလောင်သည်ဟု ဆိုပါသည်။

ကျန်ကြီးတော် တစ်ဦးသည်လည်း ကျွန်တော်တို့မိသားစုနည်းတူ မိသားစုဝင်(၁၀)ဦးကျော်ရှိခဲ့ရာ အချိန်ကာလ (၂)နှစ်ခန့်အတွင်း ကြီးတော်အပါအဝင် အိမ်သား(၆)ဦး အကြောင်းအမျိုးမျိုးဖြင့် တစ်ယောက်ပြီးတစ်ယောက် သီးခြားသေဆုံးခဲ့ပါသည်။

ဤသည်တို့ကား ကျွန်တော် မြင်တွေ့ခဲ့ရသော ဘဝထဲမှ အိမ်ခါးပတ်နှင့်စပ်လျဉ်း၍ အတွေ့အကြုံတချို့ ဖြစ်ပါသည်။

နောက်တစ်ခုကား '**နှီးညှပ်အိမ်ကို မနေအပ်**' ဟု ဆိုရိုးရှိထားသည်ကို အများသိနားလည်ထားကြပြီး ဖြစ်မည်ဟု ထင်ပါသည်။ ကျွန်တော်၏ ညီမတစ်ယောက်သည် မန္တလေးမြို့သစ်တွင် နေထိုင်ပါသည်။

ညီမ၏ ယောက်မသည်လည်း ဆွေမျိုးချင်း နီးနီးနေလို၍ တစ်အိမ်ကျော်တွင် အိမ်ဝယ်ပြီး နေထိုင်ပါသည်။

ညီမ၏ ယောက်ျားနှင့် ယောက်မသည် မောင်နှမအရင်း ဖြစ်ကြပါသည်။

သူတို့ အိမ်နှစ်အိမ်ကြားတွင် မြေကွက်အလွတ်တစ်ခုဖြစ်ရာ မကြာမီ မြေကွက်အလွတ်လည်း အရောင်းအဝယ် တည့်သွားကြသဖြင့် အိမ်သုံးအိမ် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားကြကာ နေထိုင်ကြပါသည်။

ထိုလူသစ်မိသားစုသည် မောင်နှမနှစ်ယောက်ပိုင်ဆိုင်သော အိမ်နှစ်လုံးကြား မိမိရောက်ရှိသွားသည်ကို မသိလေသလား။ နှီးညှပ်အိမ်ကြား မနေအပ်ကြောင်း သဘောမပေါ[...] သလား။ ယုံကြည်မှု မရှိလေသလ[...] ကျွန်တော် မဝေခွဲတတ်ပါ။

ဤနေရာ ရောက်ရှိနေထိုင်[...] မကြာမီပင် ထိုအိမ်မှလူသည် ဝန်ထ[...] အလုပ်မှ ပြုတ်ပါသည်။ ထို့နော[...] လင်မယားချင်းပါ ကွဲသွားပြန်ပါသည်။

ဤသည်ကား လူမနေအပ်သော နှီးည[...] အိမ်နှင့် ပတ်သက်၍ ကိုယ်တိုင်မြ[...] တွေ့ခဲ့ရသော အတွေ့အကြုံပင် ဖြစ်[...] တော့သည်။

**(စာကြွင်း။ ။ နှီးညှပ်အိ[...] သည်လည်း လှည်းဦးတိုက်၊ လှေ[...] တိုက် အိမ်ကဲ့သို့ပင် တရားဘာသာ[...] အားထုတ်ခြင်း၊ သီတင်းသီ[...] ဆောက်တည်ခြင်း၊ အဆော[...] လက်ဖွဲ့ ယတြာများ ပြုလုပ်သုံး[...] ခြင်းဖြင့် ရှောင်ရှားနိုင်၍ [...] အန္တရာယ် ကင်းနိုင်ကောင်းသ[...] ထင်မြင်မိပါကြောင်း...)**

**အောင်ဆန်းလင်း**

# ကျွဲ နွား

## ပခုံးပေါက် လက်တွေ့ပျောက်



ခိုင်းကျွဲ၊ ခိုင်းနွားများသည် မိုးဦးကျ ထွန်ယက်စိုက်ပျိုးချိန်တွင် ပခုံးပေါက်၊ ပခုံးအနာ ဖြစ်တတ်ပါသည်။ ဂရုစိုက်မကုသလျှင် ပိုးလောက်တက်ပြီး ပျက်စီးတတ်ပါသည်။

ကျွဲ၊နွားများ မိုးရာသီ ပခုံးပေါက်ရခြင်းမှာ နွေအခါကာလက ထမ်းပိုးအနားရထားသဖြင့် ပခုံး အရေနုနေခြင်း၊ မိုးအခါ မိုးရေစိုသဖြင့် ပခုံး နူးနေခြင်း၊ ထမ်းပိုး အလိုက်မကောင်းခြင်း၊ တွဲဖက်ရသော တစ်ဖက် ကျွဲ၊နွားနှင့် အလိုက်မညီ၊ ဘက်မညီခြင်းစသော အကြောင်းများကြောင့် ပခုံးပေါက် အနာဖြစ်ရခြင်း ဖြစ်ပါသည်။ အခြားအကြောင်းများလည်း ရှိနိုင်ပါသေးသည်။

ကျွဲ၊ နွားများ ပခုံးပေါက် အနာအတွက် လက်တွေ့ ပျောက်ကင်းသည့် ကျေးလက်ဆေးနည်းကို **နတ်မောက်မြို့နယ်၊ ရွှေပုံရွာမှ အဘ ဦးဂျမ်း၏ လက်တွေ့ ပြောပြချက်အရ** ရေးသားတင်ပြပါသည်။

❖ ပရဆေးဆိုင်မှ ဆေးအန်း ငါးမူးသား အမှုန့်ကြိတ်ပါ။
❖ ဂုံမှုန့် (မရှိလျှင်) ဆန်မှုန့် ငါးမူးသား။
❖ ခေါင်းလိမ်းအုန်းဆီ (မရှိလျှင်) နှမ်းဆီ တစ်ကျပ်သား။

ဆေးအမည် သုံးမျိုး သမအောင် ကြွေပန်းကန်ထဲ ထည့်မွှေပါ။ ပခုံးပေါက်ဒဏ်ရာကို လက်ဖက်ခြောက်ဖန်ရည် (သို့မဟုတ်) နဘူးရွက်ပြု[...] ရည် (သို့မဟုတ်) တမာရွက်ပြုတ်[...] နှင့် သေချာဆေးပြီး ခြောက်သွေ[...] ဆေးကို မိမိရရ လိမ်းပေးပါ။ သုံးရ[...] တစ်ပတ်ခန့်အတွင်း ပခုံးပေါက် ပျော[...] ကင်းသွားပါလိမ့်မည်။

လက်တွေ့ကုထုံး အသုံးပြုပေ[...] ဖြစ်ပြီး မည်သည့် ဘေးထွက်ဆိုး[...] လည်း မရှိ၍ တင်ပြ ရေးသား[...] သည်။

**နတ်မောက် မင်းချစ်နေ[...]**



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦး တူးဖော်ရေးတုန်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁၄)

ပန်းချီ ထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှအဆက်

*** ပုံ (၁၄)


ပိရမစ်ပုံစံမျိုး အောက်ခြေ လေးထောင့်သဏ္ဌာန်ဖြင့် အဖျားချွန်သွားပါသည်။ ဤမြေမီးဖုတ် စဉ့်လက်ရာတွင် လက်ဝဲ, လက်ယာ ကျိုးပဲ့နေသည့် သဏ္ဌာန်လည်း တွေ့ရှိရပါသည်။ C1 ကျင်း အရှေ့တောင်ဘက် ကျင်းပေါင် (၁)ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်လက်ရာကို ပုံ (၁၄) ပိုင်းလက်ရာအဖြစ် ရေးဆွဲ ဖော်ပြထားပါသည်။

မူလ တူးဖော်တွေ့ရရှိသော မြေမီးဖုတ် စဉ့်လက်ရာ အမြင့် (၂ ၃/၄)လက်မခန့် အကျယ် (၂ ၃/၂)လက်မခန့်နှင့် အောက်ခြေ အထူ (၁ ၃/၄) လက်မခန့်ရှိသည်။ အဖျားလည်း ချွန်သွားပါသည်။


ပိုင်းလက်ရာ၏ လက်ယာဘက်တွင် မြေမီးဖုတ် စဉ့်လက်ရာ အထူ အထားကို အနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ စဉ့်ရောင်မှာ အပြာနက်ရောင် တစ်ရောင်တည်းသာ တွေ့ရှိရပါသည်။

A2ကျင်းတွင်လည်း ဤပုံ(၁၄)ကဲ့သို့ မြေမီးဖုတ် စဉ့်လက်ရာ အပိုင်းအစများ တွေ့ရှိရပါသေးသည်။


ပုံ-၁၄



ပုံ-၁၅



ပုံ-၁၆







www.burmeseclassic.com

www.burmeseclassic.com

ပုံ-၁၇



ပုံ-၁၈



* * * ပုံ (၁၅)

**ပုံ (၁၅)** ဒီဖိုင်းလက်ရာမှာ F3ကျင်း မြောက်ဘက်ကျင်းပေါင်မှ (၃)ပေခန့် အကွာ ကျင်းအနက် (၁)ပေကျော်ခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဥ့်ပြား အပိုင်းအစ လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

ဤမြေမီးဖုတ် စဥ့်ပြားလက်ရာကို လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

တူးဖော်တွေ့ရှိရသော မူလ မြေမီး ဖုတ်စဥ့်ပြား အမြင့် (၈)စင်တီမီတာခန့်၊ အကျယ် (၉)စင်တီမီတာခန့်နှင့် အထူ (၂$\frac{၁}{၂}$)စင်တီမီတာခန့် ရှိပါသည်။ ပုံ (၁၅)၏ လက်ဝဲဘက် ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ်စဥ့်ပြား ဒီဖိုင်းလက်ရာ၏ ကျောဘက်မျက်နှာကို ရေးဆွဲထား သော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

စဥ့် အဖြူရောင်ပေါ်တွင် စဥ့် အပြာရင့်ရောင်ဖြင့် ပန်းဒီဖိုင်းလက်ရာ ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၅) လက်ယာဘက် ဒီဖိုင်းလက်ရာ မှာ မြေမီးဖုတ် စဥ့်ပြား၏ အတွင်း ဘက် မျက်နှာပြင်ကို ရေးဆွဲ ဖော်ပြ ထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါ သည်။

ဤမျက်နှာပြင်တွင် မြေမီးဖုတ်ရောင် တောက်ပနေပါသည်။ တွင်းအချင်း (၃)စင်တီမီတာခန့်နှင့် အနက် (၁$\frac{၁}{၄}$) စင်တီမီတာခန့်ရှိသော တွင်းကလေး တစ်တွင်းနှင့် နှစ်ခြမ်းကိုလည်း တွေ့ရှိရ ပါသည်။

* * * ပုံ (၁၆)

မြေမီးဖုတ် စဥ့်လက်ရာ လင်ပန်း အပိုင်းတစ်ခု ဖြစ်သည်ဟု ယူဆရပါ သည်။ မြေမီးဖုတ် စဥ့်လင်ပန်း အပိုင်း အစ အတွင်းရောအပြင်ပါ အနီသွေးပါ သော စဥ့်လိမ္မော်ရောင် တွေ့ရှိရပါ သည်။

ဤစဥ့်ရောင်မျိုး ရှေးခေတ် စဥ့်လက် ရာများတွင် ရှားပါးစွာ တွေ့ရှိရခြင်း ဖြစ်ပါသည်။ ဤပုံ(၁၆) မူလ မြေမီးဖုတ် စဥ့်လင်ပန်း အပိုင်းအစကို A4 ကျင်း အနောက်တောင်ထောင့် ကျင်းပေါင်မှ (၂)ပေခန့်အကွာ ကျင်းအနက် (၁$\frac{၁}{၂}$) ပေကျော်ခန့်မှ တူးဖော် တွေ့ရှိရပါ သည်။

ထိုတူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဥ့်လက်ရာ လင်ပန်း အပိုင်းအစကို ပုံ (၁၆) ဒီဖိုင်းလက်ရာတွင် ရေးဆွဲ ဖော်ပြထားပါသည်။ မူလလက်ရာ အမြင့် (၅$\frac{၁}{၂}$)စင်တီမီတာခန့်၊ အကျယ် (၇$\frac{၁}{၂}$)စင်တီမီတာခန့်နှင့် အထူဆုံး နေရာ (၁$\frac{၁}{၂}$)စင်တီမီတာခန့်၊ အောက် ပိုင်း (၁) စင်တီမီတာခန့်၊ အထက်ပိုင်း ($\frac{၆}{၁၀}$)စင်တီမီတာခန့် ရှိပါသည်။

**ပုံ (၁၆)**၏ လက်ယာဘက်တွင် မြေမီးဖုတ် စဥ့်လင်ပန်း အပိုင်းအစ... အထူပမာဏကို လိုင်းအနက်ဖြင့် ... ဆွဲ ဖော်ပြထားပါသည်။

* * * ပုံ (၁၇)

**ပုံ (၁၇)** ဒီဖိုင်းလက်ရာမှာ A4ကျ... အနောက်တောင်ထောင့် ကျင်းပေါ... (၃)ပေခန့်အကွာ ကျင်းအနက် (၁)... ကျော်ခန့်မှ တူးဖော်တွေ့ရှိရသော မြေ... ဖုတ် စဥ့်လက်ရာကို ကူးယူ ရေး... ထားသော ဒီဖိုင်းလက်ရာတစ်ခု... ဖြစ်ပါသည်။ လင်ပန်း အပုံ့အစ တ... ဖြစ်မည်ဟု ယူဆရပါ၏။

တူးဖော်တွေ့ရှိရသော မူလ မြေ... ဖုတ် စဥ့်လက်ရာ အမြင့် (၅$\frac{၁}{၂}$)စ... မီတာခန့်၊ အကျယ် (၉)စင်တီမီ... ခန့်နှင့် အထူ ($\frac{၃}{၄}$)စင်တီမီတာခန့်... သည်။ အောက်ပိုင်းထက် အပေါ်... ပိုပါးပါသည်။

**ပုံ (၁၇)** လက်ဝဲဘက်တွင် မြေ... ဖုတ် စဥ့်လက်ရာ၏ အထူပမာဏ... အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြ... ပါသည်။ စဥ့်ရောင်မှာ လိမ္မော်ရေ... ဖြစ်ပြီး အပြင်ထက် အတွင်း ပိုရင့်... ကို တွေ့ရှိရပါသည်။ ပုံ (၁၆)မှ ... လက်ရာ အရောင်ထက် ဤ ပုံ... စဥ့်လက်ရာအရောင် ပိုရင့်ပါသ...

* * * ပုံ (၁၈)

မြေမီးဖုတ် ပန်းအိုး အပိုင်း... ဖြစ်လိမ့်မည်ဟု ယူဆရပါသည်...



www.burmeseclassic.com

www.burmeseclassic.com

ဖော်တွေ့ရှိရသော မြေမီးဖုတ် ပန်းအိုး အစိတ်အပိုင်းကို အရောင်ဖျော့သာ တွေ့ရှိရပါသည်။

တူးဖော်တွေ့ရှိရသော နေရာမှာ A1ကျင်း မြောက်ဘက် ကျင်းပေါင်မှ ကပ်လျက် ကျင်းအနက် (၂)ပေခန့်မှ တူးဖော် တွေ့ရှိရပါသည်။ အမြင့် (၆ ၁/၂) လက်မခန့်၊ အတွင်းအချင်း (၃ ၁/၂) လက်မခန့်နှင့် အထူ (၃/၄)လက်မခန့် ရှိပါသည်။


ပြန့်ကားနေသော အနားရစ် အကျယ် (၁)လက်မခန့် ရှိပါသည်။ ဤ ပုံ (၁၈)ကဲ့သို့ ပန်းအိုး အပိုင်းအစ များ A1ကျင်း နောက်ထပ် လေး,ငါးခု တွေ့ရှိရပါသေးသည်။

**ပုံ (၁၈)** ဒီဖိုင်းလက်ရာကို လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက်ပုံမှာ ပန်းအိုး အစိတ်အပိုင်း၏ ဘေးအမြင်ကို ရေးဆွဲထားသော လက်ရာဖြစ်ပြီး လက်ယာဘက်ပုံမှာ ပန်းအိုး အစိတ်အပိုင်း၏ အပေါ်စီးမှအမြင်ကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။


ကျိုးပဲ့နေသော နေရာများကို အစက် ကလေးများဖြင့် ခန့်မှန်း ရေးဆွဲထား ပါသည်။ လက်ဝဲ, လက်ယာ ဒီဖိုင်းပုံ နှစ်ခုကြားတွင် ပန်းအိုး အထူပမာဏ ကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြ ထားပါသည်။

* * * ပုံ (၁၉)

**ပုံ (၁၉)** ဒီဖိုင်းလက်ရာမှာ A1 ကျင်း အလယ်ကျင်းအနက် (၂ ၁/၂)ပေ ခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် အိုးခြမ်းကွဲ အပိုင်းအစကို ကူးယူ ရေးဆွဲ ထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါ သည်။



ပုံ-၁၉



ပုံ-၂၀

မူလ မြေမီးဖုတ် အိုးခြမ်းကွဲ အမြင့် (၂ ၃/၄)လက်မခန့်၊ အကျယ် (၃ ၃/၄) လက်မခန့်နှင့် အထူ (၃/၄)လက်မခန့် ရှိပါသည်။ မူလအရောင်မှာ မြေမီးဖုတ် အရောင်ဖျော့ တွေ့ရှိရပါသည်။

ပုံ(၁၉) လက်ယာဘက်တွင် အိုးခြမ်း ကွဲ အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ အိုးခြမ်း ကွဲ ဒီဖိုင်းကွက်များမှာ ကန့်လန့်ဖြတ် အလျားလိုက် အစင်းကြောင်းများပေါ် တွင် ဒေါင်လိုက် အစင်းကြောင်း အတိုကလေးများဖြင့် အားဖြည့် တန် ဆာဆင်ထားပါသည်။

* * * ပုံ (၂၀)

ခေါင်မိုးပြား အုတ်ကြွပ် အပိုင်းအစ တစ်ခု ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ အရောင်မှာ မြေမီးဖုတ် အရောင်ဖျော့ သာ တွေ့ရှိရပါသည်။ A1ကျင်း အလယ်ကျင်း အနက် (၂)ပေခန့်မှ တူးဖော် တွေ့ရှိရပါသည်။

ပုံ (၂၀)မှာ တူးဖော် တွေ့ရှိရသော ခေါင်မိုး အုတ်ကြွပ်ပြား အပိုင်းအစကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။ မူလ အုတ်ကြွပ်ပြား အပိုင်းအစ အမြင့် (၂ ၁/၂)လက်မခန့်၊ အလျား (၆)လက်မခန့်နှင့် အထူ (၁/၂)လက်မခန့် ရှိပါသည်။

အုတ်ကြွပ်ပြား ဂေါက်ဂျိတ်မှာ ခပ် ကွေးကွေးကလေးသာ တွေ့ရှိရပြီး ထောင့်မှန် အနေအထားမျိုး မတွေ့ရှိ ရပေ။

အုတ်ကြွပ်ပြား အပုံလိုက်ထဲမှ ကောင်းနိုးရာရာရေးဆွဲဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ပုံ(၂၀) လက်ယာဘက် တွင်လည်း အုတ်ကြွပ်ပြား အထူအပါး အကွေးကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။


ရှေ့လ ဆက်ဖတ်ပါရန်


**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**




www.burmeseclassic.com


www.burmeseclassic.com









◂ ပုံ-၁ ◂ ပုံ-၄ ◂ ပုံ-၂ ◂ ပုံ-၅ ◂ ပုံ-၃ ◂ ပုံ-၆







ယခင်လမှ အဆက်

# တရုတ် ကြိုးထုံးပညာ (၇၈)

ဟုဂျင်စီ

## အခြေခံ ကြိုးထုံးနည်း(၇၈)

風尾结项链

Fèug Wēi Jié Xiàng Liàn

ဖုန် ဝေ ကျဲ ရှန် လျန်

### ဇာမဏီငှက်မြီး ကြိုးထုံးလည်ဆွဲ

ဇာမဏီငှက်မြီးပုံစံ ကြိုးထုံးနည်းဖြင့် ချည်ထုံးထားသော လည်ဆွဲတန်ဆာဖြစ်သည်။ တရုတ်အယူအဆတွင် ဇာမဏီသည် ဣတ္ထိလိင်၊ အမျိုးသမီးထုကို ကိုယ်စားပြု၍ နဂါးသည် ပုလ္လိင်၊ အမျိုးသားထု ကိုယ်စားဖြစ်သည်။


ကိုယ်လေးလက်ဝန်ရှိနေသည့် မိခင်လောင်းတစ်ဦး မီးနေ၊ မျက်နှာမြင်သောအခါ "**နဂါးလား၊ ဇာမဏီလား**"ဟု မေးလေ့ရှိကြသည်။ "**သားလေးလား၊ သမီးလေးလား**"ဟု မေးမြန်းခြင်းဖြစ်သည်။

ဇာမဏီငှက်မြီးသည် လှပဆန်းကြယ်သော ပုံသဏ္ဌာန်ရှိလေရာ ဤကြိုးထုံးပုံစံ လည်ဆွဲသည် မိန်းကလေးများ၏ မေတ္တာရေးဆိုင်ရာ ဆန်းကြယ်နက်နဲသော ခံစားချက်၊ နှလုံးသားပုံဖော်မှုများကို ကိုယ်စားပြုလေသည်။

ဤလည်ဆွဲကိုပေးပို့သူ၊ လက်ဆောင်ပါးသူနှင့် လက်ခံရရှိသူတို့အကြား ဆက်စပ်တည်ရှိနေသော နှလုံးသားကွန်ရက်ကိုလည်း ဖော်ကျူးပါသည်။

ဖနီးမောင်နှံနှစ်ဦးအား ဆံဖြူသွားကျိုးသည်အထိ အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပေးလေ့ရှိသည့်အတိုင်း ပေးသောဆုနှင့် ပြည့်စုံကြသော၊ နေဝင်ချိန်၌ ဖြတ်သန်းလာခဲ့သော ပုံရိပ်မှတ်တိုင်အဖြစ် ပြန်လည် တွေးတော ကြည်နူးနိုင်ကြသည့် လက်ဆောင်လည်း ဖြစ်သည်။

**ကြိုးထုံးပုံကို ကြည့်ကြပါစို့...**




ပုံ(၇)

ပုံ(၁) အရောင်ကွဲ ကြိုးစ သုံးစကို Fancyဟု ခေါ်သည့် ကော်ပုတီးစေ့တစ်လုံးဖြင့် ထိန်းကာ (၁၅) စင်တီမီတာ အရှည်ခန့်အထိ



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၈)

ကျစ်ထုံးပါ။ အဆုံးတွင် Fancy တစ်လုံးဖြင့် သတ်ပါ။

ပုံ(၂) ကြိုးစ(က)ကို ကွင်းပြုလုပ်ပါ။

ပုံ(၃) ကြိုးစ(ခ)ကို ခေါက်လျှိုပါ။

ပုံ(၄) ကြိုးစ(ဂ)ကို (ခ)ကွင်းတွင်း ထပ်၍ ခေါက်လျှိုပါ။

ပုံ(၅) ကြိုး(က)ကွင်းအဖြစ် ထပ်မံရရှိပါမည်။ ထိုသို့ အစီအစဉ်အတိုင်း အဆင့်ဆင့် လျှိုသွားပါ...

ပုံ(၆) ခြောက်ကြိမ်မြောက် ကွင်းလျှိုပြီးသော အခြေအနေသို့ ရောက်ရှိပါမည်။

မိမိ အလိုရှိသော အလျားရအောင် ဆက်လက်ပြုလုပ်ကာ "ဖန်စီ" ကော်စေ့ဖြင့် ကြိုးစသတ်ခြင်းဖြင့် ဓာမဏိငှက်မြီးကြိုးထုံး လည်ဆွဲတစ်ကုံးကို ရပါပြီ **ပုံ(၇)**။ နောက်ဆက်တွဲအဖြစ် **တရုတ်ကြိုးထုံးပညာ(၇၇)** ဆံညှပ်ပုံကြိုးထုံးကို အသုံးပြုထားသော ခါးစည်း,ခါးပတ် ပုံ(၈)ကို ဖော်ပြလိုက်ပါသည်။ ဆံညှပ်ပုံစံကို အရှည်ထုံးထားခြင်းဖြစ်ရာ အလွယ်တကူ ဖန်တီးနိုင်ပါလိမ့်မည်။

**ဟူဂျင်းဖီ**

စာမျက်နှာ (၁၇၆)မှ အဆက်

ရှားစောင်းလက်ပပ်လက်၏ တစ်ဖက်တစ်ချက်တွင် လွှသွားကဲ့သို့ ဆူးကလေးများအား ဖယ်ရှားပစ်ပါ။ ပြီးလျှင် ရှားစောင်းလက်ပပ်အား အတွင်းဘက်မှ ဓားဖြင့် အခွံခွာပါ။ အခွံခွာပြီးလျှင် အတွင်းမှအနှစ် ဂျယ်ရီများကို ဟင်းစားဇွန်းဖြင့် ခြစ်ယူပါ။

ရှားစောင်းလက်ပပ်အနှစ် ဂျယ်ရီများ (၅၀)ကျပ်သားခန့်ရရှိလျှင် ရေစင်စင်ဆေးပါ။ ရေဆေးပြီး မြေအိုး(သို့မဟုတ်) ဒန်အိုးသန့်သန့်ထဲမှာ ထည့်ပါ။ မန်ကျည်းအနှစ်ထည့်ပါ။ ထန်းလျက်ကို ကျိုချက်ပြီး အအေးခံပါ။ ပြီးလျှင် ရေစစ်ဖြင့် စစ်ပြီးမှ ထည့်ပါ။ စမုန်စပါးကို အမှုန့်ကြိတ်ပြီး ထည့်ပါ။

ထို့နောက် ပွေးကိုင်းထည့်ပြီး သမအောင် ရောမွှေပါ။ ရေနှင့် ဆားကို သင့်တင့်ရုံ ထည့်ပါ။ ပြီးလျှင် ကျိုချက်ပါ။ ဒေါင်းစေးကျ၍ လက်ဖြင့် ကော်ရပြီး ချက်ဆေးဖြစ်လာလျှင် အအေးခံထားပါ။ ပြီးလျှင် ပုလင်းထဲထည့်ပြီး လေလုံအောင်ထားပါ။

ယင်းချက်ဆေးအား ဟင်းစားဇွန်းနှင့် တစ်ဇွန်းခန့် ညအိပ်ရာဝင်ခါနီးတိုင်း ရေအေးနှင့် တစ်နေ့ တစ်ကြိမ် မှန်မှန်စားသုံးပါက မီးယပ်ရောဂါပျောက်ကင်းပါသည်။

ယင်းချက်ဆေးသည် မီးယပ်ရောဂါအပြင် ဆီး,ဝမ်း,လေမှန်ခြင်း၊ သွေးချိဆီးချိုရောဂါ သက်သာပျောက်ကင်းခြင်း၊ အပူငြိမ်းခြင်း၊ သွေးသားစင်ကြယ်ခြင်း၊ အစားအသောက်ကောင်းခြင်း၊ မျက်စိအမြင် ကြည်လင်လာခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိစေပါကြောင်း တင်ပြလိုက်ရပေသတည်း။

**မောင်မောင်ကျော**

www.burmeseclassic.com

# ရှားစောင်းလက်ပတ် ချက်ဆေး

**အထင်မသေးနှင့်**

မောင်မောင်ကြွက်



ကျွန်ုပ်မိခင်၏ အမေဖြစ်သော ကျွန်ုပ်၏ အမေကြီး သို့မဟုတ် အဘွား၏ နာမည်မှာ ဒေါ်ငွေညွှန့် ဖြစ်ပါသည်။ သို့သော် အများစုက **"အမေညွှန့်"** ဟူ၍ လည်းကောင်း၊ **"ဆရာမကြီး"** ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

ကျွန်ုပ်နှင့်တကွ တစ်ရွာလုံးကတော့ "အမေညွှန့်"ဟုသာ ခေါ်ဝေါ်ခဲ့ကြသည်။ အမေညွှန့်၏ဖခင် ဦးထုံးသည် တိုင်းရင်းဆေးသမားတော်ကြီး တစ်ယောက် ဖြစ်ပါသည်။

အမေညွှန့်သည် ဖခင်တိုင်းရင်းသမားတော်ကြီးဦးထုံး၏ မြန်မာ့ရိုးရာ ဗိန္ဒောပညာကို အပြည့်အဝလိုက်နာထိန်းသိမ်းခဲ့သည်တော့ မဟုတ်ပါ။ အမျိုးသမီးများအတွက် ဖော်စပ်ပြီး ရောင်းချခဲ့သည့် "ရှားစောင်းလက်ပပ် ချက်ဆေး" တစ်မျိုးတည်းသာ မှတ်သားပြီး ဖခင်ကြီး၏ပညာ တစ်စိတ်တစ်ဒေသကို ဆက်လက် ထိန်းသိမ်းခဲ့သူ ဖြစ်ပေသည်။

အမေညွှန့်သည် ဤချက်ဆေး တစ်မျိုးတည်းနှင့်ပင် "ဆရာမကြီး" ဖြစ်ခဲ့ရသူဟု ဆိုရပေမည် ဖြစ်သည်။

အမေညွှန့်သည် အသက်(၄၂)နှစ် အရွယ်ကပင် ခင်ပွန်းဦးချစ်ထွန်း ကွယ်လွန်သွားခဲ့သဖြင့် မုဆိုးမဘဝသို့ ရောက်ခဲ့ရသော်လည်း ယင်း ချက်ဆေး တစ်မျိုးတည်းသာ ဖော်စပ် ရောင်းချပြီး သားသမီး(၈)ယောက်တို့အား ကျွေးမွေးခဲ့ရှာပေသည်။

အသက်(၄၂)နှစ်အရွယ်မှ အသက်(၉၀)ကျော်သည်အထိ ချက်ဆေး ဖော်စပ်ရောင်းချခဲ့ပြီး အသက် (၁၀၂)နှစ်ပြည့်ခါနီးအရွယ်ရောက်မှ ကွယ်လွန်သွားခဲ့ရှာပေသည်။

အမေညွှန့်၏ ချက်ဆေးသည် ထိုခေတ်က မိတ္ထီလာမြို့နှင့် မိတ္ထီလာကန်အောက် တစ်ခွင်တွင် နာမည်ကြီးခဲ့ပါသည်။

အမေညွှန့် သက်ရှိထင်ရှားရှိနေစဉ် အချိန်နှင့် အမေညွှန့် ကွယ်လွန်သွားပြီး နောက်ပိုင်း အချိန်များတွင် အမေညွှန့်၏ သားသမီးများနှင့် မြေးမြစ်တို့သည် ယင်းချက်ဆေးအား ဖော်စပ် ရောင်းချခြင်း မရှိတော့ပေ။

ယခုအချိန်တွင် အမေညွှန့်၏ သားသမီး(၈)ယောက်အနက် သတ္တမမြောက် သမီးဖြစ်သူ အသက်(၈၀)အရွယ်ရှိ ဒေါ်လေးဒေါ်ခင်တင့် တစ်ယောက်သာ ကျန်ရစ်တော့ပါသည်။

ကျွန်ုပ်ငယ်ငယ်ကတည်းမှ အသက်(၄၀)အရွယ်အချိန်ခန့်အထိ ကျွန်ုပ်နှင့် ကျွန်ုပ်၏အစ်မများဖြစ်သော ဒေါ်သိန်းနှင့် ဒေါ်သိန်းရှင်တို့သည် အမေညွှန့်နှင့် ဒေါ်လေးဒေါ်ခင်တင့်တို့ ချက်ဆေးချက်ရာတွင် အမြဲတမ်းလိုလို ဝိုင်းဝန်း ကူညီလုပ်ကိုင်ခဲ့ဖူးပါသည်။

သို့ရာတွင် ချက်ဆေး ဖော်စပ်ပုံနည်း အပြည့်အစုံကို အတိအကျ မသိရှိခဲ့ပါ။ သို့ဖြစ်၍ ယခုထက်တိုင် သက်ရှိထင်ရှားရှိနေသေးသော **ဒေါ်လေးဒေါ်ခင်တင့်၊ အစ်မဒေါ်သိန်းနှင့် ဒေါ်သိန်းရှင်တို့ထံမှ** ချက်ဆေး ဖော်စပ်နည်း အပြည့်အစုံအား မေးမြန်းခဲ့ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသည် မြန်မာ့ရိုးရာ ဗိန္ဒောဆေးပညာရပ်များကို ပြန်လည် ဖော်ထုတ် တင်ပြပေးနေပါသဖြင့် ကျွန်ုပ်သည် အမေညွှန့်၏ မြေးအရင်း တစ်ယောက်အနေဖြင့် ရှားစောင်းလက်ပပ်ချက်ဆေး ဖော်စပ်ပုံ ဆေးနည်းအား အလိုရှိကြသူများ အသုံးပြုနိုင်ရန်အတွက် ဆေးဒါနအဖြစ် တင်ပြလိုက်ပါသည်။

တစောင်းလက်ပပ်(ခေါ်)

ရှားစောင်းလက်ပပ်ချက်ဆေး

တစ်ဖုံစာ

- ရှားစောင်းလက်ပပ် (၅၀) ကျပ်သား
- မန်ကျည်းအနှစ် (၂၀) ကျပ်သား
- ထန်းလျက် (၁) ပိဿာ၊
- ပွေးကိုင်း (၁၅) ကျပ်သား
- စပုန်မှိုးငါးပါး (၁၀) ကျပ်သား

ရှားစောင်းလက်ပပ်ပင်တွင် အလက် (၁၂)လက်မှ (၁၄)လက်အထိ ရှိပါသည်။ ရှားစောင်းလက်ပပ်တစ်လက်၏ အရှည်သည် (၁ ဒသမ ၃)ပေခန့်ရှိပြီး အောက်ခြေမျက်နှာမှာ (၂ ဒသမ ၄) လက်မခန့်အရွယ်ရှိ ရှားစောင်းလက်ပပ်များကိုသာ ချိုးယူပါ။

(စာမျက်နှာ(၁၇၅) သို့)




www.burmeseclassic.com

www.burmeseclassic.com

# စိုက်/မွေး ပညာရှင်တစ်ဦး၏

## လက်ဖဝါးပြင်မှာ

ဆရာကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပြင်ပုံစံပိုင်ရှင်မှာ **အသက်(၃၂)နှစ်အရွယ်** မြန်မာအမျိုးသားတစ်ဦး ဖြစ်ပါသည်။ သို့သော် သူ့ကို သူ့မိဘများက ဥရောပနိုင်ငံတစ်ခုတွင် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူ့အနေဖြင့် စိုက်/မွေးပညာရပ်မှာ ဒေါက်တာဘွဲ့ရရှိပြီးသူ ပညာရှင်တစ်ဦးဖြစ်သည်။ အမေရိကန်နိုင်ငံမှာ ပညာသွားသင်ရန် စီစဉ်နေသူလည်းဖြစ်သည်။

စိုက်/မွေးပညာရပ်များကို သင်ကြား သုတေသနပြုရသောဌာနမှ အရာထမ်းတစ်ဦး **က** လည်းဖြစ်သည်။

စိုက်/မွေး လုပ်ငန်းကို ကိုယ်ပိုင်တည်ထောင်လုပ်ကိုင်နေသူဖြစ်ကြောင်းလည်း သိရသည်။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည့်နေရာမှာ **လက်မထိပ်၌ ဗွေအကွေး (ခေါ်) လခြမ်းဗွေရှိခြင်းဖြစ်**သည်။ လက်ချောင်းထိပ်ဖျားများအားလုံးနီးပါး ထိုဗွေမျိုးဖြစ်ကြသည်။

* * *——————→




ထိုဗွေမှာ ဇွဲကောင်းခြင်း၊ ဘာလုပ်လုပ် ပြီးဆုံးအောင် လုပ်တတ်ခြင်း၊ လက်ရှေ့ဆန်




www.burmeseclassic.com

www.burmeseclassic.com

ခြင်းဆိုသော ပင်ကိုစီးပွားရှိသည်။

**"ခ"အကွရာနှင့်** ညွှန်ပြထားသည်မှာ **အင်္ဂါဂြိုဟ်ခွင် အဖိုနေရာမှာ စတုဂံကွက်** ထင်ရှားရှိခြင်းဖြစ်သည်။

* * *





အိန္ဒိယ လက္ခဏာပညာရှင်များက ထိုနေရာကို သတ္တုရဋ္ဌာန(ရန်သူဋ္ဌာန)ဟု သတ်မှတ်ထားသည်။

စတုဂံမှာ ကာကွယ်ခြင်းဟု ဆိုသဖြင့် ခိုက်ရန်ပြဿနာ၊ သွေးထွက်သံယို ဒေါသများမှ အကာအကွယ်ပေးခြင်းဟု အဟောထုတ်ရမည်ဖြစ်သည်။

ဒေါသကြောင့် ဖြစ်ရသော ခိုက်ရန်ပြဿနာ၊ သွေးထွက်သံယို၊ ထိခိုက်အန္တရာယ်များမှ အကာအကွယ်ပေးမည်ဟု ယူဆမိပါသည်။

**"ဂ"အကွရာနှင့်** ညွှန်ပြထားသည့်နေရာမှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခွင်၌ **လျှို့ဝှက်ဆော်လမွန်လက်စွပ်သင်္ကေတ** ရှိခြင်းဖြစ်သည်။

* * *




ကျွန်ုပ်၏ အတွေ့အကြုံအရ ထိုသင်္ကေတ ရှိသူမှာ သူတစ်ပါး အပေါ် ဆရာ လုပ်ရခြင်း၊ စီမံခန့်ခွဲ ဦးဆောင်ရခြင်း ဖြစ်စေသည်။ ဆရာ လမ်းကြောင်းတစ်ခုပင် ဖြစ်သည်။

ဗိဇ္ဇာတတ်ကျွမ်းသော ပညာရပ်ကို သူတစ်ပါးအား ပြန်လည် သင်ကြားပေးရတတ်သည်။ အကြံပေးလမ်းညွှန်မှုများ ပြုပေးရတတ်သည်။

**"ဃ"အကွရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးထိပ်ဖျား အပါအဝင် လက်ချောင်းထိပ်ဖျားများ **အဝိုင်းခြမ်းပုံ** ရှိခြင်းဖြစ်သည်။


* * *




ထိုသင်္ကေတရှိသူတို့မှာ အလုပ်အမျိုးမျိုးကို လုပ်နိုင်စွမ်းရှိသည်။ အလုပ်မရွေးတတ်သူမျိုးဖြစ်သည်။

**"င"အကွရာနှင့်** ညွှန်ပြထားသည်မှာ **သောကြာခါးပတ်လိုလို၊ နှလုံးလမ်းကြောင်းလိုလို ဝေခွဲမရဖြစ်စေနိုင်သောလမ်းကြောင်း** ဖြစ်သည်။ တစ်နည်းပြောရလျှင် သောကြာခါးပတ်နှင့် နှလုံးလမ်း ရောထွေးနေခြင်း ဖြစ်သည်။

* * *





ဤသင်္ကေတကြောင့် အချစ်ရေး အိမ်ထောင်ရေး ကိစ္စများတွင် ကံမကောင်းတတ်ပါ။ အိမ်ထောင်ပျက်ခြင်း အိမ်ထောင်ဆက်ဖြစ်ခြင်းတို့ ကြုံနိုင်သည်။

သို့သော် ဗိဇ္ဇာတတ်ကျွမ်းသော (စိုက်၊ မွေး)ပညာများနှင့် ပတ်သက်၍ သုတေသနပြုခြင်း၊ စာပေရေးသား ဖော်ထုတ်ခြင်းမျိုးတွင် ပါရဂူမြောက် အောင်မြင်နိုင်မည်။ ထိုပညာရပ်နှင့် ပတ်သက်သော သင်ကြားမှုလုပ်ငန်းမျိုးတွင် ပါမောက္ခရာထူးမျိုးအထိ တိုးတက်ရရှိသူမျိုးတွင် တွေ့ရှိရဖူးသည်။

**"စ"အကွရာနှင့်** ညွှန်ပြထား သည်မှာ တနင်္လာဂြိုဟ်ခွင် လက်ဖ စောင်းမှထွက်သော ကံလမ်း တနင်္လာဂြိုဟ်ခွင်ဘက်သို့ ကွေးဆင် သော ဦးခေါင်းလမ်း မကွဲပြားခြင်းဖြ သည်။

* * *




ဤသင်္ကေတကြောင့် ပြည်ပနိုင်ငံခြား အကျိုးပေးခြင်း၊ စိတ်ကူးစိတ်သန်း ဆန်း ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်းတို့ ဖြစ် ပါသည်။

**"ဆ"အကွရာနှင့်** ညွှန်ပြထား သည်မှာ တနင်္လာဂြိုဟ်ခွင်တွင်ရှိသော **သဘာဝမွေး** အမျိုးအစားဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို နှစ်သ ချစ်ခင်မြတ်နိုးခြင်း၊ သစ်ပင်ပန်း တိရစ္ဆာန်များနှင့် ထူးခြားစွာ ဆက်သွ နိုင်သော အရည်အချင်းရှိခြင်း အဟောထုတ်ကြသည်။

* * *




စိုက်မွေးပညာရပ်ကို သင်ယူထူးချွန်စေ အဓိကသင်္ကေတမှာ ဤသဘာဝမွေးကြော ဟု ယူဆပါသည်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။ အောင်မြင်ကျော်ကြား ချမ်းသာကြ ပွားအောင်...*

**ဆရာကြီး ဦးအောင်မြင့်(ဥပ**
**လက္ခဏာဗေဒင်ပညာ**


www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းအတွက် တရုတ်ရိုးရာ ထက်မြက်ကျော်စွာ

# အိပ်မက်ကျမ်းဟောစာတမ်း (၆၈)

◎ သော့ကောက်ရသည် (သို့မဟုတ်) သော့ ရှာတွေ့သည်ဟု မြင်မက်လျှင် ဝမ်းမြောက် ဖွယ်ကိစ္စများ ဆက်ကာမပြတ် ကြုံတွေ့ရမည့် နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ရှိ အမျိုးသားက မြင်မက်လျှင်...**

ငွေကြေး၊ အလုပ်ကိုင် တိုးတက်ဖြစ် ထွန်းမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

နေအိမ် လူနေမှုအဆင့်အတန်း မြင့် မားလာမည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

ယုယမြတ်နိုးသည့် ကြင်ရာတွေ့မည်။

✤ **အပျိုလူလွတ်က မြင်မက် လျှင်...**

မိဘများထံသို့ လက်ဆောင်ပစ္စည်း များရောက်လာမည်။ ***(လာရောက် ကမ်းလှမ်းတောင်းရမ်းသူ ပေါ်ပေါက် မည်ဟု ဆိုလိုသည်။)***

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည် သွက်လက်၍ အမြတ် အစွန်း များပြားမည်။

✤ **တောင်သူလယ်သမားက မြင် မက်လျှင်...**

သီးထပ်သီးညှပ်များ စိုက်ပျိုးဖြစ် ထွန်း ကောက်ပဲသီးနှံ တိုးပွားကာ ငွေကြေးဝင်လမ်း များပြားဝေဆာမည်။

✤ **ကျောင်းသူကျောင်းသား စာသင် သားက မြင်မက်လျှင်...**

စာမေးပွဲများ၌ အခက်အခဲမရှိ ဖြေဆို နိုင်၍ သတင်းကောင်း ကြားသိရမည်။

✤ **နာမကျန်းဖြစ်နေသူက မြင်မက် လျှင်...**

ဆေးဝါးကောင်း၊ သမားကောင်း တွေ့၍ ဝေဒနာ သက်သာပျောက်ကင်း မည်။

✤ **အသက်အရွယ် ကြီးရင့်သူက မြင်မက်လျှင်...**

သက်ရှည်ကျန်းမာ၍ နေအိမ်၊ မိသားစု အတွင်း သုမင်္ဂလာကိစ္စ ပေါ်ပေါက်မည်။

✤ **ခရီးသွားလာစဉ် မြင် မက်က...**

ကူညီ ထောက်ပံ့သူ မိတ်ဆွေ၊ ခရီးဖော်ကောင်းတွေ့၍ ခရီးလမ်း ချောမွေ့ အဆင်ပြေမည်။

✤ **ပစ္စည်းပျောက်စဉ်မြင်မက်ပါက...**

မကြာမီ သတင်းကောင်းကြား၍ ဝမ်းမြောက်မည်။

✤ **လူပျောက်စဉ် မြင်မက်ပါက...**

သူ့အလိုအလျောက် ပြန်လည် ရောက်ရှိလာမည်။

✤ **အချုပ်ကျစဉ် မြင်မက်ပါက...**

လွတ်ရက် မဝေးတော့ပြီ။

◎ သော့ပျောက်ဆုံးသည် ကျပျောက်သည်ဟု မြင်မက်ပါက တွေးသမျှ ကြံသမျှ အလုံးစုံ စုံးစုံးမြုပ် ပျက်သုဉ်းမည့် သတိပေးချက် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးကမြင်မက်လျှင်...**

စီးပွားလုပ်ငန်း၊ ရာထူးဌာနအတွက် ကြီးပမ်းအားထုတ်မှုများ ပျက်စီးဆုံးရှုံး မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ဆုံးဖြတ်ချက် မှားယွင်းသဖြင့် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြားလိမ့် မည်။

✤ **လူလင်ပျိုက မြင်မက်လျှင်...**

မလွတ်မကင်း ကာမပိုင်ရှိသူနှင့် ဖောက်ပြားနိုင်သည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

နာတာရှည်ရောဂါသည် ခင်ပွန်းနှင့် လက်ဆက်ရကိန်းရှိသည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

တွက်ချက်မှုန်းဆမှု မှားယွင်းချွတ် ချော်ကာ ကုန်ရှုံးလိမ့်မည်။

✤ **တောင်သူလယ်သမားက မြင် မက်လျှင်...**

ရာသီဥတု ဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံ ဆုံးရှုံးပျက်စီးမည်။

✤ **ကျောင်းသူကျောင်းသား က မြင် မက်လျှင်...**

ရွေးချယ်ဖြတ်တောက် ကျက်မှတ် မိသဖြင့် စာမေးပွဲတွင် မရှုမလှ ကျရှုံး နိုင်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

မတော်တဆဖြစ်မှုဘေး သတိ ဝီရိယပြုရန် လိုသည်။

✤ **အချုပ်ကျစဉ် မြင်မက်ပါက...**

နာမကျန်း ဖြစ်လိမ့်မည်။

✤ **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ဆေးဝါးကုသမှု မှားယွင်းခြင်း၊ ဆေး ဆိပ်သင့်ခြင်းတို့ ကြုံရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

✣ ပစ္စည်းပျောက်စဉ်မြင်မက်ပါက...

ရလမ်းမရှိတော့ပါ။ ပုံစံပြောင်းသွားပြီဖြစ်သည်။

✣ လူပျောက်ရှာစဉ်မြင်မက်ပါက...

တစ်နယ်ရပ်ဝေးတွင် အတိဒုက္ခရောက်နေတတ်သည်။

✣ သက်ကြီးရွယ်အိုက မြင်မက်လျှင်...

နေအိမ်မိသားစုအတွင်း ဒုမင်္ဂလာကိစ္စ ကြုံရမည်။

❂ သော့ဝယ်ရသည်ဟု မြင်မက်လျှင် ဆုံးရှုံးနစ်နာမှု ကြုံရမည့်နိမိတ် ဖြစ်သည်။

✣ အိမ်ထောင်ဦးစီးက မြင်မက်လျှင်...

စီးပွားအလုပ်ကိုင် ကျဆင်းမည်။

✣ အိမ်ရှင်မက မြင်မက်လျှင်...

နေအိမ်တွင် သူခိုးဓားပြဘေး ကျရောက်တတ်သည်။

✣ လူပျိုက မြင်မက်လျှင်...

ချစ်သူ၏ စွန့်ခွာခြင်း ခံရကိန်းရှိသည်။

✣ အပျိုက မြင်မက်လျှင်...

ဣန္ဒြေသိက္ခာ ကျဆင်းညှိုးနွမ်းဖွယ်ကိစ္စ ကြုံရတတ်သည်။

✣ ကျောင်းသူကျောင်းသား က မြင်မက်လျှင်...

စာမေးပွဲ ကျနိုင်သည်။

✣ ကုန်သည်က မြင်မက်လျှင်...

အရောင်းအဝယ်ကုန်စည် ဆုံးရှုံးလိမ့်မည်။

✣ တောင်သူလယ်သမားက မြင်မက်လျှင်...

ရောဂါဘေး၊ ပိုးမွှားဘေးကြောင့် သီးနှံပျက်စီးမည်။

✣ ခရီးသွားစဉ် မြင်မက်ပါက...

ရည်းမှန်းချက် မအောင်မြင်ဘဲ လှည့်ပြန်လာရမည်။

✣ ပစ္စည်းပျောက်စဉ် မြင်မက်ပါ



က...

လုံးဝ ဆုံးရှုံးသွားပြီ။

✣ လူပျောက်ရှာစဉ်မြင်မက်ပါက...

မည်သို့ ကြိုးစားရှာဖွေစေကာမူ တွေ့ဖို့မလွယ်ပါ။

✣ ဆေးသမားတော်က မြင်မက်လျှင်...

ထိုအရပ်ဒေသတွင် ကူးစက်ရောဂါဘေး ကျရောက်ဖွယ် ရှိသည်။

✣ အချုပ်ကျနေစဉ် မြင်မက်ပါက...

ပြင်းထန်သောဝေဒနာ ခံစားရကိန်းရှိသည်။

✣ နာမကျန်းဖြစ်နေစဉ် မြင်မက်ပါက...

ရက်မကြာမီ သက်သာပျောက်ကင်းနိုင်သည်။

✣ သက်ကြီးရွယ်အိုက မြင်မက်လျှင်...

ခံပြင်းဒေါသထွက်ဖွယ် ကိစ္စများ ကြုံရတတ်သည်။

❂ သော့လက်ဆောင်ရသည်ဟု မြင်မက်ပါက ဆုံးရှုံးနစ်နာမှုများ ပြေပျောက်မည်။

✣ အိမ်ထောင်ဦးစီးက မြင်မက်ပါက...

စီးပွားလုပ်ငန်း အခက်အခဲများ ပြေလည်သွားမည်။

✣ အိမ်ရှင်မက မြင်မက်ပါက...

အိမ်တွင်း ပစ္စည်းဥစ္စာများ တည်မြဲမည်။

✣ လူပျိုလူလွတ်က မြင်မက်လျှင်...

ချစ်မှုရေးရာကိစ္စများ အဆင်ပြေသွားမည်။

✣ အပျိုလူလွတ်က မြင်မ

လျှင်...

ခွင့်ပန်၊ ချစ်ရေးဆိုခြင်းခံရမည်

✣ ကုန်သည်က မြင်မက်လျှင်...

တွံ့နှေးငြိမ်သက်နေသော ကုန်စ

များ သွက်လက်လာမည်။

✣ တောင်သူလယ်သမားက မြ

မက်လျှင်...

အထွက်တိုးသီးနှံမျိုးစေ့များ စို

ပျိုးအကျိုးရှိမည်။

✣ ခရီးသွားစဉ် မြင်မက်ပါက...

ခရီးအဆုံး၌ ရလဒ်ကောင်း ကြ

တွေ့မည်။

✣ ကျောင်းသူကျောင်းသား က မြ

မက်လျှင်...

ကြိုးစားထားသမျှ အရာထင်

ကြည်နူးရမည်။

✣ အချုပ်အကျဉ်း ကျစဉ် မြင်မ

ပါက...

အားပေးသူ၊ ကူညီသူ ပေါ်ပေါ

မည်။

✣ ကိုယ်ဝန်ဆောင်မိခင်က မြ

မက်လျှင်...

ချောမောစွာ မျက်နှာမြင်လိမ့်မည်

✣ နာမကျန်းဖြစ်နေသူက မြင်မ

လျှင်...

ဆေးဝါး၊ ဓာတ်စာများရရှိ၍ ကျန်းမ

လာမည်။

✣ ပစ္စည်းပျောက်စဉ်မြင်မက်ပါက...

သတင်းကောင်းကြားရမည်၊ ပစ္စည

အစားပြန်ရမည်။

✣ လူပျောက်ရှာစဉ် မြင်မ

လျှင်...

မျှော်လင့်ချက် သဲလွန်စများ

မည်။

✣ အသက်အရွယ် ကြီးရင့်သူ

မြင်မက်လျှင်...



www.burmeseclassic.com

အပူအဖော်ခံရကိန်း ရှိသည်။

✤ **ဆရာဝန် ဆေးသမားက မြင်မက်လျှင်...**

ကုထုံးသစ်၊ ဆေးဝါးသစ်များ ထုတ်ဖော်ဖြစ်မည်။

✤ **ထိမ်းမြားလက်ထက်ရန် စီစဉ်နေခိုက် မြင်မက်ပါက...**

ခမ်းနားကြီးကျယ်စွာ အောင်မြင်မည်။

❂ သော့ကျိုးသွားသည်ဟု မြင်မက်ပါက ကောင်းသောနိမိတ် မဟုတ်ပါ။

✤ **အိမ်ထောင်ဦးစီးက မြင်မက်ပါက...**

စီးပွားလုပ်ငန်း အခက်အခဲတွေ့က ကျဆင်းနိုင်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်မှုကိစ္စအသွယ်သွယ် ဖင့်နွှဲကြန့်ကြာ၍ စားဖိုဆောင်လိုအပ်ချက်များ များပြားနေနိုင်သည်။

✤ **လူပျို အိမ်ထောင်မရှိသူက မြင်မက်လျှင်...**

ချစ်ကံခေ၍ အထီးကျန်နေရကိန်း ရှိသည်။

✤ **မိန်းမပျိုက မြင်မက်လျှင်...**

ချစ်သူ လျစ်လျူပြုခြင်းခံရဖွယ် ရှိသည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပြင်ပကိစ္စအာရုံများ၍ ပညာရေး လစ်ဟင်းနေတတ်သည်။

✤ **ကုန်သည်ရောင်းဝယ်သူက မြင်မက်လျှင်...**

အရောင်းအဝယ်ဈေးကွက် ထိုင်းမှိုင်းနေလိမ့်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံ အထွက်လျော့၍ ဈေးကောင်းမရ ဖြစ်တတ်သည်။

✤ **နာမကျန်းဖြစ်နေသူက မြင်မက်လျှင်...**

ဆေးဝါး အခက်အခဲဖြစ်၍ ဝေဒနာ တိုးနိုင်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ပစ္စည်းပျောက်ဆုံးလိမ့်မည်။

✤ **ပစ္စည်းပျောက်ရှာစဉ် မြင်မက်ပါက...**

ပြန်ရရန် မလွယ်တော့ပါ။

✤ **လူပျောက်ရှာစဉ် မြင်မက်လျှင်...**

ရှာလေဝေးလေ ဖြစ်နေမည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**

မွေးရဖွားရ ခက်ခဲတတ်သည်။

✤ **ရှေ့နေရှေ့ဖတ်က မြင်မက်လျှင်...**

လိုက်ပါဆောင်ရွက်သောအမှု ရှုံးလိမ့်မည်။

❂ တံခါး ပိတ်ပိတ်နှင့်မသင့်သူ ရန်သူက သော့ရှာတွေ့သည်ဟု မြင်မက်လျှင် အခက်အခဲ အကျပ်အတည်း ကြုံရဖွယ်ရှိသည်။

✤ **အမျိုးသားက မြင်မက်လျှင်...**

အချုပ်အကျဉ်း ကျတတ်သည်။

✤ **အမျိုးသမီးက မြင်မက်လျှင်...**

ကာယိန္ဒြေထိခိုက်ပျက်ပြားနိုင်သည်။

သော့နှင့် ပတ်သက်သော အိပ်မက်နိမိတ်၊ ကောင်းကျိုးဆိုးကျိုးများသည် ခုနစ်ရက်၊ ခုနစ်လ စသည်ဖြင့် (၇)ဂဏန်းခြေဆိုင်ရာ အချိန်ကာလတွင် ခံစားရတတ်သည်။

သော့ ရှီနိ(Shi)စာလုံးသည် ဖြစ်သည်။ မှန်သည်။ 是 ရှီရ်(Shi`)နှင့် ခုနစ်ဂဏန်း 七 ချီး(qi`)တို့ ပေါင်းစည်းထားခြင်း 是七 ရှီရ်(Shi) ဖြစ်သောကြောင့်ပင်။

ထက်မင်းကျော်စွာ

---

စာမျက်နှာ (၁၈၄)မှ အဆက်

သည်။

ကျွန်တော်လည်း ထိုအဘကြီး ပြောဆိုလိုက်သော "နံနက်သဘော်၊ ညငှက်ပျော" ဓာတ်စာဆေးနည်းဖြင့် တစ်ပတ်၊ နှစ်ပတ်လောက် နံနက်သဘော်သီးမှည့် စားသုံးခဲ့သလို ညအိပ်ရာဝင်ခါနီး၌ ဖီးကြမ်းငှက်ပျောသီးမှည့်ကို ပုံမှန် စားသုံးခဲ့ပါသည်။

သို့နှင့် ကျွန်တော်၏ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ ညီညွတ်မျှတကာ ကျွန်တော် ခံစားနေရသော နာမှန်၊ ခေါင်းကိုက်၊ သွေးပေါင်ချိန်တိုး၊ အကြောတက်၊ အသားအရေပူခြင်း၊ ဆီး၊ ဝမ်းမမှန်သောဝေဒနာတို့သည် တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက် ပျောက်ကင်းခဲ့ပါတော့သည်။

ကျွန်တော်လည်း ကျွန်တော်ခံစားနေရသော ဝေဒနာတွေကို အစာအာဟာရဓာတ်စာ စားသုံးရန် တိုက်တွန်းခဲ့သူ အသက်(၈၀)အရွယ်ခန့် အဘကြီးကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် လူတို့အတွက် လက်တွေ့ အကျိုးရှိစေသော ရှေးလူကြီးတို့၏ "နံနက်သဘော်၊ ညငှက်ပျော" ဆိုသည့် အာဟာရဓာတ်စာပေး ဆိုရိုးစကားကို ကျန်းမာလိုသူတိုင်းသည် လိုက်နာကာ စားသောက်နည်းအတိုင်း နေထိုင် စားသောက်ကြမည်ဆိုလျှင် ကျန်းမာသက်ရှည်၍ အနာမဲ့ကြမည် ဖြစ်ကြောင်း တင်ပြ ရေးသားလိုက်ပါသည်။

**"အစာသည် ဆေးဖြစ်သည်၊ ဆေးသည်လည်း အစာဖြစ်သည်"**

မောင်ရင်ထွေး(မအူ)

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မေလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## ပါနက်ရွှေ

**စီးပွားရေး။** ။ မြေယာကိစ္စများ အရောင်းအဝယ်ကောင်း၍ အမြတ်များမည်။ ရွှေအရောင်းအဝယ်လုပ်ငန်း၊ ရွှေထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ငန်းကောင်းမည်။ ယာဉ်ကားထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ ခေတ္တ ရောင်းအားဝယ်အားကျမည်။

**ဝန်ထမ်းရေးရာ။** ။ တာဝန်ယူထားသောကိစ္စများ အောင်မြင်ပြီးစီး၍ တာဝန်ရှိသူများ၏ ချီးကျူးခြင်းကိုခံရမည်။ လုပ်ငန်းတာဝန်သစ်များ ထပ်မံချထားပေးလိမ့်မည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်၊ သားသမီးများ၏ ဘဝင်မြင့်မှု၊ စကားပြော မောက်မာမှုကြောင့် စိတ်မကောင်းဖြစ်ရတတ်သည်။

**အချစ်ရေး။** ။ မိဘများ (အထူးသဖြင့်ဖခင်)ကြောင့် အချစ်ရေးတွင် စိတ်မအေးဖွယ်ရာ ဖြစ်ရတတ်သည်။ မိမိဖခင်ကြောင့် ချစ်သူနှင့် ခွဲခွာရတတ်သည်။

**ပညာရေး။** ။ စီးပွားရေးဆိုင်ရာပညာရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရပ်များ၊ ရွှေရောင်းရွှေဝယ်ပညာရပ်များကို သင်ယူနိုင်သည်။

**ကျန်းမာရေး။** ။ သွေးတိုး၊ သွေးကျရောဂါဖြစ်တတ်၍ အငန်များ လျှော့စားပါ။ အဆီအအိမ့်များကို ရှောင်ပါ။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဖိခင်ဖခင်တို့အား ပန်းသီးတစ်လုံးစီ ကျွေးပါ။ နွားနို့တစ်ဖန်ခွက်စီ တိုက်ပါ။

## ပါနပေါ်

**စီးပွားရေး။** ။ ငွေကြေးလဲလှယ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ လူလိမ်ခံရတတ်၍ အထူးသတိထား လုပ်ကိုင်ပါ။ ငွေများများပါလျှင် အဖော်များများနှင့်သွားပါ။

**ဝန်ထမ်းရေးရာ။** ။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များ၊ မိမိထက် အဆင့်နိမ့်သူများက လုပ်ငန်းနှင့်ပတ်သက်၍ အပြစ်ပြောကြလိမ့်မည်။ စွပ်စွဲလိမ့်မည်။ မိမိက ရိုးရိုးသားသား မှန်မှန်လုပ်ဖို့တော့လိုသည်။

**အိမ်တွင်းရေး။** ။ မိသားစုအတွင်း တစ်ယောက်ကို တစ်ယောက် စွပ်စွဲပြောဆိုကြလိမ့်မည်။ မိခင်နှင့်ဖခင်တို့၏ အဆုံးအမကို နာယူပါ။ သားသမီးထဲမှ ကျန်းမာရေး အထူးညံ့သူရှိမည်။

**အချစ်ရေး။** ။ ချစ်သူပတ်လည်ဝိုင်းနေသောကာလ ဖြစ်သည်။ ဘဝတစ်သက်တာအတွက် ရွေးချယ်ရမည်ဖြစ်၍ နှလုံးသားဖြင့် မရွေးချယ်ဘဲ ဦးနှောက်ဖြင့် ရွေးချယ်ပါ။

**ပညာရေး။** ။ ပညာရေးကတော့ အကောင်းအဆိုးမျှနေသော ကာလဖြစ်သည်။ ကံချင်းညီမျှနေလျှင် မိမိဘက်က ဉာဏ်နှင့်ဝီရိယကို စိုက်ထုတ်ပေးလိုက်ပါက အကောင်းဘက်သို့ အားသာသွားမည်။

**ကျန်းမာရေး။** ။ လေထိုးလေအောင့်၊ လေနာရောဂါ စွဲကပ်တတ်၍ အစားအသောက် အနေအထိုင် ဆင်ခြင်ပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဖခင် သို့မဟုတ် ဖခင်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို သရက်ပျဉ်နှစ်ပြားလှူပါ။ ကျွေးပါ။ ဖိဖိမစားပါနှင့်။

## အင်္ဂါ









**စီးပွားရေး။** ။ ငွေထည်လုပ်ငန်း၊ ငွေပန်းထိမ်အရောင်းအဝယ်ကောင်းမည်။ ငွေကြေး လဲလှယ်ရေးလုပ်ငန်းသမားများ အမြတ်များမည်။ မိန်းမ အသုံးအဆောင်၊ အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ မြေအရောင်းအဝယ် ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းတာဝန်များ အချိန်မီ ပြီးစီးရန် အတော်ကြိုးစားရလိမ့်မည်။ လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ မရောက်ရှိ၍ အခက်တွေ့မည်။

**အိမ်တွင်းရေး။** ။ သားသမီးကြောင့် ဂုဏ်သိက္ခာကျဆင်းခြင်း၊ ငွေကုန် ကြေးကျများခြင်း ဖြစ်မည်။ ခရီးထွက်ပေးနိုင်လျှင် ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ ပညာပါမကာ ကြင်ရာပါရမည့်ကိန်းဖြစ်နေသည်။ အစစအရာရာအဆင်ပြေမည်။

**ပညာရေး။** ။ ပညာရေး ကံဇာတာတက်နေသောကာလ ဖြစ်သည်။ သင်ချင်သည့်ပညာကိုသင်၊ တက်ချင်သည့် သင်တန်းကိုတက် အောင်မြင်မည်။

**ကျန်းမာရေး။** ။ အရိုးအဆစ်များ နာကျင်ကိုက်ခဲရတတ်သည်။ ညဘက် ရေချိုးလျှင် ရေနွေးဖြင့် စပ်ချိုးပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၅၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၆၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၈၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၂၃၊ ၂၄၊ ၂၇၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆွမ်းခံတုန်းတော်ကြီးအား ကြက်သားလုံး(ကြော်)(၈)လုံး လှူပါ။ လိုရာဆုတောင်းပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ စက်ရုံအလုပ်ရုံများ အရှိန်အဟုန်မပျက် သွားနေမည်။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး အကျိုးအမြတ်များမည်။ ရွှေတူးဖော်ခြင်း၊ ရွှေအရောင်းအဝယ်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ မျှော်လင့်သည်ထက် အမြတ်ပိုမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းခွင်အတွင်း စာရင်းဇယား မှားယွင်းမှုကြောင့် ပြဿနာပေါ်တတ်သည်။ ခေါင်းအေးအေးထား၍ ဖြေရှင်းပါ။

**အိမ်တွင်းရေး။** ။ နှစ်ဖက်ဆွေမျိုးများကြောင့် စိတ်ညစ်ရတတ်သည်။ ရပ်ဝေးရှိ သားသမီးများ၏ ထောက်ပံ့မှုကြောင့် ငွေကြေးအဆင်ပြေမည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်မပြေ ဖြစ်နေတတ်သည်။ ကြံ...ကို သတိထားပါ။ လက်ထပ်ဖို့ကိစ္စ ဆိုင်းငံ့ထားပါဦး။

**ပညာရေး။** ။ ပညာရေးကို စိတ်မဝင်စားဘဲ စိတ်လေနေတတ်သည်။ စိတ်ကို တည်ငြိမ်အောင် ဆောင်ရွက်ပြီး ပညာရေးကိုသာ ဦးစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com





**ကျန်းမာရေး** ။ ဝမ်းဗိုက်ပိုင်းဆိုင်ရာ ရောဂါရတတ်သည်။ ဝမ်းလျှော ဝမ်းပျက်ဖြစ်တတ်၍ ဝမ်းနှုးစာများကို မစားပါနှင့်။
**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေး ချယ်ပါ။
**အဆောင်ယတြာ** ။ ဘဲသားဆန်ပြုတ် ပြုတ်၍ ကလေးရောလူကြီးပါ ကျွေးမွေး ဒါနပြုပါ။ ခွေးများကိုလည်း ခွက်ဖြင့်ထည့်၍ ကျွေးပါ။

## ကြာသပတေး

**စီးပွားရေး** ။ အိုးအိမ်ဆောက်လုပ်ခြင်း၊ အလုပ်ရုံဆောက်လုပ်ခြင်း၊ သိုလှောင်ရုံ(ဂိုဒေါင်)ဆောက်လုပ်ခြင်း လုပ်ငန်းများ တိုးတက် အောင်မြင်မည်။ အမျိုးသမီးအသုံးအဆောင် ရောင်းဝယ်ထုတ်လုပ်သူများ စီးပွား တိုးမည်။
**ဝန်ထမ်းရေးရာ** ။ မိမိအထက်မှ လူကြီးများ၏ အားပေးကူညီမှုဖြင့် ပေးအပ်သောတာဝန်များ အောင်မြင်စွာ ပြီးမြောက်မည်။ ဆုကြေး သို့မဟုတ် အပိုဆောင်းငွေများ ရရှိမည်။
**အိမ်တွင်းရေး** ။ အိမ်ထောင်ရေးသာယာမည်။ ငွေကြေးလည်း အဆင်ပြေမည်။ အမွေကဲ့သို့သော ပစ္စည်း၊ ငွေကြေးရရှိမည်။ သားသမီးတို့၏ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါ။
**အချစ်ရေး** ။ အချစ်ရေးအဆင်မပြေတာနှင့် စိတ်လေမနေပါနှင့်။ ကြားလူ၏ အကူအညီယူပြီး ကြိုးစားပါ။
**ပညာရေး** ။ ပြည်ပတွင် ပညာသင်ယူလိုပါသလား၊ ယခုကာလမှ စတင်လုပ်ဆောင်ပါ။ ပညာရေး ကံကောင်းသောကာလဖြစ်သည်။
**ကျန်းမာရေး** ။ ခြေထောက်အောက်ပိုင်းတွင် ထိခိုက်ဒဏ်ရာ ရတတ်သည်။ အသွားအလာ သတိထား ဆင်ခြင်ပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။
**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဆွမ်းခံကြွဘုန်းတော်ကြီးအား (သို့မဟုတ်)ကျောင်းထိုင်ဘုန်းတော်ကြီးအား ကော်ဖီမစ်(၁၉)ထုပ် လှူဒါန်းပါ။ လိုရာဆုတောင်းပါ။

## သောကြာ

**စီးပွားရေး** ။ အလှကုန်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ အမျိုးသမီးအသုံးအဆောင်များ အရောင်းအဝယ်ကောင်းမည်။ ကက်ဆက်၊ တီဗွီ၊ အီးဗီဒီ စသည့် ဖိမ်ခံပစ္စည်းများ အရောင်းရသွက်မည်။ အမြတ်များမည်။
**ဝန်ထမ်းရေးရာ** ။ ငွေကြေးကိုင်တွယ် သုံးစွဲရမည့်လုပ်ငန်းများ ရရှိလိမ့်မည်။ ယင်းငွေကြေးကို မှန်မှန်ကန်ကန် သုံးစွဲပါက လုပ်ငန်းများ ပြီးစီးအောင်မြင်၍ နာမည်ကောင်းရမည်။
**အိမ်တွင်းရေး** ။ ဆွေမျိုးသားချင်းတို့၏ ကူညီထောက်ပံ့မှုကို ရရှိမည်။ မမျှော်လင့်ဘဲ ငွေကြေး သို့မဟုတ် အမွေကဲ့သို့သော ဝေပုံစုကို ရရှိမည်။ သားသမီးပညာရေးကို ဂရုစိုက်ပေးပါ။
**အချစ်ရေး** ။ အချစ်ရေးတွင် အဆင်ပြေနေသော်လည်း ဂုဏ်မက်သူ၊ ငွေမက်သူတို့ကြောင့် အထင်အမြင်လွဲစရာများ၊ ပြဿနာများ ဖြစ်လာလိမ့်မည်။ သို့သော် ကြားလူကြောင့်အဆင်ပြေသွားလိမ့်မည်။
**ပညာရေး** ။ ပညာရေးတွင် ကံဇာတာ ထိပ်ဆုံးရောက်နေသော ကာလ ဖြစ်ပါသည်။ သာမန်ပညာရေး၊ အဆင့်လွန် ပညာရေး တို့ကို သင်ကြားခွင့်ရလိမ့်မည်။
**ကျန်းမာရေး** ။ လေးဖက်နာရောဂါ ဖြစ်တတ်သည်။ ကြိုတင် ကာကွယ် ကုသပါ။
**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၅၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မေပြုံပန်း(၁၉)ပွင့်၊ ဒေါနပန်း(၁၀)ခက်တို့ကို (မွေးနေ့တစ်ရက်ရက်တွင်) နံနက်(၉း၁၅)နာရီအချိန်၌ အိမ်ရှိ ဗုဒ္ဓအရုပ်တော်မြတ်အား ကပ်လှူပူဇော်ပါ။

## စနေ


**စီးပွားရေး** ။ လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်သလို လုပ်ငန်းသစ်များကို စတင်နိုင်သောကာလဖြစ်သည်။ လုပ်ငန်းများ အောင်မြင်မည်။
**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းတာဝန်များ အချိန်စောပြီးစီးမည်။ ဂုဏ်ပြုခံရမည်။ ငွေကြေးဝင်လာလျှင် သတိထားပါ။
**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးများ၏ ပညာရေး၊ စီးပွားရေး အလုပ်တာဝန်များ တိုးတက်အောင်မြင်မည်။ ငွေကြေးများရရန် နှောင့်နှေးနေတတ်သည်။
**အချစ်ရေး** ။ ငွေရေးကြေးရေး မင်္ဂလာကိစ္စတို့ကြောင့် ချစ်သူများအကြား အထစ်အငေါ့လေး ဖြစ်တတ်သည်။ ငွေကြေးပြည့်စုံသည်နှင့် ပြဿနာများအားလုံး ပြေလည်သွားပါမည်။
**ပညာရေး** ။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများတွင် ကြိုးစားရလိမ့်မည်။ ကံအားနည်းလျှင် ဉာဏ်ဝီရိယကူပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။
**ကျန်းမာရေး** ။ အကြောအဆစ်များနာခြင်း၊ ခါးနာခြင်း၊ ခြေထောက်နာခြင်း၊ ခေါက်ခြင်းတို့ ဖြစ်တတ်၍ သွားသတိ၊ လာသတိ၊ စားသတိ သတိမလွတ်ပါနှင့်။
**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဝက်သား သို့မဟုတ် ဘဲသားဟင်းဖြင့် ဆွမ်းလောင်းပါ။ (မိမိမစားပါနှင့်)။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**


www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်ငွေ (မအူပင်)

## နံ့နက် သဘော်
# ညငှက်ပျော

ကျွန်တော်သည် ဆံပင်ညှပ်သော အလုပ်နှင့် အသက်မွေးနေသူတစ်ဦး ဖြစ်ပါသည်။ ဆံသအလုပ် လုပ်ကိုင်နေ၍ ဆံပင်လာ အညှပ်ခံသူ လူမျိုးစုံနှင့် တွေ့နေရပါသည်။

ယခုရက်ပိုင်းတွင် ကျွန်တော်၏ ကျန်းမာရေးသည် နှာမွန်၊ ခေါင်းကိုက်၊ သွေးပေါင်ချိန်တိုး၊ ချောင်းဆိုး၊ အကြောတက်၊ အသားအရေ ပူခြင်း၊ ဆီး,ဝမ်းမမှန်ခြင်း စသည် ဝေဒနာတွေ တစ်မျိုးပြီး တစ်မျိုး ခံစားနေရပါသည်။

ကျွန်တော်က ဆံပင်လာညှပ်သူတို့ကို ကျွန်တော်၏ ဝေဒနာတို့ကို ပြောပြဖြစ်၍ တချို့လူတွေက အနောက်တိုင်းဆေးအမျိုးမျိုး၊ ဗမာဆေးအမျိုးမျိုး သောက်သုံးရန် အကြံပေးကြပါသည်။

ကျွန်တော်လည်း ထိုလူတွေပြောသည့်ဆေးများကို ဝယ်ယူသောက်သုံးဖြစ်ခဲ့ပါသည်။ သို့သော် ကျွန်တော် ဝေဒနာက သက်သာမှု အနည်းငယ်သာရရှိပြီး မပျောက်ကင်းဘဲ ဖြစ်ခဲ့ပါသည်။

တစ်နေ့ ကျွန်တော်လူငယ်တစ်ဦးကို ဆံပင်ညှပ်ပေးနေရင်း ထိုလူငယ်နှင့် ကျန်းမာရေးအကြောင်းများ စကားပြောမိကာ ကျွန်တော် ခံစားနေရသော ဝေဒနာတွေအကြောင်းကိုပါ ပြောနေမိပါသည်။

ကျွန်တော်၏ ဝေဒနာတွေအကြောင်း ပြောဆိုနေခြင်းကို ထိုလူငယ် ဆံပင်ညှပ်အပြီးတွင် ဆံပင်အညှပ်ခံရန် ထိုင်စောင့်နေသူ အသက်(၈၀)ခန့် ဘကြီးက နားထောင်နေပြီး ကျွန်တော့်ကို...

'ကောင်လေး... ရောဂါဝေဒနာဆိုတာ ဖြစ်လာမှ ကုသတဲ့နည်းက မကောင်းဘူးကွ။ မဖြစ်ခင်က ကြိုတင်ကာကွယ်တဲ့နည်းစနစ်က အကောင်းဆုံးပဲ။ တို့ ရှေးမြန်မာသမားတော်တွေက "အစာလဲဆေး၊ ဆေးလဲအစာ" ဆိုတဲ့အတိုင်း လူနာနဲ့ သင့်တော်တဲ့ ဓာတ်စာကိုလဲ ကျွေးခဲ့ကြတယ်။

အဘတို့ ငယ်စဉ်ကတည်းက ဘိုးဘွားတွေက အသက်ရှည်ကျန်းမာဖို့အတွက် "**နံ့နက် သဘော်၊ ညငှက်ပျော**"ဆိုတဲ့ အာဟာရဓာတ်စာကို စားခဲ့တယ်ကွ။

အဘကတော့ အခုအရွယ်အထိ အဲဒီဓာတ်စာကို စားနေလို့ ကျန်းမာရေးက ကောင်းနေတုန်းပဲ ကောင်လေး။ မင်းလဲ အဘပြောတဲ့ အာဟာရဓာတ်စာကို စားသုံးကြည့်ပါလား'

ထိုအဘကြီး ပြောလိုက်သည့် ဆေးနည်း "**နံ့နက် သဘော်၊ ညငှက်ပျော**" ဆိုသည့် ဓာတ်စာပေး ရှေးဆိုရိုးစကားကို ကျွန်တော်က သဘောကျမိကာ...

'ဘကြီးပြောတဲ့ "နံ့နက်သဘော်၊ ညငှက်ပျော"ဆိုတဲ့ ဓာတ်စာကို ကျွန်တော်က ဘယ်လို သုံးစွဲရမှာလဲ'

'နံ့နက်သဘော်၊ ညငှက်ပျောလို့ ဆိုထား တော့ မနက်စောစောမှာ သဘော်သီးမှည့် ပျော့ပျော့ကို စားရမယ်။ ညငှက်ပျောလို့ ဆိုတဲ့အတွက် ညအိပ်ရာဝင်ခါနီးမှာ ဖီးကြမ်း သီးမှည့်ကို စားရမှာကွ။

ဒီဓာတ်စာရဲ့အာနိသင်က သဘော်သီးကို မနက်ပိုင်းစားတော့ လူကို လန်းဆန်းတက်ကြွ ပြီး ရင်ကို အေးမြစေတယ်ကွ။ ခွန်အားလဲ တိုးစေပြီး အစာလဲ စားလို့ ဝင်တယ်ကွ။

ညပိုင်းမှာ လူက ဝမ်းမီးတောက်လာရင် အိပ်လို့ မပျော်နိုင်ဘူးကွ။ ဖီးကြမ်းသီးမှည့်ကို ညအိပ်ရာဝင်ခါနီး စားသုံးထားတော့ ဝမ်းမီး တောက်အား လျော့နည်းပြီး အိပ်ပျော်တာ ပေါ့။ လူဆိုတာက စားဝင်ပြီး အိပ်ပျော်မှ ကျန်းမာသက်ရှည်လာမှာကွ'

ကျွန်တော်၏ အမေးစကားကြောင့် ထိုဘကြီးက "နံ့နက်သဘော်၊ ည ငှက်ပျော" ဆိုသည့် ဓာတ်စာသုံးပုံနှင့် ဓာတ်စာအာနိသင်ကို ပြောပြ ရှင်းပြပါ

စာမျက်နှာ (၁၈၁) သို့




www.burmeseclassic.com

www.burmeseclassic.com

# မဟူရာကျောက် လက်စွပ်

အစီအရင်



နတ်မောက် လှမြင့်သစ်

(၂၃-၁၂-၂၀၁၂) တနင်္ဂနွေနေ့တွင် ဆရာဦးမင်းသန့် ကျွန်တော့်အိမ်သို့ အလည်ရောက်လာပါသည်။ အမှတ်တမဲ့ ဆရာမှ ဆေးလိပ် မီးညှိသောက်စဉ် ဆရာ၏ ညာဘက်လက်တွင် ထူးခြားစွာ ဝတ်ဆင်ထားသော လက်စွပ်ကို ကြည့်မြင်မိသဖြင့်...

'ဆရာ ခဏလေးနော်၊ ဒါ မဟူရာကျောက်လားလို့'

ကျွန်တော် ထိုသို့ တအံ့တသြ မေးရာ ဆရာမှ ပြုံးပြုံးကြီး လုပ်နေပါသည်။ ကျွန်တော့်အား ပြုံးကြည့်နေရင်းမှ...

'ဟုတ်တယ် ကိုလှမြင့်သစ်ရဲ့၊ ခင်ဗျား ကျောက်ကို နားလည်သလား'

'မလည်ပါဘူး ဆရာရယ်... အထင်မကြီးလိုက်ပါနဲ့။ အမည်းရောင် ပြောင်ပြောင်လက်လက်မို့ မဟူရာကျောက်ပဲလို့ ရမ်းသန်းမှန်းသန်း ပြောလိုက်တာပါ'

'ရမ်းမှန်းပြောပေမယ့် အမှန်ပဲဗျ။ ဒါ မဟူရာကျောက်ပါပဲ။ အစီအရင် လုပ်နေလို့ အခုမှပြီးစီးတာ တစ်ပတ် ဆယ်ရက်လောက်ပဲ ရှိသေးတယ်'

'ဟုတ်လားဆရာ ဒါနဲ့ ဒီမဟူရာကျောက် ဆရာ ဘယ်က ဘယ်လို ဝယ်ရတာလဲ'

'မဝယ်နိုင်ပါဘူးဗျာ။ ကလောင်မိတ်ဆွေ မောင်ထွန်းဦး(မိုးကုတ်)က စာပေညီလာခံမှာ လက်ဆောင်ပေးလို့ ရခဲ့ပြီး စီရင်ဝတ်တာပါ'

'ဟုတ်ကဲ့ဆရာ... ဒါနဲ့ ဆရာပြောလို့ရရင် ပြောပေးစေချင်ပါတယ်။ ဒီမဟူရာကျောက်ကို ဘယ်လိုစီရင်ပြီး ဘယ်လိုဝတ်ရတာလဲ ဆိုတာလေး'

'ဘာလဲ...ကိုလှမြင့်သစ် ရေးချင်လို့လား၊ ရေးချင်လဲ ရေးလေ။ ကျွန်တော်တောင် ရေးမယ်မှန်းထားတာ။ ခင်ဗျား ရေးတော့လဲ ပြီးတာပါပဲ။ စီရင်ရတာက ဒီလိုဗျ...'

ဟု ဆိုကာ ဆရာဦးမင်းသန့်မှ စိတ်ရှည်လက်ရှည် ဂဃနဏရှင်းပြသဖြင့် **မဟူရာကျောက်လက်စွပ် အစီအရင်**ကို ရေးသားတင်ပြအပ်ပါသည်။

❖ ဦးစွာပထမ မဟူရာကျောက်စစ်စစ်ဖြစ်ဖို့ ရဖို့လိုပါသည်။

❖ မဟူရာကျောက် အစစ်ရပြီဆိုလျှင် နေအိမ် ဘုရားစင်တွင် လည်းကောင်း၊ မိမိဒေသ ဘုရားတစ်ဆူဆူရှေ့တွင် လည်းကောင်း ရက်ရာဇာကျသောနေ့ နံနက် (၇)နာရီမှ (၁၀း၄၅) နာရီအတွင်း မဟူရာကျောက်ကို ဖန်ကာလပ်ပေါ်တွင် ထည့်လျှပြီး အလင်းတိုင်၊ အမွှေးတိုင်၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးများ (မိမိတတ်စွမ်းသလို) ကပ်လှူပူဇော်၍ ငါးပါးသီလ ခံယူကာ သမ္ဗုဒ္ဓေတစ်ထောင်၊ ဂုဏ်တော်တစ်ထောင် ရွတ်ပွားပြီး ဘုရားရှင်အား ပူဇော် ကန်တော့ပါ။

ထို့နောက် နေ့ကောင်းရက်မြတ် နက္ခတ် ကမ္ဘတ် ကောင်းသော အချိန်အခါတွင် ဘုရားထံမှောက်မှ မဟူရာကျောက်ကို ပြန်လည်စွန့်ယူပါ။

ပေါ့ပါးလွတ်လပ်သော အဝတ်အထည် ရွေးချယ်ထားပြီး ရေမိုးချိုးသန့်စင်ပြီး ဝတ်ဆင်ပါ။ မဟူရာကျောက်ကိုလည်း **"နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ တောင်တန်ကတိုးသနပ်ခါး"** နံ့သာရည်ငါးမျိုးဖြင့်ချည်





www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆေး၍ ဘုရားရှေ့မှာပင် အောက်ပါ ဂါထာဖြင့် (၁၀၀၀)စုတ်ပါ။

'ဥုံ ကုဒ္ဒိမန္တာ မဟာသတ္တာ ကုဟွတ်'

အထက်ပါ မန္တန်ဖြင့် တစ်ထောင်စုတ်ပြီးပြီဆိုလျှင် ရွှေ(သို့မဟုတ်)ငွေဖြင့် မိမိတတ်နိုင်သလို လက်စွပ်ပြုလုပ်စေပြီး နံ့သာငါးပါးရည်တွင် (၃)ရက်၊ ရေဆူပရိတ်ရေတွင် (၃)ရက် စိမ်ပြီးမှ ဆောင်ယူ ဝတ်ဆင်ရပါမည်။

မဟူရာကျောက်လက်စွပ် အစီအရင် ဂမ္ဘီရလက်စွပ်ကို ဝတ်ဆင်ထားခြင်းဖြင့်...

- ရောက်လေရာဒေသတွင် မျက်နှာပွင့်လန်း၍ ကူညီမစမည့်သူ ပေါများခြင်း၊
- သိသာထင်ရှား မြင်သာသော အကျိုးတရားထူး အောင်မြင်မှု အထူးများ ရရှိလာစေခြင်း၊
- ကျန်းမာရေး အထူးကောင်းမွန်ခြင်း၊
- အများသူငါ၏ ယုံကြည်လေးစားအားကိုးမှု ခံယူရရှိစေနိုင်ခြင်း၊
- ရန်ကင်း၍ ကြံစည်ဆောင်ရွက်သမျှ အမှုကိစ္စများ အောင်မြင်မှု ရရှိစေခြင်း၊
- ပါရမီအလိုက် (၃)လ၊ (၃)နှစ် အတွင်း သင်နှင့် သင့်မိသားစုတွင် ထင်သာမြင်သာ တိုးတက် အောင်မြင်မှုများ ရရှိလာစေပါသည်။

**အထူးမှာ** ဝတ်ဆင်ဆောင်ယူသူသည် **ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရိယကံ အထူးလုံဖို့ လိုပါသည်။** သို့မှသာ အောင်မြင်မှု တိုးတက်မှု ကြံစည်သမျှတို့သည် တစ်ခုပြီးတစ်ခု ထပ်ဆင့်၊ ထပ်ဆင့်၊ ထပ်ဆင့်ကာ ရရှိလာစေပါမည်။

***တိုးတက် ကြီးပွားကြပါစေ။***

**နတ်မောက် လှမြင့်သစ်**

# ကလေးများအတွက် နဂါးပျဉ်းမြွေ



ကလေးများအတွက် နဂါးပျဉ်း(ခေါ်) ရှားစောင်းလက်ပါးရွက်

လောင်းလုံမြို့နယ်အတွင်း အမြင့်ဆုံးသော တောင်မိုးတောင်သို့ တက်ရောက်စဉ် ကိုခင်မောင်ဝင်း (မောင်းမကန်)၏ ညွှန်ပြမှုကြောင့် ရှားစောင်းပင် တစ်ပင်ကို ဂရုပြုမိသည်။ သူက ယင်းအပင်အား **နဂါးပါးပျဉ်း (နဂါးပျဉ်း)**ဟု ခေါ်ကြောင်းနှင့် **သူငယ်နာချောင်းဆိုးရောဂါ ဖြစ်ပွားသောအခါ အရွက်အား မီးကင်၍ အခွံကို ဖယ်ရှားကာ အတွင်းသားအား နယ်ဖတ်၍ အဝတ်(ပိတ်စစ်)ဖြင့် စစ်ယူ... သည်။**

ယင်း စစ်ယူရရှိသော အနည်အ... သကြားသင့်ရုံ ရောစပ်ကာ လက်ဖ... စားဇွန်း တစ်ဇွန်း ကလေးများအ... တိုက်ကျွေးပါက သူငယ်နာနှင့် က... ချောင်းဆိုးရောဂါမှန်သမျှ သက်သ... ပျောက်ကင်းကြောင်း သိရှိရလေသ...

**ထွေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

လေ့လာကြည့်ပါဦး။

❖ **လက်သန်းသည် တိုပြီး အပြင်ဘက် ကားထွက်နေတယ်။ (၁.၁)**

ဒါကတော့ လွတ်လွတ်လပ်လပ် နေချင်တဲ့ သဘောပါ။ ဒါကို တစ်မျိုး ပြောကြည့်ရင် ချုပ်ချယ်တာကို မကြိုက်ဘူးလို့လဲ ပြောရမယ်။

❖ **လက်မက ခါးသိမ်ပြီး၊ လက်မရဲ့ ထိပ်ပိုင်းက ပြားပြီး နောက်ဘက်သို့ ကော့လန်ပြီး ကွေးညွတ်လွန်းတယ်။ (၂.၂)**

ဒါကတော့ အားနာတတ်တာ၊ အသုံးအဖြုန်းကြီးတာတွေကို ပြတယ်။ တစ်နည်းပြောရင် စိတ်ပိုင်းဆိုင်ရာ ပျော့ပျောင်းတဲ့ သဘောပါ။

❖ **ဉာဏ်လမ်းက ကွေးညွတ်လွန်းတယ်။ (၃.၃)**

ဒါကတော့ အတွေးလွန်တဲ့ သဘောပါ။ စိတ်ကူးနဲ့ ပျော်နေတတ်တဲ့ သဘောမျိုးပါပဲ။

# သူ ဘယ်လိုလူစားလဲ




ဒါတွေကို ခြုံငုံသုံးသပ်လိုက်ရင်... စိတ်ကူးသာယဉ်ပြီး ဖြစ်အောင် စနစ်တကျ လုပ်နိုင်မယ့်သူမျိုး မဟုတ်ဘူးဆိုရင် သူ ဘယ်လိုလူစားလဲ ဆိုတာ သိလောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



# ပြဒါးလမ်းစဥ်

ဘုန်း၀တ်ကိုကိုလေး
(ဘီအေ)

**စာရေးသူသည် ၂၀၀၀ ပြည့်နှစ်၊ မေလအတွင်းက မင်းတုန်းမြို့ တောင်ခြမ်း လွှာချောင်းဘေးနားမှာ ရှိတဲ့ ဒေါင်းသမားလေးရွာ ဘုန်းတော်ကြီးကျောင်းကိုရောက်ခဲ့ပါတယ်။**

ဘုန်းတော်ကြီးကျောင်းကို ရောက်တော့ ပြည်မြို့က လက်ယာလမ်း ပြဒါးလမ်းစဥ်ကို ဓာတ်ကစားနေတဲ့ ဦးပဥ္စင်းတစ်ပါးကို ဆုံစည်းခဲ့ရပါတယ်။ ဦးပဥ္စင်းက ထွက်ရပ်လမ်း ပြဒါးလမ်းစဥ်ကို အောက်ပါအတိုင်း ပြောပြခဲ့ပါတယ်။

ပြဒါးကို မူလဆိုတာ ဓာတ်ကျမ်းမှာ ဓာတ်စကားအနေနဲ့ ပြောရရင် လူတွေအနေနဲ့ တော်တော်များများ အင်္ဂရတ်သမားတွေက ရက္ခမှုန့်နဲ့ဖမ်းတာတို့ သစ်ဥသစ်ဖုနဲ့ ဖမ်းတာတို့ ပြဒါးကို အရည်ကနေ အခဲရအောင် လုပ်တာတို့ ဒါကို မူလ၊ မူလလို့ ပြောနေကြတယ်။

ဦးပဥ္စင်းအနေနဲ့ကတော့ ဒါမျိုးတွေကို လုံး၀ မနှစ်သက်ပါဘူး။ မူလဆိုတာ ဓာတ်စကားနဲ့ပြောရရင် **မူက ၅၊ လက ၄** သူတို့နှစ်လုံးပေါင်း (၉)နဝင်း တစ်လုံး မိနေတဲ့ ပြဒါးတစ်လုံး ဖြစ်ရမယ်။ ဒါသေတဲ့ ပြဒါးတစ်လုံးဖြစ်မှ မူလသေတဲ့ ပြဒါးတစ်လုံး အစစ်အမှန် ဖြစ်နေရမယ်။

ဒီလို ပြဒါးမှသာ သိဒ္ဓိကိုပေးနိုင်တယ်။ ဦးပဥ္စင်းအနေနဲ့ ပြဒါးတစ်လုံးကို ဖမ်းတယ်ဆိုရင် (၃၅)နှစ် ဘုရားဖြစ်သလို ဓာတ်ဘုရားဖြစ်ဖို့အတွက် တနင်္ဂနွေဂြိုဟ်သက်၊ စနေဂြိုဟ်သက်၊ ကြာသပတေးဂြိုဟ်သက် ဒီဂြိုဟ်သက်တွေကို ပေါင်းရင် (၃၅)နှစ်ဖြစ်တယ်။ အဲသလို (၃၅)နှစ် ဖြစ်သလိုပဲ ဓာတ်ဘုရားဖြစ်ဖို့အတွက် **နာရယ်၊ ပြဒါးရယ် နှစ်ခုပေါင်းရတယ်။**

ပေါင်းပြီးတဲ့အခါမှာ အပေါ်က ကြေးပြားနဲ့ အုပ်ပိတ်ပေးပြီးတော့ လူတွေမှာ ကိုးလလွယ်

ဆယ်လဖွားသလို ဓာတ်မှာလဲ ကိုးလလွယ် ဆယ်လဖွားရတယ်။ ဆယ်လမီးပေးရတယ်။ အဲဒီလို မီးပေးပြီးတော့မှ ဒီအောက်မှာရလာတဲ့ ဓာတ်ပြာတွေကို ထိုးယူရတယ်။

အဲဒီလို ရလာတဲ့ပြဒါးမှ ရွှေကို တက်လို့ရတယ်။ ဓာတ်လမ်းအဖြစ် အဲဒီလိုရလာတဲ့ ပြဒါးဟာ ဘယ်လိုသိဒ္ဓိ မြောက်တယ်ဆိုရင် လမ်းစဥ်တွေကတော့ အဆင့်ဆင့်ပေါ့နော်။ ပြောရရင် အရှည်ကြီးပေါ့။

အကျဥ်းချုပ်ပြောရရင် အဲဒီလိုရလာတဲ့ ပြဒါးဟာ (၃၅)နှစ်ရလာတဲ့ ပြဒါးကို တစ်ခါတည်း အောက်က ပြာတွေ ဖြစ်သွားတယ်။ ကမ္ဘာကြီး ခြေဖျက်သလို ဓာတ်ကိုလဲ ခြေဖျက်ရတယ်။

ကမ္ဘာကြီးကို နေခုနစ်စင်းနဲ့ လောင်မြိုက်နေလို့ ကမ္ဘာကြီးဟာ မုန့်မုန့်ညက်ညက်ကြေသွားသလို ဒီဓာတ်ဘုရားဖြစ်ဖို့အတွက် ဒီဓာတ်ပြဒါးကို ခြေဖျက်ရတယ်။ ကမ္ဘာကြေသလို ပြဒါးကို ခြေဖျက်ရတယ်။

ဒီအပေါ်က အန္တောဆိုတဲ့ ကြေးပြားနဲ့ မီးအပူပေးတဲ့အခါ ပြဒါးနဲ့ နာတွဲထားတာ အကုန်လုံးကြေပြီး အမှုန့်တွေ ဖြစ်ကုန်ကြတယ်။ ဒီဟာကိုမှ ပြန်ထိုးချလိုက်တဲ့အခါ အသားပြန်ရတယ်။

အောက်က အသားက နဂါး အပေါ်ကဟာက ဖား ချော်၊ ဒီချော်က နောက်ဆုံး အနေနဲ့ ပြန်သုံးလို့ရတယ်။ အဲဒီလို ပြဒါးကို ထိုးလို့ရှိရင် ဒုတိယ အဆင့်ပေါ့နော်။ **"ကြွက်နဲ့ ဟိုင်းမင်း အတူသွင်း"** ဆိုတဲ့အတိုင်း ထွက်လာတဲ့ ပြဒါးဟာ ကြွက်နဲ့ဟိုင်းမင်းအတူ သွင်း ဓာတ်ခင်း၍ထား အတူတူပဲ။

ကြာသပတေးဂြိုဟ် တစ်လုံးကို ဖမ်းပြီး၊ သတ်ပြီးတဲ့အခါ ရာဟုဂြိုဟ်ကို အလိုလိုရောက်သွားတယ်။ ရှင်မထီးဆိုတဲ့စကားအရဆိုရင် **"တစ်နှစ်သုံးလေးလေးစာမထွေးနဲ့ ငါးမှာ ဆေးထူး အထူးမရှိဘူး"** (၁)ဆေးပုံ၊ (၂)ဆေးပုံ၊ (၃)ဆေးပုံ၊ (၄)ဆေးပုံ ဆေးလေးပုံရှိတယ်။ အဲဒီဆေးပုံမှာ (၂)ဆေးပုံနဲ့ (၃)ဆေးပုံဟာ အတူတူ အလုပ်လုပ်တယ်။ အဲဒီ (၂)ဆေးပုံနဲ့ (၃)ဆေးပုံဟာ အတူတူ အလုပ်လုပ်ခြင်းကြောင့် ဓာတ်ဘုရားဖြစ်ဖို့ ထိုးချလိုက်တဲ့ ပြဒါးက ရာဟုဂြိုဟ်ကို အလိုလို ရောက်သွားပြီး ကြွက်နဲ့ဟိုင်းမင်း အတူတူ ဖြစ်သွားပြီ။

ခြင်္သေ့နဲ့ကျား ပေါင်း၍ထား ဆိုတဲ့အတိုင်း ခြင်္သေ့နဲ့ကျား အတူတူဖြစ်ခြင်းကြောင့် ကြွက်နဲ့ဟိုင်းမင်း အတူသွင်း ရာဟုဂြိုဟ်ကိုရောက်နေတဲ့ ပြဒါးကို သံနင်းလိုက်တဲ့အခါမှာ ခြင်္သေ့နဲ့ကျား အတူတူထား ဆိုတဲ့စကားအရ ခြင်္သေ့နဲ့ ဟိုင်းနဲ့ အတူဖြစ်သွားပြီး ဓာတ်စကားလဲ အတူတူဖြစ်သွားပြီ (၂)ဆေးပုံ



www.burmeseclassic.com

www.burmeseclassic.com

(၃)ဆေးပုံ အလုပ်,လုပ်တာပြီးသွားပြီ။

**ပထမ(၁)ဆေးပုံက** ပြဒါးကို မှုန့်မှုန့်ညက်ကြေအောင် ကမ္ဘာကြီး ကြေသလို ဓာတ်ကို ခြေပစ်လိုက်တယ်။ သံနင်းပြီးတဲ့ အဆင့်ကတော့ သောတာပတ္တိမဂ်ဆိုက်တဲ့ ပုဂ္ဂိုလ်လို၊ သောတာပတ္တိမဂ်ရောက်တဲ့ အဆင့်လို ဖြစ်သွားတယ်။

**(၄)ဆေးပုံဆိုတာ** ဗုဒ္ဓဟူးဂြိုဟ်ခွင်မှာ ၁...၂...၃...၄ ဓာတ်ဖိုပေါ့နော်။ (၄)ဆေးပုံဖြစ်ဖို့အတွက် (၄)ရဲ့ သမသတ် သောကြာ။ ဒီသောကြာရဲ့ သမသတ် တနင်္လာ နဝင်းတစ်လုံး ဖြစ်တယ်။ နဝင်းနဲ့ ဒီပြဒါးကို သတ်မှ ပြဒါးသေမှာကိုး။ (၄)ဆေးပုံအတွက် နေဂြိုဟ်နဲ့ လဂြိုဟ် အလုပ်အစိုးရတဲ့ ဓာတ်နှစ်လုံးပဲ ရှိတယ်။

တနင်္ဂနွေဂြိုဟ်မှာနေရင် **နာ၊** တနင်္လာမှာဂြိုဟ်ရောက်ရင် **ခဲ၊** စနေဂြိုဟ်မှာနေရင် **ဒန်၊** တနင်္လာဂြိုဟ်ရောက်ရင် **ကြေး။** နေဂြိုဟ်နဲ့ လဂြိုဟ် အစိုးရတဲ့ ဓာတ်နှစ်လုံးတည်း ရှိတယ်။

ဒါကြောင့် ဒီနှစ်လုံးက စ,တည်တော့လဲ ဒီဓာတ်နှစ်ပါး၊ အဆုံးသတ်တော့လဲ ဒီဓာတ်နှစ်ပါးနဲ့ သတ်ရတယ်။ အရှင် ဣန္ဒာစရိယက **"ဤသည်အစ ဤသည်အဆုံး"**လို့ ပြောကြားခဲ့တယ်။

အဲဒီတော့ တနင်္ဂနွေဂြိုဟ်မှာနေတဲ့ နာဟာ **နေဂြိုဟ်**အလုပ်ကို လုပ်တယ်။ ပူပြင်းတဲ့အလုပ်ကို လုပ်တယ်။ တနင်္လာဂြိုဟ်မှာ ခဲဆိုတဲ့ဘဝမှာ နေရင် **လဂြိုဟ်**အလုပ်ကို လုပ်တယ်။ အေးတဲ့ အလုပ်ကို လုပ်တယ်။

ဒါကြောင့် တနင်္ဂနွေဂြိုဟ်မှာ နောက်ဆုံးသတ်တဲ့ ဆေးတစ်ဖုံလိုတာကို တနင်္ဂနွေဂြိုဟ်မှာနေတဲ့ နာကို တနင်္လာဂြိုဟ်ကို ပို့ပေးတယ်။ ဘယ်လိုပို့ပေးရသလဲဆိုတော့ တနင်္ဂနွေမှာနေတဲ့ နာကို ပြဒါးတစ်ကျပ်သားကို တစ်မူးသားနှုန်း သွင်းပြီးတော့ လက်ချားချော် ချက်ပြီးလက်ချားချော်ထဲမှာ နှစ်ရတယ်။

လက်ချားဆိုတဲ့အတိုင်း လက်က (၄) ဗုဒ္ဓဟူး၊ ချားက တနင်္လာဓာတ်ဂြိုဟ်နှစ်ပါးပေါ့။ ကြွက်၊ ဆင်၊ ကျား၊ ပူး ဂုဏ်ရောင်မြူး ကျေးဖူး နေသို့လင်း ဖြစ်တည်းဆိုတဲ့ စကားရှိတယ်။

တနင်္လာဂြိုဟ်ရောက်အောင် လက်ချားချော် နှစ်လိုက်တဲ့အခါမှာ ခဲဆိုတဲ့ ဘဝကို ရောက်သွားတယ်။ နာဆိုတဲ့ ဂြိုဟ်အလုပ်ကို မလုပ်တော့ဘူး။ လ,ဆိုတဲ့ ခဲအလုပ်ကို လုပ်တော့တယ်။ သွပ်နဲ့ ခဲ တွဲပြီး ချော်လုပ်ရတယ်။

ဒီချော်နဲ့ ပြဒါးကို အုပ်ထိုးရတယ်။ ပထမဆုံး ထိုးလို့ရလာခဲ့တဲ့ အန္တောချော်နဲ့ သွပ်ချော်နဲ့ ပေါင်းပြီး ပြဒါးလုံးကို ထိုးသွားတယ်။ ဒီလိုနဲ့ ပြဒါးလုံးဟာ အလိုလိုကျောက်နဂါးလုံးဖြစ်လာတယ်။

နီရဲနေတဲ့ ကျောက်နဂါးလုံး ဖြစ်လာတယ်။ ရောင်လေးတွေ ထွက်လာတဲ့ ကျောက်နဂါးလုံး ဖြစ်လာတဲ့အခါမှ သိဒ္ဓိအဖုံဖုံကို ပေးစွမ်းတယ်။ ဒီထက်အဆင့်ကို လွန်မြောက်သွားလို့ရှိရင် သူက ရလာတဲ့ ပြာကို စားလာတဲ့အခါမှ အထက်သိဒ္ဓိ(၅)ပါး၊ သိဒ္ဓိ(၁၀)ပါးကို ရရှိနိုင်တယ်။

ကျောက်နဂါး ပြဒါးလုံးအဆင့်ကို ရောက်သွားတဲ့ ပြဒါးသေလုံးက ဘယ်လိုစွမ်းသလဲဆိုတော့ သူ့ကို အုပ်ထိုးသွားတဲ့ လက်ချားချော်နဲ့ ကြေးတွေကို ကျိုပြီး အုပ်ထိုးလိုက်တဲ့အခါမှာ ကြေးတွေဟာ အလိုလို ကိတ်ဖြစ်သွားတယ်။

ကိတ်ဆိုတာ ရိုးရိုးသာမန်(၁၆)ပဲရည်ဖြစ်တဲ့ ရွှေလို မဟုတ်ဘူး။ ပဲ(၂၀)ရည်ဖြစ်တဲ့ကိတ်၊ ပျော့အိနေတဲ့ ခဲသားလို ပဲ(၂၀)ရွှေသား ဖြစ်သွားတယ်။

အဲဒီရွှေဟာ ကိတ်အရှင်၊ ဒီကိတ်အရှင်က တစ်မူးသားယူ၊ ကြေးတစ်ပိဿာ ကျိုပြီးပစ်လိုက်၊ အဲသလို ပစ်နေတော့ ရွှေတွေအများကြီး အနန္တောအနန္တ အဆုံးမသတ်နိုင်ဘူး။ ကျောက်နဂါး ပြဒါးလုံးက တန်ခိုးအစွမ်းဟာ အဲသလို အလုပ်လုပ်တယ်။ (၁၂)ဆင့်ကျအောင် ကူးလို့ရတယ်။

ဒါကြောင့် သူတို့က မြင်းမိုရ်တောင်နဲ့ ဝိဇ္ဇာကျမ်းအရ မြင်းမိုရ်တောင်နဲ့ ပုံတူ တုနိုင်,လုပ်နိုင်တဲ့လူ တတ်စေတော့ ဆိုတဲ့စကားအရပေါ့နော် အဲဒီလို လုပ်လို့ရတယ်တဲ့။

သာမန်အနေအထားဖြင့် အဂ္ဂိရတ်စားလမ်း လုပ်တယ်ဆိုတာဟာ ဘယ်တော့မှ အနန္တပွားတယ်ဆိုတာ မရှိဘူး။ ဓာတ်သား တစ်ကျပ်သားကို အခေါက်ရွှေ တစ်ကျပ်သားနဲ့ပေါင်းမှ (၂)ကျပ်သားဖြစ်တယ်။ (၂)ကျပ်သား ဖြစ်သော်လဲ အခေါက်မဖြစ်ပါဘူး။ (၁၃)ပဲ၊ (၁၄)ပဲ၊ (၁၅)ပဲရည် ဒီလောက်ပဲ ဖြစ်ကြတယ်။

ဦးပဥ္စင်းကတော့ ကျောက်နဂါး ပြဒါးလုံးဖြစ်တဲ့ ပြဒါးလမ်းစဉ်ကို ပေါက်မြောက်အောင် ကြိုးစားနေတယ်။ ဦးပဥ္စင်းကိုယ်တိုင်တော့ ဒီပြဒါးလမ်းစဉ်ကို အစအဆုံး သိနေတယ်။

ဦးပဥ္စင်းတို့လဲ ပေါက်မြောက်အောင် အခုလုပ်ဆဲပေါ့။ မပြီးဆုံးသေးဘူးလို့ ပြောရမှာပေါ့။ ပါရမီဖြည့်နေရဆဲပေါ့။ ဒီဘဝမရသေးလဲ နောက်ဘဝပေါ့။

စာရေးသူအား ဘွဲ့အမည် မဖော်ပြလိုသူ ဦးပဥ္စင်းမှ ပြောကြားတဲ့ "ပြဒါးလမ်းစဉ်"ကို ဖော်ပြ ရေးသားလိုက်ရပါသည်။ ပါရမီရင့်သန်သူများ ကြိုးစားအားထုတ် ပေါက်မြောက်နိုင်ကြပါစေ။

**ဘုမ္မဝတီကိုကိုလေး (ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မေလအတွင်း
ပုံရိုပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)





✣ ကြွက်နှစ်ဖွား

မတော်တဆ ထိခိုက်ဒဏ်ရာရကိန်း ရှိသည်။ မီး၊ ရေနွေးပူနှင့် လျှပ်စစ် ပစ္စည်းအန္တရာယ်ဆိုးများ သတိထား ရှောင်ရှားပါ။

လုပ်ဖော်ကိုင်ဖက် ဆွေမျိုးမိတ်သင်္ဂဟများအတွင်း သဘောထားကွဲလွဲကာ ရန်များနိုင်သည်။ ပြောဆိုသော စကားများကို သူတစ်ပါး နာသာခံခက် မဖြစ်ရလေအောင် ဆင်ခြင်ပါ။ နှလုံးနှင့် အူသိမ်ဆိုင်ရာ ဝေဒနာများ ကြိုတင်ကာကွယ်သင့်သည်။



✣ နွားနှစ်ဖွား

မိမိနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စများတွင် ပါဝင်စပ်စု ပတ်သက်မိခြင်းကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ခံစားရဖွယ်ရှိသည်။

တတ်သိပညာနှင့် ပတ်သက်၍ ထိပါးပုတ်ခတ် ပြောဆိုခြင်း ခံရတတ်သည်။ သစ်ချွန်ဝါးစ ထိရှမှုဘေး သတိပြုကာကွယ်ပါ။ အထည်အလိပ်များနှင့် ပတ်သက်၍ ငွေကြေးဆုံးရှုံးရကိန်း ရှိသည်။



✣ ကျားနှစ်ဖွား

သံယောဇဉ်ကြိုး တိုးတက်ရစ်ပတ်နိုင်သောကာလဖြစ်သည်။ ရွယ်လူးတို့ အချစ်ရေးကိစ္စ အမှတ်တရဖြစ်ဖွယ် ကြုံဆုံရတတ်သည်။

အိမ်ရှင်မတို့မှာ သားသမီး တိုးပွားနိုင်၍ အိမ်ထောင်ဦးစီးတို့ကား သမက်ရနိုင်သည်။ လွင်ပြင်ကျယ်ဒေသများသို့ အလည်အပတ် သွားရကိန်းရှိသည်။ ကြွေထည်မြေထည်ပစ္စည်း ဝင်တတ်ပါသည်။



✣ ယုန်နှစ်ဖွား

ချစ်သံယောဇဉ်ရှိသူနှင့် ဆုံစည်းရတတ်သည်။ တစ်ကိုယ်တည်းသမား တို့ မျက်နှာပွင့်လန်းကာ ဘဝအဖော်ရနိုင်သည်။

အိုးအိမ်ခြံမြေ ဝင်ကိန်းရှိ၍ အလှူအတန်းများလည်း ပေးရဖွယ်ရှိသည်။ (မောင်နှမသားချင်းတို့၏ သားသမီး) တူ၊ တူမများ ပူဇော်ဂါရဝပြုခြင်း ခံရတတ်သည်။ စိတ်ကူးအကြံအစည်များ အောင်မြင်နိုင်သောကာလ ဖြစ်သည်။



✣ နဂါးနှစ်ဖွား

ပညာရဲရင့် ပွဲလယ်တင့်သောကာလဖြစ်သည်။ ဆွေမျိုးမိတ်သင်္ဂဟများ၏ လိုအပ်ချက်များကို ဆည်းပူးလေ့လာထားသည့် အတတ်၊ အသိပညာများဖြင့် ကူညီဖြည့်ဆည်းပေးဖြစ်မည်။

သစ်တောထွက်ပစ္စည်းများ အကျိုးပေးသန်သောအချိန် ဖြစ်သည်။ စိတ်ရွှင်လန်းချမ်းမြေ့ဖွယ် ဣဋ္ဌာရုံမြင်ကွင်းများ တွေ့ကြုံရတတ်သည်။



✣ မြွေနှစ်ဖွား

လူမှုရေး၊ စီးပွားရေးကိစ္စ အခက်အခဲပြဿနာများ ပြေလည်အဆင်ချောစွာဖြင့် ဘဝအမောအပန်းများ ပြေလျော့နိုင်သည့်ကာလ ဖြစ်သည်။

စားဖိုဆောင်သုံးပစ္စည်းများ ဝင်ကိန်းရှိသည်။ မိတ်ဆွေသားချင်းတို့အတွင်း ပညာရေးကိစ္စ ပေါ်ပေါက်၍ အလုပ်များရတတ်သည်။



✣ မြင်းနှစ်ဖွား

ကောင်းသောစကား ဆိုရတတ်သည်။ ဝတ်ကောင်းစားလှ ဝတ်စားဆင်ယင်ကာ ပွဲနေပွဲထိုင်သွားရလိမ့်မည်။ လက်ကိုင်ဖုန်းဝင်နိုင်သည်။

အိမ်တွင်းရေး သာယာ၍ ဆွေမျိုးမိတ်သင်္ဂဟများ စည်စည်ကားကားရှိနေတတ်သည်။ ရှေးဟောင်းစေတီပုထိုးများ၊ သမိုင်းဝင်နေရာများသို့ လေ့လာလည်ပတ်မှုခရီး သွားရဖွယ်ရှိသည်။



✣ ဆိတ်နှစ်ဖွား

မရောက်ဘူးသော အရပ်ဒေသများသို့ ရောက်ရှိ၍ အတွေ့အကြုံ ဗဟုသုတ တိုးပွားရတတ်သည်။

ခါးဝတ်တန်ဆာ ဝင်ကိန်းရှိသည်။ သစ်၊ ဝါး၊ ကြိမ်ထည်ပရိဘောဂများနှင့် စပ်လျဉ်း၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းများ၏ အကူအညီများ ခံစားရဖွယ်ရှိသည်။



✣ မျောက်နှစ်ဖွား

လုပ်ငန်းရာထူး တိုးတက်ရန် အလားအလာကောင်းများ ကြုံတွေ့ရဖွယ်ရှိသည်။ ချီးမြှောက်ပူဇော်ခြင်း ခံရတတ်သည်။ ရွှေငွေကြေးသတ္တုထည်ပစ္စည်းများကြောင့် ငွေကြေးအကျိုးအမြတ် တိုးပွားနိုင်သည်။

မျောက်နှစ်ဖွား အမျိုးသမီးဇာတာ



www.burmeseclassic.com

www.burmeseclassic.com

…ဍင်(အိမ်ထောင်မဲ့)တို့မှာ မိုရိုအားထားရလောက်သော ခင်ပွန်းကောင်း တွေ့ရကိန်းရှိသည်။

÷ ကြက်နှစ်ဖွား

နေထိုင်မှုအဆင့်အတန်း လျော့ပါးနိုင်သည်။ စိတ်မချမ်းမြေ့ဖွယ် သတင်းစကား အနိဋ္ဌာရုံမြင်ကွင်းများ မြင်တွေ့ရတတ်သည်။

ဆိုးဆေးနှင့် အဖျော်ယမကာတို့ကြောင့် ကျန်းမာရေး ထိခိုက်ကျဆင်းနိုင်သဖြင့် ဆင်ခြင်သင့်သည်။ ရေလမ်းခရီး မြစ်ကူးချောင်းခြားခရီးများ သွားလာရပါက ဘေးအန္တရာယ်ကင်းအောင် ရှောင်ရှားစိုက်ပါ။

÷ ခွေးနှစ်ဖွား

အသိပညာ သင်ခန်းစာ ရရှိနိုင်သော အဖြစ်အပျက်များ ကြုံဆုံရတတ်သည်။ စက္ကူစာအုပ်စာတမ်းများ အကျိုးပေးသန်သောကာလ ဖြစ်သည်။

မျက်မှန် လက်ဆောင်ရနိုင်သည်။ မိတ်ဆွေသားချင်းများ၏ အရေးကိစ္စများတွင် ခုံသမာဓိလူကြီးအဖြစ် ဦးဆောင်ဦးရွက် ပြုလုပ်ပေးရကိန်းရှိသည်။

÷ ဝက်နှစ်ဖွား

ငွေကြေးအစုအပုံလိုက် ရကိန်းရှိသည်။ တွေးတောကြံစည်သမျှ အောင်မြင်နိုင်ခြေ များသောကာလ ဖြစ်သည်။ ယာဉ်ရထား စက်ကိရိယာများနှင့် ပတ်သက်၍ အကျိုးပေးထက်သန်သည်။

စည်သွတ်ပစ္စည်းများ ဝင်နိုင်သည်။ တစ်ကိုယ်တော် အမျိုးသားဇာတာရှင်တို့မှာ ကြင်ရာဇနီးပါ ဝင်ကိန်းရှိသည်။

ဤလတွင် ကံဇာတာ နိမ့်ပါးနေသော ပုံရိပ်ရှင်တို့သည် ကျောင်းကန်ဘုရား (သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ်ရပ်အတွက် သော့တစ်စုံ လှူဒါန်းပါ။ ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲ အကျပ်အတည်းတို့ (၇)ရက်အတွင်း ပြေလည်သွားပါလိမ့်မည်။

သော့သည် တရုတ်စာရေးထုံးအရ ဖြစ်သည်၊ မှန်သည် ဟူသော စာလုံး ( 是 )နှင့် ခုနစ်ဟူသော ဂဏန်းခြေ ( 七 )တို့ ပေါင်းစပ်ထားခြင်း( 是七 ) ဖြစ်လေသည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

# ခြေဖဝါးပူရောဂါ

## ပျောက်ကင်းကြစေရာ

ကျွန်မသည် လွန်ခဲ့သော နှစ်(၂၀)ခန့်မှ၍ ခြေဖဝါးပူသော ဝေဒနာကို ခံစားခဲ့ရပါသည်။ အမြဲတမ်းတော့ မဟုတ်၊ တစ်ခါတစ်ရံ ခြေဖဝါးများ ပူတတ်ခြင်း ဖြစ်ပါသည်။ မနေနိုင်အောင် ပူပါက ခြေဖဝါးများကို ရေစိမ်ခြင်း၊ အဝတ်ရေစိုဖြင့် ကပ်ထားခြင်းများ ပြုလုပ်ခဲ့မိပါသည်။

သက်ကြီးဝါကြီးများက ဤသို့ မပြုရန် တားမြစ်ကြပါသည်။ ဤသို့ပြုပါက အပူခိုးများ အထက်သို့ ရိုက်၍ မျက်လုံးကို ထိခိုက်နိုင်သည်ဟု ဆိုပါသည်။

သို့ဖြစ်၍ ခြေဖဝါးပူပါက ကျွန်မ အလွန်စိတ်ညစ်ရပါသည်။ အေးဆောင်းရာသီဖြစ်စေကာမူ ခြေဖဝါးများကို စောင်အပြင်သို့ ထုတ်ထားရပါသည်။ တစ်ကိုယ်လုံး ချမ်းအေးသော အရသာကို ခံစားနေရသော်လည်း ခြေဖဝါးများက ပူလောင်နေပါသည်။

နေ့အခါတွင် ဒူးဆစ်အထက်မှ ရေကို လောင်းချမိပါသည်။ အခါခါ ရေလောင်းသော်လည်း ခြေဖဝါးပူခြင်းမှာ မသက်သာပါ။ ဤသို့မဖြစ်သူက သူ့ မိတ်ဆွေတစ်ဦးပေးသောနည်းကို ပြောပြပါသည်။ ခြေဖဝါးပူပါက မန်ကျည်းသီးမှည့်အနှစ်ကို ခြေဖဝါးတွင် လိမ်းကျံ၍ ပတ်သပ်ပေးရမည်ဟု ဆိုပါသည်။

ကျွန်မလည်း ချက်ချင်းပင် မန်ကျည်းသီးမှည့်ကို ရေစိမ်ပြီး အနှစ်များရသောအခါ ပူနေသော ခြေဖဝါးနှစ်ဖက်ကို ပွတ်သပ် လိမ်းကျံပေးပါသည်။ အနည်းငယ် သက်သာသွားပါသည်။

သုံး,လေးခါ လုပ်ပြီးသောအခါ အတော်အတန် သက်သာသွားပါသည်။ သက်သာသလို ရှိသော်လည်း ခြေဖဝါးများ စေးကပ်နေခြင်း၊ မန်ကျည်းနှစ်က လုံးဝခြောက်ခြင်း မရှိ၍ လမ်းသွားသောအခါ ဖုန်သဲများ ကပ်ငြိ ညစ်ပတ်နေခြင်းကို ကျွန်မ လုံးဝ မနှစ် သက်ပါ။ ခြေဖဝါးများကို ဆေးကြောပစ်နေရပါသည်။



မန်ကျည်းနှစ်အစား မန်ကျည်းခေါက်ကို သွေးပြီး လိမ်းပါက ပို၍ အဆင်ပြေမည်ဟု ကျွန်မ စဉ်းစားမိပါသည်။ ကျွန်မတို့ ခြံထဲမှာ မန်ကျည်းပင်များရှိသဖြင့် အဆင်ပြေပါသည်။ မန်ကျည်းခေါက်ခွာပြီး ရေစင်စင်ဆေး သွေး၍ လိမ်းပါသည်။

လိမ်းပြီးခဏမှာပင် ခြေဖဝါးများ အေးမြသွားပါသည်။ ညတိုင်း မန်ကျည်းခေါက်ကို သွေး၍ လိမ်းခဲ့ရာ ခြေဖဝါးများ ကျက်မတတ် ပူလောင်နေရာက လုံးဝ သက်သာသွားပါသည်။

ယခုအခါ ကျွန်မ၏ ခြေဖဝါးများ အေး၍ နေပါပြီ။ **ကျွန်မကဲ့သို့ ခြေဖဝါးပူသောဝေဒနာကို ခံစားကြရသူများ ရှိပါက** သက်သာ ပျောက်ကင်းကြစေရန် ဤဆေးနည်းကို ရေးသားပေးပို့ရခြင်း ဖြစ်ပါသည်။

***သတ္တဝါအားလုံး၊ ကျန်းမာ ချမ်းသာကြပါစေ။***

**ဒေါ်ခင်ဝင်းမွန်**

*[B.A (သမိုင်း)]*



www.burmeseclassic.com

www.burmeseclassic.com



အပူနာမှန်သမျှ

# မြင်းခွာကုထုံး

ကျွန်တော်သည် တောင်တွင်းကြီးမြို့မှ ရန်ကုန်သို့ အရောင်းအဝယ်ဖြင့် သွားလာ လှုပ်ရှားနေသူတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်၏အဖေမှာ စအိုဝတွင် အပူနာ (ခေါ်) ဂရင်ဂျီနာလို အနာများ ပေါက်နေပါသည်။

ဆေးမြီးတိုများဖြင့် ‘စုံအောင်ကုပါသော်လည်း ပျောက်လိုက်၊ ပေါ်လိုက်နှင့် ဖခင်ဖြစ်သူလည်း တော်တော်စိတ်ညစ်နေပါသည်။

ခရီးက ပြန်လာတိုင်း ဖခင်ကိုမေးကြည့်သည်။ မပျောက်သေး။ ဆေးထိုး ဆေးစား ဆေးနည်းလည်းစုံ မပျောက်ဘဲ ဖြစ်နေ၍ ထိုင်ရ ထရ မလွယ်ကူဘဲ နာတာရှည်ရောဂါဝေဒနာ ဖြစ်နေပါ၏။ မိသားတစ်စုလုံးလည်း ကြာလာတော့ စိတ်မရှည်ချင်ကြတော့ဘဲ ဖြစ်နေကြပါသည်။

ကျွန်တော့်အဖေ ကံကောင်းသည်ဟုဆိုရမည်။ တောင်ကြီးမြို့မှ ချောင်းနက်ရွာကို အလှူလုပ်ပြီးပြန်လာသော ဒေါ်ခင်ကြီး ဆိုသည့် တစ်ရွာတည်းသားလည်းဖြစ်၊ အဖေ့သူငယ်ချင်းလည်း ဖြစ်သူသည် အိမ်လည်လာရာ…

‘အဖေ အနာပေါက်နေတယ်ပြောလို့ လာမေးတာ၊ ဘာအနာလဲ ပြောပါဦး’

‘သွေးစုနာလဲ မဟုတ်၊ ဂရင်ဂျီနာဆန်ဆန် အနာစအိုဝမှာ ဖြစ်တာ’

ဟု ပြောပြတော့…

‘ဒါဆို လွယ်လွယ်လေးရယ်၊ ရှမ်းပြည်နယ် တောင်ကြီးဘက်မှာတော့ ဒီဆေးနည်းသုံးပြီး သက်သာပျောက်ကင်းကြတယ်’

ဟု အဖေ့အား ပြောပြ၍ လက်တွေ့လုပ်ပေးခဲ့ရာတွင် စအိုမှာ ဖြစ်နေသော အနာအား (၅)ရက်ခန့်ပြုလုပ်ပေးရာတွင် သက်သာပျောက်ကင်းလာတာ တွေ့ရပါသည်၊ ယခုဆိုလျှင် (၃)လ,(၄)လအတွင်း သက်သာ ပျောက်ကင်းသွားပါသည်။

၎င်းဆေးနည်းမှာ လိမ်းဆေး၊ စားဆေး သောက်ဆေး မဟုတ်ပါ။ ခါး၏ အောက်ပိုင်း အပူကြောင့် ဖြစ်စေတတ်သော သွေးစုနာ၊ ဂရင်ဂျီနာ အနာမှန်သမျှ သက်သာပျောက်ကင်းစေသော ကုထုံးမှာ မီးခိုးခံပြီး ချွေးအောင်းပေးရမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ မြင်း၏ခွာ တစ်စုံ၊ နှစ်စုံကိုရှာပါ။ ထို့နောက် မြေအိုးများ ထည့်ပြီးပြုတ်၊ ကျက်အောင်ပြုတ်ပြီးသည်နှင့် အငွေ့တထောင်းထောင်း ထွက်နေသည့်အိုးကို ကုလားထိုင်ကို အပေါက်ဖောက်ပြီး အောက်မှ ထားပေးပါ။

ထို့နောက် ကုလားထိုင်ကို ခြေထောက်ဘက်မှ အဝတ်များပတ်ပေးပါ။ ပြီးသည်နှင့် လူနာ၏ စအိုဝကို ထိုင်ပေးပြီး မီးခိုးခံပေးရမှာ ဖြစ်ပါ၏။ တစ်နေ့တစ်ကြိမ်ဖြင့် (၅)ရက်ခန့် ပြုလုပ်ပေးသွားခြင်းဖြင့် သက်သာပျောက်ကင်းသောကုထုံး ဖြစ်ပါသည်။

**[မြင်းခွာ အသုံးဝင်နည်းပြောပြပေးသောဒေါ်ခင်ကြီး အား ၎င်းဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။]**

**မှတ်ချက် ။ ။ ပြုတ်အိုးတွင် ဆားသင့်ရုံထည့်ပြုတ် ပေးရန်။**

*ကျန်းမာသုခနှင့် ပြည့်စုံနိုင်ပါစေ။*

ချောင်းနက်သား




www.burmeseclassic.com

www.burmeseclassic.com

# ပြည်ရွှေဆံတော်စေတီ နှင့် ရဟန္တာဂါထာတော်

ကြည်ကြည် (ဗိုးကုန်း)



ဣသိနဂရ ရသေ့မြို့ ခေါ် သရေခေတ္တရာပြည်သို့ ဗုဒ္ဓသာသနာတော် ဝင်ရောက်လာသော အကြောင်းမှာ ဒွတ္တပေါင်မင်းကြီး လက်ထက်တွင် ထွန်းတောက်စည်ပင် ပြန့်ပွားလာသည်။

တစ်နေ့သောအခါ ဒွတ္တပေါင်မင်းကြီး ၏ သားတော်များဖြစ်ကြသည့် အရှင်စန္ဒာသီရိနှင့် အရှင်စန္ဒာရောဇ ရဟန္တာ ရှင်မြတ်နှစ်ပါးတို့သည် မိမိတို့၏ အတိတ်ဘဝအား ဉာဏ်စက္ခုတွင် ထင်ရှားစွာ ပေါ်လာသည်။

အရှင်မြတ်နှစ်ပါးတို့သည် အတိတ်ဘဝဟောင်းကို မြင်လေသော် သုဒဿနတောင်တော်တွင် မိမိတို့အနေဖြင့် ယာယီမျှ တည်ထားခဲ့သော ရွှေဆံတော်စေတီငယ်ကို သာသနာတော်၏ အကျိုးကို မျှော်ကိုး၍ ကြီးမားတင့်တယ်သော စေတီတော်မြတ်ကြီးဖြစ်အောင် အသစ်တစ်ဖန် ပြန်လည် တည်တော်မူရန် ခမည်းတော် ဒွတ္တပေါင်မင်းကြီးအား မိန့်ကြားတော်မူကြလေသည်။

ဒွတ္တပေါင်မင်းကြီးသည် သားတော်ရဟန္တာတို့၏ အမိန့်ရသည်ကို ရွှင်လန်းအားရ ဝမ်းမြောက်တော်မူ၍ ဒွတ္တပေါင်မင်းကြီးသည် မိမိကိုယ်တော်တိုင် မှူးမတ်ဗိုလ်ပါ အခြံအရံများနှင့်တကွ ချီနွယ်ပိတ်ပေါင်းများအား ရှင်းလင်းစေ၍ ... ဖွေသည်။

ထိုစဉ် တစ်ခုသော တောင်ထိပ်တွင် အနှောင့်အယှက် ဘေးကင်းစေရန် ဖန်တီးထားသကဲ့သို့ ဆူးချုံများ ထူထပ်စွာ ဖုံးလျက်ရှိသော သုဒဿနတောင်နှင့် ရွှေဆံတော်စေတီငယ်ကို တွေ့ရှိကြလေသည်။

စေတီငယ်အား မင်းကြီး တွေ့ရှိရသောအခါ အားရဝမ်းမြောက်စွာဖြင့် အကြိမ်ကြိမ် ဦးချလျက် သစ္စာအဓိဋ္ဌာန်ပြုသည်မှာ...

'ဒိုသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးကို စည်ပင်ပြန့်ပွားစေရန် ကြိုးပမ်းလျက်ရှိပါသည်။ သာသနာတော်ကြီးကို ချီးမြှောက်ထိုက်သူမှန်ပါက ထင်ရှားစွာ တစ်စုံတစ်ရာ ပြတော်မူပါစေသတည်း'

ဟု သစ္စာအဓိဋ္ဌာန်ပြုလေသည်။

ထိုသို့ သစ္စာအဓိဋ္ဌာန်ပြုသည်နှင့် တစ်ပြိုင်တည်း စေတီတော်ဦးဆီမှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ကွန့်မြူးလျက် အထက်ကောင်းကင် ထန်းခုနစ်ဆင့်မြင့်သော အရပ်တိုင်အောင် တက်တော်မူပြီး နိမ္မိတရုပ်ပွားတော်တစ်ဆူ ပေါ်လာလေသည်။

ထို့နောက် (၁၂)ဆူအထိ ဖြစ်လာပြီး ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးလျက်ရှိရာ ဒွတ္တပေါင်မင်းကြီး နှင့်တကွ မှူးကြီးမတ်ရာ သေနာပတိ၊ နတ်၊ နဂါး၊ ဘီလူးတို့သည် သောင်းသောင်းဖြဖြ ပူဇော်ကြလေသည်။

ဒွတ္တပေါင်မင်းကြီးသည် သားတော်နှစ်ပါးမှ ကုန်သည်ညီနောင်ဘဝက တည်ထားခဲ့သော ရွှေဆံတော်စေတီငယ်ကို အသစ်တစ်ဖန် ပြန်လည်တည်ထားရန် ဝေယျာဝစ္စ ကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် အလို့ငှာ သုဒဿန





www.burmeseclassic.com

www.burmeseclassic.com

ကုန်းတော်၏ တောင်ဘက်ခပ်ယွန်းယွန်းအရပ်၌ မြို့ကလေးတည်၍ စံမြန်းတော်မူလေသည်။

**(စာကြွင်း။ ။ ယခုအခါ ပြည်မြို့ ဖက်တန်းရပ်ကွက်သည် ယခင်အခါက ဒွတ္တပေါင်မင်းကြီး ယာယီဖက်နန်းမှ ဖက်တန်းဟု ခေါ်တွင်လာလေသည်။)**

သာသနာတော်နှစ် ၁၂၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ထိုနေ့သည် ရွှေဆံတော် စေတီမြတ်ကြီး၏ သမိုင်းစဉ်တွင် အထူးတလည် မှတ်တမ်းတင်အပ်သော နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်လေသည်။

ဒွတ္တပေါင်မင်းကြီးသည် ရွှေဆံတော် စေတီမြတ်ကို မူလစေတီငယ်လေးအဖြစ်မှ ထည်ဝါကြီးမားတင့်တယ်သော စေတီတော်မြတ်ကြီးအဖြစ်သို့ ပြန်လည် တည်ထားတော်မူသောနေ့ ဖြစ်သောကြောင့်ပင်။

ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ထိုနေ့တွင် ဒွတ္တပေါင်မင်းကြီးသည် ရွှေအုတ်သုံးထောင်၊ ငွေအုတ်ငါးထောင်၊ ပတ္တမြားအုတ်ငါးရာ၊ ပုလဲအုတ်တစ်ရာတို့ကို လည်းကောင်း...

မိဖုရားကြီး လေးပါးတို့ကလည်း ရတနာအုတ်အမျိုးမျိုးတို့ဖြင့် လည်းကောင်း၊ သားတော်သမီးတော် မှူးမတ်ဗိုလ်ခြေနှင့် တိုင်းသူပြည်သားတို့သည် အုတ်မြစ်တော်ချပွဲ အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပတော်မူကြလေသည်။

## ဌာပနာတိုက်တော်

ဒွတ္တပေါင်မင်းကြီးသည် စေတီတော် ဌာပနာတိုက်တော်အား စေတီတော် အတွင်း၌ပင် အလျား၊အနံ (၁၂)တောင်၊ ဒု (၃)တောင်ရှိသော ကျောက်ချပ်ကို



**ပထမတိုက်** ပြုလုပ်၏။

အလျား၊အနံ (၈)တောင်၊ ဒု (၂) တောင်ရှိသော ကျောက်ချပ်ကို ဒုတိယတိုက် ပြုလုပ်၏။ အလျား၊အနံ (၇) တောင်၊ ဒု (၁)တောင်ရှိသော ကျောက်ချပ်ကို တတိယတိုက် ပြုလုပ်၏။ အရပ်ရှစ်မျက်နှာ၌ ဌာပနာတိုက်ဖွဲ့၏။

ဒုကုဋ်တော်၊ အံသကိုက်တော်၊ ခါးပန်းတော်၊ နိသီဒိုင်တော်တို့ကို တတိယတိုက်တွင် ပတ္တမြားပြာသာဒ် လေးဆူ ရွှေအုတ်နှင့် ထား၏။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူကို ပတ္တမြားဆင်းတုတော်လေးဆူ ထုလုပ်၍ ထိုပြာသာဒ်တို့၌ တစ်ဆူစီ ထားကုန်၏။

**ဒုတိယတိုက်တွင်** ရတနာတို့ဖြင့်ပြီးသော ပြာသာဒ်လေးဆူတို့၌ ပတ္တမြားကြုတ်တို့ဖြင့် ဆံတော်တစ်ဆူစီ ထား၏။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးကျမ်း၊ အင်္ဂါကိုးပါး၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို ဖမ္ဗူရာဇ်ရွှေပေတွင် ရေး၍ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် တကွ ပထမတိုက်တွင် ထားသည်။

**အလယ်တိုက်၌** မွေရှင်တော်ရှစ်ဆူကို ပြာသာဒ်ရှစ်ခုတွင် ရွှေကြုတ်တစ်ခုစီ၌ ထည့်သွင်း၍ ထားသည်။

အရှေ့အရပ်၌ အသီးသီး ရှစ်ကျိပ်ထား၏။ **အရှေ့တောင်ထောင့်တိုက်၌** သတ္တဌာန်ထား၏။

**တောင်ဘက်တိုက်တွင်** သုဒ္ဒသ... ပစ္စေကဗုဒ္ဓါ အမျိုးရှိသော ပစ္စေက... ရုပ်တုတော်ငါးရာ ထား၏။

**အနောက်တောင်ထောင့် တိုက်... တွင်** တောထွက်တော်မူသည်မှ... ပရိနိဗ္ဗာန် စံဝင်သည်အထိ ရွှေရုပ်... များ သွန်းပြု၍ထား၏။

**အနောက်ဘက်တိုက်၌** ဒွတ္တပေါ... မင်းကြီးအရုပ်၊ သီရိစန္ဒာမိဖုရား၊ ဥမ္မာ... ဒေဝတီမိဖုရား၊ ဗိသနိုးမိဖုရား... ဘောစန္ဒီမိဖုရား၊ သားတော်ဒွတ္တ... ဒွတ္တဖုံ၊ ဒွတ္တရာဇ်၊ သမီးတော် သုဝဏ္ဏ... မာလာ၊ ဟေမမာလာ၊ ကဥ္စနမာလာ... သီရိမာလာတို့၏ ရုပ်တုတော်တို့... ထား၏။

ထို့ပြင် ခမည်းတော် စူဠာသမ္ဘ... မဟာသမ္ဘဝ၊ မယ်တော် ဗေဒါရီမိဖုရား... သီရိစန္ဒာမိဖုရား၏ မယ်တော် မာလာ... စနီမိဖုရား၊ ဦးရီးတော် ကန္ဒ၊ မှူးတော်... မတ်တော်တို့၏ အရုပ်များကိုလည်း... ထား၏။

**အနောက်မြောက်ထောင့် တိုက်၌** အဇ္ဈိက, ဘလ္လိကညီနောင်၊ ရောပ... နဂါးမင်း၊ သမ္ဗူလာဘီလူးမင်း၊ ဝေသ... မိတ္တာဘီဘူးမင်း၊ ဣန္ဒမန္တာဘီလူးမင်း... ဝေဇ္ဇုကန္တာဘီလူးမင်းတို့၏ အရုပ်တို့နှင့်... ဇနီးတို့အရုပ်များကိုလည်း ထည့်သွင်း... ထား၏။

**မြောက်ဘက်တိုက်၌** မြတ်စွာဘုရား... ၏ မယ်တော်၊ ခမည်းတော်၊ မိထွေး... တော်၊ ညီတော်၊ ဖွားဖက်တော်များ... ကိုလည်း ထည့်သွင်းထား၏။

**အရှေ့မြောက်ထောင့် တိုက်၌** မြတ်စွာဘုရားရှင်၏ လက်ဝဲ... လက်ယာရံ ရဟန်းမိန်းမ၊ ရဟန်း... ယောကျာ်း၊ အလုပ်အကျွေး ရဟန်း... ဒါယကာ၊ဒါယိကာမ အရုပ်တို့ကိုလည်း...





www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းထားလေသည်။

**တတိယတိုက်တွင်** အရှေ့ဘက်၌ ဒီပင်္ကရာအစ နှစ်ကျိပ်ငါးဆူထား၏။

## ဥာပနာတိုက်ပိတ်ခြင်း

ရဟန္တာညီနောင် အရှင်မြတ်နှစ်ပါးတို့သည် ရွှေဆံတော်စေတီတော်မြတ်ကြီး တည်ထားမှုကို ပြီးမြောက်သောအခါ ဥာပနာတိုက်အားလုံး ပိတ်တော်မူလေသည်။

ထိုအခါ (၁၆)ဆူသော နိမ္မိတဘုရားရှင်တို့သည် ထန်း(၇)ဆင့် မြင့်သောအရပ်၌ (၇)ရက်တိုင်တိုင် တည်နေတော်မူကာ တန်ခိုးပြာဋိဟာ ပြတော်မူလေသည်။

ရွှေဆံတော် စေတီမြတ်ကြီးအား ကြံတင်ပြင်ဆင်မှုတို့မှ (၃)လမျှ အချိန်ကြာညောင်းခဲ့သော်လည်း ဘုရားတည်ထားသည်မှာ (၇)ရက်နှင့် ပြီးစီးလေသည်။

**(စကားချပ်။ ။ နေ့ဘက်တွင် လူတို့တည်၍ ညဘက်တွင် နတ်၊ နဂါးတို့ တည်ကြသည်ဟု သမိုင်းဟောင်းများတွင် ဆိုထားလေသည်။)**

ဒွတ္တပေါင်မင်းကြီး တည်ထားတော်မူသော ရွှေဆံတော်စေတီပမာဏမှာ စေတီတော်၏ ပထမတိုက်မြေမှ (၇) တောင်၊ ဒုတိယတိုက်မြေမှ (၁၄) တောင်၊ တတိယတိုက်မြေမှ (၂၂) တောင်၊ စေတီဖိနပ်တော်(၅၄)တောင် စတုရန်းလေးထောင့် ဉာဏ်တော်(၆၂) တောင် တစ်မိုက်လက်ငါးသစ် ငှက်ပျောဖူးထိရှိ၏။

## ဆုတောင်းပြည့်စေတီတော်

ရွှေဆံတော် စေတီတော်တည်ထားစဉ် တစ်ချိန်တည်းမှာပင် မင်းနှင့်တကွ ပြည်သူအပေါင်းတို့ ဆုတောင်းဆုယူ



ပြုတော်မူရာ ညီတော်နောင်တော် ဆုတောင်းပြည့် မြတ်ရှင်ပင်(၂)ဆူတို့ ကိန်းဝပ်တော်မူသည့် လိုဏ်ဂူစေတီတော်တစ်ဆူကိုလည်း ရွှေဆံတော်ရင်ပြင်တော်၏ အရှေ့ယွန်းယွန်း၌ တည်ထားတော်မူလေသည်။

ဒွတ္တပေါင်မင်းကြီးသည် သရေခေတ္တရာမြို့အား တည်ထောင်ရာတွင် ဘုရားကိုးဆူ၊ သိမ်ကိုးသိမ်၊ ကန်ကိုးကန်၊ ကုန်းကိုးကုန်း စေတီတော်တို့အား တည်ထားကိုးကွယ်တော်မူခဲ့ရာ သရေခေတ္တရာမြို့ကြီးသည် နဝင်းကျေမြို့ကြီးဖြစ်သည်။

မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့တွင် အခက်အခဲ အကျပ်အတည်းများမှ ကျော်လွှားနိုင်ပြီး မိမိတို့ လိုရာတောင်းဆုများနှင့် ပြည့်စုံစေရန်...

**မြဲ–၅ + သီ–၆ + တ–၇ = ၁၈= ၁ + ၈ = ၉** နဝင်းကျေ မြဲသီတင်ခေါ် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင်လည်းကောင်း၊ ဆုတောင်းပြည့်စေတီတော်တွင် လည်းကောင်း၊ နဝင်္ဂသီလ ဆောက်တည်ပြီး (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် အစရှိသည်ဖြင့် မိမိတို့၏ အဓိဋ္ဌာန်သည့်အတိုင်း **ခေတ္တရာရဟန္တာများ၏ ဂါထာတော်မြတ်အား ပုတီး(၉)ပတ်စိပ်ပြီး ဆုတောင်းဆုယူ ပြုကြမည်ဆိုလျှင်** မိမိတို့လိုချင်သော ဆုများနှင့် ကောင်းမွန် ပြည့်ဝမည်မှာ မုချပင် ဖြစ်ပါသည်။

ဣသိနဂရ,ရသေ့မြို့ ခေါ် သီရိသရေခေတ္တရာ မြို့တည်နန်းတည် ဒွတ္တပေါင်မင်းကြီး၏သားတော်ရဟန္တာများသည် ဘုရားပွင့်တော်မူရာ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂါယာမှ ပင့်ဆောင်လာသော ဓာတ်တော်မွေတော်များကို ခမည်းတော် ဒွတ္တပေါင်မင်းကြီးအား ပေးအပ်ပြီး စေတီတော်များ တည်ထားစေကာ ဂါထာသုံးပုဒ် ပေးအပ်သဖြင့် သားတော်ရဟန္တာများ ပေးအပ်သော ဂါထာကို နေ့စဉ် ရွတ်ဖတ်သဖြင့် ရဟန္တာဂါထာတော်ဟု အမည်တွင်ခဲ့လေသည်။

## သီရိခေတ္တရာပြည်
## ရဟန္တာဂါထာတော်

၁။ အတီတံ ဗုဒ္ဓရတနံ၊
ဗုဒ္ဓဝံသ မနာဂတံ။
မမ သီသေ ထ ပေတ္တာန၊
ယာဝဇီဝံ နမတ္တု မေ။
၂။ အတီတံ ဓမ္မရတနံ၊
ဓမ္မဝံသ မနာဂတံ။
မမ သီသေ ထ ပေတ္တာန၊
ယာဝဇီဝံ နမတ္တု မေ။
၃။ အတီတံ သံဃရတနံ၊
သံဃဝံသ မနာဂတံ။
မမ သီသေ ထ ပေတ္တာန၊
ယာဝဇီဝံ နမတ္တု မေ။

**ခက်ခဲသော ပါဠိအသံထွက်**

| | | |
|---|---|---|
| **ဗုဒ္ဓ** | = | ဗုတ်ဓ |
| **ပေတ္တာန** | = | ပစ်တာဝါန |
| **နမတ္တု** | = | နမတ်တု |
| **ဓမ္မ** | = | ဓမ်မ |



www.burmeseclassic.com

www.burmeseclassic.com

**အနက်**

၁။ **အတီတံ၊** လွန်လေပြီးသော။ **ဗုဒ္ဓရတနံ၊** ဘုရားရတနာကို လည်းကောင်း။ **အနာဂတံ၊** လာလတ္တံ့ အနာဂတ်ဖြစ်သော။ **ဗုဒ္ဓဝံသံ၊** မြတ်စွာဘုရား၏ အနွယ်တော်ကို လည်းကောင်း။ **မမ၊** ငါ၏။ **သီသေ၊** ဦးခေါင်း၌ **ထပေတွာန၊** ထား၍။ **မေ၊** အကျွန်ုပ် ၏။ **ယာဝဇီဝံ၊** အသက်ထက်ဆုံး။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။

၂။ **အတီတံ၊** လွန်လေပြီးသော။ **ဓမ္မရတနံ၊** တရားရတနာကို လည်းကောင်း။ **အနာဂတံ၊** လာလတ္တံ့ အနာဂတ်ဖြစ်သော။ **ဓမ္မဝံသံ၊** တရားတော်၏ အနွယ်တော်ကို လည်းကောင်း။ **မမ၊** ငါ၏။ **သီသေ၊** ဦးခေါင်း၌ **ထပေတွာန၊** ထား၍။ **မေ၊** အကျွန်ုပ် ၏။ **ယာဝဇီဝံ၊** အသက်ထက်ဆုံး။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။

၃။ **အတီတံ၊** လွန်လေပြီးသော။ **သံဃရတနံ၊** သံဃရတနာကို လည်းကောင်း။ **အနာဂတံ၊** လာလတ္တံ့ အနာဂတ်ဖြစ်သော။ **သံဃဝံသံ၊** သံဃာတော်၏ အနွယ်တော်ကို လည်းကောင်း။ **မမ၊** ငါ၏။ **သီသေ၊** ဦးခေါင်း၌ **ထပေတွာန၊** ထား၍။ **မေ၊** အကျွန်ုပ် ၏။ **ယာဝဇီဝံ၊** အသက်ထက်ဆုံး။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။

***(ဤဂါထာတော် ပါဠိ အနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့် (ဓမ္မာစရိယ၊ ဝိနယဝရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)***

ဂါထာသုံးပုဒ်ဆုံးမှ ပုတီးတစ်လုံးချပါ။

ဤဂါထာတော်မြတ်အား နေ့စဉ် ရွတ်ဖတ်သော် ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ မရဘူးသော စည်းစိမ်ဥစ္စာရတနာများကို ရရှိနိုင်၏။ မိမိ၏ အ[illegible] အဝါ ဂုဏ်သတင်း ကျော်စောခြင်းနှ[illegible] ပြည့်စုံ၏။ အမြဲမပြတ် သီတင်းသီ[illegible] ဆောက်တည်နိုင်သော အခွင့်အ[illegible] များ ပေါ်ပေါက်တတ်သည်။

ဗုဒ္ဓဂုဏ်တော်များ၊ ဓာတ်တော်မျ[illegible] နှင့် မွေတော်များ ကိန်းဝပ်တော်မူ[illegible] ဖြစ်သော မြသိတင် ခေါ် ရွှေဆံတော်[illegible] ဘုရားကြီးနှင့် မင်းနှင့်ပြည်သူ[illegible] ဆုတောင်းကြသော ဆုတောင်းပြ[illegible] စေတီတော်တို့အား ဖူးမြော်၍ လော[illegible] လောကုတ္တရာ အကျိုးတရားနှစ်[illegible] အား ပြည့်ဝအောင်မြင်၍ ကုသိုလ်[illegible] တရား ပွားများနိုင်ကြစေရန် ရေးသာ[illegible] တင်ပြအပ်ပါသည်။

**ကြည်ကြည် *(ဓိးကုန်း)***

မှီငြမ်း

ပြည်ရွှေဆံတော်သမိုင်း။

---

# တမာရွက်

**အခါးသက်သာစေဖို့**

စားစရာတွေထဲမှာ ခါးတဲ့နေရာမှာ တမာဟာ ထိပ်ဆုံးက ဖြစ်ပါတယ်။ ဒါကြောင့်မို့ "ချစ်သောအခါ ပျားသကာ၊ မုန်းသောအခါ ခါးတမာရယ်" လို့ အမုန်းနဲ့ ခိုင်းနှိုင်းပြောဆိုခြင်း ခံရသလို **"တမာတစ်ခက် သွားတစ်သက်"** ဆိုတဲ့ စကားနဲ့အညီ ဆေးဖက်ဝင်တဲ့ တမာပါ။

တမာဟာ ခါးတယ်ဆိုပေမယ့် အခါးကြိုက်သူများမှာတော့ တမာရွက်ပြုတ်ကို ထမင်းပွဲမှာ အတို့အမြှုပ် လုပ်လို့ဖြစ်စေ၊ အမွှမ်းအမံ အစုံထည့်ပြီး သုပ်လို့ဖြစ်စေ ခံ့မင်စွာ စားသုံးလေ့ ရှိကြပါတယ်။

ဒါပေမယ့် အလွန်အကျွံ ခါးတာမျိုးကိုတော့ မစားလိုကြတာ အမှန်ပါ။ ဒီအတွက် အခါးသက်သာအောင် ပြုတ်နည်း တင်ပြလိုပါတယ်။



**နည်းကတော့...**

တမာရွက်ပြုတ်တဲ့အခါ တမာရွက် အနည်းအများလိုက်ပြီး ဆီးသီးခြောက် နို့ဆီဘူး (၁)ဘူးမှ (၂)ဘူးခန့်အထိ ထည့်ပြုတ်ပါ။ အဲဒီနောက် ပြုတ်ရည်ကို သွန်ပစ်ပြီး ရေအသစ် ထည့်စိမ်ထားပါ။ ရေမကြာ,မကြာ လဲပြီး စိမ်ပေးနိုင်လေ အခါးသက်သာကာ စားကောင်းလေဖြစ်ကြော[illegible] တင်ပြလိုက်ရပါတယ်။

**တင်ထွန်းလှိုင် *(မြစ်သား)***



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ဖိုးဟန် ပြောတယ်ဆိုတာ ကြားဖူးပါတယ်။ အသေကြီး၊ အသေလေးဆိုတာလဲ ကြားဖူးတာပဲ။ ကိုယ်တွေ့တော့ မဟုတ်ဘူး။ မေးရပြန်ဦးမယ်။

'ဘာပြုလို့လဲ ဘုရား'

'ဟ မင်းက မင့်ဓာတ်ကို သေပြီလို့ ထင်မယ်။ ဓာတ်က သေချင်ယောင်ဆောင်နေရင် ကိစ္စမပြီးဘူး။နောက်က လိုက်ပေတော့ မီးခိုးမဆုံး မိုးမဆုံး'

'အဲဒါက...'

'ဓာတ်သေလို့ မင်းကထင်ပြီး ထင်ရာတွေ လျှောက်လုပ်မယ်။ လောဘဇောတိုက်ပြီး ကျွေးချင်တာတွေ ကျွေးမယ်ဆိုပါတော့ ဓာတ်ပျက်ပြီ။ လမ်းတစ်ဝက်မှာ မင့်ရည်မှန်းချက် နှမ်းထွက်နဲ့ မကိုက်တော့ဘူး။ ဘယ်လိုလဲ မောင်ဖိုးဟန်'

'ဒီလိုဆို မင်းလေးပါးအုပ်ပြီး ထိုးပုံလေး...'

ဖိုးဟန်က လူပါး။ ပြုံးပြုံးလေး မေးတာ။ ဆရာတော်ကလဲ သိလိုက်တာမှ ပြုံးပြုံးကြီး မိန့်ကြားပြန်တယ်။

'ဖောက်လုံ နံပါတ်(၂) အကြီးထဲမှာ အခေါက်ရွှေ တစ်ကျပ်သားကိုထည့်၊ သူ့အပေါ်က မှန့်ညက်နေအောင် ထောင်းပြီး ရောမွှေထားတဲ့ မင်းလေးပါးကိုတင်'

'မင်းလေးပါးက ဘယ်လောက်သား ထည့်ရမှာလဲဘုရား'

'တစ်မူးသား၊ တစ်ပဲသား မထည့်ရဘူး။ ရွှေးလေး(ရွှေးမျက်နှာမွဲ) တစ်ခြမ်းသားလောက်ပဲ ထည့်ရမယ်'

ဖိုးဟန် တွေးပြီး တွက်တယ်။ လုံးတစ်လုံးကို ရွှေးမျက်နှာမွဲတစ်ခြမ်း။ တစ်ကျပ်သားကို ရွှေးကြီး(၃၂)ရွှေး။ ရွှေးလေးက (၆၄)ရွှေး။ ရွှေးလေး



# အဂ္ဂိရတ် မီးအတတ်နှင့်

ကိတ်ဓာတ်မြတ်ဖော (၂)

ရွှေတောင် ခင်မောင်ကြည်

တစ်ခြမ်းကို တစ်လုံး၊ (၁၂၈)လုံး ထိုးရမှာပါလား။

မီးသွေးဖို၊ လုံဖို ဓာတ်ဖို ဓာတ်ထိုးနေတဲ့အချိန် စားစရိတ် နေ့တွက် လုပ်အားခ စတဲ့ ကုန်ကျစရိတ်တွေ။ အချိန်ကာလနဲ့ ပင်ပန်းနွမ်းနယ်မှုအဆုံး ရှေ့ခရီးကို မျှော်လို့ ဓာတ်ထိုးမယ်ဆိုရင် အင်း...

ငြိမ်ချက်သား ကောင်းသွားတဲ့ ဖိုးဟန်ကို ဆရာတော်ဦးသုဇာတက ကြည့်တယ်။ သိလဲ သိတယ်။ ဖိုးဟန်တော့...

'မောင်ဖိုးဟန် သိပ်ပြီး တွက်မနေနဲ့။ (၆၄)ကို (၄)နဲ့ စားလိုက် စားလဒ် (၁၆)ရတယ်။ အဲဒါရွှေးလေး(၁၆)ရွှေး ပြန်ဖွဲ့ကွာ ရွှေးကြီး(၈)ရွှေးပဲဖွဲ့ကွာ (၄)ပဲ'

ဆရာတော့်ဉာဏ် ဖိုးဟန် မနည်းလိုက်နေရတယ်။ မြန်လွန်းလို့ မမီတမီ မှီတမီ။ လက်တစ်ကမ်းအလို။ မီပြီလဲ ဆိုရော သိလိုက်ရော။ အဟောဝတကောင်းလေစွ။

'ဆရာတော် စိန် ဆေး ကန့် ဟင်း မြွေလေးစင်း တစ်စင်း(၄)ပဲစီ'

'ဟုတ်တယ်'

'ဆရာတော် ပထမ မိန့်ကြားတုန်းက ဓာတ်တစ်ပါးကို တစ်ကျပ်သားစီဆိုဘုရား'

'အဲဒါက အဖြစ်ပြောတာ၊ နားလည်အောင်လို့၊ ရှင်းအောင်လို့။ ကျပ်နဲ့ထည့်ပြလိုက်တော့ ဓာတ်လေးမျိုး တစ်ကျပ်သား ရှင်းပလား'



www.burmeseclassic.com

www.burmeseclassic.com

'မှန်ပါ့ဘုရား… ရွှေသတ်ဆေး အလေးချိန်ကိုတော့ သိပါပြီ။ တစ်နေ့ တစ်လုံလား ဘုရား'

'မနက်(၆)နာရီက ညနေ(၆)နာရီ တစ်နေ့တစ်လုံ လေဖိုတင်'

'လေဖိုနဲ့လား ဘုရား။ ဖားဖိုနဲ့ မရဘူးလား'

'ဖားဖိုကို မင်းဆွဲနိုင်ရင် (၃)နာရီ၊ (၄)နာရီပဲ။ ဒီထက်မပိုဘူး။ မဆွဲနိုင်ဘူး။ လေဖိုနဲ့က မီးစုံတယ်။ ဓာတ်ပြုမီး၊ ဓာတ်ငြိမ်မီး၊ ဓာတ်သတ်မီး…မီးစုံ'

'ဖားဖိုနဲ့လေဖို အဲဒီလို ကွာသလားဘုရား'

'အေးအေးဆေးဆေး သတ်မယ်၊ ဖြည်းဖြည်းဖေလး သတ်မယ်၊ အတင်းတရကြမ်း သတ်မယ်၊ အချော့အခြောက် အဖိအမြှောက်တွေနဲ့ သတ်မယ်။ သေရော…'

'အဖြစ်နဲ့အပျက်ကို တေဇော ချုပ်တယ်ဆို ဘုရား'

'ဥဏှာတေဇော မီးအေးလေး တငွေ့ငွေ့ပေးပြီး ရွှေကို သတ်မှာ။ ပါစကတေဇောက အတွင်းတေဇော အားကို မြှင့်ပေးမှာ။ အတွင်းရော အပြင်ပါ အပူဓာတ်သွင်းပေးမှာက မီးပြင်းဒါဟတေဇော။ သဘာဝလေက ဥဏှရော,ပါစကရော,ဒါဟရော ပေးသွားရင် မီးစုံကောလီတေဇောပဲ'

မလွယ်ပါလား… နှစ်တစ်ဝက်နီးနီး (၁၂၈)ရက် နားနေတဲ့ရက်။ မီးမဆင်တဲ့ရက်။ မအားလပ်တဲ့ရက်။ ဟိုရက် ဒီရက် နှစ်တစ်ဝက် ကျော်သွားမယ်။ ရက်ပျက်မရှိ မီးဆက်မှကောင်းမယ်။ ရက်ပျက်ရင် မီးခွင် အဆက်ပြတ်မယ်။ ပြတ်တောင်း ပြတ်တောင်း ဓာတ်မကောင်းနိုင်တော့ဘူး။

'ဖိုးဟာန် ဓာတ်ထိုးရက် တွက်ပြီး စိတ်မပျက်ပါနဲ့ကွာ။ တြင်းကျေ သတ္တဗီသကျေ နဝင်းကျေ ရှိမဟုတ်လား။ (၃)ရက်ဆက်တိုက်၊ (၇)ရက်ဆက်တိုက်၊ (၉)ရက်ဆက်တိုက် နားလိုက် ထိုးလိုက် လိုချင်တာ ခေါင်ခိုက်သွားမယ်။

ဒီအထဲ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးတွေကသာ လက်ဆွဲခေါ်ပြီဆိုရင် မင်းလုံ(၅၀)မကျော်ဘူး။ သာမန်ဆိုရင် (၁၀၈)လုံ ထိုးပြီးတာနဲ့ သိဒ္ဓိမြောက်ပြီ။ (၅)မူးသားတင်မယ်။ ကျင်းလုံး အဆင့်ရောက်ပြီ။ လုံကျင်းလို့ရပြီ'

ကျင်းလုံးဆိုတဲ့စကား ဖိုးဟာန် ကြားလိုက်တော့ မြောက်တက်သွားတယ်။ သွေးနားထင်ရောက်တာတော့ မဟုတ် ပါဘူး။ ကြားခဲ့ဖူးတဲ့ မိန့်စကား အသားပါးလွန်းလို့ ရင်ထဲမှာလဲ နာလွန်းလို့။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်လောက်က ဖိုးဟာန်မှာ ရောဂါတစ်ခု စွဲကပ်နေတယ်။ သေလောက်တဲ့ရောဂါတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တစိမ့်စိမ့်တော့ ခံစားရတဲ့ဝေဒနာ၊ အထက်တန်းပြဆရာ ဖြစ်ချင်တဲ့ ရောဂါ…

ဖိုးဟာန် ကိုယ့်ရောဂါ ကိုယ်ကုပါတယ်။ မရဘူး။ ဆေးချက် မဝင်ဘူး၊ ရောဂါမစင်ဘူး။ ကုရာနတ္ထိ ဆေးမရှိ။ ဘီအီးဒီဝင်ခွင့် ဝင်ဖြေတယ်။ ဖိုးဟာန်က မြို့နယ်တတိယ ခေါ်သွားတာက ပထမနဲ့ ဒုတိယ…

နောက်နှစ် ထပ်ဖြေတယ်။ မြို့နယ်မှာ ပထမ၊ ခေါ်တာကလဲ တစ်ယောက်တည်း။ ဆရာမပဲ ခေါ်တယ်၊ ခွဲတမ်းအရဆိုပဲ။ ဖိုးဟာန် ကျန်ခဲ့ရော။ ကြိတ်မနိုင် ခဲမရ ခဲလေသမျှ သဲရေကျ။ အရာမထင်။

ရောဂါက ကြီးကြီးလာတယ်။ မန်းလဲ ပြီလေ။ နောက်တော့ လာလေရော့ "စေလိုရာစေ"ရောက်ပြီလေ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ အ.ထ.က ဖြစ်ရလေပြီ အထက်တန်း ပြ။

မသက်သာတာက စိတ်။ မိခင်ကြီး က အသက်(၇၅)နှစ်။ ဖိုးဟာန်နဲ့ ဖနီး သည် ဒေါ်မြရွှေတို့မှာက သားမရှိ သမီးမရှိ။ ပြေးကြည့်မှ (၂)ယောက်တည်း။ ဥသျှစ်ပင်ကျောင်း ဆရာတော်ကြီး ဦးကလျာဏကလဲ သက်တော်(၈၀) ကျော်ပြီ။

စနေ,တနင်္ဂနွေမှာ ဖိုးဟာန် လုပ်ကိုင်ပေးနေကျ ဆရာတော်ကြီးရဲ့ ဝေယျာဝစ္စ။ သင်္ကန်းလျှော်တာကအစ ကျောင်းသန့်ရှင်းရေးအဆုံး ဘယ်မှာတုန်း။ လုပ်ကိုင်ပေးမယ့်လူစား။ အစားထိုးဖို့ လူမမြင်။ ဘယ်လိုလုပ်မှာတုန်း။ သွားလို့ကလဲ မဖြစ်၊ မသွားလို့ကလဲ မရ။ တကယ့်သောက…

ဒီတော့ ဖိုးဟာန် လျှောက်ရပြီ။

'တပည့်တော် မသွားချင်တော့ဘူး ဘုရား၊ အမေကလဲ အသက်ကြီးပြီ။ ဆရာတော့်အတွက်လဲ တပည့်တော် ငဲ့ကွက်ရတယ်။ အိမ်လဲ စိတ်မချဘူး'

ဆရာတော်ကြီး ဦးကလျာဏက…

'မသွားချင် မသွားနဲ့ကွာ'

တဲ့။

မောင်ဖိုးဟာန် ဆုပ်ရင်လဲစူး စားရင်လဲရှူး ဖြစ်ပြီ။ မသွားရင် လက်ရှိနေရာက မရှိတော့။ လစ်လပ်။ လူစားခန့်တော့မယ်။ ဖိုးဟာန်မှာ ဘုံပျောက်တဲ့ နတ်ပမာ။ ဗလာ နေရာမရှိ။

'မသွားလို့လဲ မဖြစ်ဘူးဘုရား သွားမှဖြစ်မှာ'

'သွားလိုက်ကွာ၊ ဒီတစ်နှစ် ကိစ္စပြီး သား ဓာတ်လုံးတစ်လုံး ပေးမယ် မင်းကိုမှ မပေးရင် ဘယ်သူ့ပေးမလဲ'

ဖိုးဟာန် ဝမ်းသာလိုက်တာ မပြော တော့ ရှေ့ခရီးကိုမျှော်ပြီး ... လိုက်တာ။

www.burmeseclassic.com

'ဘာခေတ်လုံးလဲ ဘုရား'

'ကျင်းလုံး ကဲ... လက်အုပ်ချီလိုက်ဆိုကွာ'

'တပည့်တော်သည်၊ တပည့်တော်သည်...ကျင်းလုံးကို၊ ကျင်းလုံးကို... တစ်ခါကျင်းရင်၊ တစ်ခါကျင်းရင်... တစ်မတ်သား၊ တစ်မတ်သား... ကျင်းပါ့မယ်ဘုရား၊ ကျင်းပါ့မယ်ဘုရား'

တစ်လ တစ်လ ဘယ်နှစ်ကြိမ် ကျင်းပါမယ်ဆိုတဲ့ စကား ဘယ်ပါလို့လဲ။

ဆရာတော် ရှေ့ကနေ တိုင်ပေးတဲ့ သစ္စာစကား နောက်ပါးကနေ လိုက်ဆိုလို့ ဖိုးဟာန် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားတယ်။

'ငါ ကျင်းလုံးရတော့မယ်'

ဒါပေမယ့် ဆရာတော် ချီးမြှင့်မယ့် ကျင်းလုံးကို ဖိုးဟာန် မြင်တောင် မမြင်ဖူးဘူး။ မြင်လဲ မမြင်လိုက်ရဘူး တကယ့်ကို...

ဆရာတော်ပေးမယ် ပြောတာက နောင်နှစ်ခါ။ အခုရတာ မဟုတ်။ လက်ထဲ ဘယ်ဆုပ်မိလို့လဲ အဟုတ်ပဲ။

နောင်မွန်းမြို့ကို ရောက်တာက ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်။ နွေရာသီကျောင်းပိတ်ရက်အပြန် ရန်ကုန်လေယာဉ်ကွင်းကနေ ဗဟန်း အလယ်ရွှေဂုံတိုင်မှာနေတဲ့ အစ်ကို ဝမ်းကွဲ သိပ္ပံလက္ခဏာ ဆရာအေး နောင်တို့အိမ်အရောက် သိလိုက်ရပြီ။ မောင်ဖိုးဟာန် ဆို့ဆို့နစ်နစ် သိလိုက်ရပြီ။

တရုတ်မှော်ရွာ ဥသျှစ်ပင်ကျောင်း ဆရာတော်ဦးကလျာဏ ပျံလွန်တော်မူပါပြီကော။ သတင်းစာဖတ်ပြီး မတ်တတ်က မေ့တော့မလို။

နောက်နေ့ တရုတ်မှော်ကို ပြန်ရမယ်။ ကမန်းကတန်း စီစဉ်ရပြီ။



ဖိုးဟာန် တရုတ်မှော်ကို ရောက်တဲ့နေ့ ဆရာတော်ကြီး ဦးကလျာဏ အန္တိမစျာပန ပြာကျတဲ့နေ့။ ကဲ... ကောင်းကြရော ဆိုးလိုက်တဲ့ကံ။

ဆရာတော်ကြီး နာမကျန်းဖြစ်နေတဲ့အချိန် ဥသျှစ်ပင်ကျောင်းရဲ့ ဂေါစရဂါမ်ရွာတွေက ဒကာကြီး၊ ဒကာမကြီးတွေ လာရောက်အားပေး သတင်းမေးကြတယ်၊ လှူကြတန်းကြတယ်။ ကျောင်းထဲကို ဝင်လာလိုက်ကြ၊ ထွက်လိုက်ကြ ကြိတ်ကြိတ်တိုးမျှ။

ဖိုးဟာန်ရဲ့ ညီတွေ၊ အစ်ကိုတွေ သူငယ်ချင်းအပေါင်းအသင်း ရောင်းရင်း မိတ်ဆွေတွေကလဲ တာဝန်ကိုယ်စီ ခွဲကြလို့အလှည့်နဲ့ ပြုစုကြ။ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ အားခဲပါလို့ မညည်းမညူ။

ဖိုးဟာန်မှာ ပြန်လာနိုင်ဖို့ဝေးလို့၊ ပူတာအိုမှာ ရက်တွေကြာ။ လေယာဉ် လက်မှတ် စောင့်လိုက်ရတာ။ အားမတန် မာန်ကိုချ ကံကိုပ အပြစ်တင်။

နွေရာသီ ကျောင်းပိတ်သွားပြီဆိုတာ ဆရာတော်ကြီးက သိတယ်။

အဲဒီမှာ...

'ဖိုးဟာန် မပြန်သေးဘူးလား'

လို့ ဆရာတော်ကြီးက ခဏခဏ မေးတယ်တဲ့။ ကျင်းလုံးပေးမလို့ ထင်ပါရဲ့။ မောင်ဖိုးဟာန် မပြန်နိုင်သေး။ ဝေးပြီ ထင်ပါရဲ့။ ကျင်းလုံးလေး...

ဆရာတော့်ဈာပန ပြာကျတဲ့နေ့ ရောက်လာတဲ့ ဖိုးဟာန်ကို အကြောင်းစုံ ပြန်လည်ပြောပြတာ ကြားရတော့ ဖိုးဟာန်ဆိုတာ ရင်ထဲမှာ ဆို့ဆို့တက်လာတယ်။ အဲဒီအထဲ...

'ဖိုးဟာန် မပြန်သေးဘူးလား'

ဆရာတော်ရဲ့ တမ်းတမ်းတတ သံယောဇဉ်စကား ပြန်ပြန်ကြားလိုက်ရတော့ ဖိုးဟာန်မှာ ကြေကြေကွဲကွဲ ခံစားရပြီ။ ပြာပုံကိုသာ အကြိမ်ကြိမ် ဦးတိုက်လို့...

ရှိပါစေတော့၊ ရှိစေတော့ ဘာတတ်နိုင်မှာတုံး။ စံသင့်တော့ စံ၊ ခံသင့်တော့ ခံရပြီကော။ မချိတရိ။ တွေးမိတိုင်း စိတ်မကောင်းစရာ ဖြစ်ရလေခြင်း။

ဒါပေမယ့် လွတ်တဲ့ငါးက အကြီးကြီး။ ရောနန္ဒာ ဖြေသိမ့်စရာမရှိ။

ကျင်းလုံးကြောင့် နေမထိထိုင်မသာ ဖြစ်ခဲ့ရရှာတဲ့ မောင်ဖိုးဟာန်။ ခု တစ်ဖန် ပြန်လို့ ကြားရပြန်ပြီ။ ကျင်းလုံး...

ဆရာတော်ကြီးဦးကလျာဏ ပေးမှာက ကိစ္စပြီးပြီသား ကျင်းလုံး။

ဆရာတော် ဦးသုဓာတကတော့ ကိုယ်တိုင် အားမန်ကိုးလို့ ကြိုးစားထိုးယူရမယ့် ကျင်းလုံး။

ကျင်းလုံး အသာလင့် အသင့်နဲ့ ဖောချွေး(၇)တန် ပြန်အောင် ထိုးယူရမယ့် ကျင်းလုံး။

ဖိုးဟာန် တသိကြီးတွေးပြီး ငြိမ်ချက်သား ကောင်းနေလိုက်တာ။ အကြာကြီး ဆရာတော်ဦးသုဓာတ စကားပြန်စ မိန့်ပြန်တော့မှ အတွေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်၊ အသိကလဲ ပြန်ပြီး ရောက်လာတယ်။ ထောင်နားစိုက်လိုက်ပြီ။

'လုံးကျင်းရင် လုံက (၁)လုံ၊ မီးက (၂)မီး သိတယ် မဟုတ်လား'

'မှန်ပါ့'

'အေး (၁)လုံ (၁)မီးထဲ ထိုးချင်လို့တော့ မရဘူး။ (၁)လုံ (၂)မီးတော့ ထိုးကို ထိုးရမယ်။ အခု (၂)လုံ (၂)မီးထိုးရမယ့် ပျဉ်းကြိတ်ကြေနည်းလေးလဲ ပေးလိုက်ဦးမယ်'

မောင်ဖိုးဟာန် ဟန်ကျပြီ။ တစ်ထိုင်တည်းနဲ့ နည်း(၂)နည်း။ အပြီးတိုင်စေမယ့်ဓာတ်၊ လူတိုင်းမတတ်။ သူမြတ်တို့အတတ် အဂ္ဂိရတ်။ ကိတ်ဓာတ်မြတ်မဟာ ထွက်ပေါ်လို့လာမယ့် မီးအတတ်၊ ထွတ်ထွတ်မြတ်မြတ် လောကီပညာရပ်။

'ပြဒါးကြိတ်ကြေ လုပ်မယ့်နည်းစနစ်ကတော့ ပြဒါးကိုသန့်၊ နာကိုသန့်၊ ပြဒါးသန့်သန့်၊ နာသန့်သန့်ကို ဆတူတွဲပြီး ရောနှောလိုက် လုံးကျင်းဓာတ်လုံးရဲ့ (၃)ဆ (၁)ဆကိုယူ သပ်သပ်ဖယ်ထား'

'(၃)ဆ(၁)ဆဆိုတာက...'

'ဓာတ်လုံးက (၃)မူးသားရှိရင် နာပြဒါးတွဲက (၁)မူးသားပေါ့'

'လုံသစ်တစ်လုံထဲမှာ ကျင်းလုံးကိုထည့်၊ လုံငှားဖုံး ဖုံးပြီး ဖိုခွင်မှာ မီးတင်ပြီး ထိုးပေတော့'

လုံဆိုပေမယ့် ဖောက်လုံလား၊ လုံပက်လား ခွဲပြီးတော့ မေးဦးမှလို့ ဖိုးဟာန်တွေးတယ်။

'လုံက ဖောက်လုံလား၊ လုံပက်လား ဘုရား'

'ကိုယ်သန်ရာ သန်ရာရတယ်။ မင်းသန်တာနဲ့ မင်းထိုး။ ဖောက်လုံသန်ရင် ဖောက်လုံနဲ့ထိုး၊ လုံပက်သန်ရင် လုံပက်နဲ့ထိုး'

'အတူတူပဲလား ဘုရား'

မောင်ဖိုးဟာန် မသိလို့ဘဲ မေးလေသလား၊ သိသိကြီးနဲ့ပဲ မေးလေသလား ဆိုတဲ့သဘောနဲ့ ဆရာတော်ဦးသုဇာတ ဖိုးဟာန်ကို ကြည့်တယ်။

'လုံပက်နဲ့ ထိုးတာ ပိုကောင်းတယ်။ မီးပိုနာတာပေါ့။ ဖားဖို၊ မော်တာဖို၊ လေဖို၊ ကြိုက်တဲ့ဖိုနဲ့ မီးတင် ကျွမ်းကျင်ရာ လိမ္မာ'

မောင်ဖိုးဟာန် နားလည်လိုက်ပြီ။ သဘောခွေ့သွားတယ်။ ဖိုးဟာန်က လုံပက်သမား၊ လေဖိုသမား။

'ဖိုခွင်မှာ မီးတင်လို့လုံထဲက ဓာတ်လုံး အရည်ပျော်ပြီး တော်တော်ကြီး အရည်လင်ပြီဆိုရင် လုံငှားဖုံးကိုဖွင့် လုံကို ဖိုခွင်ထဲက ထုတ် သဲခွက်ထဲမှာ ငြိမ်အောင်တည်ထား။ နောက်(၅)မိနစ်လောက်ကြာတော့ လုံထဲက လုံကျင်းဓာတ်လုံးအပေါ်ကို နှီးစလေးနဲ့ ထိုးကြည့် မီးလိုက်ရင် ဘာမှ မလုပ်လေနဲ့'

'ဒီလိုဆိုရင်...'

'နှီးစလေးကို မီးမလိုက်တော့မှ နာပြဒါးတွဲထားတဲ့ ဓာတ်သား(၃)ဆ (၁)ဆကို ပူတံလေးပေးပြီး ထည့်လိုက်၊ ချက်ချင်း လုံငှားဖုံးကို ဖုံးလိုက်။ နာပြဒါးတွဲဓာတ်သား ကျိုးကြေသွားမယ်၊ ကြိတ်ကြေ ဖြစ်သွားမယ်'

ဖိုးဟာန် တွေးတယ်။ ကြိတ်ကြေတော့ရပြီ။ ကြိတ်ကြေက ရွှေမှ မဖြစ်သေးတာဘဲ။ ဒီတော့...

'အဲဒီကြိတ်ကြေကို ဘာဆက်လုပ်ရမလဲ ဘုရား'

'နာပြဒါးတွဲ အကျိုးအကြေကို ယူ ဖောက်လုံအသစ် နံပါတ်(၁)အကြီး တစ်လုံးထဲကို ထည့်။ အဲဒီအပေါ်က လုံကျင်းဓာတ်လုံးထိုးထားတဲ့ လက်ချားချော်ကို အမှုန့်ထောင်းပြီး အုပ်ထိုး။ လုံကျင်းဓာတ်လုံးရဲ့ မူလ အခေါက်ရွှေအရောင်အတိုင်း ဝင်းမှည့်အိနေတဲ့ ဓာတ်သားကို ရမယ်။ ကိတ်ဖြစ်ပြီ'

ဆရာတော်ဦးသုဇာတ မိန့်ကြားတဲ့စကား ဖိုးဟာန်ကြားတော့ သဘောတွေကျသွားတယ်။ ကိတ်ဖြစ်ဖို့ လွယ်မှတ်လို့။ ခက်ခက်ခဲခဲ မနည်းကြံရ။

'လုံ(၂)လုံ မီး(၂)မီးဆိုတာ ဒါလားဘုရား'

'အမှန်ပေါ့ မောင်ဖိုးဟာန် ပြဒါးနဲ့မတွဲဘဲ နာချည်းလဲရတယ်။ ဒါပေမယ့် နာချည်းပဲဆိုရင် ပြဒါးဓာတ်နည်းလို့ ပြဒါးတွဲပေးရတာလဲ'

'ဩော်...ဒီလိုလား ဘုရား'

'ဖိုခွင်မှာ မီးတင်ပြီးထိုးကြည့် မင်းသိလိမ့်မယ်'

'လုံကျင်းဓာတ်လုံးကို ရွှေကျွေးစရာလိုသလား ဘုရား'

'ဟာ သွားမလုပ်နဲ့၊ အခေါက်ရွှေကဖြစ်လာတဲ့ လုံကျင်းဓာတ်လုံး ရွှေကျွေးစရာ မလိုဘူး။ ဒါပေမယ့် လုံကျင်းမယ်ဆိုရင်တော့ ရွှေကျွေးဖို့လိုတယ်'

'အတော်ဟန်ကျတာပဲ ဘုရား'

'ဟ...ဖိုးဟာန်ရ ဟန်ကျဆို ဓာတ်အခြေခံကိုက အခေါက်ရွှေ၊ မိတ္တူဖတ္တူလိုက်တယ်လေ'

ဖိုးဟာန် ဝက်ထီးကန် ပြန်ရောက်ရင်တော့ ရသလောက်အချိန်ယူပြီး ဓာတ်ကစားတော့မယ်။

ရွှေကအခေါက် အခေါက်ရွှေ၊ အခေါက်ရွှေ တစ်ကျပ်သားကို (၉၀၀၀)ကျပ်။ ဖိုခွင်ဝင် ဓာတ်ကစားချင်လွန်းလို့ ဆေးလိပ်တောင် ဖြတ်ရတဲ့ မောင်ဖိုးဟာန်။ ကိုးထောင်တန် ရွှေအခေါက်ဖြစ်မြောက်အောင် ဘယ်လိုကြံမလဲ။

'ကဲ... ကြံလိုက်စမ်း'

**ရွှေတောင် ခင်မောင်ကြည်**

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံဝတ္ထု

# မားမုံမားကဏကျောင်းဘာရကျောင်း၌

အမိဌာန်ဝင်လိုလျှင်

F.26A. May, 2013.

လွန်ခဲ့သည့်လက နံနက်စောစော နံနက်ခင်း အရုဏ်တွင် စာရေးသူ သည် ကစ္ဆပနဒီတံတား ကို ဖြတ်ကျော်၍ သေလာဂီရိမောရပဗ္ဗတ တောင်ခြေ အရှေ့ဘက်ရှိ လမ္ပတော်ရွာသို့ သွားသော မြေနီလမ်းအတိုင်း လျှောက်လာခဲ့သည်။

'ကျောက်တော်တောင်ရဲ့ အရှေ့ဘက်တောင်ခြေကို ရောက်ရင် တောရကျောင်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒကို သွားဖူးပါ' ဟူသော ကျောက်တော် ဈေးမှ နာရီ ဆရာ ကိုမောင်စောခိုင်၏ တိုက်တွန်း စေ့ဆော်ချက်ကြောင့် တောရကျောင်း ကို စာရေးဆရာ ထက်မြက်နွယ် (ကျောက်တော်)နှင့်အတူ ရောက်ခဲ့ရပါ တော့သည်။

တောင်တော်အရှေ့ဘက် တောင် ခြေ၌ ကျယ်ဝန်းလှစွာသော ကျောင်း ပရိဝုဏ်ကြီး၏ အတွင်းဝယ် ခံ့ညား ထည်ဝါလှစွာသော ကျောင်းသင်္ခမ်း ငယ်သေး သစ်ပင်ပန်းပင်များ မြိုင်မြိုင် ဆိုင်ဆိုင် ပေါက်ရောက်လျက် ရှိနေ သဖြင့် ကျက်သရေ ရှိလှပါသည်။ တောရဆရာတော်ကြီး ဘဒ္ဒန္တကဝိန္ဒကို ဆရာတော် သီတင်းသုံးရာ သစ်သား ကျောင်းငယ်လေးအတွင်းတွင် အခန့် သင့် ဖူးခွင့်ကြုံရပါ၏။

ဆရာတော်ကြီးကို ဦးခိုက် ကန်တော့ပြီးနောက် သိလိုသမျှကို မေးမြန်းလျှောက်ထားကြပြီး ဆွေးနွေးပါး



www.burmeseclassic.com

www.burmeseclassic.com

ရေးသားပူဇော်မှုပြုပါက ခွင့်ပြုပါရန် တောင်းပန်လျှောက်ထားရာ ဆရာတော်ကြီးက ခွင့်ပြုသဖြင့် ဝမ်းသာကြရလေသည်။

ဘဒ္ဒန္တကဝိန္ဒကို ၁၂၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၅)ရက်၊ တနင်္လာနေ့တွင် မိဘများဖြစ်သော ခမည်းတော် ဦးပျော့၊ မယ်တော် ဒေါ်ညိမ်းတို့မှ ကျောက်တော်မြို့နယ်၊ လမ္မတော်ကျေးရွာတွင် ဖွားသန့်စင်ခဲ့ပါသည်။

သို့သော် ဆရာတော်ကြီးက ကျန်းမာရေးကောင်းသဖြင့် ဒေသအသီးသီးသို့ ကြွရောက် သီတင်းသုံးနေတော်မူကာ နံနက်အရုဏ်ဆွမ်း မသုံးဘဲ နေ့ဆွမ်းကိုသာ ဘုဉ်းပေးပြီး သမထဝိပဿနာတရားကို တစ်ပါးတည်း ကျင့်ကြံအားထုတ်လျက် ရှိပါသည်။

**[မှတ်ချက်။ ။ ယခု ဆောင်းပါးရေးပို့စဉ် ၁၃၆၂ ခုနှစ်က သက်တော် (၈၂)နှစ် ရှိနေပါပြီ။]**

ဤသို့ **သေလာဂီရိမောရပဗ္ဗတ ကျောက်တော်တောင်တွင်** သမထဝိပဿနာတရားပွားများ အားထုတ်ခြင်း သစ္စာအဓိဋ္ဌာန်ပြု၍ ရက်ရှည် ကျင့်ကြံ အားထုတ်လိုသည့် သူတော်စင်များအတွက် အထူးသင့်လျော်သော တရားစခန်းဌာနတစ်ခုမှာ တောင်ပေါ်တက်သည့် ကတ္တရာလမ်းဆုံး ပဥ္စဝဂ္ဂီငါးပါးကို တရားဦးဟောခန်း သိမ်တော်၏ အရှေ့ဘက်တည့်တည့်ရှိ အမတ်ကြီးတက်လမ်းဟုခေါ်သော လမ်းအတိုင်း အရှေ့ဘက်တောင်ခြေခါးပတ်အောက်သို့ ဆင်းလာခဲ့လျှင် ယခင် တောရကျောင်းတိုက်နေရာဟောင်းအနီးရှိ သီးသန့် သိမ်တော်နှင့်



တည်ထားရှိသော ရှေးဟုဒ္ဓရုပ်ပွားတော်မြတ် ဗားမဲ့ဗားကရားဘုရားသုံးဆူကို ဖူးမြော်တွေ့ရှိရမည်။

ယင်းသိမ်တော်အနီးရှိ တရားစခန်း နေရာသည် သစ်ပင်များလည်း အုပ်ဆိုင်း၍ အရိပ်လည်း ကောင်းပြီး အေးမြဆိတ်ငြိမ်လှ၏။ သမာဓိရလွယ်သော နေရာလည်း ဖြစ်ပေသည်။ ရက်ရှည် အဓိဋ္ဌာန်ဝင်လိုသည့် ယောဂီများအဖို့ အနီးရှိ ရေတွင်းရေကန်များ ရှိနေသဖြင့် သောက်သုံးရေအတွက် အဆင်လည်း ပြေပါသည်။

'ဘုန်းကြီး မှတ်မိသလောက်ကို ပြောရရင် ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)ကျော်ခန့်က ဒီဗားမဲ့ဗားကရားဘုရား သိမ်တော်ရဲ့ မြောက်ဘက်အနီးမှာ တောကျောင်းဆရာတော်ကြီး သီတင်းသုံး နေထိုင်တော်မူခဲ့တယ်။

အဲဒီတုန်းက ဘုန်းကြီးအသက်ဟာ (၁၀)နှစ်အရွယ် ကိုရင်လေးဘဝ တောရကျောင်း ဆရာတော်ကြီးရဲ့ တပည့်အဖြစ်နဲ့ နေခဲ့ဖူးတယ်။ ဆရာတော်ကြီးဟာ အဲဒီအချိန်က ဒီနယ်တစ်ပိုက်မှာ တော်တော်နာမည် ကျော်ကြားတယ်။

တပည့်ဒကာတွေအပေါ်မှာလဲ မေတ္တာစေတနာထားပြီး အလွန်ပဲ ဩဇာညောင်းပါတယ်။ အနီးအနားကျေးရွာတွေက ဒကာ, ဒကာမတွေကလဲ အလွန်ကြည်ညိုလေးစား ဆည်းကပ်ကြတယ်။ ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာဆိုလဲ မမှားပါဘူး'

တောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တကဝိန္ဒမှ ရှင်းပြပေးခြင်းဖြစ်သည်။

'အရှင်ဘုရား ဒီကျောက်တော်တောင်မှာ ရဟန်းဘဝနဲ့ အခုလို တစ်ပါးတည်း သီတင်းမသုံးမီ အခြား ဘယ်အရပ်ဒေသတွေမှာ သာသနာပြုပြီး သီတင်းသုံးနေထိုင်တော်မူပါသလဲ ဘုရား'

စာရေးသူက ဆက်လက် လျှောက်ထားရာ...

'ဘုန်းကြီးအနေနဲ့ ရန်ကုန် ကြွသွားပြီးနောက် ပထမတော့ သဲအင်းဂူဆရာတော်ကြီး ဘဒ္ဒန္တဥက္ကဋ္ဌထံမှာပဲ ရဟန်းဖြစ်တယ်။ အဲဒီ သဲအင်းဂူတရားစခန်းမှာ (၂)နှစ်ခန့် ကြာပြီးတော့ တောတိုက်တောင်(ကျိုက်ထီး) ကျောက်တစ်လုံး(မော်လမြိုင်ဒေသ) ရောက်ပြီးမှတစ်ဆင့် ဖိုးဝင်းတောင်(စစ်ကိုင်းတိုင်း ဒေသကြီး) မင်းကွန်းနဲ့ (၂)မိုင်အကွာ ရေထွက်စခန်းမှာ (၃)နှစ် ပြီးတော့ လားရှိုး မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်မီးရှု တရားစခန်းမှာ (၃)နှစ်ကြာ တယ်။

အဲဒီ တရားစခန်းတွေမှာ သီတင်းသုံးနေ ထိုင်ခဲ့ပြီး နောက်ဆုံးမှာတော့ ဘုန်းကြီး မွေးရပ်ဇာတိလဲဖြစ်ပြန် တောကျောင်းနေရာ ဒေသဟာ ထူးခြားတဲ့ အောင်မြေအမှန် ပါပဲလို့ ခံယူမိပြီး မွေးရပ်ဇာတိမြေ ကျောက် တော်ဒေသကို ပြန်ကြွလာခဲ့တယ်'

ဆရာတော်ကြီး၏ ကျောင်းခြံဝင်း၌ သီတင်းသုံးသည့် သစ်သားကျောင်း ငယ်အပြင် ယောဂီများ အချိန်ပိုင်းနှင့် ကမ္မဋ္ဌာန်းဝိပဿနာ တရားအားထုတ် ကြသည့် သီးခြား အဆောက်အအုံငယ် တစ်ခု ရှိပါသည်။ ယင်းမှာ တရား ဘာဝနာ ပွားများအားထုတ်လာကြသူ ယောဂီများတို့အား ဆရာတော်ကြီး တရားပြသည့် တရားစခန်းငယ်ပင် လည်း မမှားပေ။





www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ တောကျောင်းနေရာမှာ ဆိတ်ငြိမ်အေးချမ်း၍ သမထဝိပဿနာ တရားကျင့်ကြံအားထုတ်ရန် အထူး သင့်လျော်သော နေရာထူးပင် ဖြစ်ပါ တော့သည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)ကျော်ခန့် ကပဲ ကျောက်တော်တောင်ရဲ့ အနောက်ခြမ်းဘက်မှာ လက္ခဏာကျိုင် လို့ ခေါ်ဆိုတဲ့နေရာမှာ တောရကျောင်း ဟောင်းနေရာတစ်ခု ရှိခဲ့သေးတယ်။ အဲဒီကျောင်းသင်္ခမ်းမှာ ဒီတောကျောင်း ဆရာတော်ကြီးနဲ့ တစ်ချိန်တည်း အပြိုင် ဦးလက္ခဏဆိုတဲ့ ဆရာတော် တစ်ပါးလဲ သီတင်းသုံး နေထိုင်တော်မူ ခဲ့တာကြောင့် အဲဒီနေရာကို **လက္ခဏ တောကျောင်း**လို့ အခုထိ ခေါ်ကြ တုန်းပါပဲ'

ဆရာတော်ကြီးက ထပ်မံ၍ အကြောင်းစုံကို ရှင်းပြခဲ့ပါသည်။

သေလာဂီရိမောရပဗ္ဗတ ကျောက် တော်တောင်ကြီးသည် တောင်မြောက် သွယ်တန်းလျက် တည်ရှိနေပြီး တောင် ခြေရဲ့ အရှေ့အရပ်မှာ ညီညာစီတန်း စွာဖြင့် အရှေ့မှ အနောက်သို့ ကန့်လန့် ဖြတ် သွယ်တန်းကာ တောင်ငယ်ကိုး လုံးက ကျောက်တော်တောင်ကြီးကို ဝပ်တွားဦးခိုက်လျက် တည်ရှိနေသည် ကို ရောက်ရှိလာကြသူများ သတိထား မိလျှင် မြင်တွေ့နိုင်ပါသည်။

ဤသို့ ရှိနေခြင်းသည် တောင်တော် ကြီး၏ အလွန် အံ့သြစရာကောင်းပြီး ထူးခြားဆန်းကြယ်သည့် လက္ခဏာ တစ်ခုပင် ဖြစ်ပါသည်။

'အရှင်ဘုရား ဒီတောင်နဲ့ ပတ်သက် ပြီး ထူးခြားတာလေးတွေရှိခဲ့ရင်လဲ တပည့်တော်တို့အား သနားသောအား ဖြင့် အမိန့်ရှိပါဘုရား'

'ဘုန်းကြီးဟာ ဒီနယ်မြေဒေသရဲ့ ဇာတိဖြစ်ပြီးတော့ **ကျောက်တော်မြို့ ရဲ့ သမိုင်းဝင်ဗျာဒိတ်ရ သေလာ ဂီရိမောရပဗ္ဗတ တောင်ထူးတောင် မြတ်မှာ** ရဟန်းဘဝနဲ့ လာပြီး ကျင့်ကြံ အားထုတ်နေရတာဟာ ရှေးဘဝက ပဋ္ဌာန်းဆက် ပါရမီရှိလို့ပါပဲ။

ဘုန်းကြီးအနေနဲ့လဲ မြန်မာနိုင်ငံအနှံ့ ကြွရောက်ခဲ့ဖူးပါပြီ။ သမထဝိပဿနာ တရားကို ကျောင်းသင်္ခမ်းမရှိဘဲ သစ် တစ်ပင်၊ ဝါးတစ်ပင်အောက်တွေမှာလဲ အားထုတ်ခဲ့ဖူးတယ်။ ဂူတွေထဲမှာလဲ အကြိမ်ကြိမ် ကျင့်ကြံအားထုတ်ဖူးပါ တယ်။

ဒီတောင်ဟာ တောင်ထူးတောင် မြတ် ဖြစ်တယ်ဆိုတာကို အခုလက် တွေ့ သိရှိခွင့်ရခဲ့တယ်။ ပြီးတော့ ဒီနေ ရာတွေမှာ ရှေးကလဲ ရဟန်း၊ ရသေ့၊ ဇော်ဂျီ၊ ဝိဇ္ဇာ၊ ဘိုးသူတော်လို ပုဂ္ဂိုလ် များ တရားအားထုတ်ခဲ့ကြတဲ့ အောင် မြေနေရာထူးလဲ ဖြစ်တယ်။

ကိုယ့်ဘက်က အကျင့်သီလ မမှန် ဘူးဆိုရင် ဒီနေရာတွေမှာ ကြာရှည် သီတင်းသုံးလို့ မနေနိုင်ပါဘူး။ သတိ မလွတ်ရအောင် အထူးဆင်ခြင်ပြီး သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်မှ အေးချမ်းစွာ နေရလို့ရမယ်။

တစ်ခါတစ်ခါမှာလဲ ဘုန်းကြီးရဲ့ မနောအာရုံ မှာ ထူးဆန်းအံ့ဩစွာ မြင်တွေ့ရတာကတော့ ဗားမဲ့ဗားကရားပုဂ္ဂိုလ်တွေရဲ့ ဆရာကြီးဖြစ် တဲ့ အရှင်ရသေ့ကြီးကို ထင်ရှားစွာ မကြာ ခဏ မြင်တွေ့ရဖူးတယ်။ အဲဒါ သိပ်ထူးဆန်း တာပါပဲ'

ဆရာတော်ကြီးမှ သမိုင်းနောက်ခံ နှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ဆက်စပ်ပြီး စာရေးသူတို့ကို မိန့်ကြားခဲ့ပါသည်။

ဗားမဲ့ဗားကရားဘုရားမှာ ဉာဏ် တော် လေးတောင်တစ်ထွာရှိပြီး ရှေး ဟောင်းကျောက်ဆစ်လက်ရာ ဖြစ် သည်။ ဤရုပ်ပွားတော်၏ ထူးခြား ချက်မှာ မျက်နှာတော်ပြုံးနေဟန် ဖြစ် သည်။ အလွန်ကျက်သရေရှိသော အပြုံး၊ ကရုဏာ မေတ္တာ ပြည့်ဝသော ဘုရားရှင်၏ တည်ကြည်သော ပြုံး တော်မူပုံကို အသက်ဝင်အောင် ထုဆစ် ထားပါသည်။

ဗားမဲ့ဗားကရားဘုရား၌ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

ဝင်လိုသူသည် ဘုရားရှေ့တွင်...

(၁) မိမိမွေးနံ့ပန်း (၉)ပွင့်
(၂) ဆီမီး (၉)တိုင်
(၃) အမွှေးတိုင် (၉)တိုင်
(၄) သစ်သီး (၉)လုံး
(၅) ရေ (၉)ခွက်

စသည့် အလှူပစ္စည်း(၅)မျိုးတို့ကို ကပ်လှူပူဇော်ပြီးလျှင် ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ ကိုးပါးသီလ ခံယူရပါမည်။

ထို့နောက် မိမိအသက်နှင့် ကိုယ်ကို ဘုရားရှင်အား လှူဒါန်းရပါမည်။ ဤသို့ ပြုလုပ်ပြီးပါက ပုတီးစိပ်ခြင်းကို စတင်ရပါမည်။ **ပုတီးစိပ်ရန် ဂါထာမှာ...**

ယသာနုဘာဝေ ပညာစ၊
ယသန္တိ သဗ္ဗဗုဒ္ဓါနံ၊
ယဇိတွာ ဓမ္မံ သံဃဉ္စ၊
ယသန္တိ အမတံ ပဒံ၊

ဟူ၍ ဖြစ်ပါသည်။

ခက်ခဲသော ပါဠိအသံထွက်

**ပညာ** = ပင်ညာ
**ယသန္တိ** = ယသန်တိ
**သဗ္ဗ** = သပ်ဗ
**ဗုဒ္ဓါ** = ဗုတ်ဓါ
**ယဇိတွာ** = ယဇိတ်တဝါ
**ဓမ္မံ** = ဓမ်မံ
**သံဃဉ္စ** = သံဃင်စ
**ယသန္တိ** = ယသန်တိ

ဂါထာတစ်ခေါက်ဆိုပြီးလျှင် ပုတီးတစ်လုံးချပါ။ တစ်နေ့ ပုတီး (၉)ပတ် စိပ်ပါ။ ဤသို့ (၉)ရက်တိုင်တိုင် သက်သတ်လွတ်စားသုံးပြီး မှန်မှန် စိပ်ရပါသည်။ (၉)ရက် အဓိဋ္ဌာန်ပုတီး စိပ်ပြီးပါက ပုတီးပတ်ရေ (၈၁)ပတ်ရရှိပြီး ဖြစ်ပါသည်။ နဝင်းကျေ ဖြစ်ပါသည်။

**ဂါထာ၏ အနက်အဓိပ္ပာယ်မှာ...**

**သဗ္ဗဗုဒ္ဓါနံ၊** ခပ်သိမ်းသော ဘုရား



ရှင်တို့အား။ **ယသာနုဘာဝေ၊** အခြံအရံ စည်းစိမ်တို့သည် လည်းကောင်း။ **ပညာစ၊** ပညာသည် လည်းကောင်း။ **ယသန္တိ၊** ရောက်ကုန်၏။ **ဓမ္မသံဃဉ္စ၊** တရားနှင့် သံဃာကိုလည်း။ **ယဇိတွာ၊** ပူဇော်၍။ **အမတံ၊** သေခြင်းကင်းသော။ **ပဒံ၊** နိဗ္ဗာန်သို့။ **ယသန္တိ၊** ရောက်ကုန်၏။

နောက်ဆုံး အဓိဋ္ဌာန်ပုတီးစိပ်ပြီးသောအခါ မိမိ ပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ။ ဤ တောင်တော်မြတ်ရှိ ဗားမဲ့ဗားကရား ဘုရား၌ အဓိဋ္ဌာန်ကို ယုံကြည်စွာဖြင့် ကျင့်ကြံ အားထုတ်ဆောင်ရွက်ပါက အကျိုးထူးကို အဓိဋ္ဌာန်ဝင်သူတိုင်း ခံစားသိရှိရပါလိမ့်မည်။

"ပြုံးတော်မူနေဟန် ဘုမိဖဿမုဒြာ ရုပ်ပွားတော်ဟာ ရှေးဟောင်းဘုရားပဲ။ သိဒ္ဓိပေါက်မြတ်စွာဘုရားလို့လဲ ဘွဲ့အမည်ရှိပါတယ်။ ဒီရုပ်ပွားတော်ရှေ့မှာ အဓိဋ္ဌာန်ဝင်ရင် ကြားနိုင်မြင်နိုင် အာရုံထူး နိမိတ်ထူး ရလွယ်တယ်။ ဟိုရှေးယခင်က ပုဂ္ဂိုလ်တွေက ဒီဘုရားကို အစီအရင်ပြုလုပ်ပြီး တည်ထားခဲ့တာမို့ တန်ခိုးကြီးပါတယ်"

အဆိုပါ ရုပ်ပွားတော်ရှေ့တွင် သက်လွတ်ဆွမ်း၊ သစ်သီးဆွမ်း၊ ရေချမ်း ပန်းများ၊ အမွှေးနံ့သာများ လှူဒါန်း ပူဇော်ပြီး သစ္စာပြု အဓိဋ္ဌာန်ဝင်ခြင်းဖြင့် ထိုသူတို့မှာ ဘေးအန္တရာယ်ကင်းခြင်း၊ လာဘ်လာဘပေါ်များခြင်း၊ ဘုန်းတန်ခိုး ကြီးမားခြင်း၊ နေအိမ်၊ ခြံမြေ၊ တိုက်တာ၊ ယာဉ်ကား စသည်တို့အတွက် ရရှိစေအောင် ဆုတောင်းပြည့်စေ ကြောင်းကိုလည်း ကိုယ်တိုင် ကုသိုလ် ပွားကာ ပြုလုပ်ဆောင်ရွက်သူ လမ္ဘတော်ရွာမှ ကားပိုင်ရှင် ဦးကျော် စိန်လှက ယုံကြည်စွာဖြင့် ပြောပြခဲ့ သည်။

ယင်းအလှူရှင်မှာ ဤဘုရားကြီးကို ဆက်လက် ပြုပြင်မွမ်းမံခြင်း၊ ရုပ်ပွားတော်သုံးဆူအား ရွှေသင်္ကန်းများ ကပ်လှူခြင်း၊ ဘုရားသိမ်တော်၌ တရားကျင့်ကြံအားထုတ်သည့် ရဟန်းပုဂ္ဂိုလ်အား ပစ္စည်းလေးပါး လှူဒါန်းခြင်း၊ ယောဂီပုဂ္ဂိုလ်များတို့အား ဝေယျာဝစ္စ ပြုလုပ်ပေးခြင်း စသည်ဖြင့် သဒ္ဒါ ကြည်လင်စွာ လှူဒါန်းကာ ကုသိုလ် ပွားများခြင်းတို့ကြောင့်လည်း မိမိဘဝ၌ မရရှိခဲ့ဘူးသော အကျိုးထူးများတို့ကို ခံစားရရှိပါကြောင်း စာရေးသူအား ဝမ်းမြောက်စွာ ရှင်းပြခဲ့ပါသည်။

ကျောက်တော်မြို့သို့ ရောက်ရှိလျှင် သမိုင်းဝင်ဗျာဒိတ်ရ သေလာဂီရိ မောရပဗ္ဗတ ကျောက်တော်တောင်သို့ ဝင်ရောက်ဖူးမြော် လေ့လာရင်း တောင်ခြေ အရှေ့ဘက် ယခင်တောရ ကျောင်းဟောင်းနေရာအနီးရှိ **ဗားမဲ့ ဗားကရားဘုရား အဓိဋ္ဌာန်စခန်း** နေရာထူးသို့ ရောက်ရှိနိုင်ကြစေရန် လမ်းညွှန်လိုက်ပါသည်။

**သီဟတေဇ**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လုပ်ငန်းနဲ့ အကျိုးပေးမလဲ

လေ့လာကြည့်ပါ။

- **လက်မရဲ့ ဒုတိယအဆစ်မှာ အရစ်ပိုများပါတယ်။ (က.က)**

စတိုးဆိုင်လုပ်ငန်း၊ ဈေးဆိုင်လုပ်ငန်းများနဲ့ အကျိုးပေးတဲ့ အမှတ်အသားပါ။

- **လက်မရဲ့ ပထမအဆစ်မှာ ဒေါင်းမျက်စိပါတယ်။ (ခ.ခ)**

ရိက္ခာပြည့်စုံခြင်းနဲ့ စားသောက်ဖွယ်ရာ ပေါများစေခြင်းအပြင် အစားကောင်းကောင်း စားရခြင်းရဲ့ အမှတ်အသားပါ။

- **နလုံးလမ်းကြောင်းရင်းမှာ မြားမြီးသင်္ကေတ တွေ့ရတယ်။ (ဂ.ဂ)**

ကူညီထောက်ပံ့သူ ပေါများစေနိုင်တဲ့ အမှတ်အသားပါ။

- **ကြာသပတေးဂြိုဟ်ခုံမှာ ဇေယျထီးရှိးပါတယ်။ (ဃ.ဃ)**


ရည်ရွယ်တိုင်း ပြီးမြောက်စေသော ဆန္ဒပြည့်အမှတ်အသားပါ။

- **ရတနာဘဏ်တိုက် ပါတယ်။ (င.င)**

ငွေကြေးများ စုဆောင်းမိခြင်း၊ ချမ်းသာကြွယ်ဝစေခြင်းရဲ့ အမှတ်အသားပါ။

- **အင်္ဂါဂြိုဟ်ခုံတွင် လေးထောင့်ကွက် သရဖူကို တွေ့ရတယ်။ (စ.စ)**

ဒါကတော့ အင်္ဂါနံဖြစ်တဲ့လုပ်ငန်းများနဲ့ အကျိုးပေးပါတယ်။ အင်္ဂါနံသင့်လုပ်ငန်းများဖြစ်တဲ့ စက်မှု၊ လျှပ်စစ်၊ ဆေးဝါး၊ စစ်ဘက်၊ စက္ကူ၊ ဆန်စပါး၊ ဆီ၊ ဆား ရောင်းဝယ်ရေးတို့ကို စဉ်းစားရပေမယ်။




ထိုအခါတွင် ဖော်ပြခဲ့ပြီးသော အချက်များမှ အချက်(ခ.ခ)အရ စားသောက်ကုန်လုပ်ငန်းကို ရွေးချယ်ရပါမယ်။

ဒီတော့ ဆန်ရောင်းဝယ်ရေး၊ ဆီရောင်းဝယ်ရေး၊ ဆားရောင်းဝယ်ရေး၊ စားသောက်ဆိုင် (ထမင်းဆိုင်လုပ်ငန်း) လုပ်ငန်းများ အကျိုးပေးနိုင်ကြောင်း ဆုံးဖြတ်နိုင်ပါတယ်။


*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။*

ဦးသော်ခင် (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



# မဟာဘုတ်ချိန်ခွင် မှန်

ရန်ပြေချမ်းသာကျင့်စဉ်

သန်းပညာ

(၃-ကြွင်း သိုက်ဖွား ကြာသပတေး သားသမီးများအတွက်)

ရန်ပြေချမ်းသာကျင့်စဉ်သည် (၃) ကြွင်း မဟာဘုတ်ပိုင်ရှင် ကြာသပတေး သားသမီးများအတွက် အထူးယတြာ ဖြစ်ပါတယ်။

ကြည့်ပါ။

* * *

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

မဟာဘုတ်အရ **(၃)ကြွင်း သိုက်ဖွား ကြာသပတေး သားသမီးများသည်...**

**အမြစ်ဂြိုဟ်**ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်သည် (ပုတိ) အပုပ်အိမ်မှာရှိတဲ့အတွက် ပင်စည်ကြီး ရှင်သန်ကြီးထွားရန်အတွက် မျှော်လင့်စရာ နည်းပါးနေတဲ့ အခြေအနေမျိုးပါ။

နောက်ပြီးတော့...

**အညွန့်ဂြိုဟ်ဖြစ်တဲ့** သောကြာဂြိုဟ်ကလည်း (မရဏ)အသေအိမ်မှာ ရှိတဲ့ အတွက် ရှင်သန်တိုးတက်မှုများ ဆုတ်ယုတ်နေကြောင်းကို ပြောပြနေသလိုပါပဲ။

ဒါပြင်...

မူလဂြိုဟ်ဖြစ်တဲ့ **ကြာသပတေး** (သိုက်ဂြိုဟ်)နဲ့ **တနင်္ဂနွေ**(ရာဇဂြိုဟ်)တို့ကလည်း ပက္ခမိနေတော့ (၁၊ ၅) အောင်ပမိတ်ဓာတ်မို့...

* ပြင်ပ လုပ်ငန်းကိစ္စများ အဆင်မပြေခြင်း။

* မိတ်ဆွေကောင်းများ ဆုံးရှုံးရခြင်း။

* အလုပ်များ ရပ်ဆိုင်းရခြင်း။

* အိမ်ထောင်ရေး ပျက်ပြားတတ်ခြင်း။

တို့ ဖြစ်တတ်ပါတယ်။

တစ်ဖန်...

**အမြစ်ဂြိုဟ်**ဖြစ်တဲ့ ဗုဒ္ဓဟူး(ပုတိ)နဲ့ တနင်္လာ(အထွန်း)သည် ပက္ခမိနေတဲ့အတွက် ငွေကြေးကိစ္စများ၊ ချစ်မှုရေးရာကိစ္စများ အဆင်မပြေ မချောမွေ့ခြင်းကိုဖြစ်စေတတ်လို့ပါပဲ။

တစ်ဖန်...

**အညွန့်ဂြိုဟ်**ဖြစ်တဲ့ သောကြာဂြိုဟ်(မရဏ)နှင့် စနေဂြိုဟ် (အဓိပတိ)သည် ပက္ခမိနေတဲ့အတွက် သုတဓာတ်ဖြစ်တဲ့အတွက် ညံစီစီဆိုတဲ့အတိုင်း ရန်မကင်း၊ အနှောင့်အယှက်မကင်း ဖြစ်နေမှာပါပဲ။

ယခု ရန်ပြေချမ်းသာကျင့်စဉ်ကို ပြောပြပါမယ်။

ကြည့်ပါ။

* * * ⟶

ကြည့်ပါဦး။

❖ မြေပန်းအိုးတွင် ရေသန့်သန့်ကြည်ကြည် ထည့်ပါ။

ပြီးလျှင်...

❖ ခရေညွန့် (၆)ညွန့်၊

❖ ထီးအညို (၁)လက်


ရောထိုးပြီး လှူပါ။

ပြီးလျှင်...

❖ အောင်မြေနင်းပါ၊ ဆုတောင်းပါ။

❖ ဗုဒ္ဓဟူးနေ့တိုင်း ဗုဒ္ဓဟူးအရပ်မှာ ဆောင်ရွက်ရပါမယ်။

**ဤကျင့်စဉ်ကို ဂဏန်းရအမြင်ဖြင့် ကြည့်ရင်...**






စာမျက်နှာ (၂၀၈) သို့

www.burmeseclassic.com

www.burmeseclassic.com

ဂုတ်တရက်

# လေဖြန်းသွားခဲ့လျှင်

ဤဆေးနည်းလေး သုံးကြည့်စေချင်

မောင်နိုဘယ် (လ်)
(မြစ်သား)

လွန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့် ကျွန်တော် အလယ်တန်းကျောင်းသား ဘဝအရွယ်က ဖြစ်ပါသည်။ နွေရာသီ ကျောင်းပိတ်ပြီး ပြန်ဖွင့်ခဲ့သည့် စာသင်နှစ်စ (၂)လကျော်ခန့် ရှိလာသော်လည်း ကျွန်တော်တို့၏ အထက်အညာဒေသ၏ ထုံးစံအရ ရာသီဥတုမှာ အလွန်ပူအိုက်နေချိန် ဖြစ်ပါသည်။

ထို့ကြောင့် မိဘ၊ ဆရာ၊ ဆရာမများမှ ကျွန်တော်တို့အား နေပူကျဲကျဲထဲသို့ မထွက်ရန်၊ ရေချိုးချိန်အား သတိထား၍ အပူလျော့ချိန်များ၌သာချိုးရန် အမြဲမပြတ် ဆုံးမစကားများ ပြောဆိုပေးနေကြပါသည်။

ဤသို့ဖြင့် တစ်နေ့တွင် ကျွန်တော်နှင့် အတန်းတူ တစ်ခုံတည်း 'အတူထိုင်သည့် သူငယ်ချင်းဖြစ်သူသည် ခွင့်မတိုင်ဘဲ တစ်နေကုန် ကျောင်းပျက်နေသဖြင့် ညနေ ကျောင်းဆင်းသည့်အခါ သူ၏အိမ်သို့ စက်ဘီးဖြင့် သွားခဲ့ပါသည်။

ကျွန်တော် ရောက်သွားသည့်အခါ သူ့အား သေချာကြည့်ရှုရာ ပါးစပ်တစ်ခြမ်း ယာဘက်သို့ ရွဲ့စောင်းနေပြီး ယာဘက်မျက်လုံးမှာလည်း အနည်းငယ် မှေးနေသည်ကို တွေ့မြင်ရသဖြင့် အကျိုးအကြောင်း မေးမြန်းကြည့်လိုက်ပါသည်။

သူငယ်ချင်းမှ မနေ့ညပိုင်းက အလွန်ပူအိုက်နေ၍ မနေနိုင်သဖြင့် လူကြီးများကို အသိမပေးဘဲ ည (၉)နာရီခွဲလောက်၌ ကျွန်တော်တို့ ရပ်ကွက်အနီးရှိ မြစ်သားမြို့၏ အသက်သွေးကြောကျက်သရေဆောင်ဖြစ်သည့် ပန်းလောင်မြစ်အတွင်းသို့ အချိန်ကြာကြာတစ်ဦးတည်း ရေသွားချိုးနေခဲ့ပြီးနောက် ရေစိုဝတ် လဲလှယ်လိုက်သည့်ပုဆိုးဖြင့် အိပ်မိခဲ့ခြင်း၊ ခေါင်းပြောင်အောင် မသုတ်မိခဲ့ခြင်း...

ထို့ကြောင့် နံနက်အိပ်ရာမှထသည့်အခါ မျက်နှာတစ်ခုလုံး တင်းနေသဖြင့် မှန်ကြည့်ရာ ပါးစပ်မှာ ယာဘက်သို့ ရွဲ့စောင်းနေသည်ကို တွေ့ရကြောင်း...


မျက်နှာသစ် သွားတိုက်သည့်အခါ ရေများ ငုံ၍မရဘဲ ထွက်ကျနေကြောင်း၊ ထမင်းစားရာတွင်လည်း အဆင်မပြေတော့ကြောင်း၊ ကျောင်းမတက်သည်မှာလည်း သူငယ်ချင်းများ ပြောင်လှောင်ကြမည်ကို ရှက်ရွံ့အားငယ်၍ ဖြစ်ကြောင်း သူ၏ဖြစ်စဉ်ကို ဝမ်းနည်းစွာဖြင့် မျက်ရည်များဝဲလျက် ပြောပြပါသည်။

သူ၏မိဘများမှ နေ့လယ်ပိုင်းက မြို့ထဲရှိ ဆရာဝန်တစ်ဦးထံ သွားရောက်ပြသရာ ဆရာဝန်မှ...

'နားနောက်က အာရုံကြော ညှပ်သွားတာ၊ နေရာအတိအကျ သိရအောင် မန္တလေးသွားပြီး ဓာတ်မှန်ရိုက်ဖို့လိုပါတယ်'

ဟု ပြောပြီး ဆေး(၂)လုံး ထိုးပေးလိုက်ကြောင်း ပြောပြပါသည်။

ထို့နောက် ကျွန်တော်မှ သူ့အား စက်ဘီးဖြင့် တင်ခေါ်ခဲ့ပြီး ကျွန်တော်၏ ငယ်ဆရာတော်ဖြစ်သော **မြစ်သားမြို့၊ ဘူတာရပ်ကွက်၊ ရွှေဘုံသာ**



**ကျောင်းတိုက်ဆရာတော် ဦးကေသဝထံ ခေါ်သွားပြီး** ဆရာတော်အား ပြသလျှောက်ထားပါသည်။

ဆရာတော်မှ သူ့အား...

'မင်းက အချိန်မတော် ရေချိုးပြီး ခေါင်းလဲပြောင်အောင် မသုတ်ဘူး။ ပုဆိုးမခြောက်တာနဲ့လဲ အိပ်တယ်။ ဒါ့ကြောင့် အအေးပတ်ပြီး လေဖြန်းသွားတာ။ ကိုယ်တစ်ခြမ်းသေမသွားတာ ကံကောင်းတာပေါ့။ ဘာမှ မပူပါနဲ့။ ငါ ပျောက်အောင် ဆေးဖော်ပေးလိုက်ပါ့မယ်'

ဟု ပြောပြီး ကျွန်တော့်အား...

'မင်းက ဘုမ္မရာဇာနဲ့ ပျားရည်သွားဝယ်'

ဟု ပြောသဖြင့် မြစ်သားဈေးထဲရှိ မြန်မာဘယဆေးဆိုင်သို့ သွားရောက်ဝယ်ယူခဲ့ရပါသည်။

ကျွန်တော် ပြန်ရောက်သည့်အခါ ဆရာတော်မှ ဘုမ္မရာဇာများအား မုန့်ညက်နေအောင် ထောင်းခိုင်းသဖြင့် ထောင်းရပါသည်။ ဘုမ္မရာဇာများအား မုန့်ညက်သွားသည့်အခါ ဒယ်အိုးထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ယူ၍ ဇလုံထဲတွင် ပျားရည်နှင့် သမအောင် ရောမွှေပြီး ကြေမွမသွားနိုင်သည့် အနေအထားရောက်မှ ကုလားပဲနီလုံးခန့်ရှိ အလုံးလေးများ လုံးပေးလိုက်ပြီးနောက် အိမ်တွင် နေပူလှန်းခိုင်းကာ ခြောက်သွားပါက နံနက် (၅)လုံး၊ ည (၅)လုံး စားခိုင်းပါသည်။

သူငယ်ချင်းဖြစ်သူသည် ဆရာတော်မှာသည့်အတိုင်း စားသည့်အတွက် နောက် (၇)ရက်ခန့်အကြာ သူ၏ ပါးစပ် ရွဲ့စောင်းမှုမှာ သက်သာသွားခဲ့ပါသည်။

သူ့မှာ ဝမ်းသာလွန်း၍ ပိုနေသော ဆေးလုံးများကို ကျွန်တော်တို့နှစ်ဦးနှင့် အလွန်ခင်မင်သည့် ဆိုက်ကားဆရာတစ်ဦးနှင့် မြင်းလှည်းဆရာတစ်ဦးတို့အား သူ၏ဖြစ်စဉ်ကို ပြောပြပြီးနောက် အညီအမျှ ခွဲဝေပေးလိုက်ကြပါသည်။

သူတို့ (၂)ဦးစလုံးမှာလည်း ကျွန်တော်တို့ပေးသော ဆေးများစားပြီး မကြာမီ ရောဂါ သက်သာပျောက်ကင်းသွားကြသဖြင့် ကျောင်းသို့ လိုက်လာပြီး မုန့်ဖိုးများ ဖွတ်အတင်း ပေးကြပါသည်။

ထိုစဉ်က သူတို့ထံမှ မုန့်ဖိုးများ ရ၍ ဝမ်းသာရသည်ထက် ကျွန်တော် တို့ စေတနာဖြင့် ပေးလိုက်သော ဆေးများစား၍ ရောဂါ ပျောက်ကင်းသွားကြောင်း တွေ့မြင်ရ၍ ဝမ်းသာရသည်က အတိုင်းထက်အလွန် ခံစားခဲ့ရပါသည်။

ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်းအတွက် ဆရာတော် ဦးကေသဝ ဖော်စပ်ပေးလိုက်သော ဆေးနည်းလွယ်လွယ်လေးကိုသာ ရေးသားတင်ပြမှုသက်သက်မဟုတ်ဘဲ အသေးစိတ်တင်ပြရေးသားရခြင်းမှာ ဆရာတော်မှ စေတနာအပြည့်ဖြင့် သူ၏ ရှေ့မှောက်၌ သေသေချာချာ ဂဃနဏ စေခိုင်းပြီး လက်တွေ့ ဆောင်ရွက်ခိုင်းခဲ့မှုကြောင့် သာ ယနေ့အထိ အမှတ်တရ ရှိနေဆဲဖြစ်၍ အကျယ်တဝင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

သို့ပါ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တစ်ခုခုတို့ကြောင့်ဖြစ်စေ၊ မိမိ၏ နေ၊ ထိုင်၊ စားသောက်မှု၊ ပေါ့ဆမှုဖြစ်သည့် ကျန်းမာရေးသတိ ဆင်ခြင်မှုတရားအားနည်း၍ဖြစ်စေ ရုတ်တရက် လေဖြန်းသွားခြင်းများ ဖြစ်ပေါ်ခံစားခဲ့ရပါက (လက်ကပ်ခြင်း၊ ခြေကပ်ခြင်း၊ စကားမပီမသ ဖြစ်သွားခြင်းတို့ အပါအဝင်) အထက်ပါ ငွေကုန်သက်သာပြ… ကိုယ်တိုင်ဖော်စပ် စားသုံးနိုင်သော… ဆေးနည်းအတိုင်း ဖော်စပ်သုံးစွဲကြည်… ပါ။

သုံးစွဲ၍ ခံစားရသော ရောဂါဝေဒနာ… များသည် အချိန်တိုအတွင်း သက်သာ… ပျောက်ကင်းမည် ဖြစ်ပါကြောင်း လွန်… သော နှစ်များက ဘဝနတ်ကျောင်… ရွှေ့ပြောင်းသွားတော်မူသွားခဲ့ပြီ ဖြ… သော ကျွန်တော်၏ ငယ်ဆရာတော်… ဖြစ်သည့် **မြစ်သားမြို့၊ ဘူတာရ… ကွက်၊ ရွှေဘုံသာကျောင်းတိုက်ဆရာ… တော် ဦးကေသဝ၏ နှုတ်မှ မြွက်ဆ… ပြောကြားချက် အရင်းအတိုင်… စေတနာရှေ့ထားကာ ကျေးဇူးဆပ်… သည့် ဤစာစုအား** ရေးသားတင်… လိုက်ရပါတော့သည်။

**[ရှင်းလင်းချက် ။ ။ ဘုမ္မရာဇာ… ပျားရည်စစ်စစ်တို့ကို မိမိတို့ ရော… ဖြစ်သည့် အခြေအနေအလို… ချင့်ချိန်၍ သုံးစွဲနိုင်အောင် ဝယ်… ဖော်စပ်သုံးစွဲကြပါရန်။]**

**မောင်နီဘယ်(လ်)**
*(မြစ်သား)*

**စာမျက်နှာ (၂၀၆)မှ အဆက်**

မြေ ပန်း အိုး = ၅ ၁

*[ကက်ကင်း]*

အောင် မြေ = ၁ ၅

ခ ရေ
↓ ↓ *[မိတ်ခေတ်]*
၂ ၄
ထီး အညို
↓ ↓ *[သုတခေတ်ကို ချေထားသည်)*
၇ ၆

* * *

ဆောင်ရွက်ကြည့်ဖို့သာ လိုပါတ… ကြာသပတေးသားသမီး ဖြစ်တဲ့အတ… သီးသားပုတီးဖြင့် "သဗ္ဗာဒေဝ… ဂုဏ်တော်ကို ပုတီးစိပ်ပါ။

***အေးပါစေ အောင်ပါစေ၊***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# မပါဒွိဂျင် ဘိဒွိဂျင်..ကို (၃)

ရွှေတောင် ကြည်မောင်ခြံဘား



**ယခင်လမှ အဆက်**

ကမ္ဘာ့အဆင့်မီ နိုင်ငံတကာပြိုင်ပွဲကြီး စပါပြီ။

အဘိုးကြီးပြေးပုံက ခြေလှမ်း (၃) လှမ်း၊ (၄)လှမ်းလောက်ပဲ ပြေးတယ်လို့ ထင်ရတယ်။ နောက်ခြေလှမ်းတွေက မြန်လွန်းတော့ မြေပြင်မှာ ရှပ်တိုက်ပြေးနေသလား အောက်မေ့ရတယ်။ မြေပြင်ကို ခြေမတင်သလိုပဲ။ ခဏလေးမှ ခဏလေး ပန်းဝင်ပြီ။ ပန်းဝင်တော့မှ ခုန်ပြီး ခြေချတာ တွေ့ရတယ်။ အဘိုးကြီးကိုပြိုင် အနိုင်ကြဲကြမယ့် ကလေးတွေက တစ်ဝက်တောင် မကျိုးသေးဘူး။ ကဲ...

ဆရာတော် ကျောင်းဘက်ကို ဆက်ကြွသွားတော့ အပြေးပြိုင်ကြတဲ့သူတွေရော ကြည့်ရှု အားပေးကြတဲ့သူတွေပါ အဘိုးကြီးဘေးမှာ ပြောဆိုရယ်မောနေကြတယ်။ မြေးအဘိုးလို ခင်မင်နေကြပြီ။ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ဆု ပြည့်လေပြီလား။ အပြန်အလှန် သံယောဇဉ် တွယ်နေကြပြီကော။

အဘိုးကြီး ကျောင်းကိုရောက်ပြီး (၇)ရက်ပြည့်တဲ့နေ့မှာ ဝက်ထီးကန်က ဆရာတော်ကို အလှူလာပင့်တယ်။ အလှူရေစက်ချ တရားချီးမြှင့်ဖို့ပါ လျှောက်ထားတယ်။ အလှူကို ကြွရမယ်။ မကြွလို့ မဖြစ်ဘူး။ လှည်းတစ်တန်၊ လှေတစ်တန် ကြွရမယ့်ခရီး။

အလှူလုပ်မယ့်ကျောင်း ကျောင်းထိုင်ဆရာတော်က ဦးစန္ဒောဘာသ ပဥ္စင်းတက်ပြီး စာလိုက်ခဲ့တုန်းက စာသင်ဖက် ရဟန်းပျိုမိတ်ဆွေ။ အိမ်ရှေ့ချင်း ဘေးချင်းယှဉ်လို့ အလွန်ခင်ကြ။





www.burmeseclassic.com

www.burmeseclassic.com

သွားအတူ၊ စားအတူ၊ စာသင်ရာတူ၊ စာဝါတူ၊ မန္တလေး၊ ရန်ကုန် မော်လမြိုင် မြို့ကြီးတွေမှာ ဘုန်းကြီးစာမေးပွဲတွေ ဝင်ဖြေကြတော့လဲ အတူတူ၊ အောင်ကြတော့လဲ အတူတူ။

အလှူက သားရှင်ပြုနဲ့ ရဟန်းခံ။ ရဟန်းခံရှင်ပြု။ သားကို ရှင်ပြုမယ်။ ကျောင်းထိုင်ဆရာတော်ကို သိင်္ကန်း ထပ်မယ့်အလှူ။ ကြွကို ကြွရမယ့် အလှူ။ လက်ထောက်လက်ပင့် ဦးပဉ္ဇင်းတွေကို ကိုယ်စားကြွခိုင်းလို့လဲ မဖြစ်ဘူး။ ကိုယ်တိုင်ကြွမှ။ စာသင်ဖက် မနိုင်ရင်ကန့် ရဟန်းမိတ်ဆွေ။ အလှူ အစနေ့အရောက် ကြိုကြွမယ်လို့ တွေးတယ်။

ဆရာတော် အလှူကြွမှာကို အဘိုးကြီးက သိတယ်။ အလှူကို သူပါ လိုက်ပါရစေလို့ လျှောက်တယ်။ ဆရာတော်ကလဲ ခွင့်ပြုလိုက်တယ်။ ဆရာတော် အလှူကြွမယ့် မနက်မှာတော့ အဘိုးကြီးက ဆရာတော်ကို ကြွနှင့်ပါဘုရား။ တပည့်တော်နောက်က လိုက်ခဲ့ပါမယ်လို့ လျှောက်တယ်။ ဆရာတော်နဲ့ လိုက်မသွားဘူး။

အလှူလုပ်တဲ့ကျောင်းကို ဆရာတော် ရောက်သွားတော့ ကျောင်းအဝင်ဝမှာ အဘိုးကြီးက ကြိုနေတယ်။ ဘယ်လိုလုပ်ပြီး စောရောက်နေပါလိမ့်လို့တော့ ဆရာတော် တွေးမိတယ်။ အလှူကို ရောက်နေကြတဲ့ သက်ကြီးရွယ်အို အဘိုးကြီးတွေနဲ့ အဘိုးကြီးက စကားလက်ဆုံ ပြောမကုန် ဖြစ်နေတာလဲ တွေ့ရတယ်။

နောက်နေ့ညနေ အလှူအပြီး ဆရာတော် ပြန်ကြွတော့ အဘိုးကြီးက သူ့မိတ်ဆွေကြီးများနဲ့ စကားပြောလို့ ကောင်းတုန်း။ အမျှင်မပြတ်နိုင်ဘူး။



ဆရာတော်ကို ကြွနှင့်ပါဘုရားလို့ လျှောက်တယ်။ ဆရာတော်နဲ့အတူ မလိုက်ဘဲ နေရစ်ခဲ့တယ်။

ဆရာတော် ကျောင်းကို ပြန်ရောက်တော့ အဘိုးကြီးက ကျောင်းကို ပြန်ရောက်နေပြီ။ ခရီးဦးကြို ဂါရဝပြုတယ်။

အဘိုးကြီး ကျောင်းကိုရောက်လို့ (၁၀)ရက်ပြည့်တဲ့နေ့မှာတော့ ဆရာတော် သီတင်းသုံးတဲ့ ကျောင်းမကြီးအောက်ထပ်ကို အဘိုးကြီး ရောက်လာတယ်။ မနက်ဖြန် တပည့်တော် ခရီးဆက်တော့မယ် ဘုရားလို့ လျှောက်တယ်။ တစ်ဆက်တည်းပဲ ဆရာတော်ကို မေးလျှောက်လျှောက်တယ်။ အင်္ဂရတ် ထိုးပါသလား ဘုရားတဲ့။ သိသိကြီးနဲ့မေးတာ။ ဆရာတော်က ထိုးတယ်လို့ အမိန့်ရှိတော့...

တပည့်တော် ပစ္စည်းတစ်ခု လှူပါရစေဘုရားဆိုပြီး အင်္ကျီအိတ်ထဲမှာ အသင့်ပါလာတဲ့ အရုပ်ကလေးတစ်ရုပ် ဆရာတော်ကို ကပ်တယ်။ ဝိဇ္ဇာရုပ်ကလေး။ ဆေးတောင်ဝှေးကို ထမ်းလို့။ အာကာယံမှာ ခုန်ပျံနေတဲ့ ဟန်ပန်။ မျက်နှာတော်က အပေါ်ကို မော့နေတယ်။

တောင်ရှည်ပုဆိုးကို အောက်ပိုးကျိုက်ထားတယ်။ သိုရင်းအင်္ကျီအနီရောင် ခေါင်းပေါင်းဖော့လုံး အနီရောင်၊

ညာဒူးက ထောင်ပြီး ဘယ်ဒူးက အောက်ကို နည်းနည်းကျတယ်။ အရောင်တွေ ထည့်ကြည့်လိုက်မယ် ဆိုရင် ဇာတ်ပွဲထဲက ဇော်ဂျီရုပ်ကလေးနဲ့ တထေရာတည်းပဲ။ ဒါပေမယ့် ဝိဇ္ဇာရုပ်ကလေးက...

ရွှေရောင်ဝင်းလက် တောက်ပနေ တယ်။ အညစ်အကြေးမရှိ၊ ရွှေပကတိ မနက် အုန်းမောင်းခေါက်ကြ ကိုရင်တွေ၊ ကျောင်းသားတွေ အိပ်ရာ က ထကြတော့ အဘိုးကြီးမရှိတော့ ဘူး။ ဘယ်အချိန် ခရီးဆက်ထွက်သွား သလဲဆိုတာ မသိကြဘူး။ ကိုရင်တွေ ကျောင်းသားတွေ အဘိုးကြီးကို သ ရကြတယ်။

အဲဒီနေ့ကတော့ အရုဏ်ဆွမ်း နေ့ဆွမ်း အစားပျက်သွားကြတယ် ဆွမ်းမဘုဉ်းပေးနိုင်ကြဘူး။ အဘိုးကြီး ရှိတုန်းက အကြောင်းတွေ တွေးတော ပြီး စိတ်မကောင်းဖြစ်ကြရတယ်။

အဘိုးကြီး ရေခပ်တာ၊ ထင်းခွဲတာ ကျည်းသားရိုက်တာ၊ သရက်သီး တာ၊ အပြေးပြိုင်တာတွေက ကို တွေ၊ ကျောင်းသားတွေရဲ့ မျက်စိထဲ တရိပ်ရိပ်ပေါ်လာတယ်။ တချို့ မျက်ရည်တွေလည်လို့၊ တချို့ကျ မျက်ရည်တောက်တောက် ကျ တချို့များမှာတော့ ရှိုက်ကြီးတ အသံထွက်အောင် ငိုလို့။

ဆရာတော်လဲ စိတ်မကောင်း ရတယ်။ အဘိုးကြီးရဲ့ လုပ်ဟန် ဟန် သွားဟန်လာဟန် လှုပ်ရှား တွေကို အခုမှ တွေးကြည့်မိတ စေ့စေ့တွေးတော့ ရေးရေးပေါ်လာ တယ်။ ထူးဆန်းတယ်။ ဖြစ် ဆက်လိုက်တော့ သာမန် လား။ ထူးခြားတဲ့ဖြစ်ရပ်တွေ... ဘ





www.burmeseclassic.com

www.burmeseclassic.com

ကြီးလဲ။

အဘိုးကြီးကို သတိရတဲ့စိတ်နဲ့ ဝိဇ္ဇာရုပ်ကလေးကို ထုတ်ကြည့်တယ်။ လက်နဲ့ ဆ,ဆကြည့်တယ်။ တစ်နေတာပဲ။ ရွှေရောင်ဝင်းပြီး ပြောင်နေတာ။ အရောင်မညှိုးဘူး။ အညှိမသန်းဘူး။ ကောင်းလိုက်တဲ့ ဓာတ်သား။ ဝိဇ္ဇာဖြစ်ချင်တဲ့ ဆရာတော် အတော်လေး သဘောကျသွားတယ်။ လက်ကကို မချတော့ဘူး။ အင်း...

ဓာတ်ကစားလေမှပဲလို့ ချက်ချင်း ဆုံးဖြတ်ချက်ချတယ်။ ဖိုရုံတံခါးကိုဖွင့်တယ်။ စောက်လုံနံပါတ်(၄)ထဲကို ဝိဇ္ဇာရုပ်ကလေးထည့်၊ ဇော်မံ၊ အန္တော ပိတ် ဖိုခွင်မှာ နှိပ်ထည့်ပြီး ထိုးတယ်။

ခါးတိုက်မီး မီးပြင်း လုံကိုလှည့်လိုက်၊ မီးသွေးထည့်လိုက်၊ ပြာတွေခါလိုက်၊ မီးသွေးကြပ်လိုက်၊ ဂေါက်ချလိုက်နဲ့ (၂)နာရီကျော်ကျော် မီးနာသွားတယ်။ လုံကို ဖိုတိုက်ထဲမှာပဲ အလိုချမ်းထားလိုက်တယ်။ ဖိုရုံကို သော့ခတ်လို့ အဂ္ဂိရတ်မီးအတာတ်ကို ရပ်လိုက်တယ်။

နောက်တစ်နေ့ အရုဏ်ဆွမ်းစားပြီးတော့ ဖိုရုံကို သော့ဖွင့် ဖိုတိုက်ထဲက လုံကိုယူပြီး လုံဖုံးကို ရိုက်ဖွင့်လိုက်တယ်။ လုံကို ခေါက်ချလိုက်တော့ မကြဲ့စဖူး... ထူးလှချည့်။

ဝိဇ္ဇာရုပ်ကလေးက အရည်မပျော်ဘူး။ ကောင်းကင်ယံ အာကာသကို ပျံကြွတော့မယ့်ဟန်။

ဝိဇ္ဇာရုပ်ကလေးကို ကြည့်ကြည့်ပြီး ဆရာတော်တွေးတယ်။ တစ်မျိုးကြီးပဲ။ အဘိုးကြီး နှစ်ကိုယ်ကြား လျှောက်ထားသွားတာရှိတယ်။

၁။ ဆရာတော် လုံခြောက် မီးကစား ကြည့်ပါဘုရား။



၂။ လက်ချားချော်နဲ့လဲ ထိုးကြည့်ပါဘုရား။

၃။ ရေနံခံရည်လောင်းဖြစ်အောင် လောင်းပါဘုရား။

သုံးခွန်းသောစကား။ နောက်ဆုံးလျှောက်တဲ့ စကားက အကျိုးခံစားရပါလိမ့်မယ်ဘုရားတဲ့။

ပထမတစ်ချက်ကတော့ ထူးခြားနေပြီ။ နာလိုက်တဲ့မီး၊ မီးကြီးနဲ့ ထိုးတာ အရည်မပျော်ဘူး။ လုံခြောက်ထိုးတာ မဟုတ်လား ကောင်းပြီ။

ဝိဇ္ဇာရုပ် အရည်မပျော်တာ ချော်မပါလို့ ထင်ပါရဲ့။ ဝိဇ္ဇာရုပ်ကို စောက်လုံနံပါတ်(၅)ထဲကိုထည့်၊ အပေါ်က လက်ချားမီးပေါက်သိပ်၊ လုံငှားဖုံး ဖုံးပြီး မီးလျှံထိုးချတယ်။

မီး(၅)အုပ်အကျမှာ ခါးတိုက်ထိုးတယ်။ မီး(၁၀)အုပ်အကျမှာတော့ လက်ချားချော်တွေကတော့ ပျော်နေပြီ အရည်ကိုလည်လို့ ချော်ကြည်၊ ချော်ကို ဖောက်မြင်နေရတယ်။ ချော်ထဲက ဝိဇ္ဇာရုပ် အပြင်လောကမှာလိုပဲ။

ဝိဇ္ဇာရုပ်ဓာတ်သား သန့်လိုက်ပုံများ မပြောပါနဲ့တော့။ ချော်နည်းတယ် အထင်နဲ့ လက်ချားမီးပေါက် ထပ်ပစ်တယ်၊ ပျော်တယ်၊ ပစ်တယ်၊ ပျော်တယ်၊ ပစ်ဟယ်... ပစ်ဟယ်နဲ့ လုံနှုတ်ခမ်းအောက် စပါးလုံးတစ်ထောက်လောက် ရောက်လာတယ်။ မီး(၅)ခုပ်လောက် ဆက်တိုက် ထပ်ထိုးတယ်။

မီးအကျမှာ လုံဖုံးဖွင့်လိုက်တော့ ချော်ထဲက မျက်နှာမော့ပြီး ကြည့်နေတဲ့ ဝိဇ္ဇာရဲ့ မျက်လုံးဒဏ် ဆရာတော် ဦးစန္ဒောဘာသ မခံနိုင်ဘူး။ စိမ့်...စိမ့်ပြီး ကြောက်လာတယ်။ ခေါင်းနားပန်းတွေကြီး၊ ကြက်သီးမွေးညင်းတွေထ၊ တစ်ကိုယ်လုံး တုန်နေတယ် တဆတ်ဆတ်။

မဖြစ်ချေဘူးဆိုပြီး လုံငှားဖုံးကို အမြန်ဖုံး၊ မီးသွေးနည်းနည်းအုပ် ဖိုကိုတော့ ဆက်မဆွဲဝံ့တော့ဘူး။ နှပ်ထားလိုက်တယ်။ ဖိုရုံတံခါးကို သော့ပိတ် ကျောင်းပေါ်က အိပ်ရာမှာ ခဏတာ ကျိန်းစက်တော်မူတယ်။

စိတ်တထင့်ထင့်နဲ့ဆိုတော့ နောက်နေ့အထိ မဆိုင်းနိုင်တော့ဘူး။ ည (၈)နာရီလောက်မှာ ဖိုရုံတံခါးကိုဖွင့် ဖိုခွင်ထဲက လုံကို ယူတယ်။ ကျောင်းပေါ်ကို ရောက်တော့ ပန်းကန်ပြား တစ်ချပ် အောက်ကခံပြီး လုံဖုံးကို ရိုက်ဖွင့်တယ်။

ချော်ထဲက ဝိဇ္ဇာရုပ်ကို အတိုင်းသား မြင်နေရတယ်။ ကြွေလင်ပန်းထဲမှာ လုံကို အမှတ်တမဲ့ ခေါက်ချလိုက်မိတယ်။ လုံထဲက ချော်တွေ အတုံးလိုက်ထွက်ကျလာတယ်။ ချော်ကြည်၊ ချော်ဖြူ၊ ချော်သန့်၊ ချော်ကတုံးတွေ။ ဝိဇ္ဇာရုပ်ကလေးကတော့ မူလအတိုင်း အရည်မပျော်ဘူး။ အဲဒီအထိ ဆရာတော် ဦးစန္ဒောဘာသ ဘာမှန်းမသိသေးဘူး။

နောက်နေ့ အရုဏ်ဆွမ်းစားအပြီး ဝိဇ္ဇာရုပ်ကလေးကိုယူ ဖိုရုံကိုဖွင့် ရေနံခံရည် လောင်းဖို့လုပ်တယ်။ ဒီနေ့မှာ ထူးခြားတာက မီးပျိုးပြီး မီးတစ်အုပ်ထိုးတယ်။ လက်ချားတောင် မချူရသေးဘူး၊ ဝိဇ္ဇာရုပ်ကလေးက အရည်ပျော်



www.burmeseclassic.com

www.burmeseclassic.com

နေပြီ။

မဖြစ်ချေဘူးဆိုပြီး လက်ချားစိမ်း တစ်မူးသားစီလောက် (၃)ခါထပ်ထည့် လိုက်တယ်။ လက်ချားတွေ ပျော်သွား တဲ့အခါ မီးတစ်အုပ် ပြင်းပြင်းဆွဲပြီး ရေနံခံရည်ခွက်ထဲကို လောင်းထည့် လိုက်တယ်။ စွတ်ခနဲ ဝင်သွားတယ်။

ရေနံခံရည် လောင်းတဲ့ခွက်ထဲက ရေနံတွေကို တခြားခွက်တစ်လုံးထဲကို လောင်းချလိုက်တော့ ခံရည်ခွက်ထဲမှာ အတုံးကလေးတွေ တွေ့ရတယ်။ အရုပ် ကလေးတွေ ခံရည်ခွက်ကို မှောက်ပြီး ပန်ကန်ပြားတစ်ချပ်ထဲကို သွန်လိုက် တော့ အရုပ်ကလေး (၁၀)ရုပ်ထွက် လာတယ်။ ဝိဇ္ဇာရုပ်ကလေးတွေချည်း ပဲ။ (၁၀)ရုပ်စလုံး မူလဝိဇ္ဇာရုပ်ကြီး အတိုင်းပဲ။ တူလိုက်တာ။ တစ်သဝေ မတိမ်း... ချွတ်စွပ်။ ခွဲမရဘူး။

ဓာတ်သားက မီးထိုးခံနေတော့ ချက်ချင်းပဲ လုံခြောက်ထိုးဖို့အတွက် ဆရာတော်ဦးစန္ဒောဘာသ ပြင်ဆင် တယ်။ စောက်လုံနံ့ပါတ်(၅)ထဲကို ဝိဇ္ဇာ ရုပ်ကလေး (၁၀)ရုပ်စလုံးကို ထည့်ပြီး ဖော်မံတယ်။ အန္တောပိတ်တယ်။ မီးပြင်း ထိုးချတယ်။

တစ်နာရီသာသာလောက် ထိုးပြီး တော့ ဖိုခွင်ထဲက လုံကို ညှပ်နဲ့ကိုင်ပြီး သဲခွက်ထဲကို ထည့်လိုက်တယ်။ အဲဒီ လုံ အေးသွားလို့ ဖွင့်လိုက်တဲ့အခါ ဝိဇ္ဇာရုပ်ကြီး တစ်ရုပ်တည်း မူလပြန်နေ တာ တွေ့ရတယ်။

ဝိဇ္ဇာရုပ်ကလေး (၁၀)ရုပ်က ဝိဇ္ဇာ ရုပ်ကြီး တစ်ရုပ်တည်း ပြန်ဖြစ်သွားပြီ။ ဆရာတော် ဦးစန္ဒောဘာသ တအံ့ တသြ ဖြစ်သွားတယ်။ ဖိုခွင်ဝင်တဲ့ အချိန်တိုင်း ဝိဇ္ဇာရုပ်ဓာတ်သားက ဆန်းဆန်းပြားပြား တစ်မျိုးပြီးတစ်မျိုး



အမျိုးမျိုးပြနေတယ်။ ဘယ်လိုနားလည် ရမှန်းမသိဘူး ဖြစ်နေပြီ။

အဲဒီနေ့ ဖိုလုပ်ငန်းကို အဆုံးသတ် ပြီး ကျောင်းပေါ်ရောက်တော့ ဝိဇ္ဇာရုပ် ကို ချိန်ကြည့်တယ်။ ချိန်ခွင်လျှာ ဘယ်ညာမတိမ်းဘူး။

(၂)ကျပ် (၁)မတ်။ ကွက်တိ။ ရွှေ မျက်နှာမည်း တစ်ခြမ်းမရော့ဘူး။

ည မကျိန်းခင် ဆရာတော် စဉ်းစား တယ်။ လုံကျင်းကြည့်ရင် ဘယ်လို နေမလဲ။ သိထားတာလေးကလဲ **“နိမ္မာန်အစ ဒန်ကိုပြ”** ဆိုတော့ မနက်ဖြန်မှာ ဒန်ကို လုံကျင်းကြည့် မယ်။ ရွှေဖြစ်ချင်နေတယ်။ အင်္ဂရုတ် ကိတ်ဓာတ်ကို ထွတ်ထွတ်မြတ်မြတ် ရချင်တယ်။ အရမ်း အရမ်းကို လိုချင် နေတယ်။

နောက်နေ့မနက်ပိုင်းမှာ ဆရာတော် ဖိုခွင်ဝင်တယ်။ ဝိဇ္ဇာရုပ်ကလေးကို လုံခြောက် ထိုးထားတဲ့ စောက်လုံ နံ့ပါတ် (၄)ထဲမှာ ဒန်တစ်ကျပ်သားကို ထည့်တယ်။ ဖော်မံတယ်။ လုံငှားဖုံးနဲ့ ခါးတိုက်ထိုးချတယ်။ မီး(၃)အုပ်မှာ လုံဖုံး ဖွင့်ကြည့်တော့ ဒန်အရည်ပျော် နေပြီ။

နောက်ထပ် မီး (၂)အုပ်ထိုးတယ်။ လုံငှားဖုံးကို ဖွင့်ကြည့်ပြန်တယ်။ အရည်ပျော်နေတဲ့ ဒန်က ဆရာတော့် ကို မျက်လုံးကြီးပြူးပြီး ကြည့်နေသလို ပဲ။ ရွှဲနေတာပဲ။

ဓာတ်ရဲ့ အလင်းဟိတ်က လုံ နှုတ်ခမ်းကိုတောင် လျှံတက်နေတယ်။ နောက်မီး(၅)အုပ် ဆက်တိုက်ထိုးပြီး လုံကို သဲခွက်ထဲ ထည့်လိုက်တယ်။ အအေးခံထားလိုက်ပြီ။

ဖိုခွင်အားသွားတော့ ဆရာတော် တွေးတယ်။ ကျင်းလုံ(၂)လုံလောက် ရှိရင် ဟန်မယ်။ အလှည့်နဲ့ ဆူလည် လိုက်ပြီး ကျင်းချင်လာတယ်။ ဒါနဲ့ စောက်လုံနံ့ပါတ်(၅) တစ်လုံးကိုယူ တယ်။

ပထမတုန်းက နံ့ပါတ်(၄)လုံ စောက် နဲ့ မတူအောင်ယူတာ။ အဲဒါမှ လုံ တစ်လုံးနဲ့ တစ်လုံး ခွဲခြားနိုင်မယ်။ တစ်လုံပြီး တစ်လုံ ဆက်တိုက် လုံကျင်း တော့မှာကိုး။ စောက်လုံနံ့ပါတ်(၅)ကို ဖော်မံ၊ ဝိဇ္ဇာရုပ်ကလေးကိုထည့်၊ လုံငှား ဖုံးတင်ပြီး ခါးတိုက်ထိုးပြန်တယ်။

ဖားဖိုက လေးထပ်ဖို၊ ဖိုတိုက်က စကြာခွင်၊ ဖိုဆွဲချက်က တင်းတယ်။ မီးကလဲ ပြင်းတယ်။ မီး(၃)အုပ် ကျခါနီး မှာတော့ ဖိုခွင်မီးရောင် ပြောင်းသွားပြီ။ အဝါပျော့ပျော့ မီးရောင်က အခေါက် ရွှေရောင် ပြောင်းသွားတယ်။ မီး တောက်က ဖိုတိုက်အပေါ် တစ်မိုက် ကျော်တက်လာတယ်။

သေသေချာချာ ကြည့်လိုက်တော့ လုံထဲကလာတဲ့ အငွေ့တွေပဲ။ ကြည့် နေရင်းက အဲဒီအငွေ့ထဲမှာ ဝိဇ္ဇာရုပ် ကလေးကို မြင်နေရတယ်။

ဒါပေမယ့် ဓာတ်သားတော့ မပျော ဘူး။ အခိုးအငွေ့တွေပဲ။ အာရုံပြု တက်တော့မယ့် ဝိဇ္ဇာဟာ ဖိုခွင်ထဲက



www.burmeseclassic.com

www.burmeseclassic.com

နေ ဖိုခွင်နှုတ်ခမ်းနားကို မြင့်,မြင့်တက်လာတယ်။

ဆရာတော် ဦးစန္ဒောဘာသလဲ ကြည့်မော,မောနေတယ်။ မေ့နေသလိုပဲ မလှုပ်ရှားနိုင်ဘူး။ အံ့အားကြီးသင့်လို့။ သတိဝင်လာတဲ့အချိန်မှာ ဝိဇ္ဇာက ဖိုခွင်နှုတ်ခမ်းမှာ လှည့်ပြီး ပျံကာဝဲနေပြီ။ တစ်ရစ်... နှစ်ရစ်..., သုံးရစ်... လက်ယာရစ် လှည့်ပြီးတာနဲ့ ဖိုခွင်မီးတောက်အဆုံးမှာ ပြုန်းခနဲ ပျောက်သွားတယ်။

ဆရာတော် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ ညှပ်ကို ညာလက်ကကိုင်၊ ဖိုခွင်ထဲကလုံကို ညှပ်နဲ့ဆွဲ၊ သဲခွက်ထဲကို ထည့်လိုက်တယ်။ လုံက ခါတိုင်းလို တစ်မနေဘူး။ ပေါ့ရွှတ်ရွှတ်ကြီး။ သွားပြီ။ ဒုက္ခပါပဲ။ စိတ်ထဲတွေးတယ်။

စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားရတယ်။ စိတ်ညစ်ညစ်နဲ့ ဖိုရုံတံခါးကို ပိတ်။ ကျောင်းပေါ်တက်ပြီး အိပ်လိုက်တယ်။ နေ့ဆွမ်းတောင် မစားနိုင်ဘူး။ တစ်လုတ်တစ်ဆုပ်ပဲ။

ဆွမ်းစားပြီးတာနဲ့ ဖိုရုံကိုဖွင့် အထဲကိုဝင် လုံတွေကိုင်ကြည့်တော့ အေးနေပြီ။ ကျင်းလုံကို အရင်ဖွင့်တယ်။ ကြည့်လိုက်ပါလေတော့ လုံထဲက ဓာတ်သားက အခေါက်ရွှေဖြစ်နေတယ်။ ဖိတ်ဖိတ်တောက်လို့။ ဓာတ်ဟိတ် အဝါရောင်က လုံခါးလောက်အထိ တက်ပြီးရစ်နေတယ်။

ခေါက်ချလိုက်တော့ အပေါ်ဖောင်း။ အောက်ဖောင်းကလေး။ ရောင်စုံရောယှက် ကြိုးတွေ ခက်နေတယ်။ ကြိုး (၃)ထပ် ဝန်းရံပတ်ထားတယ်။ ခပေါင်းရေကြည်စေ့လေး အတိုင်းပဲ။

တစ်ခါတည်း ပါးစပ်ထဲထည့် ငုံလိုက်တယ်။

ဝိဇ္ဇာရုပ်ကို လုံခြောက်ထိုးထားတဲ့ လုံကို ဖွင့်လိုက်တော့ အထဲမှာ ဘာမှ မရှိတော့ဘူး။ လုံခွံချည်းပဲ။ ဟာလာဟင်းလင်း။

ဆရာတော်ဦးစန္ဒောဘာသ ဒေါသဦးစီးသွားတယ်။ ကဲဟာ ကဲဟာနဲ့ လုံကို ရိုက်ခွဲလိုက်တယ်။ လုံအကွဲမှာ သံချောင်းရိုက်တံက လက်ထဲက လွတ်ပြီးတော့ ကျင်းလုံအပေါ်ကို ကျသွားတယ်။ ကျင်းလုံ ကွဲပါလေရော။

ဒီလောက်တောင် ရှိလှတာ ကွဲဦးဟာ ကွဲဦးဟာဆိုပြီး လုံကွဲတွေကို အစိတ်စိတ် ထပ်ခွဲတယ်။ သတိရလိုက်တဲ့အချိန်မှာ နောက်ကျသွားပြီ။ လက်လွန်သွားပြီ။

မှားပြီ မှားသွားပြီ။ ယူကျုံးမရ ဖြစ်ရလေပြီ။ ဘဝတစ်ခုလုံး ဆုံးရှုံးရလေပြီ။

အဲဒီညမှာပဲ ဆရာတော် အိပ်မက်,မက်တယ်။ အိပ်မက်ထဲမှာ အဘိုးကြီးကို တွေ့ရတယ်။ အဘိုးကြီးက သူဟာ ဗြိန္ဒြေတြဓာတ်ပြကျမ်းကို ရေးသားခဲ့တဲ့ ဆရာတော်၊ လောကီသိပ္ပဝိဇ္ဇာမိုရ်ကျမ်းထဲက ဣန္ဒာစရိယပြဒါးကျမ်းကို ရေးသားတဲ့ ဆရာတော် အရှင်ဣန္ဒာစရိယ ဖြစ်ကြောင်း။

ကျမ်းရင်းပါ လုပ်ရပ်တွေဟာ အမှန်ဖြစ်ကြောင်း။ ဉာဏ်မမီလို့ မသိနိုင် မဖော်နိုင်တာကို တလွဲမထင်သင့်ကြောင်း။ ကျမ်းစာကိုဖတ် ဆရာကပ်မှ လုပ်ရပ် အောင်မြင်နိုင်ကြောင်း ဆုံးမစကား မိန့်ကြားတော်မူတယ်။

နောက်နေ့မနက်ကစပြီး ဆရာတော် ဦးစန္ဒောဘာသ သက်ဒေါသနဲ့အတူ ပျံလွန်တော်မူတဲ့အထိ ခံစားသွားရတာက...

**မဟိဒ္ဓိရှင် သိဒ္ဓိရှင်ကို...**

**ရွှေတောင် ကြည်မောင်အေး**

# မှားနာ,မှားကိုက်

## သက်သာပျောက်ကင်းတဲ့ဆေး



သွားနာ, သွားကိုက်ခြင်းသည် အမျိုးသားများထက် ကျွန်မတို့ အမျိုးသမီးများမှာ အများဆုံး ဖြစ်ပါသည်။ ကျွန်မ၏ သွားများသည် သွားခြေရင်းတွင် ပိုးစားပြီး၊ သွားများတွင် အခေါင်းဖြစ်ပြီး သွားများ အမာစားမိလျှင် ပဲ့ခြင်း၊ သွားဖုံးရောင်ပြီး သွားကိုက်ဝေဒနာကို ခံစားရရုံတင်မက ပါးချိတ်များပါ ရောင်ရမ်းနေပါသည်။

တစ်နေ့ ကျွန်မတို့အိမ်သို့ ဆေးဆရာ ဦးထွေး အလည်လာရင်း ကျွန်မပါးချိတ်များ ရောင်နေသည်ကို မေးတော့ ကျွန်မ သွားကိုက်နေကြောင်း ပြောရာ...

'လွယ်လွယ်လေးပါအေ။ ငါ အခု ဆေးဖော်ပေးမယ်၊ သက်သာပျောက်ကင်းစေရမယ်'

ဟု ပြောပြီး ကျွန်မကို ဆေးဖော်ပေးပါသည်။

သူပေးသော ဆေးမှုန့်ကလေးကို သွားဖုံးရင်းသို့ သိပ်၍ ငုံထားပါသည်။ သိပ်မထူးခြား၍ ဆရာမှ ကိုက်နေသည့် သွား၏ သွားဖုံးရင်းကို သိပ်ပြီး ထပ်ငုံထားပါဆို၍ ထပ်ငုံထားပါသည်။

ဆရာ မပြန်မီ နှစ်ကြိမ်,သုံးကြိမ်ငုံပြီး ကိုက်နေသည့်သွားမှာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားပါသည်။

ဤဆေးနည်းမှာ...

'လေးညှင်းပွင့်နှင့် ကွမ်းစားဆေးရွက်ကြီးကို ဆတူကြိတ်၍ အမှုန့်ကို ကိုက်နေသည့် သွားဖုံးရင်းကို သိပ်ပေးရပါသည်။

ထိုဆေးနှစ်မျိုးကို ကြိတ်လိုက်သောအခါ ဆေးရွက်ကြီးနံ့လည်းပျောက်၊ လေးညှင်းအနံ့လည်း ပျောက်ပြီး သင်းပျံ့သော အနံ့တစ်မျိုး ဖြစ်နေပါသည်။

**ဤ ဆေးနည်းကိုပေးသော ကသာမှ ဆေးဆရာဦးထွေးအား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ကျေးဇူးတင်ရှိပါကြောင်း...**

**ဒေါ်တင်အေး**



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

ဆရာကြီးဦးအောင်မြင့် (ဥပဒေတွဲ.)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် **နံပါတ်(၁)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၅၄ ခုနှစ်၊ နယုန်လ၊ အင်္ဂါနေ့ဖွား**တဲ့ အမျိုးသားလူငယ်တစ်ဦး ဖြစ်ပါတယ်။


မိဘများကပေးထားတဲ့ **"ကြည်ဇေ"** ဆိုတဲ့ နာမည်ကို နှစ်လုံးတွဲလက်မှတ်ထိုးထားခြင်းဖြစ်ကြောင်း သိရပါတယ်။ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်တို့ ချကြည့်ရင်...

* * *

ဘယ်ကိစ္စမဆို အစကောင်း၊ အနှောင်းပျက် ဖြစ်တတ်တယ်။ ဒီနာမည်မျိုးကို အင်္ဂါအစ၊ ကြာသပတေးအဆုံး ဖြစ်စေ၊ အင်္ဂါအစ၊ စနေအဆုံးဖြစ်စေ နာမည်ပြုပြင်ပေးသင့်ပါတယ်။

ဒီနာမည်နဲ့ပဲ ထိုးမြဲလက်မှတ်ပြုပြင်ဆိုရင်တော့ နာမည်အစစာလုံး၊ အထွန်းဌာနက "ကြည်" ကိုသာ တစ်လုံးတည်း လက်မှတ်ထိုးစေသင့်ပါတယ်။

* * *



(ထိုးသင့်တဲ့လက်မှတ်နမူနာ)

နံပါတ်–၁

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

မူလမဟာဘုတ်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃* | ၄ |


| | |
|---|---|
| ၂ | |
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |


နာမက္ခရတိုင်စဉ်

အင်္ဂါ၊ ဘင်(အပျက်ဌာန)ဖွားဖြစ်သူကို တနင်္လာအစ၊ အင်္ဂါအဆုံး နာမည်ပေးထားတဲ့အတွက် **အထွန်း + ဘင် = ဣန္ဒ + အနိဋ္ဌ** နာမည်ညံ့ဖြစ်သလို နာမက္ခရတိုင်စဉ်လဲ မှားပါတယ်။

၂။

* * *





ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၂၉ ခုနှစ်၊ တပို့တွဲလမွေးတဲ့ ဗုဒ္ဓဟူးသမီး** ဖြစ်ပါတယ်။ မိဘများပေးထားတဲ့ **"ဝင်းဝင်း"** ဆိုတဲ့ နာမည်ကို အင်္ဂလိပ်လို လက်မှတ်ရွေးထိုးထားကြောင်း သိရပါတယ်။

မူလမဟာဘုတ်ခွင် ချကြည့်ရင်...

* * *

နံပါတ်–၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄* |
| ၂ | ၆ | ၀ |



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးရာဇဖွား ဖြစ်တယ်။ ရာဇဌာန မှ ဗုဒ္ဓဟူးနံအက္ခရာ နှစ်လုံးဆင့် နာမည် ပေးထားတဲ့အတွက် နာမည်ပေးကောင်း ပါတယ်။ နေပူခံအကျော်အစော နာမည် ပေးနည်း ဖြစ်သလို သောမ+သောမ၊ ရာဇ+ရာဇ၊ ဣန္ဒြ+ဣန္ဒြ ဖြစ်လို့ပါပဲ။

ဒါပေမယ့် ထိုးမြဲလက်မှတ်ပုံ သဏ္ဌာန်ကတော့ မကောင်းပါဘူး။ အပေါ်ပြိုင်သင်္ကေတတွေများလို့ ဘာ လုပ်လုပ် အယှဉ်အပြိုင်များနိုင်တယ်။ နောက်ပြီး လက်မှတ်နောက်ဆုံး အညွန့်ထုတ်ထားတာ ရှည်လွန်းတယ်။

ဘယ်အလုပ်ဖြစ်ဖြစ် အစပိုင်းတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ လေထွား သလောက် နောက်ပိုင်း အဖျားရှူး သွားတတ်တယ်။ ဒါကြောင့် လက်မှတ် ပုံသဏ္ဌာန် ကောင်းအောင် ပြုပြင်သင့် ပါတယ်။

* * *




လက်မှတ်အောက်က မျဉ်းမသားနဲ့။ အညွန့်နေရာမှာ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။

ကိုယ်ရောစိတ်ပါ ချမ်းသာပြီး လိုရာ ဆန္ဒပြည့်ဝ အောင်မြင်နိုင်ပါတယ်။

၃။


* * *



ယခုလအတွက် နံပါတ်(၃)နေရာ မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ် ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ ပြာသိုလမွေးတဲ့ ကြာသပတေးသား အမျိုးသား တစ်ဦး** ဖြစ်ပါတယ်။

မိဘများပေးထားတဲ့ **"မောင်မြတ်"** ဆိုတဲ့ နာမည်နှစ်လုံးရဲ့ နောက်ဆုံး စာလုံးဖြစ်တဲ့ **"မြတ်"**ကို အင်္ဂလိပ် စာလုံးနဲ့ လက်မှတ်ရေးထိုးထားကြောင်း သိရပါတယ်။ မူလမဟာဘုတ်ခွင် ချ ကြည့်ရင်...

* * *



နံပါတ်-၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| · | ၃ | · |
| * ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

ကြာသပတေးအထွန်းဖွားကို အထွန်း ဌာန ကြာသပတေးနံသင့်အက္ခရာနဲ့ နာမည်ပေးထားလို့ နာမည်ပေး ကောင်းပါတယ်။ အသားကလဲ ညိုညို မည်းမည်းဆိုတော့ အမည်းရောင် နှစ်သက်တဲ့ "မ" အက္ခရာစာလုံးဟာ သင့်တော်ပါတယ်။

သင်္ချာဗေဒင်ပညာအရ **"မြတ်"** ဆိုတဲ့ စာလုံးရဲ့ပေါင်းလဒ်ဟာ **(၁၀) ဂဏန်း**တွဲဖြစ်လို့ ဘာလုပ်လုပ် ထိပ်ဆုံး ရောက်နိုင်တဲ့ အကျိုးထူးမျိုး ရနိုင် တယ်။

ဒါပေမယ့် ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် က မကောင်းပါဘူး။ လက်မှတ်အောက် ခြေမှာ ထောင်လိုက်မျဉ်း(၂)ကြောင်းရဲ့ ကြားက အလုံးသဏ္ဌာန်တစ်ခုရှိနေခြင်း ဟာ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ မှာ နှစ်ယောက်ကြား ဗျာများရတတ် တယ်။

အညွန့်နေရာမှာ ထိပ်ဖျားက ကန့်လန့်မျဉ်းကြောင့် မိမိရဲ့ တိုးတက် အောင်မြင်မှုတွေကို အနှောင့်အယှက် ပေါ်ပေါက် ပျက်ပြားစေတတ်တယ်။ လက်မှတ်ပုံသဏ္ဌာန် ပြင်သင့်တယ်။

လက်မှတ်အောက်က မျဉ်းမသား ရပါ။

၄။

* * *




ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ် ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၃၉ ခုနှစ်၊ နတ်တော်လမွေးတဲ့** အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

ဗုဒ္ဓဟူးသမီးပါပဲ။ မိဘများပေးထား တဲ့ **"လွင်လွင်ကြည်"**ဆိုတဲ့ နာမည် ကို လက်မှတ်ထိုးထားတာပါ။ အင်္ဂလိပ် အက္ခရာစာလုံးဖြစ်ပါတယ်။ မူလမဟာ ဘုတ်နဲ့ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ ချ ကြည့်ရင်...

* * *



www.burmeseclassic.com





ဗုဒ္ဓဟူး သိုက်ဌာနဖွားဖြစ်သူကို **ဗုဒ္ဓဟူး+ဗုဒ္ဓဟူး+တနင်္လာ မိတ်ဓာတ် နာမည်မျိုး** ပေးထားပေမယ့် **သိုက်+သိုက်+ဘင်္ဂ = ဣဋ္ဌ + အနိဋ္ဌ** နာမည်မျိုးဖြစ်ခြင်း၊ နာမက္ခရတိုင်စဉ်မှားခြင်း၊ ဗုဒ္ဓိအစဉ်မှားခြင်းတို့ကြောင့် နာမည်ညံ့ပါတယ်။

လက်မှတ်က ဘယ်ဘက်ကို စောင်းလွန်းခြင်း၊ လက်မှတ်အောက်မှာ သင်္ကေတတူ အပြိုင်ရှိခြင်း၊ လက်မှတ်ပေါ်မှာ "ကြယ်"သင်္ကေတပါခြင်းတို့ဟာ မကောင်းပါဘူး။

ကြိုးစားသလောက် ခရီးမရောက်ခြင်း၊ အချစ်ရေး၊ အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးမှုများ ကြုံခြင်း၊ နာမည်ပျက်၊ သိက္ခာကျ၊ ပူဆွေးဝမ်းနည်း ကြေကွဲရခြင်းများ ဖြစ်တတ်တယ်။ "**လွင်**"တစ်လုံးတည်းကိုပဲ အင်္ဂလိပ်အက္ခရာနဲ့ ပြုပြင် လက်မှတ်ထိုးသင့်တယ်။

လက်မှတ်အောက်က မျဉ်းမသားပါနဲ့။ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။

* * *



*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

## ဓာတ်ခံပေးမည့်ဆေး

စာရေးသူ ရေးသားတင်ပြမည့် ဆေးနည်းမှာ **၁၉၉၆ ခုနှစ်၊ ထီးချိုင့်သွားစဉ်က** စာရေးသူ၏ဘကြီး ဦးဘကြည်ထံမှ ရရှိခဲ့ပါသည်။ ဘကြီးသည် အဂ္ဂိရတ်ထိုးခြင်း၊ မြန်မာ့ရိုးရာဆေးမြီးတိုများ ဖော်စပ်ခြင်း ဝါသနာအထူးရှိသူဖြစ်မည်။

စာရေးသူအား ဦးလာဘမှတ်စု လက်ရေးမူစာအုပ်ကို လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။ ဦးလာဘ မှတ်စုစာအုပ်ထဲမှ ဆေးမြီးတိုလေးတစ်ခုကို စာဖတ်သူများထံ ရေးသားတင်ပြလိုပါသည်။

ရှားပါးသည့် ပစ္စည်းမဟုတ်ခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ ဆေးဖော်စပ်ရာတွင်လည်း အလွယ်တကူဖြစ်ပြီး အခက်အခဲများ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယခု ဖော်ပြမည့်ဆေးသည် **ဓာတ်ချုပ်ခြင်း၊ လေချုပ်ခြင်း၊ ခြေလက်ဖောရောင်ခြင်း၊ ခြေလက်အေးခြင်း၊ ကိုယ်ရောင်ကိုယ်ဖောအပြင် အဆစ်အမျက်ကိုက်ခြင်း၊ နလုံးတုန်မောပန်းသည့်ဝေဒနာများပါ** သက်သာပျောက်ကင်းစေပါသည်။ ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



၁။ ထန်းလျက် (၅၀) ကျပ်သား
၂။ မန်ကျည်းသီးမှည့် (၂၅) ကျပ်သား
၃။ သကြား (၂၅) ကျပ်သား
၄။ ပျားရည် (၂၅) ကျပ်သား
၅။ ရေ (၄၀) ကျပ်သား

တို့ကို အိုးသစ်တွင် ရောချက်ပြီး ညောင်စေးကျအောင်ကျိုပါ။ လက်ကော်ဆိုလျှင်လည်း လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာ သုံးဆောင်ပါ။ စာရေးသူ အမြဲသုံးဆောင်သောဆေးနည်း ဖြစ်ပါသည်။

**(မှတ်ချက် ။ ။ ခေါင်းစဉ်ကို ဦးလာဘ မှတ်စုထဲကအတိုင်း ဖော်ပြပါသည်။)**

*အာယု ဝဏ္ဏော သုခံ ဗလံ*

**မောင်ဗဟိန်း** *(အင်းတော်)*



www.burmeseclassic.com

www.burmeseclassic.com

ဤဂြိုဟ်စားနှင့် သက်ရောက်ကို သတိထားပါက မိမိ၏ ကံကြမ္မာ အပြောင်းအလဲနှင့် ဆိုးကျိုး ကောင်းကျိုးများ ကြိုတင်ခန့်မှန်းလာနိုင်ခြင်း၊ မိမိဘဝ ဖြတ်သန်းနေစဉ် မိမိဘဝ အတက်၊ အကျ၊ အနိမ့်၊ အမြင့် သုခနှင့် ဒုက္ခများက အလှည့်ကျ လွှမ်းမိုးစေဆော်မှု ပေးနေတတ်ကြောင်းကို လက်တွေ့ဘဝတွင် သိရှိလာပါတော့သည်။

*** *ဇယားတွင်ကြည့်ပါ။***

ကြာသပတေးသား ကျွန်တော်မှာ မွေးစမှသည် (၁၉)နှစ်အထိ ကြာသပတေးဂြိုဟ်စား၊ အသက် (၂၀)မှ (၃၁)နှစ်အထိ ရာဟုဂြိုဟ်စား၊ အသက် (၃၂)မှ (၅၂)နှစ်ထိ သောကြာဂြိုဟ်စား၊ အသက် (၅၃)မှ (၅၈)နှစ်အထိ တနင်္ဂနွေဂြိုဟ်စား (ဘုမ္မိကာလ)၊ အသက် (၅၉)မှ (၇၃)နှစ်အထိ တနင်္လာဂြိုဟ်စား၊ အသက် (၇၄)မှ (၈၁)နှစ်အထိ အင်္ဂါဂြိုဟ်စား၊ အသက် (၈၂)မှ (၉၈)နှစ်အထိ ဗုဒ္ဓဟူးဂြိုဟ်စားပြီး အသက် (၉၉)မှ (၁၀၈)နှစ်အထိ စနေဂြိုဟ်စားနေကြောင်း တွက်ကြည့်မိပါတော့သည်။

**အသက် (၂၀)မှ (၃၁)နှစ်အထိ ရာဟုဂြိုဟ်စား ကာလအတွင်း** လူမှုရေးဒုက္ခများ အမျိုးမျိုး ကြုံခဲ့ရခြင်း၊ အသက် (၃၂)နှစ်မှ (၅၂)နှစ်အထိ သောကြာဂြိုဟ်စား ကာလအတွင်း လက်ထောက်ကထိကမှသည် ပါမောက္ခအထိ ရာထူးများ အဆင့်ဆင့်တက်ကာ တက္ကသိုလ်အသီးသီးသို့ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ခဲ့ရခြင်းများကို ရိပ်စားမိလာပါတော့သည်။

အသက် (၅၂)နှစ်ထဲ ရောက်ချိန်တွင် မြင်းခြံဒီဂရီကောလိပ်မှ မုံရွာတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရပြန်ပါသည်။ မုံရွာ



တက္ကသိုလ်မှာ ကျောင်းသားများသဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်သုတ်ခွဲကာ ပညာသင်ကြားရပါသည်။ သင်ကြားရေး လုပ်ငန်းများအပြင် လုံခြုံရေးကိစ္စများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပထဝီဝင်ဘာသာရပ်အတွက် မေးခွန်းပါ ထုတ်ပေးရသဖြင့် တာဝန်များစွာကြီးခဲ့ပါသည်။

**"အောင်စံအဝင်"၊ "သာပင်အလယ်"၊ "ထွန်းကြွယ်အဆုံး"၊ "ရွှေဝတစ်သက်လုံး"**ဟူ၍ အဆိုရှိပါသည်။ ဂြိုဟ်သက်များကို သုံးပုံပုံပါ။ ပထမတစ်ပုံကို အဝင်၊ ဒုတိယတစ်ပုံကို အလယ်၊ တတိယတစ်ပုံ အဆုံးဟု သတ်မှတ်ပါသည်။

**ဗုဒ္ဓဟူးနှင့် ရာဟုဂြိုဟ်**တို့မှာ ဂြိုဟ်သက် ရှိသလောက် စ, လယ်, ဆုံး ကံဆိုးတတ်သည်ဟု ဆိုပါသည်။ တနင်္ဂနွေဂြိုဟ်သက် (၆)နှစ်အား သုံးပုံပုံရာတွင် (၅၃)နှင့် (၅၄)နှစ်ကို အဝင်၊ (၅၅)နှင့် (၅၆)နှစ်ကို အလယ်နှင့် (၅၇)နှင့် (၅၈)နှစ်တို့ကို အဆုံးဟု ယူပါသည်။

မုံရွာတက္ကသိုလ်တွင် တစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက် (၅၃)နှစ်ထဲ အရောက်တွင် ဘုမ္မိဂြိုဟ်ဖြစ်သော တနင်္ဂနွေဂြိုဟ် (ပါပဂြိုဟ်၊ မီးခဲဂြိုဟ်) ထဲသို့ ဝင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ "အောင်စံအဝင်"ဟု ဆိုထားသဖြင့် "(၅၃)နှင့် (၅၄)နှစ်များအတွင်း ဌာနဆိုင်ရာ လုပ်ငန်းများအတွက် သတိကြီးစွာထားကာ လုပ်ကိုင် ဆောင်ရွက်ရမည့်နှစ်များ"ဟု ကြိုတင် တွက်[...] ထားမိပါတော့သည်။

နေ့စဉ်နံနက်တိုင်း ကျွန်[...] နေထိုင်ရာ အိမ်တွင် မြတ်စွာဘုရ[...] အား သောက်တော်ရေနှင့် ဆွမ်း[...] ကပ်လှူခြင်း၊ ဘုရားရှိခိုးခြင်း၊ မ[...] သုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်[...] ပဋ္ဌာန်းတရားတော်များ ရွတ်[...] ပူဇော်ခြင်း၊ ဂုဏ်တော် (၁၀၀၀) ပု[...] စိပ်ခြင်း၊ ဝိပဿနာရှုခြင်း၊ မေတ္တာ[...] အမျှဝေခြင်းများ ပြုလုပ်ပါသည်။

ဌာနသို့ ရောက်သည်နှင့် တစ်[...] နက် မြတ်စွာဘုရားအား သောက်တော်[...] ရေ ကပ်လှူပြီး အရပ်ရှစ်မျက်နှာ[...] ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ဖြင့် စည်း[...] ကာကွယ်ပါသည်။ နေ့စဉ် လုပ်ငန်း[...] သမျှ သတိကြီးစွာထားကာ ဆော[...] ရွက်ခဲ့ပါသည်။

ကျွန်တော်တို့ တက္ကသိုလ်ဆရာ[...] အတွက် အလုပ်ပြုတ်စေနိုင်သော[...] အရာများတွင် "ငွေကြေးကိစ္စ"[...] "အမျိုးသမီးကိစ္စ"နှင့် "မေးခွန်းထု[...] မှားခြင်း"တို့ ပါဝင်နေရာ သတိ[...] ဆောင်ရွက်မှုကြောင့် ပြဿနာ[...] မတက်ခဲ့ပါ။

ညနေ အိမ်ပြန်ရောက်သည်[...] တစ်ပြိုင်နက် သရဏဂုံတစ်ဆော[...] ပုတီးစိပ် ပြန်ပါသည်။ ညအိပ်ရာဝ[...] နီးတွင် မြတ်စွာဘုရားအား သော[...] တော်ရေနှင့် ဆီမီးကပ်လှူခြင်း၊ ဘု[...] ရှိခိုးခြင်း၊ မေတ္တသုတ်၊ မေ့စကြာ ရွ[...] ဖတ်ပူဇော်ခြင်း သရဏဂုံ၊ ဂုဏ်တော်[...] နှင့် ပဋ္ဌာန်းတို့ပေါင်းကာ ပုတီးစိပ်ခြ[...] မေတ္တာပို့ အမျှဝေခြင်းတို့ကို နေ့[...] မပျက် ဆောင်ရွက်ခဲ့ပါသည်။

ကျရောက်လာမည့် အန္တရာ[...] အပေါင်းတို့အား [...]ရတနာသုံး[...]





www.burmeseclassic.com

www.burmeseclassic.com

ည်းကပ်ကိုးကွယ်ရန် ကြိုတင်ကွယ်ခဲ့ပါသည်။

မုံရွာတက္ကသိုလ် ပထဝီဝင်ဌာနတွင် နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်(၅၃)နှစ် ပြည့်သွားသည်အထိ ည်သည့်အန္တရာယ်မှ မကျရောက်ခဲ့ စုံစမ်းစစ်ဆေးခံရမှုများလည်း ပါ။ အသက်(၅၄)နှစ်ထဲ ဝင်ရောက် ပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်၊ ဩဂုတ် (၁၁)ရက်နေ့မှာတော့ မည်သို့မှ လင့်မထားပါဘဲ ပြောင်းရွှေ့မိန့် ကျလာပါတော့သည်။

အမြဲတမ်း ကံကောင်းခဲ့လေသော နှစ်တော့မှာ "အောင်စံအဝင်"ဟု ထားသော ဘုမ္မိဂြိုဟ်ထဲအဝင် ယနှစ်မှာပင် အိပ်မက်တောင် က်ခဲ့ဘူးသောနေရာ၊ လျှောက် ခြင်း လုံးဝမရှိခဲ့လေသော နေရာ သည့် မုံရွာ စီးပွားရေးတက္ကသိုလ်

ပထဝီဝင်ဌာနသို့ ပါမောက္ခဌာနမှူး ရာထူးဖြင့်ပင် မုံရွာတက္ကသိုလ်မှ ခြိစည်းရိုးကျော်ကာ ပြောင်းရွှေ့ခြင်း ခံရပါတော့သည်။

အထက်မြန်မာနိုင်ငံရှိ တက္ကသိုလ် ဒီဂရီကောလိပ် ပထဝီဝင်ဌာနများ တွင် တာဝန်ထမ်းဆောင်နေကြသော ပါမောက္ခများ၊ ဌာနမှူးများ တစ်ဦး တစ်ယောက်မှ မပြောင်းရွှေ့ရပါဘဲနှင့် ကျွန်တော် တစ်ဦးတည်းသာ ပြောင်း ရွှေ့ခဲ့ရခြင်းမှာ "အောင်စံအဝင်"တွင် ဘုမ္မိတနင်္ဂနွေဂြိုဟ် (ပါပဂြိုဟ်)နှင့် သက်ရောက် အင်္ဂါဂြိုဟ်(ပါပဂြိုဟ်) တို့၏ လုပ်ငန်းအတွက်၊ နေရာအတွက် ဆိုးကျိုးတွေ ပေးခံရခြင်းပဲလားဆိုတာ အထပ်ထပ်အခါခါ စဉ်းစားအဖြေရှာ ရင်း...

'သဗ္ဗေ သင်္ခါရာ အနိစ္စာ'၊

'သဗ္ဗေ သင်္ခါရာ ဒုက္ခာ'၊

'သဗ္ဗေ ဓမ္မာ အနတ္တာ'

ဟု နှလုံးသားထက်တွင် သံဝေဂ တရားများပွားများရင်း...

'ငါ့နှလုံးသား မြတ်ဘုရား ဂုဏ်များ တည်၍ အေးချမ်းစေ'

'ငါ့နှလုံးသား မြတ်တရား ဂုဏ်များ တည်၍ အေးချမ်းစေ'

'ငါ့နှလုံးသား သံဃာတော်များ ဂုဏ်များတည်၍ အေးချမ်းစေ'

'ငါ့နှလုံးသား မိဘနှစ်ပါး ဂုဏ်များ တည်၍ အေးချမ်းစေ'

'ငါ့နှလုံးသား ဆရာအရှင်မြတ်များ ဂုဏ်များတည်၍ အေးချမ်းစေ'

***သဗ္ဗေသတ္တာ ကမ္မသကာ***

**ပါမောက္ခ**
**ဒေါက်တာ မောင်မောင်သန်း**
***(ပထဝီဝင်)***

---

**၂၀၁၁ ခုနှစ်၊ မေလ**



**အတွက် ရွေးချယ်ဝါ ဂျိုဏာန်း**

၂၀၁၃ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် င်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ကျပေါ်လာနိုင်သည့် ထီဂဏာန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါ သည်။

| | |
|---|---|
| **အကြိမ်** | ၂၉၂ |
| **မေလ** | ၅ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၁၀ = ၆ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏာန်းများအား စ်လုံးတည်းဖြစ်အောင် ပေါင်းပါက **(၆)** ဏန်း ရသည်။ သို့ဖြစ်၍ ၊ ၂၊ ၄၊ ၆၊ ၉ ဂဏာန်းများများ အောင် ရွေးချယ်ပါ။


အထူးသဖြင့် ရှေ့ဂဏာန်းများကို ၊ ၄၊ ၆၊ ၉ ဂဏာန်းများအား ရှေ့ဆုံးမှထား၍ ကံစမ်းနိုင်ကြပါသည်။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၄...၁ | ၆...၁ | ၉...၁ |
| ၁...၂ | ၄...၂ | ၆...၂ | ၉...၂ |
| ၁...၄ | ၄...၄ | ၆...၄ | ၉...၄ |
| ၁...၆ | ၄...၆ | ၆...၆ | ၉...၆ |
| ၁...၉ | ၄...၉ | ၆...၉ | ၉...၉ |

မှတ်ချက်။ ။ (...)ကွင်းအတွင်း ပြထားသော အလယ်ဂဏာန်းများကို **၄၊ ၆၊ ၉** ဂဏာန်း များများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏာန်း မပါဘဲ "**လ**"ဂဏာန်း နှင့် "**နှစ်**"ဂဏာန်းကိုသာ ပေါင်းပါက (၅ + ၂ + ၀ + ၁ + ၃) = ၁၁ = ၂ ဂဏာန်း ရသည်။ သို့ဖြစ်၍ '၂'ဂဏာန်းလည်း အားကောင်းပါသည်။



သို့ဖြစ်၍...

| စ... | ဆုံး | | | | |
|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၄၊ | ၆၊ | ၉ |
| ၄... | ၄၊ | ၆၊ | ၉၊ | ၁၊ | ၂ |
| ၆... | ၆၊ | ၉၊ | ၁၊ | ၂၊ | ၄ |
| ၉... | ၉၊ | ၁၊ | ၂၊ | ၄၊ | ၆ |

ဤလတွင် **တနင်္လာသားသမီးနှင့် သောကြာသားသမီးများ** ထီကံပွင့်နေ ပါသည်။

သို့ဖြစ်၍ ရိပ်သာတစ်ခုသို့ သွားရောက်၍ (၃)ရက်တိတိ (၁)နာရီတိတိ အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ပါ။

မိမိတို့နှင့် နီးစပ်ရာ ဘုန်းကြီးကျောင်းဝင်းကို သန့်ရှင်းရေး ပြုလုပ်ပြီး အိမ်သားများကို ဆေးကြောကုသိုလ်ယူပါ။ အထက်ပါများ ဆောင်ရွက်ပြီးက နီးစပ်ရာဆိုင်တွင် ထီကံစမ်းနိုင်ပါပြီ။

**အထူးဂဏာန်း**

◆ ၁၂၄၄၆၆ ◆ ၆၄၂၄၁၂ ◆ ၄၆၄၂၁၆

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက်** *(သုတေသီ)*



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတပါးသည် နက္ခတ္တရောင်ခြည်

ဦးကျော်ညွန့်
(မောင်အောင်မြင့်သူ၏ ဖခင်)

## အတက်ရောဂါမှ အောင်မြင်စွာ လွတ်မြောက်ခဲ့ပြီ



နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ ကျေးဇူးကြောင့် မောင်အောင်မြင့်သူ အတက်ရောဂါမှ အောင်မြင်စွာ လွတ်မြောက်ခဲ့ပြီဖြစ်လို့ ဦးသန်းဖေမြင့်နှင့် ဆရာဦးမြသန်းတို့အား အထူးကျေးဇူးတင်ရှိကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြောပြလိုက်ပါရစေ ခင်ဗျား။

မောင်အောင်မြင့်သူဟာ (၅)နှစ်သား အရွယ်လောက်ကစပြီး အိပ်ချိန်မှာ တက်တတ်တဲ့ရောဂါတစ်ခု ဖြစ်ပေါ်လာပါတယ်။ အိပ်ချိန်မှာဆိုတာက တစ်ခြားတက်တတ်တဲ့သူတွေလို အချိန်မရွေး တက်တာမျိုးမဟုတ်ပါဘူး။ ည (၇–၈)နာရီလောက်အချိန် ကလေးများအိပ်ချိန်ပေါ့ခင်ဗျာ။ အဲဒီလို အိပ်ချိန်မို့ အိပ်ပြီဆိုတာနဲ့ အိပ်လဲပျော်ရော တက်တာပါပဲ။

အဲဒီလိုတက်တတ်သူပါ။ ဆရာဝန်ရော တိုင်းရင်းဆရာပါ ဆရာလဲစုံ၊ ဆေးလဲစုံခဲ့ပါပြီ။ တစ်ခါတစ်လေ တစ်ပတ်လောက်လဲ ခြားတတ်ပါတယ်။ နေ့စဉ်လဲ ဖြစ်တတ်ပါတယ်။ မမှန်ပါဘူး။

ယခု အသက်(၁၂)နှစ် ကျော်လာပါပြီ။ အတက်ရောဂါရဲ့ သက်တမ်းလဲ မနည်းတော့ပါဘူး။ ကျောင်းထားချိန်မှာ အတက်ရောဂါရဲ့ နှိပ်စက်မှုကြောင့် ဦးနှောက်ဉာဏ်ရည် မမီလောက်အောင် ရှိနေတာကို တွေ့ရတာကြောင့် သူ့ဘဝလမ်းကြောင်းအတွက် အထူး စိတ်မချမ်းမြေ့ခဲ့ရပါဘူး။

အခုလို အခက်အခဲကြုံချိန်မှာ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၉၉၈ ခုနှစ် ဒီဇင်ဘာလထုတ်၊ အမှတ် (၁၄၉)ကို ဖတ်မိပါတယ်။** မဂ္ဂဇင်းထဲမှာ ကလေး၊ လူကြီး အတက်ရောဂါများအတွက် ဆေးမခက်ဆိုသော ရေးသားမှုကို ဖတ်ရသဖြင့် သေချာစွာ မှတ်သားထားပါတယ်။

အဲဒီနောက် တစ်ပတ်အတွင်း... မောင်အောင်မြင့်သူကို ရွှေတိဂုံဘုရား... ခေါ်သွားပြီး ပထမ ဇီဝိတဒါန... လွှတ်ပါတယ်။ နောက် ဘုရားရှိခိုး ဝတ်... အရှေ့ဘက်စောင်းတန်းက ခြ... နှစ်ကောင်အနက် တောင်ဘက်က ခြ... မှာ ဆရာဦးမြင့်သန်း ပြောခဲ့တဲ့အ... မောင်အောင်မြင့်သူကို ခြ... အောက်ကို ဝင်စေပါတယ်။ ညာဘ... ပြန်ထွက်၊ တစ်ခါပြန်ဝင်၊ အဲဒီလို (၇)... ဝင်,ထွက် ပြုလုပ်ပါတယ်။ ခြင်္သေ့ရုပ်... မဆွဲပါဘူး။



စာမျက်နှာ (၂၂၃)

www.burmeseclassic.com

www.burmeseclassic.com

စန်းပွင့်စာအုပ် (အငှား)ဆိုင်ကို ဒီလ‌ထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း လာရင် ဘယ်မှ လက်မလွှန်လိုက်ပါနဲ့ မောင်ယဉ်မွှေး(ဇေယျာမြေ)ဆီကို ပေးထားလိုက်ပါလို့ မှာခဲ့တဲ့အတွက် မောင်ယဉ်မွှေး(ဇေယျာမြေ)က စာအုပ်တန်းပေးပါတယ်။ စန်းပွင့်စာအုပ်ဆိုင်က မနေ့ကညနေ လာပို့ထားတဲ့ အကြောင်းလဲ ပြောပါတယ်။

'အဲဒီ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း [၂၀၁၃ခုနှစ်၊ ဇန်နဝါရီလထုတ်]စာအုပ်ရဲ့ စာမျက်နှာ (၂၆၄)မှာ **"သိဒ္ဓိမြောက်တဲ့ဆေးသိသူများမှ ဖေါ်ပြပေးစေချင်"** ဆိုတဲ့ အမှာစကား ဆောင်းပါးလေး တစ်ပုဒ်ကို တွေ့ရှိဖတ်လိုက်ရပါတယ်။ စာရေးသူကတော့ **"လက်ပံနီ"**လို့ ဆိုပါတယ်။

ဆောင်းပါးရှင်က အဲဒီဆေးနဲ့ပတ်သက်လို့ တစ်ဦးကိုတစ်ဦး ချစ်ခင်စေတဲ့ဆေးဖြစ်ကြောင်း၊ ၅၂၈ ကော၊ ၁၅၀၀ ကောပြောလို့ရကြောင်း ဆေးကို ဆောင်ထားရင်လဲ လာဘ်လာဘ ရွှင်ပြီး၊ ဥစ္စာရွှေငွေလဲ တိုးတက်စေကြောင်း မနေသိဒ္ဓိဆေးလို့ ပြောလို့ရကြောင်း။

ဆေးကို ကျောက်ပျဉ်မှာ ရေနွေးနဲ့ သွေး၊ လက်ညှိုးသို့မဟုတ်လက်ခလယ်နဲ့ နဖူးဆံစမှာ (မှန်ကူ)လိမ်းကာ ပြောဆိုလုပ်ကိုင်စရာရှိသည်များကို ယုံယုံကြည်ကြည် ပြောဆိုလုပ်ကိုင်ကြပါက အဆင်ပြေ ချောမွေ့ အောင်မြင်စေကြောင်း။

ယင်းဆေးကို အိမ်ရောင်းလိုသူနဲ့ အိမ်ထောင်ရေး အဆင်မပြေဖြစ်နေသော အရာရှိတစ်ဦးကတောင်းသဖြင့် ပေးလိုက်ရာ အားလုံးအဆင်ပြေသွားကြကြောင်း ကိုယ်တွေ့ တွေ့ရှိချက်များကိုလဲ တင်ပြထားပါတယ်။



၂၀၁၃ခုနှစ် ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ

# သိဒ္ဓိမြောက်တဲ့ဆေး

သိသူများမှ ဖေါ်ပြပေးစေချင် ဆောင်းပါးနှင့် ပတ်သက်၍

အေးရွှေ (ဦးကုန်း)

ဆေးဝါးဖော်စပ်ပုံနဲ့ ပတ်သက်၍တော့ ဆောင်းပါးရှင်က သူမသိသည့် အကြောင်း သူ၏ဖခင် ဦးမြအောင် (၈၅)နှစ်မှ လွန်ခဲ့တဲ့ အနှစ်(၄၀)လောက်ကတည်းက ဝဲဒေါင့်ဆရာထွန်းဆီမှ ရရှိပြီး ဆောင်းပါးရှင်ကို ပေးခဲ့ကြောင်း မိသားစုအဖြစ် ယခုတိုင် ဆောင်ထားကြောင်း။

ဝဲဒေါင့်ဆရာထွန်းကလဲ ထိုဆေးကို သူဖေါ်တာမဟုတ်ကြောင်း၊ သူ့ဆရာ ဝဲဒေါင့်ဆေးကျောင်း ဆရာတော်ဆီမှရကြောင်း၊ ထိုဆရာတော်ကလဲ သူ့အထက် ဆရာတော်ကြီး ဖေါ်စပ်သွားတဲ့ဆေးဖြစ်ကြောင်း။

ဆေးရရှိပုံအဆင့်ဆင့်နဲ့ ဆေးမှာ ရာသီအလိုက်ပွင့်သည့် ပန်းများအား နှစ်အတော်ကြာတဲ့အထိ စုဆောင်းပြီး တန်ဆောင်မုန်းလပြည့်ညမှာ ကြိတ်၍ စီမံဖေါ်ရကြောင်း။

သို့သော် တိကျရေရာသော မှတ်တမ်းမှတ်ရာများ မရှိကြောင်း၊ ဆေး၏ အရောင်မှာ ရွှေညိုရောင်ဖြစ်ပြီး၊ အနံ့သင်းသင်းလေးမွှေးကြောင်းရှိုးသားစွာ တင်ပြထားတာ တွေ့ရှိဖတ်ရှုရပါတယ်။

ဆောင်းပါးရဲ့အောက်မှာမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် စာရှုသူဝါသနာရှင်များသို့ အထက်ပါ ဆေးနည်းနဲ့ ပတ်သက်၍ သိရှိသူများမှ မှတ်တမ်းပြုနိုင်ပါရန်အတွက် ဆေးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ လှူဒါန်းပေးပါရန် ပန်ကြားအပ်ပါသည်ဆိုတဲ့ မေတ္တာရပ်ခံချက် စကားချပ်တစ်ကိုလဲ တွေ့ရှိရပါတယ်။

သို့အတွက်...

ဆောင်းပါးရှင်လက်ပံနီရဲ့ **"သိဒ္ဓိမြောက်တဲ့ဆေး"**ဆိုတဲ့ ဆေးနည်းတော့ ဖြစ်ချင်လဲ ဖြစ်ပါမည်။ မဖြစ်နိုင်ကောင်းမှလဲ ဖြစ်နိုင်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ လေ့လာဆည်းပူးထားတဲ့ နည်းနိဿျတွေ၊ အဘိုးကြီးရေးသားခဲ့တဲ့ ပေမူတွေထဲက ဆောင်းပါးရှင်လက်ပံနီရဲ့ဆေးနဲ့ အာနိသင် တန်ခိုးသိဒ္ဓိ တူမျှတဲ့ ဆေးနည်းတစ်နည်းလို့ ယူဆတဲ့ ဆေးနည်းတစ်နည်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနဲ့ နက္ခတ္တရဲ့ စာဖတ်ပရိသတ်တွေအတွက် ရေးသားပေးဖို့ ပညာဒါန ပြုလိုက်ပါတယ်။

### သျှိ(၃)ပါးနှင့် အရာအားလုံးကို အောင်မြင်စေနိုင်သော သိဒ္ဓိဝင်ဆေးတော်ဖော်စပ်နည်း

၁။ သရဖီဝတ်ဆံ
၂။ ကံ့ကော်ဝတ်ဆံ
၃။ ကြာမျိုးငါးပါးဝတ်ဆံ
၄။ အကျော်
၅။ ကံ့ကူမံ
၆။ မြတ်လေးပွင့်
၇။ နံ့သာဖြူ
၈။ ကရမက်
၉။ ကန့်ဘလူ
၁၀။ ကတိုး
၁၁။ နနွင်းနက်
၁၂။ ကာလကဏ္ဍီ

ယင်း(၁၂)မျိုးကို...

**တနင်္ဂနွေဆန်းသောလ၌–**
သရဖီ ဝတ်ဆံကိုယူ။

**တနင်္လာဆန်းသောလ၌–**
ကံ့ကော်ဝတ်ဆံနဲ့ ကြာမျိုးငါးပါး ဝတ်ဆံကိုယူ။

**အင်္ဂါဆန်းသောလ၌–**
အကျော်နဲ့ ကံ့ကူမံကိုယူ။

**ဗုဒ္ဓဟူးဆန်းသောလ၌–**
မြတ်လေးပွင့်ကိုယူ။

**ကြာသပတေးဆန်းသောလ၌–**
နံ့သာဖြူနဲ့ နနွင်းနက်ကိုယူ။

**သောကြာဆန်းသောလ၌–**
ကရမက်နဲ့ ကတိုးကိုယူ။



**စနေဆန်းသောလ၌–**
ကန့်ဘလူနဲ့ ကာလကဏ္ဍီကိုယူ။ (အမှုစီ–စု)ထား။

ထို့နောက်...

**တနင်္ဂနွေနေ့ နေဝန်းပေါ်စအချိန်၌–** အရှေ့မြောက်ထောင့်သို့ သွား ပထမဆုံး တွေ့ရသည့် ပန်း(၇)ပွင့်ကို အောက်ဖော်ပြမည့် ဂါထာမန္တန် ရွတ်ဆို၍ယူ...

**တနင်္လာနေ့ နေဝန်းပေါ်ချိန်၌–** အရှေ့အရပ်သွား။ ပထမဆုံး တွေ့ရှိသည့် ပန်း(၇)ပွင့်ကို အောက်ဖော်ပြပါ ဂါထာမန္တန်ရွတ်၍ ခူးယူ...

**အင်္ဂါနေ့ နေဝန်းပေါ်ချိန်၌–** အရှေ့တောင်ထောင့်ကိုသွား။ ပထမဆုံးတွေ့ရသည့် ပန်း(၇)ပွင့်ကို အောက်ပါမန္တန်ဖြင့်ပင် ရွတ်၍ယူ...

**ဗုဒ္ဓဟူးနေ့ နေဝန်းပေါ်ချိန်၌–** တောင်အရပ်သို့သွား။ အထက်နည်းအတိုင်းယူ...

**ကြာသပတေးနေ့ နေဝန်းပေါ်ချိန်၌–** အနောက်အရပ်သို့သွား။ အထက်နည်းအတိုင်းယူ...

**သောကြာနေ့ နေဝန်းပေါ်ချိန်၌–** မြောက်အရပ်သို့သွား။ အထက်နည်းအတိုင်းယူ...

**စနေနေ့ နေဝန်းပေါ်ချိန်၌–** အနောက်တောင်ထောင့်သို့ သွား။ အထက်နည်းအတိုင်းယူ...

အားလုံးရသောပန်းများကို အရိပ်၌ ခြောက်အောင်လှန်းထား...

### ပန်းခူးစဉ် ရွတ်ရမည့်ဂါထာ

* ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါတပိ လောကဂ္ဂေါ၊
ဗုဒ္ဓံ သရဏာ ဟာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ၊
* ဓမ္မော စ မင်္ဂလော လောကေ၊
ဂမ္ဘီရော ယောဘိ ဒုဒ္ဒသော၊
ဓမ္မံ သရဏာ ဟာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ၊
* သံဃော စ မင်္ဂလော လောကေ၊
အဂ္ဂိဏေယျော သဒါ ယောတိ၊
သံဃံ သရဏာ ဟာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ၊

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓေါ** | = ဗုတ်ဒေါ |
| **မင်္ဂလော** | = မင်ဂလော |
| **သမ္ဗုဒ္ဓေါ** | = သမ်ဗုတ်ဒေါ |
| **လောကဂ္ဂေါ** | = လောကက်ဂေါ |
| **ဗုဒ္ဓံ** | = ဗုတ်ဓံ |
| **မာဂမ္မ** | = မာဂမ်မ |
| **သဗ္ဗဒုက္ခာ** | = သပ်ဗာဒုတ်ခါ |
| **ပမုစ္စရေ** | = ပမုတ်စရေ |
| **ဓမ္မော** | = ဓမ်မော |
| **ဂမ္ဘီရော** | = ဂမ်ဘီရော |
| **ဒုဒ္ဒသော** | = ဒုတ်ဒသော |
| **သဗ္ဗဒုက္ခာ** | = သပ်ဗဒုတ်ခါ |
| **အဂ္ဂိဏေယျော** | = အက်ဂိနေယော |

**မှတ်ချက်။** ။ ဂါထာအစ ခရေပွင့် နေရာများတွင် "ဦး"ယည့်၍ ရွတ်ဆိုလိုက ရွတ်ဆိုနိုင်ပါသည်။

ထို့နောက် တန်ခေါင်မုန်းစပြည့်



www.burmeseclassic.com

www.burmeseclassic.com

ည ကြယ်လနက္ခတ်တာရာစုံသည့်ကာလ၌ သန့်ရှင်းသောကျောက်ပျဉ်၌ ထိုတန်ဆောင်မုန်းလပြည့်နေ့သည်၌ ကျရောက်မည့် နေ့အလိုက် "**နံ့ပေါ်အင်း**" ကိုချကာ အောက်ပါမန္တန်ရွတ်ဆို၍ အတက်ပါဆေးအားလုံးကို စုပေါင်းပြီး ညက်အောင်ကြိတ်၍ အတောင့်လုပ်ထား။

| ဆေးကြိတ်စဉ် ရွတ်ဆိုရမည့် |
|---|
| ဂါထာမန္တန် |

'အင်္ဂီရသသသနမတ္တု သဗ္ဗဓညော ရညော

မနုဿဒေဝါနံ ပီယံဟောန္တု မိုင်းဆေရာမိုင်း'

ခက်ခဲသော ပါဠိအသံထွက်

**အင်္ဂီရသသသ** = အင်ဂီရတ်သတ်သ

**နမတ္တု** = နမတ်တု

**သဗ္ဗဓညော** = သပ်ဗခင်ညော

**ရညော** = ရင်ညော

**မနုဿဒေဝါနံ** = မနုတ်သဒေဝါနံ

**ပီယံဟောန္တု** = ပီယံဟွန်တု

ဆေးကြိတ်အတောင့်ပြုပြီးပါက ထိုဂါထာဖြင့်ပင် (၁၀၀၀)ထပ်၍ စုတ်ရပါမည်။

ဆေးတောင့်ရဲ့အရောင်မှာ ရွှေညိုရောင်ဖြစ်၍ အနံ့မှာ သင်းသင်းလေးမွှေးပါတယ်။ ဆေးနည်းအမည်တွေတူ့မတူမပြောတတ်ပေမယ့်တန်ဆောင်မုန်းလပြည့်နေ့ည စီမံတာချင်းနဲ့အရောင်အဆင်း အမွှေးနံ့သာချင်းတော့ တူနေတာအမှန်ပါပဲ။

အဲဒီဆေးကလဲ တောင်ပံနီရဲ့ဆောင်းပါးပါဆေးလို့ပဲ သုံးရပါတယ်။

ဆေးကို ဆောင်ထားရင် အပွင့်အလန်းကောင်းပါတယ်။ စီးပွား လာဘ်လာဘ တိုးတက်ပါတယ်။ ဈေးရောင်းဈေးဝယ်လဲ ကောင်းပါတယ်။ အမှောင့်ပယောဂနဲ့တကွ အပရန်မှန်သမျှလဲ ကာကွယ်ပါတယ်။

နဖူးဆံစမှာ မှန်ကူရင် မိမိကိုမြင်သူအားလုံး မြတ်နိုးကြင်နာချစ်ခင်ပြီးမေတ္တာထားကြပါတယ်။ ပြောသမျှဆိုသမျှ အောင်မြင်နိုင်ပါတယ်။

အဲဒီဆေးကို ဆောင်ထားရင် ကာမေသုမိစ္ဆာစာရကံကို အထူးစောင့်ထိန်းရပါတယ်။ ဣတ္ထိယနဲ့ ပတ်သက်လို့လဲ အတည်မယူဘဲ မကြဲဖို့ အထူးအမှာအထားရှိပါတယ်။

အဲဒီဆေးကို "သဗ္ဗကရဏီယ-ပီယသိဒ္ဓိဆေးကြီး" လို့လဲ တွေ့ရပါတယ်။ အသုံးကတော့ အနန္တပါ။ ဉာဏ်ရှိသလို သုံးနိုင်ကြောင်း၊ ကျယ်ဝန်းကြောင်း ရေးထားပါတယ်။ ဤသည်တို့မှာ စာရေးသူ လေ့လာဖူးတဲ့နည်းတွေထဲက (အဘိုးရဲ့နည်းကို) တူညီတာလေး ထုတ်နှုတ်တင်ပြ ပညာဒါန ပြုလိုက်တာပါ။

***အားလုံး လိုအပ်တဲ့ဆန္ဒမှန်သမျှ တစ်လုံးတစ်ဝတည်းပြည့်စုံနိုင်ကြပါစေ...***

**အေးရွှေ (စီးကုန်း)**

<u>**စာရှုသူသုတေသီများသို့ ပန်ကြားလွှာ**</u>

ဆေးနည်းတွင်ပါသော နေ့အလိုက် "နံ့ပေါ်အင်း"ကို သိရှိသူ အင်းပညာရှင်များမှ ဖော်ပြပေးပါရန်၊ ကတိုးနှင့် ကာလကဏ္ဏီတို့ကို သုတေသီ ဝါသနာရှင်များမှ ပြည့်ပြည့်စုံစုံ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**စာမျက်နှာ (၂၂၀)မှ အဆက်**

အဲဒီအချိန်ကစပြီး အခုအချိန်ထိ တစ်နှစ်ခွဲကာလ ရှိခဲ့ပါပြီ။ လုံးဝ အတက်ရောဂါဖြစ်ခြင်း၊ ပေါ်ခြင်း (လုံးဝ)မရှိခဲ့ပါဘူး။

ကလေးရဲ့ ဉာဏ်ရည်၊ ဉာဏ်သွေးလဲ အပြောအဆိုကအစ တက်လာပါတယ်။ လက်ရှိ ကလေးအခြေအနေကိုကြည့်ပြီး မောင်အောင်မြင့်သူရဲ့ တစ်မိသားစုလုံးဟာ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း စကားနဲ့တောင် ပြောမပြတတ်အောင်ပါပဲဗျာ။

ဒီနည်းကလေးကို ဖော်ပြပေးခဲ့တဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကိုရော၊ ရေးသားခဲ့တဲ့ ဦးသန်းပေမြင့်ကိုရော၊ နည်းပေးပြောပြခဲ့တဲ့ ဆရာဦးမြသန်းကိုရော ကြောက်မက်ဖွယ်ကောင်းတဲ့ ဒီအတက်ရောဂါကြီးကို ခံစားခဲ့ရတဲ့ မောင်အောင်မြင့်သူနှင့် မိဘဆွေမျိုးအားလုံးက ဘဝတစ်သက်တာတိုင်အောင် ကျေးဇူးကမ္မာအဖြစ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောပြလိုက်ပါတယ်ခင်ဗျာ။

မောင်အောင်မြင့်သူ ခံစားခဲ့ရသလို ဒီရောဂါမျိုးခံစားနေရသူများ ရှိခဲ့ကြလျှင်လဲ၊ ဒီလိုပဲ လုပ်ကြည့်ကြပါ။ လက်တွေ့လုပ်မှလဲ လက်တွေ့ပျောက်ပါတယ်လို့ တိုက်တွန်းချင်ပါတယ်။

မသေချာ မသဲကွဲ နားမလည်ဘူးလို့ဆိုလျှင်လဲ ကျွန်တော့်ကိုမေးပါ။ နားလည်အောင် ပြောပြ၊ ရှင်းပြပါမယ်။ ကိုယ်တိုင်၊ ကိုယ်တွေ့ လုပ်ဖြစ်အောင် လုပ်ကြည့်ကြဖို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ထည့်သွင်း ပြောပြပေးပါရန် တိုက်တွန်းပါရစေ ခင်ဗျာ။

**ဦးကျော်ညွန့်**
**(မောင်အောင်မြင့်သူ၏ ဖခင်ကလေး)**



www.burmeseclassic.com

www.burmeseclassic.com

# ပြာ အကြောင်း

သိကောင်းစရာ



မီးဖိုချောင်းသုံး ပစ္စည်းများသည် လူများအတွက် အလွန် အသုံးဝင်ပါသည်။ **ဥပမာ** ရေနွေးပူလောင်ပါက ငါးပိရည်ဖျော်ပြီး သုတ်လိမ်းပေးထားပါလျှင် အဖုမပေါက်ဘဲ သက်သာ ပျောက်ကင်းပါသည်။ ခရမ်းချဥ်သီး၊ သံပရာသီးတို့သည်လည်း အပူလောင်ပါက အရည်ညှစ်ပြီး သုတ်ပေးပါလျှင် ပျောက်ပါသည်။

နနွင်းမှုန့်သည်လည်း ခေါင်းကိုက် ခေါင်းအုံပါက နနွင်းမှိုင်းရှူခြင်းဖြင့် သက်သာ ပျောက်ကင်းသဖြင့် လူတိုင်း သိပြီးဖြစ်ပါသည်။

မီးဖိုချောင်းအတွင်းမှ စွန့်ပစ်ပစ္စည်းဖြစ်သော ပြာသည်လည်း အလွန် အသုံးဝင်ပါသည်။ ပြာများကို စွန့်မပစ်ဘဲ သီးသန့်သိမ်းထားပြီး အသုံးပြုနိုင်ပါသည်။ အထူးသဖြင့် မီးသွေးပြာ (သို့ မဟုတ်) ပြာနုက အသုံးဝင်ပါသည်။

စတီးသောက်ရေအိုးဖုံးနှင့် ရေခွက်တို့ကို ပြာနုဖြင့် တိုက်ပေးပါက ပြောင်လက်လာပါသည်။ ရေချိုး ပါးပါးကပ်နေလျှင်လည်း ထပ်ကာထပ်ကာ ပွတ်တိုက်ပေးခြင်းဖြင့် ပြောင်သွားပါသည်။

ရေချိုး(ချေး) ထူလျှင် သံပရာသီးနှင့် နာနာပွတ်တိုက်ပေးပြီးမှ ပြာနှင့်တိုက်ပါ။ စတီးအသုံးအဆောင်သာ မဟုတ် ကြွေပန်းကန် ခွက်ယောက်များကိုလည်း ပြာဖြင့် တိုက်ပေးပါက ပြောင်လက်ပါသည်။

လက်ဖက်ရည်ဆီများ ကပ်နေသော ကြွေပန်းကန်လုံးများကိုလည်း ပြာနုဖြင့် ခပ်ဖိဖိလေး တိုက်ချွတ်ပေးပါက ပြောင်သွားပါသည်။

တည်စ ရေနွေးအိုးရှိ ရေချိုးများကိုလည်း ပြာဖြင့် နာနာပွတ်တိုက်ပေးပါက ရေချိုးပြောင်ပါသည်။ လက်ကို ပြာရည်လောင်မည် ထင်ပါက အုန်းဆန်ကို ပြာနှင့်ရောပြီး ပွတ်တိုက်ပေးပါ။ ရေချိုးထူလျှင်တော့ မရပါ။

ဆီထည့်ထားသည့်အိုး ဆီချေးတက်နေလျှင် ပြာခပ်ထူထူထည့်ပြီး ပွတ်တိုက်ပေးပါ။ အုန်းဆန်နှင့်ပြာ ရောပြီး တိုက်ပေးပါက ဆီချေးတွေ အလိပ်လိုက်ပါလာပါမည်။ ထပ်ကာထပ်ကာ ပွတ်တိုက်ပေးခြင်းဖြင့် ဆီချေးများ ပြောင်သွားပါမည်။

ကြေးဘုရားပန်းအိုးများကို ပြာနှင့်ပွတ်တိုက်ပေးပါ။ ပန်းအိုးမှာ ရေစက်ကြောင့် အကွက်ဖြစ်နေသည့်နေရာများကို ပြာထူထူဖြင့် ဖိ၍ ပွတ်တိုက်ပေးပါ။ ပြောင်လက်သွားပါမည်။

လက်နီး၊ လက်သုတ်ပဝါတို့ကို ပြာအရည်ကြည်တွင် စိမ်ထားပြီး လျှော်ဖွပ်ပါက စေးထန်ခြင်းမရှိဘဲ သန့်စင်သွားပါသည်။ ပြာရည်တွင် ဆပ်ပြာဓာတ်ပါသည်ဟု ထင်ပါသည်။ ဆပ်ပြာဖြင့် လျှော်သကဲ့သို့ သန့်စင်ပါသည်။

သံပရာချဥ် သံပရာသနပ် ပြုလုပ်မည်ဆိုပါက လိုအပ်သော သံပရာသီးများကို ပြာရည်ကြည်တွင် နာရီဝက်ခန့် စိမ်ထားပြီး လိုရာပြုလုပ်ပါက သံပရာသီးမခါးဘဲ စားကောင်းကြောင်းတွေ့ရပါမည်။

အိမ်ခြံနံရံများ ခြတက်ပါက ပြာများ ပတ်လည်ဖျန်းပေးခြင်းဖြင့် ခြရန်မှ ကာကွယ်နိုင်ပါသည်။ ပြာရည်ဖျော်ပြီး ထုံးသုတ်သကဲ့သို့ ခြံဝင်းနံရံမှာ သုတ်လိမ်း ထားပါက ခြမတက်ဘဲ ပြာရောင်ဖြင့် ပဏာရပါသည်။

သဘော်ပင်၊ ရှားစောင်းလက်ပပ်ပင်တို့ကို ပြာပုံပေးခြင်းဖြင့် အပင်သန်စွမ်းစေပါသည်။ တချို့အပင်ဖျက်ပိုးများကို ပြာဖြူးပေးခြင်းဖြင့် ပိုးကင်းသွားကြောင်းလည်း တွေ့ရပါသည်။

တချို့ ရေအိမ်တွင် ပြာမှုန့်ဖြူးပေးခြင်းဖြင့် အနံ့အသက်ကင်းစေပါသည်။

အညာဒေသမှ အိမ်သုံးရန် စွန်တာနီ ပဲကြီး စသည့် ပဲများ ပိုးမဖောက်ရန် ပြာခံပြီး စဥ့်အိုးတွင် ထည့်ထားတတ်ကြပါသည်။ အသုံးပြုလိုသည့်အခါ လိုသလောက်ယူ ရေဆေးပြီး ပြုတ်၍ဖြစ်စေ၊ ဖောက်၍ဖြစ်စေ ပြုလုပ်၍ စားသုံးကြပါသည်။

ပြာ အသုံးဝင်ပုံကို ကျွန်မ သိသမျှ ဖော်ပြလိုက်ပါသည်။ ဒီထက်မက ပြာ အသုံးဝင်မှု ရှိသေးပါလျှင် ဖော်ပြပေးကြပါရန်။

မြင့်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အောင်စည်တိုင်းရင်းဆေးခန်း

# ဆရာ ဦးကျော်လှိုင်ဦး

(တဆ-၀၀၃၃၇)နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော

# ဆီးချို သွေးချို ရောဂါ

သိကောင်းစရာများနှင့် ကုထုံး

မြောင်းမြ မောင်ယဉ်တင့်



▲ ဆရာ ဦးကျော်လှိုင်ဦး(တဆ-၀၀၃၃၇)

ကမ္ဘာပေါ်မှာ ဆီးချိုသွေးချို ရောဂါ ရှိသူပေါင်း (၂၄၆)သန်းရှိပြီး နှစ်စဉ် လူဦးရေ (၃ ဒသမ ၂ သန်း)ခန့်ဟာ ဆီးချိုသွေးချိုရောဂါကြောင့် ဒါမှ မဟုတ် ဆီးချိုသွေးချိုရောဂါနဲ့ ဆက်စပ် နေတဲ့ အကြောင်းရင်းတွေကြောင့် သေဆုံးကြတယ်လို့ ခန့်မှန်းကြပါ တယ်။

နှလုံးရောဂါ၊ သွေးတိုးရောဂါနဲ့ ဆီးချိုသွေးချိုရောဂါတွေက အဓိက အသံတိတ် လူသတ်ရောဂါတွေ ဖြစ်ကြ ပါတယ်။ ကျန်းမာရေးကို အသံတိတ် ထိခိုက်စေတဲ့ အကြောင်းအချက်တွေ ထဲမှာ ဆီးချိုရောဂါဟာ တတိယနေရာ မှာ ပါဝင်နေပါတယ်။

ဒါကြောင့် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၇၈/က)၊ (၄)လမ်း၊ (၁၅) ရပ်ကွက်ကို ရောက်တဲ့အခါ အဲဒီ အသံ တိတ် လူသတ်ရောဂါ တစ်မျိုးဖြစ်တဲ့ ဆီးချိုသွေးချိုရောဂါ သိကောင်းစရာ များနဲ့ ကုထုံးကို ဆွေးနွေးဖို့ ဆရာ ဦးကျော်လှိုင်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

ဆရာ ဦးကျော်လှိုင်ဦးဟာ ဆင်ဖြူ ကျွန်းကျော်လှိုင်ဦး ကလောင်အမည်နဲ့ တိုင်းရင်းဆေး ဆောင်းပါးတွေ၊ ဘာသာရေးဆောင်းပါးတွေ၊ ထင်ရှား သော ဆရာတော်ကြီးများရဲ့ အတ္ထုပ္ပတ္တိ လုံးချင်းစာအုပ်တွေ တည်းဖြတ် ထုတ် ဝေ ရေးသားနေတဲ့ စာရေးဆရာတစ်ဦး လဲ ဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၄၀)ခန့်ရှိနေတဲ့ ဆရာဦးကျော်လှိုင်ဦးနဲ့ တွေ့ဆုံ ဆွေး နွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြ လိုက်ပါတယ်။

▲ 'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးချင်တာ ကတော့ ဆီးချိုသွေးချိုရောဂါအကြောင်း ကို ဆွေးနွေးချင်ပါတယ်။ ခု ပထမ ဆီးချိုရောဂါရဲ့ သဘောတရားကို တိုင်းရင်းဆေးပညာအမြင်နဲ့ ပြောပြပေးပါ ဆရာ'

◯ 'ဆီးချိုသွေးချိုရောဂါဟာ ဆီးထဲမှာ သကြားဓာတ် ပါဝင်လာမှုကြောင့် ဆီး သွားပြီးတဲ့အခါ အဲဒီဆီးကို ပုရွက်ဆိတ် တက်လောက်အောင် ချိုတဲ့ ရောဂါဖြစ် လို့ ဆီးချိုရောဂါလို့ ခေါ်ကြတာ ဖြစ်ပါ တယ်။ ဆီးချိုရတာဟာ သွေးထဲမှာ သကြားဓာတ်များပြီး ကျောက်ကပ်က မစစ်ထုတ်နိုင်တော့လို့ လျှံကျတာမှ



www.burmeseclassic.com

www.burmeseclassic.com

ဆီးမှာ ချိုလာရတာ ဖြစ်ပါတယ်။

ရှေးက တိုင်းရင်းဆေးသမားတော်များက ဆီးကို ချက်ပြီး ကြံရည်ဆီး (သို့မဟုတ်) သကြားဆီး(ဥစ္စုမေဟ)၊ ပျားရည်ဆီး(မဓုမေဟ)လို့ ခေါ်ကြပါတယ်။ ဆီးချိုရောဂါဟာ ပမေဟခေါ်တဲ့ ဆီးပျက်ရောဂါ(၂၀)ထဲမှာ အပါအဝင် ဖြစ်ပါတယ်'

**▲'ဆီးချိုရောဂါဖြစ်ရတဲ့ အကြောင်းရင်းကို ပြောပြပေးပါ ဆရာ'**

○'ဆီးချိုရောဂါဖြစ်ရတဲ့ အကြောင်းရင်းကတော့ မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာနည်းအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါးအနက် ကံသမုဋ္ဌာန်၊ အာဟာရသမုဋ္ဌာန်နှစ်ပါးကြောင့် ဆီးချိုရောဂါဖြစ်ရခြင်းပဲ ဖြစ်ပါတယ်။

ကံသမုဋ္ဌာန်ကြောင့်ဖြစ်တဲ့ ဆီးချိုရောဂါအကြောင်းကို ပြောရရင် ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊ အအိပ်အနေများခြင်း၊ အထိုင်များခြင်း စတဲ့ အကြောင်းအချက်တွေကြောင့် ဆီးချိုရောဂါဖြစ်ရခြင်းပဲ ဖြစ်ပါတယ်။

အာဟာရသမုဋ္ဌာန်ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါအကြောင်းကို ပြောရရင် ချိုလွန်းသော အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်း၊ အဆီအအိမ့်များသော အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်းကြောင့် ဆီးချိုရောဂါ ဖြစ်လာရခြင်းပဲ ဖြစ်ပါတယ်။

အချိုအဆိမ့်နဲ့ အဆီအစေးများတဲ့ အစာအာဟာရတွေ လွန်ကဲစွာစားသောက်ခြင်းကြောင့် ပထဝီဓာတ်နဲ့ အာပေါဓာတ်နှစ်ပါး လွန်ကဲလာပါတယ်။ ရသဓာတ်၊ အသားဓာတ် စသဖြင့် သရီရဓာတ် ခုနစ်ပါးအဆင့်ဆင့်မှာလဲ ဝမ်းမီးနဲ့ ဓာတ်မီးတို့ အားနည်းကာ (မန္ဒဝမ်းမီး)ဖြစ်ပြီး အချိုဓာတ်ကို မကြေကျက်နိုင်တဲ့ အတွက် ခန္ဓာကိုယ်ရဲ့ အသွေး၊ အသား၊ ဆီး၊ ချွေးတို့မှာ ချိုလာရတာ ဖြစ်ပါတယ်။

သိပ္ပံဆေးပညာအမြင်အရ ဆီးချို၊ သွေးချိုရောဂါ ဖြစ်လာရခြင်းဟာ အင်ဆူလင်ဟိုမုန်းချို့တဲ့ခြင်း ဒါမှမဟုတ် အင်ဆူလင်ရဲ့ အာနိသင် အကျိုးသက်ရောက်မှုနည်းခြင်းကြောင့် ဖြစ်ရတာပါ။ အင်ဆူလင်ဟိုမုန်းကို ပန်ကရိယ (Pancreas)က ထုတ်လုပ်ပါတယ်။

ဆီးချို၊ သွေးချို ရောဂါနှစ်မျိုး ရှိပါတယ်။ တစ်မျိုးကတော့ သွေးထဲမှာ သကြားဓာတ် အလွန်များနေတာကို ခြေဖျက်ပေးမယ့် အင်ဆူလင်ဟိုမုန်းက လုံးဝမထွက်လို့ ဖြစ်ရတာပါ။ အသက်ရှင်ဖို့အတွက် ပြင်ပက အင်ဆူလင်ကို လုံးဝ မှီခိုနေရပါတယ်။

အဲဒီ ဆီးချိုသွေးချိုရောဂါကို (Insulim Dependent Diabetes Mellitus-IDDM)လို့ ခေါ်ပါတယ်။ လူငယ် လူလတ်ပိုင်းတွေ အဖြစ်များပါတယ်။ ဖြစ်ပွားသူ (၁၀၀)မှာ (၅)ယောက်ကနေ (၁၀)ယောက်လောက်ထိ ဖြစ်တတ်ပါတယ်။

နောက်တစ်မျိုးကတော့ သွေးထဲမှာ သကြားဓာတ်တွေ များပြားနေခြင်းဟာ ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်က ထွက်တော့ ထွက်တယ် ဒါပေမယ့် နည်းနေလို့ ဒါမှမဟုတ် ထွက်တဲ့ အင်ဆူလင်ရဲ့ အာနိသင်က နည်းနေလို့ ဖြစ်ရတာပါ။ လူကြီးပိုင်းတွေ အဖြစ်များပြီး ဖြစ်ပွားသူ (၁၀၀)မှာ (၉၀)လောက်ထိ ဖြစ်ပွားတတ်ပါတယ်'

**▲'ဆီးချိုရောဂါဘယ်နှစ်မျိုးရှိပါလဲ ဆရာ သိပါရစေ'**

○'ဆီးချိုရောဂါ ဘယ်နှစ်မျိုးရှိသလဲ ဆိုရင်...

(၁)**သဟာဇ**= မိဘ (သို့မဟုတ်) ဘိုးဘွားတို့ထံမှတစ်ဆင့် အမွေဆက်ခံရရှိခြင်း။

(၂)**ပစ္စုပ္ပန္န**=အသက်ကြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် ရောဂါရခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိတာ တွေ့ရပါတယ်။

မည်သည့်ဆီးချိုရောဂါမဆို အတိမ်အနက်၊ အနုအရင့်ဟူ၍ (၃)မျိုးရှိပြီး ဖြစ်ကြောင်း အာယုဗ္ဗေဒကျမ်းများက ပြဆိုထားပါတယ်။

(၁)**ဒေါသပျက် ဆီးချိုရောဂါကတော့** ကုသဖို့ လွယ်ကူပါတယ်။ ပမေဟ ခေါ်တဲ့ ဆီးပျက်ရောဂါ(၂၀)အနက် တစ်မျိုးမျိုးဖြစ်ပြီး နောက်ဖြစ်ပေါ်လာရတဲ့ ဆီးချိုရောဂါ ဖြစ်ပါတယ်။

(၂)**ဓာတ်တိုး ဆီးချိုရောဂါဆိုတာကတော့** ထို့ထက် နက်နဲပြီး ကုသဖို့ ခက်ခဲပါတယ်။

(၃)**ဓာတုက္ခယ**–ဓာတ်ကုန်ခန်းသော ဆီးချိုကတော့ အနက်ဆုံး၊ အရင့်ဆုံး၊ ကုသရ အခက်ဆုံး ဖြစ်ပါတယ်'

**▲'ဆီးချိုသွေးချိုဖြစ်တော့မယ့် ရှေ့ပြေးလက္ခဏာများကို သိပါရစေ ဆရာ'**

○'ဆီးချိုသွေးချိုရောဂါ ဖြစ်တော့မယ့် ရှေ့ပြေးလက္ခဏာတွေကတော့...

(၁) သွား၊ မျက်စိ၊ လည်ပင်း၊ နား၊ အာ၊ လျှာတို့သည် ညစ်နွမ်းခြင်း၊ အညစ်အကြေးတင်ခြင်း။

(၂) လက်၊ ခြေ ပူခြင်း။

(၃) ခန္ဓာကိုယ်၌ စေးထိုင်းခြင်း။

(၄) ရေငတ်ခြင်း၊ အာခြောက်ခြင်း။

(၅) ခံတွင်းအရသာချိုခြင်း။

(၆) ကျင်ငယ်များခြင်း၊ အပြင်များခြင်း။

(၇) ကျင်ငယ်အရောင်အဆင်း အ





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲခြင်း၊ ဆီး၌ အမြှုပ်ထခြင်း၊ ဆီးထဲ၌ တစ်စုံတစ်ရာ ပါလာခြင်း၊
(၈) ချွေးထွက်များခြင်း၊
(၉) ကိုယ်နံ့ အထွက်ဆိုးခြင်း၊
(၁၀) ကိုယ်အင်္ဂါကြီးငယ် လျော့ပါးခြင်း(အားနည်းခြင်း)၊
(၁၁) အိပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း နေလိုခြင်း၊
(၁၂) နှလုံးဝန်းကျင်၌ အညစ်အကြေးတင်ခြင်း၊
(၁၃) ခန္ဓာကိုယ် ဝဖြိုးလာခြင်း၊
(၁၄) ဆံပင်နှင့် ခြေသည်းလက်သည်းများ ကြီးမားလာခြင်း၊
(၁၅) အေးသော အစားအစာ၊ အေးသော အတွေ့အထိတို့ကို ပို၍နှစ်သက်လာခြင်း စတဲ့ လက္ခဏာများဟာ ဆီးချိုသွေးချိုရောဂါရဲ့ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါတယ်'



▲**'ဆီးချိုသွေးချိုရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○'ဆီးချိုသွေးချိုရောဂါရဲ့ ဖြစ်ဆဲလက္ခဏာတွေကတော့...

၁။ ဆီးမကြာခဏသွားခြင်း၊ ဆီးသွားများခြင်း၊
၂။ ရေ အလွန်ငတ်ခြင်း၊
၃။ ကိုယ်အလေးချိန် ရုတ်တရက်ကျဆင်းသွားခြင်း
၄။ အားအင် ကုန်ခန်းခြင်း၊ မူးဝေမောဟိုက်ခြင်း၊
၅။ အနာပေါက်ခြင်း၊ အနာပေါက်လျှင်၊ ထိခိုက်ရှနာဖြစ်လျှင် ပျောက်ခဲကျက်ခဲခြင်း၊
၆။ ခန္ဓာကိုယ် ယားယံခြင်း၊ အထူးသဖြင့် ကျား/မလိင်အင်္ဂါတစ်ဝိုက် ယားယံခြင်း၊
၇။ ဖက်ကြော၊ ကုပ်ကြောတက် ညောင်းညာကိုက်ခဲခြင်း၊
၈။ အစားအစာ စားသော်လည်း အာဟာရ မဖြစ်ခြင်း၊
၉။ ခြေလက်ထုံကျဉ်ခြင်း၊ ခြေဖဝါး ပူခြင်း၊ ထိုးခြင်း၊
၁၀။ မျက်စိမှုန်ခြင်း၊ အမြင်အာရုံ ဝေဝါးခြင်း၊
၁၁။ အရေပြား၌ အဖုအပိမ့် အနီစက်များထွက်ခြင်း၊
၁၂။ အာရုံကြော အားနည်းခြင်း၊
၁၃။ ပန်းသေပန်းညှိုး ဖြစ်ခြင်းစတဲ့ လက္ခဏာတွေဟာ ဆီးချိုသွေးချိုရောဂါရဲ့ ဖြစ်ဆဲလက္ခဏာတွေ ဖြစ်ပါတယ်'

▲**'ဆီးချိုသွေးချိုရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○'ဆီးချိုသွေးချိုရောဂါကို မြန်မာ့တိုင်းရင်းဆေးနဲ့ ကုသတဲ့အခါ အာဟာရနဲ့ ကုသခြင်းနဲ့ ဆေးဝါးတွဲ၍ ကုသခြင်းတို့ဖြင့် ကုသပေးရပါတယ်။ ဆီးချို သွေးချိုရောဂါဟာ အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်တဲ့ ရောဂါ မဟုတ်တဲ့အတွက် ရောဂါရှင်နဲ့ ညှိနှိုင်းကုသမှသာ ဆီးချိုရောဂါကျအောင် ကုသပေးနိုင်မှာ ဖြစ်ပါတယ်။

ဆီးချိုရောဂါကို ကုသတဲ့အခါ ရောဂါရှင်ဟာ အပူ(ဥဏှတေဇော)ကြောင့် ဆီးချိုရောဂါ ဖြစ်တာလား၊ အအေး(သီတတေဇော)ကြောင့် ဆီးချိုရောဂါ ဖြစ်နေတာလား ဆိုတာ သေသေချာချာ ဆန်းစစ်လေ့လာရပါတယ်။

အပူနာ(ဥဏှတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါဆိုရင် အချိုများတဲ့ အစားအစာ၊ အဆီများတဲ့အစားအစာ အပူစာမှန်သမျှ ရှောင်ကြဉ်စေပါတယ်။ အေးတဲ့ချဉ်စာ၊ အေးခါးအစားအစာတွေကို စားသောက်စေပြီး အေးခါးဆေးများနဲ့ တိုက်ကျွေးကုသရပါတယ်။

အအေးနာ (သီတတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါဆိုရင် အချိုများတဲ့ အစာ၊ အဆီများတဲ့အစာ၊ အအေးစာ မှန်သမျှ ရှောင်ကြဉ်စေပြီး ပူ၊ ခါး၊ စပ်တဲ့ အစားအစာ၊ ပူ ခါးတဲ့ဆေးများနဲ့ တိုက်ကျွေးကုသရပါတယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင် အပူ(ဥဏှတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါရှင်ကို မနက်သောက်ဆေးအဖြစ် မနက်(၈)နာရီခန့်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၅)သည်းခြေဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေအေး (သို့မဟုတ်) ကြက်ဟင်းခါးညွှန့်ပြုတ်ရည်နဲ့ တိုက်ကျွေးရပါတယ်။

နေ့လယ်ချိန်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေးကြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ကြက်ဟင်းခါးညွှန့်ပြုတ်ရည် (သို့မဟုတ်) ကန့်ကလာပြုတ်ရည်နဲ့ တိုက်ကျွေးရပါတယ်။ ဆီးချုပ်၊ ဆီးနည်းရင် ဆေးအမှတ်(၂၁) ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေအေးနဲ့ ညအိပ်ရာဝင်ချိန်မှာ တိုက်ကျွေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းချုပ်ရင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) ဆီးဒူလာဆေးနဲ့ အမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို ဆတူ ရောစပ်ပြီး ဆေး လက်ဖက်ရည် ဇွန်း တစ်ဇွန်းမောက်မောက်ကို ရေအေး နဲ့ ညအိပ်ရာဝင်ချိန်မှာ တိုက်ကျွေး ရပါတယ်။

အအေး (သီတတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါရှင်ကို မနက်ဆေး အဖြစ် မနက်(၈)နာရီခန့်မှာ တိုင်းရင်း ဆေးခန်းသုံး ဆေးအမှတ်(၁၇) သွေး ဆေးနီကြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်း ခန့် ရေနွေးပူပူနဲ့ ဖြစ်စေ၊ တမာခေါက် ပြုတ်ရည်နဲ့ ဖြစ်စေ တိုက်ရပါမယ်။

နေ့လယ်ချိန်မှာ တိုင်းရင်းဆေးခန်း သုံး ဆေးအမှတ်(၂၇)ပြည်လုံးချမ်းသာ ဆေးကြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်း ခန့်ကို ရေနွေးပူပူ (သို့မဟုတ်) တမာ ရွက် ပြုတ်ရည်နဲ့ တိုက်ရပါမယ်။

ဝမ်းချုပ်ရင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) ဆီးဒူလာဆေးနဲ့ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေး ကို ဆတူရောစပ်ပြီး ဆေးလက်ဖက် ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနဲ့ ည အိပ်ရာဝင်ချိန်မှာ တိုက်ရပါမယ်။

သင့်လျော်တဲ့ အစားအစာ၊ ဓာတ်စာ ဆေးများနဲ့ တိုက်ကျွေး ကုသသွားရင် ဆီးချိုသွေးချိုရောဂါဟာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားမှာ ဖြစ်ပါ တယ်'

**▲'ဆီးချိုသွေးချို ရောဂါရှင်များအတွက် ရှောင်ကြဉ်ရမယ့် အစားအစာတွေနဲ့ စားသောက်ရမယ့် အစားအစာတွေကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○'ဆီးချိုသွေးချို ရောဂါရှင်များအနေ နဲ့ ရှောင်ကြဉ်ရမယ့် အစားအစာ၊ စား သောက်ရမယ့် အစားအစာတွေကို ပြောရရင် အပူ(ဥဏှတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါရှင်နဲ့ အအေး (သီတတေဇော)ကြောင့်ဖြစ်တဲ့ ရောဂါ ရှင်တွေအတွက် နှစ်မျိုးခွဲပြီး ပြောရမှာ ဖြစ်ပါတယ်။

အပူ(ဥဏှတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုရောဂါရှင်များ ရှောင်ကြဉ်ရမယ့် အစားအစာတွေကတော့ ကြက်သား၊ ဆိတ်သား၊ အမဲသား(နွားသား)၊ ငါး သလောက်၊ ကဘီလူး၊ ငါးပုတ်သင် စတဲ့ သားငါးများနဲ့ နွားနို့၊ ဆိတ်နို့၊ အုန်းနို့၊ ထောပတ်၊ ထန်းလျက်၊ ပျား ရည်၊ အုန်းထမင်း၊ ဒံပေါက်ထမင်း၊ ထောပတ်ထမင်း၊ ကောက်ညှင်း စတဲ့ အဆီအဆေးများသော အစားအစာ များ။

ရခိုင်မုန့်တီ၊ ချင်းသုပ်၊ မုန့်ဟင်းခါး၊ မြေပဲ၊ နှမ်း၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ကုလားပဲ၊ ခွေးတောက်ရွက်၊ ကြောင် လျှာသီး၊ ကြောင်လျှာရွက်၊ ဖန်ခါးသီး၊ မဲဇလီရွက်၊ မဲဇလီဖူး၊ ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီး၊ ပေါက်ပန်းဖြူ၊ ဆိတ်ဖူး၊ လင်းနေ၊ ရွှေဖရုံသီး၊ တမာရွက်၊ ခရမ်း ချိုသီး၊ ခရမ်းခါးသီး၊ ငရုတ်သီး၊ ငရုတ် ကောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ စပါးလင်၊ မို့၊ မှျစ်တို့ကို ရှောင် ကြဉ်ရမှာ ဖြစ်ပါတယ်။

**အပူ(ဥဏှတေဇော)ကြောင့် ဖြစ် တဲ့ ဆီးချို,သွေးချိုရောဂါရှင်များ** စားသောက်ရမယ့် အစားအစာတွေ ကတော့ ဘဲသား၊ ဝက်သားအသား၊ ငါးရံ့၊ ငါးခူ၊ ငါးပတ်၊ ကကတစ်၊ ငါးပုလွေတို့ကို ချက်ပြုတ်စားသောက် ပြီး ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါး ညွန့်၊ ကန့်ကလာခါး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဂေါ်ဖီပန်း၊ ဂေါ်ဖီ၊ ခရမ်း ချဉ်သီး၊ ပဲပင်ပေါက်၊ ပဲတောင့်ရှည်။

ဘူးသီး၊ ဘူးညွန့်၊ ဟင်းနုနယ်၊ မုန်လာရွက်၊ မုန်လာဥ၊ အာလူး၊ ဆီး ဖြူသီး၊ ရှောက်သီး၊ သံပရာသီး၊ မန်ကျည်းသီး၊ သရက်သီးစိမ်း၊ မရန်း သီး၊ ကင်ပွန်းရွက်၊ ကျောက်ဖရုံသီး၊ သခွားသီးတို့ကို နှစ်သက်သလို ချက် ပြုတ် စားသောက်ရပါတယ်။

အထူးသဖြင့် လက်ဖက်သုပ်ချဉ်ချဉ် ငန်ငန်၊ ကြက်ဟင်းခါးသီး၊ ကြက်ဟင်း ခါးညွန့်၊ ကန့်ကလာခါးတို့ကို များများ စားသုံးပေးရပါမယ်။

အအေး (သီတတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုသွေးချိုရောဂါရှင်များ ရှောင်ကြဉ်ရမယ့် အစားအစာတွေက တော့ အမဲသား၊ ဝက်သား၊ ဘဲသား၊ ငါးရံ့၊ ငါးခူ၊ ငါးပတ်၊ ငါးမြွေထိုး၊ ငါးရှဉ့်၊ အဆီများသောငါးများ၊ အုန်း ထမင်း၊ ဒံပေါက်ထမင်း။

ထောပတ်ထမင်း၊ ထန်းလျက် ပျားရည်၊ သကြား၊ ကျွဲကောသီး၊ နာနတ်သီး၊ ပန်းသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ဖရဲသီး၊ ခရမ်း ချဉ်သီး၊ သခွားသီး၊ ဆီးဖြူသီး၊ မုန်လာဥ၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ အာလူး၊ ပြောင်းဖူး၊ ခဝဲသီး၊ ကြက်ဟင်း ခါးသီး၊ ကြက်ဟင်းခါးညွန့်တို့ကို ရှောင်ကြဉ်ဖို့ လိုပါတယ်။

အအေး (သီတတေဇော)ကြောင့် ဖြစ်တဲ့ ဆီးချိုသွေးချိုရောဂါရှင်များ စားသောက်ရမယ့် အစားအစာတွေ ကတော့ ကြက်သား၊ ဆိတ်သား၊ ကကတစ်၊ ကဘီလူး၊ အကြေးရှိသော ပင်လယ်ငါး၊ ပုစွန်တို့ကို ချက်ပြုတ်စား သောက်ပြီး နနွင်းခါး၊ နနွင်းဖူး၊ ဆိတ် ဖူး၊ လင်းနေ၊ ခရမ်းချိုသီး၊ ခရမ်းခါး သီး။

ရွှေဖရုံသီး၊ ဒန့်သလွန်သီး၊ ဒန့်သလွန် ရွက်၊ တမာရွက်၊ ရှောက်ရွက်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရွက်၊ ရင်းပြားရွက်၊ ကြောင်လျှာသီး၊ ကြောင်လျှာရွက်၊ ခွေးတောက်ရွက်၊ ရဲယိုရွက်တို့ကို နှစ်သက်သလို ချက်ပြုတ်စားသောက်နိုင်ပါတယ်။ ရခိုင်မုန့်တီ၊ မုန့်ဟင်းခါးနဲ့ ချင်းသုပ်တို့ကိုလဲ စားသောက်နိုင်ပါတယ်'

▲'ဆီးချိုသွေးချိုရောဂါရှင်များ ဖြစ်တတ်တဲ့ နောက်ဆက်တွဲရောဂါများကိုလဲ သိပါရစေ ဆရာ'

○'ဆီးချိုသွေးချို ရောဂါရှင်များ နောက်ဆက်တွဲ ဆင့်ပွားဖြစ်တတ်တဲ့ ရောဂါတွေကတော့ ဆီးချိုသွေးချိုကြောင့် သွေးကြောဆိုင်ရာရောဂါတွေ၊ အာရုံကြောဆိုင်ရာရောဂါတွေနဲ့ အခြားရောဂါမျိုးစုံဖြစ်ဖို့ အခွင့်အလမ်း များပါတယ်။

ဆီးချိုသွေးချိုကြောင့် ခန္ဓာကိုယ်တွင်း မကောင်းတဲ့အဆီဓာတ် (Cholestrol)တွေ များလာပြီး သွေးကြောတွေ မာလာ၊ ကျဉ်းလာတတ်ပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံး သွေးကြောပိတ်ရောဂါ၊ လေငန်းလေဖြတ်ရောဂါ၊ လေသင်တုန်းရောဂါတွေ ဖြစ်လာတတ်ပါတယ်။

ဆီးချိုရောဂါရှိတဲ့သူဟာ သာမန်လူတွေထက် သွေးတိုးရောဂါ ဖြစ်နိုင်ခြေ ပိုရှိပါတယ်။ သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောပိတ်၊ ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်နိုင်ပါတယ်။ သွေးတိုးရောဂါကြောင့် နှလုံးကို ထိခိုက်ပြီး ကျောက်ကပ်ကိုလဲ ထိခိုက်နိုင်ပါတယ်။

ဆီးချိုရောဂါကြောင့် မျက်စိသွေးကြောတွေ ခဏခဏပေါက်တာ၊ မျက်စိ အမြင်လွှာထိခိုက်ပြီး မျက်စိလုံးဝကွယ်တဲ့အထိ ဖြစ်တတ်ပါတယ်။ ခြေထောက်ပိုင်း၊ အာရုံကြောတွေ၊ သွေးကြောတွေ ထိခိုက်ပြီး ခြေချောင်း



ကလေးတွေ ဖြတ်ရတတ်ပါတယ်။ ခြေထောက်တစ်ဖက်လုံး ဖြတ်ရတဲ့ အထိလဲ ဖြစ်တတ်ပါတယ်။

ဆီးချိုရောဂါကြောင့် အမျိုးသားများ အကြောက်ဆုံးဖြစ်တဲ့ ပန်းသေရောဂါ ဖြစ်တဲ့ ပန်းသေပန်းညှိုးရောဂါဟာ ကုသရခက်ပါတယ်။ ဆီးချိုရောဂါကြောင့် ကူးစက်ရောဂါအမျိုးမျိုးတွေ၊ အနာအမျိုးမျိုး၊ အဆုတ်နာ၊ ထုံကျဉ်နာ၊ ဓာတ်ကုန်ခန်းနာများ ဆင့်ပွားဖြစ်လာတတ်ပါတယ်'

▲'ဆီးချိုသွေးချို ရောဂါရှင်များအတွက် ဆီးချိုသွေးချိုကုဆေးနည်းကို ပညာဒါန ပြုပေးပါဦး ဆရာ'

○'ဆီးချိုသွေးချို ရောဂါရှင်များအတွက် လွယ်ကူပြီး အစွမ်းထက်တဲ့ ဆေးနည်းနှစ်မျိုး ပညာဒါနပြုပေးပါမယ်။

**ဆီးချိုသွေးချိုရောဂါသောက်ဆေး**

| | | |
|---|---|---|
| ၁။ | ဥနှံမြစ် | (၅) ကျပ်သား |
| ၂။ | ဂုဝါက် | (၅) ကျပ်သား |
| ၃။ | ဆင်တုံးမနွယ် | (၅) ကျပ်သား |
| ၄။ | နနွင်းခါး | (၁၅) ကျပ်သား |

*[ဆေး (၄)မျိုး၊ ဆေးချိန်(၃၀)ကျပ်သား]*

အထက်ပါဆေးများ အမှုန့်ပြု၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် နံနက်၊ ညနေ တစ်နေ့ (၂)ကြိမ် ရေနွေးနဲ့ သောက်ပါ။

**ဆီးချိုသွေးချိုကုဆေး**

| | | |
|---|---|---|
| ၁။ | နနွင်းခါး | (၅) ကျပ်သား |
| ၂။ | ကျောက်ဆေးဒန်း | (၅) ကျပ်သား |
| ၃။ | ဆားလှော် | (၅) ကျပ်သား |
| ၄။ | ကွမ်းရွက်ခြောက် | (၅) ကျပ်သား |

*[ဆေး (၄)မျိုး၊ ဆေးချိန်(၂၀)ကျပ်သားတိတိ]*

အထက်ပါဆေးများ အမှုန့်ပြုလုပ်ပြီး ရောစပ်ကာ ရွေးကြီးစေ့(ဆီးစေ့)ခန့် လုံးပါ။ ပထမတစ်လမှာ တစ်နေ့ (၃) လုံး၊ ဒုတိယတစ်လမှာ တစ်နေ့ (၄) လုံး သောက်ရပါမယ်။ နနွင်းမှုန့်၊ ဆီးဖြူသီးရည်နဲ့ သောက်ရင် ဆီးချိုသွေးချို ရောဂါသာမက၊ ဒူလာ၊ သွေးဝမ်း၊ ထုံကျဉ်၊ ကိုက်ခဲ၊ လိပ်ခေါင်း၊ ပန်းသေပန်းညှိုးရောဂါ၊ စားမဝင်၊ အိပ်မပျော်ရောဂါများ သက်သာပျောက်ကင်းပါစေနိုင်ပါတယ်'

▲'အခုလို ဆီးချိုသွေးချို ရောဂါရှင်များအတွက် သိကောင်းစရာများ၊ ကုထုံးဆေးချက်များနဲ့ ဆေးနည်းများကို ပညာဒါနပြုပေးတဲ့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ရဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောပါရစေ ဆရာ'

ဆရာဦးကျော်လှိုင်ဦးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာဦးကျော်လှိုင်ဦး**
**(တဆ-၀၀၃၁၇)(ဓ.ဘ.ဗ)**
**အောင်စည်တိုင်းရင်းဆေးခန်း**
အမှတ် (၁၇၈/က) (၄)လမ်း၊
(၁၅)ရပ်ကွက်၊ မြင်သာဈေးအနီး၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၆၉၄၀၁

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# ထွက်ရပ်စခန်း (၁၀)ဂါထာ

ဦးသီလာစာရ
(အလုံကျောင်း ဆရာတော်)

စ ဓ ဗ ဝ န မ င ထ လ ပ

ထွက်ရပ်စခန်း (၁၀)ဂါထာကို ၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်သည့် နေ့တစ်နေ့မှာ ရရှိခဲ့ပါသည်။ ၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်သည့် နေ့တစ်နေ့မှာ **မင်းဘူးမြို့၊ ရွှေနတ်တောင် ဆရာတော် ဦးဣန္ဒာစရိယ** (ရွှေစက်တော်ဘုရား ဩဝါဒါစရိယ)မှ ပဏ္ဍာသမဏအဖြစ် ရွှေစက်တော်ဘုရားသို့ လိုက်ခဲ့ပါရန် ခေါ်ဆောင်သဖြင့် လိုက်သွားခဲ့ခြင်း ဖြစ်ပါသည်။

ရွှေစက်တော်ဘုရား ရောက်သည့်အခါ ဘုရားများဖူးပြီး တောရဆောက်တည်နေသော ဆရာတော်ကြီးတစ်ပါး ရှိရာ ကျောင်းလေးသို့ သွားကြပါသည်။

ဆရာတော်ကြီးထံ ရောက်သည်တွင် ဆရာတော်နှစ်ပါးမှာ ဓာတ်ပစ္စည်းအကြောင်း ဆွေးနွေးနေကြပါသည်။ ယင်းဆရာတော်ကြီးမှာ ရှမ်းပြည်နယ်မှဖြစ်ပြီး နှစ်(၄၀)ကျော် တောကျောင်း၌သာ သီတင်းသုံးနေကြောင်း သိရပါသည်။

အထူးသဖြင့် ဆရာတော်ကြီးမှာ ဓာတ်လုံးကောင်းတစ်လုံး ရှိနေပါသည်။ သို့သော် ယင်းဓာတ်လုံး ဘယ်အထိ ခရီးရောက်နေပြီဆိုတာ သူကိုယ်တိုင် မသိခဲ့ပါကြောင်း၊ နေ့တစ်နေ့မှာ တောတွင်းဝိဇ္ဇာတစ်ယောက် ရောက်လာပြီး ရေဇလုံထဲကို ဓာတ်လုံးထည့်ပြီး ယှဉ်ပြိုင်ကြရာ သူ့ဓာတ်လုံးကလည်း မနိုင်၊



ကိုယ့်ဓာတ်လုံးကလည်း မနိုင် ဖြစ်နေကြောင်း၊ မျက်ဝါးထင်ထင် တွေ့မြင်ပြီး တောတွင်း ဝိဇ္ဇာကြီးကလည်း...

'အရှင်ဘုရား ဓာတ်လုံးကိစ္စ ပြီးပြီ'

ဟု ပြောသွားမှ အလွန်အံ့ဩပြီး မိမိ၏ ဓာတ်လုံးအစွမ်းသတ္တိကို သိရပါကြောင်း ပြောနေကြပါသည်။

ယင်းဓာတ်လုံး၏ လုပ်ထုံးလုပ်နည်းကို ဆရာတော်နှစ်ပါး ဆွေးနွေးပြောဆိုနေစဉ် ကျွန်ုပ် ကြားသိလိုက်ရသည်မှာ **ကျင်ရွှေ** (သို့မဟုတ်) **အခေါက်ရွှေ (၁)ကျပ်သား၊** ထန်းသားကန့် (၁၂)ကျပ်သား၊ ဆား(၁၂)ကျပ်သား၊ ယမ်းစိမ်း(၁၀)ကျပ်သား။ နံပါတ်ခြောက်လုံ(၁၂)လုံး ယူဆောင်ပြီး လာခဲ့ပါရန် ဆရာတော်ကြီးမှ မှာသည်ကို ကြားလိုက်ရပါသည်။

ကျွန်ုပ်ကလည်း ''ဆရာတော်ကြီး တပည့်တော်အား တစ်ခုခု ချီးမြှောက်ပေးပါရန်'' လျှောက်ထားသောအခါ ထွက်ရပ်စခန်းကို ရောက်နိုင်သည့် ဂါထာကို ပေးမည်ဟု ပြောပါသည်။

ဤဂါထာမှာ ရဟန်းတစ်ပါး အောက်ခြေတော်ရာ၌ တစ်ဝါတွင်း အဓိဋ္ဌာန်ဝင်နေစဉ် တောတွင်းဝိဇ္ဇာပုဂ္ဂိုလ်တစ်ယောက်မှ ပေးသွားသော ဂါထာဖြစ်ကြောင်း ဆရာတော်ကြီး အမိန့်ရှိပါသည်။

ထူးခြားသည်မှာ ယင်းဂါထာ ကူးယူနေစဉ် အလွန်ပြင်းထန်သော လေမုန်တိုင်းတစ်ခု အမှတ်တမဲ့ ကျရောက်လာ၍ ဆရာတော်ကြီးနှင့်တကွ အားလုံး အထဲဝင်ပြီး သက်န်းခြုံနေရပါသည်။ ဆရာတော်ကြီးပေးသော ထွက်ရပ်စခန်း (၁၀)ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စ ဓ ဗ ဝ န မ င ထ လ ပ

★ စကာရော စရိယာ တိသော၊
စရသီလော တထာဂတော၊
စရိတွာ သဗ္ဗဟိတတ္တံ၊
စတုပုဂ္ဂလေန ဌိတော။

★ ဓကာရော အဓိဋ္ဌာနဿ
အဓိဋ္ဌာယ တထာဂတော၊
ဓာရေတွာ ဗောဓိသမ္ဘာရေ၊
ဓမ္မဿ သဗ္ဗဓိ ပူရိတိ။

★ ဗကာရော စ ဗလံ ဥေ ယျံ၊
ဗလံသတ္တ ဝိဓံ ဘဝေ၊
ဗလံ သတ္တံ အရိယာဓနံ၊




www.burmeseclassic.com

www.burmeseclassic.com

ဗလံ ဝိဝိဓာတိ ဒသ။
★ ဝကာရံ ဝီရိယံ ဉေယျံ၊
ဝီရိယံ သဗ္ဗကာရကံ၊
ဝီရိယံ ပါရဂူ ဂဟေတွာ၊
ဝရဗောဓိ သဒေ လဘိ။
★ နကာရံ နိက္ခမံ ဉေယျံ၊
နိက္ခိ မိတွာ နရာဓိပေါ၊
နတ္ထိ တုလော သဒေဝေသု၊
နရော သဗ္ဗော ဘဝေ ဇိနော။
★ မကာရော မေတ္တာစိတ္တန္တိ၊
မေတ္တာ ဝုတ္တော တထာဂတော၊
မေတ္တော အနေန သဋ္ဌိတွာ၊
မဟာဇနာ ပမုဋ္ဌန္တိ။
★ ငကာရော ပဉ္စမက္ခရော၊
ငကာရော ဝဂ္ဂနာမကော၊
ငကာရော ပဉ္စကပ္ပေါစ၊
ငကာရော ဗုဒ္ဓ ပဉ္စမော။
★ ထကာရော ထိနမိဒ္ဓန္တိ၊
ထိန မိဒ္ဓံ မဟာဇနံ၊
ထိန မိဒ္ဓံ ပပ္ပေါတေတွာ၊
ထလာ ထိနမိ တာရယေ။
★ လကာရံ လက္ခဏံ ဉေယျံ၊
လက္ခဏံ စတုရက္ခနံ၊
လက္ခဏံ ဗုဒ္ဓနာ နဋ္ဌ၊
လက္ခိတဗ္ဗံ သိယာ ဇိနော။
★ ပကာရော ပညာဝန္တောသိ၊
ပညာဝါစာ မဟာဝီရော၊
ပညာပါရမီတိ ကတွာ၊
ပဒီပေါ စ ဝိရောစတေ။

အနက်

၁။ **စရိယာတိသော၊** စရိယာသုံးပါးတို့သည်။ **စကာရော၊** စအက္ခရာမည်၏။ **စရသီလော၊** စရိယသုံးပါးကို ကျင့်လေ့ရှိသော။ **တထာဂတော၊** မြတ်စွာဘုရားသည်။ **သဗ္ဗဟိတတ္ထံ၊** နတ်,လူ, ဗြဟ္မာအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ။ **စရိတွာ၊** ကျင့်တော်မူ၍။



**စတုပုဂ္ဂလေန၊** သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်လေးပါးဖြင့်။ **ဥိတော၊** တင့်တယ်စံပယ်တော်မူ၏။

၂။ **အဓိဋ္ဌာနာဒိ၊** အဓိဋ္ဌာန်ခြင်းစသည့်သည်။ **ဓကာရော၊** ဓ အက္ခရာ မည်၏။ **တထာဂတော၊** မြတ်စွာဘုရားသည်။ **အဓိဋ္ဌာယ၊** အဓိဋ္ဌာန်ဖြင့်။ **ဗောဓိသမ္ဘာရေ၊** အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်၏ အဆောက်အအုံတို့ကို။ **ဓာရေတွာ၊** ဆောင်၍။ **ဓမ္မသာ၊** တရားတော်၏။ **သဗ္ဗမိ၊** အားလုံးသော ကိလေသူပမိစသည်မှ။ **မုစ္စတိ၊** လွတ်တော်မူ၏။

၃။ **ဗကာရောစ၊** ဗအက္ခရာသည်ကား။ **ဗလံ၊** အားတော်ကို။ **ဉေယျံ၊** သိအပ်၏။ **ဗလံ၊** အားသည်။ **သတ္တဝိဓံ၊** ခုနစ်ပါးအပြားရှိသည်။ **ဘဝေ၊** ဖြစ်၏။ **ဗလံသတ္တံ၊** အားခုနစ်ပါးသည်။ **အရိယာဓနံ၊** အရိယာဥစ္စာမည်၏။ **ဗလံ၊** အားတော်သည်။ **ဝိဝိဓာတိ၊** အထူးထူးအပြားပြား ရှိသောကြောင့်။ **ဒသ၊** ဆယ်ပါးအပြားရှိကုန်၏။

၄။ **ဝီရိယံ၊** ဝီရိယကို။ **ဝကာရံ၊** ဝ အက္ခရာဟူ၍။ **ဉေယျံ၊** သိအပ်၏။ **ဝီရိယံ၊** ဝီရိယသည်။ **သဗ္ဗကာရကံ၊** ဘုရားဖြစ်ကြောင်း အားလုံးသော ပါရမီဆယ်ပါးကို ပြုလုပ်အားထုတ်တတ်၏။ **ဝီရိယံ၊** ဝီရိယကို။ **ပါရဂူ၊** ကမ်းတစ်ဖက်ရောက်အောင်။ **ဂဟေတွာ၊** ယူ၍။ **ဝရဗောဓိ၊** မြတ်သော သဗ္ဗညုတဉာဏ်ဗောဓိကို။ **သဒေ၊** စင်စစ်။ **လဘိ၊** ရတော်မူ၏။

၅။ **နိက္ခမံ၊** ထွက်မြောက်ခြင်းကို။ **နကာရံ၊** နအက္ခရာဟူ၍။ **ဉေယျံ၊** သိအပ်၏။ **နရာဓိပေါ၊** လူတို့၏ အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည်။ **နိက္ခိမိတွာ၊** တောထွက်၍။ **သဒေဝေသု၊** နတ်နှင့်တကွသော လူတို့၏။ **တုလော၊** တူသောသူသည်။ **နတ္ထိ၊** မရှိ။ **သဗ္ဗော၊** အလုံးစုံ သော။ **နရော၊** လူ,နတ်,ဗြဟ္မာသတ္တဝါကို။ **ဇိနော၊** အောင်သည်။ **ဘဝေ၊** ဖြစ်၏။

၆။ **မကာရော၊** မအက္ခရာသည်။ **မေတ္တာ စိတ္တန္တိ၊** မေတ္တာစိတ္တံနာမ၊ မေတ္တာစိတ်မည်၏။ **မေတ္တာ ဝုတ္တော၊** မေတ္တာ၏ အကျိုးတရားကို ဟောတော်မူသော။ **တထာဂတော၊** မြတ်စွာဘုရားသည်။ **မေတ္တော အနေန၊** မေတ္တာရေဖြင့်။ **သဋ္ဌိတွာ၊** သွန်းလောင်း၍။ **မဟာဇနာ၊** များစွာသော လူတို့သည်။ **ပမုဋ္ဌန္တိ၊** အိပ်ရာမှ ချမ်းချမ်းသာသာ နိုးကြားကြကုန်၏။

၇။ **ငကာရော၊** ငအက္ခရာသည်။ **ပဉ္စမက္ခရော၊** ငါးလုံးမြောက် အက္ခရာမည်၏။ **ငကာရော၊** င အက္ခရာသည်။ **ဝဂ္ဂနာမကော၊** ဝဂ်အမည်ရှိ၏။ **ငကာရော၊** င အက္ခရာသည်။ **ပဉ္စကပ္ပေါစ၊** ကမ္ဘာ ငါးပါးလည်း ဖြစ်၏။ **ငကာရော၊** ငအက္ခရာသည်။ **ဗုဒ္ဓပဉ္စမော၊**



www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒကမ္ဘာတွင် ငါးဆူမြောက် ပွင့်တော်မူလတ္တံ့သော မေတ္တေယျ ဗုဒ္ဓဖြစ်၏။

၈။ **ထကာရော၊** ထက္ခရာသည်။ **ထိန မိဒ္ဓန္တိ၊** ထိနမိဒ္ဓမည်၏။ **ထိနမိဒ္ဓံ၊** ထိနမိဒ္ဓများသော။ **မဟာဇနံ၊** လူများကို။ **ထိနမိဒ္ဓံ၊** ထိနမိဒ္ဓကို။ **ပဖွေါ်တေတွာ၊** ခါတွက်၍။ **ထလာ ထိနမိ၊** ထိနမိဒ္ဓကုန်းမြေမှ။ **တာရယေ၊** ကယ်တင်စောင့်ရှောက်တော်မူ၏။

၉။ **လကာရံ၊** လအက္ခရာကို။ **လက္ခဏံ၊** မှတ်ကြောင်းဟူ၍။ **ဥဒ္ဒယျံ၊** သိအပ်၏။ **စတုရက္ခနံ၊** ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အ,သုဘ၊ မရဏာဿတိတည်းဟူသော လေးပါးသော အစောင့်အရှောက်သည်။ **လက္ခဏံ၊** မှတ်သားကြောင်း လက္ခဏာမည်၏။ **ဗျဉ္ဇနာနဉ္စ၊** သဒ္ဒါတို့၏လည်း။ **လက္ခဏံ၊** မှတ်ကြောင်း လက္ခဏာမည်၏။ **ဇိနော၊** မြတ်စွာဘုရားသည်။ **လက္ခိတမ္ပိ၊** ထူးထူးခြားခြား မှတ်သင့်သည်။ **သိယာ၊** ဖြစ်ရာ၏။

၁၀။ **ပကာရော၊** ပအက္ခရာသည်။ **ပညာဝန္တော၊** ပညာရှိသည်။ **အသိ၊** ဖြစ်၏။ **မဟာဝီရော၊** ကြီးသော လုံ့လရှိသော မြတ်စွာဘုရားသည်။ **ပညာဝိစာ၊** မြတ်သောပညာ၊ မြတ်သောစကား ရှိတော်မူ၏။ **ပညာပါရမီတိ၊** ပညာပါရမီကို ဖြည့်ကျင့်တော်မူခြင်းကို။ **ကတွာ၊** ပြု၍။ **ပဒီပေါ၊** ဆီမီးသဖွယ် ဖြစ်၍လည်း။ **ဝိရော စတော၊** တင့်တယ်တော်မူ၏။

**ဦးသီလာစာရ**
*(အလုံကျောင်း ဆရာတော်)*

## ခက်ခဲသော ပါဠိအသံထွက်

| | | | | |
|---|---|---|---|---|
| * တိဿော | = | တိတ်သော | စိတ္တန္တိ | =စိတ်တန်တိ |
| စရိတွာ | = | စရိတ်တဝါ | ဝုတ္တော | =ဝုတ်တော |
| သဗ္ဗဟိ | = | သပ်ဗဟိ | မေတ္တော | =မစ်တော |
| တတ္ထံ | = | တတ်ထံ | သဉ္စိတွာ | =သင်စိတ်တဝါ |
| ပုဂ္ဂလေန | = | ပုတ်ဂလေန | ပဗ္ဗုဇ္ဇန္တိ | =ပဗုတ်ချန်တိ |
| ဠိတော | = | လိတော | * ပဉ္စမက္ခရော | =ပင်စမက်ခရော |
| * အမိဒ္ဓာ | = | အမိတ်ထာ | ဝဂ္ဂန | =ဝက်ဂနာ |
| ဓာရေတွာ | = | ဓာရစ်တဝါ | ပဉ္စကပ္ပေါ်စ | =ပင်စကပ်ပေါစ |
| သမ္မာရေ | = | သမ်ဗာရေ | ဗုဒ္ဓ | =ဗုတ်ဓ |
| ခမ္မသာ | = | ခမ်မတ်သ | ပဉ္စမော | =ပင်စမော |
| သဗ္ဗဓိ | = | သပ်ဗဓိ | * ထိနမိဒ္ဓန္တိ | =ထိနမိတ်ဓန်တိ |
| မုစ္စတိ | = | မုတ်စတိ | မိဒ္ဓံ | =မိတ်ဓံ |
| * သတ္တ | = | သတ်တ | ပဖွေါ်တေတွာ | =ပပ်ဖောတစ်တဝါ |
| သတ္တံ | = | သတ်တံ | * လက္ခဏံ | =လက်ခဏံ |
| * ဂဟေတွာ | = | ဂဟာစ်တဝါ | စတုရက္ခနံ | =စတုရက်ခနံ |
| * နိက္ခမံ | = | နိတ်ခမံ | ဗျဉ္ဇနာ | =ဗျင်ဇနာ |
| နိက္ခိ | = | နိတ်ခိ | နဉ္စ | =နင်စ |
| မိတွာ | = | မိတ်တဝါ | လက္ခိတမ္ပိ | =လက်ခိတပ်ပိ |
| နတ္တိ | = | နတ်ထိ | * ပညာဝန္တောသိ | =ပင်ညာဝန်တောသိ |
| သဗ္ဗော | = | သပ်ဗော | ပညာဝိစာ | =ပင်ညာဝိစာ |
| * မေတ္တာ | = | မစ်တာ | ကတွာ | =ကတ်တဝါ |



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခိုင်

# အရှင်ကြီးနှတ်

ဆုံးခြင်း ခံခဲ့ရရှာသော

ကျွန်ုပ်၏အဖေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်း မြို့နယ်အတွင်းရှိ ကျွန်ုပ်တို့ ရေလဲ (မြင်သာ)ရွာ၏ ရွာအလယ်တွင် နတ်စင်ကြီးတစ်ခုရှိပါသည်။ အဆိုပါ နတ်စင်ရှိသောနေရာတွင် ကြီးမားသော ညောင်ပင်ကြီးတစ်ပင်ကလည်း ရှိပါသည်။

ကျွန်ုပ် ငယ်စဉ်အခါက အရှင်ကြီး နတ်စင်တွင် နှစ်စဉ် နှစ်တိုင်း မုန့်ပဲသရေစာ၊ ပန်း၊ ရေချမ်း၊ ဆီမီး အစရှိသည်တို့ဖြင့် ပူဇော်ပသ ဆုတောင်းနေကြစမြဲ ဖြစ်သည်။

မိမိတို့၏ အလိုဆန္ဒများ ပြည့်ဝခဲ့ကြ၍ ယခုကဲ့သို့ အစဉ်အလာမပျက် ပူဇော်ပသ ဆုတောင်းခဲ့ကြသည်ဟု ကျွန်ုပ်က ထင်ပါသည်။ မိမိတို့၏ အလိုဆန္ဒဆိုသည်မှာလည်း ကောင်းမွန်မှန်ကန်သော အလိုဆန္ဒများကိုသာ ဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါး ထိခိုက်နစ်နာအောင် အစရှိသော ဆန္ဒများကိုကား ဤ အရှင်ကြီးက လိုက်လျောနိုင်မည် မဟုတ်ပါ။ ထိုအကြောင်းအရာများကိုလည်း ကျွန်ုပ်၏ဖခင် ဦးအောင်ချယ်က သူ၏ အတွေ့အကြုံတစ်ခုဖြင့် အောက်ပါအတိုင်း ပြောပြဖြစ်ခဲ့ပါသည်။



'အဖေ ငယ်စဉ်အခါ လူပျိုပေါက်အရွယ်မှာပေါ့။ အဲဒီတုန်းက တခြား တစ်နယ်တစ်ကျေးကနေပြီး အဖေတို့ဆီ လယ်သူရင်းငှား လာလုပ်တဲ့သူ တစ်ယောက်ရောက်လာတယ်။ အဖေနဲ့က သက်တူရွယ်တူတွေဆိုတော့ မကြာခင် သူငယ်ချင်းတွေ ဖြစ်သွားကြတယ်။

သူနဲ့က သူငယ်ချင်းတွေ ဖြစ်သွားကြပေမယ့် ဝါသနာချင်းကတော့ မတူဘူး။ အဖေက သိုင်းပညာကို ဝါသနာပါပြီး လေ့လာလိုက်စားနေသလို သူကတော့ အောက်လမ်းပညာကို လေ့လာလိုက်စားသူပါ။ အောက်လမ်းပညာဆိုတာက သူတို့ရဲ့ ပညာရပ်နဲ့ သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်တတ်တဲ့ ပညာရပ်ပါ။

အဲဒါထားတော့။ ညရောက်ပါပြီဆိုတာနဲ့ အဖေတို့ရဲ့ တောရွာတောခလေ့အတိုင်း ရွာလည်ကြတာပေါ့။ ဘယ်အချိန်ထိ လည်သလဲဆိုတော့ ည(၁၀)နာရီ၊ တစ်ခါတစ်ရံ (၁၁)နာရီ၊ (၁၂)နာရီ ထိုးတဲ့ အထိပါပဲ။

အိမ်ရှင်ကတော့ ညှော်သည်တွေ မပြန်မချင်း ရေနွေးကို မပြတ်တမ်း တည်ထားရတယ်။ လက်ဖက်သုပ်၊ မြေပဲဆန်ကြော် အစရှိသဖြင့် ကိုယ်နိုင်ရင်နိုင်သလို အစားအသောက်တွေနဲ့ ညှော်ခံကြတယ်။

ရွာလည်တဲ့ နေရာမှာလဲ တစ်ခါတစ်ရံ ကိုယ့်ရွာတစ်ရွာတည်းတင် မကဘူး။ နီးစပ်ရာ ရွာများအထိပါ သွားလည်တဲ့ သူတွေကလဲ ရှိတတ်သေးတယ်။ အဲဒီအထဲမှာ အဖေတို့အတွဲလဲ ပါတယ်။

တစ်ညမှာတော့ အဲဒီသူငယ်ချင်းနဲ့အတူ အဖေတို့ရွာနဲ့ ကပ်နေတဲ့ ငိုးပင်းရွာအထိ သွားလည်ကြတယ်။ အဲဒီရွာမှာက အဖေ့ရဲ့သူငယ်ချင်း ကြိုက်နေတဲ့ ကောင်မလေး ရှိတယ်။

အဲဒါကြောင့် သွားကြတာပါ။ ဟိုကိုရောက်ပြီး အိမ်ထဲကို လှမ်းပြီး ကြည့်လိုက်ရော သူနဲ့ အပြိုင်ပိုးနေတဲ့ လူက သူ့ထက်အရင်ဦးပြီး ရောက်နှင့်နေတာကို မြင်တွေ့လိုက်ရတော့တယ်။

ဒီအခါ အိမ်ထဲကို မဝင်တော့ဘဲ ရွာကို ပြန်ခဲ့ကြတယ်။ ရွာရောက်တော့ သူ့ရဲဆေးလွယ်အိတ်ထဲက ပစ္စည်းအချို့ကို ယူပြီး အခုအဖေတို့ရွာရဲ့ နတ်စင်ရှေ့ကို နှစ်ယောက်သား ထွက်ခဲ့ကြတယ်ဆိုပါတော့။

သူ့အကြံအစည်က သူနဲ့ ပြိုင်ပိုးနေတဲ့ကောင်ကို သေအောင်လုပ်မယ်ပေါ့။ အဖေကလဲ မတားပါဘူး။ နတ်စင်ရှေ့ကို ရောက်တော့ သူ့ဆီမှာ ပါလာတဲ့ ကြေးလင်ပန်းကြီးကိုထုတ်ပြီး အဲဒီအပေါ်မှာ အင်းကွက်တွေ ဆွဲတယ်။

သူ့အပြောအရ အင်းကွက်ဆွဲပြီးရင် သူ့ဆီမှာပါလာတဲ့ သစ်သားဓားမြှောင်ကို တင်မယ်။ ပြီးရင် အဲဒီဓားမြှောင်ကို သူ့ရဲ့ ရည်းစားလုဘက်ဆီကို ပစ်လွှတ်မယ်ပေါ့။ အဲဒီလို ပစ်လွှတ်လိုက်လို့ သူရဲ့ ဓားမြှောင်က ထွက်သွားပြီဆိုတာနဲ့ ရည်းစားလုဘက်ရဲ့ ဗိုက်ထဲက ကလီစာတွေ ပြုတ်ထွက်ပြီး သေမယ်ပေါ့။ ဒီ အစီအရင်ကို သူတို့အခေါ်အရ **ဓားမြှောင်သေလို့** ပြောတယ်'

ထိုအခါ ကျွန်ုပ်က...

'အဖေ ဒီဓားမြှောင်သေကြီးက လူရဲ့ ခန္ဓာကိုယ်ကို ဖောက်ဝင်သွားမှာလား'

'အဲဒီလိုမဟုတ်ဘူး။ ဒီဓားမြှောင်သေက ကောင်းကင်ပေါ်ကနေ ဖြတ်ပျံသွားမှာပါ။ ကိုယ်သေခိုင်းစေချင်တဲ့ လူရဲ့ အိမ်ပေါ်ကနေ ဖြတ်ပျံသွားတာနဲ့ အဲဒီလူရဲ့ခန္ဓာကိုယ်ထဲက အူတွေ ပြတ်သွားမယ်လို့ဆိုတာပဲ။ ဟုတ်လား မဟုတ်လားတော့ မသိဘူး။ သူပြောတာပဲ။ အဲဒီဓားကလဲ ပြီးရင် ဒီကိုပြန်လာမှာပါ'

'ဆက်ပြောပါဦး အဖေရဲ့'

'အေး အဲဒီလို လင်ပန်းပေါ်မှာ အင်းကွက်တွေဆွဲပြီး ဓားကို မန်းမှုတ်ဖို့လဲ တင်လိုက်ရော အဲဒီမှာ ပြဿနာက စ,တော့တာပါပဲ'

'ဘယ်လို ပြဿနာ စ,တော့တာလဲဗျ'

'ဘယ်လို စ,တာလဲဆိုတော့ ဓားက သူ သွားခိုင်းစေချင်တဲ့ဘက်ကို မသွားဘဲ ဓားက သူ့ဘက်ကို ပြန်လှည့်လာတယ်'





www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို သူ့ကို ပြန်စိုက်မယ်ဆိုတဲ့ သဘောပေါ့'

'ဟုတ်တယ်လေ၊ ကိုယ်လုပ်ကြံချင်တဲ့လူဆီ မသွားဘဲ၊ လုပ်ကြံတဲ့ ကိုယ့်ဆီကို ဓားသွားက ပြန်စိုက်ဝင်မယ်ဆိုတဲ့ သဘောပေါ့'

'ကြောက်စရာ ကောင်းလိုက်တာ အဖေရယ်... နောက် ဘာဆက်ဖြစ်သေးလဲ'

'ဘာ ဆက်ဖြစ်သေးလဲဆိုတော့ သူက ဓားကို အမြန်ဆုံးအောက်ကို ချပြီး သူ့ရဲ့အင်းကွက်ကို ပြန်ဖျက်တယ်။ အင်းပေါင်တားတာ မှားတာလား ဘာလားတော့ အဖေလဲ မသိပါဘူး။ အဲဒီလို အင်းကွက်တွေကို ဖျက်နေစဉ်မှာပဲ ဖီးကွက်တွေ အကောင်ပေါင်း တစ်ရာကျော်လောက် ရှိမယ်ထင်တယ်။ ညောင်ပင်ပေါ်ကနေ အောက်ကို ပျံသန်းရင်း ဆင်းလာခဲ့ကြတော့တာပါပဲ။

အဖေတို့ရွာမှာ ဖီးကွက်တွေ ဒီလောက် မရှိပါဘူး။ အများဆုံးရှိမှ ဆယ်ကောင်၊ ဆယ့်ငါးကောင်ပေါ့။ ဒါတောင် ညတိုင်းမြင်တွေ့ရတာ မဟုတ်ဘူး။ ဟိုနားတစ်ကောင် ဒီနားတစ်ကောင် ဒါမျိုး မြင်တွေ့နေရတာပါ။ ခုလို အစုလိုက်အပြုံလိုက်ကြီး တစ်ခါမှ မမြင်ဖူးပါဘူး။

ခုဟာက အကောင်ပေါင်း တစ်ရာကျော်မယ်။ အုပ်လိုက်သင်းလိုက်ချီပြီး အဖေတို့ဆီလဲ ရောက်လာရော အဖေတို့နှစ်ယောက်ကို ဝိုင်းပြီး တွယ်လိုက်ကြတာ မပြောပါနဲ့တော့။ အဖေတို့နှစ်ယောက်လဲ ရှာလယ်လမ်းမအတိုင်း ပြေးပေါက်မှားမတတ် ထွက်ပြေးရတော့တာပေါ့။

အပေါ်မှာက ဖီးကွက်တွေက ပျားအုံလိုက်လာသလို လိုက်ပြီး တွယ်နေသလို၊ မြေပေါ်မှာလဲ ခွေးတွေက ဝိုင်းလိုက်ဆွဲလို့ ပုဆိုးတွေ ကျွတ်တဲ့အထိ ထွက်ပြေးနေရတယ်။ ဖီးကွက်တွေ ဝိုင်းတွယ်လို့ ကျောကုန်းပေါ်က အကျႌတွေပေါက်ပြဲ၊ ခေါင်းမှာရော၊ လည်ပင်းတွေရော၊ မျက်နှာတွေပေါ်မှာရော ဒဏ်ရာဒဏ်ချက်တွေ ရနေကြရတာပေါ့။

ထွက်ပြေးရင်း ရွာအောက်က သချႋုင်းကုန်းထဲကို ပြေးဝင်လိုက်မှ ခုနက ဖီးကွက်တွေ၊ ခွေးတွေက ဆက်လိုက်မလာကြတော့ဘူး။ အဖေတို့နှစ်ယောက်ကို သချႋုင်းကုန်းထဲ ပို့လိုက်သလိုကို ဖြစ်သွားတာ။

မနက် မိုးလင်းလာတော့ အဖေရဲ့ သူငယ်ချင်းလဲ ရွာကနေ ထွက်ပြေးသွားတယ်။ အဖေကတော့ ကိုယ့်ရွာနဲ့ကိုယ်မို့ မပြေးပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အဖေက ဘယ်သူ့ကိုမှ မပြောပြခဲ့ပါဘူး။ ရှက်စရာ ကောင်းလွန်းလို့ပါ။

ဒါပေမယ့် သားကိုတော့ အခု အဖေ ပြောပြဖြစ်တယ်။ဘာကြောင့် ပြောပြရသလဲဆိုရင် ဒီလို... အရှင်ကြီးနတ်တွေဆိုတာက မကောင်းမှုတွေကို အားမပေးတတ်ကြဘူး။

ခုပဲကြည့်လေ အဖေတို့က နတ်စင်ရှေ့ကိုသွားပြီး မကောင်းမှုတွေကို သွားလုပ်ကြတာ။ အဖေကိုယ်တိုင် မလုပ်ပေမယ့် သူများလုပ်တာကို ဝိုင်းပြီး အားပေးသလို ဖြစ်နေတော့ အဖေလဲ အတူတူပဲပေါ့။ ဒါကြောင့် အဖေတို့နှစ်ယောက်ကို အရှင်ကြီးနတ်က ချက်ချင်းဆုံးမလိုက်တာပဲလို့ နောက်မှ ဖေဖေ သဘောပေါက်ခဲ့ရပါတယ်။

ဒါကြောင့် သားအခု ငယ်စဉ်အခါမှာပဲ ဖြစ်ဖြစ် ကြီးလာတဲ့အခါမှာပဲဖြစ်ဖြစ် အရှင်ကြီးတွေရဲ့ နတ်စင်ရှေ့တွေမှာ မဖွယ်မရာတွေ သွားမလုပ်မိအောင် နေရမယ်။

သူတစ်ပါး ထိခိုက်နစ်နာစေလိုတဲ့ ဆုတောင်းမှုတွေ မကောင်းမှုမှန်သမျှ ဘာမှ သွားမလုပ်မိပါစေနဲ့။ သွားလုပ်မိလို့ကတော့ အဖေတို့လိုပဲ ဆုံးမခံရမှာပဲ။ မှတ်ထားနော်သား'

'ဟုတ်ကဲ့ပါအဖေ၊ သားမှတ်ထားပါ့မယ်။ ဒါဆိုရင် အဖေပြောတဲ့ စကားအရ အဖေဟာ တစ်ချိန်သောအခါကာလက အရှင်ကြီးနတ်ရဲ့ ဆုံးမခြင်းကို ခံခဲ့ရဖူးသူတစ်ယောက်လို့ပြောရင် ရနိုင်တာပေါ့နော်'

ဟု ပြောလိုက်သောအခါ အဖေက ကျွန်ုပ်အား ပြုံးပြုံးကြီးကြည့်ကာ...

'ဟုတ်တာပေါ့သားရဲ့... သားရဲ့ အဖေဟာ အရှင်ကြီးနတ်ရဲ့ ဆုံးမခြင်းကို ခံခဲ့ရဖူးသူ တစ်ယောက်ပါပဲ'

**[ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြောပြခဲ့သော ဖခင်ဦးအောင်ချယ် (ကွယ်လွန်)အား ဤစာစုဖြင့် ဦးခိုက်ဂါဝရပြုအပ်ပါသည်။]**

***ရှင်လန်း ချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကြိုရဲ့
# ကျောက်သမားဘဝ

(၅)

ရွှေကာသိ
(ကျောက်မျက်)



ထိုက်သူစံ

တဲကြီးကုန်း၊ ပင့်သာ၊ ပင်းဟဲ၊ ဘလူး ဆိုသော ရွာကြီးလေးရွာမှာ တောင် မြောက် တန်းလျက်ရှိကြသော ရွာကြီးများဖြစ်ပြီး မိုးညှင်းမြို့နယ်ပိုင် ရွာများ ဖြစ်ကြပေတယ်။

အဲဒီရွာများအနက် ပင်းဟဲဆိုသော ရွာကြီးမှာ အိမ်ခြေ ငါးရာခန့်ရှိပြီး ဥစ္စာ ဆိုင်တောင်ရဲ့အနီးတွင် တည်ရှိသဖြင့် ညို့ညို့ဆိုင်းဆိုင်း အုံ့အုံ့မှိုင်းမှိုင်း နေချင့်စဖွယ် ရွာကြီးဖြစ်ပြီး တစ်ခါတစ်ရံ ညနေပိုင်းများ၌ မြောက်အူသံ၊ ချေ ဟောက်သံများ ရံဖန်ရံခါ ကြားရတတ် ပေတယ်။

ထိုရွာများတွင် နေထိုင်ကြသူများမှာ



www.burmeseclassic.com

www.burmeseclassic.com

ချမ်း ဗမာများနဲ့ အနောက်မြစ်ရှမ်း(ခေါ်) တိုင်းလျှံ (ခေါ်) ရှမ်းနီတိုင်းရင်းသားများ အများဆုံးနေထိုင်ကြသော ရွာကြီးများ ဖြစ်ပါတယ်။

သာသာယာယာဖြင့် နေချင့်စဖွယ်ကောင်းသော ပင်းဟဲဆိုသော ရွာကြီးတွင် ကျော်နိုင်၊ ကျော်ခိုင်ဆိုသော ညီအစ်ကိုနှစ်ယောက်ရယ်၊ သူတို့ သူငယ်ချင်း စိုင်းထွန်းကျာတို့မှာ အတွဲများသော သူငယ်ချင်းများ ဖြစ်ကြပါတယ်။

စိုင်းထွန်းကျာမှာ မိခင်ကြီး ဒေါ်နန်းကျာနုအား လုပ်ကိုင်ကျွေးလျက်ရှိသော သားလိမ္မာလေးတစ်ယောက် ဖြစ်ပါတယ်။

ထွန်းကျာ ကိုယ်ဝန်ခြောက်လခန့်တွင် ခင်ပွန်းသည် ဆုံးပါးသွားသော်လည်း ဒေါ်နန်းကျာနုမှာ အရွယ်ကောင်းတုန်းဖြစ်သော်လဲ နောက်အိမ်ထောင် မပြုတော့ဘဲ သားလေးထွန်းကျာကိုသာ လူလားမြောက်တဲ့ထိ ကျွေးမွေးစောင့်ရှောက်လာခဲ့ရာ ယခု ထွန်းကျာ လူလားမြောက်ချိန်တွင် ထွန်းကျာမှာ မိခင် ဒေါ်နန်းကျာနုအား တစ်လှည့် လုပ်ကျွေးလျက်ရှိသော သားလိမ္မာလေး ဖြစ်လာပေတယ်။

ကျော်နိုင်၊ ကျော်ခိုင် ညီအစ်ကိုနဲ့ ထွန်းကျာတို့မှာ လယ်ယာအလုပ်များ ပါးချိန် ကျောက်စိမ်းများ ထွက်ရှိရာ ဖားကန့်သို့ ကျောက်တူးသွားကြရန် တိုင်ပင်ကြပြီး ရိက္ခာများနဲ့ ကျောက်တူးရာတွင် အသုံးပြုရန် သံတိုင်များအား ဝယ်ယူစုဆောင်းကြပြီး ကျောပိုးပလိုင်းများတွင် ထည့်၍ ပလိုင်းကိုယ်စီ ပိုးပြီး သုံးယောက်သား ကျောက်စိမ်းများ ထွက်ရှိရာ နယ်မြေကို ထွက်ခဲ့ကြတယ်။



လူငယ်များပီပီ ရည်းစားကလဲ ကိုယ်စီရှိနေကြရာ ကျောက်ကောင်းရပြီး ပွဲခဲ့ရင် ကိုယ့်ချစ်သူများနဲ့ လက်ထပ်ကြမယ်ဆိုတဲ့ စိတ်ကူးကိုယ်စီဖြင့် ထွက်ခဲ့ကြတယ်။

အဲဒီအချိန်က ယခုခေတ်လို မော်ထဲသွားဖို့ ဆိုင်ကယ်လမ်း၊ ကားလမ်းတွေ မပေါက်သေး၊ မကောင်းသေးတဲ့အချိန် ဖြစ်လို့ ကျောက်စိမ်းတွင်းသို့ ခြေကျင်သွားကြရတဲ့ အချိန်ပါ။

သူတို့နေထိုင်ရာ ပင်းဟဲရွာမှ ကျောက်စိမ်းတွင်းသို့ ရောက်ရန် နှစ်ရက်ပြင်းပြင်းလျှောက်မှ ဖားကန့်သို့ ရောက်ရှိတာပါ။

ကျောက်စိမ်းထွက်ရှိရာ ရောက်ကြတော့ သူလိုကိုယ်လို မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်ကလာပြီး တစ်ပိုင်တစ်နိုင် ကျောက်တူးနေကြသူများ တဲ့နဲ့ မနီးမဝေးမှာ နေရာတစ်နေရာရှင်းပြီး နေထိုင်စရာ ဝါးတဲလေးနဲ့ အိပ်စင်လေးထိုးကြပြီး ကျောက်စ,တူးကြပါတယ်။

ကျောက်တူးတယ် ဆိုတာကလဲ ပထမ ခေါင်းပေါင်း ကျင်းကြရပါတယ်။ ခေါင်းပေါင်းကျင်းတယ် ဆိုတာက ရှိသမျှ ချုံနွယ်တွေကို ရှင်းပြီး အနှစ်နှစ် အလလက လေကြောင့်၊ ရေကြောင့် အပေါ်ယံမှာ ပို့နေတဲ့မြေများ ရှင်းပစ်ရခြင်းကို ခေါင်းပေါင်း ကျင်းတယ်လို့ ခေါ်ပါတယ်။ ခေါင်းပေါင်းကျင်းပြီး မြေမှန် ပေါ်ခဲ့မှ မြေမှန်ကို လေး,ငါးပေလောက် တူးပြီးမှ ကျောက်ထွက်တဲ့ ကျောက်ကျောခေါ် မြေသားကို ရောက်တာပါ။ သုံး,လေးရက်ခန့် တူးကြပြီးမှ ကျောက်ကျောကို ရောက်မှ ကျောက်ထွက်တာပါ။

အဲဒီအချိန်ကတော့ ယခုခေတ်လို လုပ်ကွက်တွေကို ငွေပေးပြီး ဆွဲရသော အချိန်မဟုတ်တော့ ကိုယ်ကြိုက်တဲ့ နေရာရွေးပြီး တစ်ပိုင်တစ်နိုင် တူးကြတဲ့ အချိန်ပါ။ ကျောက်စိမ်းကလဲ ယခုခေတ်လို ခေတ်မစားသေးလို့ ကြိုက်တဲ့ နေရာရွေးပြီး ကြိုက်သလောက် တူး၍ ရတဲ့ အချိန်ပါ။

သုံးယောက်သား သံတိုင်ကိုယ်စီ ကိုင်ပြီး အားကြိုးမာန်တက် တူးလာခဲ့ရာ တစ်လခွဲ,နှစ်လနီးနီး တူးခဲ့ကြသော်လည်း ကျောက်ကောင်းက မထွက်ဘဲ (ဟင်းစား)ကျောက်လောက်သာ ရရှိကြပါသည်။

ထွက်လာသော ကျောက်က ကျောက်ကောင်း မဟုတ်တော့ ကျင်းစရိတ်၊ စားစရိတ်မျှသာ ရတဲ့ဈေးများနဲ့သာ ရောင်းရသော ကျောက်များကို ကျောက်တွင်းအခေါ် ''ဟင်းစား'' ကျောက်လို့ ခေါ်ကြတယ်။

ကြိုးစားတူးလာကြရင်းက မိချိန်



www.burmeseclassic.com

www.burmeseclassic.com

နှစ်လကျော်ကျော်မျှ ကြာခဲ့ရာ ကျောက်ကောင်းမရတော့။ တစ်နေ့ ကျော်နိုင်နဲ့ ကျော်ခိုင်တို့က စိတ်ဓာတ်ကျပြီး ရွာပြန်ဖို့ တိုင်ပင်ကြရာမှာ ထွန်းကျာက...

'မင်းတို့ ပြန်ချင် ပြန်နှင့်ကြကွာ၊ ငါတော့ ရှိတဲ့ရိက္ခာလေးကုန်အောင် ဆက်ပြီး တူးချင်းသေးတယ်'

လို့ ပြောတော့

ကျော်နိုင်တို့ ညီအစ်ကိုက...

'သဘောပဲလေ။ မင်း ဆန္ဒရှိရင်တော့ ဆက်ကြိုးစားကြည့်ပေါ့ကွာ။ တို့မရှိပေမယ့် တဲနီးချင်းတွေ ရှိနေတာပဲ'

လို့ ပြောပြီး ကျော်နိုင်နဲ့ ကျော်ခိုင်တို့ နောက်တစ်နေ့ မနက်မှာ ပြန်သွားတော့တယ်။

ထွန်းကျာ ယခုလို နေရစ်ရတဲ့ အကြောင်းကလဲ သူတို့ ကျောက်တူးလာကြမယ်ဆိုတော့ သူ့ချစ်သူ အေးပွဲက "အစ်ကိုရယ်၊ သီတင်းကျွတ်ရင် အစ်ကိုနဲ့ အေးပွဲ နီးရအောင် ကျောက်ကောင်းရအောင် ရှာခဲ့"ဖို့ မှာလိုက်တာကိုး။ သူ့ချစ်သူ အေးပွဲ ဆိုတာကလဲ ကျော်နိုင်,ကျော်ခိုင်တို့ရဲ့ ညီမလေး ဖြစ်ပါတယ်။

ထွန်းကျာကတော့ သူ့ချစ်သူ အေးပွဲ အတွက်ဆိုဆို၊ သူ လုပ်ကျွေးနေရတဲ့ အမေအတွက်ပြောပြော ရောက်လက်စနဲ့ တစ်နေ့ ကျောက်ကောင်း ရနိုး၊ တစ်နေ့ ကျောက်ကောင်းကောင်း ရနိုးဖြင့် တူးလာခဲ့ရာ ညတစ်ညမှာတော့ စိုင်းထွန်းကျာ မောမောနဲ့ အိပ်နေတုန်း အိပ်မက်တစ်ခု မြင်မက်တာက နတ်နှစ်ပါး စကားအချေအတင် ပြောနေကြတဲ့မြင်ကွင်းပါ။ နတ်တစ်ပါးက...

'ကောင်လေး သနားပါတယ်ကွာ၊ ဟိုကျောက်လေး သူ့ပေးလိုက်ပါ'





ဆိုတော့ တခြား နတ်တစ်ပါးက...

'ဟ...ဒီကျောက် သူ့ပေးလို့ မဖြစ်ဘူးကွ။ ဒါက ငပဲ့ပစ္စည်း'

လို့ ပြောပါသတဲ့။ ဒါနဲ့ အိပ်ရာက လန့်နိုးခဲ့တော့ မိုးစင်စင်လင်းနေတာနဲ့ ရှိတဲ့ ဆန်လေးနဲ့ တစ်ယောက်စာ ထမင်းချက်ပြီး တစ်နေ့တာ ကျောက်တူးဖို့ ကျောက်တွင်းကို ဆင်းခဲ့တော့တယ်။

နေ့ပိုင်း ထမင်းစားပြီး ခေတ္တနားစဉ် မနေ့ညကမက်တဲ့ အိပ်မက်ဆန်းကို စဉ်းစားနေမိတယ်။ နတ်တစ်ပါးက ငါ့ကို ရှိတဲ့ကျောက်ကို ပေးချင်တယ်။ နောက်နတ်တစ်ပါးက ငပဲ့ပစ္စည်းဖြစ်လို့ မပေးနိုင်ဘူးတဲ့။ ဘာအဓိပ္ပာယ်လဲ အိပ်မက်ကတော့ ခပ်ဆန်းဆန်းပဲလို့ စိတ်ကူးမိရာက ငါလဲ ကျောက်ကောင်းနဲ့ မထိုက်တန်ဘူးဆိုတဲ့ သဘောလား။

ဒီလိုဆိုရင်တော့ ကျောက်ကောင်းနဲ့ မထိုက်တဲ့အတွက် တစ်ရက်,နှစ်ရက်ဆို ငါလဲပြန်မှပဲ။ ကျော်နိုင်တို့ ပြန်သွားတာတောင် တစ်လနီးနေပြီဆိုပြီး ကျောက်တွင်းတူးရာတွင် ချန်သွားသော မြေသားလှေကားထစ်များအား စ,ဖြိုတော့တယ်။ ကျောက်တွင်းသိမ်းတိုင်း မြေသားလှေကားထစ်များကို

ဖြိုရတာကိုး။

အဲဒီလို မြေသားလှေကားထစ်တွေကို ဖြိုလာရာက အောက်ပိုင်း ရောက်ခဲ့ရာ တစ်တုံးလုံး ဒုတ္တာ အပြည့်နဲ့ နှစ်ပိဿာခန့် ကျော ကောင်းတစ်တုံးကို ရခဲ့တော့တယ်

'ပွပြီဟေ့...ဒါဟာ လူကော နတ်ကောင်း စောင်မတာ

အေးပွဲလေးနဲ့တော

နီးရတော့မယ်

လို့ စိတ်ကူးယဉ်ပြီး နောက်နေ့တွ တဲနီးချင်းများအား ကျောက်ကော ကောင်းကလဲ မရလို့ မနက်ဖြန် ပြ တော့မယ်ပြောပြီး ပစ္စည်းတစ်ခုလို ဖားကန့်သွားဝယ်မယ် ပြောပြီး ရရှိ ကျောက်တုံးကို လျှို့ဝှက်ယူပြီး ထွက် တော့တယ်။

ဖားကန့်ရှိ ကုန်စုံဆိုင်ပိုင်ရှင် တရု ကြီးက ထွန်းကျာ ရိက္ခာသွားဝယ်တိုင် "ကောင်လေး ကျောက်ကောင်းကော ရရင် ငါ့ရောင်းပေးနော်။ ငါ ဈေ ကောင်းကောင်းပေးမယ်" လို့ ဖားကန့် ရိက္ခာလာဝယ်တိုင်း ပြော စကား ရှိတယ်လေ။

ဖားကန့်က တာကောဆိုင်ရော တော့ အရိပ်အခြည်ကြည့်ပြီး လူ နေတာနဲ့ ပါလာတဲ့ ကျောက်တုံး တာကောကို ထုတ်ပြတော့ တာကေ က ကျောက်တုံးကို သေချာကြည့် စိတ်တိုင်းကျတော့မှ...

'ကောင်လေး နင့်ကျောက် ဘ လောက်နဲ့ ရောင်းချင်လဲ'

ထွန်းကျာက ခပ်တည်တည်နဲ့

'မများပါဘူး တာကောရာ၊ ကျွန်တေ ငါးသောင်းရရင် ရောင်းမယ်'

ပြောတော့ တာကောက...

'များတယ်ဟ၊ တစ်သော ငါးထောင်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မရောင်းနိုင်ပါဘူး တကောရယ် ကျောက်တစ်တုံးရဖို့ မလွယ်ဘူးဗျ။ ကျွန်တော်တို့ ကျောက်တူးနေတာ ဘယ်လောက်ကြာပြီလဲ၊ တာကော သိပါတယ်'

ဒီလိုနဲ့ သူထက် ငါ လျှော့ဈေးညှိကြရင်း နှစ်သောင်းခြောက်ထောင်နဲ့ ရောင်းခဲ့တော့တယ်။ ရွှေတစ်ကျပ်သား ကျပ် ရှစ်ဆယ်၊ ကျပ်တစ်ရာပေါက်နေသောခေတ်တွင် ငွေနှစ်သောင်းခြောက်ထောင်ဆိုတဲ့ ပမာဏမှာ စိုင်းထွန်းကျော အဖို့တော့ မီလျံနာတစ်ယောက်ပေါ့။ လူ့ဘဝ ရတဲ့အချိန်ကစပြီး ယနေ့က ထွန်းကျော်အတွက်တော့ အပျော်ဆုံး နေ့ပါ။

ဖားကန့်မှ ကျောက်ရောင်းရငွေများအား လျှို့ဝှက်ယူခဲ့ပြီး တဲကိုရောက်တော့ တဲအနီးရှိ မြင်းဝါးရုံမှ အဆစ်ရှည် ဝါးတစ်လုံးကိုခုတ်ပြီး ညရောက်တော့ ဝါးဆစ်ကိုဖောက် ငွေများကို စီထည့်ပြီး နံနက် ခရီးထွက်ရန် အဆင်သင့် ပြင်ဆင်ထားတော့တယ်။

မနက်လင်းတော့ တဲနီးချင်းတွေကို နှုတ်ဆက်ပြီး ကချင်လွယ်အိတ်ထဲသို့ ရှိသမျှ အဝတ်ကလေးများထည့်၊ စောင်လေးအပေါ်မှာ အုပ်ပြီး ရှိသော အိုးခွက်၊ ပန်းကန်များအား တဲနီးချင်းများပေးပြီး ဝါးလေး ထမ်းပိုးလုပ်ပြီး ရွာအပြန်လမ်းကို ထွက်ခဲ့တော့တယ်။

လမ်းလျှောက်ရင်း တစ်ယောက်တည်း သီတင်းကျွတ်မယ့်ရက် လက်ချိုးရေတွက်ပြီး နန်းအေးပွဲလေးနဲ့ နီးရတော့မယ့်အရေး တွေးပျော်ရင်း လျှောက်လာလိုက်တာ နေတောင် ဝင်သွားပါပေါ့လား။

ဖားကန့်ပြန်လမ်း တစ်လျှောက်မှာ သာယာဖွယ် တောတောင်များရဲ့ အလှအပကို ကြည့်ရှုခံစားခဲ့ရင်း လျှောက်လာခဲ့ရာ ပတ်ဝန်းကျင်ကို သတိထားလိုက်မှ နေဝင်ခဲ့ပြီဖြစ်ကြောင်း သိရပေတော့တယ်။

ဟိုတွေးဒီတွေးနဲ့ လျှောက်လာခဲ့ရာ အနည်းငယ် မှောင်လာတော့ လမ်းမှာ တစ်ညတာ တည်းဖို့အရေး တွေးမိတော့တယ်။ ခဏကြာတော့ ဟို အတော်ဝေးဝေးမှာ မီးရောင်လေး မှိတ်တုတ်မှိတ်တုတ်ကို လှမ်းပြီး မြင်ရတယ်။ ဒါတော့ ရွာတစ်ရွာနဲ့တူတယ်။ ငါတော့ ဒီည ဒီရွာမှာ အိပ်မှဖြစ်မယ် စိတ်ကူးနဲ့ လျှောက်လာခဲ့ရာ အတော်လေးမှောင်မှ ရွာဘေးကို ရောက်ခဲ့တော့တယ်။

ထွန်းကျော်မှာ တစ်သက် မကိုင်ခဲ့ဘူးသော ငွေများရခဲ့၍ ခြေမကိုင်မိ လက်မကိုင်မိ ဥစ္စာခြောက်လျက်ရှိရာ ငွေပါလာသော ဝါးထမ်းပိုးလေးအား ချုံစပ်မှာ ဝှက်ပြီး...

'ဗျို့...အိမ်ရှင်တို့၊ အိမ်ရှင်တို့'

လို့ ခေါ်လိုက်တော့ အသက် လေးဆယ်ဝန်းကျင်ခန့်ရှိတဲ့ လူတစ်ယောက်နဲ့ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် ထွက်လာခဲ့ပြီး "ဘာကိစ္စလဲ ဆရာကြီး" မေးတော့ စိုင်းထွန်းကျော...

'ကျွန်တော် ဖားကန့်က ပြန်လာတဲ့ ခရီးသည်ပါ။ ဒီည အချိန်ကလဲ မရှိတော့လို့ လူကြီးမင်းတို့အိမ်မှာ တစ်ည တည်းခိုပါရစေ'

ဆိုတော့ ဖားကန့်လမ်းက သဘောကောင်းတဲ့ ရှမ်းတိုင်းရင်းသားရွာလေးတွေ ထုံးစံအတိုင်း တစ်ညတာ တည်းခိုခွင့်ရတော့တယ်။

ခဏနားပြီး အိမ်ရှင်များနဲ့ စပ်မိစပ်ရာ ပြောဆို မိတ်ဆက်ပြီး အိပ်ကြတော့မယ်ဆိုတော့ ထွန်းကျော အခင်းလေးလုပ်သလိုနဲ့ ချုံစပ်က ဝါးလေး သွားယူပြီး အိမ်ရှင်များ မသိအောင် နောက်ဖေးမီးဖိုထဲမှ သံပြားနဲ့ ထရံကြားတွင် ဝှက်ထားခဲ့တော့တယ်။

မနက်လင်းတော့ စိုင်းထွန်းကျောမှာ အိမ်ရှင်များအား ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ပြီး အမေနဲ့ ချစ်သူရှိရာ ပင်းဟဲရွာကို ပြန်ခဲ့တော့တယ်။

ထွန်းကျောမှာ လမ်းတစ်လျှောက် တောတောင်ရှုခင်းနဲ့ တောငှက်တောကောင်လေးများရဲ့ သာသာယာယာ ရှိသော သဘာဝရဲ့ ဂီတသံလေးများကို ခံစားရင်းပြန်ခဲ့ရာ ဒီနေ့အဖို့ ထွန်းကျော အတွက် အရာရာတိုင်းဟာ သာယာကြည်နူးစရာချည်း ဖြစ်နေပါတော့တယ်။ သဘာဝရဲ့ သာယာကြည်နူးစရာလေးများကို ကြည့်ရှုခံစားရင်း ပြန်လာခဲ့ရာ ညနေမှောင်စပျိုးချိန်မှာ ပင်းဟဲရွာကို ရောက်ခဲ့တော့တယ်။

ထွန်းကျော ရွာပြန်ရောက်ခဲ့လို့ တစ်ပတ်ခန့်အကြာမှာ သီတင်းကျွတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ ချစ်သူအေးပွဲနဲ့အတူ ရွာဘုန်းကြီးကျောင်း ဆရာတော်အား ရက်ကောင်းရက်သာ အရွေးခိုင်းပြီး မိမိတို့ရွာ ထုံးစံအရ တစ်ရွာလုံး ထမင်းကျွေးပြီး လက်ထပ်ခဲ့ကြတယ်။

ထွန်းကျော်တို့သားအမိ နေခဲ့ကြသော နှစ်ခန်း,သုံးခန်း ဒူးထောက် အိမ်လေးကို ဖျက်ပြီး အုတ်ခုံခံ ပျဉ်ထောင်သွပ်မိုး အိမ်ကြီး ဆောက်ပြီး ဒေါ်နန်းကျော့၊ စိုင်းထွန်းကျော့နဲ့ နန်းအေးပွဲတို့ သုံးယောက်သားမှာ ရွာထဲတွင် ပျော်တပြုံးပြုံး မော်မဆုံးဖြင့် နေလာခဲ့ကြရာ တစ်ညတွင် ကိုယ်ဝန် အရင့်အမာ ရှိနေသော အေးပွဲ ဗိုက်နာလာပြီး ထွန်းကျော်က ရွာလည်မှ ဝမ်းဆွဲဆရာမကြီး ဒေါ်အေးမိအား ပြေးခေါ်ပေးပြီး အခန်းပြင်မှ မွေးဖွားလာမယ့် ကလေးမှာ ယောက်ျားလေး ဖြစ်မလား၊ မိန်းကလေး ဖြစ်မလား ရင်ခုန်ဝမ်းသာစွာဖြင့် မျှော်လင့်နေတယ်။

ထိုစဉ် မွေးစကလေးငိုသံနဲ့အတူ "မွေးပဟေ့ ဖြူဖြူဖွေးဖွေး ယောက်ျားလေးဟဲ့" ဆိုသော ပြောဆိုသံနဲ့အတူ ခရီးပန်းပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော စိုင်းထွန်းကျော လန့်နိုးခဲ့ရပေတော့တယ်။

ငါ စိတ်ကူးယဉ်ပြီး အိပ်မက်တွေ မက်နေပါလားလို့ သတိရပြီး အပြင်သို့ ကြည့်လိုက်ရာ အရုဏ်တက်ချိန် ရောက်နေပြီဖြစ်၍ မနက်ခရီးဆက်ရန် သတိရပြီး စိုင်းထွန်းကျော လူးလဲထ၍ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အိမ်ထဲသို့ ပြန်ဝင်လာစဉ် အိမ်ရှင်ယောက်ျားမှ...

'ဆရာကြီး နိုးလာပြီလား၊ အခါးရည်သောက်ရအောင် လာလေဗျာ'

အိမ်ရှင်ယောက်ျား၏ ခေါ်သံနှင့် မီးဖိုထားသောနေရာသို့ ထွန်းကျော လျှောက်လာခဲ့ရာ ရုတ်တရက် မျှော်လင့်မထားမိသော မြင်ကွင်းကြောင့် ထွန်းကျော မူးမိုက်သွားပြီး သတိလက်လွတ်တော့မလို ဖြစ်သွားလို့ မနည်း သတိထားပြီးချိန်မှာ နှလုံးခုန်သံများ တဒိတ်ဒိတ်မြန်၍ လာရပေတော့သည်။

ထွန်းကျော ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းမှာ အိမ်ရှင်အမျိုးသမီး ဗိုက်နာ၍ လက်သည် သွားခေါ်ကြရာတွင် ရေနံ့ဝတ်ပတ်၍ မီးတုတ် လုပ်သွားသော မီးသေနေပြီဖြစ်သည့် တစ်နေ့ညနေကမှ လတ်လတ်ဆတ်ဆတ် ထွန်းကျော ခုတ်လာခဲ့ရသော ဝါးစိမ်းခြမ်းနှစ်ခု။

အိမ်ရှင်ယောက်ျားမှာ အိမ်ထောင်သက် ကြာပြီဖြစ်သော်လည်း ယခုမှ မွေးလာသော သားလေးအား သန့်ရှင်းရေးလုပ်ပြီး တကိုင်ကိုင်.တပွေ့ပွေ့ဖြင့် သားရှူး ရှူးနေရာ သူ ပွေ့ချီထားသော မွေးစကလေး,လေးရဲ့ မွေးရာပါ ပုံနေ... သော အထက်နှုတ်ခမ်းငှေလး။

အိမ်ရှင်ယောက်ျားမှ...

'မနေ့ညက မနန်းရှင် ဗိုက်နာတယ်ဆိုတော့ လက်သည်သွားခေါ်တာ အဖော်ခေါ်ဖို့ ဆရာ... ကြီး ကြည့်လိုက်တော့ ခရီးပန်းပြီး နှစ်... ခြိုက်ခြိုက် အိပ်ပျော်နေတာနဲ့ မနိုးရက်... ဖြစ်နေတုန်း ကျွန်တော့်တူ လည်ရာက ပြ... လာတာနဲ့ တုတ်... နှစ်ယောက် မီးတုတ်ကိုယ်... လက်သည်သွားခေါ်ခဲ့ရတယ်... စိုင်းထွန်းကျော့မှာ...

အိမ်ရှင်ယောက်ျား ပြောနေသော... စကားများကို သဲသဲကွဲကွဲ မကြားမိ... သူ့နားထဲမှာ ကြားနေမိတာက သူ... ကျောက်တွင်းမှာ ရှိစဉ်က သူ့အိပ်မက်... ထဲမှ နတ်တစ်ပါးရဲ့ **"ဒီ ပစ္စည်း... သူ့ပေးလို့ မဖြစ်ဘူး။ ဒါက ထဲ... ပစ္စည်း"** ဆိုသော စကား။

သူတို့တစ်တွေ ကျောက်တွင်း... ထွက်မလာခင်ညက ရွာမှ ဘကြီး... က...

'ရတနာဆိုတာ လိုချင်တိုင်း ရတာ မဟုတ်... ဘူးကွ။ အစောင့်အရှောက်ရှိတယ်၊ ထိုက်... ရတာ၊ ထိုက်မှရတာ၊ ထိုက်မှရတာ'

ဆိုသော စကားများကို... စိုင်းထွန်းကျော နားနဲ့မဆုံးအောင် ကြား... နေမိပါတော့တယ်။

**(ကွယ်လွန်သွားပြီ ဖြစ်သော... သူငယ်ချင်း စိုင်းထွန်းကျော့သို့ အမှတ်... တရ...)**

***ခဆာရောက်ရ လွှ.၁၁၀ သုခချမ်း... ပြည့်ပါစေ။***

| ရွှေကသစ် (ကျောက်မျက်) |



www.burmeseclassic.com

www.burmeseclassic.com



သီလေးငယ်
(လယ်တော်)

ကျွန်တော်နှင့်

# ထူးဆန်းသော ကော်ကျွဲသံပင်

ကျွန်တော်သည် ၂၀၁၂ ခုနှစ်၊ မေလ လယ်လောက်တွင် အစ်ကိုဖြစ်သူ နေထိုင်သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့သို့ အလည်အပတ်ခရီး သွားရောက်ခဲ့ပါသည်။

အစ်ကို၏အိမ်သို့ ရောက်ချိန်တွင် (၃)ရက်မျှ နားနေပြီးနောက် အစ်ကိုဖြစ်သူ ဆောက်လုပ်ရေး ကန်ထရိုက်ဆွဲထားသော ရပ်ကွက်(၈)မှ အိမ်တစ်အိမ်တွင် လက်သမား(အလုပ်ကြမ်းသမား)ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

ထိုအိမ်ကြီးကို အဆင့်မြင့်နှစ်ထပ်အိမ်ကြီး တည်ဆောက်ရသောကြောင့် အလုပ်သမား မြောက်မြားစွာ ခေါ်ယူ ဆောက်လုပ်ရပါသည်။

ထိုအလုပ်သမား မြောက်မြားစွာထဲမှ ကိုအိုက်ယုံဟူသော အစ်ကိုကို ကျွန်တော် သတိပြုမိခဲ့သည်။ ကိုအိုက်ယုံသည် အသက်(၃၀)အရွယ် ရှမ်းတိုင်းရင်းသားတစ်ယောက် ဖြစ်သည်။ အသားဖြူဖြူ၊ ဆံပင်နီကြန့်ကြန့်နှင့် တရုတ်ဘာသာစကားပါ လည်ဝယ်စွာ ပြောဆိုတတ်သူ ဖြစ်သည်။

ကိုအိုက်ယုံကို ကျွန်တော် သတိပြုမိခဲ့ခြင်းမှာ ကိုအိုက်ယုံသည် သူ၏ အနီရောင် ပအိုဝ်းလွယ်အိတ်ငယ်လေးကို မချွတ်တမ်း အမြဲ လွယ်ထားတတ်၍ဖြစ်သည်။ အလုပ် လုပ်နေစဉ်ဖြစ်စေ၊ ထမင်းစားနေစဉ်ဖြစ်စေ အမြဲလွယ်ထားတတ်သည်။

အကယ်၍ ချွတ်ခဲ့သည့်အခါတွင်လည်း ထိုလွယ်အိတ်လေးကို မျက်ခြည်မပြတ် အမြဲကြည့်နေတတ်သည်။ တခြားသူများ တစ်ယောက်ယောက်က ကိုင်ပါက ကမန်းကတန်း ပြန်လည်လွယ်ထားသည်။

ထိုအခြင်းအရာကို ကျွန်တော် သတိပြုမိနေသည်မှာ (၁၀)ရက်ခန့်ရှိပေပြီ။ ဤသို့လျှင် ကိုအိုက်ယုံသည်လည်း ခင်မင်တတ်သူ ဖြစ်သော ကြောင့် မကြာသောအချိန်မှာပင်

www.burmeseclassic.com

ကိုအိုက်ယုံနှင့် ကျွန်တော် ခင်မင်ခွင့်ရခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်တော်နှင့် ကိုအိုက်ယုံတို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည် သောက်ကြရင်း ကျွန်တော်သည် ကျွန်တော် အလွန်အမင်း သိချင်နေသော ထိုလွယ်အိတ်လေးအကြောင်းကို ကရားရေလွှတ် မေးမိတော့သည်။

'ကိုအိုက်ယုံ အစ်ကို ဒီလွယ်အိတ်ကို မချွတ်တမ်း လွယ်ထားတာကို ကျွန်တော် သတိပြုမိတာကြာပြီ။ ဒီလွယ်အိတ်ထဲမှာ ဘာများ တန်ဖိုးကြီးတာ ပါလို့လဲဗျ'

'ပါတာပေါ့ ငါ့ညီရာ၊ ဒီလွယ်အိတ်ထဲမှာ သိပ်ကို တန်ဖိုးကြီးတဲ့ ဇော်ဂျီဆံပင်ပါတယ်'

ကိုအိုက်ယုံ စကားကြားသောကြောင့် ကျွန်တော် အလွန်အမင်း အံ့သြမှုနှင့်အတူ မယုံသလို ပြုံးစိစိနေလိုက်သည်။ ဇော်ဂျီ၏ဆံပင်ဟူသောကြောင့် ကျွန်တော် မယုံကြည်ခဲ့ခြင်းပင်။ ထိုအခါ ကိုအိုက်ယုံသည် ရှမ်းတိုင်းရင်းသားသံ ဝဲဝဲဖြင့် ကျွန်တော့်အား မပီတပီ မေးတော့သည်။

'ဘာလဲ မင်း မယုံလို့လား'

'အေးဗျာ အစ်ကိုဟာက ဇော်ဂျီဆံပင်ဆိုတော့ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး'

ထို့ကြောင့် ကိုအိုက်ယုံသည်...

'အေး မင်းမယုံရင်ပြမယ်'

ဟု ဆိုကာ အသေအချာ ထုပ်ပိုးထားသော အနီရောင်ပလတ်စတစ်ဘူးလေးထဲမှ လုံးပတ်လက်မအရွယ် တစ်ထွာခန့်ရှည်သော ဆံပင်ကျစ်နှစ်ခုကို ကျွန်တော့်အား ထုတ်ပြသည်။ ထိုဆံပင်၏ ပုံစံမှာ မည်းနက်၍ အနည်း



ငယ်ကြမ်းသည်။ တချို့ ဆံပင်များမှာ တစ်ပင်နှင့်တစ်ပင် ပူးကပ်နေသည်။

ကိုအိုက်ယုံသည် ထိုဆံပင်လုံးနှစ်ခုကို ဆန်အနည်းငယ်နှင့် အတူ ထည့်ထားပါသည်။ ကိုအိုက်ယုံ၏ ပြောပြချက်များအရ ထိုဆံပင်ကို ဆန် အနည်းငယ်ကျွေးပေးရကြောင်း၊ ဆန်အာနိသင် ကုန်သွားသည့်အခါ ဆန်စေ့များ ကျိုးလာတတ်ကြောင်း၊ ထိုအခါ ဆန်အသစ်လဲပေးရကြောင်းနှင့် ထိုဆံပင်ကို ရေမွှေးများ ဖျန်းပေးရကြောင်း သိခဲ့ရသည်။

ထို့ပြင် ထိုဆံပင်သည် မြင့်မြတ်သောနေရာတွင် ထားရသည်။ ထို့ကြောင့် ကိုအိုက်ယုံသည် ထိုဆံပင်ထည့်ထားသော လွယ်အိတ်ကို အမြဲမပြတ် လွယ်ထားပြီး အောက်သို့ မချခဲ့ခြင်း ဖြစ်ပါသည်။

ထူးခြားလှသော ဇော်ဂျီဆံပင်အကြောင်းကို သိရပြီးသောအခါ ထိုဆံပင်၏ အစွမ်းထက်ပုံကိုလည်း ကျွန်တော် မေးကြည့်ခဲ့ပါသည်။

'ဒီ ဇော်ဂျီဆံပင်က ဘယ်လို အစွမ်းထက်လဲဗျ'

ဟု ကျွန်တော် မေးလိုက်သောအခါ ကိုအိုက်ယုံက...

'အင်း အစွမ်းတော့ သိပ်ထက်တာပေါ့ ညီရာ။ ဒီဆံပင်ကို ဆောင်ထားရင် ဓ... တယ်။ လာဘ်ရွှင်တယ်။ နောက်ပြီး... အကျွရောက်တဲ့အခါ ဆံပင်ကို လက်... ထည့်ပြီး ဆုတောင်းရင် အလိုပြည့်တ...'

ထိုအခါ ကျွန်တော်သည် စာရေး... ပီပီ စာရေးရန်အတွက် ကုန်ကြမ်း... ရန် ထိုဇော်ဂျီဆံပင် ရရှိခဲ့ပုံနှင့် အဘ... ကြောင့် ဇော်ဂျီဆံပင်ဟု ဆိုနိုင်ကြော... ကို ခရေစေ့တွင်းကျ မေးမြန်းခဲ့ပါတော့သည်။

* * *

လွန်ခဲ့သော (၃)နှစ်ခန့်က... ၂၀၀၉ ခုနှစ်၊ ဇူလိုင်လလယ်လော... တွင် ဖြစ်သည်။

တရုတ်သူဌေး (၃)ဦးသည် မိုင်း... ကျောက်ကျင်း၌ ကျောက်ဝယ်... အတွက် တရုတ်စကား လည်ဝယ်... ပြောဆိုတတ်သော ကိုအိုက်ယုံအ... စကားပြန်အဖြစ်ခေါ်ကာ လားရှိုး... မိုင်းရှူးမြို့သို့ ထွက်ခွာလာခဲ့ကြသည်...

မိုင်းရှူးမြို့သို့ ရောက်သောအ... သွားလိုသော ကျောက်ကျင်း... ရောက်ရန် မိုင်(၅၀)ခရီးကို ဂျစ်ကား... ဆက်လက် မောင်းနှင်ကြရပြန်သ... လမ်းမှာ ကြမ်းတမ်းသော တော... ဖြစ်သည်။

ဤသို့ဖြင့် ထိုကျောက်ကျင်း... ရောက်ပြီး (၅)ရက်လောက်အ... တွင် ကိုအိုက်ယုံမှာ အပြင်း... ဖျားတော့သည်။ ကိုအိုက်ယုံသ... ကျန်းမာရေး မကောင်းသောကြော... အိမ်ပြန်ချင်စိတ်များ တဖွားဖွား ဖြစ်... ခဲ့သည်။

သို့သော် မြို့သို့သွားရန် ကာ... သောကြောင့် မပြန်ဖြစ်ခဲ့ပေ။ ... တွင် စီးလာသော ဂျစ်ကား... ကိုအိုက်ယုံတို့အား ပို့ခဲ့ပြီး ပြန်သွား...





www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤသို့ဖြင့် ကိုအိုက်ယုံသည် (၁၀) ရက်ခန့်အကြာလောက်၌ နေပြန်ကောင်းလာသောအခါ အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်တော့သည်။ ထို့နောက် ဘရုတ်သူဌေးများထံ ခွင့်တောင်းကာ နှုတ်ဆက်စောစောထ၍ ပြန်လာခဲ့သည်။

ကားမရှိသောကြောင့် ကားလမ်းမသို့ ရောက်ရန် ဖြတ်လမ်းဖြစ်သော တောနက်ကြီးကိုဖြတ်၍ တစ်ယောက်တည်း ခရီးနှင်လာခဲ့သည်။ ဤတော၏ အလွန်တွင် လားရှိုး–မိုင်းရှူးကားလမ်းမကြီးပေါ်သို့ ရောက်မည်ဖြစ်သည်။

တောမှာ တဖြည်းဖြည်း နက်လာသည်နှင့်အမျှ ခရီးသိပ်မတွင်တော့။ ကိုအိုက်ယုံမှာ တောထဲတွင် အိပ်ရည်စိုး၍ ခြေကုန်နှင်ရပါသည်။ တစ်ယောက်တည်း တောနက်ထဲမှာမို့ အထီးကျန် ဆန်လှပါဘိ။

အိမ်ပြန်ချင်ဇော အားကြီး၍သာ ပြန်ခဲ့ရပါသည်။ လမ်းလျှောက်ရလွန်း၍ ခြေထောက်များပင် ကိုက်ခဲနာကျင်လာခဲ့ပါသည်။ ထိုသို့ ပင်ပန်းဆင်းရဲခြင်းဒုက္ခကို ကိုအိုက်ယုံဘဝတွင် တစ်ခါမှ မခံစားခဲ့ရဘူးပေ။

ကိုအိုက်ယုံသည် ခရီးဆက်ရင်း မောပန်းလွန်းသဖြင့် သစ်ပင်ကြီးတစ်ပင်အောက်၌ ခဏနားကာ အသင့်ပါလာသော ထမင်းထုပ်အား ဖြေစားလိုက်ပါသည်။

ထို့နောက် ရေသောက်ကာ ဆက်လက်ခရီးဆက်မည် အပြုတွင် သစ်ပင်၏ **လူတစ်ရပ်စာလောက် အမြင့်မှ သစ်ခေါင်းထဲတွင် သပ်ရပ်သစ်လွင်လှသော ပိတ်ဖြူ ပိတ်နီစကို သေသေချာချာ ခင်းထား၍ ထိုအပေါ်မှ**



**လုံးပတ်လက်မအရှယ် တစ်ထွာခန့် ရှည်သော ဆံပင်ကျစ်နှစ်ခုကို တွေ့ခဲ့သည်။**

ထိုအခါ ကိုအိုက်ယုံသည် အလွန်အမင်း အံ့ဩသွားရသည်။ ဤသို့ တောနက်ထဲဝယ် မည်သူတစ်ဦးတစ်ယောက်မှ မရောက်ရှိနိုင်။ ဘေးပတ်ဝန်းကျင်၌ ချုံနွယ်များ ထူထပ်နေသည်။ လူရောက်ထားသည့် အနေအထား လုံးဝမရှိပေ။

သို့ပါ၍ ဤသို့ သပ်ရပ်သစ်လွင်လှသော ပိတ်စ အဖြူ၊ အနီပေါ်တွင် မည်သူတစ်ဦးတစ်ယောက်က လာရောက်ထားသွားခဲ့သနည်းဟု စဉ်းစား၍ မရတော့ချေ။

ထိုအခါ ကိုအိုက်ယုံသည် မိမိတို့ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ၏ အယူဖြစ်သော ဝိဇ္ဇာဇော်ဂျီများ တရားပေါက်သူများသည် တောထဲတွင် တရားကျင့်ရင်း တရားပေါက်သောအခါ ထိုသို့ ဆံပင်များကို ဖြတ်တောက်၍ ထားခဲ့တတ်ကြောင်း၊ ထိုဆံပင်များကို ထိုက်သူသာ ရရှိနိုင်ကြောင်း စသည်ဖြင့် ရှမ်းတိုင်းရင်းသား ရှေးလူကြီးများ ပြောခဲ့သော စကားများကို ပြန်လည်အမှတ်ရလာခဲ့သည်။

ထို့ကြောင့် ကိုအိုက်ယုံသည်လည်း ဝမ်းသာအားရဖြင့် ထိုဆံပင်အား ယူကာ ခရီးဆက်နှင်ခဲ့ပါသည်။ ဖြတ်လမ်းမှ ပြန်လာခဲ့သည်ဖြစ်၍ မှောင်စပျိုးချိန် ညီအစ်ကို မသဲကွဲချိန်လောက်တွင် ကိုအိုက်ယုံသည် ကားလမ်းမသို့ ရောက်ရှိခဲ့သည်။ တောထဲတွင် ညမအိပ်ရ၍ ကိုအိုက်ယုံ အလွန်အမင်း ပျော်ရွှင်ခဲ့ရသည်။

ကားလမ်းမသို့ ရောက်သောအခါ မိုင်းရှူးမှ လားရှိုးသို့သွားသော ကုန်ကားကြီးနှင့် ကြုံ၍ မိမိနေရပ်ဖြစ်သော လားရှိုးမြို့သို့ အလွယ်တကူ ရောက်ရှိခဲ့ပါသည်။

ဤသို့ဖြင့် ကိုအိုက်ယုံသည် အိမ်သို့ ပြန်ရောက်ပြီး မိမိတွေ့လာသော ဆံပင်အား ရှမ်းတိုင်းရင်းသား ရှေးလူကြီးများအား ပြကြည့်ခဲ့သည်။

ထိုဆံပင်အား မြင်ရသောအခါ ရှေးလူကြီးများက ကိုအိုက်ယုံကို ဆံပင်အား တွေ့လာခဲ့ပုံ အလုံးစုံကို မေး၍ အပြီးတွင် ထိုဆံပင်သည် ဇော်ဂျီဆံပင် ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ထို့ပြင် ထိုဆံပင်ကို ဆန်အနည်းငယ် ကျွေး၍ ရေမွှေးများ ဆွတ်ဖျန်းပေးရကြောင်းနှင့် မြင့်မြတ်သော နေရာ၌သာ ထားရကြောင်း ပြောပြခဲ့သည်။

ထူးခြားမှု တစ်ခုမှာ ထိုဇော်ဂျီဆံပင်အား ကျွေးထားသည့်ဆန်များသည် (၁၀)ရက်လောက်အကြာတွင် အလယ်၌ ကျိုး၍ နှစ်ပိုင်း ဖြစ်ကုန်ကြသည်။ ထိုအခါ ဆန်အဟောင်း ကုန်ခန်းသွားသည့်သဘောဖြင့် ဆန်အသစ် လဲပေးရပါသည်။

ထိုဇော်ဂျီဆံပင်သည် ပယောဂများကိုလည်း ကုသနိုင်သည်။ ထို့ပြင် စန်းပွင့်သည်။ (ပီယဓာတ် ကောင်းသည်။) လာဘ်ရွှင်သည်။ ထို့ပြင် ဒုက္ခတစ်ခုခုနှင့် ကြုံတိုင်း လက်ထဲထည့်၍ ဆုတောင်းပါက အဆင်ပြေ ချောမောပါသည်။

ထိုအကြောင်းကို သိသောသူများက ကြေးကြီးပေး၍ ထိုဆံပင်အား ဝယ်ယူ



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သို့သော်လည်း ကိုအိုက်ယုံ မရောင်းချခဲ့ပါ။ ရောင်းချကောင်းသော အရာမဟုတ်ဟု ကိုအိုက်ယုံ သိထား၍ ဖြစ်သည်။

လိုချင်၍ တောင်းသူများကိုမူ အနည်းငယ်စီ ခွဲပေးခဲ့သည်။ လိုချင်သည့်သူများ ယုံကြည်သည့် သူများ တောင်းပါက ကုသိုလ်ပြု ဝေငှနိုင်ရန် ထိုလွယ်အိတ်ထဲ ထည့်ကာ အမြဲလွယ်ထားခြင်းဖြစ်သည်ဟု ကိုအိုက်ယုံက ရှင်းပြပါသည်။

ထို့ကြောင့် ကျွန်တော်သည်လည်း ထိုထူးဆန်း၍ အစွမ်းထက်လှသော ဇော်ဂျီဆံပင်အား ကိုအိုက်ယုံထံမှ အနည်းငယ် တောင်းယူခဲ့သည်။ ကိုအိုက်ယုံသည်လည်း ကျွန်တော့်အား ရက်ရောစွာ ပေးပါသည်။

ဤသို့ဖြင့် ကျွန်တော်၏ကိုယ်တွေ့ အကျိုးပြုခဲ့သော ဇော်ဂျီဆံပင်၏ အကြောင်းကို စာရှုသူများအား တင်ပြချင်ပါသည်။

လားရှိုးမြို့၌ပင် ကျွန်တော်သည် ဈေးမှအပြန်၌ ဆိုင်ကယ်ဓာတ်ဆီ ပြတ်တောက်သွားခဲ့ပါသည်။ လက်ထဲ၌ ငွေက မရှိတော့သဖြင့် အကျပ်ရိုက်သွားခဲ့သည်။ ဓာတ်ဆီဆိုင်တစ်ဆိုင်၌ အကြွေးယူထည့်မည် ဆိုသော်ငြား မြို့ခံ(ဒေသခံ) မဟုတ်သည့်အတွက် မည်သူနှင့်မှ မရင်းနှီးပေ။

ထိုသို့ အခက်တွေ့နေရိုက် ကျွန်တော်သည် ကိုအိုက်ယုံ ပေးစဉ်က အသင့်ဆောင်ထားသော ပိုက်ဆံအိတ်ထဲမှ ဇော်ဂျီဆံပင်ကို ထုတ်ကာ လက်ခုပ်ထဲထည့်၍ အခက်အခဲ တွေ့နေသဖြင့် ကူညီပေးပါရန် ဆုတောင်းခဲ့သည်။

ထို့နောက် ဓာတ်ဆီဆိုင်တစ်ဆိုင်ထဲသို့ အရဲစွန့်၍ဝင်ကာ ဓာတ်ဆီကုန်သွား၍ ထည့်ချင်ကြောင်း၊ သို့ပါသော်လည်း ငွေကုန်သွားသည့်အတွက် နောက်မှ လာပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ထိုအခါ ဆိုင်ရှင်ဖြစ်ဟန်တူသော အသက် (၅၀)အရွယ် အမျိုးသမီးကြီးက ကျွန်တော် ဓာတ်ဆီ (၁)ပုလင်းသာ လိုသော်လည်း (၂)ပုလင်းကို ရက်ရောစွာ ထည့်ပေးခဲ့သည်။ ထို့နောက် ဓာတ်ဆီဖိုးငွေကိုလည်း ကြုံမှသာ လာပေးပါကြောင်းနှင့် မကြုံဖြစ်လျှင်လည်း အလှူဟု သဘောထားပါမည်ဟု ပြောပါသည်။

ဤသည်လည်း ဇော်ဂျီဆံပင်၏ အစွမ်းကြောင့်ဟု ကျွန်တော် ယုံကြည်ယူဆခဲ့ပါသည်။

ထို့ပြင်သာမက တခြားပယောဂ ကပ်ငြိနေသော သူများကိုလည်း ထိုဇော်ဂျီဆံပင်ဖြင့် ကျွန်တော် ကူညီပေးခဲ့ဖူးပါပြီ။ ဤသို့လျှင် ထိုအစွမ်းထက်လှသော ဇော်ဂျီဆံပင်သည် ယနေ့အချိန်ထိ ကျွန်တော့်အား ကူညီဆဲ ဖြစ်ပါသည်။

**(ဤဆောင်းပါး ဖြစ်မြောက်ရေး အတွက် သိလိုသမျှကို ပြောပြခဲ့သော လားရှိုးမြို့၊ ဘောက်ထော် ရပ်ကွက်မှ ကိုအိုက်ယုံအား အထူး ကျေးဇူးတင်ပါသည်။)**

**မှတ်ချက်။ ။ ဤဆောင်းပါးသည် လုပ်ကြံရေးဖွဲ့ထားခြင်း မဟုတ်ပါ။ ကိုအိုက်ယုံ၏ ကိုယ်တွေ့အဖြစ် အပျက်အား သိလျော်အောင် ရေးဖွဲ့ ထားခြင်း ဖြစ်ပါသည်။**

***ပညာအလင်းဖြင့် အမှောင်ခွင်းနိုင် ကြပါစေ။***

**ညီလေးငယ် (လယ်တော်)**


**စာရှုသူ၊ သုတေသီနှင့်**
**စာရေးသူ**
**ဆောင်းပါးရှင်များသို့ ...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ... မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော... ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါး... များမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေ... ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များ... မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ... မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါ... **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်... သွင်းမည်ကို သဘောတူညီပြီးဖြစ်... သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်း... ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များ... တွင် **ပါဝင်လိုခြင်းမရှိသူ စာရေး... ဆောင်းပါးရှင်များအနေနှင့်** နက္ခ... **ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂ... သို့ ဆောင်းပါးများကို** မူလက... **ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်... ခံပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်း... ပေါင်းချုပ်များတွင် ထည့်သွင်းမှု... သဘောတူညီပြီးဖြစ်သည်ဟု နက္ခ... ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်... မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရ... သင့်လျော်သောစာမူခနှင့် စာ... လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*
**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂ...**
**ပါရမီမဂ္ဂဇင်း**
အမှတ် ၂၄၄၊ (၂၉)...
ပန်းဘဲတန်းစာတိုက်...




www.burmeseclassic.com

www.burmeseclassic.com



သရက်ဆည်တောင်တောရ ဓမ္မရိပ်သာကား တောင်ကုတ်မြို့မှ (၂)မိုင်ခန့် အကွာ တောင်ကုတ်–ကျောက်ဖြူ ကားလမ်း၏ အရှေ့ဘက် သရက်ဆည်တောင်၏ ခြေရင်းတွင် တည်ရှိသည်။

တောရဆရာတော် အရှင်မာလိန္ဒ၏ တောရမူတင် ကျင့်ကြံ အားထုတ်ရာ နေရာပင်ဖြစ်သည်။ လူနေအရပ်နှင့် ကုလငါးတာ အပြန်ငါးရာ ရှိမည့်နေရာကို ရွေးချယ်၍ လွန်ခဲ့သော (၁၀)နှစ်ကျော် ၁၉၉၁ ခုနှစ်ကပင် စတင် သီတင်း သုံးခဲ့သည့် တောရ ကျောင်းနေရာပင် ဖြစ်သည်။

ယခင်က တောင်ပေါ်တွင် ကျောင်း သင်္ခမ်းငယ်ဖြင့် သီတင်းသုံးနေရာမှ တောင်ခြေရင်းတွင် ကမ္မဋ္ဌာန်းကျောင်း ငယ်တစ်ခု ဆောက်လုပ်လှူဒါန်းခဲ့ကြ သည်။ တရားချစ်ခင် ဗုဒ္ဓဘာသာဝင် များ တစ်စတစ်စ တိုးပွားလာကြကာ တောင်ပေါ်တွင် သင်္ခမ်းသုံးကျောင်း၊ တောင်ခြေတွင် ခဏ္ဍသိမ်တော်အပါ အဝင် ကျောင်း(၂)ကျောင်း ဖြစ်လာ

မောင်ဒီပ
(စကုကျွန်း)

မိမိကိုယ်တိုင်

# ရေဝဏ်ချ သာရေဝေါ်သည်

တောင်စောင့်ရုက္ခစိုး


ကာ စာသင်စာချ ရဟန်းသံဃာတော် များနှင့် တောရဓမ္မရိပ်သာ၏ ခုနစ်ကြိမ် မြောက် တရားစခန်းကိုပင် ဖွင့်လှစ်နိုင် ခဲ့သည်အထိ တိုးတက်အောင်မြင် လျက် ရှိပါသည်။

ဆရာတော်၏ အသိတစ်လုံးအမြဲတ် သုံး အနတ္တ ခန္ဓာကိုယ်တွေ့တရားစခန်း များ အောင်မြင်လာသည်နှင့်အမျှ ဆီမီး ခွက်ဖြင့် အလင်းရောင်ပေးနေရာမှ ယခုအခါ မီးစက်ငယ်ဖြင့် တရားဟော တရားနာနေကြရာမှ ဆိုလာပြားဖြင့် အလင်းရောင် ရရှိအောင် လှူဒါန်း



www.burmeseclassic.com

www.burmeseclassic.com



မည့် စေတနာရှင် အလှူရှင် ပေါ်ပေါက်လာခဲ့ပါသည်။

## နေရောင်ခြည် ရရှိရေးအတွက် စဉ့်ပင်ကြီးနှစ်ပင်ကို ခုတ်လှဲရပြီ

ဆရာတော် သီတင်းသုံးရာ ကျောင်း၏ အရှေ့ဘက် စဉ့်ပင်ကြီးတစ်ပင်ကို ခုတ်လှဲရန် စီစဉ်ကြသည်။ ပထမ အနောက်မြောက်ဘက်မှ စဉ့်ပင်ကြီးကို ခုတ်လှဲလိုက်ကြသည်။ ယခု ဒုတိယ ကျောင်းခေါင်းရင်း အရှေ့ဘက်မှ နေရောင်ကွယ်နေသည့် စဉ့်ပင်ကြီးကို သစ်ခုတ်သမား ဦးပေါ်လာတို့အဖွဲ့က ခုတ်လှဲရန် တာဝန်ယူ ဆောင်ရွက်နေကြသည်။

## မယိုင်မလဲ ရပ်တည်နေသည့် စဉ့်ပင်ကြီး

စာရေးသူနှင့်အတူ ကျောင်းဒကာ ဦးကျော်ဝင်း(အလှူရှင်၏ဖခင်)တို့ နှစ်ဦး သွားရောက်အားပေးကြည့်နေကြသည်။ စဉ့်ပင်ကြီးကား လွှဖြင့် ဖြတ်ပြီးသော်လည်း မယိုင်မလဲ ရပ်တည်မြဲ ရပ်တည်နေသည်ကို အံ့ဩဖွယ် တွေ့မြင်ကြရသည်။

ကျွန်တော်က ကြိုးတစ်ခုရှာပြီး အပေါ်ကိုင်းတွင် ကြိုးရစ်ပတ်စေပြီး ငုတ်တိုင်ဖြင့် ချည်နှောင်ဆွဲယူရန် စီစဉ်ရသည်။ စီစဉ်နေစဉ်မှာပင် ယိုင်လဲလာရာ နေရာမှ ရှောင်ရှားပေးရန် ဟစ်အော်ပြောလိုက်ရာ သစ်ပင်တစ်ကိုင်းသည် အပင်နှင့် ခုရိုက်ပြီး သစ်ခုတ်ခေါင်းဆောင် ကိုပေါ်လာကို ရိုက်လိုက်ရာ အရှောင်ကောင်း၍ ဒဏ်ရာအနည်းငယ်သာ ရရှိပေသည်။

ထို့ကြောင့် ကျွန်တော်က ဦးပေါ်လာတို့အား...

'မင်းတို့ အပင်မလှဲခင်က အပင်နေ အစောင့်အရှောက်တွေကို တိုင်တည်ခြင်း နေရာရှပေးခြင်းတို့ကို မလုပ်ခဲ့ကြဘူးလား'

ဟု မေးကြည့်ရာ ယခင်အပင်တွေ လှဲစဉ်ကပင် ပြောပြီးသားပါဟု မယုံကြည် အလေးမထားသည့် သဘောမျိုး ပြောဆိုလာသည်။

တောတွေတောင်တွေ သစ်ပင်ကြီးတွေဆိုတာ ပရလောကသားတွေ မှီခိုနေထိုင် ကျက်စားရာတွေလည်းရှိကြောင်း စာပေအတွေ့အကြုံအရ ကျွန်တော်က ရှင်းပြခဲ့ရပါသေးသည်။

ဤသို့ဖြင့် မေ့မေ့ပျောက်ပျောက် နေခဲ့ကြသည်။

## အလှူရှင်တို့၏ ဆွမ်းကျွေးအလှူရေစက်ချပွဲ

ဒီဇင်ဘာလ (၁၆)ရက်၊ ၂၀၁၁ ခုနှစ်မှာတော့ အလှူရှင် ကိုသန်းလှိုင်နှင့် ဇနီး ဒေါ်ချိုချိုတို့ သမီးငယ်မွေးနေ့မှာ တိုက်ဆိုင်ပြီး မိမိတို့ ခြောက်သိန်းခွဲကျော် အကုန်အကျခံ လှူဒါန်းထားသည့် ဆိုလာပြားများနှင့် လျှပ်စစ်မီး အလင်းရောင် လှူဒါန်းဒါနအတွက် ရေစက်သွန်းချ အမျှပေးပွဲ ပရိသတ်များအား ဆွမ်းအာဟာရများ ကျွေးမွေးခြင်း ပြုလုပ်ကြသည်။

## အနုမောဒနာတရားနှင့် ရေစက်ချပွဲ

နေ့လယ်(၂)နာရီမှာတော့ အားလုံးသောပရိသတ်များကို ဖိတ်ကြားပြီး အနုမောဒနာတရား နာကြားခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်း တရားပွဲစတော့ စာချဦးပဥ္စင်း အရှင်စာရိန္ဒက ရေစက်ချရန် တိုင်ပေး၍ လိုက်ဆိုနေကြစဉ် နောက်နားမှ အသံကြောင့် အားလုံး အံ့အားသင့်သွားကြရသည်။

မိချေ (ခေါ်) မစန္ဒာက...

'ဦးပဥ္စင်းဘုရား ခဏ... ခဏနေပါဦး။ တပည့်တော်ကိုလဲ ဘာမှ မပြောဘဲ သစ်ပင်တွေကို ခုတ်လှဲကြတယ်။ အခုလဲ အသိမပေး မဖိတ်ကြဘူး မဟုတ်လား။ ငါ့မှာ ကလေးတစ်ယောက် နေမကောင်းဖြစ်နေတယ်'

စသည်ဖြင့် တသီတတန်း ရေရွတ်ပြောဆိုနေရာ အားလုံး သူမဆီသို့ မျက်နှာမူပြီး ငေးကြည့်နေကြသည်။

ပလ္လင်ပေါ်မှ တရားဟောပုဂ္ဂိုလ်ကလည်း အငိုက်မိသလို ငေး၍ သတိရပြီး...

'ဖိတ်ပါတယ်၊ ကျောင်းမှာ စောင့်နေတဲ့

(စာမျက်နှာ (၂၄၈) သို့)



www.burmeseclassic.com

www.burmeseclassic.com

# အမေသူရဿတီမယ်တော်နှင့်

## ပတ်သက်သမျှ

ဦးတိုးမြင့်
(တာဿဂတ)



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၁၇)၊ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်၊ စာမျက်နှာ (၂၉၇)တွင် ဆရာ မောင်မောင်မြင့် (ဥသာမြို့သစ်)၏ **"ကျွန်တော့်ဘဝထဲက သူရဿတီမယ်တော်"** ဆောင်းပါးကို ဖတ်လိုက်ရ၍ အမေ သူရဿတီမယ်တော်နှင့် ပတ်သက်၍ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုက်ပါသည်။

စာရေးသူ ဆယ်ကျော်သက်အရွယ် မှစ၍ အမေသူရဿတီရုပ်ပုံကို တွေ့မြင်ခဲ့ပြီးနောက် မိခင်တစ်ဦးပမာ စိတ်ဝယ်ခံစားမိခဲ့ပါသည်။ ဗေဒင်ပညာကိုလည်း ငယ်စဉ်ကပင် ဝါသနာပါသည့်အလျောက် ဖတ်မှတ်ကြည့်ရှုလေ့လာပြီး ဟောပြောရာတွင် အဆင်ပြေခဲ့ပါသည်။

ဓမ္မစာပေများကိုလည်း လေ့လာမှတ်သားပြောဆိုရာတွင် အဆင်ပြေခဲ့ပါသည်။ တစ်စုံတစ်ရာကို ပြောမည်ဆိုလျှင် သို့မဟုတ် သိချင်သည်ဆိုလျှင် ရင်ထဲ၌သာ တလှပ်လှပ် သဘောမျိုးဖြစ်၍ လာပါသည်။

ဤလိုနှင့် စာရေးသူ အသက်(၂၀) ကျော်လောက်တွင် အသိမိတ်ဆွေတစ်ဦးနှင့် ပတ်သက်၍ သူ၏ဆရာဖြစ်သူနှင့် တွေ့ဆုံခွင့်ရခဲ့ပါသည်။ ထိုဆရာကြီး၏အမည်မှာ **ဦးမောင်ငယ်**ဖြစ်ပြီး **ပထမံသစ္စာဝါဒီဂိုဏ်း၏ ဦးစီးပုဂ္ဂိုလ်**ဖြစ်ကြောင်း သိရပါသည်။

ထိုဆရာကြီးသည် အသက်သတ်လွတ် ပါဏာပေတံစားပြီး ဂုဏ်တော်ပုတီးစိပ်ကြောင်း၊ ငယ်စဉ်ကပင် အဘပထမံဘိုးဘိုးအောင်နှင့် တိုက်ရိုက်တွေ့ဆုံပြီး ပညာများရခဲ့ကြောင်း၊ ဆရာကြီး၏ လက်ဖဝါးနှင့် လက်မောင်းတို့တွင် စမများ၊ ဆေးစက်များ အလိုအလျောက် ပေါ်နေကြောင်း စသည်ဖြင့် သိရှိခဲ့ရပါသည်။

အဆိုပါဆရာကြီးမှ စာရေးသူအား အဘပထမံဘိုးဘိုးအောင်နှင့် မဟိဒ္ဓိသိဒ္ဓိရှင် ပုဂ္ဂိုလ်များ စောင့်ရှောက်ကြောင်း၊ အမေသူရဿတီမိခင်ကြီးမှာ အတိတ်ဘဝကပင် လိုက်ပါစောင့်ရှောက်နေကြောင်းကို ပြောပြပါသည်။

ထို့ပြင် ဆရာကြီးမှ...

'မင်းကို အထက်ပုဂ္ဂိုလ်တွေက စောင့်ရှောက်ပြီး ပဋ္ဌာန်းဆက်အရ အနားလာချင်ပေမယ့် မင်းက သားသေ ငါးသေ စတဲ့ မသာစာတွေကို စားနေတော့ အနံ့မခံနိုင်ဘူး။

အေး မင်းလဲ အသက်သတ်လွတ်စားနိုင်အောင် ကြိုးစားပါ။ ဒါပေမယ့် သတ္တဝါတွေကို တကယ့်ကြင်နာသနားငဲ့ညာတဲ့စိတ်၊ ကိုယ်ချင်းစာစိတ် ထားပြီးတော့ အသားစားရှောင်ရမယ်။ သူများ အထင်ကြီးအောင်၊ အကုန်အကျနည်းအောင်ဆိုပြီး မစားရဘူး။ ပါရမီရှိလို့ ငါ ပြောနေတာ'

ဟု စာရေးသူအား ပြောပြပါသည်။

စာရေးသူလည်း အသက်သတ်လွတ်စားပြီး ဂုဏ်တော်ပုတီး စိပ်၍နေစဉ် ဆရာကြီးမှ ပိဋကတ်သုံးပုံစောင့်မိခင်နှင့် သူရဿတီမိခင်တို့မှာ တစ်ဦးစီဖြစ်ကြောင်း၊ သို့သော် တစ်ပါးကြွလျှင် တစ်ပါးလည်း ကြွလာတတ်ကြောင်း၊ မသိလျှင် အတူတူပင် ထင်ရကြောင်း ပြောပြပါသည်။

အမေသူရဿတီအား တိုင်တည်၍ ပြောဆိုလုပ်ကိုင်လျှင် တစ်ခါတစ်ရံ အမွှေးနံ့များ ရတတ်ပါသည်။

စာရေးသူအနေဖြင့် ပိဋကတ်သုံးပုံစောင့် သူရဿတီမယ်တော်ဟုသာ အစက သိခဲ့ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဒွိဟဖြစ်နေပါသည်။

ဤသို့ဖြင့် တစ်နေ့တွင် မှတ်မှတ်ရရ ပြောရလျှင် **၁၃၃၈ ခုနှစ်လောက်တွင်** စာရေးသူသည် ဘုရားဆောင်ရှေ့၌ အိပ်နေစဉ် ဤသို့ အိပ်မက်မျိုး မြင်မက်ခဲ့ပါသည်။

စာရေးသူ၏ ရင်ဘတ်ပေါ်၌ ဟင်္သာရုပ်စီးသော အမျိုးသမီးတစ်ဦးနှင့် ဒေါင်းယာဉ်ကိုစီးသော အမျိုးသမီးတို့ ဖြတ်သွားပြီး ပိဋကတ်သုံးပုံစောင့်နှင့် သူရဿတီဟု နှစ်ဦး ပြောသွားသည်ကို ကြားလိုက်ရပါသည်။

ဟင်္သာယာဉ်စီးသော မိခင်ကြီးမှာ ငှက်ပျောညွန့်ရောင် အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး ဦးခေါင်းတွင် ဟင်္သာအုပ်ဆောင်း ဆောင်းထားသည့်သို့ ကျန်တစ်ဦးမှာ ပန်းနုရောင် အဝတ်



www.burmeseclassic.com

www.burmeseclassic.com

တန်ဆာတို့ကို ဝတ်ဆင်ပြီး ဦးခေါင်းတွင် ခေါင်းပုံအုပ်ဆောင်းကို ဆောင်းထားသည်ကို တွေ့ရပါသည်။

ထိုသို့ မြင်တွေ့ပြီးနောက် စာရေးသူ၏ ကိုယ်လုံးမှာ အပေါ်သို့ ရုတ်တရက် မြောက်ကြွလာသလိုဖြစ်၍ လန့်နိုးခဲ့ပါသည်။

တစ်ခုရှိသည်မှာ အချို့သော စာရေးသူမှာ ပုဂ္ဂိုလ်များကဲ့သို့ ဓာတ်စီးခြင်း၊ ပူးကပ်ခြင်းမျိုး မဟုတ်ဘဲ ရင်ထဲ၌ တလှပ်လှပ်ဖြစ်ပြီး အသိစိတ်မပျောက်ဘဲ ပြောဆိုနိုင်ခြင်းမျိုးသာ ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဘာသာသာသနာရေး လုပ်ငန်းများတွင်သာ အမေသူရဿတီမယ်တော်ကို တိုင်တည်ပြီး ဆောင်ရွက်လျက် ရှိပါသည်။

အမေသူရဿတီနှင့် ပတ်သက်၍ ဂါထာမန္တန်များကို ရရှိခဲ့ပါသည်။ ပန်းပုဆရာကြီး ဦးထွန်းရွှေ ဆိုသူကလည်း စာရေးသူကို အမေသူရဿတီဆေးထိုးပေးခဲ့ပါသည်။ ထို့ပြင် ဆရာကြီး ဦးထွန်းရွှေမှ သူရဿတီပြန်ဂါထာကိုလည်း ပေးခဲ့ပါသည်။

အမေသူရဿတီကို ကိုးကွယ်သူသည် အပြောအဆို ကြမ်းတမ်းခြင်း၊ သူတစ်ပါးအား ပျက်စီးစေလိုမှုရှိခြင်း၊ အမဲသား၊ ဝက်သား စားခြင်း အရက်သေစာသောက်စားခြင်း ကာမေသုမိစ္ဆာစာရကံ လွန်ကျူးခြင်း၊ မသမာသောနည်းဖြင့် စီးပွားရှာခြင်း၊ မိဘဆရာနှင့် ရတနာသုံးပါးတို့အပေါ် ပြစ်မှားကျူးလွန်ခြင်း စသည်တို့ကို အထူးရှောင်ကြဉ်ရပါသည်။

ဆရာကြီး ဦးထွန်းရွှေထံမှရသော ဂါထာပြန်ကို ရေးသားဖော်ပြအပ်ပါသည်။

## ဂါထာပြန်

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဗ္ဗဓမ္မာနုဘာဝေန၊ သဗ္ဗသံဃာနုဘာဝေန၊ သဗ္ဗဒေဝါနုဘာဝေန၊ သဗ္ဗမာတာပီတရောနုဘာဝေန၊ သဗ္ဗအာစရိယာနုဘာဝေန၊ တန်ခိုး စသည် လျှံပထွန်းပြောင်၊ နေမင်းရောင်သို့ မှောင်ကိုလေသာ၊ ပယ်ခွာရှင်းတတ်၊ ဤဗိုလ်တစ်စုံ

အကုန်ဆောင်တတ်၊ ဆေးမြတ်နာမ

သရဿတ္တ၊ တူမကွာသည်၊ မြွှာစောင့်ကြ

မယ်တော်နတ်ဟု၊ ထူးမြတ်တေဇ၊ တန်ခိုး

ပြသည်...

ပညာကြီးကြောင်း၊ ခြွေရံပေါင်းနှင့်၊ သောင်း

သောင်းညီညာ၊ စောင်မပါဟု၊ မဟာ

ကျက်သရေ၊ အထွေထွေကို၊ အောင်ဇေယ

တ၊ တောင်းပန်ပြုသည်။ ဖျို့နှမယ်တော်

ဘုံနန်းပေါ်က၊ ကျူးကျော်မန္တန်၊ ဂါထာပြန်ဖြ

ရင်းလျှံပြာဝိမ်၊ နတ်တံဆိပ်သို့...

ဆောင်ပြီးသော်မှ၊ သားပုတ္တကို၊ လေး

မေတ္တာ၊ ကရုဏာဖြင့်၊ ကျွန်ုပ်ကိုအား၊ သနား

ကြည်ဖြူ ရာဝင်ကူသည်၊ ခုမှသိဒ္ဓိ ပြီးစေသော်

မဟာသုခကြီးစေသော်၊ မဟာလာဘကြီးစေ

သော်။

**ကွယ်လွန်သူ ဆရာကြီး ဦးမောင်ငယ်နှင့် ဆရာကြီး ဦးထွန်းရွှေအား ဦးညွှတ်ကန်တော့ပါ၏။**

**ဦးအုန်းမြင့်** *(ဟသ်ာတ)*

**စာမျက်နှာ (၂၄၆)မှ အဆက်**

နတ်အပေါင်းနဲ့ အားလုံးသော သတ္တဝါတွေကို ဖိတ်ကြားတာပဲ'

ဟု မိန့်ကြားလိုက်ရာ...

'ပေး... ပေး... ငါ့ကို ရေစက်ခွက်ပေးစမ်း၊ ရေစက်ချမယ်'

ဟု ပြောပြီး ဦးပဥ္စင်း ဆက်လက် ရေစက်ချ တိုင်ပေးပြီးသည်နှင့် ထိုမိန်းကလေးမှာ အနောက်မြောက်ဘက်လှည့်ပြီး ပူးကပ်မှုမှ လွတ်ငြိမ်းသွားတော့သည်။

သူက...

'ဘာဖြစ်တာလဲ၊ ဘာတွေ ဖြစ်ကြတာလဲ'

ဟု အနီးအနားမှ မိတ်ဆွေများကို မေးမြန်းပြီး ရယ်ရယ်မောမော ပြောဆိုရင်း အလှူပွဲကို ရုပ်သိမ်းလိုက်ကြရသည်။

### တောင်စောင့်ရုက္ခစိုး ဖမ်းခြင်းပေလော

ဒီမတိုင်မီ တစ်နေ့ကလည်း ကျောင်းမှ ကိုရင်လေးများ တောင်ပေါ်ရှိ ကမ္ဘဋ္ဌာန်းကျောင်းအနီး သန့်ရှင်းရေး လုပ်ကြ၊ သစ်ပင်ငယ်များ ခုတ်တွင် ရှင်းလင်းကြရင်း ကုမာရအောင်ရှင်ငယ်မှာ ဖျားပြီး မျက်စိမဖွင့်နိုင်ဖြစ်သည်။

ညအချိန်တွင် ထထိုင်ပြီး **"ငါ တောင်ပိုင်ကြီးကွ၊ မနက်ဖြန် အသားဟင်းနဲ့ ကျောင်းအနီး ဘန့်မွေးပင်ကြီးမှာ အစာကျွေးရမယ်"** ဟု ပြော၍ ဆွမ်းချက်ဒကာမ သန်းအေးတို့အဖွဲ့ သွားရောက် ကျွေးမွေးပေးကြရသည်။

ဤသို့ဖြင့်ကား သုတေ်ကောင်း တရားအားထုတ်ရာနေရာတို့တွင် ပရလောကသားများ ရှိသည်ကို ဘုရားရှင်ခေတ်ကာလ အသိအမှတ်ပြု ချေချွတ်မှုများ ပြုလုပ်ခဲ့ရသည်တို့ကို စာပေကျမ်းဂန်များတွင် ဖတ်ရှုကြရလေသည်။

ထို့ကြောင့် နောက်နောင် ဤသစ်ပင်များကို အရမ်းမခုတ်ထွင်ဘဲ လုပ်ကြရန်နှင့် အစောင့်အရှောက်များကို အသိပေး တိုင်တည်ခြင်း၊ ခွင့်ပြုချက်ရယူခြင်းဖြင့် မေတ္တာနှင့်ယှဉ်သော ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်ကို ရေးသားလိုက်ရပေသည်။

**မောင်ဒီပ** *(စကုကျွန်း)*



www.burmeseclassic.com

www.burmeseclassic.com

‘မမလှ မမလှ’

အိမ်ရှေ့မှ ခေါ်သံကြောင့် ထွက်ကြည့်လိုက်ရာ ဝင်းပေါက်၌ ကြီးတော်ကြီး၏ ညီမဝမ်းကွဲ ဒေါ်လှမေ ဖြစ်နေပါ၏။

‘အိမ်ပေါ်တက်ပါ ဒေါ်ဒေါ်မေ၊ ကြီးကြီး ဘုရားဝတ်ပြုလို့ ပြီးခါနီးပါပြီ’

ဒေါ်လှမေကို ဖိတ်ခေါ်ကာ အိမ်ပေါ်သို့တက်လာခဲ့ပါသည်။ ကြီးတော်ဖြစ်သူက နံနက်လေးနာရီမှာ ဘုရားဝတ်ပြုပြီး ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်နေပါသည်။

ပြီးလျှင် ခြောက်နာရီကျော်ကျော်တွင် မြို့ပေါ်ရှိ ကျောင်းဆယ်ကျောင်းမှ ဆွမ်းခံကြွလာမည့် သံဃာတော်တို့ကို ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူရန် တာလမ်းဘက် သွားစမြဲပါ။

ယခု ဧည့်သည်ရောက်လာ၍ ဒေါ်သီလ၏ ညီမဖြစ်သူ ဒေါ်သီရင်က ဆွမ်းဗန်းရွက်၍ ဆွမ်းလောင်းရန် သွားပါတော့သည်။

‘လှမေ စောစောစီးစီး ဘာကိစ္စရှိလို့လဲ’

‘အထူးအဆန်းတွေ့လာလို့ မမလှကို လာပြောပြတာ’

‘ပြောစမ်းပါဦး’

‘မနက်က ကျွန်မတို့အိမ်ရှေ့မှာ ရဟန်းတစ်ပါး ဆွမ်းခံကြွလာတယ်။ တစ်ခါမှလဲ မမြင်ဖူးဘူး။ အရပ်က ပြတ်ပြတ် အသားညိုညိုနဲ့ မျက်နှာသွယ်တယ်’

‘လိုရင်း’ ပြောစမ်းပါ လှမေရယ်’

‘ပြောပါ့မယ် မမလှရဲ့၊ ဆွမ်းရပ်တာ (၇)အိမ်ပဲ။ (၇)အိမ် ပြည့်လို့ ဆွမ်းရမရရ ပြန်လှည့်ကြွသွားတော့တာပဲ။ အဲဒါ မြဖေတို့ လိုက်ကြည့်ကြတော့ မြို့အထွက် နှစ်မိုင်လောက်မှာ ဝါးတဲလေးနဲ့ နေတာတဲ့။



ရဝတနာဒေဝီ

ထူးခြားသည့်

# [illegible]

တရားအားထုတ်နေပြီး ဘယ်က ကြွလာတာလဲ မသိရဘူး။ ဆွမ်းမရလဲ တောထဲပြန်ကြွပြီး ရေသောက်တယ်။ ပြီးရင် တရားထိုင်တော့တာတဲ့’

‘အေးဟဲ့ ထူးဆန်းလှပါလား’

ဤသို့ ထူးဆန်းသည့် ဆရာတော်အကြောင်း ကြားနေခဲ့ရာမှ လိုက်ကြည့်ကြသူများ ကျေးဇူးကြောင့် ဆရာတော် ဆွမ်းခံကြွလာသည့် လမ်း၌ သက်လွတ်ဟင်းနှင့် ဆွမ်းကို လောင်းလှူကြရပါသည်။

ဆွမ်းခံ အဓိဋ္ဌာန်ပြီးသည်နှင့် သပိတ်ပိုက်ကာ တောထဲ ပြန်ကြွသွားပါတော့သည်။ ဆွမ်းစားပြီး ဆွမ်းကျန်များကို ငှက်ကလေးများအား စုပုံ၍ ဒါနပြုပါ၏။ ဆွမ်းကျန်စားသည့် ငှက်ကလေးများကိုပစ်လျှင် မထိမှန်ကြဟု ပြောနေကြပါသေးသည်။

ဆွမ်းမရလျှင် သပိတ်ထဲ ရေထည့်ကာ နွယ်ကြီးတစ်ခုပေါ်တင်ပြီး လွှဲလိုက်ပါသည်။ နွယ်ကြီး ပြန်အလာ သပိတ်ကိုယူပြီး သပိတ်ထဲကရေကို ဘုဉ်းပေးတော်မူပါ၏။

သပိတ်ကိုသုတ်ပြီး ခဏမျှနားကာ တရားသာ အားထုတ်တော်မူပါသည်။ နွယ်လွှဲ၍ သပိတ်တင်သည်မှာ ရက္ခစိုး





www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကပ်နည်းဟု ခေါ်ပါ၏။

ကြာလာတော့ မင်းကုန်းရပ် မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီး ဦးသောဘိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က တောထဲသို့ ပြန်မကြွဘဲ ဆွမ်းခံပြီး ခဏနား၊ ကျောင်းမှာ ဆွမ်းစားပြီးမှ ပြန်ကြွရန် လျှောက်ထားပါသည်။

ဆွမ်းခံပြန်လာသည်နှင့် အသင့်ခင်းထားသော စားပွဲပေါ်မှ ဟင်းခွက်များထဲ ဟင်းထည့်၊ ဦးသောဘိတအား ဆွမ်းနှင့် ဟင်းကပ်လှူပါသည်။ ဦးသောဘိတကလည်း စားသည်ဆိုရုံမျှသာ ဘုဉ်းပေးတော်မူပါ၏။

အာဂန္တုဆရာတော်မှာမူ သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဆရာတော်၏ သပိတ်ကို ကျောင်းသားများက သန့်စင်ဆေးကြောကာ အဝတ်သန့်သန့်ဖြင့် သပိတ်အိတ်ထဲ ထည့်ထားကြပါသည်။

ဆရာတော်နှစ်ပါးနှင့်အတူ ဆရာဒကာများ စကားခဏပြောပြီး တောထဲပြန်ကြွသွားပါတော့သည်။

ဆရာတော်မှာ မန္တလေး မြစ်ငယ်ဇာတိဖြစ်ပြီး ဂန္ဓာရီလှည့်လည်ရန် အခြားမြို့ရွာသို့ ကြွရောက်တော်မူလာခြင်းပါ။ ဒါယကာများက တဲကျောင်းလေးအစား ခြေတံရှည်ကျောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်းကြပါသည်။ ကျောင်းအောက်တွင်မူ လူများတောလာရင်း နားနေနိုင်ပါသည်။

ဆရာတော်၏ ဝိုင်းထဲ၌ မန္တလေးသံပရာပင်များ၊ သရက်မျိုးစုံ၊ ငှက်ပျောပင်နှင့် စပါးလင်များ စိုက်ပျိုးထားပါသည်။ တစ်တောင်ခန့် သရက်ပင်ကလေးမှ ပန်းစွဲသရက်သီးများ တွဲရရွဲသီးနေတတ်ပါသည်။ ရင့်လျှင် ခူးပြီး ဆွမ်းဒကာများ ဝေငှယူကြရပါ၏။



ကျောင်းဝင်းထဲ၌ ရေတွင်းရှိသော်လည်း ဆရာတော်က တွင်းရေကို မသောက်ပါ။ ဧရာဝတီမြစ်ရေကိုသာ သောက်သုံးတော်မူ၍ တပည့်များက ဧရာဝတီမြစ်ရေကို ထမ်းပိုး၍ ကျောင်းအရောက် လှူဒါန်းကြပါသည်။

မိုးတွင်း၌မူ ရေတံလျှောက်မှ ရာဝင်စဉ့်အိုးများဖြင့် မိုးရေခံကာ အုတ်ခဲကို နီရဲအောင် မီးဖုတ်ပြီး စဉ့်အိုးထဲ ထည့်လိုက်ပါသည်။ ပိုးလောက်မကျတော့ပါ။

ဆရာတော်ကြီး စည်းစနစ်ကြီးလှ၍ ဒါယကာများ ဆရာတော် မနှစ်သက်သည်ကို မပြုရဲကြ။ ဖိုထိုးတော့မည်ဆိုပြီး ကျောင်းအနီး ဖိုရုံဆောက်ဖိုထိုးပါသည်။ ဆွမ်းခံပြန်လာသည်နှင့် ခဏနား တရားအားထုတ်ကာ ဖိုရုံမှာသာ အနေများပါတော့၏။ ဆွမ်းကျန်များကို ရေဆေးအခြောက်လှန်းကာ တပည့်များလာလျှင် လှော်၍ ဆီဆားထည့်ကာ အဆာပြေ စားကြရပါသည်။

ကျောင်းဝိုင်းထဲရှိ သရက်သီးများက ပြွတ်ခဲနေအောင် သီးကြသလို သံပရာသီးများ အသီးများလှ၍ ဝါးကိုင်းထောက်ထားပေးရပါသည်။ ကျောင်းအပြင်တွင်မူ ဆေးပင်များ၊ ကင်ပလင်း မှို စသည်တို့အပြင် ကျွန်းပင်ကြီးများနှင့် ကတွတ်ပင်များ ရှိပါသည်။

ကတွတ်ပင်များလည်း အသီးရဲကြ ၍ ကလေးများအကြိုက် ဖြစ်နေပါ၏ လူငယ်တွေက ဆရာတော်စွန့်သည့် ငှက်ပျောသီး၊ မုန့်ပဲသရေစာ အကုန်စား ပြီး ကျောင်းအပြင်က ကတွတ်သီး ပြေးခူးတတ်ကြပါသည်။

မြေကြီးပေါ်အုံ၍ သီးနေသော မြေအုံးသီးများကို အရင်ခူးကာ သစ်ပင် ပေါ်တက်ကြပါသည်။ အပင်ပေါ်က မှည့်နေသည့် ကတွတ်သီးများကို အပင်ခြေရှိ တောင်းထဲပစ်ထည့်ကြရာ တောင်းထဲတစ်ဝက်၊ မြေပေါ်တစ်ဝက် ဖြစ်နေတတ်ပါသည်။

ကတွတ်သီးခူးပြီး လှမ်းပစ်မည်အပြု ဆရာတော်ကြီးက လက်တစ်ဖက် မြှောက်ကာ ခြင်းကို မ,ပေးထားပါ၍ မှည့်သမျှ အကုန်ခူး၍ ထည့်ရပါ၏။

'အလိုလေး ကောင်မလေးတော ငရဲကြီးတော့မယ်။ ဆရာတော့်ကို အပင်အောက်မှာ စောင့်ခိုင်းထားတာ လား'

'မဟုတ်ပါဘူး ဒကာမကြီး၊ ကျုပ်က ကလေးထွက်သွားတာ ကြာလို့ လိုက် လာတာ။ ကလေးမှာ အပြစ်မရှိပါဘူး ကလေးတွေဟာ ရိုးသားပွင့်လင်းကြ တယ်။ စိတ်အနှောင့်အယှက် မဖြစ်ပါ နဲ့'

ပြည့်ခါနီး ကတွတ်သီးတောင်းကို မြေပေါ်ချကာ ကျောင်းသို့ ပြန်ကြွသွား တော်မူပါသည်။ အမှန်က ဆရာတော် မရှိခိုက် လူတစ်ယောက်က ငှက်ပျော ခိုင်ခုတ်ပြီး အိမ်ယူသွားရန် ကြံစည်ခဲ့ ပါ၏။

ကျောင်းပြင်ရှိ ကျွန်းပင်ကြီးများက ပရလောကသားက ... သွားနိုင်

www.burmeseclassic.com



အောင် ခြောက်လှန့်၍ ငှက်ပျောခိုင် ချကာ ထွက်ပြေးသွားရဖူးပါသည်။

အကယ်၍ ကလေး ကံဆိုးကံနိမ့် ဖြစ်လျှင် တွေ့ကြုံမည်ကို စိုးရိမ်၍ ဆရာတော်ကြီးက စောင့်ရှောက်တော်မူခြင်းပါပဲ။ ပရလောကသားကြီး၏ ထိပ်က နီရဲနေ၍ ဆရာတော်က ထိပ်နီကြီးဟု ခေါ်ပါသည်။

'ထိပ်နီကြီးရေ ငါ့ကို မခြောက်ပါနဲ့နော်၊ ငါက ဘဘုန်းကြီးသမီး'

ဟု အပီကြွေးကြော်ပြီးမှ ကတွတ်သီး ခူးတတ်သူပါ။ ဘဘုန်းသမီးကို ခြောက်လှန့်ရဲပါ့မလား။

ဆရာတော်ကြီးက နံနက် ငါးနာရီတွင် မြို့ထဲ ဆွမ်းခံကြွတော်မူပါသည်။ ကျောင်းက အလွန်တွင် တပ်ဂိတ်တစ်ခု ရှိပါသည်။ (၆)နာရီကျော်မှ ဖြတ်သွားခွင့် ရှိတာပါ။ ဆရာတော်ကြီးက အမှတ်တမဲ့ဖြစ်၍ ခြေလှမ်းကို ''ကြွတယ်၊ မတယ်၊ ချတယ်''ဟု သတိနှင့် ကြွလှမ်းတော်မူပါသည်။ ရဲဘော်လေးက ရပ်ဟု အော်သည်ကို မကြားလိုက်ပါ။ မရပ်၍ ရဲဘော်လေး အပြေးလိုက်ချပြီး လက်ကို ဆွဲပါတော့သည်။

သေနတ်ပစ်မရဆို၍ မိုးပေါ်ပစ်ကြည့်စမ်းပါဆိုတော့ သေနတ်က ကျည်ထွက်ပါ၏။ ဆရာတော်ကြီးကို လှမ်းပစ်တော့ တချောက်ချောက်နှင့် ပစ်မရခဲ့ပါ။ နောက်မှ အကြီးအကဲများ သိသွားပြီး ဆရာတော်ကြီးကို အချိန်မရွေး တပ်ဂိတ်မှ ဖြတ်ကျော်ခွင့်ပြုခဲ့ကြပါ၏။

တစ်ရက် ဆရာတော်ကြီး ဆွမ်းခံဝင်ရန်အတွက် သော့ခတ်ပြီးမှ သော့ကို ကျောင်းပေါ်ချထားမိသည်ကို သတိရပါသည်။ ကျောင်းကို ကျော်ဝင်ရင်း ပြုတ်ကျရာက လက်မောင်းတစ်ဖက် ပြုတ်သွားပါတော့သည်။

ဆွမ်းခံမဝင်တာ ကြာမှ ဒကာများ လိုက်သွားကြရာ လက်မောင်းကို ဆေးစည်း သင်္ကန်းစုတ်ဖြင့် ကျပ်စည်းထားသည်ကို တွေ့ကြပါတော့၏။ ဆေးရုံပြရန် ပင့်လျှောက်သော်လည်း မရပါ။

မန္တလေး-ပန်းမော် အဆန်သင်္ဘောကြီး ဆိုက်ကပ်ပြီး မကြာမီတွင် စာရေးသူတို့အိမ်ရှေ့ လူတစ်ယောက် ရောက်လာပါသည်။ တဘက်ခေါင်းပေါင်းထားပြီး တိုက်ပုံအင်္ကျီ ဝတ်ထားပါသည်။ ဒေါ်မြိုင်၊ ဒေါ်လှိုင်တို့အိမ်ဟု မေး၍ စာရေးသူက ညွှန့်သည်သွားလိုသည့် အိမ်ကို လိုက်ပြပေးခဲ့ပါ၏။

နောက်တစ်ရက်၌ ဆရာတော်၏ ကျောင်းကို သွားလိုက်သည်ဟု သိရပြန်ပါ၏။ နံနက် ထမင်းစားပြီး ကျောင်းသွား ညပြန်လာမှ ဒေါ်လှိုင်တို့အိမ်မှာ ထမင်းစားပါသည်။

ထမင်းပန်းကန်ပြား နှုတ်ခမ်းပေါ်တွင် ထမင်းဆုပ်လေးများ တင်ထားခဲ့ရာ ဒေါ်မြိုင်တို့က စွန့်ပစ်လိုက်ကြပါသည်။ တစ်ရက် ညွှန့်သည်က မေးတော့မှ...

'ပစ်လိုက်ပြီ... ကြက်တောင် ကောက်စားနေတယ်'

ဟု ဖြေရာ...

'စောင့်ကြည့်ပါ။ ကြက်မက ဥ,ဥပါမယ်။ ဥကိုယူ၍ ဖယ်နေသော ကြက်မှာ ဖောက်ပါ။ အထီးလေးဆိုရင် စီးပွားတက်လိမ့်မယ်'

ဟု ဆို၍ ကြည့်လိုက်ရာ တကယ်ပင် ကြက်မလေးက လက်မသာသာ ဥကလေး ဥချလိုက်၍ ဥကို ကောက်ယူပြီး ကွမ်းအစ်ထဲ ထည့်ထားလိုက်ပါသည်။

တူဖြစ်သူ လည်ရာမှ ပြန်လာတော့ ဟင်းမရှိ၍ ကွမ်းအစ်ကိုအဖွင့် ကြက်ဥတွေ့၍ ကြော်ပြီးစားလိုက်ပါတော့သည်။ မစ,မည့်သူ အိမ်ပေါ်ရောက်လာသော်လည်း မထိုက်၍ဟု ပြောရပါတော့မည်။

ဆရာတော်က ညွှန့်သည်ကို မယုံကြည်ပါ။ ရွာမှာ အလုပ်မလုပ်ဘဲနေသူ ဖြစ်သည်ဟု ဆိုပါ၏။

'ဆရာတော်က မယုံဘူးကိုး။ ဟိုနေ့က တပည့်တော် ဖိုထိုးတာ ပြပေးဖို့ လာခဲ့တယ်။ ကျောင်းအပြင်က ဆရာတော့်ကို ခေါ်ပါတယ်။ ဆရာတော်က အလုပ်ရှုပ်တယ်လို့ အော်လွှတ်လို့ ပြန်ခဲ့ရတယ်။ ကိုယ်တော် ဖိုထိုးလို့ မရအောင် ဖားဖိုကြီး နှုတ်ခမ်းဖွဲ့ထားပေးခဲ့သေးတယ်'

ဟု ဆိုမှ ဆရာတော်က လက်ခံပါသည်။

ဖားဖိုကြီးကို ငုံထားသည့် အင်္ဂတေများ ပွဲထွက်နေ၍ တစ်ပတ်လောက် ဖိုမထိုးနိုင်ဟု ဆိုပါသည်။ ထိုဖိုက္ဂုလ်


စာမျက်နှာ (၂၅၃) သို့

www.burmeseclassic.com

www.burmeseclassic.com



[illegible] (သပိတ်ကျင်း)

# စောင်ခြုံပေးတာ ဘယ်သူလဲ

အချိန်ကား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက် ဗုဒ္ဓဟူးနေ့ည (၁း၃၀)နာရီ အချိန်ပင် ဖြစ်ပေသည်။

သပိတ်ကျင်းမြို့ မြို့ဦးတောင် စာသင်တိုက်၊ နယကဆရာတော် ဘဒ္ဒန္တကောဏ္ဍည (သာသနာသန့်ရှင်းရေးဆရာတော်)သည် ခမည်းတော် ဖြစ်သော ဦးခင်အား နှလုံးရောဂါနှင့် ပတ်သက်၍ တစ်လတစ်ကြိမ် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အတူလိုက်ပါလာသူ ကိုကျော်ဆွေနှင့် ကျန်းမာရေး စစ်ဆေးရန် မန္တလေးမြို့သို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ကြွရောက်လာခဲ့လေသည်။

ခမည်းတော်ဖြစ်သူ ဦးခင်အား (၄၁)လမ်းရှိ ဆွေမျိုးများဖြစ်သော ရွှေညီကို ဇာတ်သဘင် နေအိမ်သို့ သွားရောက်နေစေပါသည်။

ထို့နောက် ဆရာတော်နှင့် ဒကာ ကိုကျော်ဆွေတို့သည် (၂၂)လမ်း၌ တည်ရှိသော အလ္လကပ္ပတိုက်၊ အောင်ချမ်းသာကျောင်းတိုက်သို့ ညနေ (၅)နာရီခန့်အချိန်တွင် ညကျိန်းစက်ရန် ဆိုင်ကယ်ဖြင့် ကြွရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဝတ်ပြုကာ ကျောင်းအပေါ်ထပ်သို့ တက်ရောက်ခဲ့ကြလေသည်။

ကိုကျော်ဆွေအား ဘုရားခန်း ညာထောင့်တွင် လည်းကောင်း၊ ဆရာတော် ဦးကောဏ္ဍညအား ကျောင်းအပေါ်ထပ် အခန်း၌ လည်းကောင်း အသီးသီး နေရာများကို ဘုန်းကြီးဦးဇောနှင့် သာမဏေတစ်ပါးမှ နေရာချပေးပါသည်။

ည (၁၀း၀၀)နာရီခန့်တွင် စိမ်းရွှေရွှေ အနံ့တစ်ခုကို ရသောအခါ ဆရာတော် ဦးကောဏ္ဍညမှ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို လိုက်လံနမ်းကြည့်ရာ အနံ့မရဘဲ အခန်းတွင်း၌ ထိုစိမ်းရွှေရွှေ အနံ့ကို ရမြဲရနေပါတော့သည်။

ဆရာတော်နည်းတူ ဘုရားခန်းနား၌ အိပ်နေသော ကိုကျော်ဆွေလည်း အနံ့အသက်ကို ရနေပါတော့သည်။

ထိုအခါ ဆရာတော် ဦးကောဏ္ဍညသည် မိမိပြုနေကျဝတ်ဖြစ်သော ဘုရားရှိခိုးခြင်း၊ အရဟံဂုဏ်တော်ပုတီး ပတ်ရေ(၃၀) ပွားများခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်ပြီးလျှင် ခြင်ထောင်ကို ချကာ ခြေရင်းတွင် ဂွမ်းစောင်အထူကို (၂)ထပ်ခေါက်ကာ စောင်အပါး တစ်ထည်ကို ခြုံ၍ ကျိန်းစက်ပါတော့သည်။

ည(၁း၃၀)နာရီအချိန်တွင် ရောက် လေသောအခါ မျက်နှာမှ ယားယံ ၍ နိုးလေရာ ခြေရင်းတွင် ခေါ ထား သော ဂွမ်းစောင်သည် ဆရာတော်အား



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းခြုံထားသည်ကို တွေ့ရှိရပါတော့သည်။

ဆရာတော်သည် အခန်းတံခါးမကြီးကို ကလန့်နှစ်ချက်ထိုးခြင်း၊ လိုက်ကာကာထားခြင်း၊ ပြတင်းပေါက်သုံးပေါက်ကို ချက်ထိုး၍ အလုံပိတ် ကျိန်းစက်ရာ ဤဖြစ်စဉ်မှာ ဆန်းကြယ်လှသည်။

သို့ဖြစ်၍ အခန်းအား စစ်ဆေးသောအခါ ခြေရာလက်ရာမပျက် ရှိနေသည်ကို တွေ့ရပါတော့သည်။ ပို၍ ထူးခြားသည်မှာ လက်ဝဲခေါင်းအုံးပေါ်၌ ထားရှိသော လွယ်အိတ်နှင့် နာရီမှာ စားပွဲပေါ်ကို ရောက်ရှိနေပါတော့သည်။

ဆက်လက်၍ အခန်းတံခါးမကို ဖွင့်၍ ဘုရားခန်းသို့ ကြည့်လေရာ မီးမထွန်းဘဲ ဘုရားခန်းထဲ၌ မာကျူရီအလင်းရောင်ကို တွေ့ရပါတော့သည်။ အချိန်ကာ ည (၁း၄၈)နာရီဖြစ်နေသည်။

ထိုအချိန်တွင် ကျောင်းပေါ်၌ ကြားနေရသော ခြေသံသည် ကျောင်းအောက်ထပ်သို့ ဆင်းသွားသည်ကို ထပ်မံ တွေ့ကြုံရပါတော့သည်။

နံနက်မိုးလင်းသောအခါ ဒကာကိုကျော်ခွေမှ သူ၏ အိပ်ရာနားသို့ လူလာရပ်သလိုနှင့် အိပ်ရာအား မွေသွားသလို ကြုံရကြောင်းနှင့် အသံများ ထွက်ပေါ်ကြားရကြောင်းကို ဆရာတော် ဦးကောဏ္ဍညအား လျှောက်ထားပါတော့သည်။

ဆရာတော်မှ...

'အေးကွ ငါလဲ ကြားရတယ်။ ထူးဆန်းတာကတော့ အမှန်ပဲ။ ဘာမှန်းတော့ မသိရသေးဘူး။ ကြုံမှ ဘုန်းကြီးဦးဇောကို မေးကြည့်ဦးမယ်'

ဟု ပြန်ပြောကာ နံနက်(၇)နာရီထိုးနေပြီဖြစ်၍ ဆေးရုံသို့ စာအုပ်အချိန်မီ ထပ်နိုင်ရန် ခမည်းတော်ကြီးရှိရာ (၄၁)လမ်း ရွှေညီကိုတိုက်ဆီသို့ ဒကာကိုကျော်ခွေနှင့်အတူ ဆိုင်ကယ်ဖြင့် သွားခဲ့ကြပါတော့သည်။

(၂-၁-၂၀၁၃)မြို့ဦးတောင်သို့ ပြန်ရောက်လာသောအခါ ဦးကောဏ္ဍညမှ အထက်ပါ အလွှကာပွတိုက် အောင်ချမ်းသာကျောင်းတိုက်မှ ရောက်ရှိနေသော ဦးသီလဝ(ကွန်ပျူတာ လာရောက်သင်ကြားသူ)အား...

'ဦးသီလဝ အရှင်ဘုရားတို့ ကျောင်းမှာ တပည့်တော် ဒီလို...ကြုံတွေ့ခဲ့ရတယ်။ ကျောင်းမှာ အရင်တုန်းက ထူးဆန်းမှုတွေ ရှိသလား'

ဟု မေးမြန်းခဲ့ရာ...

'တပည့်တော်တော့ မကြုံဖူးဘူးဘုရား၊ ဘုရားလာရှိခိုးကြတယ်လို့တော့ ပြောသံသာ ကြားနေရတယ်'

ဟု ဖြေကြားရင်း...

'အတူ သီတင်းသုံးဖော်ဖြစ်သူ ဦးပဉ္စင်းဩဘာသ(ဦးပဉ္စင်းအေးသူ အောင်မြင်သာကျောင်း) ပြောတာကတော့ ကျောင်းရှေ့ဘက် ကုက္ကိုပင်ကြီးက ရုက္ခစိုးကြီး ကျောင်းပေါ်လာတတ်တယ်လို့ သိရပါတယ်ဘုရား'

ဟု ဖြေကြားချက်ကို သိလိုက်ရ၍...

**'ဩော်...ဘယ်ဘဝက ဘယ်ရေစက်များရှိခဲ့သလဲ'**

ဟု တွေးတောရင်း ဂွမ်းစောင်ခြုံလွှမ်းပေးခဲ့သော ထိုပုဂ္ဂိုလ်အား မေတ္တာပို့ကာ ရုက္ခစိုးနတ်ကြီးအား သတိရမိပါတော့သည်။

**သတ္တဝါမှန်သမျှ တရားရ ကျွတ်တမ်းဝင်နိုင်ကြပါစေ။**

မေတ္တာဖြင့်...

ဒီလှိုင်း(သပိတ်ကျင်း)

စာမျက်နှာ (၂၅၁)မှ အဆက်

သည် ပုဂ္ဂိုလ်ထူးတစ်ဦးပါတဲ့။


'မသိလ ဘယ်သူ့မှ မပြောပါနဲ့ ဒီမှာကြည့်'

ဆရာတော်၏ လက်ထဲ၌ ရွှေရောင်နှင့် ပုလဲနှစ်ရောင် ဓာတ်လုံးလေးနှစ်လုံး။ ဆရာတော် ဆွမ်းခံကြွလျှင် စပါးလင်ရုံအောက် မြုပ်ခဲ့သည်ဟု ဆိုပါသည်။ ပွင့်ခဲ့လှသည့် စပါးလင်ရုံကြီးသည် ဖွေးဖွေးလှုပ်အောင် အပွင့်များနှင့် ဝေနေခဲ့ပါ၏။ ဆရာတော် ဓာတ်လုံးအောင်သွားခဲ့ပါပြီ။

ကျွန်မ မိတ္ထီလာမြို့၌နေစဉ် ပုဂ္ဂိုလ်ထူးတစ်ပါးနှင့် တွေ့ဆုံရပါသည်။ ခင်ပွန်း၏လူကြီးဖနီး ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးဝါးကုသရင်း တွေ့ဆုံခဲ့ရခြင်းပါ။

ကျွန်မကို အင်းသင်ပေးပါသည်။ အရဟံ၊ အ-ရဟံ၊ အရ-ဟံ၊ အ-ရ-ဟံ ဆို၍ အရဟံလေးချက်ကို အင်းအဟိန်းမှာ ရွတ်ဆို၍ အင်းရေးဆွဲရခြင်းပါ။ အင်းပန္နက်ချ၊ အင်းဆန်သွင်းရန် အင်းကွက်ဆွဲပြီးမှ အင်းဆန်သွင်းရပါသည်။ အစမှအဆုံး ဂါထာများရွတ်၍ ရေးဆွဲရ၍ အင်းတစ်ချပ်ရရန် မလွယ်ကူပါ။

* * *



ဆရာတော်ကြီး ပျံလွန်တော်မူ၍ မီးသဂြိုဟ်ပြီး ကျောင်းအထွက်တာလမ်းဘေးတွင် အရိုးအိုးစေတီတည်ထားကြပါသည်။ ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးကာဝိန္ဒ ဖြစ်ပါသည်။

**ဝေနေယျ သတ္တဝါများအားလုံး ထူးမြတ်သည့် ပုဂ္ဂိုလ်များနှင့် တွေ့ကြုံနိုင်ကြပါစေ။**

ရတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလထုတ်၊ အမှတ်(၃၀၄)၊ စာမျက်နှာ(၂၆၈) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးရှင် **ဦးတင်ဝင်း (အောင်လံ)** ရေးသော **'သရဲမီးလော၊ ငရဲမီးလော'** ဆိုသည့် ကိုယ်တွေ့ဖြစ်ရပ် မှန်ဇာတ်လမ်းကို ဖတ်မိပြီးသော အခါ စာရေးသူသည်လည်း တစ်ခါက ကြုံတွေ့ခဲ့ဖူးသော ဖြစ်ရပ်လေးတစ်ခုအား တင်ပြချင်သည့် အာသီသ ဖြစ်ပေါ်ခဲ့ပါသည်။

ဦးစွာ စာရေးသူ၏ ကိုယ်တွေ့အဖြစ် အပျက်လေးကို မတင်ပြမီ စာရေးသူ၏ မိခင်ငယ်ငယ်က တွေ့ကြုံခဲ့သည်ဆိုသော အဖြစ်လေးတစ်ခုကို စာဖတ်ပရိသတ်အား ဖောက်သည်ချလိုက်ပါသည်။

စာရေးသူ၏ မိခင်ဇာတိမှာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင်းရှိ ကျခတ်ငူဆိုသည့် ရွာလေးဖြစ်ပါသည်။ ယခု ရန်ကုန်–မော်လမြိုင် ကားလမ်းမကြီး နံဘေးတွင် တည်ရှိပါသည်။ ထိုစဉ်က ထိုဒေသသည် အဖြူရောင်နယ်မြေ မဖြစ်သေးပါ။ ***(စကားချပ်)***




မီးညွှန့်မီးလျှံ

# မီးတောက်ကြီးနှင့်

နီရဲလောင်ကျွမ်းနေသော မီးလုံးကြီး
သိသူများမှ ဖော်ပြရေးသားပေးကြပါရန်

စာရေးသူ၏ မိခင်မှာ နွေကျောင်းပိတ်ရက်များတွင် အမေဖြစ်သူ (စာရေးသူ၏အဘွား)နှင့် ပန်းရောင်း သွားရလေ့ရှိသည်။ တစ်နေ့ မုတ္တမဘုရားပွဲ၌ စာရေးသူအမေနှင့် အဘွားတို့ ပန်းရောင်းနေခဲ့ကြရာ ည (၈)နာရီလောက်တွင် ပါလာသော ပန်းများ ရောင်းကုန်သွားခဲ့သည်။

သို့ဖြစ်၍ အမေနှင့် အဘွားတို့သည် ဘုရားပွဲရှိ မျက်နှာသိ ဆိုက်ကားတစ်စီးကို ငှားကာ ပန်းတောင်းကို ပေါင်ပေါ်တင်၍ အိမ်ပြန်ခဲ့ကြတော့သည်။ ထိုအချိန်မျိုးတွင် မည်သူမဆို မျက်နှာစိမ်း ဆိုက်ကားကို ဈေးဘယ်လောက်လျှော့ပေးပေး တော်ရုံမစီးရဲကြ။ အဖေတို့ ငှားလာသည့် ဆိုက်ကားဆရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာတည်းနေသူ ဦးမဲတူဆိုသူဖြစ်၏။

သို့နှင့် အမေတို့ သုံးယောက် စကား တပြောပြောနှင့် ဆိုက်ကားပေါ်တွင် စီးနင်းလိုက်ပါလာရင်း တစ်နေရာ အရောက်တွင် ဆိုက်ကားဆရာ ဦးမဲတူ က...

'အနွယ်ရေ ဟိုမှာ ကြည့်လိုက်စမ်း' ဟု ဆိုကာ တောင်ကုန်းတွေထက် လက်ညှိုးထိုးပြသည်။

အမေ ကြည့်လိုက်တော့ ခပ်ဝေးဝေး က တောင်ကုန်းတစ်ခုပေါ်တွင် ဟိုဒီ ပျံဝဲနေသော မီးလုံးငယ်များကို တွေ့ လိုက်ရသည်။ အတန်ငယ်လှမ်းနေ သည်မို့ အရွယ်အစားကို တိတိကျကျ မပြောနိုင်။ ခန့်မှန်းခြေအားဖြင့် ဂေါ်လီ လုံးအရွယ်မျှ ရှိသည်။

ပွဲတော်ရက်မို့ လသာသည်က မဆန်း။ ဆန်းသည်က ထိုလသာသာ အောက်၌ပင် ထူးဆန်းသည့် မီးလုံး ငယ်များ လူးလာခေါက်တုံ့ ပျံဝဲနေကြ ခြင်းပဲ ဖြစ်သည်။

လရောင်ကြောင့် ယင်းမီးလုံးအနီရဲ ရဲများ တငြိမ့်ငြိမ့်နှင့် ဆင်းလိုက် တောင် ကုန်းကို ပတ်ချာလှည့်လိုက် လုပ်နေ သည်ကို အထင်းသား မြင်တွေ့နေရ သည်။ အမေသည် တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ဘူးသည်မို့ အံ့သြစိတ်ဖြင့် မှင်တက်နေမိစဉ် ဆိုက်ကားဆရာ ဦးမဲတူကပင်...

'အဲဒါ စုန်းမီးတွေပေါ့။ လပြည့်လကွယ် ရက်တွေဆို အဲဒီ တောင်ကုန်းတစ်ဝိုက် သွားချည်လာချည် လုပ်နေတာ မမြင်ချင်မှ အဆုံးပဲ။ အဲဒါ စုန်းတွေပျော်လို့ မြူးနေတာ' ဟု သူမြင်တွေ့နေကျ ထိုမီးလုံးငယ် များအကြောင်းကို အေးအေးလူလူ ပြောပြခဲ့ပါ၏။ နောက်ပိုင်းတွင် အမေ တို့ မိသားစုသည် သောင်းကျန်းသူ တချို့၏ရန်ကို ကြောက်၍ ထိုကျခတ်ငူ ရွာလေးမှ ပြောင်းရွှေ့ခဲ့တော့သည်။

သို့ဖြစ်၍ အမေသည် မီးလုံးငယ်များ အကြောင်းကို ဖြည်းညင်းစွာ ရွေ့လျား ပျံဝဲနေတတ်သော ထိုတောင်ကုန်းအနီး ကို ညအချိန် ထပ်မရောက်ဖြစ်တော့ ပါ။

ထိုစဉ်က စုန်းမီးဟု အလွယ်သတ် မှတ်ခေါ်ဝေါ်ခဲ့သော မီးလုံးအနီရဲရဲများ လည်း ထိုကောင်းကုန်တွင် ယခုတိုင် ရှိမရှိ မပြောနိုင်တော့ပါ။ နှစ်ပေါင်းလေး ဆယ်မျှပင် ကြာခဲ့ပါပြီ။

စာရေးသူ တစ်ခါက ကြုံဖူးခဲ့သော မီးနီလုံးကြီးအကြောင်းကို တင်ပြပါဦး မည်။ စာရေးသူသည် ထိုစဉ်က နဝမ တန်းကျောင်းသူတစ်ဦး ဖြစ်ပါသည်။ စာရေးသူတို့ရပ်ကွက်တွင် ဇာတ်ပွဲဝင် ချိန်ဖြစ်သည်။ မှတ်မှတ်ရရ လပြည့်ရက် ဖြစ်သည်။ ထိုညတွင် စာရေးသူသည် အမေနှင့်အတူတူ ပွဲဈေးလျှောက်ပတ် စားချင်တာဝယ်စား၊ စတိတ်ရှိုးနှစ်ပုဒ် ကြည့်ပြီးလျှင် အိမ်ပြန်လာရန်ဖြစ် သည်။

ပွဲသို့မသွားမီ အချိန်ကား တိတိကျကျ ဆိုရလျှင် (၈)နာရီခွဲခန့် ဖြစ်ပါသည်။ စာရေးသူတို့ အိမ်ရှေ့လမ်းသည် လရောင်ကြောင့် ဖွေးဖြူနေသည်။ အစောပိုင်းက ပွဲသို့သွားကြသော လမ်း သွားလမ်းလာတချို့ ရှိသော်လည်း ယခု မူ လမ်းပေါ်တွင် ခွေးတစ်ကောင် ကြောင် တစ်မြီးမျှ မမြင်တော့။ တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

စာရေးသူနှင့် အမေသည် ပွဲသို့သွားရန် အိမ်တံခါး ပိတ်ပြီး အိမ်အောက် ဆင်းလာခဲ့ကြသည်။ ထိုစဉ် အမေ သည် အိမ်သာ ခဏသွားဦးမည်ဟုဆို ကာ စာရေးသူအား အိမ်ရှေ့မြေကွက် လပ်တွင် ရပ်စောင့်နေစေခဲ့ပါသည်။ လက ထိန်ထိန်သာနေသည်မို့ စာရေး သူမှာ တစ်ယောက်တည်း ဆိုသော် လည်း ကြောက်ရွံ့စိတ် အလျှင်းမရှိခဲ့။ စိတ်လက်ပေါ့ပါးစွာဖြင့် သီချင်းပင် အော်ဆိုနေခဲ့သည်။

အိမ်သာမှာ စာရေးသူတို့ အိမ် အနောက်ဘက် ခြံစည်းရိုးအစပ်တွင် ဖြစ်၍ ထိုနေရာမှ လှမ်းကြည့်လျှင်ပင် မြင်တွေ့နေရသည်။ စာရေးသူသည် ထိုနေရာ၌ အမေ့အား စကားလှမ်း ပြောလိုက်၊ သီချင်းဆိုလိုက် လုပ်နေ ရင်းကပင် လသာသောည၏ ရှုခင်း အလှတို့ကို ငေးမော်နေခဲ့ပါသည်။

ထိုစဉ် လူကြီးကန်ဘောလုံးအရွယ် ထက် အနည်းငယ်ပိုကြီးသော မီးလုံး ကြီးတစ်လုံးသည် ကောင်းကင်တစ် နေရာမှ လျှင်မြန်သော အဟုန်ဖြင့် ပျံဝဲလာပြီး စာရေးသူတို့ မျက်နှာချင်း ဆိုင်အိမ်ရှိ အုန်းပင်များအနီးမှ ပွတ်ကာ သီကာဖြင့် အနောက်ဘက်သို့ ပျံဝဲ ပျောက်ကွယ်သွားသည်ကို စာရေးသူ တစ်ယောက်တည်း မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပါသည်။

စာရေးသူသည် ရုတ်တရက်မို့ ထို မီးလုံးကို ဘာဆိုတာ ချက်ချင်း သဘောမပေါက်မိ။ ထိုမီးလုံးကြီး၏ နောက်ဆက်တွဲမီးလုံး အမျှင်တန်းရှည်



www.burmeseclassic.com

www.burmeseclassic.com

ရှည်တစ်ခုက ထူးဆန်းစွာ ကပ်ပါနေသည်။ မီးလုံးကြီးနှင့် ထိုမီးအမျှင်တန်းရှည်ရှည်ကြီးသည် နီရဲလျက် မီးညွန့်မီးခက်များပင် ပါရှိနေသေးသည်။

စာရေးသူလည်း အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေခဲ့သည်။ ထိုမီးလုံးကြီးသည် သိပ္ပံနည်းဖြင့် ဖန်တီးထားခြင်း မဟုတ်သည်မှာ သေချာပါသည်။ အဘယ်ကြောင့်မူ ထိုမီးလုံးကြီးဖြတ်သန်းပျံဝဲသွားရာတွင် ရှဲခနဲမြည်သံပင် ထွက်ပေါ်နေ၍ ဖြစ်သည်။ စာရေးသူ ရပ်နေသောနေရာနှင့် သိပ်မဝေး၍ ထိုအသံကို ပီပီသသ ကြားလိုက်ရခြင်းပဲ ဖြစ်သည်။

စာရေးသူ၏မိခင်အား ထိုအခြင်းအရာကို ပြောပြသောအခါ မိခင်ဖြစ်သူက မည်သို့မျှ စကားမဆိုခဲ့။ စာရေးသူ ကြောက်ရွံ့မည်စိုး၍ထင်သည်။ သို့သော် ထိုစဉ်က စာရေးသူသည် နဝမတန်း(စာသင်သားအရွယ်)ပင် ရှိနေပြီဖြစ်၍ ထိုအရာသည် လူကြီးများ ပြောလေ့ရှိသည်ကြသည့် စုန်းမီးပဲဟု မိမိဘာသာ ထင်မြင်မိလိုက်ပါသည်။

အထက်ပါဖြစ်ရပ်နှင့် ပတ်သက်၍ မိတ်ဆွေတစ်ဦးအား စကားစပ်မိရင်း စာရေးသူမှ ပြောပြရာ မိတ်ဆွေဖြစ်သူကလည်း မြင်တွေ့ခဲ့ဖူးသော မီးလုံးများအကြောင်းကို ပြန်လည်ပြောပြခဲ့ပါသည်။

စာရေးသူ၏မိတ်ဆွေ နေထိုင်သောအိမ်နှင့် မလှမ်းမကမ်းတွင် ဖက်ဆစ်ဂျပန်ခေတ်က တည်ဆောက်ခဲ့သည်ဟု သိရသော အဆောက်အအုံပျက်တစ်လုံး ရှိသည်။

ထိုအဆောက်အအုံပျက် ပတ်ပတ်လည်တွင် ချုံနွယ်များဖြင့် တောထနေသည်။ လမိုက်ညများတွင် ထိုအဆောက်အအုံပျက် ခေါင်မိုးအပေါ်နားလောက်တွင် ပျံဝဲနေတတ်သော မီးလုံးများကို တွေ့ရကြောင်း၊ အရွယ်အစားမှာ လူ၏ဦးခေါင်းမျှရှိကြောင်း၊ တွေ့မြင်နေကျမို့ အထူးအဆန်း မဖြစ်မိကြောင်းနှင့် စာရေးသူ မြင်တွေ့ခဲ့သော မီးလုံးကြီးလို မီးအမျှင်တန်းများ မပါရှိကြောင်းတို့ကို ပြောပြခဲ့သည်။

သို့ဖြစ်၍ ထိုမီးသည် သိပ္ပံနည်းဖြင့် ဖန်တီးထားခြင်း မဟုတ်သလို လူတို့ ပယောဂဖြင့် ပြုလုပ်ထားခြင်းလည်း မဟုတ်ကြောင်း ပို၍ သေချာနေပါသည်။ သို့ဆိုလျှင် လူကြီးများ အစဉ်အဆက် အလွယ်တကူ သတ်မှတ်ခဲ့ကြသော "စုန်း၊ သရဲမီး" များ ဖြစ်လေမလားဟု သံသယဝင်မိပါသည်။ နောက်ထပ်လည်း ထိုမီးအနီရဲရဲအလုံးကြီးကို မတွေ့ရတော့ပါ။

ထိုသို့ ထူးဆန်းသော မီးလုံးများသည် နေရာဒေသအနှံ့အပြားတွင် အံ့သြဖွယ်ရာ ရှိနေတတ်ကြသည်။ လူတို့ကိုလည်း မည်သို့မျှ အန္တရာယ်မပြုကြ။ လူတို့ကလည်း ထိုအရာကို အံ့သြဖွယ်တစ်ရပ်အနေဖြင့် စကားဆုံတိုင်း ပြောနေကြဆဲ ဖြစ်ပါသည်။

တိတိကျကျ အဖြေထုတ်ရန် ခက်ခဲသော မီးလုံးများသည် ယနေ့တိုင်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါ၏။ **ဂတ်(စ်) မီးခြစ်မှထွက်သော မီးကဲ့သို့ မီးညွန့်မီးလျှံမီးတောက်ကြီးနှင့် နီရဲလောင်ကျွမ်းနေသော မီးလုံးများအကြောင်း တွေ့ကြုံသိရှိကြသောသူများ နက္ခတ်ရောင်ခြည်မဂ္ဂဇင်းတွင် ထပ်မံဝေမျှသားကြပါရန် တိုက်တွန်း အကြံပြုလိုက်ရပါသည်။**

**ထူးမမ** *(ပေါင်)*

(၂၆-၅-၂၀၁၂)နေ့ ညနေပိုင်းတွင် ကျွန်တော်နှင့် သားကြီး မောင်ကျော်စွာ ထက်တို့ **ရွှေပုံသာရွာသို့** ရောက်ခဲ့ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တ တိလောကကို ဖူးမြော်လျှောက်ထားရန် ဖြစ်ပါသည်။

ဦးစော၏ နေအိမ်တွင် တည်းခိုရာ လမ်းတွင် နေပူမိခဲ့ခြင်း၊ ညနေ ခြေထောက်ရေဆေးလိုက်ခြင်းတို့ အဆင်မပြေဖြစ်သည်ဟု ထင်ပါသည်။ ညပိုင်းတွင် သားကြီးရော၊ ကျွန်တော်ပါ အဖျားသွေး တက်လာပါသည်။

မိတ်ဆွေ ဦးစောမှ ကိစ္စမရှိပါဘူးဟုဆိုကာ ဆေးလုပ်ပေးပါသည်။

# သနပ်ခါးမြစ်, ဥသျှစ်

## ဆေးဖက်ဖြစ်



ကျွန်တော်တို့ သားအဖ လက်ဖက်ရည် ဇွန်း နှစ်ဇွန်းစီလောက် သောက်ရပါသည်။

လျှာပေါ်တွင် ပူ, စပ်, ခါး, ငန် အရသာ ခံစားရသည်။ နောက် နှစ်မြိုက်စွာ အိပ်ပျော်သွားခဲ့ပြီး၊ နံနက်လင်းသောအခါ ကောင်းမွန် ကျန်းမာစွာ နိုးထနိုင်ခဲ့ရသည်။

ဦးစောကို ညက ဆေးအကြောင်း မေးရာ...

'ကျုပ်တို့ ကျေးလက်ရဲ့ အစွမ်းထက်ဆေး ပေါ့ဗျာ။ မိုးကြမ်းမိ၊ နှင်းခါးရိုက်၊ အပူ ရေချိုးမှား ဖျားနာရင် ဥသျှစ်သီးအခွံနဲ့ သနပ် ခါးမြစ်၊ ဆားနဲ့ ရေထည့်ပြီးသွေး လက်ဖက် ရည်ဇွန်း တစ်ဇွန်း, နှစ်ဇွန်းလောက် သော လိုက်ရင် သက်သာ ပျောက်ကင်းတာ ကြိုတင်သောက်ရင် လုံးဝ မဖျားတော့ဘူး သနပ်ခါးမြစ်, ဥသျှစ်မြစ် လက်တွေ့ ဆေးဖြစ်သည်ကို ကိုယ်တိုင် သောက် စားခဲ့ရသဖြင့် အမှတ်တရ ရေးသား လိုက်ပါသည်။

**နတ်မောက် ကောင်းနိုမြင့်**



www.burmeseclassic.com

www.burmeseclassic.com



ကျော်သန်း
(အကြီးတန်းလက်နှိပ်စက်)

# ရုက္ခစိုးကပေးသော ငွေမတ်စေ

ကျွန်တော်သည် တနင်္ဂနွေနေ့ ရုံးပိတ်ရက်တွင် အိမ်သန့်ရှင်းရေး ပြုလုပ်ပြီး ဗီရိုထဲတွင်ရှိသော အဝတ်အစားများကို ပြန်လည်ခေါက်သိမ်းနေစဉ် တိုက်ပုံအိတ်ထောင်ထဲမှ ငွေမတ်စေ့လေးတစ်စေ့ ခုန်ထွက်လာသည်ကို တွေ့လိုက်ရပါသည်။

ထိုငွေမတ်စေ့လေးသည် အမေက အမှတ်တရ ပေးထားခြင်းဖြစ်၍ ကျွန်တော့် စိတ်အစဉ်သည် ဇာတိချက်ကြွေ မွေးရပ်မြေသို့ ရောက်သွားပါသည်။

ကျွန်တော် မွေးရပ်မြေမှာ မုံရွာမြို့မှ အမြင့်မြို့သို့ သွားသောလမ်းတွင် ညောင်ဖြူပင်၊ ရွှေဒါးကျ၊ သစ်ဆိပ်ပင်၊ မှန်ရိုးကုန်း၊ ကျောင်းစုကျေးရွာများကို ဖြတ်ကျော်ပြီး ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းနားတွင် တည်ရှိသော ဘုမ္မနိုးကျေးရွာသို့ ရောက်ရှိပါသည်။

ယခုအခါ ကားဖြင့် မုံရွာမြို့သို့သွားလာနိုင်ပြီး မြစ်ရေကြီးလျှင် ချင်းတွင်းမြစ်မှ မော်တော်များဖြင့် သွားလာ[illegible]ပါသည်။ ဘုမ္မနိုးရွာဟု ခေါ်[illegible]င်း အကြောင်းကို ယနေ့အထိ [illegible]ယနုဿ



www.burmeseclassic.com

www.burmeseclassic.com

မသိရှိရသေးပါ။ **(အခြား ဘုမ္မနိုးရှာများသည်လည်း မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်တွင်လည်းရှိကြောင်း သိရှိရပါသည်။)** ရွာမှာ မြေနုကျွန်းဖြစ်၍ မြေပဲ၊ ပဲ၊ နှမ်း၊ ကုလားပဲ၊ ငရုတ်၊ ကြက်သွန်စသော သီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပြီး မုံရွာမြို့သို့ သွားရောက်ရောင်းချကြပါသည်။ ရွာမှာ မကြီးလှသော်လည်း အိမ်ခြေသုံးရာကျော်လောက် ရှိသည်။

ယခင်က ရွာတောင်ပိုင်း၊ ရွာမြောက်ပိုင်း၊ ကွက်သစ်၊ အလယ်စုဟူ၍ လေးပိုင်း,ပိုင်း ခေါ်ဝေါ်လေ့ရှိပါသည်။ တောင်မြောက် ရှည်လျား၍ အရှေ့အနောက် ကျဉ်းမြောင်းပါသည်။ ကျွန်တော်တို့အိမ်မှာ အလယ်စုထဲတွင် ပါဝင်ပါသည်။

ကျွန်တော်တို့ အိမ်ဝိုင်းထဲတွင် သဖန်းပင်ကြီးတစ်ပင် ရှိပါသည်။ ရှေးသဖန်းပင်ကြီးဖြစ်သဖြင့် လူသုံးယောက်၊ လေးယောက်ဖက်မျှ ကြီးမားလှပါသည်။ အလယ်တွင် အခေါင်းကြီးဖြစ်နေပါသည်။ ကျွန်တော်တို့ငယ်ငယ်က ထိုသဖန်းပင်ကြီး အခေါင်းထဲဝင်၍ တူတူပုန်းတမ်း ကစားခဲ့ကြသည်။

ထိုသဖန်းပင်ကြီးတွင် ရုက္ခစိုးနေသည်ဟု အမေ ယုံကြည်နေပါသည်။ သဖန်းပင်ကြီးအနီးတွင် စင်ကလေးဆောက်ပြီး သောက်ရေချမ်း၊ ပန်း၊ ဆွမ်း၊ မုန့်၊ လက်ဖက် တင်ပေးလေ့ရှိပါသည်။ ရုက္ခစိုးထံသို့ အကြိမ်ကြိမ်နားပူဆာလေ့ ရှိသည်။

အမေသည် ဘာသာရေးတရားကိုင်းရှိုင်းသူတစ်ဦးပီပီ နေ့တိုင်းညတိုင်း ဘုရားဝတ်ပြု၊ ဂုဏ်တော်ပွား၊ မေတ္တာပို့ အမျှပေးဝေပါသည်။ တစ်ညတွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးမှ



အိပ်မက်ပေးပါသည်။

'ဒီတစ်လအတွင်း ဝါဝါရောင် လာရောက်အလှူခံရင် စေတနာသဒ္ဓါတရားဖြင့် လောင်းလှူပါ။ လောင်းလှူပြီးလျှင် သဖန်းပင်ရဲ့ အနောက်ဘက်ရှိ တမာပင်တောင်ဘက် ငါးပေအကွာတွင် မိမိကိုယ်တိုင်တူးပါ။ ပစ္စည်းဥစ္စာ တွေ့လိမ့်မယ်'

ဟု ပြောပါသည်။ နံနက်ရောက်သောအခါ အမေသည် အိပ်မက်အား အဖေ့ကိုလည်း ပြောပြထားပါသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးလာသည်မှာ တစ်လပြည့်ရန် နှစ်ရက်သာ လိုပါတော့သည်။ အမေသည် ရွာအနီးရှိ ကျောင်းစုကျေးရွာသို့ အလှူပွဲရှိသဖြင့် သွားရောက်နေပါသည်။ ထိုနေ့တွင်ပင် တိုက်တိုက်ဆိုင်ဆိုင် အိပ်မက်အတိုင်း ဝါဝါရောင်အလှူခံပုဂ္ဂိုလ်ဟုဆိုသော် ဘုန်းတော်ကြီး မဟုတ်ပါဘဲ မယ်သီလရှင် ဖြစ်နေပါတော့သည်။

အဖေသည် အိမ်တွင် ကျန်နေသဖြင့် အိပ်မက်အတိုင်း အလှူခံပုဂ္ဂိုလ်အား လောင်းလှူပြီးသည်နှင့် အမေကိုယ်တိုင် တူးရမည် ဖြစ်သော်လည်း အဖေသည် သတိမထားမိတော့ဘဲ လောဘဇောဖြင့် ကိုယ်တိုင် တမာပင်ပတ်ပတ်လည်တွင် မြေကြီးအား စတင်တူးဖော်ကာ ပစ္စည်းရှာဖွေမှုကို ပြုလုပ်လေတော့သည်။ ပစ္စည်းဥစ္စာကိုကား ရှာဖွေ

မတွေ့ပါ။ သို့ရာတွင် မြေကြီးနေရာများတွင် တူးဖော်ထားသည်မှာ ဗွက်ပေါက်နေပါသည်။

အမေသည် အလှူပွဲမှ ပြန်လာသည့်အချိန်တွင် တမာပင်ဘေးပတ်ပတ်လည်တွင် မြေကြီးတူးထားသည်ကို တွေ့မြင်ရသဖြင့် အဖေအား မေးမြန်းရာ အဖေမှ ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါသည်။ ထိုအခါ အမေက...

''တော့်နှယ်တော် ကျူပ်ကို မစောင့်ဘဲ''

ဟု မြည်တွန်တောက်တီးစွာ ပြောဆိုလိုက်ပြီး အမေမှ သူကိုယ်တိုင် တမာပင်တောင်ဘက် ငါးပေအကွာတွင် သံတူးရွင်းနှင့် စတင် တူးဖော်လေတော့သည်။

အမေသည် တူးဖော်နေသည်မှာ နာရီဝက်ခန့် ကြာလာသောအခါ မြေအိုးအသေးလေးတစ်လုံး တွေ့ရှိပါသည်။ အမေသည် မြေအိုးကိုတွေ့သောအခါ အထင်သေးစွာဖြင့် ပြောလိုက်သည်မှာ...

'အမယ်လေး အိုးကလေးကလဲ သေးသေးလေးတော့'

ဟု ပြောဆိုလိုက်ပြီး အိုးကို ဖွင့်ကြည့်လိုက်သောအခါတွင် အိုးမည်းခဲများနှင့် ပြာကိုသာ တွေ့ရှိလေတော့သည်။ ခဲလေသမျှ သဲရေကျကာ ချွေချွေလေး ဖြစ်သွားပါတော့သည်။ မိမိနှင့် မထိုက်သောကြောင့် မြေအိုးကို တွေ့သော်လည်း ရွှေ၊ ငွေ၊ ပစ္စည်း မရရှိဘဲ အိုးမည်းခဲနှင့် ပြာကိုသာ ရလေတော့သည်။

နောက်သုံးလလောက် ကြာသော အခါတွင် အဖေသည် သဖန်းပင်ကြီး အနီးတွင် နွားချည်ရန်အတွက် နွား[illegible] တိုင် ကျင်းတူးဖော်နေပါသည်။ [illegible] အချိန်တွင် အိမ်ခေါင်းရင်းမှ ကိုလှ[illegible]

www.burmeseclassic.com

www.burmeseclassic.com


ဆိုသူလည်း အမေနှင့် စကားစမြည် ပြောဆိုနေပါသည်။

အဖေသည် ကျင်းကို ဆက်လက် တူးဖော်နေရာ တစ်တောင်လောက် အရောက်တွင် ဝင်းဝါတောက်ပနေသော အလုံးတစ်လုံးကို အမှတ်မထင် တွေ့မြင်လိုက်ရပါသည်။ ထိုအခါ အဖေသည် လန့်ဖျပ်သွားကာ အမေနှင့် စကားပြောဆိုနေသော ကိုလုရွှေ၏ နာမည်အား "ဟာလုရွှေ"ဟု ရောင်ရမ်းအော်မိလိုက်ပါသည်။

မိမိကို ပေးချင်သော်လည်း သူတစ်ပါး၏ နာမည်အား အော်ခေါ်လိုက်သည့်အတွက် အော်ပြီးသည်နှင့် တစ်ပြိုင်တည်း ဝင်းဝါတောက်ပနေသော ရွှေရောင်အဆင်းသဏ္ဌာန် အလုံးမှာလည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားပါသည်။ ကျင်းတူးနေသည့် သံတူးရွင်းတွင် ဝါဝါဝင်းဝင်းအရောင် ကပ်ကျန်ရှိပါတော့သည်။

ကိုယ့်ကိုပေးသော်လည်း ဝင်းဝါတောက်ပသည့် ပစ္စည်းသက်မဲ့ ရွှေ မရရှိဘဲ သက်ရှိလူရွှေ ဖြစ်နေပါသည်။ အဖေ၏ နာမည်မှာလည်း ဦးရွှေလွန် ဖြစ်ပါသည်။ ဗေဒင်ဓာတ်သဘော အနေဖြင့် "လုရွှေ"သည် "ရွှေလွန်" နှင့် ကက်ကင်းဓာတ် ဖြစ်နေသဖြင့် ပေးကားပေးသော်လည်း မရဖြစ်နိုင်ချေ ဖြစ်နိုင်ပါသည်။ အဖေသည် ထိုဝါဝါဝင်းဝင်း အလုံးကို မျက်စိထဲမှ ယနေ့ထိတိုင် ပြေးမထွက်အောင် ရှိနေပါကြောင်း ပြောပြပါသည်။

နောက်တစ်နှစ်တွင် သဖန်းပင်ကြီးမှ ထူးခြားမှုတစ်ကြိမ် တွေ့မြင်ရပြန်ပါသည်။ အဖေသည် သဖန်းပင်ကြီး၏ သစ်ကိုင်းမှာ အရှေ့ဘက်သို့ ထိုးထွက်နေသဖြင့် လုံးပတ် တစ်လက်မလောက်သာရှိသော သစ်ကိုင်းအား ဓားဖြင့်ဖြတ်



တောက်လိုက်ပါသည်။

မကြာမီတွင် ထိုသစ်ကိုင်းခုတ်ရာ နေရာမှ ရေများ တစ်စက်ချင်း ကျနေရာမှ တဖြည်းဖြည်းနှင့် ရေများလာကာ သံစည်ပိုင်းနှင့်ပင် ခံထားရပါသည်။ ထိုသဖန်းရေမှာ ဖန်စပ်စပ်အရသာ ဖြစ်ပါသည်။ ရွာမှ ထူးခြားသည့် သဖန်းရေအား ရေဘူးများနှင့် သယ်ယူကာ မျက်စိကျိန်းသူများ သဖန်းရေခပ်လျှင် ပျောက်သွားကြသည်ဟု ဆိုကြပါသည်။ ဗိုက်နာရှိသူများလည်း သဖန်းရေသောက်လျှင် ပျောက်သွားကြောင်း ဆိုကြပါသည်။

ရွာအနီးရှိ အခြားရွာများမှလည်း လာရောက်ယူကြပါသည်။ ကျွန်တော်လည်း ထိုထူးခြားမှုသည် သဖန်းပင်မှ တကယ်ရေကျသည်ဆို၍ ရွာကိုပြန်ကာ ကြည့်ရှုပါသည်။

တကယ်လည်း ဟုတ်ပါသည်။ သဖန်းရေအား မြည်းစမ်းသောက်ကြည့်ဖူးပါသည်။ ထိုအချိန်တွင် အမေမှ အဖေသည် ထူးခြားမှုကို မသိဘဲ ရှက်လိုက်တာဟုသာ တဖွဖွပြောပြီး ချောင်ကျကျနေရာတွင် ပုန်းနေတတ်ကြောင်းကို ပြောပြပါသည်။

ကျွန်တော်တို့ရွာမှာ ချင်းတွင်းမြစ်ကမ်းဘေးဖြစ်သဖြင့် ရေတိုက်စားသောကြောင့် သဖန်းပင်ကြီးလည်း ချင်းတွင်းမြစ်ထဲ ပါသွားခဲ့ပါသည်။ ရွာမှာ ကမ်းပါးပြိုသွားသဖြင့် ယခင်က ရွာအရှေ့ဖျား ခေါင်းရင်းပိုင်းတွင်ရှိသော ရွာဦးကျောင်း ဘုန်းတော်ကြီးကျောင်းမှာ တဖြည်းဖြည်းနှင့် ယခုအခါ ရွာအနောက်ပိုင်းတွင် ကျန်ရစ်နေပါတော့သည်။ ကျွန်တော်အမေ့အိမ်သည် သုံးကြိမ်သုံးခါ ပြောင်းလဲဆောက်လုပ်နေထိုင်ခဲ့ကြရပါသည်။

ယခု နေအိမ်တွင်လည်း သဖန်းပင်မှာ စဉ်ဆက်မပြတ် ပေါက်ရောက်နေသည်ကို တွေ့မြင်ရပါသည်။ ဒီတစ်ကြိမ်တွင်တော့ ရုက္ခစိုးသည် သဖန်းပင်မှာ နေသည်မဟုတ်ဘဲ အိမ်ခေါင်းရင်းရှိ ကုက္ကိုပင်ကြီးတွင် နေထိုင်သည်ဟု အိပ်မက်ပေးလေတော့သည်။ တစ်ညတွင် အမေသည် အိပ်မက် မက်ရာတွင် ရုက္ခစိုးမှ...

'ငါလဲ မတက်နိုင်တော့ဘူး။ ဒါလေးသာ ယူတော့'

ဟု ငွေမတ်စေ့လေးတစ်စေ့ ပေးပါသည်။

အမေသည် နံနက်စောစော ထ၍ တံမြက်စည်း လှည်းသည့်အခါတွင် ကုက္ကိုပင်ကြီးအနီး အမှိုက်လှဲ့ရာမှ ထူးခြားဆန်းကြယ်စွာဖြင့် အိပ်မက်ပေးသည့်အတိုင်းပင် ငွေမတ်စေ့လေး တစ်စေ့သာ ရရှိလိုက်ပါသည်။ အမေသည် မိမိနှင့် ထိုက်တန်သလောက်သာ ငွေမတ်စေ့လေးကို ရရှိ၍သာ ကျွန်တော့်အား တစ်ဆင့် အမွေပေးထားခဲ့သည်ဟုသာ ယုံကြည်မိပါတော့သည်။

**၂၀၁၂ ခုနှစ်၊ မတ်လတွင် ကွယ်လွန်မသွားမီ ပြောပြသော မိခင်ကြီး ဒေါ်ညိုအား ရှိခိုးလျက်...**

**ကျော်သန်း**
**(အကြီးတန်း လက်နှိပ်စက်)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တွေ့ကြုံခဲ့ရသော

# ဒဏ္ဍာရီ မဟုတ်သော

ဖြစ်ရပ်မှန်များ (၁)

ငွေနုဒီ



ကျွန်ုပ်တို့ နေထိုင်သော သတ္တလောကကြီးသည် မသိ၊ မမြင်နိုင်သော သာမန် အသိဉာဏ်လောက်လေးဖြင့် လိုက်မမီနိုင်သော ထူးခြားဆန်းကြယ်မှုများဖြင့် ထာဝရပြည့်သိပ်နေတော့၏။

ထိုကဲ့သို့ သာမန်အသိဉာဏ်လောက်လေးဖြင့် လိုက်မမီနိုင်သော ထူးခြားဆန်းကြယ်မှုများ ရှိသည်ကို မယုံကြည်ခဲ့။ မယုံကြည်သဖြင့် မလေးမစားတွေ လျှောက်ပြော၊ လျှောက်လုပ်ခဲ့၍ ဆန်းကြယ်သော ဒဏ္ဍာရီမဟုတ်သော အဖြစ်အပျက်များ ကျွန်ုပ်ကိုယ်တိုင်ခံစားခဲ့ရသည်များကို စီကာပတ်ကုံးရေးပြရသည်ရှိသော်...

ကျွန်ုပ်သည် သိပ္ပံသမားဖြစ်သည့်အားလျော်စွာ ဘယ်အရာကိုမဆို လက်တွေ့စမ်းသပ်လိုက်ရမှ ကျေနပ်သူဖြစ်၏။

မိန်းကလေးတစ်ယောက်ပင် ဖြစ်သော်လည်း မိန်းကလေးစိတ်ဓာတ်လိုပျော့ပျောင်းနူးညံ့မှုရှိမနေ။ အစ်ကိုနှင့်မောင်တွေကြား ကြီးပြင်းခဲ့သူဖြစ်၍ လားမဆိုနိုင် တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ ရှူးရှူးဒိုင်းဒိုင်းဖြင့် စိတ်မြန်ကိုယ်မြန်သမားဖြစ်၏။ ဘယ်အရာကိုမှလည်း ကြောက်လန့်မှု သိပ်မရှိလှပေ။

သို့သော် တစ်ရက်သောအခါသမ... ၌ စကားတစ်ခွန်း၊ နှုတ်မြွက်တစ်ဟ... ပေါ့ပျက်ပျက်၊ ရွှတ်နောက်နောက် ပြေ... လိုက်မိရာမှအစ...လက်တွေ့စမ်းသ... လိုက်ရမှ ယုံကြည်တတ်သူ၊ ကြော... လန့်စိတ်မရှိတတ်သူ ကျွန်ုပ်သည် ... စွာမှ အထိတ်ထိတ်အလန့်လန့် ဖြ... သွားရမှုများဖြင့် နဖူးတွေ့၊ ဒူး... ကြုံတွေ့လိုက်ရသည်၏ နောက်ဝယ်...

၁၉၉၂ ခုနှစ်၊ မတ်လ၏ တစ်... သောနေ့၌ ကျွန်ုပ်၏မိခင်ကြီးက ကျွ... စာဖတ်နေရာနားသို့ လာခေါ်... အကြောင်းမှာ ကျွန်ုပ်သည် နေ့စဉ်... ဆက်ဆိုသလို ပါးစပ်ထဲမှ ဆံချည်... အထွေးကြီးများ၊ ပျစ်ချွဲချွဲဖြူဖြူ အ... ကြီးများ၊ မုန်ညင်းရွက်လို စိမ်း... အရာများကိုအန်,အန်ထွက်နေရ...



www.burmeseclassic.com

www.burmeseclassic.com

ဟု မြင်မက်ဖန်များနေ၍ စိုးရိမ်စွာဖြင့် မြန်မာဆေးဆရာ တစ်ယောက်ဖြင့် ပြသရန်ဖြစ်၏။ "သူများပြုစားထားပြီ ထင်တယ်"ဟုလည်း ပြောနေတော့၏။

ကျွန်ုပ်သည် ထိုသို့သော အယူအဆများကို လုံးဝ ယုံကြည်သူမဟုတ်၍ "မပြချင်ပါဘူးမေမေရာ... အလကား အလုပ်ရှုပ်လို့၊ သမီး...အဲဒါတွေကို မယုံပါဘူး"ဟုလည်း ခပ်သောသော ပြောလိုက်သေး၏။

မိခင်ကြီးက ကျွန်ုပ် ဘယ်လိုငြင်းငြင်း မရပေ။ ပြကိုပြရမည်ဟု ပြောလေတော့၏။ ကျွန်ုပ်လည်း မိခင်ကြီး စိတ်ချမ်းသာစေဖို့ ဆရာရှိရာ တစ်အိမ်ကျော်သို့ လိုက်ခဲ့၏။

**(ဆရာသည် ဘွဲ့ရ ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ရွှေဘိုမြို့နယ်က (...)ရွာတွင် ကျောင်းဆရာလုပ်နေသူ ဖြစ်၏။ ပါရမီရှိသည့်အားလျော်စွာ အသက်(၁၅) နှစ် အရွယ်ကတည်းက "ဣန္ဒာသယမဟိဒ္ဓိစေဂိုဏ်း"ထဲသို့ဝင်၍ အကျင့်စရဏများစွာကို ကျင့်ကြံပွားများအားထုတ်နေသူဟု နောင်မှသိရပါ၏။ *(မှတ်ချက်။ ။ ယခုဆရာမရှိတော့ပါ။ ငှက်ဖျားရောဂါဖြင့် ဆုံးပါးကွယ်လွန်သွားခဲ့ပါပြီ။)***

ကျွန်ုပ်၏မိခင်ကြီးသည် တော်ရုံဖြင့် "ဆရာ"ဆိုတိုင်း အယုံအကြည်မရှိလှသော်လည်း ဆရာ၏ မိခင်ကြီးနှင့် ကျွန်ုပ်၏ မိခင်ကြီးသည် ညီအစ်မအရင်းတမျှ ခင်မင်ရင်းနှီးကြသူများ ဖြစ်ကြ၍ လူရင်းတွေမို့ ယုံကြည်မှုရှိတာလည်း ပါပေမည်။

ဆရာရှေ့ရောက်သောအခါ ကျွန်ုပ်အား ငါးပါးသီလခံယူခိုင်းပြီးလက်အုပ်ချီစေကာ မျက်လုံးမှိတ်ထားခိုင်း၏။ ခဏအကြာတွင် လက်အုပ်ချီထား



သော ကျွန်ုပ်၏ လက်ချောင်းလေးများသည် တဖြည်းဖြည်း ချဲကားလာနေသလို ခံစားနေရ၏။

ကျွန်ုပ်က အတင်းစိကပ်နေအောင် လုပ်ထားသော်လည်း ဘယ်လိုမှမရ။ ကျွန်ုပ်၏ လက်ချောင်းလေးများသည် ဆတ်ခနဲ ဆတ်ခနဲ လှုပ်ကာ ချဲကားသွားပြန်လေသည်။ နောက်ဆုံးတော့ ကျွန်ုပ်သည် စူးစမ်းလိုစိတ်ဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ဆရာက နှုတ်မှတိုးတိုးဖွဖွ ရွတ်ဆို (ဘုရားစာများ ရွတ်ဆိုနေခြင်း ဖြစ်ပါမည်။) နေတာကို တွေ့ရတော့၏။

ကျွန်ုပ်က မျက်လုံးဖွင့်ကြည့်လိုက်၍ ဆရာသည် ကျွန်ုပ်ကို ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်ပြီး မိခင်ကြီးကို စကားပြော၏။

'အန်တီ့သမီးမှာ ဘာရောဂါမှ မရှိပါဘူး။ သူ့ကိုစောင့်ရှောက်နေတဲ့ အထက်ပုဂ္ဂိုလ်တွေ ရှိတယ်၊ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော် လက်ဝါးသုံးချက် ရိုက်ပေးခဲ့ပါ့မယ်၊ ကိုယ်လုံသွားအောင်ပေါ့'

ဆိုပြီး ချက်ချင်းပဲ ဘာမပြော ညာမပြောဖြင့် ကျွန်ုပ်၏ ညာဘက်လက်ကို ဖျတ်ခနဲ ဆွဲယူ၍ လက်ဝါး သုံးချက် ရိုက်ပေးလိုက်၏။

'ကိုင်း...ဒီနေ့ကစပြီး (၁)အမဲသား၊ ကျွဲသားကို လုံးဝမစားရဘူး၊ (၂) သေရည်သေရက်ကို ဆေးဝါးအဖြစ်မှလွဲ၍ လုံးဝမသောက်ရဘူး၊ (၃)သူတစ်ပါး သားမယားကို မပြစ်မှားရဘူး၊ ဒီသစ္စာသုံးချက်ကို ရအောင်ထိန်းပါ၊ ပါရမီပါလာရင် ဘယ်လိုမှ ရှောင်ချင်လို့မရဘူး၊ အချိန်ကျလာရင် ဖြစ်လာရတာပဲ'

ဟု တိုပြတ်ပြတ် ပြောလေ၏။

ကျွန်ုပ် စိတ်မဝင်စားတာကို စိတ်အကြံသိပုံရ၏။ ကျွန်ုပ်၏ လက်ဖဝါးကို ရိုက်၍ ဂိုဏ်းဝင်တစ်ယောက်ဖြစ်စေ၏။ သစ္စာ(၃)ချက်ကို စောင့်ထိန်းခိုင်းလေတော့၏။ ချက်ချင်းဆိုသလို အယောင်ယောင်အမှားမှားဖြင့် သစ္စာ(၃)ချက်ကို တစ်သက်လုံး စောင့်ထိန်းပါမည်ဟု ကတိ ပေးလိုက်မိလေတော့သည်။

လုံးဝ မယုံကြည်သူက ဘယ့်နှယ်ဖြစ်ပြီး ကတိပေးလိုက်မိသည်ကို မသိတတ်တော့ပါ။ အတော်တော့ အံ့သြဖို့ကောင်းလေ၏။ ကျွန်ုပ်သည် ဘုမသိ၊ ဘမသိဖြင့် ဆရာပြောသော "ဣန္ဒာသယမဟိဒ္ဓိစေဂိုဏ်း"၏ ဂိုဏ်းဝင်ဖြစ်မှန်းမသိ ဖြစ်ခဲ့လေတော့၏။

ဆရာပြောသော "**ပါရမီပါလာရင် ဘယ်လိုမှ ရှောင်ချင်လို့မရဘူး**" ဆိုသော စကား၏အနက်အဓိပ္ပာယ်ကို ထိုအချိန်တုန်းက ဘယ်လိုမှ နားမလည်ခဲ့ပါ။


(ကျွန်ုပ်သည် အမဲသားကို ငယ်စဉ်(၁၃)နှစ်သမီးအရွယ်ကတည်းကမစားခဲ့တော့ခြင်းဖြစ်၍ ထူးပြီး စောင့်ထိန်းနေစရာမလိုပေ။ ကျန်သည့်(၂)ချက်ကိုလည်း ထူးပြီး စောင့်ထိန်းစရာမလိုပါ။)

သို့ဖြင့် ကျွန်ုပ်သည် မိခင်ကြီးစိတ်ချမ်းသာဖို့ အကြိုက်လိုက်လျော[illegible] နေပေးလိုက်တော့၏။ ပြီးသ[illegible] အားလုံးကို မေ့မေ့ပျောက်ပျော[illegible] ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။

မမေ့တာက မိခင်ကြီး ဖြစ်၏။ နောက်လေး,ငါးလ အကြာတွင် "ရွှေရင်ကျော် ကူဋ္ဌာသယမဟိန္ဒိစေဂိုဏ်း" ကြီး၏ ဦးစီးခေါင်းဆောင် ပုဂ္ဂိုလ်များဟု ဆိုသော ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံကြီးကို အိမ်သို့ ယူဆောင်လာခဲ့လေတော့သည်။

ဘုရားစင်ခပ်မြင့်မြင့်၏ အောက်နားခပ်ကျကျတွင် သစ်သားပြား(၅)ချပ်ဖြင့် စင်လေးတစ်စင်ရိုက်၍ ထိုဓာတ်ပုံကြီးကို ချိတ်ဆွဲထားလေသည်။ အထက်ပုဂ္ဂိုလ်ကြီးများ၏ပုံတွဲ။ဓာတ်ပုံကြီးရှေ့တွင် ဖန်ခွက်ထဲ၌ သပြေပန်းများ ထိုးစိုက် ပေးထားပြန်လေသည်။

ကျွန်ုပ်ကတော့ ရတနာမြတ်သုံးပါး ကလွဲ၍ ဘာကိုမှ အယုံအကြည်မရှိဘူးဆိုသော စိတ်တစ်ခုဖြင့် မိခင်ကြီး ဆောင်ရွက်နေသမျှကို ရယ်မော၍သာ ကြည့်နေခဲ့လေသည်။ ဘာကိုမှ နားမလည်၊ မသိတတ်ခဲ့ရိုးအမှန်ပါ။ ထိုစဉ်က ကျွန်ုပ်၏အသက်သည် နှစ်ဆယ်ကျော် ငါးနှစ်ပတ်လည် အရွယ်ဖြစ်လေ၏။

၁၉၉၂ ခုနှစ်၊ နှစ်ကုန်ပိုင်း ဒီဇင်ဘာလတွင် ကျွန်ုပ်သည် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်နေ့ ပုတီး(၁၀)ပတ်ရအောင် စိပ်နေချိန်ဖြစ်၏။ နေ့စဉ်နေ့တိုင်း ကိုယ့်ဘာသာ အာရုံရ၍ စိပ်နေခြင်း ဖြစ်သော်လည်း ကြာတော့ ပျင်းလာခဲ့၏။

ပုထုဇဉ်လူသားပီပီ ကောင်းသည့်အာရုံမှာ မပျော်ပိုက်ချင်ဘဲ မကောင်းသည့်အာရုံဘက်သို့ တိမ်း ညွှတ်ဖို့တာစူလေတော့၏။ အပျင်းဘက်၊ အအိပ်မက်လာခြင်းဖြစ်၏။ ကြိုးစား၍ ထိန်းချုပ်ကာ ရတနာမြတ်သုံးပါးကို နေ့ညမပြတ်ရအောင် ရှိခိုးပူဇော်နေရလေ၏။

သို့သော်လည်း ဘယ်လိုဖြစ်လာခဲ့သည်မသိ။ ကျွန်ုပ်သည် ဘုရားလည်း ရှိမခိုးချင်၊ သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကိုလည်း ပုတီးမစိပ်ချင်တော့လောက်အောင် ဖြစ်လာခဲ့လေတော့သည်။

သို့ဖြင့် စိတ်ခပ်ပေါက်ပေါက်ဖြစ်လာကာ ဘာမဆိုင်၊ ညာမဆိုင်၊ မိခင်ကြီး ပြုလုပ်ထားသော စင်လေးရှေ့တွင် ဖျတ်ခနဲ သွားရပ်ပြီး...

'ကဲ ယောဒီက အဘိုးတို့က အထက်ပုဂ္ဂိုလ်ကြီးများလို့ သိရပါတယ်၊ အဘိုးတို့ တကယ်ရှိရိုးမှန်ရင်၊ အထက်ပုဂ္ဂိုလ်ကြီးများ တကယ်မှန်ရင် ကျွန်ုပ်ကို သိသာထင်ရှားအောင်ပြပါ။

ကျွန်ုပ် အခု သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုလဲ ပုတီးမစိပ်ချင်တော့ဘူး။ နေ့စဉ်စိပ်နေရတာ ပျင်းလာပြီ၊ ကျွန်ုပ် ဒီထက်မက ရတနာမြတ်သုံးပါးကို ရှိသေကိုင်းရှိုင်းလာအောင် ပြုလုပ်ပေးနိုင်ရင် ပြုလုပ်ပေးကြပါ။ ကျွန်ုပ်ကတော့ ပျင်းတာအမှန်ပဲ'

ဟု ရွှတ်တီးရွှတ်နောက်ပြောကာ တဟားဟား ရယ်မောနေလိုက်၏။

ဘေးနားကန့်ရံတွင် မှီထိုင်နေသော ကျွန်ုပ်၏အဘွားက ကြားသောအခါ...

'ဟဲ့...ငါ့မြေး... ညညီး ဘာတွေ လျှောက်ပြောနေတာလဲ။ မရှိမသေ မလေးမစားတွေ မပြော မဆို ကောင်းပါဘူးအေ။ ညည်းတော့ ဘေးထိတော့မှာပဲ'

ရှေးလူကြီးပီပီ စိုးရိမ်ကြီးစွာ ပြောရှာ၏။ (ကျွန်ုပ်၏အဘွားကာ မျက်စိမမြင်ပါ)

"Don't worryပါ အဘွားရာ"ဟုကျွန်ုပ်က ပြောလိုက်သေး၏။

ရွှတ်နောက်နောက်များ ပြုလုပ်ပြီး ပြောပြီး မေ့ပျောက်ဖြစ်သွားသည်က ကျွန်ုပ်၏အကျင့်ပင် ဖြစ်လေတော့၏။ ပုတီးကိုလည်း မစိပ်ဘဲ ပစ်ထားလိုက်တော့၏။

နှစ်ကုန်၍ ဇန်နဝါရီလဆန်းသို့ ရောက်လာခဲ့လေပြီ။ (ပြောပြီး တစ်ပတ်အကြာတွင်ဖြစ်၏။)

ကျွန်ုပ်သည် နေ့စဉ်ရက်ဆက်ဆိုသလို ချမ်းစိမ့်စိမ့်ကြီး ဖြစ်နေလေတော့၏။

ဆောင်းရာသီလည်းဖြစ်ပြန် ကျွန်ုပ်နေထိုင်ရာက သစ်ပင်ကြီးများ အုပ်ဆိုင်းမှိုင်းညို့နေ၍ အအေးဓာတ်ပို၍ပဲဟု ထင်နေသည်။ သုံးရက်အကြာတွင် ဖျားတ်လမ်း စ,ပါလေတော့သည်။

ကျွန်ုပ်သည် ထိုအချိန်ကခရိုင်မြို့ကြီး တစ်မြို့ရှိ ကုန်ပဒေသာဆိုင်တွင် တာဝန် ထမ်းဆောင်နေချိန်ဖြစ်၏။ ကျွန်ုပ်နှင့်အတူ ဝန်ထမ်း(၃)ဦးလည်း ရှိ၏။ ဆိုင်ထဲ တာဝန်ထမ်းဆောင်နေခိုက် နေ့လယ်(၁)နာရီခန့်အချိန် အိပ်ချင်လိုက်တာဟုပြောကာ ခုံခပ်မြင့်မြင့်ကြီးပေါ်တွင် ခဏမှေးနေလိုက်ချိန် ဘယ်လို ဖြစ်သွားသည်မသိ။ ကျွန်ုပ် သတိရလာတော့ ကျွန်ုပ်နားတွင် လူတွေဝိုင်းအုံပြီး ကျွန်ုပ်နာမည်ကို အတွင် ခေါ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် သူတို့ခေါ်တာကို ကြားသော်လည်း ပြန်မထူးနိုင်ဘဲ ကျွန်ုပ်၏ခေါင်းကြီးက တဆတ်ဆတ် ခါယမ်းနေ၍ ငါဘယ်လိုဖြစ်နေတာပါလိမ့်ဆိုပြီး ထိန်းချုပ်နေမိ၏။ သွားရည်တွေကလည်း တများများကျနေလေ၏။ လက်နှင့်သုတ်ပစ်ဖို့လုပ်တော့လည်း လက်တွေခြေတွေကလည်း ဖိုးဖိုးဆတ်ဆတ်ခါယမ်းနေ၍ ဘယ်လိုမှ သုတ်မဖြစ်။

ကျွန်ုပ်က သတိရ၍ ကြိုးစား ထိန်းချုပ်နေသော်လည်း လုံးဝမရ။ စကားလည်း မပြောနိုင်ဘဲ ဖြစ်နေချိန် ဘေးမှ ဝိုင်းကြည့်နေသည့်လူများက...

'ဘယ်လိုဖြစ်သွားတာလဲ၊ ဘယ်လိုဖြစ်သွားတာလဲ၊ ရုပ်ကိုကြည့်ရတာလဲ သွေးတစ်စက်မှ မရှိတော့သလိုဘဲ ဖြူဖျော့နေပြီ မြန်မြန် မြင်းလှည်းပေါ်ခေါ်ကြပါ။ သူ့အိမ်ကိုလဲ အကြောင်းကြားကြပါ'

ဟု စိုးရိမ်တကြီး အသံများဖြင့် ပြောဆိုနေကြလေ၏။


ကျွန်ုပ်သည် သူတို့ ပျာယာခတ်နေကြတာကို မြင်သိ ကြားနေရက်နှင့် နှုတ်ကို အာစေးထည့်ထားသလို ဘာမှကို ပြန်မပြောနိုင်တာတော့ အတော်ထူးဆန်းလေသည်။ သို့ဖြင့် ကျွန်ုပ်အား မြင်းလှည်းပေါ်ဆွဲတင်ပြီး ဆေးခန်းသို့ ဒုန်းဆိုင်း မောင်းပြေးနေချိန်တွင်ပင် ချက်ချင်း အကောင်းပကတိ ပြန်ဖြစ်သွားလေသည်။

ဆေးခန်းကိုရောက်၍ ဆရာဝန်က...

'ကဲ...ဘယ်လိုဖြစ်လာတာလဲ ဆိုကြပါဦး'

ဟု မေးလိုက်စဉ် ဘေးမှ မိတ်ဆွေများက အကျိုးအကြောင်း ပြောပြလိုက်ကြ၏။

ဆရာဝန်က ဆေးခုတင်ပေါ် လှဲ



အိပ်ခိုင်းရာ Pressure တိုင်းကြည့်၏။ အပူချိန်(၁၀၀)ဒီဂရီဖာရင်ဟိုက်လောက်ကလေးပဲ ရှိနေတာကို တွေ့ရသောအခါ ''ဟင်...ဒီလောက်လေးနဲ့ သတိမေ့ပြီးဖြစ်သွားရအောင်က''ဟု စကားကို ရှေ့မဆက်ဘဲ ပုံမှန်အတိုင်း ဖြစ်နေသော ကျွန်ုပ်ကိုကြည့်ကာ အံ့သြနေ၏။

သို့ဖြင့်... ဆေးခန်းမှ ပြန်လာပြီး ခဏအကြာတွင် ကျွန်ုပ်၏အိမ်မှ လာကြိုသည်နှင့် အိမ်ပြန်နားလိုက်ရ၏။ အိမ်ကျတော့လည်း အကောင်းပါပဲ။

နောက်နှစ်ရက် အကြာတွင် တစ်ခါ ထပ်ဖြစ်ပြန်၏။ ဆိုင်ထဲက ခုံအမြင့်ကြီးပေါ်တွင် မှီထိုင်၍ လမ်းမကြီးဘက်ကိုကြည့်နေချိန် မျက်လုံးက ဝါတာတာ ဖြစ်လာ၏။ ဝါရာမှ ပြာလာခဲ့၏။ ပြာရာမှ မှောင်မိုက်လာခဲ့က အိပ်ပျော်သလို ဖြစ်သွားပြန်လေ၏။

ကျွန်ုပ်နိုးလာတော့ ပထမအကြိမ်တုန်းကဖြစ်သလိုမျိုး ဖြစ်နေပြန်တော့သည်။ ဆေးခန်းမရောက်မီဘဲ အကောင်းပကတိ ဖြစ်နေပြန်တော့၏။

ကျွန်ုပ် ခေတ္တနေထိုင်နေသော ခရိုင်မြို့ကြီးက ငှက်ဖျားဓာတ်ခံရှိသည့် မြို့မို့ ငှက်ဖျားဖြစ်တာဟု ထင်ကြ၏။

ကျွန်ုပ်ကိုယ်တိုင်လည်း ထိုသို့ပဲထင်ပါသည်။ ဆေးရုံကို ဆေးသွားစစ်ကြည့်သောအခါ၌လည်း ငှက်ဖျားပိုး တွေ့သည်ဟု ပြော၍ ငှက်ဖျားဆေးပြင်းများကို သောက်ရပြန်လေသည်။

ကျွန်ုပ် ဘာမှမစားမသောက်နိုင်ဘဲ ဆေးပြင်းများကြောင့် နုံးချည့်မောဟိုက်စွာ ခွေခွေလေးရှိနေသော ညနေဝင်ရီတရောအချိန် ဖြစ်လေ၏။ အဖျားဒီဂရီလည်း မဆိုစလောက် ရှိနေသည့်အချိန်ဖြစ်၏။ ဆောင်းတွင်းမီးဖိုနားတွင် ဂုန်နီအိတ်ထူထူခင်း၍ မီးဖိုကို ကျောပေးထားကာ ကွေးကွေးလေး မှေးအိပ်နေမိစဉ် နားထဲ၌ အသံကြီး တစ်သံကိုကြားရ၏။ အလွန်အောင်မြင်လှသော အသံကြီး ဖြစ်ပါ၏။ ဩဇာဓာတ် ပါရှိလေသည်။

'ဂုဏ်တော်တစ်ထောင် စိပ်ပါတော့လား'

ဟူ၍ ပြောလေ၏။

ကျွန်ုပ်သည် ဖျားနေ၍ အားနည်းကာ ကြားချင်ရာ ကြားရတာနေမှာပါ ဟုတွေးကာ ဆိတ်ဆိတ်နေမိ၏။ ကျွန်ုပ်၏ ဘေးနားတွင် မိသားစု အကုန်ဝိုင်း ထိုင်နေကြကာ ကောက်ညှင်းခေါ်ပုတ်ကင် စားကြရင်း ရောက်တတ်ရာရာ ပြောဆိုနေကြလေ၏။ ကျွန်ုပ်၏ ခေါင်းရင်းနားမှာ ထိုင်နေသော ဖခင်ကြီးက ကျွန်ုပ်၏နဖူးကို ခဏခဏ စမ်းကြည့်နေရှာ၏။

**''ဂုဏ်တော်တစ်ထောင်စိပ်လေ''**

ဟု နောက်တစ်ခါ ကြားရပြန်၏။ ဒီတစ်ခါတော့ ကြားချင်တာကြားရတာ မဟုတ်တော့ပေ။ ပီပီသသကြီးမို့ ကျွန်ုပ်လည်း ဘာမှန်းမသိဘဲ **''ဂုဏ်တော်တစ်ထောင် မစိပ်တတ်ဘူး''** ဟု စိတ်ထဲက ပြန်ပြောလိုက်၏။

'ဂုဏ်တော်ကိုးပါးကို မရဘူးလား'

'ရပါတယ်'

'အေး အဲဒီဂုဏ်တော်ကိုးပါးစလုံးကိုရွတ် ပုတီးတစ်လုံးချနဲ့ (၁၀)ပတ်ရအောင်စိပ် ဝိုးမြှုပ်လုပ်ထားတဲ့အပြစ် ဝိုးမြှုပ်ပေးနေပြီလား အဲဒီအတွက် အသာကလာပြီး သတိပေးတာ အပြစ်ကျေအောင် ဆပ်ရမယ်'

'ဟင်...သမီး ဘာအပြစ်ရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

'ပြန်စဉ်းစား'

အဲဒီလို အမေးအဖြေလုပ်နေသည်က ကျွန်ုပ်စိတ်ထဲကပဲ ပြောနေခြင်းဖြစ်ပါသည်။ ဒါကြောင့်မို့ ကျွန်ုပ် ဖြစ်ပျက်နေသည်များကို မည်သူမှမသိကြပေ။ အသံကြီးကိုလည်း ကျွန်ုပ်သာ ကြားရလေသည်။

ကျွန်ုပ် စဉ်းစားနေမိပါသည်။ ခဏမဆိုင်းဘဲ သတိရလိုက်ပါ၏။ အထက်ပုဂ္ဂိုလ် ဆိုသည်များကို ပြောင်ချော်ချော်ရွတ်နောက်နောက်ဖြင့် ပြောဆိုခဲ့မိခြင်းက စိန်ခေါ်သလို ဖြစ်သွားခဲ့ရခြင်းပါပဲ။

ခဏကြာတော့ ''သတိရပြီလား'' ဟု မေးသံကြီး ကြားရပြန်၏။

'ဟုတ်...ဟုတ်ကဲ့အဘ သတိရပါပြီ။ အဘက... အဲဒီဓာတ်ပုံထဲက ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသလား'

'မဟုတ်ဘူး။ ဘာမှထပ်မမေးနဲ့ ပုတီးစိပ်တော့'

ကျွန်ုပ်၏နားထဲတွင် နောက်ထပ်ဘာသံမှ ထပ်မကြားရတော့ပေ။

သို့ဖြင့် ကျွန်ုပ်သည် ခဏချင်းစိတ်ပိုင်း ဖြတ်လိုက်တော့၏။

'ဖေဖေ သမီးကို ဘုရားစင်မှာချိတ်ထားတဲ့ သမီးရဲ့ပုတီးကို ယူပေးနော်'

လေသံခပ်ပျော့ပျော့ဖြင့် ပြောလိုက်ရ၏။ ဖခင်ကြီးက ခဏမဆိုင်း သွားယူပေးရှာ၏။

'သမီး စိပ်နိုင်ရဲ့လား၊ မစိပ်နိုင်ရင် စိပ်မနေနဲ့ သမီးရယ်၊ ပင်ပန်းနေပါ့မယ်၊ နေကောင်းမှ စိပ်ပါ'

'မစိပ်လို့မရဘူး ဖေဖေ'

ဟုပြောကာ ဘုရားရှိခိုးဦးချလိုက်၏။ ထိုင်မကန်တော့နိုင်၍ အိပ်နေရင်းဖြင့် တောင်းပန်ကန်တော့ကာ ငါးပါးသီလ ခံယူလိုက်သည်။

ပြီးသည်နှင့် ဂုဏ်တော်တစ်ထောင်ကို စ,စိပ်မိတော့၏။ စိပ်ခါစဖြစ်၍ ခက်ခဲပင်ပန်းကြီးစွာ အာရုံယူ၍ စိပ်နေရလေတော့သည်။ ဂုဏ်တော်တစ်ထောင် ပြည့်အောင် ဖွဲ့တင်း၍ စိပ်ပြီးသောအခါ ချွေးပုပ်များ စို့ရွှဲနေအောင် ထွက်လာလေတော့သည်။ စိတ်များလည်း ပေါ့ပါးလန်းဆန်းလာသလို ခံစားမိရ၏။

စင်ပေါ်က ဓာတ်ပုံထဲတွင်ရှိသော ပုဂ္ဂိုလ်ကြီးများကိုလည်း ''ဝစီကံ၊ မနောကံတွေဖြင့် ပြစ်မှားကျူးလွန်ခဲ့မိသည်များကို သည်းခံခွင့်လွှတ်ပေးကြပါ''ဟု ဝန်ချတောင်းပန် ကန်တော့လိုက်ရပါတော့သည်။

ထိုညတွင် အိပ်မက် မြင်မက်ခဲ့ပါသည်။

အိပ်မက်ထဲတွင် လူကိုမမြင်ရဘဲ ထပ်တစ်ရာများ လာကျွေးပါသည်။ ဖန်ခွက်ကြည်ကြည်ဖြင့် ဆီးဖျော်ရည်လိုအရောင်မျိုး ဆေးများလာတိုက်ပါသည်။ အိပ်မက်ထဲတွင် အစာကို ကောင်းစွာစားသောက်နိုင်သော်လည်း အိပ်မက်ပြင်ပတွင်မူ ကျွန်ုပ်သည် အစာကို ကောင်းစွာ စားနိုင်ခြင်းမရှိပါ။ လူက ပိုးဟပ်ဖြူလို ဖြစ်နေတော့၏။

ဖျားလိုက် ပျောက်လိုက်နှင့် ဖြစ်နေရာ တစ်ရက်သောညတွင် ရုတ်တရက် အပြင်းအဖျားတက်လာ၏။ စောင်အထပ်ပေါင်းများစွာခြုံ၍ (၁၀)နှစ်သမီးရွယ် ညီမအငယ်ဆုံးလေး တက်ပြီး ဖိထားတာကိုပင်မရပါ။ ခန္ဓာကိုယ် တစ်ကိုယ်လုံး ပူခြစ်တောက်ကာ ဖိုးဖိုးဆတ်ဆတ် တုန်ခါယမ်းနေလေတော့၏။

ကျွန်ုပ်၏ဝမ်းထဲမှာတော့ ရေခဲတုံးကြီးတစ်မျှ အေးစက်တုန်ခိုက်နေပါတော့သည်။ အသည်းနှလုံး၊ ကလီစာတွေအကုန်လုံး ပြုတ်ကြွေကုန်ပြီလား အောက်မေ့ရလောက်အောင် အလူးအလဲ ခံစားနေရပါသည်။ (တစ်သက်နှင့်တစ်ကိုယ် အခုလိုဝေဒနာမျိုး ဘယ်တုန်းကမှ မခံစားခဲ့ရဘူးပါ။) သို့သော် ကျွန်ုပ် သတိတစ်ချက် မလွတ်ပေ။ ဂုဏ်တော်ကိုးပါးကိုသာ တတွတ်တွတ် ရွတ်ဆိုနေမိရလေ၏။

မိဘနှစ်ပါးနှင့် မောင်ညီမများက ကျွန်ုပ်၏အဖြစ်ကြောင့် ဆရာဝန်ပြေးပင့်ရန် စိုင်းပြင်နေကြလေ၏။

'ဆရာဝန်လုံးဝမပင့်နဲ့၊ ဘာမှမဖြစ်ဘူး၊ မကြာခင် သက်သာသွားမှာပါ၊ အေးအေးဆေးဆေးနေကြပါ'

ဟု အသံတုန်တုန်ခိုက်ခိုက်နှင့် ပြောလိုက်ရပါသည်။

ကိုယ့်အပြစ်နှင့်ကိုယ် ဒဏ်ခတ်[ခံ]လိုက်ရပြီဟု နောင်းနောင်တဖြင့် တု[န်]လှုပ်ကြောက်လန့်စွာ နားလည်လိုက်[ရ]ခြင်းပါပေ။

ထိုညတွင် ကျွန်ုပ် အိပ်မက်,မက်[ခဲ့]ပြန်ပါသည်။ ကျွန်ုပ်သည် သေဆုံးသွား[း]ပြီဖြစ်၍ ကျွန်ုပ်၏ ရုပ်အလောင်းအ[ား] ကျွန်းသစ်သားခေါင်းကြီးဖြင့် ထည့်[ကာ] သုသာန်သို့ ထမ်းယူသွားနေကြလေ[၏။]

လိုက်ပါပို့ဆောင်ကြသော များပြ[ား]လှသော လူအုပ်ကြီး၏ ခပ်လှမ်းလှမ်း[း] ကုန်းကမူလေးပေါ်တွင် ကျွန်ုပ်သ[ည်] ဆောင့်ကြောင့်လေးထိုင်ကာ ကြ[ည့်] နေလေ၏။ ကျွန်ုပ်၏ သက်မဲ့ခ[န္ဓာ] ရုပ်အလောင်းကို ကျွန်ုပ် ပြန်မြင်နေ[ရ]ခြင်းက ထူးဆန်းနေလေတော့၏။ မိ[ဘ] နှစ်ပါးက ကျွန်ုပ်၏ သက်မဲ့ခန္ဓာ[ရုပ်] အလောင်းကိုကြည့်ကာ ဝမ်းပန်းတ[နည်း] ငိုကြွေးနေကြလေသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထွေးနဒီ**



www.burmeseclassic.com

www.burmeseclassic.com

တင်ဘုန်းဝင်း

# ပျားမုဆိုး

ဆောင်းနှောင်းကာလ နွေဦးစ,တော့မည်။ မှိုင်းညို့ညို့ တောတန်းထက်က စိမ်းမြမြ သစ်ရွက်တွေကလည်း ရင့်ရော်စပြုလေပြီ။ အင်ကြင်း၊ နဘဲ၊ သစ်ဖွဲ(ဘုတလက်) ရွက်တွေကလည်း ရဲရဲနီ၍ နေချေပြီ။ ပြိုးပြိုးပြက်ပြက်နှင့် ပျဉ်းကတိုးရွက်တွေကလည်း ဝင်း၍ ဝါ၍ နေခြည်မှာ ရွှေရည်တောက်နေသည်။

“သစ်ရွက်ရော်ရီ၊ ကုန္တနီဝယ်၊ သီဂီတစ်ဝက်၊ မြတစ်ဝက်နှင့် ဖက်၍ဆေးစုံ ခြယ်သောပုံသို့”ဆိုသည့် စာဆိုနှင့် အညီ နွေဦးအစ တောအလှပန်းချီက ပီလှလေတော့သည်။

ဒီအချိန် ဒီကာလမှာပဲ မဟာမြိုင်တောကြီး ခုနစ်ရွာထဲက ကျောင်းကြီးကုန်းရွာကို နောက်တစ်ခေါက် ရောက်ခဲ့ရလေတော့သည်။ ပထမတစ်ခေါက်ရောက်ခဲ့စဉ်က ကြိုးဝိုင်းဖွဲ့စည်းသည့် အလုပ်နှင့် လချီကြာခဲ့သည်။ ရွာသားတစ်ပိုင်းလို ဖြစ်သွားတော့ သူတို့ဒေသက လူနေမှုဘဝကို အစစ သိခဲ့ရသည်။

ရွာက အိမ်ခြေ လေးဆယ်ကျော်လောက်ရှိသည်။ ရွာဘေးမှာ မိုးကောင်းလယ် အနည်းငယ်နှင့် ချောင်းစပ်က သီးနှံခင်းလေးတွေကလည်း ကျဉ်းကျဉ်းဆိုတော့ စားစရာ ဆန်စပါး ရှားပါးသည့်ဒေသ ဖြစ်သည်။

တောကြီးခုနစ်ရွာထဲမှာ ကျောင်းကြီးကုန်း၊ ချင်းချောင်း၊ ဝေပုံရွာနှင့် သက္ကယ်ပြင်ရွာတွေက နွမ်းပါးသည်။ ဆန်စပါးလည်းရှားသည်။ ဆန်အစား ကွေ့ဥကို



ထမင်းအဖြစ် စားကြရသည်။ ကွေ့ဥပေါင်းနှင့် ပျားရည်စားခဲ့ရသည့် အရသာယနေ့အထိ မမေ့ပါ။

တောကြီးမဟာ၏ မြောက်ဖျားက မိုးကောင်းလယ်တွေ၊ သီးနှံစိုက်ခင်းတွေနှင့် ထော်သာရွာကြီးတွေကတော့ စီးပွားရေးကောင်းသည်။ မော်လိုက်မြို့နှင့်လည်း နီးသည်။ ထော်သာရွာ ဖွံ့ဖြိုးသည့်ရွာတွေက တောကြီးထဲမှ ကျွန်းတောရွာနှင့် ပိတ်ပင်းတောရွာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ထိုနှစ်ရွာက ရွာသူရွာသားတွေသည် မိုးလကုန်သည်နှင့် မဟာမြိုင်တောကြီး ထဲဝင်ပြီး ရွှေကျင်သည့် အမျိုးသမီး တွေက ရွှေကျင်၊ သစ်စေးထိုးသည့် အမျိုးသားတွေက သစ်စေးထိုးနှင့် တစ်မျိုးမဟုတ် တစ်မျိုး အလုပ် လုပ် ကာ ဝမ်းစာရှာကြသည်။ ရှာရသည့် ပစ္စည်းတွေကလည်း တန်ဖိုးရှိသည်။ ဈေးကွက်၊ မောက္ကတော်နှင့်လည်း နီးသည်။

မောက္ကတော်မှ ကုန်သည်ကြီးတွေ က ရသမျှ သစ်စေးကို ပေပါကြီးတွေ တည်ပြီး စောင့်ဝယ်ကြသည်။ ကျင်၍ ရသည့် ရွှေမှုန်ရွှေမွှားတွေကိုလည်း အလွတ်မထား။ ပြန်ရောင်း၍ရသည့် ပစ္စည်းမှန်သမျှ အကုန်ဝယ်ကြသည်။

တောကြီးခုနစ်ရွာလုံးက မဟာမြိုင် တောကြီးကို မှီပြီး ရပ်တည်နေကြ သည်။ သဘာဝ တောထွက်သယံဇာတ တွေလည်း ပေါသည်။ အင်တွဲကောက် ၍ရသည်။ လျှော်ခွာ၍ရသည်။ သစ်စေး ထိုး၍ရသည်။ ရေစပ်စပ်မြင်သည့် ချောင်းမှန်လျှင် ရွှေကိုလည်း ကျင်ယူ၍ ရသေးသည်။ ပျားရည်စု၍ ရသည့် ပျားတွေပေါသည့် တောကြီးလည်း ဖြစ်လေသည်။

တောကြီးရွာချင်း တူပေမယ့် ရွှေလို၊ သစ်စေးလို သဘာဝတောထွက်တွေ မထွက်သည့် ကျောင်းကြီးကုန်းတို့၊ ချင်းချောင်းတို့၊ ဝေပုံတို့လို ရွာတွေက ပျားရာသီမှာ ပျားရည်ကို အားစိုက် ရှာကြသည်။ ပျားရည်ကလည်း နွေဦး ပေါက်သည်နှင့် ရှာ၍ရပြီ ဖြစ်သည်။

အခုဆို နွေဦးကာလ ရောက်တော့ မည်။ ပျားရှာရန် တာစူနေကြပြီ။ ဒီအချိန် ဒီရာသီအမီ စာရေးသူကို ပျား အကြောင်း လေ့လာဖို့ သစ်တောဝန်က



ကျောင်းကြီးကုန်းရွာကို စေလွှတ်ခဲ့ သည်။ ထိုအချိန်တုန်းက သစ်တောဝန် မှာ ဦးမောင်မောင်သန်း ဖြစ်သည်။

စာရေးသူ ရောက်တော့ ပျားရှာ အဖွဲ့တွေ ဖွဲ့နေကြပြီ။ ဥက္ကဋ္ဌ ဦးခင်မောင် က ကြိုးဝိုင်းဖွဲ့စဉ်က လိုက်ပါခဲ့သူ ကိုထွန်းလူအဖွဲ့နှင့် လိုက်ရန် တွဲပေး သည်။ ကိုထွန်းလူက ပျားရှာတော်သူ ပျားဆရာ ဖြစ်သည်။ ရွာမှာ ပျားရှာမည့် အဖွဲ့က (၁၅)ဖွဲ့လောက်ရှိသည်။

ပျားရှာသည့် အဖွဲ့တစ်ဖွဲ့မှာ ပျား ဆရာနှင့် နောက်လိုက် လေးယောက် အပါအဝင် (၅)ယောက်ရှိသည်။ တချို့ မိန်းကလေးများပါ လိုက်ကြသည်။ ပျားရှာမည့်အဖွဲ့တွေက လူစုကြ၊ တွဲကြနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။

ကောင်းကင်ယံက အနိမ့်ပျံလာ သည့် ပျားအုပ်တွေကလည်း တစ်အုပ် ပြီးတစ်အုပ် ဝေါခနဲ ဝေါခနဲ ရွေ့လျား နေကြပြီ။ ဒီပျားတွေ ပျံပုံ၊ သွားပုံ၊ ရွေ့လျားပုံတွေကို ကြည့်ပြီး ကိုထွန်းလူ က နောက်နေ့နံနက် ပျားရှာထွက်ဖို့ စာရေးသူကို ပြောလာသည်။

## ပျားရှာထွက်ပြီ

စာရေးသူက နံနက် လေးနာရီ လောက်ကတည်းက ထပြီး အသင့်ပြင် ထားသည်။ ဦးခင်မောင်၏ဇနီးက စာရေးသူ ယူလာသည့် ဆန်ဖြင့် စာရေး သူအတွက် သီးသန့် ထမင်းချက်ပေး သည်။

စာရေးသူက သူတို့အတွက် ချက် ထားသည့် ကျွေးဥထမင်းနှင့် ဆတ်သားခြောက်ဟင်းကို နေ့လယ်စာ အတွက်ပါ အဝစားပြီး စောင့်နေစဉ်မှာပဲ ကိုထွန်းလူတို့ ရောက်လာသည်။

ရွာက ထွက်ထွက်ချင်း ပလွှင်ကြိုး ဝိုင်းတောကြီးထဲ ရောက်သွားသည်။ ကုန်းခင်တန်းတွေက အင်ကြင်းပန်း တွေက အဖူးတွေ၊ အပွင့်တွေနှင့် ဝေနေ ပြီ။ ပျားတွေကလည်း တရှုန်းရှုန်းနှင့် ဝတ်ရည်သုံးနေကြသည်။

ကိုထွန်းလူက...

'ဒီအချိန် ဒီရာသီမှာ ပွင့်မယ့် ပင်ကြီး ပန်းတွေထဲမှာ အင်ကြင်းဟာ အဦးဆုံး ပွင့်တဲ့ပန်းပဲ'

ဟုပြောရင်း ဟိုကြည့်ဒီကြည့်နှင့် သွားရာ လျှိုစပ်က သရက်ပင်ကြီးမှ စွဲစ ပျားအုံနှစ်အုံ တွေ့ရသည်။

ပျားအုံက စွဲစဆိုတော့ သစ်ကိုင်း မှာ ပျားကောင်တွေ ကပ်နေသည်ကို သာ မြင်ရသည်။ ပျားရှိနေသည့် သရက်ပင်ရင်းက အခေါက်မှာ ဓားဖြင့် **'ကြက်ခြေခတ်'** ခုတ်မှတ်ပြီး ဘေးနား မှာ ထပ်ခွာကာ **'အဖွဲ့အမည်'**ကို မီးသွေးခဲဖြင့် ရေးမှတ်လိုက်သည်။ ပြီးမှ မြောင်နှင့် တောတန်းနေရာ မှတ်ကာ ရှေ့ဆက်ရှာခဲ့ကြသည်။

ကိုထွန်းလူက သူတို့ အလေ့အထ နှင့် အတွေ့အကြုံအရ ပျားစွဲလေ့ရှိ သည့် သစ်ပင်ကြီးတွေဆီကို မြောင် တွေဖြတ်၊ ခင်တန်းတွေဖြတ်ပြီး ရှာ သည်။ စာရေးသူက တောခေါင်း တောအုပ်တွေ ကျွန်းပင်ရှာသူ မြောင်မဖြတ် ခင်မကျော်ဘဲ "ငြိနှတို့"





www.burmeseclassic.com

www.burmeseclassic.com

နင်းရှာသလို ရှာဖို့ပြောတော့ သူက လက်ခံသည်။

ဒီလိုနှင့် သစ်မင်းမြောင်ကို ပတ်ပြီး တောနင်းရှာခဲ့ကြသည်။



စွဲစပျားအုံတွေကလည်း တစ်အုံပြီးတစ်အုံ တွေ့ရသည်။ မြောင်လက်တက်တွေကလည်း များသည်။

လူသူ အရောက်အပေါက်နည်းသည့် မြောင်တစ်နေရာရောက်တော့ ပျားတွေ အများကြီး စွဲနေသည့် ကညင်ပင်ကြီးတစ်ပင်တွေ့၍ တစ်ဖွဲ့လုံး ထခုန်ပြီး ပျော်နေကြသည်။

စာရေးသူလည်း သစ်ပင်တစ်ပင်တည်းမှာ ဒီလောက်များသည့် ပျားစွဲတွေ စွဲနေသည်ကို မတွေ့ဘူး၍ တအံ့တသြ ကြည့်နေမိသည်။ ပျားအုံပေါင်းက နှစ်ဆယ်ကျော်သည်။

ဒီလို ပျားတွေ အများကြီးစွဲသည့် သစ်ပင်ကို **'ပျားစည်ပင်'**ခေါ်ကြောင်း၊ ပျားစည်ပင်ရှားကြောင်း၊ စတွေ့သည့်သူသည် နှစ်စဉ် ပျားစည်ပင်၏ ပိုင်ရှင်ဖြစ်ကြောင်း ကိုထွန်းလူက ရှင်းပြသည်။

ဒီရာသီက ပျားရှာသည့် ရာသီဆိုတော့ အဖွဲ့တိုင်းက တောတိုးပြီး ရှာကြသည်။ စာရေးသူတို့အဖွဲ့နှင့် သုံး,လေးဖွဲ့ ဆုံမိကြသည်။

စာရေးသူတို့အဖွဲ့ သစ်မင်းမြောင်တစ်ခုလုံးကို လှုပြန့်ရှာနေမှန်းသိတော့ နောက်ဆုတ်သွားကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မဆုံမိ၊ မထပ်မိအောင်လည်း သတိထားကြသည်။

တောတစ်တောတွင် အဖွဲ့ချင်းဆုံမိသည်ဖြစ်စေ၊ မဆုံသည်ဖြစ်စေ ပျားမှတ်သင်္ကေတချင်း ထပ်နေလျှင် နောက်ကျသည့်အဖွဲ့က မိမိတို့သင်္ကေတကို ပြန်ပြင်ကြရသည့်ထုံးစံရှိသည်။

ဒီလိုလုပ်ဖို့ တောကြီးမဟာမြိုင်ထဲက ပျားရှာသူအားလုံးက စည်းကမ်းထားကြသည်။ သစ္စာလည်း ရှိကြသည်။ တစ်ဦးမှတ်ထားသည့်ပျား တစ်ဦးက လေးလေးစားစား ရှောင်ကြသည်။

ဒီလို စည်းကမ်းတွေနှင့် ပျားရှာကြသည့် ကာလက သီတင်းသုံးပတ်မျှသာ ဖြစ်သည်။ သီတင်းနှစ်ပတ်ဆိုလျှင်ပင် တချို့ ပျားစွဲတွေက ပျားရည်ရနေပြီ။ စာရေးသူတို့အဖွဲ့ ပျားရှာထွက်ခဲ့သည့် ရက်ကလည်း (၂၀)ရက်လောက်ရှိပြီ။ ပျားစွဲပေါင်းကလည်း တစ်ရာလောက် ရနေပြီ။

ကိုထွန်းလူက **"စတွေ့တဲ့ ပျားစွဲတွေရင့်ပြီ၊ တစ်ရက်နားပြီး ပျားသိမ်းထွက်မယ်"**ဟု ပြောရင်း သစ်မင်းမြောင်တောတန်းက ပြန်ခဲ့ကြသည်။

## ပျားဖွပ်ရက်ရောက်ပြီ

ကျောင်းကြီးကုန်းရွာမှ ပျားရှာသမားတွေက သူတို့ ရှာတွေ့ထားသည့် ပျားတွေကို (၁၅)ရက်ကနေ (၂၀)ရက်အတွင်းမှာ စ,ဖွပ်ကြသည်။

စာရေးသူတို့ အဖွဲ့ကလည်း ပျားဆရာ ကိုထွန်းလူ အစီအစဉ်နှင့် တစ်ရက်နားပြီး ရွာမှသွားကာ ပြန်ကာဖွပ်ဖို့ ပြောထားသည်။

ပျားစစွဲသည့် ရက်မှ သီတင်းနှစ်ပတ်တွင် ပျားရည်စရပြီ ဖြစ်သော်လည်း သုံးပတ်ပြည့်မှသာ **'ပျားသား'**ထည့်ပြီး၊ **'ပျားရည်'**ပြည့်ပြီး ဖြစ်၍ **'ပျားသားမပေါက်'**မီ အပြေးအလွှား ဖွပ်ကြရသည်။

ပျားတွေကလည်း သစ်ပင်ကြီး တစ်ပင်မှာ တစ်အုံသာ စွဲလေ့ရှိသော်လည်း တချို့သစ်ပင်ကြီးများတွင် နှစ်အုံ,သုံးအုံ တွေ့ရသည်။ စာရေးသူတို့ ရှာတွေ့သည့် ပျားအုံ (၁၀၀)လောက်တွင် ပျားစည်ပင် တစ်ပင်တည်းက ပျားအုံ(၂၀)ကျော်ပါသည်။

တစ်အုံတည်းစွဲသည့် ပျားအုံတွေက **လှည်းဘီး**လောက်၊ **ဗန်းကြီး**လောက် ကြီးသော်လည်း ပျားစည်ပင်မှ ပျားအုံတွေက **ဆန်ကော**လောက်၊ **လင်ပန်း**လောက် အရွယ်တွေလည်း ပါသည်။

ပျားတချို့က နိမ့်နိမ့်စွဲသော်လည်း တချို့ပျားတွေက သစ်ပင်၏ အမြင့်အဖျားမှာမှ စွဲသည်ကို တွေ့ခဲ့ရသည်။ ပျား(၅)မျိုးရှိသည့်အထဲမှာ ယခုပျားက ပျားကြီးမျိုးဖြစ်ကြောင်း ကိုထွန်းလူက ရှင်းပြသည်။

ပျားဖွပ်ဖို့ထွက်တော့ ဓားတွေ၊ ကြိုးတွေ၊ ပျားရည်ထည့်ဖို့ ပုံးတွေ၊ ပျားရည်လှယ်သည့် ဒန်အိုးကြီးတွေအပြင် ပျားချသည့် **"ပျားက"**ကိုပါ သယ်ယူရသည်။

"ပျားက"ဆိုသည်မှာ [illegible]င်ကျော



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ ပစ္စည်းတင်သည့် ဆင်ကပုံစံလို နှီးဖြင့်ရက်ထားသည့် အဝပြဲ ဖင်ရှုံး တောင်းအပြား ဖြစ်သည်။

တောင်းဖင်ကလည်း ပြားပြီးချွန်နေသည်။ ဒီလိုပုံစံဖြစ်မှ သစ်ကိုင်းသစ်ခက်တွေကြား ပျားရည်ထည့်ပြီး ချ၍ရသည်ဟု ဆိုသည်။

ပထမဆုံးရက်က စ,မှတ်ခဲ့သည့် သရက်ပင်ရောက်တော့ ပျားအုံက သစ်ကိုင်းအောက်မှာ တွဲလွဲကြီး ကျနေပြီ။ ပျားကောင်တွေကလည်း တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ ဒီသရက်ပင်ကြီးနားမှာ ပစ္စည်းတွေချပြီး ချောင်းစပ်က ဝါးရုံတောမှာ ဝါးတွေ သွားခုတ်ကြသည်။

ဝါးပင်တွေကတုတ်ပြီး အဆစ်ရှည်သည်။ ကိုထွန်းလူက ဝါးကို သူကိုယ်တိုင် ရွေးခုတ်သည်။ ချက်ပေါက်ဖောက်သည့် **"ချက်ထောင်ဝါး"**ကို သယ်ရမ,ရလွယ်အောင် (၁၀)တောင်၊ (၁၂) တောင်လောက်သာ ခုတ်သည်။

ချက်ပေါက်ကိုလည်း ချက်ဝင်သာရုံဖောက်ပြီး အဆစ်တိုင်း၏ အပေါ်နားတွင် ကပ်ပြီး ဝါးအဆုံးထိဖောက်သည်။ ပြီးမှ ဝါးလုံး၏ အရင်းဘက် အဆစ်ပိတ်အောက်နားမှာ ကပ်ပြီး ခွချွန်ကလေး ခုတ်ပေးထားလိုက်သည်။

ချက်ချွန်သည့် အခါတွင်လည်း ဝါးကို တစ်ဆစ်ချင်းဖြတ်ပြီး လေးစိတ်ခွဲကာ အရင်းဘက်မှာ အဆစ်ထားပြီး အဖျားဘက်မှာ အပြားလိုက်ချွန်သည်။ ချက်ထောင်ဝါးကို စိတ်ကြိုက်ဖောက်ပြီး ချက်ချွန်ပြီးသည်နှင့် သစ်ပင်ပေါ်တက်ရန် သရက်ပင်စည်၏ ပင်စည်မှာ ဝါးကို ကပ်ထောင်လိုက်သည်။

အပေါ်လက်တစ်ကမ်းမှာ ချက်တစ်ချောင်းကို ချက်ဝါးပေါက်မှာတပ်ကာ သစ်ခေါက်ထဲ စူးဝင်အောင် စရိုက်



သည်။ ဝါးကို သစ်ပင်ခြေက မြေပြင်မှာ စိုက်ထောင်ကာ ချက်စူးတစ်ချောင်းပြီး တစ်ချောင်းရိုက်ကာ ချက်စူးနှင့် ဝါးကို လှေကားလုပ်ထားသည်။

ချက်စူးရိုက်ရာတွင် ချက်စူးမြဲအောင် **လက်ဆနှင့်ချက်သံ**ကို သတိထားရကြောင်း၊ ချက်စူးရိုက်ချက်မှာ နှစ်ချက်သုံးချက် သာရိုက်ရကြောင်း၊ "ဒေါက်ဒေါက်"ဟု မြည်လျှင် ချက်စူးမြဲကြောင်း၊ ဒုတ်ဟုမြည်လျှင် ချက်စူးမှာ သစ်ခေါက်ကိုဖောက်ပြီး ပင်စည်သားကို ထိသည့် အသံဖြစ်ကြောင်း၊

ပင်စည်သားကိုထိလျှင် ချက်စူးမှာ ပြန်ကန်ထွက်လာကြောင်း၊ ချက်စူးမမြဲလျှင် ချက်ဝါးပြုတ်ပြီး လန်ကျတတ်၍ အန္တရာယ်ရှိကြောင်း၊ ပြောရင်း ချက်စူး လွယ်အိတ်ကိုလွယ် လက်ရိုက်ကိုထည့် ပျားချကြိုးကို ခါးမှာချည်ပြီး ချက်ဝါးလှေကားအတိုင်း ချက်စူးတွေကို တစ်ခုပြီးတစ်ခုရိုက်ကာ ပျားစွဲဆီသို့ တက်သွားလေတော့သည်။

ကိုထွန်းလူ ချက်ဝါးရိုက်ပြီး တက်သွားသည့်အချိန်မှာပဲ စာရေးသူတို့အဖွဲ့က မီးတုတ်လုပ်ကြရသည်။ ခြေမလက်မအရွယ် သစ်ကိုင်းခြောက်ဖြောင့်ဖြောင့် အရှည် သုံးတောင်၊ လေးတောင်လောက် ထင်းချောင်း (၁၀)ချောင်း၊ (၁၅)ချောင်းကို စုပြီး ကျပ်နေအောင် စနစ်တကျစည်းရသည်။

စည်းထားသည့် မီးတုတ်အဖျားက ထင်းသား တစ်တောင်လောက်ချွန်ပြီး တောင်စင်ရွက်၊ မာလာရွက်၊ ဘန့်ပွေးရွက်တွေပတ်က နသောထပ် ထပ်ပြီး ချည်ရသည်။ မီးတုတ်မှမီးခိုး အပြင်မထွက်ရအောင် အောက်မှအထက်သို့ ထပ်ထပ်ပြီး မီးတုတ်အဆုံးထိ အုပ်ချည်ရသည်။

မီးတုတ်ကို ဖက်အုပ်ပြီးသည်နှင့် သစ်သားချိတ်တစ်ခုကို ခိုင်ခိုင်ချည်ပေးလိုက်ရသည်။ မီးတုတ်အုပ်သည့်ဖက်ကို အုံတုံရွက်မသုံးရဟုဆို၏။ အုံတုံရွက်သုံးလျှင် ပျားနာပြီး နောင်နှစ်ခါ ဒီသစ်ပင်မှာ လာမစွဲတော့ဟု သိခဲ့ရသည်။

မီးတုတ်လုပ်ပြီးချိန်မှာပဲ ကိုထွန်းလူ ပျားစွဲနားရောက်သွားပြီ။ သူ ယူသွားသည့် ကြိုးစကိုပင် အောက်ပြန်ပေးနေပြီ။ စာရေးသူတို့ကလည်း သစ်ပင်နှင့် ခပ်ဝေးဝေးမှာ မီးမွှေးပြီး မီးတုတ်အဖျားကို မီးစွဲအောင်ရှို့ကြသည်။

မီးစွဲသည်နှင့် မီးတုတ်မှာ ပျားလိုးဖို့ ဝါးခါးကို ထိုးထည့်ကာ ကြိုးစမှာချည်ပြီး တစ်ဖက်က ကြိုးစဖြင့် ဆွဲတင်ပေးလိုက်သည်။

မီးတုတ်ရောက်သည်နှင့် ဖြုတ်ယူကာ ပျားစွဲသည့် သစ်ကိုင်းပေါ်မှ ကြိုးစကို ခွတင်ပြီး ပြန်ချပေးသည်။ ချပေးသည့်ကြိုးစ ကျလာသည်နှင့် "ပျားက" ကို ချည်ကာ ပြန်ဆွဲတင်ပေးလိုက်ရသည်။

ပျားက ရောက်လာသည်နှင့် ပျားဆရာ ကိုထွန်းလူမှ မီးတုတ်က မီးခိုးကိုမှုတ်ကာ အပေါ်ဘက်မှ ပျားတို့ကို နှိုးလေသည်။ ပျားဦးနိုးသည်နှင့် ပျားအုံ

(စာမျက်နှာ (၂၈၀) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ပြောမယ့် ကြုံဖူးမှသိ (၁)

ခင်ကြင် (ကသာ)



၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်း ခရိုင်ဆေးရုံကြီးတစ်ရုံတွင် လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မ အသက်မှာ(၃၀)နှစ်ဖြစ်၍ သမီးဦးလေးမှာ (၅)လအရွယ် ဖြစ်ပါသည်။ ကျွန်မ၏ခင်ပွန်းမှာ ရပ်ဝေးတွင် တာဝန်ထမ်းဆောင်နေ၍ ကျွန်မတို့ သားအမိမှာ အသက်(၆၀)အရွယ်ရှိ ဖခင်ကြီးနှင့် အတူ နေထိုင်ကြပါသည်။

ဆေးရုံတွင် ညတာဝန်ကျသော ဆရာဝန် ဆရာဝန်မများ၏ တာဝန်ချိန်မှာ ည(၇)နာရီမှ နောက်တစ်နေ့နံနက် (၇)နာရီအထိ ဖြစ်ပါသည်။ ဆရာဝန်ရှားပါးသေးသော ကာလဖြစ်၍ ရုံးချိန်ပြင်ပ (ညနေ (၄)နာရီမှ ည (၇)နာရီအထိ)တွင် ဆေးရုံ၌ ဆရာဝန် အချိန်ပြည့် မထိုင်ပါ။ ယင်းအချိန်အတွင်း အရေးပေါ် လူနာရောက်ရှိလျှင် တာဝန်ကျဆရာမက အကြောင်းကြားစာအုပ်ဖြင့် တာဝန်ကျ ဆရာဝန်ကို သတင်းပို့ပါသည်။

ဤကဲ့သို့ ရုံးချိန်ပြင်ပ၌ အရေးပေါ် သွားလာကြည့်ရှုပေးရပါက တာဝန်ကျဆရာဝန်သည် ညဂျူတီကို (၇)နာရီအတိအကျ မရောက်ရှိနိုင်ဘဲ နောက်ကျတတ်ပါသည်။

ကျွန်မအတွက် အမှတ်တရ ဖြစ်ခဲ့သော ညဂျူတီမှာ ဒီဇင်ဘာလ ဆောင်းတစ်ည ဖြစ်ပါသည်။

ညဂျူတီဝင်ရန်အတွက် ကျွန်မသည် ကလေးသေးစိုလျှင် လဲလှယ်ရန် အနှီးပိတ်စ၊ ပလတ်စတစ်အခင်း၊ ဖလန်နယ်ဘောင်းဘီအကျီ ကလေးလေထိုးလေအောင့်လျှင် တိုက်ကျွေးရန် ဂရိုက်မစ်ချာ (GRIPE MIXTURE)၊ နာပိတ်လျှင်တိုက်ရန် ဘာမီတွန်ဆေးပြား၊ ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ် စသည့် ညရေးညတာ အသုံးပြုရမည့် ပစ္စည်းများကို သားသည်အမေတစ်ဦး အနေဖြင့် ပြည့်စုံအောင် စီစဉ်ရပါသည်။

ဤကဲ့သို့ ကျွန်မ စီစဉ်နေချိန်တွင် အဖေက အိမ်၏ လုံခြုံရေးအတွက် တံခါးများကိုပိတ်ပြီး လိုက်လံစစ်ဆေးပါသည်။ ပြီးလျှင် သူ့လက်စွဲတော် ဝါးရင်းတုတ်နှင့် သုံးခဲထိုး ဓာတ်မီးကို ကိုင်ဆောင်၍ ကျွန်မတို့ သားအမိကို ဆေးရုံသို့ လိုက်ပို့ပေးရန် အသင့်စောင့်ဆိုင်းနေပါသည်။

အညာဒေသ ဆောင်းညဖြစ်၍ နှင်းများကျပြီး အလွန် ချမ်းအေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သမီးငယ်ကို ကြိုးလေး ချောင်းပါသော တရုတ်အနွေး ပိုးတဘက်ဖြင့် ကျောပိုးပြီး ကြိုးစများကို ကျွန်မ၏ ရင်ဘတ်ရှေ့တွင် ကြက်ခြေခတ် စည်းထားပါသည်။ မသိသူများ အဖို့မှာ ကျွန်မသည် ဆရာဝန်မ တစ်ဦးနှင့်မတူဘဲ ဆေးရုံသို့ လူနာသွားပြမည့် သားသည် အမေ တစ်ဦးနှင့်သာ တူနေပါလိမ့်မည်။

* * *

ကျွန်မ နေအိမ်မှ ဆေးရုံသို့ သွားရာ လမ်းတွင် မီတာ(၄၀၀) ဘောလုံးကွင်း၊ အစိုးရအရာရှိများနေ ထိုင်သည့် ဝန်ထမ်းအိမ် လေးလုံး၊ တင်းနစ်ကွင်း၊ ကလပ်၊ သမဝါယမ ဂိုဒေါင်၊ မြေစာရင်းရုံး၊ စိုက်ပျိုးရေး ရုံးတို့ ရှိပါသည်။ အရာရှိနေအိမ်နှင့် စိုက်ပျိုးရေးရုံးကြား ကားလမ်းဘေးတွင် ညောင်မှုတ်ဆိတ်များ တွဲလဲကျနေ သော ရေမညောင်ပင်ကြီး တစ်ပင်နှင့်အတူ ခြံစည်းရိုးသစ်ပင်ကြီး များ၊ ချုံပုတ်များနှင့် ဆေးရုံသို့ သွားရာ ဖြတ်လမ်းကြောင်းလေး ရှိပါသည်။

အရာရှိနေအိမ်များနှင့် ရုံးများသည် နေမဝင်မီ တံခါးများ ပိတ်ထားကြသော ကြောင့် ဆေးရုံသို့ သွားရာလမ်းသည် လူပြတ်ပြီး ညအခါတွင် သစ်ပင်ကြီးများ ၏ အရိပ်ဖြင့် စိုးထိတ်စရာ ဖြစ်ပါသည်။ လမိုက်ညများတွင် တော်တန်ရုံ အကြောင်းကိစ္စဖြင့် သွားလာလေ့ မရှိကြပါ။

ယခုမူ လူနေအိမ်တိုက်ခန်းများ၊ စားသောက်ဆိုင်များ၊ မင်္ဂလာခန်းမ ဆောင်များ၊ အထူးညွှန်သည်များ တည်းခိုရန် ဒီပါအေးမြ ညွှန့်ရိပ်သာ စသည်တို့ဖြင့် စည်ကားနေပြီ ဖြစ်ပါ သည်။

ထိုစဉ်က ဆိုင်ကယ်များ ခေတ်မစား သေးပါ။ ကားလည်း မဝယ်နိုင်၊ စက်ဘီး နှင့်လည်း အဆင်မပြေ၍ ကျွန်မတို့ သားအဖ ဆေးရုံသို့ ခြေကျင် သွားကြပါ သည်။ အဖေသည် ဝါးရင်းတုတ်ကို ကိုင်ဆောင်ထားသကဲ့သို့ ဘုရားစာများ ကို တစ်လမ်းလုံး ရွတ်ဖတ်သရဇ္ဈာယ် လာပါသည်။ သမီး ဆရာဝန်နှင့် လူမမည်မြေးငယ်ကို ညအချိန် လူပြတ် လမ်းမှ လိုက်ပါပို့ဆောင်ရ၍ အသက် (၆၀)အရွယ် အဖေ့မှာ တာဝန်ကြီးရှာ ပါလိမ့်မည်။

ထိုညက ကျွန်မသည် ညနေပိုင်းတွင် ရောက်ရှိလာသော မီးဖွားလူနာတစ်ဦး ကို ခက်ခက်ခဲခဲ စောင့်ဆိုင်းမွေးဖွား ပေးခဲ့ရသဖြင့် ညဂျူတီကို (၉)နာရီမှ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပါသည်။

* * *

'မီးမီးလေး အိပ်ပျော်နေပြီ ထင်တယ်'

ညစောင့် မောင်ဇော်အောင်က သံဘာဂျာတံခါးကြီးကို သော့ဖွင့်ပေးပြီး သန့်ရှင်းရေးအလုပ်သမား ပူစူးမက ကျွန်မ၏ပစ္စည်းများကို ဆီးကြို ယူငင် ရင်း နှုတ်ခွန်းဆက်ပါသည်။

'အေး ပိုးတဘက်ထဲမှာ နွေးပြီး အိပ်ပျော်သွားရောပေါ့'

ပူစူးမသည် ကျွန်မ၏ ပစ္စည်းများကို ဆရာဝန်မ များ၏ ညဂျူတီခန်းတွင် နေရာချထားပြီး၊ ခြင်းထဲမှ ပလတ်စတစ်အခင်းနှင့် ဖလန်နယ်အဝတ်ပိုင်းလေးကို အသင့်ပြင်ဆင်ထားသော အိပ်ရာပေါ်မှာ ခင်းပေးပါသည်။ သမီး၏ ခေါင်းအုံး သေးသေးလေးကိုလည်း ချပေးပါ သည်။

ကျွန်မလည်း ရင်ဘတ်ရှေ့တွင် စည်းနှောင်ထားသော ပိုးတဘက်ကြိုး ကိုဖြေ၍ ကလေးမနိုးအောင် ပါးစပ်မှ တကျွတ်ကျွတ် စုတ်သပ်ပြီး သမီးကို အိပ်ရာပေါ် ဖြည်းညင်းသက်သာစွာ ချသိပ်ပေးပါသည်။ ထို့နောက် သမီး လေးမထိတ်လန့်စေရန်တဘက်ခေါက် ကလေးကို ရင်ဘတ်ပေါ်တင်၍ စောင် ခြုံပြီး ခြင်ထောင်ချပေးပါသည်။

ကျွန်မ ကလေးသိပ်ပြီးချိန်တွင် သူနာ ပြုဆရာမ ချစ်ချစ်တို့အဖွဲ့လည်း ညစာ ထမင်းဝိုင်းပြင်ပြီး၍ လူနာဆောင်သို့ သွားရန် ကျွန်မအား ငံ့လင့်နေကြပါ သည်။

ကျွန်မ လူနာဆောင်တွင် အလုပ် လုပ်နေစဉ် ပူစူးမသည် ထုံးစံအတိုင်း သမီးဘေးနားတွင် ရပ်ပြစာအုပ် ဖတ် ရင်း စောင့်ပေးနေပါသည်။

* * *

သူနာပြုဆရာမ ချစ်ချစ်သည် အသား ဖြူဖြူနှင့် ချောမောလှပပါသည်။ ရှာရှာ ဖွေဖွေ ရယ်စရာ မောစရာ အပေါ် အပြက်များကို ပြောတတ်ပါသည်။ ဆေးရုံ ညဂျူတီကျသော ဆရာမ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဝန်ထမ်းများသည် မိမိတို့နေအိမ်မှ ချိုင့်ငယ်ကလေးများနှင့် အသီးသီး ယူဆောင်လာသော ထမင်း၊ ဟင်း၊ အကြော်၊ လက်ဖက် စသည့် စား သောက်ဖွယ်ရာများကို စုပေါင်းဝိုင်းဖွဲ့ ၍ စားလေ့ ရှိကြပါသည်။

တစ်ခါတစ်ရံ ဆရာဝန်များလည်း ဝင်စားပါသည်။ ဆာ၍ စားခြင်းထက် ပျော်ဖို့စားသည်ဟု ထင်ပါသည်။ ဆရာမ ချစ်ချစ်ကလည်း တစ်ညတစ်မျိုး မရိုးရ အောင် ပြောတတ်သဖြင့် ညဂျူတီဝင်ရ သည်ကို ပျင်းရိငြီးငွေ့ဖွယ်ဟု မထင်ကြ တော့ပါ။

ကျွန်မတို့အဖွဲ့သည် ညဦးပိုင်းက မွေးဖွားခဲ့သော မွေးလူနာနှင့် မွေးကင်းစ ကလေးငယ်ကို ကြည့်ရှုစစ်ဆေးပေးပါ သည်။ ထို့နောက် အခြားအရေးကြီး လူနာများကို ကြည့်ရှုကုသပေးပြီး တာဝန်ခန်းသို့ ပြန်ခဲ့ကြပါသည်။

* * *

ကျွန်မတို့ တာဝန်ခန်းသို့ ပြန်မ ရောက်လာမီမှာပင် သမီးလေး၏ ငိုသံ ကို ကြားရပြီး ပူစူးမသည် ကလေးကို ချော့မော့၍ ကျွန်မတို့ ပြန်အလာကို စောင့်မျှော်နေပါသည်။ သမီးသည် ပူစူးမအပါအဝင် ညဂျူတီအဖွဲ့သား များကို မှတ်မိပါသည်။

'သေးစိုသလားလို့ စမ်းကြည့်တာ သေးလဲမစိုဘူး ဆရာ'

ပူစူးမက သမီးကို လှမ်းပေးရင်း ပြောပါသည်။

'သမီး နို့ဆာနေပြီ ထင်တယ်။ လာ လာ သမီးလေး လာ'

အညာဒေသ အချို့ဆေးရုံများတွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဆရာဝန်များကိုလက်အောက်ဝန်ထမ်း များက ''ဆရာ''ဟု ခေါ်ကြပါသည်။ သူနာပြုဆရာမများနှင့် ကွဲပြားအောင်



ခေါ်ကြဟန်တူပါသည်။

သမီးသည် ဘယ်အချိန်တည်းက ငိုနေခဲ့သည်မသိ။ မျက်နှာမှာ နီရဲပြီး မျက်ခွံများ မို့အစ်နေပါသည်။ သမီး သည် နှစ်လအရွယ်တည်းက မိခင်ကို မှတ်မိ၍ ခေါ်လိုက်လျှင် ချစ်စဖွယ် ပြုံးရယ်ပြီး လိုက်ပါတတ်သည်။ ယခုမူ ကျွန်မခေါ်ယူ၍ ပါလာသော်လည်း မိခင်ကို သိမှတ်သည့် အမူအရာမရှိဘဲ ငိုမြဲ ငိုနေပါသည်။

'အိပ်ရာထဲမှာ နို့တိုက်ပြီးသိပ်ရင် ပြန်အိပ်သွားမယ် ထင်တယ်'

အကူသူနာပြု ဒေါ်ညိုပြောသည့် အတိုင်း သမီးကို အိပ်ရာထဲခေါ်၍ ချော့သိပ်ပါသည်။ သို့သော် နို့လည်း မစို့၊ အငိုလည်း မတိတ်ပါ။

ကျွန်မသည် သဲသဲမဲမဲ ငိုနေသော သမီးကို ပွေ့ချီ၍ အကူအညီတစ်စုံ တစ်ရာ ရလိုငြား ညဥ့်ဂျူတီအဖွဲ့ သားများထံ ပြန်ခေါ်လာပါသည်။

'ဆရာ နေ့ခင်းက ကလေးကို ဘာ တွေ ကျွေးမိလဲ။ အိမ်နီးချင်းတွေကလဲ ကလေးကို ချစ်လို့ခေါ်သွားပြီး မုန့်တွေ ဘာတွေ ကျွေးတတ်တယ်'

ဆရာမ ချစ်ချစ်က မေးပါသည်။

'ထူးထူးခြားခြားတော့ မကျွေးပါ ဘူးကွယ်။ ကလေးကလဲ အိမ်မှာ သူ့ အဘိုးနဲ့ပဲ နေတာပါ'

'ကိုယ်လဲမပူပါဘူး။ အကောင်တစ် ကောင်ကောင်များ ကိုက်သွားသလား ပြစမ်း ကြည့်ရအောင်'

သမီးလေး၏ အဝတ်အစားများကို လှန်လှောကြည့်ကြပါသည်။

'ဓာတ်များချုပ်သလား၊ ဓာတ်ချုပ်ရင် လေထိုး လေအောင့် ဖြစ်တတ်တယ်'

'ဓာတ်ကတော့ မချုပ်ဘူး။ တစ်ရက် နှစ်ခါ ပုံမှန်ပဲ။ ဗိုက်လဲ မတင်းဘူး။ ဒါပေမယ့် သူသောက်နေကျ ဂရိုက် မစ်ချာ တိုက်ကြည့်လိုက်ဦးမယ်'

'ကလေးက ငိုရတာ မောနေပြီ။ ကောင်းကောင်းအိပ်ရအောင် ဘာမီ တွန်လေး ထည့်တိုက်ပါလား ဆရာ'

အငိုမတိတ်သောကလေးကို လိုအပ် သလို ပြုစုကုသပေးနိုင်ရန် လုပ်ဖော် ကိုင်ဖက်ဝန်ထမ်းများ တစ်ယောက် တစ်မျိုး ကလေးများ၌ ဖြစ်တတ်သော အကြောင်းအရာများကို မေးမြန်း စမ်း သပ်ကြပါသည်။ ငိုရလွန်း၍ မောပန်း နေသောကလေးကို သနားနေကြ သည်။

တစ်ယောက်တစ်လှည့် ဝိုင်းချော့ ကြသည်။ လေထိုးလေအောင့် သက် သာစေရန် ပန်းပေါ်မှေးတင်ပြီး ကျောကို ပုတ်ပေးသူကပေး၊ ဗိုက်ကို မှန်ညင်းဆီ လူးပေးသူကပေး၊ ကလေးသက်သာ စေရန် အမျိုးစုံ ဆောင်ရွက်ပေးကြ သည်။

* * *

ဆောင်းတွင်းကာလဖြစ်၍ ဆေးရုံ တွင် လူနာမများပါ။ သို့သော် ညဂျူတီ ဝန်ထမ်းများမှာ စောစီးစွာ ပြီးသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း တက်မတတ်ချက်မတတ် အဆက်မပြတ် ငိုနေသောကလေးကို ဥပေက္ခာပြု၍ အနားမယူနိုင်ကြသေးပါ။

ဆေးတိုက်သော်လည်း မအိပ်၊ လေထုတ်ပေးသော်လည်း အငိုမတိတ်။ ကလေးလည်းပန်း လူကြီးများလည်း ပန်းနေကြပေပြီ။

ထိုအချိန်တွင် လူနာခန်း လက်ထောက် (WARD ASSISTANT) ဦးဖိုးတင်က...

'ဆရာ့ကလေးငိုနေတာ မရိုးဘူး။ ကျွန်တော် လုပ်ပေးမယ်။ အသာကြည့်နေကြ'

ဦးဖိုးတင်သည် ဆရာမ ချစ်ချစ်တို့ ထမင်းဝိုင်းဖွဲ့စားစဉ်က ပိုလျှံသော ထမင်းခဲကြီး တစ်ခဲကိုယူ၍ သံဘာဂျာ တံခါးကိုဖွင့်ပြီး ဆေးရုံရှေ့ ခပ်လှမ်းလှမ်းသို့ "ဘုတ်"ခနဲ လှမ်းပစ်လိုက်ပါသည်။

ထူးဆန်းသည်မှာ ထမင်းခဲလှမ်းပစ်လိုက်သည်နှင့် တစ်ပြိုင်နက် တောက်လျှောက် ငိုနေသောသမီးမှာ ရှိုက်သံလေး တစ်ချက်ပေးပြီး တစ်ခါတည်း အိပ်သွားခဲ့ပါသည်။ စောစောက သည်းထန်စွာ ငိုနေသူမှာ သူ မဟုတ်သည့်အလား။ ကျွန်မတို့အားလုံး တအံ့တသြနှင့် ဦးဖိုးတင်ကို ကြည့်ကြပါသည်။

'ဦးဖိုးတင်က စွမ်းလိုက်တာ။ လုပ်တတ်တာများ စောစောက လုပ်လိုက်ပါတော့။ အလကားလူတွေ ပင်ပန်းအောင်လို့'

ပူစူးမက အပြစ်တင်သံဖြင့် ပြောပါသည်။

'ဟ ဒါက ရိပ်မိနေတာကြာပြီ။ စားချင်သောက်ချင်လို့ ကလေးကို နှောင့်ယှက်နေတာ။ ကျွေးလိုက်တော့ အေးရော။ အဲဒီ ခေါ်စာကျွေးတယ်၊ ခေါ်ပစ်တယ်လို့ခေါ်တယ်'

'ဦးဖိုးတင်က ဘယ့်နှယ်လုပ် သိတာ



လဲ'

အကူသူနာပြု ဒေါ်ညိုက မေးပါသည်။

'မမြင်ရ မကြားရပေမယ့် အတွေ့အကြုံအရ သိတာပေါ့။ ဆရာ့ကလေးဆိုတော့ ဒါပြောလဲ ယုံမှာမဟုတ်ဘူးဆိုပြီး မပြောတာ'

'ကျွန်မတို့ကတော့ သင်တန်းတက်ခဲ့တဲ့ ဆေးစာအုပ်ထဲကအတိုင်း စဉ်းစားရတာပေါ့ ဦးဖိုးတင်ရဲ့'

သူနာပြု ဆရာမချစ်ချစ်က ပြန်လည် ချေပပါသည်။

'ဒါဖြင့် ဘယ်ပြောလို့ရမှာလဲ ဆေးရုံမှာလဲ အသေအပျောက်ရှိတော့ စွဲမိစွဲရာ မကျွတ်မလွတ်တာတွေလဲ ရှိနိုင်တာပေါ့။ နင်တို့ကလဲ အားကျအောင် စားပြနေတာကိုး'

'သူက မစားတော့ ပြောအားရှိတာပေါ့'

ဒေါ်ညိုက ဦးဖိုးတင်ကို ပြန်ပက်ပါသည်။ ဦးဖိုးတင်သည် လက်ဖက်ရည်ကိုသာ ကြိုက်သူမို့ ညဂျူတီထမင်းဝိုင်းမှာ မပါဝင်ပါ။

* * *

ကျွန်မသည် ဤဖြစ်ရပ်ကို အဖေ့အားမပြောပြခဲ့ပါ။ ကျွန်မဂျူတီဝင်သော ညများတွင် သူ့မြေးငယ်အတွက် အဖေ့ကို သောက မပွားစေလိုပါ။

သို့သော် ကျွန်မသည် ပေါ့ပေါ့ဆဆ မနေရဲတော့ဘဲ ညအချိန်ကလေးနှင့် အပြင်ထွက်လျှင် ဘုရားစာရွတ်ခြင်း။ ညအိပ်ရာဝင် ဘုရားရှိခိုး၍ မေတ္တာ အမျှဝေခြင်း၊ သမီး၏ခေါင်းပေါ် လ ဖြင့်အုပ်မိုး၍ သမ္ဗုဒ္ဓေဂါထာတော် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို မပျက်မကွ ဆောင်ရွက်ခဲ့ပါသည်။ နောက်ထ အလားတူ ဖြစ်ရပ်မျိုး မဖြစ်တော့

ကျွန်မအပါအဝင် ခေတ်ပညာ တတ် အများစုမှာ မိမိတို့ ကျော သင်ခန်းစာတွင် မပါသည့်အပြင် လ တွေ့မမြင်ရ၊ မကြားရသော ဝိညာ ပြိတ္တာ၊ တစ္ဆေ စသည့် အကြောင်းအ များကို လက်ခံယုံကြည်ခြင်း မရှိကြ

ယခုမူ ကလေးငိုသည်မှာ မ ဟု ဆိုနိုင်ကြသော်လည်း ဦးဖိုးတ မမြင်ရသော ပုဂ္ဂိုလ်ကို ထမင်းခဲ ကျွေးလိုက်၍ ကက်ဆက်ခလုတ် သလို ချက်ချင်းအငိုတိတ်ပြီး အိပ် သွားသည်မှာ ဆန်းကြယ်လှပါသည်

ဦးဖိုးတင်၏နည်းမှာ အဆင့် နည်းပညာများဖြင့် စမ်းသပ်စစ် ရန်လည်းမလို၊ ဆေးထိုးဆေးတိုက် လည်းမလိုပါ။ **သို့သော် ကလေး တိုင်း ဤသို့လုပ်ရမည်ဟု မဆို အကြောင်းအရာမှန်ကန်ဖို့တော့ ပါသည်။**

သိပ္ပံပညာကို ရှေ့တန်းတင် သူများက မိမိအား ခေတ်နောက် ဆွဲသည်ဟု ပြောချင်ပြောကြပါ **မိမိအနေဖြင့်မူ မကြားမမြင်ရသော လည်း ခံစားသိရှိနိုင်သော သိပ္ပံ လွန်ဖြစ်ရပ်များ ရှိနေကြသည် ပြောမယုံ ကြုံဖူးမှ သိကြပါမည် သာ။**

**ပြောမယုံ ကြုံဖူးမှသိ( ဆက်လက် ဖော်ပြပါဦးမည်။**

အင်ကြင်း (ကမ)



www.burmeseclassic.com

www.burmeseclassic.com

အလယ်ပိုးမခေါ် ပဲခူးရိုးမကြီး၏ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊
ဘော်ဘင်ရွာအနီးရှိ ထူးဆန်းသော

# ချမ်းပွဲးမာဆိုင်ကြီး

ရှေ၀န်းခိုင်



ဘော်ဘင်ရွာသည် ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၏ အရှေ့ဘက်အရပ်ရှိအလယ်ရိုးမ တောင်တန်းကြီး၏တောင်ခြေ ဘော်ဘင်ချောင်းမကြီး၏ ကမ်းနဖူး၌ရှိသည့် အိမ်ခြေ (၃၀၀)ခန့်လောက်ရှိသော ရွာတစ်ရွာဖြစ်၏။

ရွာမှာ ငါးမြွေလိမ်၊ ငါးရှဉ့်လိမ်ပမာ စီးဆင်းနေသည့် ဘော်ဘင်ချောင်းမကြီး၏ ကမ်းနဖူးတွင် ချောင်းမကြီးအတိုင်း တည်ထားသောရွာဖြစ်သည်။ ရွာတန်း အပြင် ဟိုတစ်စုဒီတစ်စုနှင့် သူ့အစုနှင့်သူ ဆောက်ထားကြသော အိမ်စုလေးများလည်း ရှိကြ၏။ တောင်ခြေရွာကြီးပီပီ တောရိပ်တောင်ရိပ်တို့ လွှမ်းမိုးနေသည့် ရွာကြီးလည်း ဖြစ်ပေ၏။

ရွာသူရွာသားများသည် တောင်ခြေရှိ ရွာသားများပီပီ တောင်ယာလုပ်ခြင်း၊ စူးထိုးစပါးစိုက်ခြင်း၊ တောင်ပေါ်တက်

www.burmeseclassic.com

မီးသွေးဖုတ်ခြင်း၊ ထင်းခုတ်၊ ဝါးခုတ်ခြင်း၊ အမဲလည်း တောလိုက်၍ သားကောင်ပစ်ခြင်း၊ ဖွတ်တို့၊ ပုတတ်တို့ ရှာခြင်း၊ ငှက်ခတ်ခြင်း၊ ယုန်လိုက်ခြင်း၊ မျှစ်တိုးမှိုရှာခြင်း။

တစ်ခါတစ်ရံ အစိုးရသစ်ကွက်များ၌ ပေါင်းသင်မြက်ခုတ်ခြင်း၊ ပင်ထောင်ရိုက်ခြင်း၊ သင်းသတ်ခြင်း၊ ကျွန်းပင်များ ခုတ်လှဲခြင်း စသော အလုပ်များကို နေ့စားအဖြစ် လုပ်ကိုင်ကြခြင်း၊ ငါးဖားရှာခြင်း စသဖြင့် လုပ်ကိုင်ကြသည့် ရွာကြီး ဖြစ်ပေသည်။ အလုပ်မျိုးစုံသော ရွာကြီး ဖြစ်ပေ၏။

ရွာနှင့် မလှမ်းမကမ်းတွင်ရှိသော ဘော်တင်ချောင်းမကြီး စတင်ရာ ချောင်းဖျားတွင် ပေ(၅၀)ပတ်လည်လောက်ရှိ ဝါးတစ်ရိုက်ခန့်လောက် နက်သော "ဘုမ်းမွဲဇာ"ခေါ်သည့် အိုင်ကြီးတစ်အိုင် ရှိ၏။

ထိုအိုင်မှ ရေတို့သည် ကြည်မြစိမ်းလဲ့နေပြီး အိုင်ကြီးထဲရှိ ငါးတို့ကို အတိုင်းသား မြင်နေရပေသည်။ ငါးတို့ကလည်း ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးပတ်၊ ငါးအိုက်၊ ငါးကြင်း၊ ငါးမြစ်ချင်း စသည်ဖြင့် အမျိုးအမည်စုံလင်သည်။ ကျိုကျိုတက်လည်း ပေါများလှသည်။

သို့သော်လည်း ငါးဖားရှာသူများနှင့် ရွာသူရွာသားတို့သည် ထိုမျှ ငါးများပေါများပြီးငါးတို့ကိုအတိုင်းသားမြင်နေရသော အိုင်ကြီးသို့ မည်သူမျှ ငါးရှာမသွားရဲကြချေ။ ထိုအိုင်ကြီးကိုလည်း ဝေးဝေးရှောင်လေ့ ရှိကြသည်။

တစ်ခါက ထိုအိုင်ကြီးသို့ အရက်မူးမူးနှင့် ငါးသွားဖမ်းသည့် ရွာတောင်ပိုင်းက သာလှသည် ငါးဖမ်းရန် ကွန်ချလိုက်စဉ်ပင် ကွန်ထဲသို့ ငါးများအစား အလွန်ချောမောလှပ ရုပ်ဆင်းအင်္ဂါ ပြေပြစ်စွာသည့် ချပ်ဝတ်တန်ဆာတို့ဝတ်ဆင်ထားသော မင်းသားလေးတစ်ပါးကို တွေ့လိုက်ရသဖြင့် လန့်၍ ပိုက်ကွန်ကို ဒီအတိုင်းထားပြီး ထွက်ပြေးခဲ့ရလေသည်ဟု ဆိုကြသည်။

မြေပြန့်ဘက်မှ ငါးရှာရန် တက်လာကြသည့် လူတစ်စုသည်လည်း၊ ငါးများ ကျိုကျိုတက်ပေါများသော ထိုအိုင်ကြီးကို တွေ့လိုက်ကြရသဖြင့် အားရဝမ်းသာ ထိုအိုင်၌ ငါးဖမ်းကြရာ ရေလယ်ကောင်မှ ရေပန်းများ ဖြာတက်လာပြီး ရေပန်းများအလယ်တွင် အမွေးအမှင်တို့ တစ်ကိုယ်လုံး ဖုံးလွှမ်း၍ နီသော မျက်လုံးနှစ်လုံးနှင့် ငှက်ပျောဖူးခန့် အစွယ်ကြီးနှစ်ချောင်းပါသော သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ကြရလေသည်ဟု ဆိုကြပြန်ပါသည်။

ထိုငါးဖမ်းအဖွဲ့လည်း ကြောက်မက်ဖွယ်ရာ သတ္တဝါကြီးကို မြင်သည်နှင့် ပစ္စည်းများကို မယူနိုင်ဘဲ လန့်၍ထွက်ပြေးခဲ့ကြရသည်ဟု ပုံပြင်ဆန်ဆန် ဆိုစမက် ရှိနေကြပြန်ပါ၏။

ထိုဘုမ်းမွဲဇာအိုင်ကြီးနှင့် ပတ်သက်၍ အခြားအကြောင်းများလည်း များစွာရှိလေသည်။ တစ်ခါတစ်ရံ အိုင်ကြီးက တဝေါဝေါနှင့် အော်တတ်ကြောင်း၊ ထိုအိုင်ကြီးအော်ပါက ခွေး၊ ကြောင် အစရှိသဖြင့် သတ္တဝါတစ်ကောင်ကိုကြီးတုတ်ပစ်ချပြီး အိုင်ကြီးကို ကျွေးရကြောင်း၊

သို့မဟုတ်ပါက တစ်နည်းနည်းနှင့် လူစားတတ်ကြောင်း၊ ထိုအိုင်ကြီးထဲတွင် မယုံကြည်သော ရွာသားအချို့ သေဆုံးခဲ့ကြကြောင်းလည်း အိုင်ကြီးအကြောင်းကို ရွာသူရွာသားများက ပုံပြင်ဆန်ဆန် ပြောကြပြန်သည်။

ကျွန်တော်လည်း ထိုဂမ္ဘီရဆန်လှသည့် အိုင်ကြီးအကြောင်း ကြားသည်နှင့် များစွာစိတ်ဝင်စားလှသဖြင့် အိုင်ကြီးနှင့်ပတ်သက်၍ လေ့လာကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ စာရေ… မည်ဟု စိတ်ကူးပြီး တစ်နေ့ အလု… အားလပ်ရက်တစ်ရက်၌ အိုင်ကြီးရှိရာ… ဘော်ဘင်ရွာသို့ ထွက်ခဲ့သည်။

ရွာရောက်သည်နှင့် ရွာခံဦးလှသန်း… ကိုခေါ်ကာ အိုင်ကြီးရှိရာသို့ လာခဲ့ကြ… ၏။ အိုင်ကြီးမှာ ကျွန်တော် ကြားဖူးသလို… ပင် ရွာနှင့် များစွာမဝေးလှဘဲ ပေ(၅၀)… ပတ်လည်ခန့်လောက် ကျယ်၍ ရေတို့… ကြည်စိမ်းပြီး အိုင်ထဲ၌ ပြေးလွှားကူးခ… နေကြသည့် ငါးများကိုပင် အတိုင်း… သား မြင်နေရပေသည်။

ဦးလှသန်းက အိုင်နားသို့ သွားခွင့်… မပြုဘဲ တောင်ကုန်းလေးပေါ်တက်၍… တောင်ကုန်းပေါ်မှ အိုင်ကြီးကို ပြလေ… သည်။ အိုင်ကြီးနှင့် ကျွန်တော်တို့တက်… ကြည့်ရာတောင်ကုန်းလေးမှာ အိုင်ကြီး… နှင့် ကပ်နေသည့်အတွက် အထင်အရှား… မြင်ရခြင်း ဖြစ်၏။

ကျွန်တော် အိုင်ကြီးနှင့် ပတ်သက်၍… ကြားဖူးသည်များမှာ မှန်ကြောင်း၊ အိုင်… ကြီးတွင် ယနေ့အထိ ရွာသား (၂…) ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် … အိုင်ကြီးကို အစီအရင်များ လာရော… ပြုလုပ်သူအချို့လည်း စိတ်နော… သွားကြကြောင်း ဖြည့်စွက်ရှင်းပြ…

ထို့အပြင် တစ်ခါတစ်ရံ အိုင်ကြီးထဲ… မီးခိုးလုံးကြီးများ အဆက်မပြတ်ထွ… နေတတ်ကြောင်း၊ ထွက်ပေါ်လာသည့်… မီးခိုးလုံးကြီးများမှာလည်း အလိပ်လို… အလိပ်လိုက်ဖြင့် လိပ်၍လိပ်၍ ကော… ကင်သို့ ထိုးတက်ကြကြောင်း၊

တချို့လူများဆိုလျှင် ထိုမီးခိုး… အလိပ်ကြီးထဲ၌ ရှေးခေတ် နန်းတွ… အသုံးအဆောင်နှင့် စစ်သည်တော်… အဝတ်အစားများ ဝတ်ဆင်ထား… ပတ္တမြားကျောက်စီဓားကြီးကို … ပိုး၍ မီးခိုးရောင်မြင်းကြီးကို စီးထားသ…





www.burmeseclassic.com

www.burmeseclassic.com

တပ်မှူးလေးတစ်ယောက်ကို မြင်ကြရကြောင်း၊ အလွန်ထူးဆန်းပြီး အလွန်လည်း ကြောက်မက်ဖွယ်ကောင်းသော "ဂမ္ဘီရအိုင်ကြီး" ဖြစ်ကြောင်းပါ ပုံပြင်ဆန်ဆန် ပြောပြလေသည်။

'ဒါပေမယ့် အဲဒါတွေကို မတွေ့ဘူး၊ မမြင်ဘူးတဲ့ သူတွေကတော့ မယုံဘူးဆရာရေ။ တိုက်ဆိုင်မှုတွေပါ၊ အမြင်မှားတာတွေပါလို့ ပြောကြတယ်'

ဟုလည်း ဦးလှသန်းက ဆက်လက်ပြောကာ အိုင်ကြီးနှင့် ပတ်သက်သော သမိုင်းကြောင်းလေးကိုပါ အောက်ပါအတိုင်း ပြောပြပါသည်။

* * *

ပုဂံပြည့် နရသီဟပတေ့မင်း လက်ထက်တွင် တရုတ်သံတို့ကို အဆုံးစီရင်မှုနှင့် ပတ်သက်၍ တရုတ်တို့ စစ်ချီလာသဖြင့် တရုတ်နှင့် ပုဂံနိုင်ငံသားတို့ စစ်ဖြစ်ကြလေ၏။ ထိုစစ်၌ စစ်အင်အားခြင်း မမျှသည့်အတွက် ပုဂံတပ်တို့ ပျက်လေ၏။

ထိုအခါ မင်းနှင့်တကွ မင်းညီမင်းသားစစ်သည်ဗိုလ်ပါ အများတို့လည်း အောက်ရွာအောက်ပြည်အရပ်သို့ မြစ်ကြောင်းမှ လည်းကောင်း၊ အလယ်ရိုးမကြီးမှလည်းကောင်း စုန်ဆင်းထွက်ပြေးခဲ့ကြလေသည်။

ထိုအထဲတွင် ပုဂံခေါင်းချမ်းအရပ်၌ တိုက်ပွဲကျခဲ့သည့် စစ်သူကြီးတစ်ဦး၏ သားသမီးများဖြစ်ကြသော မောင်ကြီး, မောင်လတ်, မောင်ငယ် သား(၃)ယောက်နှင့် မကြီး, မငယ်ဟူသည့် သမီးနှစ်ယောက်လည်း ပါဝင်ခဲ့လေသည်။

ယင်းတို့ မောင်နှမတစ်စုသည် နရသီဟပတေ့မင်း၏ သားဖြစ်သူ ပြည်စား သီဟသူက ခမည်းတော်အား ပွဲတော်အုပ်၌ အဆိပ်ခတ် လုပ်ကြံသဖြင့် ရိုးမအတိုင်း ဆက်လက်



ထွက်ခွာလာခဲ့ကြရာ ရိုးမတစ်နေရာရှိ ဦးတရာ မြို့ဟောင်းသို့ ရောက်လေ၏။

ထိုမှ ရွာသူကြီးတစ်ဦး၏ သမီးဖြစ်သော ခင်ဝါသီနှင့် တွေ့ဆုံချစ်ကြိုက်ကာ ခင်ဝါသီကို လက်ဆက်ပြီး သာယာဝတီမြို့ကိုတည်၍ ထီးနန်းအုပ်ချုပ် မင်းလုပ်လေသည်၊ ညီတော်(၂)ဦးကိုလည်း တောင်ညိုမြို့နယ်နှင့် ကျောက်စောင်းမြို့နယ်တို့ကို တည်စေကာ မြို့စားမင်းများအဖြစ် ခန့်ထားလေ၏။

ညီမတော် (၂)ဦးကိုမူ တစ်ဦးအား ဝက်လှုမြို့ကိုပေး၍ ဝက်လှုကတော်ဟုလည်းကောင်း၊ တစ်ဦးကိုတော့ စောဖြူတောင်ကိုပေးပြီး စောဖြူမယ်အဖြစ်နှင့် မြှောက်စားလေ၏။

ထိုမင်းကိုလည်း သာယာဝတီ သုံးမြို့ရှင် သတိုးနော်ရထာဟု ခေါ်တွင်ကြလေသည်။ သတိုးနော်ရထာမင်းကြီးသည် တိုင်းပြည် ဝပြောသာယာရေးနှင့် သာသနာရေး ဘာသာရေးတို့ကို အစဉ်ဦးထိပ်ထား ရွက်ဆောင်ခဲ့လေသည်။ သို့ကြောင့်ပင် ရောက်ရာအရပ် ရောက်ရာဒေသတိုင်း၌ ဘုရားတည်ခြင်း ကျောင်းဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်းတို့ကိုလည်း မလစ်မဟင်း ဆောင်ရွက်ခဲ့သည်။

ထိုမင်းသည် တစ်နေ့ ဆီး(ဖီး)ပင်များ စီစီဝေဝေ ပေါက်လျက်ရှိသည့် ကုန်းကြီးတစ်ကုန်းသို့ ရောက်လာသည်။ ဖီးတောကြီးမှာလည်း တပြန့်တပြောဖြင့် ရင်သပ်ရှုမောဖွယ် ဖြစ်သဖြင့် ထိုနေရာအရပ်ကို "**ဖီးကုန်း**" ဟု သမုတ်ကာ၊ ထိုအရပ်၌ နှမတော် ဝက်လှုကတော် မင်းသမီး၏ တစ်သိန်းတန် "မြတဘက်" ကို ဌာပနာသွင်းပြီး ဘုရားတည်လေ၏။

ဌာပနာတိုက်မှာ အုပ်သရိုးကိုင် "မြေတိုက်" ဌာပနာတိုက် ဖြစ်သဖြင့် ယင်းဌာပနာတိုက် ပိတ်ရန်အတွက် ကြီးမားသော သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် ကျောက်ဖျာကြီးတစ်ချပ်ကို အလိုရှိလေသည်။ သို့ကြောင့် မင်းကြီး အလိုရှိသော ကျောက်ဖျာကြီးကို လှူစုခွဲ၍ ရိုးမပေါ်၌ ရှာကြစေ၏။ တွေ့ရှိသူကို ဆုတော်လာဘ်တော်များ ပေးမည်ဟုလည်း မိန့်ကြားတော်မူလေသည်။

သို့ကြောင့်ပင် မှူးမတ်ဗိုလ်ပါများတို့သည် အသီးသီး လှူစုခွဲပြီး ကျောက်ဖျာရှာရန် ရိုးမဆီသို့ ထွက်ခဲ့ကြလေသည်။ ထိုအထဲတွင် ဝက်လှုကတော်နှင့် နှစ်ကိုယ်ချင်း သဘောတော်ကျ မေတ္တာမျှနေကြသော တပ်မှူးလေး သီဟဗလ တစ်ယောက်လည်း ပါဝင်ပေသည်။

တပ်မှူးလေး သီဟဗလသည် ပတ္တမြားကျောက်စီဓားကို ကျောမှာလွယ်ပိုးလျက် မီးခိုးရောင် ဖောင်းဝတ်မြင်းကြီးကိုစီးပြီး အရှေ့စူးစူးရှိ အလယ်ရိုးမကြီးဆီ ကျောက်ဖျာရှာ သွားတော့



www.burmeseclassic.com

www.burmeseclassic.com

မည်မို့ သတိုးနော်ရထာမင်းကို ခစားပြီး ဝက်လှကတော် မင်းသမီးလေး ယာယီ စံမြန်းရာ နန်းဆောင်သို့ ထွက်ခဲ့၏။

မင်းသမီးလေးကို နှုတ်ဆက်ပြီးမှ သွားရန်ဆန္ဒကလည်း ရှိနေသည်။ သူ့ နှုတ်မဆက်ဘဲ သွားလျှင်လည်း မင်းသမီးလေး နှလုံးမသာမှာ စိုးသော ကြောင့် ဖြစ်သည်။

ဝက်လှကတော် မင်းသမီးလေးက တပ်မှူးလေးသီဟဗလကို မြင်သည်နှင့် ရံရွေတော်များကိုထား၍ ယာယီစံနန်း ဖြစ်သော သစ်ခက်တဲမှထွက်လာပြီး တပ်မှူးလေးကို ဆီးကြိုနှုတ်ဆက်လေ၏။

'မောင်တော်' ခရီးနှင်တော့မည်ပ'

ဟုလည်း မေးလိုက်သည်။

တပ်မှူးလေးက မြင်းပေါ်မှ ဆင်းပြီး မြင်းဇက်ကြိုးကို ကိုင်ရင်း...

'မှန်ပါ့ သခင်မလေး'

ဟု ရိုသေစွာ ဆိုလိုက်၏။ ထိုအခါ ဝက်လှကတော် မင်းသမီးလေးက နှုတ်ခမ်းလေး မသိမသာစူပြီး ဟန်မူပိုပိုလေး နှင့်...

'လာပြန်ပြီလား ဒီသခင်မလေး၊ မောင်တော်ကို နှမလေး ပြောထားပြီး လေ။ မောင်တော်နဲ့ နှမတော်တွေ့တဲ့ အချိန်မှာ နှမတော်ကို သခင်မလေးလို့ မခေါ်ပါနဲ့လို့'

မပွင့်တပွင့် လေသံလေးနှင့် ဆိုလိုက်သည်။

ဝက်လှကတော် မင်းသမီးလေး၏ စကားဆုံးတော့ တပ်မှူးလေးက "ကျေးဇူးတင်ပါ နှမတော်"ဟု ဆိုရင်း တစ်ချက်မျှ ရယ်လိုက်လေသည်။ ထိုအခါမှ မင်းသမီးလေးက ပြုံးပြီး တပ်[illegible]သး၏လက်ဆွဲ၍ အဆောင် [illegible]ခဲ့လေသည်။ တပ်မှူးလေး [illegible]ည်း မြင်းကို သစ်ပင်တစ်ပင်တွင်



ချည်ကာ မင်းသမီးနှင့်အတူ အဆောင် တော်အတွင်း ဝင်လိုက်ခဲ့၏။

သလွန်ပေါ်တွင် ယှဉ်ထိုင်မိကြသည် နှင့် မင်းသမီးလေးက...

'မောင်တော်သွားမယ့်လမ်း ဘေး မသီရန်မခပါစေနဲ့လို့ နှမတော် ဆု တောင်းပေးပါတယ်'

ဟု ပြောလိုက်သည်။ ထိုအခါ တပ်မှူးလေးက...

'မောင်တော့်အတွက် စိတ်ချပါ နှမတော်။ နှမတော်လေးသာ ကျန်းမာ ရေး ဂရုစိုက်ပါ။ မောင်တော် မကြာခင် အရောက်ပြန်ခဲ့ပါ့မယ်။ မင်းတရားကြီး ရဲ့ ဆန္ဒအလိုတော်လဲ ပြည့်ဝစေရပါ့ မယ်။ မောင်တော် ပြန်လာရင်သာ'

ဟု စကားကို မတင်မကျပြောရင်း မင်းသမီးလေးကို မချိုမချဉ် ကြည့်လိုက် သည်။

'ပြန်လာရင် ဘာဖြစ်လဲမောင်တော်'

'ပြန်လာရင် နှမတော်နဲ့ မောင်တော် တို့ နှစ်ပါးဂဟေဆက်လို့ ရွှေလက်တော် တွဲဖို့အရေး...'

တပ်မှူးလေးက စကားကိုဖြတ်၍ မင်းသမီးလေးကို ကြည့်လိုက်သည်။

မင်းသမီးလေးက တပ်မှူးလေး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ယဲ့ယဲ့ လေး ပြုံးပြီး...

'စိတ်ချတော်မူပါ မောင်ဘုရား၊ ဒီ အရေး တွေးပူတော်မမူနေပါနဲ့ မောင်တော်။ မင်းတရားကြီးကို နှမတော်ကိုယ်တိုင် လျှောက်ထားလို့ နှလုံးသားတွေ ငြိမ်းအေးစေရပါမယ်။ မောင်တော်သာ လမ်းပန်းခရီး ဘေးဆီးရန်ကာ ကြည့်သွားတော်မူပါ'

ဟု ပြောလိုက်ပြီး တပ်မှူးလေး၏ လက်ကို ဖွဖွလေး ငုံ့နမ်းလိုက်လေ၏။

* * *

တပ်မှူးလေးသီဟဗလနှင့် ဝက်လှ မင်းသမီးတို့ ချစ်ခွန်းဆိုဟ မေတ္တာမျှနေ ကြသည်ကို တစ်နေရာမှ ချောင်းမြောင်း ကြည့်နေသောသူ တစ်ဦးကိုတော့ သူ တို့နှစ်ဦး သတိမထားလိုက်မိကြ။

ထိုသူကား အမတ်ကြီး အမိတ္တောဒန။

အမိတ္တောဒန အမတ်ကြီးသည် ဝက်လှကတော် မင်းသမီးလေး ယာယီ စံမြန်းနေသည့် တဲနန်း၏ ရံရွေတော် များလွတ်ရာ အနောက်ဘက်မှ ချောင်း မြောင်းကြည့်နေခြင်းဖြစ်၏။

တပ်မှူးလေးနှင့်မင်းသမီးလေးတို့၏ အကြည်ဆိုက်လျက် ပျော်ပိုက်နေသည် ကို မြင်သည့်အခါတွင်ကား မကျေမနပ် ဖြင့် ညာဘက်လက်ဝါးပေါ်သို့ ဘယ် လက်သီးဆုပ်ပြီး အသံမကြားစေဘဲ ခပ်အုပ်အုပ် နှစ်ချက်,သုံးချက်ထိုး လိုက်လေသည်။ ထို့နောက် အံကိုက်၍ မချိပြုံးပြုံးပြီး နောက်ကြောင်းကို ပြန်ဆုတ်ခဲ့လေ၏။

သူ နေရာ အဆောင်ရောက်သည် နှင့် သားဖြစ်သူ ငမဲခေါင်ကို ခေါ်လိုက် သည်။ ငမဲခေါင်မှာ ဘုရင့်စီးတော်ဆင် လော်ရှိန်းကို ရေချနေရာမှ ဖခင်က အရေးတကြီးခေါ်သည် ဆိုသဖြင့် ဆင်ကို ဆင်တင်းကုတ်၌ သွင်းကာ ဖခင် အမိတ္တောဒနဆီ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

ဖခင်ရှေ့ ရောက်သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com

'သားရောက်ပါပြီ ဖခင်'

ဟုဆိုရင်း အမိတ္တောဒနက၏ ရှေ့ရှိ သင်ဖြူးပေါ်ထိုင်လိုက်သည်။

ထိုအခါ အမိတ္တောဒနက ငမဲခေါင်ကို ကြည့်ရင်း…

'သားကို အရေးတကြီး ပြောစရာရှိလို့ ခေါ်ရတာပါ သားမောင်'

ဟု မကျေမနပ်သံဖြင့် ပြောလိုက်၏။ ငမဲခေါင်က ဖခင်ကိုကြည့်ပြီး ''မိန့်ပါ ဖခင်…မည်သည့် အရေးကိစ္စများပါနည်း''ဟု မေးလိုက်၏။

'ဒီလို သားမောင်ရဲ့'

ဟု အစချီကာ အမိတ္တောဒနက သူမြင်ခဲ့ရသော တပ်မှူးလေး သီဟဗလနှင့် ဝက်လှမင်းသမီးလေးတို့၏ အကြောင်းကို ပြောပြလိုက်လေ၏။

'အဲဒီအရေးက ကြီးပေတယ် သားမောင်၊ သားမောင်တို့ ငါတို့ဟာ သတိုးနော်ရထာ သုံးမြို့ရှင်မင်းကို သားမောင်ရဲ့မိခင်နဲ့ ပတ်သက်လို့ လက်စားချေဖို့ ရှိနေတယ်မဟုတ်ပ၊ အရေးအခင်းအတွက် အခြေအနေကို စောင့်နေကြတာပ၊ အရေးအခင်း ပြီးတာနဲ့ ငါ့သားဟာ သုံးမြို့ရှင်ရဲ့ နှမတော်တွေ ဖြစ်ကြတဲ့ ဝက်လှမင်းသမီးနဲ့ စောဖြူမယ်မင်းသမီးနှစ်ပါးကို လက်ဆွဲပြီး နန်းသိမ်းပွဲခံဖို့လေပ သားမောင်'

'မှန်ပါ့ဖခင် သားမောင်လဲ အလစ်အလပ် အခါအခွင့်ကို ချောင်းနေလျက်ပါ။ လစ်လို့ကတော့ သားမောင်ရဲ့မိခင်ကို သတ်ခဲ့သလို သုံးမြို့ရှင် သတိုးနော်ရထာလဲ သေခြင်းဆိုးနဲ့ သေရပါစေ့မယ်'

'အေးလေ ဒါ ဖြစ်ကိုဖြစ်ရမှာပဲ ဒါပေမယ့် ခုဖခင် မကြည်သာနေရတာက၊ သားတော်ရွေးလက်တွဲလို့ နန်းသိမ်းပွဲ ခံရမယ့် သုံးမြို့ရှင်ရဲ့ နှမတော်နှစ်ယောက်အနက် တစ်ယောက်က လက်လွတ်မယ် ဖြစ်နေလို့ပ သားမောင်ရယ်'

'ဒီအတွက်တော့ ကြောင့်ကြတော်မမူပါနဲ့ ဖခင်၊ တပ်မှူးလေးသီဟဗလလောက်တော့ စာမဖွဲ့လောက်ပါဘူး။ သူသွားမယ့် ခရီးစဉ်လဲ သားသိနေတာပဲ။ အဲဒီအရေး မဖင့်နွှေးရအောင် သားကြံဆောင်ပါ့မယ်'

'ကောင်းပ ကောင်းပ ငါ့သားမောင်၊ ဒါပေမယ့် သတိဝီရိယနဲ့တော့လုပ်။ ကိုယ့်အလုပ်ကို ဘယ်လိုလူ ဘယ်လိုပုဂ္ဂိုလ်မှတော့ မသိစေနဲ့၊ ရှေ့ဆက်ရမယ့်ခရီးအတွက် အတားအဆီးဖြစ်ရင် အန္တရာယ်တော့များပ၊ မအောင်မမြင်ဖြစ်မှာလဲ စိုးရသပ…'

'စိတ်ချတော်မူပါဖခင် ဒီအရေး မဖင့်နွှေးရအောင် ငမဲခေါင်ကြံပါ့မယ်'

ထို့နောက် အမတ်ကြီးအမိတ္တောဒနနှင့် ငမဲခေါင်တို့ တီးတိုးအစီအစဉ်တစ်ခုကို တိုင်ပင်ကာ လူစုခွဲလိုက်ကြသည်။

* * *

တပ်မှူးလေးသီဟဗလသည် တစ်ကိုယ်တည်း မြင်းကိုစီးလျက် ပဲခူးရိုးမကြီးဆီ ထွက်ခဲ့၏။

ရိုးမကြီးနှင့် နီးလာသည်နှင့် တောင်ခိုးတွေဝေပြီး မြူခြေများဆိုင်းနေသည့် ရိုးမတောင်တန်းကြီးများကို မြင်လိုက်ရသည်။ တောင်ခြေ၌ ပေါက်နေကြသည့် မြရောင်စိုစို သစ်ပျိုသစ်အိုတို့က ကယ်မိကစွဲနှင့် တပ်မှူးလေးကို ဆီးကြိုနှုတ်ဆက်လျက် ရှိကြသည်။ တပ်မှူးလေးသည် ထိုသစ်တောလေးကို ဖြတ်ပြီး မြင်းကို ခပ်သော့သော့လေးနှင်ကာ ခရီးဆက်ခဲ့သည်။

တောင်ပီစူးငှက်၊ အုန်လောင်ငှက်၊ တောင်လုံးငှက်တို့၏ အော်မြည်သံလေးများကို နာခံရင်း အချိန်ရသလောက် တောင်ခြေတစ်လျှောက် ကျောက်ဖျာရှာပုံတော် ဖွင့်ရလေသည်။

သုံးရက်မြောက်သော နေ့၌ကား တပ်မှူးလေးသီဟဗလသည် ကြည်လင်စိမ်းလဲ့နေသည့်ရေများ တသွင်သွင်စီးဆင်းလျက်ရှိသော ဘော်နှင့် ဘင်များ ထွက်ရှိသဖြင့် **''ဘော်ဘင်ချောင်းမကြီး''**ဟု အမည်တွင်သည့် ဘော်ဘင်ချောင်းဖျား၌ သုံးမြို့ရှင် သတိုးနော်ရထာမင်းတရားကြီး အလိုရှိသော ပေ(၅၀)ပတ်လည်ခန့် ကျောက်ဖျာကြီးကို ဘွားခနဲ တွေ့လိုက်ရလေသည်။

တပ်မှူးလေး သီဟဗလသည် ကျောက်ဖျာကိုတွေ့ရသည်နှင့် အလွန်အမင်း ဝမ်းသာသွားလေ၏။ ဝက်လှမင်းသမီးကသည် ''ကျောက်ဖျာအရေး'' ဆောင်ရွက်ပြီးပါက သူနှင့် နှစ်ကိုယ်နီးဖို့ရန်အတွက် ဆောင်ရွက် အောင်မြင်စေရမည်ဖြစ်ကြောင်း ကတိပေးလိုက်သည် မဟုတ်ပါလား။

ထို့ကြောင့် တပ်မှူးလေးသည် မင်းသမီးလေးနှင့် နှစ်ကိုယ်နီးဖို့အရေးတွေးပြီး ဇီးကုန်းရှိ မြသိန်းတန်ဘုရားသို့ ကျောက်ဖျာကြီး အမြန်ရောက်ရေး ဆောင်ရွက်နိုင်ရန် မြင်းကို ဒုန်းစိုင်း၍ အလျင်အမြန် ပြန်ပြေးခဲ့လေ၏။

ဇီးကုန်း၌ ဘုရားတည်စဉ် ယာယီစံမြန်းနေသည့် တဲနန်း၌ သုံးမြို့ရှင်မင်းကို အစဉ်သင့် ဖူးတွေ့ရသည်နှင့်…

'မှန်လှပါ… အရှင့်ဘုန်းတော်ကြောင့် အလိုရှိသောကျောက်ဖျာကြီးကို တွေ့ရှိပါကြောင်း ဘုရား။ ကျွန်တော် လျှောက်ထားဦးတင်ပါသည် ဘုရား…'

ဟု လျှောက်တင်လေ၏။

ထိုအခါ သုံးမြို့ရှင် သတိုးနော်ရထာမင်းကြီးကလည်း အားရတော်မူလှသဖြင့် သူ့ကတိအတိုင်း…

'သင် အလိုရှိရာ ဆုကိုတောင်း… ရော့'

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးလေးက ''ကျောက်ဖျာကြီး ရောက်မှ ကျွန်တော်မျိုးကြီး တောင်းပါမည်''ဟု ပြန်လည်လျှောက်ထားလေသည်။ ကျောက်ဖျာကြီး ရတော့မည် ဖြစ်သဖြင့် မင်းအပါအဝင် မင်းညီမင်းသားမှူးမတ်အံများ ဝမ်းသာနေကြလေသည်။ သို့သော် ထိုအထဲ၌ ဝမ်းမသာနိုင်သူ နှစ်ဦးလည်း ရှိနေပါသည်။ ယင်းတို့ကား အမိတ္တော္တာဒနအမတ်ကြီးနှင့် ဘုရင့်စီးတော်ဆင်၏ ဆင်ထိန်းကြီး ငမဲခေါင်တို့ ဖြစ်လေသည်။

အမိတ္တော္တာဒနနှင့် ငမဲခေါင်သည် တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်ပါ,ပါလည်း ကြည့်နေကြ၏။

အတန်ကြာသော်... အမိတ္တော္တာဒနက...

'မှန်လှပါဘုရား တပ်မှူးလေးတွေ့ရှိခဲ့သည့် ကျောက်ဖျာကြီးမှာ လျှောက်ထားချက်ကြားရသည်နှင့် လူနှင့်မချိယူငင်၍ မရနိုင်ကြောင်း ကျွန်တော်မျိုးကြီး တွေးဆမိပါသည် ဘုရား'

ဟု လျှောက်ထားလိုက်၏။

'အိမ်း...ဒါဆို မည်သို့ယူရမည်ကို တင်စမ်းပ အမတ်ကြီး'

'ဤမျှ ခမ်းနားကြီးမားလှသော ကျောက်ဖျာမျိုးမှာ အရှင့် ကျွန်တော်မောင်မဲခေါင်နှင့် အရှင့်စီးတော်ဆင် ''ဆင်တော်လော်ရှိန်း''တို့သာ အရှင်မင်းကြီး အလိုတော်ကျ ပို့ဆောင်ပေးနိုင်မည် ဖြစ်ပါသည်'

'မှန်ပေစွ အမတ်ကြီး၊ အမတ်ကြီး၏ လျှောက်တင်ချက်တို့သည် သင့်မြတ်လှပေစွတကား၊ အဲဒီကိစ္စကို အချိန်မလင့်စေဘဲ ယခုကပင်စ၍ ဆောင်ရွက်ကြပေလော့၊ တပ်မှူးလေးကလဲ တွေ့ရှိခဲ့သည့် ကျောက်ဖျာကို လိုက်၍ပြစေဗျာ'

သုံးမြို့ရှင် သတိုးနော်ရထား အမိန့်တော်မြတ် ချမှတ်လိုက်သည်ကို ကြားလိုက်ရသော ငမဲခေါင်သည် ဘုရင့်အမိန့်စကားဆုံးသည်နှင့် အဓိပ္ပာယ်ပါသော အပြုံးကို နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်လေ၏။

* * *

ကျောက်ဖျာကြီးမှာ ဘော်ဘင်ချောင်းဖျားတွင် အထင်းသားရှိနေသည်။ ကျောက်ဖျာ၏အောက်ဘက်တွင် ဘော်ဘင်ချောင်းဖျားဖြစ်ပြီး အထက်ဘက်ကမိုးထိတောင်တန်းကြီးနှင့် ယင်းတောင်တန်းကြီး၏ တောင်စွယ်,တောင်ပွား တောင်ကုန်းလေးများရှိကာ၊ ကျောက်ဖျာကြီး၏ ဘေးဘယ်ညာတွင်မူ ဟည်းတိုက်အောင်ပေါက်နေကြသော သစ်တောနှင့်ဝါးတောကြီးများ ဖြစ်လေ၏။

တပ်မှူးလေးသီဟဗလက တောင်ခြေမှ ကျောက်ဖျာကြီးရှိရာ အထက်ပိုင်းအရောက် မြင်းစီး၍ တက်လာခဲ့သည်။ ယင်းနောက်မှ ငမဲခေါင်က ဆင်တော်လော်ရှိန်းကို စီးလျက် တက်လိုက်လာသည်။ အပေါ်ကျောက်ဖျာထိပ်ရောက်သည်နှင့် တပ်မှူးလေးကရပ်ကာ...

'ဆင်ထိန်းကြီး ကျုပ်ပြောတာ ဒီကျောက်ဖျာကြီးပ၊ မကြီးကျယ်ပေဘူးလား၊ ဟိုရောက်ရင် ဆင်ထိန်းကြီးတို့ ကျုပ်တို့ရဲ့ အရှင် သိပ်သဘောကျမှာဗျ'

ဟု ဝမ်းသာအားရ ပြောလိုက်၏။

ငမဲခေါင်က ဆင်ပေါ်မှမဆင်းဘဲ...

'မှန်ပါ့ တပ်မှူးလေးရယ်...တပ်မှူးလေးတို့ ဒီကျောက်ဖျာတွေ့တာ ကံကောင်းတာပ'

ဟု အတည်လိုလို ခနဲ့သလိုလို ပြောလိုက်သည်။

'အဘယ်ကြောင့် ကံကောင်းကြောင်း ပြောနိုင်ပါသနည်း ဆင်ထိန်းကြီးရဲ့'

'အို... တပ်မှူးလေးရယ် ဒီကျောက်ဖျာကြီးက တပ်မှူးလေးကို ဘုရင့်နှမတော်လေးနဲ့ ဆုံဆည်းခွင့်ပေးမယ် မဟုတ်ပါလား'

'အလို... ဆင်ထိန်းကြီး ကြောက်လှပါဘိ၊ အရှင်မြတ်ကြားမှဖြင့် ခက်ချေတော့မည်။ မဟုတ်မဟတ်ဗျာ၊ ဒီစကား ဒီမှာပဲ ရပ်ပါတော့'

တပ်မှူးလေးသီဟဗလက ထိတ်လန့်စွာ တားလိုက်သည်။

ငမဲခေါင်က တပ်မှူးလေး၏ အမူအရာကိုကြည့်ပြီး သဘောကျစွာ တဟားဟား အော်ရယ်လိုက်သည်။

'ဟား...ဟား...ဟား...ဟား...ဟား...၊ဟား...ဟား...ဟား...ဟား...ဟား...'

ထိုသို့ ရယ်နေရင်းမှ...

'ကျုပ်သိပါတယ် တပ်မှူးလေးရယ် သည်အရေး တွေးကြောက်နေပါနဲ့၊ ယောက်ျားတွေပဲပ'



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ပြောလိုက်သည်။ ထို့နောက် ကျောက်ဖျာကြီးကို ဆင်နှင့် "အောင်း" (ထိုး)ကြည့်ချိန်ဆနေလိုက်သည်။

ကျောက်ဖျာကြီးက ဆင်တော်လော်ရှိန်း၏ အားကို မလွန်ဆန်နိုင်၊ တသိမ့်သိမ့်ဖြစ် လှုပ်လာသည်။ ငမဲခေါင်က အနေအထားတွေကို အကဲခတ်၍ ခေတ္တရပ်ထားလိုက်၏။ တပ်မှူးလေး သီဟဗလက မြင်းစီးလျက်ပင် ကျောက်ဖျာကြီး၏ အပေါ်ဘက်ထိပ်၌ ရပ်မြဲရပ်လျက် အခြေအနေကို စောင့်ကြည့်နေ၏။

'ဘယ့်နှယ့်လဲ ဆင်ထိန်းကြီး ဆင်တော်နဲ့ ကျောက်ဖျာကြီးကို ကော်နိုင်ပါမည်လား' '

တပ်မှူးလေးက မေးလိုက်သည်။ ငမဲခေါင်က ကျောက်ဖျာကို အသာအယာ ဆင်တော်လော်ရှိန်းက ထိုးကော်မ, နိုင်မည် ဖြစ်သော်လည်း တစ်ချက်မျှ ပြုံး၍...

'ဒီအတိုင်း ကော်ရဖို့ကတော့ မလွယ်ပါဘူး တပ်မှူးလေး။ ဆကြည့်နေတာပါ၊ အဲဒီနေရာမှာပဲ ရပ်နေလဲ ရပါတယ်၊ ဆွဲရင် ကျွပ်ပြောပါ့မယ်...'

ဟု ပြန်ပြောလိုက်သည်။

ထို့နောက် စကားဆုံးသည်နှင့် ကျောက်ဖျာကို ဆကြည့်ပြန်သည်။ ကျောက်ဖျာကြီး အနည်းငယ် ဟသွားသည်နှင့် အထဲမှ ရေသံများကို ကြားလိုက်ရသည်။ ကြီးမားသော ထုံးအိုင်ကြီးတစ်အိုင်ကို ကျောက်ဖျာကြီးက ပိတ်ထားမှန်း ငမဲခေါင်သိလိုက်၏။

ထိုအချိန်တွင်ပင်...

'ဟဲ့ လော်ရှိန်း... ကျောက်ဖျာကြီး အောင်း'

ဟု ငမဲခေါင်က ဆင်ကိုချွန်း ဖွင့်ပြီး ကျယ်လောင်စွာ အော်ဟစ်၍ အမိန့်ပေးလိုက်သည်။ ထိုခဏ ကျောက်ဖျာကြီးလည်း 'ဝရော...ရော' ဟုအသံမြည်ကာ ဖျာတစ်ချပ်စာမျှ ဟသွားလေ၏။

တပ်မှူးလေး သီဟဗလလည်း ရှောင်တိမ်းရန် သတိမရလိုက်ဘဲ အံ့အားသင့်ကြည့်နေချိန်တွင်ပင် လူရောမြင်းပါ အိုင်ကြီးအတွင်းသို့ "ဘုန်း" ခနဲမြည်ကာ ထိုးကျသွားလေတော့သည်။

ငမဲခေါင်သည် တပ်မှူးလေးကို ကြည့်၍ သဘောကျစွာ တဟားဟား အော်ရယ်ရင်း ကျောက်ဖျာကြီးကို ပြန်ပိတ်ထားလိုက်လေတော့၏။

* * *

'ငမဲခေါင်လဲ တပ်မှူးလေးနဲ့ စီးတော်မြင်းသေလောက်မှ ကျောက်ဖျာကြီးကို သံကြိုးနဲ့တွဲ ဆင်တော်လော်ရှိန်းနဲ့ ဆွဲသွားပြီး မြသိန်းတန်စေတီရဲ့ ဌာပနာတိုက်မှာ ပိတ်ခဲ့တယ်။ ဒီဘုမ်းမွဲဇာအိုင်ကြီးက အဲဒီကျောက်ဖျာကြီး ယူတဲ့အချိန်ကာစ ဖြစ်ပေါ်ခဲ့တာပဲ။ တကယ်တော့ သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ "ထုံးအိုင်ကြီး"ကို သဘာဝအတိုင်းဖြစ်နေတဲ့ ကျောက်ဖျာကြီးက အဖုံးကြီးတစ်ခုလို အုပ်မိုးထားတာ ဆရာရဲ့ ကျောက်ဖျာကြီးလဲ ယူလိုက်ရော အိုင်ကြီးက အလိုလိုပေါ်လာတော့တာပေါ့'

ဦးလှသန်းက ကျွန်တော့်အား "ဘုမ်းမွဲဇာအိုင်ကြီး" အကြောင်းနှင့် ပတ်သက်၍ အိုင်ကြီးဖြစ်ပေါ်လာပုံမှ အစ ရှင်းလင်းပြောပြပါသည်။

'နေဦးဗျ၊ ဒီအိုင်ကြီးက ဘာဖြစ်လို့ အခုလို လူတွေကို ဒုက္ခပေးနေရတာလဲ'

ကျွန်တော်က အိုင်ကြီးနှင့်ပတ်သက်၍ မရှင်းသဖြင့် မေးလိုက်သည်။

'တချို့ပြောကြတာကတော့ အိုင်ထဲကျသေဆုံးခဲ့တဲ့ တပ်မှူးလေးဟာ မကျွတ်ဘူးပြောတယ်။ အဆင့်ဆင့်ပုံပြင်ဆန်ဆန် ပြောလာတဲ့ စကားတွေအရကတော့ သေဆုံးပြီး မကြာခင်မှာပဲ တပ်မှူးလေးက သုံးမြို့ရှင် သတိုးနော်ရထာဆီသွားပြီး ကိုယ်ထင်ပြ ငိုယိုလျှောက်လို့ သုံးမြို့ရှင်က တပ်မှူးလေးကို အဲဒီနေရာတစ်ပိုက်နဲ့ အိုင်ကြီးမှာ ပြန်အပိုင်စားပေးခဲ့တယ်လေ။

အဲဒီအချိန်ကစပြီး အိုင်ကြီးမှာ ဂမ္ဘီရဆန်တဲ့ ဆန်းကြယ်ဖြစ်ရပ်တွေ ဖြစ်တော့တာပဲ ပြောတယ်ဆရာ။ တချို့ကတော့လဲ တပ်မှူးလေးကပဲ လုပ်နေသလိုလို၊ တပ်မှူးလေးဆီမှာ တပ်မှူးလေးနဲ့ အတူတူနေထိုင်ကြတဲ့ ခြွေရံသင်းပင်းတွေကပဲ လုပ်နေသလိုလို ပြောကြတာပဲ။

ဟော တချို့ကျတော့လဲ အဲဒီလို မဟုတ်ပြန်ဘူး၊ အဲဒီအိုင်ကြီးထဲမှာ အင်မတန်ကြီးမားတဲ့ ကျောက်လ[illegible] ဝါးကြီးတစ်ခု ရှိတာတဲ့ ကျောက်[illegible] ဝါးကြီးကိုလဲ တချို့လူတွေ[illegible]တွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်တဲ့ ဆရာ။ အဲဒီ ကျောက်လက်ဝါးကြီးကပဲ စားနေတာတဲ့။ အဲဒီ ဘုမ်းမွဲးဇာအိုင်ကြီးနဲ့ ပတ်သက်လို့ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်တွေ အများကြီးပါပဲ ဆရာရယ်၊ ပြောမကုန်ပေါင် တောသုံးထောင်ပါဗျာ...'

'ဒါထက် ဦးလှသန်း၊ ဒီအိုင်ကြီးကိုကော ဘာဖြစ်လို့ "ဘုမ်းမွဲးဇာ"အိုင်ကြီးလို့ ခေါ်ကြတာလဲဗျ'

'ဒီလိုဆရာရေ...ဟိုတုန်းက ဒီအိုင်ကြီးက လူအနားရောက်လာရင် "တဘုန်းဘုန်း"နဲ့ အသံပေးပေးပြီး ရေလှိုင်းကြီးတွေ ထ,ထလာတယ်။ နောက် ဇာပဝါပေါက်တွေလို အပေါက်တွေ အပြောက်ပြောက်ထနေတဲ့ မွဲခြောက်ခြောက် မြင်းကြီးတစ်ကောင် ပေါ်ပေါ် လာတယ်ဆိုပဲဗျ။

'အဲဒီ တဘုန်းဘုန်းအသံရယ်၊ ဇာပဝါပေါက်တွေလို မွဲခြောက်ခြောက် မြင်းကြီးကို မြင်ကြတယ်။ အားလုံးကို စွဲပြီး "ဘုန်းမွဲးဇာ"အိုင်လို့ အမည်တပ်ခေါ်ခဲ့ကြတာ၊ ခုတော့ အဲဒီ"ဘုန်းမွဲးဇာ" ကနေ ဘုမ်းမွဲးဇာလို့ ဖြစ်သွားတာဗျ...'

ဦးလှသန်းက သိလိုသမျှကိုတစ်လုံးမကျန် ရှင်းပြ၍ ကျွန်ကော်လည်း အိုင်အကြောင်းလေ့လာရန် လာရကျိုးနပ်သဖြင့် ကျေနပ်ဝမ်းသာမိပါ၏။

နာရီကြည့်လိုက်တော့ ညနေ လေးနာရီထိုးပြီဖြစ်သဖြင့် ကျွန်တော် မြို့သို့ပြန်ရဦးမည်ဖြစ်၍ ဦးလှသန်းပြောပြခဲ့သည့် တပ်မှူးလေးသီဟဗလ အပါအဝင် ထိုဒေသတစ်ဝိုက်နှင့် အိုင်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော သတ္တဝါအပေါင်းတို့အား ကောင်းရာဘုံဘဝ ရောက်ရှိနိုင်ကြပါစေဟု မေတ္တာပို့ဆုမွန်ကောင်းတောင်းရင်း မိမိပြုလုပ် အားထုတ်ခဲ့သမျှ ကောင်းမှုကုသိုလ် အားလုံးကို သာဓုအနုမောဒနာ ခေါ်ဆို နိုင်ပါရန် အမျှအတန်းပေးဝေ၍ ပြန်ခဲ့ ပါလေတော့၏။

**နေဝန်းနီ**

(မှတ်ချက်။ ။ ငမဲခေါင်ဆိုသည်မှာ ခြေရာတစ်ထောင် ငမဲခေါင်ဖြစ်၍ သုံးမြို့ရှင် သတိုးနော်ရထာမင်းအား ဒီးကုန်းအနောက်သဲဖြူအရပ်ရှိကုန် လေး၌ လုံနှင့် ထိုးကော်၍ ဆင်နှင့် နင်းသတ်သူ ဖြစ်ပါသည်။ (ထိုအရပ် ကိုလည်း ယနေ့ထက်တိုင် ကော်ထိုးကု အရပ်ဟု ခေါ်ပါသည်။)

**စာမျက်နှာ (၂၆၈)မှ အဆက်**

အောက်မှ မီးခိုးမှိုင်းတိုက်ကာ ပျားတွေကို နှင်လေတော့သည်။

ရောက်လာသည့် "ပျားက"ကို ပျားအုံအောက်မှာ ဆွဲခံပြီး ပျားလပို့ တွေ၊ ပျားသလက်တွေကို လှီးထည့် ကာ "ပျားက"ကို ပြန်ချပေးသည်။ အောက်မှ စာရေးသူတို့အဖွဲ့ကလည်း အောက်မှ ကြိုးစကို တောင့်ကိုင်ပြီး တဖြည်းဖြည်း ချယူကြသည်။

ဒီလိုနည်းနှင့် ပျားတွေကို တစ်စွဲပြီး တစ်စွဲ ဖွပ်ယူခဲ့ကြသည်။ ပျားစည်ပင်ကို ဖွပ်တော့ သစ်ပင်ထိပ်ဖျားက အပေါ်ဆုံး ပျားအုံကိုစပြီး ဖွပ်ရသည်။ အောက်က ပျားစွဲတွေကိုတော့ ဖြည်းဖြည်းချင်း ဆင်းဖွပ်ရသည်။ ဒီလိုနည်းနှင့် ဖွပ်မှ ပျားအကုန်ရသည်။

စာရေးသူတို့ ပျားဖွပ်ဖို့ထွက်တော့ မဟာမြိုင်တောကြီး တစ်တောလုံးက သစ်မျိုးပေါင်းစုံပင်ကြီးပန်းတွေ ပွင့်ကုန်ကြပြီ၊ တန်ခူးလသကြံန်ကျကာ နီးတော့မှ စံကားဝါတွေက ထပြီးပွင့်ကြသည်။ စံကားဝါတွေပွင့်ပြီး၍ မိုးကျလာလျှင် မဟာမြိုင်က ပျားမုဆိုးအလုပ် သိမ်းပြီဖြစ်သည်။

စာရေးသူတို့ နောက်ဆုံး ဖွပ်ခဲ့ကြသည့် ပျားရည်တွေက စံကားဝါရောင် ဝင်းနေပြီး စံကားဝါနံ့ သင်းနေသည်။ စခန်းသိမ်းတော့ ပျားရည်တွေကို အညီအမျှ ခွဲဝေယူခဲ့ကြသည်။

ပျားဆရာဖြစ်သူ ကိုထွန်းလူက ထုံးစံအတိုင်း ပျားဖယောင်း နှင့် ပျာဆန်(ပျားသား)ယူသည်။

စာရေးသူကတော့ အင်ကြင်းပန်းနံ့ သင်းပြီး ပဲသီလ ကြည်နေသည့် ပျားဦးရည်ရယ်၊ ပန်းပေါင်းစုံပွင့်သည့် အချိန်မှာရသည့် ပျားရည်နံ့သင်းပြီး ပျားရည်ရောင်ဝင်း နေသည့် ပျားရည်ရယ်၊ နောက်ဆုံးဖွပ်ရခဲ့သည့် စံကား ပျားရည်ရယ် ပုလင်းတစ်လုံးစီမှာ ခွဲထည့်ကာ စာဖြင့်ရေး မှတ်ပြီး သစ်တောဝန်ကို ပြဖို့အရေး တွေးကာ မော်လိုက်သို့ ပြန်ခဲ့သည်။

မော်လိုက်ရောက်တော့ သစ်တောဝန်က ပြောင်းသွားပြီ ပျားသဘာဝနှင့် ပျားမုဆိုးအလုပ်ကို လေ့လာရင်း ယူလာ သည့် ပျားရည်ပုလင်းလေးကို ကြည့်ရင်း...

'ကျုပ်တို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဆိုတော့ နောင်ကျရင် ပျားမွေး အလုပ်ပါ လုပ်ကြရမှား ပျားနဲ့ပတ်သက်တဲ့ စာတန်းလေး ပြုစု ရအောင် ရသီကုန်ထိ သေချာလေ့လာခဲ့ပါ'

ဆိုသည့် ဆရာ သစ်တောဝန်၏ ရှေ့ရေးတွေးပြီး ပြော ခဲ့သည့်အသံ ပြန်လည် ကြားယောင်နေမိပါတော့သည်။

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# ငါးလိုက်ချောင်းရေ

ချိုပါစေ

အောင်မိုးမြင့်
(နေပြည်တော်)

'ဆရာ ကျွန်မတို့မိသားစုအတွက် ကူညီပါဦးဆရာ'

ကျွန်ုပ်၏အနီးကို ရုတ်တရက် ရောက်ရှိလာသော အသက် (၂၅)နှစ် အရွယ် မိန်းကလေးတစ်ယောက်၊ ထိုမိန်းကလေးထက် အနည်းငယ် အသက်ကြီးပုံပေါ်သော လူငယ်အမျိုးသားတစ်ဦး၊ (၅)နှစ်အရွယ် ကလေးမလေးတစ်ဦး၊ ဝတ်စားထားပုံက ရှေးမြန်မာမင်းများ လက်ထက်က အဝတ်အစားပုံစံနှင့်၊ တစ်နည်း ဇာတ်မင်းသား၊ မင်းသမီးများပုံစံ...

မိန်းကလေးဖြစ်သူက သွက်လက်သူ ဖြစ်မည်ထင်သည်။ လူငယ်လေးကတော့ အေးဆေးတည်ငြိမ်သော မျက်နှာထားနှင့် ယောကျ်ားပီသလှပါသည်။

ကျွန်ုပ်က...


'ဘယ်လိုဖြစ်လို့... ဆရာက ဘာအကူအညီ ပေးရမှာလဲ'

ဟု မေးမြန်းလိုက်ရပါတော့သည်။

ထိုအခါ မိန်းကလေးက...

'ကျွန်မနာမည် မယ်ရှုပယ်။ သူကတော့ ကျွန်မရဲ့အစ်ကိုအရင်း မောင်တိဿ၊ ဒါကတော့ သမီးတို့ရဲ့ အငယ်ဆုံးညီမလေး မယ်ဝဏ္ဏာပါ။ တကယ်တော့ သမီးတို့ မောင်နှမသုံးယောက်က လူသားများ မဟုတ်ကြပါ။ နဂါးသိုက်ကလာတဲ့ နဂါးသုံးကောင်ပါဆရာ။ နဂါးသိုက်ရဲ့ ခွင့်ပြုချက်နဲ့ တာဝန်တစ်ခုကို ထမ်းဆောင်ဖို့အတွက် လူပြည်လူ့ရွာကို ခဏလာခဲ့ကြရတာပါ'

ဟူ၍ အစချီကာ နဂါးမတစ်ဖြစ်လဲ မယ်ရှုပမှ အောက်ပါအတိုင်း သူတို့၏



◆ ပြည်လုံးချမ်းသာ လောကသိဒ္ဓိ ရန်မျိုးအောင်စေတီတော်ကြီး

ဖြစ်ကြောင်းကုန်စင် ဘဝဇာတ်ကြောင်းကို ကျွန်ုပ်အား ပြောကြားလာပါတော့သည်။

'တကယ်တော့ သမီးတို့ရဲ့ နဂါးသိုက်က နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းက ထင်ရှားစွာ စီးဆင်းနေတဲ့ ငါးလိုက်ချောင်းအမည်ရ ချောင်းကြီးရဲ့ အောက်တည့်တည့်မှာ ရှိပါတယ်။ ကျွန်မတို့ရဲ့ သိုက်နန်းဟာ အလွန်ပျော်ရွှင်ဖွယ်ရာ ကောင်းလှပါ

www.burmeseclassic.com

တယ်။ တော၊ တောင်၊ စိမ့်၊ စမ်းတွေကြားထဲမှာ ကွေ့ကာပိုက်ကာနဲ့ စီးဆင်းနေတဲ့ ငါးလိုက်ချောင်းကြီးဟာ မိုးတွင်းအချိန်အခါမှာ ရေစီး အလွန် သန်လှပါတယ်။

ငါးလိုက်ချောင်းကြီးရဲ့ ရေစီးနှုန်းကိုတော့ သမီးတို့ရဲ့ သိုက်ချုပ်ဖြစ်တဲ့ ဘဖိုးဖြူမှ ထိန်းညှိပေးတာ ဖြစ်ပါတယ်။ သိုက်စခန်း၊ သိုက်နန်းဆိုတော့လဲ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာတွေနဲ့ ပေါကြွယ်လှပါတယ်။ ဒါတွေဟာ သမီးတို့ပစ္စည်းတွေ မဟုတ်သလို မည်သူတွေရဲ့ ပစ္စည်းမှန်းလဲ မသိပါဘူး။

ဘဖိုးဖြူကတော့...

"တစ်နေ့မှာ ဒါတွေကို ဌာပနာပြီး ဘုရားတည်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို မသမာသူလက်ထဲ ရောက်မသွားအောင် အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမယ်လို့ မကြာခဏ ဩဝါဒပေးတိုင်း ပြောကြားတာ ရှိပါတယ်။

ကျွန်မတို့ သိုက်နန်းက လူမျိုးစုံ၊ သတ္တဝါစုံလှပါတယ်။ ရှမ်းတိုင်းရင်းသား၊ ကရင်တိုင်းရင်းသား၊ ဗမာလူမျိုးတွေ များသလို ကျွန်မတို့လို နဂါး(မြွေ)၊ သရဲ၊ လူး စတဲ့ သတ္တဝါတွေလဲ ရှိပါတယ်။ သိုက်နန်းကို စောင့်ရှောက်နေရင်းက အခြားဘဝကို ကူးပြောင်းသွားကြတဲ့ သူတွေလဲ ရှိပါတယ်။

သူတို့ရဲ့ ရှေးကပြုခဲ့ဖူးတဲ့ ပါရမီနဲ့ ဒါန၊ သီလ၊ ကံတွေကြောင့်လို့ ကြားသိခဲ့ရဖူးပါတယ်။ ကျွန်မတို့ရဲ့ နဂါးသိုက်ကလဲ တစ်နေ့တခြား နဂါးဦးရေ နည်းလာတာကို တွေ့ရပါတယ်။ ဒါကို ရိပ်မိလာတဲ့ ဘဖိုးဖြူက သမီးတို့ မောင်နှမသုံးယောက်အပါအဝင် သိုက်မှာရှိတဲ့ နဂါးတွေကို အစည်းအဝေး ခေါ်ပါတော့တယ်။

ဘဖိုးဖြူက နဂါးအပေါင်းတို့ရဲ့ ငါးလိုက်ချောင်းသိုက်နန်းကြီး ပတ်ဝန်းကျင်မှာ လူ့သက်တမ်းနဲ့ပြောမယ်ဆိုရင် နောင်အနှစ်(၁၅၀)မှာ အခုရှိနေတဲ့ တောတောင်စိမ့်စမ်းတွေရဲ့ နေရာမှာ အလွန်တရာမှ စည်ကားတဲ့ မင်းနေပြည်တော်ကြီး ဖြစ်လာပါလိမ့်မယ်။ တိုက်တာ၊ တံတား၊ ပန်းခြံ အစရှိတဲ့ အဆောက်အအုံတွေနဲ့အတူ ဆံတော်ရှင် ရွှေတိဂုံဘုရားကြီးနဲ့ ပုံတူစေတီတစ်ဆူ ပေါ်လာပါလိမ့်မယ်။ ဗုဒ္ဓသာသနာ အလွန် ထွန်းကားတဲ့ မင်းနေပြည်တော်ကြီး ဖြစ်လာပါလိမ့်မယ်။

ဒါ့အပြင် ရှင်တော်ဗုဒ္ဓ ပွင့်ထွန်းတော်မူတဲ့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာပုံစံအတိုင်း သတ္တဌာနအသစ်တွေ ပေါ်ထွန်းလာလိမ့်မယ်လို့ ပြောကြားလာပါတယ်။ ဆက်လက်ပြီး ဘဖိုးဖြူမှ သိုက်နန်းစောင့်အဖြစ် ထားရှိတဲ့ သရဲတို့၊ လူးတို့ အင်အားနည်းသွားရင် ငါ့အနေနဲ့ ငါးလိုက်ချောင်းရေစီးနှုန်းကို မြှင့်တင်ပြီး လိုအပ်တဲ့အရေအတွက် ရရှိရန် တံတားချိုးတာတို့၊ ကမ်းပါးပြိုတာတို့ လုပ်ဆောင်ပြီး ပါလာတဲ့ ဝိညာဉ်တွေကို သိုက်ထဲသွင်းထားလို့ရတယ်။ ဒါကို လူသားတွေက နှစ်တိုင်း လူစားတယ်လို့ ပြောလေ့ရှိတယ်။

ဒီလိုလူစားရတာလဲ စည်းမဲ့ကမ်းမဲ့ မလုပ်ပါဘူး။ တကယ်ကို သိုက်နန်းလိုအပ်ချက်ကြောင့် လူခေါ်တော့မယ်ဆိုရင် ချောင်းရဲ့ရေစီးတဲ့အသံကို ညအချိန်တွေမှာ ကျယ်လောင်စွာ အသံပြုပါတယ်။ တစ်နည်း သတိပေးပြီးမှ လူခေါ်တာပါ။

အခု ခက်နေတာက နဂါးဦးရေ လျော့နည်းလာတာပဲ ဖြစ်တယ်။ နဂါးသိုက်အတွက် နဂါးဦးရေကို ဒီလိုနည်းနဲ့ ဖြည့်တင်းလို့မရဘူး။ ဘုရားတည်တဲ့နေရာတွေမှာ ဘုရားစောင့်တာဝန်နဲ့ အစိဥ္စာန်ဝင်ရမယ်။ ဘယ်ရွှေ့ဘယ်မှု ဝင်ရမယ်လို့ ကန့်သတ်ချက်မထားဘူး။ ဒါပေမယ့် အဲဒီဘုရားအနီးတစ်ဝိုက်မှာ ပိုမိုစည်ကားလာခြင်း၊ လူဦးရေတိုးပွားလာခြင်း တစ်ခုခု ဖြစ်လာရင်တော့ မိမိသိုက်နန်းကို ပြန်လာခွင့်ရပြီလို့ မှတ်သားထားရမယ်။

ဒါပေမယ့် သိုက်နန်းကို ပြန်လာတဲ့အချိန်မှာ မိမိအစိဥ္စာန်ဝင်ခဲ့တဲ့ ဘုရားဟာ သစ်လွင်တောက်ပပြီး ရွှေရောင်လွှမ်းနေရမယ်။ မိမိတို့ဟာ လူသားများ မဟုတ်တဲ့အတွက် ဘုရားကို ကိုယ်တိုင်တည်ခြင်း၊ ပြုပြင်ခြင်း လုပ်လို့မရဘူး။ ဒီလိုအချိန်တွေမှာ ဘုရားကို မွမ်းမံခြင်း၊ တည်ခြင်းကိစ္စများ ပေါ်ပေါက်လာပါက သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ လူသားတွေကို အသိပေးခြင်း၊ အကူအညီတောင်းခြင်းများ ပြုလုပ်နိုင်တယ်"

လို့ ဘဖိုးဖြူက ပြောကြားပါတယ်။ နဂါးသိုက်မှ ကျွန်မတို့ မောင်နှမသုံးဦးကို တာဝန်ပေးစေလွှတ်ခြင်း ခံရပါတယ်'

ဟု ရှည်လျား လွှမ်းမောဖွယ် ပြောကြားလာပါတော့သည်။

ထိုအခါ ကျွန်ုပ်မှ...

'မိန်းကလေး မင်းတို့ မောင်နှမတွေကို ဆရာ ကူညီချင်ပါတယ်။ မင်းတို့ရဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ချင်တဲ့အကြောင်း ပြီးတော့ ဆရာ ဘာလုပ်ပေးရမလဲ'

ဟု မေးခွန်းထုတ်ရပါတော့သည်။ ထိုအခါ တစ်ချိန်လုံး စကားမပြောသည့် လူငယ်လေးမှ...



www.burmeseclassic.com

www.burmeseclassic.com

'ဆရာကြီးခင်ဗျာ ဆရာကြီး အိမ်ရဲ့ တောင်ဘက်စူးစူးမှာ ညောင်ပင်ကြီးတစ်ပင် မျိုထားတဲ့ ဘုရားတစ်ဆူ ရှိပါတယ်။ ဒီဘုရားကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀)က တည်ထားခဲ့တာ ဖြစ်ပါတယ်။ တည်ထားတဲ့ ဒကာတွေက ကျွန်တော်တို့နဲ့ ပဋ္ဌာန်းဆက် တော်စပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေပါ။

ဒီဘုရားကြီးကို ယခုအခါမှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ညောင်ပင်ကြီး မျိုထားတာကြောင့် တချို့ လူတွေဆိုရင် သရဲခြောက်တယ်လို့ ယူဆပြီး ဖြတ်သန်းသွားလာခြင်း မပြုကြပါဘူး။ တချို့ကတော့ မြွေပေါတယ်ဆိုပြီး မလာကြပါ။ ဒီဘုရားကြီးကို ဆရာကြီးမှ ဦးဆောင်ပြီး ကြည်ညိုဖွယ်ဖြစ်အောင် ပြန်လည် တည်ထားပေးပါ'



▲ ပြည်လုံးချမ်းသာ လောကသိဒ္ဓိ
ရန်မျိုးအောင် စေတီတော်ကြီး တည်ရှိရာ
နေပြည်တော် ပျဉ်းမနားမြို့ ဝေဠုဝန်ကျောင်း

ဟု တောင်းပန်သော အကြည့်နှင့် ပြောကြားလာပါတော့သည်။ ကျွန်ုပ်က...

'ဘုရားတည်တာ၊ မွမ်းမံပြင်ဆင်တာဟာ ပြောတော့သာ လွယ်တာ၊ တကယ်လုပ်တော့ တကယ့်ကို ခက်ခဲတယ်'

ဟု ပြန်ပြောရပါသည်။ ထိုအခါ လူငယ်လေးမှ...

'ဆရာကြီးခင်ဗျာ ကျွန်တော်တို့ မောင်နှမသုံးယောက်ဟာ အခုပြောတဲ့ ဘုရားကြီး စတင် တည်ကတည်းက ဒီနေရာကို ရောက်ရှိနေကြတာ ဖြစ်ပါတယ်။ တစ်နည်း လူ့သက်တမ်းနဲ့ ပြောမယ်ဆိုရင် နှစ်ပေါင်း (၁၄၀)ရှိပါပြီ။ မကြာခင်မှာ ဘဖိုးဖြူပြောသလို မင်းနေပြည်တော်ကြီး ဖြစ်လာတော့မယ် ထင်ပါတယ်။ ဘဖိုးဖြူစကားနဲ့ ပြောရရင် (၁၀)နှစ်လောက်ပဲ လိုပါတော့မယ်'

ကျွန်ုပ်က...

'မင်းတို့တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀) ဘုရားကြီး စတင် တည်ကတည်းက ရောက်နေကြတာဆိုရင် ဘုရားကြီးကို ဒီလို ညောင်ပင်ကြီး မမျိုအောင်၊ ချုံနွယ်တွေနဲ့ မဖြစ်အောင် ဘာကြောင့် မထိန်းသိမ်း၊ မစောင့်ရှောက်ရသလဲ'

ဟု အပြစ်တင်သည့် လေသံနှင့် ပြန်လည် မေးခွန်းထုတ်ရပါတော့သည်။

နဂါးလူငယ်လေးမှ...

'ဆရာကြီးခင်ဗျာ ကျွန်တော်တို့ရဲ့ တာဝန်က နဂါးဦးရေ တိုးတက်လာရန် ဘုရားကိုလာပြီး အဓိဋ္ဌာန်ဝင်ခြင်းသာ ဖြစ်ပါတယ်။ ဘုရားတွင် ဌာပနာထားသော ပစ္စည်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်သာဖြစ်လို့ ဘုရားတည်ခြင်း၊ ပြုပြင်ခြင်းများကို လုပ်ကိုင်ခွင့် မရှိပါခင်ဗျာ'

ဟု ပြန်ပြောလေသည်။ ဆက်လက်၍...

'ဆရာကြီးက ဒီဘုရားကြီးကို ကြည်ညိုဖွယ်ရာ ပြန်လည်တည်ထားပေးရင် ...

၁။ နဂါးသိုက်နန်းထဲ၌ နဂါးဦးရေ တိုးပွားလာပါလိမ့်မယ်။

၂။ အချက် မင်းနေပြည်တော်ကြီး တည်ဆောက်ရာ၌လဲ လွယ်ကူစွာ အချိန်တိုတို အတွင်း ပြီးစီးပါလိမ့်မယ်။

၃။ အချက်ကတော့ ရန်ကုန်မြို့မှာ ရှိတဲ့ ရွှေတိဂုံဘုရားနဲ့ပုံတူ တန်ခိုးကြီးဘုရား တစ်ဆူနဲ့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာမှာရှိတဲ့ သတ္တဋ္ဌာန အဆောက်အအုံတွေဟာ နေ့ချင်း၊ ညချင်းဆိုသလို ပေါ်ပေါက်လာပါလိမ့်မယ်။

၄။ အချက်ကတော့ သိုက်ပေါင်းစုံမှ သိုက်ပဋ္ဌာန်းဆက်ရှိသူများ မိမိ သိုက်နဲ့ ဆက်သွယ်လိုရင် ပေါင်းကူးနိုင်သော ဘုရားတစ်ဆူအဖြစ် တန်ခိုးကြီးလာပါလိမ့်မယ်။ ယခု ဆရာကြီးကို ပြုပြင်တည်ထားရန် ကူညီတောင်းခံရတဲ့ ဘုရားဟာ သိုက်ပေါင်းစုံကိုချုပ်တဲ့ သိုက်ချုပ်ဘုရားတစ်ဆူ ဖြစ်ပါတယ်'

ဟု ပြောကြားပါသည်။

ကျွန်ုပ်က...

'ဒါဆိုလဲ သင်တို့မောင်နှမတွေကို အကူအညီပေးပါမယ်။ ကျွန်ုပ်ဆောင်ရွက်ဖွယ်ရာများကိုသာ ပြောပြပါ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ပြောရပါတော့သည်။ ထိုလူငယ်မှ...

'ဆရာကြီး (၁)အချက်လုပ်ရမှာက ရဟန်းပြုရပါမယ်။ (၂) လက်ရှိဘုရားကြီးကို မျိုထားသော ညောင်ပင်ကြီးကို ဖယ်ရှားပေးရပါမယ်။ (၃)မိမိတို့ နဂါးသိုက်အပါအဝင် ကမ္ဘာပေါ်ရှိ သိုက်ပေါင်းစုံတို့အား မေတ္တာပို့ အမျှဝေ၍...

"ပဋ္ဌာန်းဆက်ရှိသူများ လာရောက်ကြပါ"လို့ ဖိတ်ခေါ်ရပါမယ်။ (၄)ဘုရားတည်ခြင်းအမှုနဲ့ ပတ်သက်၍ လိုအပ်သော ငွေကြေးအထောက်အပံ့များအားလုံး သူ့အလိုလို ရောက်ရှိလာပါလိမ့်မယ်'

ဟု ပြောကြားလာပါသည်။

ထိုသို့ပြောပြီး တစ်ပြိုင်နက် ထိုမောင်နှမသုံးဦးမှာ လူအသွင်မှ မြွေကြီးများအဖြစ် ရုတ်တရက် ပြောင်းလဲသွားရာ ကျွန်ုပ်လည်း အလွန်တရာမှ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်စွာ ထခုန်မိပါတော့သည်။

ထိုအခါမှ ကျွန်ုပ်သည် တကယ့်အဖြစ်အပျက်မဟုတ်ဘဲ အိပ်ပျော်နေရာမှ အိပ်မက် မက်နေကြောင်း သိရှိရပါသည်။ ထိုအိပ်မက်မှာ တကယ့်အဖြစ်အပျက်ပမာ ရင်ထဲမှာ စွဲထင်ကျန်ရစ်နေပါသည်။ နောက်တစ်နေ့ နံနက်တွင် အိပ်မက်ထဲ၌ တွေ့မြင်ခဲ့ရသော ဘုရားပျက်ရှိရာ ကျွန်ုပ်အိမ်၏ တောင်စူးစူးအရပ်တွင်ရှိသော ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြည့်ရှုမိပါသည်။

ဝေဠုဝန်ကျောင်း ဆရာတော်မှ...

'ဒကာကြီးလာတာနဲ့ အတော်ပဲ။ အခုပဲ ဒကာကြီးကို ဘုန်းကြီး ခေါ်ခိုင်းတော့မလို့'

ဟု မိန့်ကြားတော်မူ၏။

'ဘာအရေးကိစ္စများ ရှိပါသလဲ ဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှ...

'မိတ်ဆက်ပေးရဦးမယ်။ ဒါ ဒကာကြီးတို့ ရပ်ကွက်ကပဲ။ နာမည်က ဦးစိုးမောင်လို့ခေါ်တယ်။ ဘုန်းကြီးဆီမှာ ရဟန်းခံချင်လို့ လာလျှောက်တာ၊ ဒကာကြီးများ ရဟန်းဒကာ ခံမလားလို့'

ဟု အမိန့်ရှိလေသည်။ ကျွန်ုပ်လည်း ထိုဦးစိုးမောင်အား ရဟန်းဒကာခံရုံမက ကျွန်ုပ်ကိုယ်တိုင်ပင် ရဟန်းဝတ်ချင်သော ဆန္ဒရှိနေ၍ နေ့ချင်းပင် နံနက် ကိုရင်ကြီးဝတ်၍ ညနေ သိမ်ဝင်ခြင်း၊ သိမ်ထွက်ခြင်း ပြုဖွယ်ကိစ္စများပြီးစီး၍ ထိုနေ့ ညနေ (၅)နာရီထိုးတွင် ဦးပဥ္စင်းကြီး ဦးဥတ္တမအဖြစ်သို့ ရောက်ရလေတော့သည်။

စိတ်ထဲတွင်လည်း မနေ့ညက မက်ခဲ့သော အိပ်မက်ကို တကယ့်အဖြစ်အပျက်ပမာ အမှတ်ရနေပါတော့သည်။ ညကိုးနာရီထိုးသည်နှင့် ဝေဠုဝန်ကျောင်းဝိုင်းအတွင်းရှိ ညောင်ပင်မျိုထားသော ဘုရားပျက်ဆီသို့ တစ်ပါးတည်း ကြွလှမ်းလာခဲ့ပါသည်။ ည၏ မှောင်မည်းသောအချိန် ပတ်ဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်မှုအောက်တွင် ဘုရားပျက်မှာ တကယ့် ချောက်ချားဖွယ်ရာ ဖြစ်ပါသည်။

ကျွန်ုပ်လည်း ပါလာသည့် ဖယောင်းတိုင်ကို မီးညှိ၍ ကျေးဇူးရှင်မြတ်စွာ ဘုရားထံသို့ လှူဒါန်းပူဇော်ကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း၍ နေပါတော့သည်။ ထိုအချိန်တွင် အေးမြသော အငွေ့အသက်ပါသည့် လေညှင်းလေး တိုက်ခတ်လာပါသည်။ လေညှင်းလေးနှင့်အတူ မွှေးပျံ့သော ရနံ့များမှာလည်း ဟိုမှဒီ၊ ဒီမှဟို ဝဲပျံလျက်ရှိပါတော့သည်။

မျက်စိကိုမှိတ်၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေသော ကျွန်ုပ်၏ စိတ်ထဲတွင် အိပ်မက်ထဲတွင် တွေ့ရှိခဲ့ရသော မောင်နှမသုံးယောက်များ ကျွန်ုပ်ထံ လာရောက်နေပြီလားဟု မျှော်လင့်နေမိသည်ကတော့ အမှန်ပါ။ မေတ္တာကမ္မဋ္ဌာန်းကို (၂)နာရီခန့် ပွားများ၊ မေတ္တာပို့၊ အမျှဝေ ပြုဖွယ်ကိစ္စများကိုပြုလုပ်၍ ဝေဠုဝန်ကျောင်းတော်ကြီးသို့ ပြန်လည်ကြွရောက်၍ ထိုညမှာတော့ မည်သည့်အိပ်မက်မှ မမက်ဘဲ ကောင်းစွာ ကျိန်းစက်နိုင်ခဲ့ပါသည်။

နောက်တစ်နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးစအချိန်တွင် ဝေဠုဝန်ဆရာတော်အား ဘုရားကြီးကို ပြုပြင်နိုင်ရန် လျှောက်ထားမိပါတော့သည်။ ဆရာတော်၏ စိတ်ဆန္ဒနှင့် တစ်ထပ်တည်း ကျသော်လည်း "တည်ပြီးသားဘုရား လင်းတနားနား" စကားပုံရှိ၍ ဘုရားကို ဖြိုဖျက်၍ ရပါမည်လား ဆိုသည့် စိုး... စိတ် ဖြစ်ပေါ်နေရပါသည်ဟု အမိန့်ရှိလာပါသည်။

ထို့ကြောင့် ရပ်ကွက်အတွင်း... ထေရ်ကြီးဝါကြီး သက်တော်ရှည် ထ... တောကျောင်း ဆရာတော်ကြီးအား သွားရောက်လျှောက်ထားရာ ဆ... တော်ကြီးမှ ဘုရားကို ဖြိုဖျက်ခြ... မဟုတ်ဘဲ ဘုရားစေတီကို မျို... သော ညောင်ပင်ကို တူးဖော်ဖယ်ရှ... မည်ဆိုလျှင် ရပါသည်ဟု ဩဝါ... လာပါတော့သည်။

ကျွန်ုပ်လည်း အချိန်မဆွဲတော့... နောက်တစ်နေ့ နံနက်မှစ၍ ... တော်ကို မျိုထားသော ညောင်ပင်... တကွ ချုံနွယ်ပိတ်ပေါင်းတို့ကို ...



www.burmeseclassic.com

www.burmeseclassic.com

ရှင်းလင်း ဖြိုဖျက်ပါတော့သည်။ ကျောင်းရှိ သံဃာတော်များက ဦးဆောင်ရှင်းလင်းနေသည်ကို တွေ့မြင်ကြသော ရပ်ကွက်အတွင်းမှ ဒကာ၊ ဒကာမများမှ စိတ်အားထက်သန်စွာ လုပ်အားပေးကြပါတော့သည်။

ညောင်ပင်မှ မြေကြီးမှ စေတီ၏ ငှက်ပျောဖူးအထိ လူတစ်ဖက်စာမက ပင်စည်ရှိ၍ တော်တော်ကို အားစိုက်ရှင်းလင်းကြရသလို ဘုရားပျက်မှ ထွက်ပေါ်လာသည့် ဌာပနာပစ္စည်းများကိုလည်း ဂရုတစိုက် စာရင်းဇယားနှင့်တကွ သိမ်းဆည်းကြရပါသည်။

ဌာပနာပစ္စည်းများ စတင် တွေ့ရှိသည့်အချိန်မှစ၍ အထူး ဂရုစိုက် တူးဖော်ကြရာ စေတီ၏ ဖိနပ်ခုံမှ အောက်မြေကြီးထဲ (၁၀)ပေအနက်ရောက်မှ ညောင်မြစ် ကုန်ဆုံးခြင်းသို့ရောက်၏။ ထိုသို့ ညောင်ပင်ဖြိုဖျက်ခြင်းလုပ်ငန်းကို ကျောင်းရှိသံဃာများ၊ ရပ်ကွက်မှ လုပ်အားပေးဒကာ၊ ဒကာမများနှင့် တူးဖော်ရာ စတင် ပြုလုပ်သည့်နေ့မှ (၁၀)ရက်တိတိ အချိန်ယူခဲ့ရပါသည်။

ရရှိသော ဌာပနာများမှ သတ္တုဌာန အထိမ်းအမှတ် ကြေးဖြင့် ပြုလုပ်ထားသော ရုပ်တုတော်လေးများနှင့်အတူ ကြေးဖြူ ဆင်းတုတော်တစ်ဆူနှင့် ကြေးမည်း ဆင်းထုတော်တစ်ဆူတို့ ဖြစ်ပါသည်။ ထိုဆင်းတုတော်လေးများမှာ (၉)လက်မခန့် ဉာဏ်တော် ရှိပါသည်။

ရပ်ကွက်ထဲမှ သစ်ကုန်သည် ဒကာတစ်ဦးမှ အသစ် ပြန်လည်တည်ထားမည့် (၂၄)တောင် အမြင့်ဆောင်မည့် စေတီတော်အတွက် ထီးဒကာအဖြစ် ခံယူပါတော့သည်။ ထို့အပြင် ရပ်ကွက်ထဲမှ ဒကာမ(တရုတ်လူမျိုး)မှ စတင် စိုက်ထုတ်၍ ဘုရားကို စတင် တည်ခြင်း



နဂါးသောင်နမတို့အတွက် အထိမ်းအမှတ်နဂါးရုပ်တု

အမှုကို ပြုရပါတော့သည်။

ကျွန်ုပ် ရဟန်းခံပေးခဲ့သော ဦးပဥ္စင်းကြီးမှာ ဘုရားကြီး ပြီးဆုံးသည်အထိ သင်္ကန်းဝတ်နှင့် တစ်နှစ်ခွဲတိတိ ဝေယျာဝစ္စကုသိုလ် ယူခဲ့ပါသည်။ စစ်မှုထမ်းဟောင်း (အငြိမ်းစား)တစ်ဦးမှလည်း စိတ်ပါလက်ပါ ကုသိုလ်ယူ လုပ်အားပေးခဲ့သည်မှာလည်း အံ့မခန်းပင် ဖြစ်ပါသည်။

ကျွန်ုပ်မှာ မိသားစုအတွက် ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း၊ ဂိုဏ်းဆရာတစ်ဦးအဖြစ် အသက်မွေးသူဖြစ်၍ ရဟန်းအဖြစ်မှ လူဝတ်လဲ၍ မိသားစုတာဝန်နှင့်အတူ ဘုရားကြီးပြီးဆုံးအောင် တည်ထားကိုးကွယ်နိုင်ရန် အထူး ကြိုးစား လုပ်ဆောင်ခဲ့ရပါသည်။

ဘုရားစေတီတော်ကြီးကို ညောင်ပင်ဖြိုဖျက်ရာမှစ၍ ထီးတော်တင်၊ ရွှေသင်္ကန်းကပ်၊ ဘုရား အနေကာ တင်ခြင်းအမှုတို့အတွက် အချိန်တစ်နှစ်ခွဲ ကြာခဲ့ပါသည်။ ငွေကြေး

www.burmeseclassic.com



နဂါးတို့ စံပျော်ရာ ငါးလိုက်ချောင်း

ပစ္စည်း၊ လုပ်အား မည်သည့်အခက်အခဲမှ မရှိဘဲ သူ့ဟာနှင့်သူ ထောင့်စေ့စွာ၊ ပြီးဆုံးစွာ တည်ထားနိုင်ကြသကဲ့သို့ ဘုရားအနေကဇာတင်သည့် နေ့၌လည်း အလွန်ပင် စည်ကားသိုက်မြိုက်လှပါသည်။ ဘုရားပရိဝုဏ်အတွင်း၌ အလွန် မွှေးပျံ့သော အနံ့များရရှိကြ၍ အထူးပင် အံ့သြဝမ်းသာနေကြပါသည်။

ဘုရားကြီးထီးတော်တင်၊ နေကဇာတင်ခြင်းများ ပြီးဆုံး၍ ရင်ထဲမှာ အလုံးကြီးတစ်လုံး ကျသွားသလို ခံစားရပါသည်။ ရင်ထဲတွင်လည်း အထူးပေါ့ပါးလန်းဆန်း၍ တာဝန်ကြီးတစ်ခု မိမိဆောင်ရွက်နိုင်ခဲ့၍လည်း ဂုဏ်ယူဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါသည်။

ထိုနေ့ ညတွင် ကျွန်ုပ် ထူးဆန်းစွာ အိပ်မက် မက်ပြန်ပါတော့သည်။ အိပ်မက်ထဲတွင် နဂါးမောင်နှမသုံးယောက်မှ အထူး ကျေးဇူးတင်ကြောင်း၊ ယခုသိုက်နန်းသို့ ပြန်တော့မည် ဖြစ်၍ လာရောက် နှုတ်ဆက်တာ ဖြစ်ကြောင်းနှင့် သူတို့မောင်နှမ သုံးဦးကို အထိမ်း အမှတ်တစ်ခု ပြုလုပ်ပေးရန် တောင်းဆိုပါတော့သည်။

ကျွန်ုပ်မှလည်း ပြုလုပ် ပေးမည်ဟု ကတိ ပြုမိပါတော့သည်။ နောက်တစ်နေ့နံနက်တွင် ဘုရားစေတီ၏ အနောက်မြောက်ထောင့်တွင် ရှိသည့် မရန်းချိုပင်ကြီးကိုဖြတ်ကာ အလွန်တော်သည့် အင်ဂျင်နီယာ အမျိုးသမီးတစ်ဦးမှ နဂါးရုပ် တည်ထားလိုကြောင်း ခွင့်တောင်း၍ တည်ခွင့်ပြုလိုက်ပါသည်။

နောင်မှသိရသည်မှာ ထိုအင်ဂျင်နီယာ အမျိုးသမီးလေးမှာ နဂါးသိုက်၏ အဆက်ဖြစ်ကြောင်းသိရ၍ အံ့သြမိပါသည်။ ထိုနှစ်မှစ၍ ကျွန်ုပ်တို့ တည်ထားခဲ့သောဘုရား၏ ဘွဲ့တော်ကို **"ပြည်လုံးချမ်းသာ လောကသိဒ္ဓိရန်မျိုးအောင်စေတီ"**ဟု မှည့်ခေါ်ခဲ့ကြပါသည်။

ကျွန်ုပ်ထံသို့လည်း သိုက်နန်းနှင့် ဆက်နွှယ်သူများဟု မိမိကိုယ်မိမိ ခံယူသူတို့မှ ပွဲများထိုး၍ ဆက်သွယ်ပေးပါရန် လာရောက် အကူအညီတောင်းသူများရှိလာ၍ စိတ်ချမ်းသာကြစေရန် ပွဲထိုးခြင်း၊ ပွဲကပ်ခြင်းများ ပြုလုပ်အကူအညီပေးလာရသည်မှာ ဆယ်စုနှစ်မက ရှိနေပြီဖြစ်ပါသည်။

သံသရာခရီးသည် ရှည်လျားလှပါ၏။ ထိုရှည်လျားသည့် ဘဝခရီးလမ်းတွင် စိတ်ကူးယဉ်ခြင်းထက်ပို၍ ထူးဆန်းသော အကြောင်းများ ကြုံတွေ့ခဲ့ရပါသည်။ ကျွန်ုပ်၏ အိပ်မက်ထဲမှာ ဘဖိုးဖြူ၏ အဆိုအမိန့်အတိုင်း ယခုဆိုလျှင် မင်းနေပြည်တော်ကြီးအဖြစ် ပြောင်းလဲဖြစ်ပေါ်လာပါပြီ။ ရွှေတိဂုံပုံတူ ဥပ္ပါတသန္တိစေတီတော်ကြီး ပေါ်ပေါက်လာသလို ဗုဒ္ဓဂါယာ(အိန္ဒိယ) ပုံတူ သတ္တဌာန အဆောက်အအုံများလည်း ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ပါသည်။ သာသနာ အထူးပွင့်လင်းရာ မင်းနေပြည်တော်ကြီးအဖြစ် ရောက်ရှိနေပြီ ဖြစ်ပါတော့သည်။

ကျွန်ုပ်သည်ပင် အိပ်မက်မှတစ်ဆင့် စိတ်ကူးယဉ်မိလေလား မသိတော့ပါ။ မျက်ဝါးထင်ထင် တွေ့ရှိဖူးမျှော်နေရသော ပြည်လုံးချမ်းသာ လောကသိဒ္ဓိရန်မျိုးအောင်စေတီတော်၏ မျက်နှာချင်းဆိုင်တွင် သားဖွားရာတွင် အလွန်ထူးချွန်သော ဆရာဝန်ကြီးတစ်ဦးမှ သားဖွားခန်း (အထူးကု)ဆေးရုံကြီးအဖြစ် တည်ဆောက်ဖွင့်လှစ်သည်ကို တွေ့ရှိရပါသည်။

ဘဖိုးဖြူပြောသည့် "အဲဒီဘုရားအနီးတစ်ဝိုက်မှာ ပိုမိုစည်ကားလာခြင်း၊ လူဦးရေ တိုးပွားလာခြင်း တစ်ခုခုဖြစ်လာရင်တော့ မိမိသိုက်နန်းကို ပြန်လာခွင့်ရပြီ" ဆိုသောစကားကို နားထဲတွင် ကြားယောင်မိပါသည်။

မည်သို့ပင်ဆိုစေကာမူ နေပြည်

စာမျက်နှာ (၂၈၈) သို့



www.burmeseclassic.com

www.burmeseclassic.com

အုံ့ဖွယ်

# ငါးကျည်းပြီးသူ

ရွှေနွယ်ဖိုး (တောင်ငူ)

လူ့ဘောင်လောက လူသားတို့တွင် တုတ်ပြီးသူ၊ ဓားပြီးသူ၊ မြွေပြီးသူ၊ ကင်းပြီးသူ စသည်အားဖြင့် မွေးရာပါ အံ့ဖွယ်ပါ၍ ပြီးသူ၊ လောကီအစီအရင်များကြောင့် ပြီးသူ၊ မွေးရာပါ ပါရမီအကြောင်းကြောင့်ပြီးသူ စသည် အကြောင်းအားလျော်စွာ ပြီးကြသူများ အမျိုးမျိုး ရှိကြပါသည်။

ယင်းတို့အနက် ယခု စာရေးသူ တင်ပြမည့်သူကတော့ **"ငါးကျည်း(ငရုံ)တွယ်ခံရတာကို ပုရွက်ဆိတ်ကိုက်သလောက်ပဲနာတယ်"** ဟု ပြောလာသူတစ်ဦးအကြောင်းပဲ ဖြစ်ပါသည်။

ဤလိုလူမျိုးကလည်း လူတစ်ထောင်မှာတစ်ယောက် လူတစ်သောင်းမှာ တစ်ယောက် ဆိုသလို တွေ့ရခဲပါသည်။ ထို့ကြောင့် ဤကဲ့သို့ ထူးဆန်းသည့် လူတစ်ယောက်အကြောင်းကို စာဖတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်အတွက် ဓာတ်ပုံနှင့်တကွ ရေးသားတင်ပြပေးလိုက်ပါသည်။

အနီ ငါးကျည်းပြီးသူမှာ တခြားသူတော့ မဟုတ်ပါလေ။ စာရေးသူမှာ ယောက်ဖသုံးယောက် ရှိသည့်အနက် အငယ်ဆုံးယောက်ဖဖြစ်သူ ကိုမြင့်စိုးပင် ဖြစ်ပါသည်။

ယခုအချိန်မှာတော့ ကိုမြင့်စိုးမှာ အသက်(၅၀)အရွယ် ရှိနေပါပြီ။ ဇနီးကွယ်လွန်ပြီးနောက် သားသမီးသုံးဦး၊ သမက်နှင့် ချွေးမတစ်ဦးစီ၊ မြေးမလေးတို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဇီးဒိုင်းကျေးရွာအုပ်စု၊ ဇောတိကျေးရွာမှာ နေထိုင်လျက် ရှိပါသည်။ လုပ်ငန်းမှာ လယ်သမားတစ်ဦး ဖြစ်ပါသည်။

စာရေးသူမှာ လက်တွေ့စမ်းသပ်စရာ မလိုလောက်အောင် သူ့အကြောင်းကို သိနေခဲ့ပါသည်။ စာရှုသူများသိအောင် အနည်းငယ် ရေးသားတင်ပြပေးရမည် ဆိုပါလျှင်...



စာရေးသူက လွန်ခဲ့သည့် နှစ်ပေါင်း (၃၅)နှစ်လောက်က တောင်ငူမြို့ ဇောတိကျေးရွာအနီးရှိ အင်းထဲက အိုင်ကြီးတစ်ခုကို ကူဘိုတာ ရေစုပ်စက်ကြီးဖြင့် သုံးရက်ကြာ ရေစုပ်ယူကာ ငါးပက်ခဲ့ဖူးပါသည်။

အိုင်၏အစပ်မှာ အမြင့် ခုနစ်ပေလောက် ရှိသည့် လူသွားလမ်းရှိပါသည်။ အနီ လူသွားလမ်း၏အောက်မှာ ကုက္ကိုတုံးအကြီးကြီးခံပြီး ခင်းထားခြင်းဖြစ်ပါသည်။

ရေအိုင်ခန်း၍ ငါးဖမ်းကြရာ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးကျည်း စသည်အားဖြင့် အချိန်(၄၀)ပိဿာလောက် ရရှိပါသည်။ ကုက္ကိုအတုံးကြီး၏ အခေါင်းပေါက်ကြီးထဲတွင်ရှိသော ငါးကျည်းမှ စာရေးသူလက်ကို တွယ်ခံရ၍ ဆက်မဖမ်းနိုင်တော့ပါ။

အခြားဖမ်းကူသူများလည်း အကုန်လုံးလိုလို ငါးကျည်းတွယ်ခံကြရပါသည်။ ဇလုံ၊ ပန်းကန်၊ ဇကာ(ဆန်ကာ) စသည်တို့ဖြင့် ပြုလုပ်ဖမ်းယူသော်လည်း ငါးကျည်းတွယ်ခံထားရ၍ အဆိပ်တက်ပြီး ဖျားချင်လာသည်နှင့် ငါးဆက်မဖမ်းနိုင်ကြတော့ဘဲ ရေအိုင်ကို ဖောက်ချပစ်ရပါသည်။

နောက် နှစ်ရက်,သုံးရက်လောက်နေတော့ ထိုရေအိုင်ကို ထပ်မံ၍ ငါးပက်ယူသွားကြကြောင်း ကြားသိရပါသည်။ အိုင်ထဲရှိ ငါးတွေလည်း အကုန်ပါသွားသည်ဟု သိရသည်။ စုံစမ်းလိုက်ရာ ကျွန်တော့်ယောက်ဖ အငယ်ကောင် မောင်မြင့်စိုးနှင့် သူ့သူငယ်ချင်းတွေ ပက်ယူသွားကြတာဖြစ်ကြောင်း သိရပါသည်။

သို့နှင့် စာရေးသူလည်း မောင်မြင့်စိုးကို တွေ့တော့...

'မင်းတို့ကို ငါးကျည်းတွေ မတွယ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးလား'

ဟုမေးရာ သူက ငါးကျည်းတွပ်တာ ခံနိုင်ကြောင်း ပြောလာပါသည်။ ငါးကျည်းတွပ်၍ သွေးထွက်သော်လည်း ခါချဉ်ကိုက်တာထက် ပိုမနာကြောင်း ပြောပြပါသည်။

နောက်တစ်ကြိမ်က အဆိုပါအင်းကြီးနှင့် ခပ်လှမ်းလှမ်းမှာရှိသည့် ကြာနီပန်းတွေချည်းပွင့်သည့် ကြာနီအိုင်ကြီးတစ်အိုင် ရှိပါသည်။ ယခုတိုင် ရှိပါသည်။ (ယခင်က ငွေလုံသချိုင်းကုန်းအနီးမှာဖြစ်ပြီး ကန်ပေါင်ပေါ်မှာ လူသေအလောင်းများ မီးသဂြိုဟ်ပါသည်။)

အနီးရှိ ကြာနီကြာအိုင်ကြီးကို ငါးပက်သူမှာ ကိုကျော်ငြိမ်းနှင့် အပေါင်းအပါသုံးဦးတို့ ဖြစ်ပါသည်။ ကူဘိုတာ ရေစုပ်စက်ကြီးဖြင့် ငှားရမ်းပက်ခြင်းပါ။

ရေခန်း၍ ငါးတွေဖမ်းကြတော့ ငါးကျည်းတွေ အတွပ်ခံရ၍ ကန်သင်း (ကန်ပေါင်)ပေါ်မှာ လက်များကို မီးကင်ပြီး ငုတ်တုတ်ထိုင်ကြည့်ကာ အကြဲအိုက်နေကြပါသည်။

အိုင်ထဲဆင်းသည်နှင့် ခြေထောက်တွေပါ ငါးကျည်းကတွပ်တော့ ဘယ်သူမှ မဆင်းရဲကြဘူး။ ဒီအတိုင်းဆိုရင်တော့ ရေစုပ်စက်ငှားခတော့ဖြင့် အရှုံးပေါ်နေပြီပေါ့။

ဤသတင်းကို ကြားသည့် မောင်မြင့်စိုးမှာ ကြာနီအိုင်ဆီကို ရောက်လာပါသည်။ ကိုကျော်ငြိမ်းဆိုသူက သူ့ယောက်ဖ တစ်ဝမ်းကွဲတော်စပ်သူဖြစ်ပါသည်။

မောင်မြင့်စိုးသည် ဘောင်းဘီတိုနှင့် ပန်းကန်ပြားတစ်ချပ်ကိုင်ပြီး အိုင်ထဲဆင်းကာ ငါးကျည်းတွေကို ပန်းကန်ပြားထဲ ယက်ထည့်ပြီး ဖမ်းပေးလိုက်ရာ ငါးကျည်းချည်း အချိန်(၁၁)ပိဿာလောက် ရခဲ့ပါသည်။

ကဲ ကိုမြင့်စိုး ငါးကျည်း ပြီးတာကို ယခုလောက်ဆိုလျှင် ယုံလောက်ပြီဟု ထင်ပါသည်။

အကယ်၍ စာရှုသူအနေနှင့် မယုံသေးဘူးဆိုလျှင်တော့ အထက်ပါလိပ်စာမှာ ကိုမြင့်စိုး ရှိပါသည်။ မည်သူမဆို လာရောက်စမ်းသပ်နိုင်ပါကြောင်း ကိုမြင့်စိုးက ဖိတ်ခေါ်လျက် ရှိပါသည်။

စာရေးသူက ကိုမြင့်စိုးကို မေးပါသည်။

'မင်းလက်ခုပ်နဲ့ ငါးကျည်း ထည့်ထားတဲ့ ပေပါ(သစ်သားစည်)ထဲ လက်နှိုက်ပြီး ဓာတ်ပုံရိုက်မယ် ရမလား'

ဟု ဆိုတော့ သူက အင်္ကျီချွတ်ပြီး ရေးကူးဘောင်းဘီတိုနှင့် ငါးကျည်းထည့်ထားသည့် စည်ထဲမှာ ထိုင်ပြပြီး ဓာတ်ပုံအရိုက်ခံမည်ဟု ပြောပါသည် ခင်ဗျာ။

**[ဤစာစု ဖြစ်မြောက်ရေးအတွက် ကိုမြင့်စိုးနှင့် တောင်ငူမြို့ မြစည်းခုံ ဘုရားဈေးမှ ငါးသည် ဒေါ်အေးကြည်တို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

**စေန္ဒာမိုး *(တောင်ငူ)***

စာမျက်နှာ (၂၈၆)မှ အဆက်

တော် ပျဉ်းမနားမြို့ ရွှေချီအုပ်စု၊ ဇဟိုမစိုးရိမ်ရပ်ကွက် ဝေဠုဝန်ကျောင်းတော်ကြီးအတွင်းတွင်ရှိ နှစ်ပေါင်းများစွာ ချုံနွယ်ပိတ်ပေါင်းတို့အကြားတွင် ညောင်ပင်မျိုခံထားရသော ဘုရားစေတီပျက် တစ်ဆူမှာ "**ပြည်လုံးချမ်း သာလောကသိဒ္ဓိ ရန်မျိုးအောင်စေတီ**"ဟူသော အမည်နာမနှင့် ရွှေရောင်ဝင်းထိန်၍ ကြည်ညိုဖွယ်ရာ စံမြန်းနေပြီ ဖြစ်ပါတော့သည်။ နှစ်စဉ်သီတင်းကျွတ်လပြည့်၊ တန်ခေါင်မုန်းလပြည့်များတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်း၊ ပဌာန်းဒေသနာတော် ရွတ်ဆိုခြင်းများပြုလုပ်၍ သာသနာပြုနေကြပြီ ဖြစ်ပါသည်။

တကယ့်အဖြစ်အပျက်ဟု ကျွန်ုပ် မပြောလိုပါ။ အိပ်မက်ထဲမှ မောင်နှမသုံးဦးကို ယနေ့ထက်တိုင် အမှတ်ရနေဆဲပါ။ ငါးလိုက်ချောင်းကြီး၏ အောက်တည့်တည့်တွင် ရှိပါသည်ဆိုသော သိုက်နန်းကြီးကိုလည်း မြင်ယောင်ကြည့်မိပါသည်။

တကယ်ရှိခဲ့လျှင်လည်း ကျန်းမာချမ်းသာစွာနှင့် သာသနာ အလုပ်တွေကို လုပ်နိုင်ကြပါစေ။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ သူ၊ နိုင်ငံသားတို့ကိုလည်း ကျန်းမာချမ်းသာစွာ သာသနာ ပြု၊ သတ္တဝါကယ်၊ ကျင့်ကြံအားထုတ်နိုင်ရန် အေးချမ်း သာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ် ရန် ကူညီစောင့်ရှောက်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလျက်...

**[ကျေးဇူးတင်လွှာ ။ ။ ဓာတ်ပုံများ အကူအညီပေးပါသော ဓာတ်ပုံ အောင်မိုးမြင့်အား အထူး ကျေးဇူးတင်ပါသည်။]**

*စိတ်ထားကောင်းလျှင် ကံကောင်းမည်။*

**အောင်မိုးမြင့် *(နေပြည်တော်)***



www.burmeseclassic.com

www.burmeseclassic.com



# ကြောင်ကျောက်

## အစွမ်းသတ္တိနှင့် ဖြစ်ရပ်ဆန်းများ

**ခိုးလင်းအောင် (မြန်အောင်)**

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာ(၂၃၆) တွင် **ဆောင်းပါးရှင် နတ်မောက်လှမြင့်သစ်၏ ဂမ္ဘီရဆန်သော ကြောင်နက်** အကြောင်းကို ဖတ်လိုက်ရသည်။

ထိုအကြောင်းကို ဖတ်ပြီးလျှင် စာရေးသူ တွေ့ခဲ့ရသော ကြောင်ကျောက် အကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် အများပြည်သူ စာဖတ်သူတို့ သိရှိစေရန် ရေးသား တင်ပြလိုစိတ် ဖြစ်ပေါ် လာပါသည်။ သို့သော် ကိုယ် တင်ပြ ရေးသားမည့် အကြောင်းအရာသည် ယုတ္တိ ရှိပါမည်လော။ သဘာဝ ကျပါမည်လော။ ပုံပြင်ဆန်ဆန် ဖြစ်နေမလား။ စိတ်ကူးယဉ်သဘော ကျနေမလား။ စာရေးသူ အမျိုးမျိုး စဉ်းစားမိပါသည်။ တကယ့် အဖြစ်အပျက် ဇာတ်လမ်း ဖြစ်ပါ သောကြောင့် စာရေးသူ ရေးတတ် သလို တင်ပြခြင်းသာ ဖြစ်ပါသည်။ **ယခုထက်တိုင် ကြောင်ကျောက် ပိုင်ရှင် ရှိသေးပါ၍ အကယ်၍ သိလို စုံစမ်းလိုပါမူ စုံစမ်း ဆက်သွယ်နိုင်ပါသည်။**

အသုံးဝင်ပုံဝင်နည်း ဂမ္ဘီရဆန်သော အကြောင်းအရာများလည်း ထိုကြောင်ကျောက်တွင် ရှိသည်ဆိုပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြန်လည် တင်ပြ ရေးသားပေးပို့ကြပါရန် တောင်းခံအပ်ပါသည်။

*  *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက်...။

စာရေးသူ၏ ညီဖြစ်သူ အောင်ဝင်းကြည်သည် စာရေးသူရှိရာ ကုန်းတလုံးရွာသို့ ရောက်လာသည်။ စာရေးသူကလည်း သွားစရာရှိ၍ "ခဏ ရေနွေးသောက်နေဦးကွာ၊ ငါ သွားစရာလေးရှိလို့" ဆိုပြီး ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်ကိုပေးပြီး ဧည့်သည်ကို ထားခဲ့ပြီး သွားစရာရှိရာသို့ သွားခဲ့သည်။

အတော်ကြာ ပြန်ရောက်လာသည်အထိ ညီဖြစ်သူကလည်း စာဖတ်ဝါသနာပါသောကြောင့် စာကိုသာ သဲသဲမဲမဲ ဖတ်နေသည်။ ထို့နောက် စာအုပ်ကို ထားလိုက်ပြီး စကားပြောကြသည်။ ညီဖြစ်သူက စတင်၍ စာရေးသူအား...

'မင်းကို ငါ ပြောစရာရှိတယ်'

'ဆိုစမ်းပါဦး၊ ဘာပြောမှာလဲ'

**(ညီဖြစ်သူ အောင်ဝင်းကြည်နှင့် စာရေးသူမှာ အထက်အောက်ဖြစ်၍ "မင်း" "ငါ"ပြောကြသည်။)**

'ဒီစာအုပ်ထဲမှာပါတဲ့ ကြောင်ကျောက်အကြောင်း မင်း ဖတ်ပြီးပြီလား'

'ငါ့ညီရာ ကိုယ့်စာမှုပါတဲ့ စာအုပ်ဆိုရင် မာတိကာကစပြီး ကြော်ငြာမကျန် အကုန်ဖတ်တယ်'

ထိုနက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်မှာလည်း စာရေးသူ ဆောင်းပါးပါသော စာအုပ်ဖြစ်၍ လက်ဆောင်စာအုပ် ဖြစ်သောကြောင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။

'အေး ဒါဆို မင်းကို ကြောင်ကျောက်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းလေးတစ်ခု ပြောချင်တယ်'

'ပြောလေ၊ ဗဟုသုတ ရစရာဆို ပြောပေါ့။ ငါလဲ စာရေးဖို့ ကုန်ကြမ်း ရတာပေါ့'

'မင်း မခင်ကြိုင်ကို သိလား'

'ဘယ်မခင်ကြိုင်လဲ၊ တို့နမ့ အိုင်ကလေးရွာက အပျိုကြီး မခင်ကြိုင်လား'

**[မခင်ကြိုင်ဟု ခေါ်သော်လည်း အသက် (၆၀)ဝန်းကျင်ရှိနေပါပြီ။ ငယ်စဉ်ကတည်းက နှုတ်ကျိုးနေ၍ မခင်ကြိုင်ဟုခေါ်ခြင်း ဖြစ်၏။]**

'အေး ဟုတ်တယ်။ အဲဒီ မခင်ကြိုင်မှာ ကြောင်ကျောက်တစ်လုံး ရထားတယ်။ သိန်း (၃၀၀)နဲ့ အရောင်းအဝယ်လုပ်တဲ့အကြောင်းတွေ၊ သေနတ်နဲ့ စမ်းတာတွေ၊ မီးနဲ့ စမ်းလို့ မီးကွင်းတာတွေ ငါပြောရင် သိပ်ပြည့်စုံမှာ မဟုတ်ဘူး။ ငါပြန်ရင် မင်း အိုင်ကလေးကို စက်ဘီးနဲ့ လိုက်ခဲ့၊ ဟိုကျမှ မခင်ကြိုင်ကို သူ ရထားတဲ့ ကြောင်ကျောက်အကြောင်းတွေ၊ နောက်ဆက်တွဲ ဇာတ်လမ်းတွေ မင်းကိုယ်တိုင် မေးကြည့်ကွာ'

စာရေးသူမှာ ညီဖြစ်သူစကားကို ကြားကတည်းက ကြောင်ကျောက်အကြောင်းကို သိချင်နေပါပြီ၊ ကြောင်ကျောက်ကိုလည်း ကြည့်ချင်နေပါပြီ။ ထို့ကြောင့် "သိသမျှ ပြောပြစမ်းပါ" ဆိုသော်လည်း "ငါပြောရင် မပြည့်စုံဘူး၊ ဟိုကျမှ အစုံသိလိမ့်မယ်"ဟုသာ ပြောပါသည်။

* * *

နေ့လယ်ပိုင်းတွင် ညီအစ်ကိုနှစ်ယောက် စက်ဘီးတစ်စီးဖြင့် အိုင်ကလေးရွာသို့ ထွက်ခဲ့ကြ၏။ **ကနောင်မြို့တောင်ဘက် (၂)မိုင်ခွဲခန့် ဝေးသည်။ စာရေးသူနေသော ကုန်းတလုံးရွာမှဆိုလျှင် ကနောင်သို့ (၅)မိုင်နှင့် ပေါင်းသော် (၇)မိုင်ခွဲခန့် ဝေးပါသည်။**

နေ့ခင်း အပူရှိန်အောက်တွင် စက်ဘီးတစ်စီးတည်း နှစ်ယောက် စီးလာရသောကြောင့် ချွေးတလုံးလုံးဖြင့် မောဟိုက်လာသည်။ သို့သော် စိတ်ဝင်စားစရာအကြောင်းက ရှိနေသောကြောင့် ပင်ပန်းနွမ်းနယ်မှုက အရေးမကြီး။

အိုင်ကလေးရွာ မခင်ကြိုင်အိမ်သို့ နေ့လယ် (၂)နာရီသာသာတွင် ရောက်ပါသည်။ မခင်ကြိုင်ကလည်း ရေနွေးကြမ်း၊ ထန်းလျက်ခဲများဖြင့် ဧည့်ခံ ကျွေးမွေးပြီး စာရေးသူမေးသော ကြောင်ကျောက်အကြောင်းကို ပြောပြပါသည်။

* * *

ကြောင်ကျောက်အကြောင်း မတင်ပြမီ မခင်ကြိုင်အကြောင်း ဦးစွာ တင်ပြချင်ပါသည်။ အဘယ်ကြောင့် မခင်ကြိုင်အကြောင်း တင်ပြရပါသနည်းဆိုသော် သူ့အကြောင်းသိမှ သူနှင့် ကြောင်ကျောက် ဆက်သွယ် ရောက်ရှိလာပုံကို သိရှိရမည် ဖြစ်သည်။

မခင်ကြိုင်သည် ငယ်ငယ်ကတည်းက ဘာသာရေး ကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့၊ ပုတီးစိပ်၊ အမျှပေးဝေခြင်း (ကျင့်စဉ် ပြီးမြောက် ဘိုးတော်များပါမကျန်) နေ့စဉ် ဝတ္တရားမပျက် ပြုလုပ်သည်။

ကျင့်စဉ်ပြီးမြောက်သော ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော် စသည်များကိုလည်း ယုံကြည်သည်။ ဘိုးတော်ပွဲလည်း ရှိသည်။ သူ့ကို စောင့်ရှောက်သည်ဟု ဆိုပါသည်။ သူ့ကို စောင့်ရှောက်၍ စေခိုင်းအမိန့်ပေးသည်ဟုလည်း ပြောပါသည်။

ရပ်ဝေးရပ်နီး ကျေးရွာများက လူများက မခင်ကြိုင်ဆီသို့ သွေးတိတ်မန်းခြင်း၊ အဖုအကျိတ် မန်းခြင်း၊ အပူကြီးနေသူများကို အပူကျသွားအောင် လာရောက်၍ မန်းခိုင်းခြင်း စသဖြင့် အမျိုးမျိုးသော ရောဂါတို့ကို (...)ဂါထာဖြင့် မခင်ကြိုင်က သဒ္ဓါကြေးမန်းပေး၊ ကုသပေးသည်။

မခင်ကြိုင်က စကားကို သွယ်ဝိုက်မပြောတတ်။ (တွဲတိုး) တုတ်ထိုး အိုးပေါက် ပြောတတ်၏။ လိမ်ညာခြင်း မရှိ။ ကြွားဝါခြင်း ကင်း၏။ ရိုးသားဖြူစင်၍ လူတစ်ဖက်သားကို သနားတတ်သည်။ ဝေဒနာရှင်က မတတ်နိုင်ပါက သူကပင် ဆီစိုက်၍ မန်းပေးပြီး အမွေးတိုင်၊ ဖယောင်းတိုင်တို့ကိုပါ လှူဖို့ ပေးလိုက်သေးသည်။

**[စာရေးသူတို့ ညီအစ်ကို ကနောင် အထက်တန်းကျောင်းကို တက်ခဲ့စဉ်က အိုင်ကလောရွာမှ (အမေ) အဘွားအိမ်မှ တက်ခဲ့ရသောကြောင့် အိမ်ချင်းကပ်နေခဲ့ရသဖြင့် မခင်ကြိုင် စိတ်ဓာတ်ကို သိခဲ့ပါသည်။]**

**(မခင်ကြိုင် ပြောပြသည်များကို တချို့ချန်လှပ်၍ ဆီလျော်အောင် ရေးသား တင်ပြပါသည်။)**

* * *

'ငါ ပုသိမ်ကို ညီမတစ်ယောက်ကိစ္စတစ်ခုရှိလို့ အဖော်လိုက်ခဲ့တယ်။ ဆွေမျိုးတော်စပ်တဲ့ အဒေါ်တစ်ယောက်အိမ်မှာ တည်းကြတယ်။

အဲဒီအိမ်မှာ ညအိပ်ကြပြီး မနက်



မိုးလင်းလို့ မျက်နှာသစ်ဖို့ ရေအိုးရှိရာကိုအလာ တံခါးပေါက်ကနေ အပြင်ကို လှမ်းကြည့်လိုက်တော့ စက္ကူဘူးလှလှလေးတစ်ဘူးကို လှမ်းမြင်နေရတယ်။ အထဲမှာ ဘာတွေများ ရှိနေလဲ မသိဘူး။ သိပ်ကြည့်ချင်နေတယ်။ အဲဒါနဲ့ သွားကောက်ယူ ကြည့်လိုက်တော့ စက္ကူဘူးခွံ သက်သက်ကလေးပါပဲ။ အထဲမှာ ဘာမှ မရှိပါဘူး။

နောက်နေ့ မျက်နှာသစ်ပြန်တော့ အဲဒီနေရာကိုပဲ ကြည့်ချင်စိတ်တွေ ပေါ်လာပြန်တယ်။ အိပ်ရာထ စောနေသေးတော့ အမှောင်ဓာတ်က ရှိနေတာကြောင့် မနက်လင်းတဲ့အထိ ရပ်ပြီး စောင့်ကြည့်နေတာပေါ့။

မနက်လင်းလို့ မြင်ရတဲ့အချိန်ရောက်တော့ မနေ့က စက္ကူဘူးလေးနေရာမှာ ဝါကြန့်ကြန့် အဝိုင်းလေးတစ်ခု ဘာလေးလဲ မသိဘူးဆိုပြီး စိုက်ကြည့်နေခဲ့ရင်း သွားပြီး ကောက်ယူချင်စိတ် ပေါ်လာပြန်သည်။ သွားကောက်ပြီး ကြည့်လိုက်တော့ အဲဒီကြောင်ကျောက်ကလေးကို ရတာပဲ။

အဲဒီ ကျောက်ကလေးကို အလင်းရောင်ရတဲ့ဘက် အသေအချာ ကြည့်လိုက်တော့ ကြောင်လေးတစ်ကောင် အမြီးကို ခွေပြီး ဝပ်နေတာ တွေ့ရတယ်။ ဒီလိုနဲ့ ငါ ရွာပြန်တဲ့အထိ ဘယ်သူ့ကိုမှ မပြောတဲ ယူလာခဲ့တယ်။

ရွာရောက်တော့ ဟိုလူပြ၊ ဒီလူပြနဲ့ အနယ်နယ်က လာကြည့်ကြတာပေါ့

ဟာ။ သေနတ်ပြီးတယ်၊ မီးကွင်းတယ်၊ သိဒ္ဓိ အောင်တယ်၊ (...)ဘာညာ အစုံပေါ့။ ဒီလိုနဲ့ တစ်နေ့တော့ ရန်ကုန်က ဆိုပြီး လူတွေလာတယ်။ သူတို့က ကြောင်ကျောက်ကလေးကို အသေအချာ ကြည့်တယ်။ နောက်ပြီးတော့ စမ်းသပ်ကြည့်ချင်တဲ့ အကြောင်း ပြောတယ်။ စမ်းသပ်လို့ အောင်ရင် သိန်း (၃၀၀)နဲ့ ဝယ်မယ်တဲ့။

ဘယ်လို စမ်းမှာလဲဆိုတော့ သေနတ်နဲ့ (၃)ချက် ပစ်မယ်။ (၃)ချက်စလုံး ကျည်မထွက်ရင် ဝယ်မယ်ပေါ့။ ကျည်ထွက်ရင်တော့ မဝယ်ဘူး။ အဲ...မဝယ်ခင် စာချုပ်တစ်ခု ချုပ်ဆိုရမယ်။ စာချုပ်က ငါ့ဘက်က ငွေ (၈၀၀၀)ကျပ်ထပ်။ သူတို့ဘက်က ငွေ (၁၀၀၀၀၀)ကျပ် ထပ်ထား ရမယ်။ သေနတ်နဲ့ စမ်းလို့ ကျည်ဆန် မထွက်ရင် သူတို့ဘက်က ထပ်ထားတဲ့ ငွေ(၁၀၀၀၀၀)ကို ငါက ရမယ်။ ကြောင်ကျောက်ကိုလဲ သိန်း(၃၀၀)နဲ့ သူတို့က ဝယ်မယ်။

သေနတ်(၃)ချက်ပစ်လို့ တစ်ချက်ချက် ထွက်သွားရင် ငါ့ဘက်က ထပ်ထားတဲ့ ငွေ(၈၀၀၀)ကို သူတို့က ယူမယ်။ ကြောင်ကျောက်ကိုလဲ သူတို့ မဝယ်တော့ဘူးပေါ့။ အဲဒါနဲ့ ငါလဲ တတ်ကျွမ်းနားလည်တဲ့သူတွေ ခေါ်၊ ငွေ (၈၀၀၀)ယူပြီး ရန်ကုန်ကို သွားခဲ့တာပေါ့။

အဲဒီတုန်းက ငွေ (၈၀၀၀)ကလဲ တော်တော် တန်ဖိုးရှိတာပါ။ ရန်ကုန်ရောက်တော့ သင့်တော်မယ့် တစ်နေရာကို ချိန်းဆိုလိုက်ကြတယ်။

* * *

အဲဒီ ချိန်းတဲ့နေ့ရောက်တော့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

တော့ မိန်းမဖြစ်လို့ မလိုက်နဲ့ဆိုပြီး ငါ့တူအရင်းတွေနဲ့ သင့်တော်မယ့်လူတွေခေါ်ပြီး နေ့လယ် (၁)နာရီလောက် သွားကြတာပေါ့။

ဟိုရောက်တော့ ငွေ (၈၀၀၀)ကျပ်နဲ့ ကျပ်တစ်သိန်း ထပ်လိုက်ကြတယ်။ စာချုပ်ကိုလဲ သူတို့က ထပ်ဖတ်ပြတယ်။


နောက် ကြောင်ကျောက်ကို သစ်ပင်ခွကြားမှာ တင်ပြီး စမ်းသပ်ဖို့ ပြင်ကြတယ်။ လေးလံ၊ ငါးလံအကွာလောက်နေ မတ်တတ်ရပ်ပြီး ပစ်မယ် ပစ်မယ်ဆိုပြီး သေနတ်နဲ့ ပထမတစ်ချက်စပစ်တယ်။ ချောက်ခနဲ အသံထွက်လာပြီး ကျည်ဆံန် ထွက်မလာဘူး။

နောက်တစ်ခါ ပစ်မယ် ပစ်မယ်ဆိုပြီး ဒုတိယအကြိမ် သေနတ်နဲ့ တည့်တည့်ချိန်ရွယ်ပြီး ပစ်တယ်။ ဒါပေမယ့် ချောက်ခနဲ မြည်သံကလွဲလို့ ကျည်ဆန်ထွက်မလာဘူး။

အဲဒီမှာ ငါ့ဘက်က ပါသွားတဲ့ ငါ့တူတစ်ယောက်က ဝမ်းသာအားရ ထခုန်တာပေါ့။ သေနတ်နဲ့ နှစ်ချက်ပစ်တာ နှစ်ချက်စလုံး မထွက်တော့ ကျိန်းသေ မထွက်တော့ဘူး။ သိန်း (၃၀၀)နဲ့ အရောင်းအဝယ် တည့်တော့မယ်ပေါ့။

သူတို့စပြီး စမ်းသပ်ပစ်တဲ့အချိန်က တစ်နာရီခွဲသာသာက စပစ်တယ်။ နောက်ဆုံး သုံးချက်မြောက် ပစ်မယ်ကြံတော့ နေ့လယ် နှစ်နာရီတိတိ အချိန်ဖြစ်နေပြီ။ အဲဒီတတိယအကြိမ် သေနတ်နဲ့ မပစ်ခင်အချိန်ကလေးမှာပဲ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ ငါ့ကို (အဘ)က မနောအာရုံနဲ့ ပြောတော့တာပဲ။

'ဟဲ့ သမီး၊ နင် တယ်မိုက်ပါလား၊ နင်ဟာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့လဲ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီကျောက်ကို ရောင်းချရတာလဲ။



တကယ်လို့ သေနတ်သုံးချက်စလုံး မထွက်ရင် အရောင်းအဝယ် မလုပ်ဘဲ သူတို့ အဲဒီကျောက်ကို မသမာတဲ့နည်းနဲ့ ယူကြလိမ့်မယ် သမီး။

နင်နဲ့ထိုက်လို့ နင်ရတဲ့ အဲဒီကျောက်ကို နင့်ဘဝတစ်လျှောက် နင် လိုသလို သုံးပေါ့ သမီး၊ ဒီတစ်ခါတော့ အဘတို့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ အရောင်းအဝယ်လုပ်ရင်တော့ အဘတို့ သမီးကို ခွင့်မလွှတ်နိုင်တော့ဘူး၊ နောက်ပြီး သမီးတူကလဲ ဘာဖြစ်လို့ နောက်ဆုံးအချက်ကျမှ ပစ်စမ်း ပစ်စမ်းလို့ အမိန့်ပေးရတာလဲ၊

မှတ်ထား သမီး၊ ဘယ်တော့မှ ဒီကိစ္စမျိုးဆိုတာ ကာယကံရှင်ကိုယ်တိုင်က အမိန့်မပေးရဘူး၊ ဒါကြောင့် သမီးလဲ အေးအေးချမ်းချမ်း အသက်ရှင်ရအောင် ကျောက်ကိုလဲ အရောင်းအဝယ် မတည့်အောင် နောက်ဆုံးအချက် သေနတ်ကျည်ဆန်ထွက်အောင် အဘတို့ ခွင့်ပြုလိုက်ပြီ၊ သမီး ဒီကျောက်ကို ယူပြီး ရွာကို အေးအေးဆေးဆေး ပြန်နိုင်ပါစေ ကွယ်'

အဲဒီလို အဘက မနောအာရုံနဲ့ ပြောတော့မှ ကြောက်လန့်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတာပေါ့။

သိပ်မကြာဘူး၊ ငါ့တူတွေ ပြန်လာကြတယ်။ မျက်နှာတွေလဲ သိပ်မကောင်းကြဘူး။ အဲဒီမှာ ငါကပဲ စပြီးတော့ နင်တို့ အဆင်မပြေခဲ့ဘူးမဟုတ်လား၊ ပထမနှစ်ချက် ပစ်တုန်းက မထွက်ဘူး။ နှစ်ချက်လဲ မထွက်ရော နင်က "ပစ်စမ်း"၊ "ပစ်စမ်း" ဆိုပြီး အမိန့်ပေးလိုက်တာ နောက်ဆုံးအချက်မှာ သေနတ်က ကျည်ဆန် ထွက်သွားတယ်မဟုတ်လား။ အဲဒီအချိန်က နှစ်နာရီတိတိလေ။

ငါက အဲဒီလိုလဲ ပြောလိုက်ရော ငါ့တူတွေနဲ့ ပါလာတဲ့လူတွေ အားလုံး အံ့ဩနေကြတယ်။ အန်တီ ဘယ်လိုလုပ် သိလဲ။ အန်တီ တစ်နေရာက ချောင်းကြည့်နေတာလားနဲ့ မေးကြတာပေါ့။ အန်တီပြောတာ ကွက်တိပဲ။

အဲဒီလို ဝိုင်းပြောကြတော့မှ ငါက (အဘ) မနောအာရုံနဲ့ ပြောတဲ့ အကြောင်းတွေကို အိမ်ကလူတွေ သက်သေထူပြီး ရှင်းပြလိုက်တယ်။ ဒီကျောက်ကလေးကို ငါလဲ ယူပြီး ငွေ (၈၀၀၀)ကျပ် အဆုံးခံလို့ ရွာပြန်ခဲ့တာပေါ့။ အဲဒီတုန်းက ငွေ(၈၀၀၀)ကျပ်ကလဲ နွားတစ်ကောင်ဖိုးလောက် ရှိ တော့ ငါလဲ နှမြောတာပေါ့။

ရွာရောက်လို့ သိပ်မကြာဘူး ပြည်မြို့က ဆိုပြီး လာကြပြန်တယ်။ သူတို့က အရောင်းအဝယ်လုပ်ဖို့ ပြောလာ ပြန်တယ်။ ငါကလဲ ဘယ်လောက် ပေးပေး မရောင်းနိုင်ကြောင်း ပြော တယ်။ သူတို့က ရောင်းဖို့အကြောင်း ထပ်ပြော။ ငါကလဲ မရောင်းနိုင်တော့ ကြောင်း အရင်ဖြစ်ခဲ့တဲ့ အကြောင်း တွေတောင် ငါက သူတို့ကို ပြော လိုက်သေးတယ်။

'ကဲ မရောင်းနိုင်လဲ နေပါ။ တစ် လောက်တော့ စမ်းပါရစေ'တဲ့။

'ဘာလဲ၊ သေနတ်နဲ့ ပစ်မှာလား' ဆိုတော့...

'မဟုတ်ပါဘူး၊ မီးနဲ့ စမ်းမှာ' ဆိုပြီး ပန်းကန်ပြားကြီးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com

တောင်းတယ်။ ပန်းကန်ပြား ပြည့်လု နီးပါး စက္ကူကို ဖြန့်ထည့်လိုက်ပြီးတော့ စက္ကူရဲ့အပေါ် အလယ်လောက်မှာ အဲဒီကြောင်ကျောက်ကလေးကို တင် လိုက်တယ်။ စက္ကူပတ်ပတ်လည်ကိုလဲ မီးနဲ့ ရှို့တယ်။

ကြောင်ကျောက်နဲ့ တစ်ထွာ လောက်ဝေးတဲ့ နေရာတွေကို မီး လောင်လာတယ်။ တဖြည်းဖြည်း မီး လောင်လာတာ ကြောင်ကျောက်နဲ့ လက်ငါးသစ်လောက်အလိုမှာ မီးဟာ အလိုလို ငြိမ်းသွားတယ်။

သူတို့လဲ ပန်းကန်ပြားနဲ့ ကပ်နေတဲ့ စက္ကူစကို မ,ပြီး ဂက်စ်မီးခြစ်နဲ့ လိုက်တို့ တယ်။ ဒါပေမယ့် အံ့သြဖွယ်ရာ မီး မလောင်တော့တာ တွေ့ရတယ်။ အဲဒါ ငါ လက်တွေ့ မြင်ရတာပဲ။

မီးလဲမလောင်ရော သူတို့ ဝမ်းသာ အားရနဲ့ ဝယ်မယ် ရောင်းပါ ရောင်းပါ လုပ်ပြန်ရော။ ငါလဲ မရောင်းနိုင် ကြောင်း၊ ရောင်းလျှင် အဘ ဒဏ် ခတ်မှာမို့ မရောင်းဝံ့ကြောင်း ပြော လိုက်တော့မှ ရောင်းလို့ မဖြစ်နိုင်မှန်း သိတာနဲ့ သူတို့လဲ ပြန်သွားကြတယ်'

မခင်ကြိုင် ပြောပြသော ကြောင် ကျောက်အကြောင်းက ပြီးသွားပါပြီ။ သို့သော် စာရေးသူစိတ်ထဲ မတင်မကျ ဖြစ်နေသော အကြောင်းအရာများနှင့် သိချင်နေသော အကြောင်းတို့ကို ဆက် လက် မေးမိပါသည်။

'အခုနောက်ပိုင်း ဝယ်သူတွေ လာ သေးလား။ အဲဒီ လာဝယ်ကြတဲ့သူတွေ ကကော ဘာတွေ ပြောသွားကြလဲ။ ဘာစွမ်းတယ်၊ ဘာကောင်းတယ် စသဖြင့်ပေါ့ဗျာ'

'ပြောကြတာကတော့ စုံနေတာပဲ၊ ဘာပဲစွမ်းစွမ်း၊ ဘာပဲ ကောင်းကောင်း ငါကတော့ လုံးဝ မရောင်းတော့ဘူး ဟာ'

စာရေးသူတို့ ညီအစ်ကိုလည်း ကြောင် ကျောက်ကို တောင်း၍ အသေအချာ ကြည့်ပါသည်။ ကျောက်အရောင်က ဝါ လင်းလင်းအရောင်ရှိပြီး ခပ်မိုင်းမိုင်း။ ပြား ပြားလေးသဏ္ဍာန်နှင့် လက်မဝက်ခန့် ရှိ သည်။ အတွင်းထဲတွင် ကြောင်ကလေး တစ်ကောင် အမြီးကို ခွေ၍ဝပ်နေသော ပုံက နီညိုရောင်ဆန်ဆန် ရှိ၏။

စာရေးသူက အသေအချာ ကြည့် ပါသော်လည်း သဲသဲကွဲကွဲ မမြင်ရပါ။ ရေခွေး ထိုင်သောက်နေသောသူများ နှင့် စာရေးသူညီကတော့ ကြောင် ကလေးတစ်ကောင် ဝပ်နေသည့်ပုံ ဟုတ်ကြောင်း ထောက်ခံကြပါသည်။

ကြောင်ကျောက်ဟူသည် တကယ် ရှိပါ၏လော။ တကယ် ရှိသည်ဖြစ်အံ့၊ ထိုကျောက်တွင် မမြင်အပ်သော အစောင့် အရှောက်တို့ ရှိသည်ဆိုသည်မှာ ဟုတ် ၏လော။ ထိုသို့သော ဂုဏ်ရှိ စွမ်းအား တွေ ရှိ၍ လောကကြီး၌ ကြီးပွားရာ တိုးတက်ကြောင်း ဘာတွေ အထောက် အပံ့ပြုနိုင်ပြီး ဘယ်လို အသုံးဝင်ပါသလဲ။

စသဖြင့် စာရေးသူ ဉာဏ်မမီသော ကြောင်ကျောက်တစ်လုံး၏ လျှို့ဝှက် ဆန်းကြယ်၊ အစွမ်းထက်ပုံများ၊ ဂမ္ဘီရ ဆန်သော အကြောင်းတရားတို့ ရှိပါ သည်ဟု ဆိုခဲ့သော် စာရေးသူထက် တတ်ကျွမ်းနားလည်သော ပုဂ္ဂိုလ်များ၊ အတွေ့အကြုံ ရှိသူများ ရှိပါက အစွမ်း ထက်ပုံ၊ အသုံးဝင်ပုံတို့ကို နက္ခတ္တရောင် ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြ ပေးကြပါရန် တင်ပြ အကြံဉာဏ် တောင်းခံပါသည်။

**ကိုယ်တိုင် ဒိထက်ပို၍ သိချင်၊ တွေ့မြင်ကြည့်ရှုလိုပါက နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် စာရေးသူထံသို့ ဆက်သွယ်စေလိုပါ သည်။**

စိုးလင်းအောင် *(မြန်အောင်)*



သစ်ပင်ကို

## အသီးသီးအောင်

မင်္ဂလာဆောင်သည့်

စတိုနည်းတစ်နည်း

ကျွန်တော့်အိမ်ရှေ့တွင် ပိန္နဲပင် တစ်ပင် ရှိရာ သီးချိန်တန်သည့်တိုင် အသီးသေးသေးလေးတွေ သီးပြီး ကြွေ ကျကုန်၏။ တစ်နေ့တွင် အဒေါ်ဖြစ်သူ ကျွန်တော့်အိမ်သို့ ရောက်လာရာ **ပိန္နဲ ပင် သီးလိုသော် ကောက်ညှင်း ငါးလုံးကို ကောက်ညှင်းပေါင်းပြီး အနီးရှိ ကလေးငယ်များအား ဖိတ် ခေါ်ပြီး ပိန္နဲပင်ကို မင်္ဂလာဆောင် ပေးလိုက်မည်**ဟု ပြောပြီး ကလေးများ ကို ကောက်ညှင်းပေါင်း စားစေပြီး **ပိန္နဲပင်ကို ကျောက်စရစ်ခဲသေးသေး ဖြင့် ဝိုင်းပေါက်ပြီးနောက်** ထိုအချိန်မှ စပြီး ပိန္နဲပင်မှာ ပြွတ်သိပ်အောင် သီးတော့သည်။

ထိုနည်းကောင်းကို နက္ခတ္တရောင် ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြအပ်ပါ သည်။

သိဒ္ဓိထိပ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



# လူခြောက်

မိုးစိန်
(ဓေတ္တာ မြိုက်)

လူခြောက်ကို ရှေးလူကြီး သူမတွေက ပြောလို့သာ ကြားဖူးကြတယ်။ အတော်များများကတော့ မြင်ဖူးကြုံဖူးကြမယ်လို့ မထင်ပါ။ ဆေးရုံက ဆရာဝန်၊ ဆရာမတွေနဲ့ တာဝန်ကျ ဆေးရုံဝန်ထမ်းတွေကသာ မြင်ဖူးကြမှာ ဖြစ်ပါတယ်။ အင်မတန်မှ ရှားပါးလှပါတယ်။


စာရေးသူကတော့ ငယ်စဉ်ကလေးဘဝက တစ်ခါမြင်ဖူးခဲ့တယ်။ နောက်တစ်ခါက လူလတ်ပိုင်းလောက်မှာ **(၁၉၇၂ ခုနှစ်လောက် ထင်ရဲ့)** ရန်ကုန်မြို့၊ **မြင်းပြိုင်ကွင်း (ယခု အခေါ် ကျိုက္ကစံ အားကစား လေ့ကျင့်ရေးကွင်း)** အလုပ်သမားနေ့ (မေဒေး)မှာ ကျန်းမာရေး ဝန်ကြီးဌာနပြခန်းမှ ဆေးရည်စိမ်ထားသော လူခြောက်ကလေးများကို ပြသထားလို့ မြင်ဖူးခဲ့ခြင်း ဖြစ်ပါတယ်။ ရုပ်ကွက်ထဲမှာ မွေးတာကိုတော့ ကြားတော့် မကြားဖူးခဲ့ပါ။

လူခြောက်ကလေးတွေ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဖြစ်လာတယ်ဆိုတာတော့ ဆရာဝန်တွေနဲ့ ဆေးသုတေသီတွေက အများဆုံး သိကြမှာပါ။ တစ်ခါတလေ လူတွေ မွေးဖွားလာရင် သမားရိုးကျ မဟုတ်ဘဲ မွေးဖွားလာတတ်ကြောင်း ကြားဖူးတယ်။

တချို့ဆိုရင် အချင်းကို စလွယ်သိုင်းထားကြောင်း၊ တချို့ကတော့ မျက်နှာ ပုံစွပ် ပါကြောင်း စသည်ဖြင့် ကြားဖူးပါတယ်၊ အဲဒီလို မွေးဖွားခဲ့တဲ့ ကလေးတွေဟာ ထူးခြားမှုလေးတွေ ရှိကြောင်း ပြောကြပါတယ်၊

ကျွန်တော် ငယ်စဉ်က မြင်တွေ့ခဲ့ရတဲ့ လူခြောက်လေးအကြောင်း တင်ပြမှာပါ။ ရှေးလူကြီးတွေ ပြောတာကြားဖူးတာက တချို့ လူခြောက်ကလေးတွေက မိဘကို ကောင်းကျိုးပြုပြီး၊ တချို့ကတော့ ဆိုးကျိုးကို ဖြစ်စေတယ်၊ နိုက်တယ်လို့ ပြောကြတယ်။

ကျွန်တော် မြင်ဖူးခဲ့တဲ့ လူခြောက်လေးက မိဘကို ကောင်းကျိုးပေးပါတယ်။ မွေးဖွားခဲ့သူ မိဘနှစ်ပါးက **ဦးကြီးငွေ၊ ဒေါ်သိန်းလှတို့ပါ**။ ဦးကြီးငွေ၊ ဒေါ်သိန်းလှတို့ဟာ ရန်ကုန်၊ ပုဖွန်တောင် ချောင်းဝမှာ နေကြတယ်။

သမ္ဗန်တစ်စီးထောင်ပြီး ရန်ကုန်မြစ်ဝက ရေလုပ်သားကြီးများထံမှ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေ ဝယ်ပြီး၊ ငမိုးရိပ်ချောင်း တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေမှာ ဆိုက်ကပ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်ကြပါတယ်။

အဲဒီကာလ ငမိုးရိပ်ချောင်း တစ်လျှောက်မှာရှိတဲ့ **ရေတွင်းချောင်း၊ သိမ်ချောင်း၊ တိုးကြောင်လေး၊ တိုးကြောင်ကြီး၊ ထားဝယ်ချောင်း၊ ပေါက်တလောက်၊ လှည်းကူးမြို့အထိ** စုန်ဆန်ရောင်းဝယ် ဖောက်ကားကြတယ်။ **(ယခုတော့ အဲဒီ ကျေးရွာကြီးတွေဟာ တောင်/မြောက်ဒဂုံ မြို့နယ်ကြီးများအဖြစ် ပြောင်းလဲသွားပါပြီ)။**

သမ္ဗန်ကလဲ ယခုခေတ်လို စက်တပ်သမ္ဗန် မဟုတ်ဘူး။ ရွက်တိုက်၍ ဖြစ်စေ၊ လှော်တက်နဲ့ လှော်ခတ်လို့ ဖြစ်စေ ရေတက်၊ ရေကျ၊ လေတိုက်အားတွေနဲ့ ချိန်ကိုက်ပြီး သွားလာနေရတဲ့ အချိန်ဆိုတော့ ခရီးကလဲ ကြန့်ကြာတယ်။

ဒီပြင် အခုလို စည်စည်ကားကား မရှိတော့ ခိုးသား၊ ဓားပြတွေ ရန်လည်း ကြုံရတတ်တယ်။ ဒါပေမယ့် စားဝတ်နေရေးအတွက် သန်ရာသန်ရာ စွန့်စားလုပ်ကိုင် ရတာပေါ့။

ဦးကြီးငွေ၊ ဒေါ်သိန်းလှတို့က ကျွန်တော့်ဘွားအေ အမေတို့နဲ့ ညီအစ်မအရင်းချာလို ခင်မင်ကြတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်လေးစားကြတယ်။

သူတို့တွေ တိုးကြောင်ကြီး ကျေးရွာကို ရောက်လာတိုင်း ကျွန်တော်တို့ အိမ်မှာ ဝင်နားကြတယ်။ သမ္ဗန်ကို ငမိုးရိပ်ချောင်း ကမ်းပါးမှာကပ်ပြီး ပါလာသမျှ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေကို လက်လီလက်ကား ရောင်းဝယ်ကြပါတယ်။

ဆက်လက်ပြီး ခရီးထွက်မယ်ဆိုရင် သူတို့ရဲ့ သားလေး လူခြောက်လေးကို ကျွန်တော့်မိဘထံမှာ အပ်ခဲ့တယ်။ **ဒီ လူခြောက်လေး မွေးလာမှ သူတို့တွေ စီးပွားတက်လာသတဲ့။** အဲဒီ လူခြောက်လေးက မိဘတွေနဲ့ ဆက်ဆံရာမှာ အိပ်မက်ပေးပြီး ပြောဆို ဆက်ဆံတယ်တဲ့။

ကျွန်တော့် မိဘထံမှာ အပ်ရာမှာလဲ ဒီအတိုင်းထားခဲ့လို့တော့ မရဘူး။ လူခြောက်လေးကို မိဘတွေက...

'သားရေ အဖေ အမေတို့ ခရီးဆက်သွားဦးမယ်။ လမ်းခရီးကလဲ မကောင်းတော့ ကြီးကြီး ဒေါ်ခင်ညွန့်တို့အိမ်မှာ ခေတ္တထားခဲ့မယ်နော်။ သားအတွက် ကြီးကြီး ဒေါ်ခင်ညွန့်တို့က အမေတို့လိုပဲ ပြုစုပေးမှာပါ။

အမေတို့ လမ်းခရီး အဆင်ပြေ ချောမွေ့အောင်လဲ သားက စောင့်ရှောက်ပါ။ အရောင်းအဝယ် ကောင်းအောင်လဲ ကူညီနော်။ သား ဒီမှာနေရတာ မပျော်ဘူးဆိုရင်လဲ အမေတို့ကို အိပ်မက်ပေးပေါ့'

အဲဒီလို ပြောပြီးမှ ထားခဲ့ရတယ်။

ကျွန်တော့် အမေကလဲ နံနက်ညမုန့်ပဲသရေစာ၊ ထမင်းဟင်းတွေ နေ့ည ကျွေးပြီး သူ့မိဘတွေလို ပြုစုစောင့်ရှောက်ပေးခဲ့ပါတယ်။

လူခြောက်ကလေးက မပျော်ရင်တော့ သူ့မိဘတွေထံသွားပြီး အိပ်မက်ပေးသတဲ့။

ကျွန်တော့် မိဘထံမှာ အပ်နှံခဲ့တဲ့ ကျွန်တော် ငယ်စဉ်က မြင်ဖူးခဲ့တာပါ။ လူခြောက်လေးအရွယ်က (၆) **လက်မလောက် ရှိမယ်ထင်တယ်။**



www.burmeseclassic.com

www.burmeseclassic.com

အသားအရေတွေက တွန့်ပြီး ခြောက်နေပါတယ်။ ကိုယ်လက်အင်္ဂါ အစုံပါ,ပါတယ်။ သား သုံးယောက်အနက် ဒုတိယမြောက်သားလေး ဖြစ်တယ်လို့ ပြောပါတယ်။

လူခြောက်လေးကို ဂိုးလ်ဒင်းပတ်စ် (Goldenpuff) မုန့်သေတ္တာလေးထဲမှာ အောက်က မွေ့ရာသေးသေးနဲ့ ခေါင်းအုံးသေးသေးလေး ချုပ်ပြီး တင်ထားတယ်။ ပိတ်စ အနီလေးကိုလဲ စောင်သဘောချုပ်ပြီး ဝမ်းဗိုက်ပေါ်မှာ တင်ထားတယ်။

ကျွန်တော်တို့ ငယ်စဉ်က ဂိုလ်းဒင်းပတ်ဖ်(Goldenpuff) မုန့်သေတ္တာကို သံဖြူပုံး အရှည်လေးနဲ့ ထည့်ထားတယ်။ ပုံးအရှည်က [(၈)လက်မ × (၆)လက်မ × (၃)လက်မ] လောက်ရှိမယ် ထင်တယ်။ လူခြောက်လေးကို ထည့်ဖို့ အလောတော်ပေ့ါ။

လူခြောက်လေးကို နံနက်၊ ညတိုင်း ထမင်းကျွေးရတယ်။ ထမင်းကျွေးပုံကလဲ သက်ရှိထင်ရှား ရှိနေပုံအတိုင်း ကျွေးရတယ်။ ဥပမာ...

လူခြောက်လေးက သုံးနှစ်သားအရွယ်ဆိုရင် ပန်းကန် (သို့မဟုတ်) ဇလုံခပ်လတ်လတ်လေးထဲမှာ ထမင်းဟင်းတွေ ထည့်ပြီး လူခြောက်လေးကို ထားတဲ့ သေတ္တာလေးဘေးမှာ "သားလေး ထမင်းစားတော့"လို့ ပြောပြီး ချပေးထားရတယ်။ သောက်ဖို့ ရေလဲ ထားပေးရတယ်။

နံနက်အိပ်ရာက ထရင်လဲ တခြားသားသမီးတွေကို မုန့်ပဲသရေစာတွေ ကျွေးရင် သူ့အတွက်ပါ ထည့်ကျွေးရသတဲ့။ ကစားစရာ အရုပ်လေးတွေ ဝယ်ပေးရင်လဲ သူ့အတွက်ပါ ဝယ်ပေးရတယ်တဲ့။

တကယ်လို့ သူ့အတွက် မပါဘူးဆိုရင် စိတ်ဆိုးတဲ့အကြောင်း အိပ်မက်ပေးပြီး ကလေးစရိုက်အတိုင်း ပြောတတ်တယ်လို့ မိဘများက ပြန်ပြောပြလို့ သိရတယ်။



အဝတ်အစား ဆင်ယင်ပေးပုံကလဲ သုံးနှစ်သား အရွယ်ဆိုရင် သက်ရှိ သုံးနှစ်သားအရွယ် အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ဖိနပ် စသည်တို့ကို ဝယ်ပေးရတယ်။

မိဘတွေ လာဘ်လာဘ ပွင့်လန်းလာရင် လူခြောက်လေးက သူလိုချင်တာ၊ စားချင်တာတွေကို အိပ်မက်ပေးပြီး တောင်းခံတတ်သေးသတဲ့။

တစ်ခါတလေ သားကြီး၊ သားငယ်လေးတွေကို လူခြောက်လေးရဲ့ အင်္ကျီ ဘောင်းဘီတွေကို ခေတ္တဝတ်ဆင်ပေးရင်လဲ မကြိုက်ဘူးတဲ့။ စိတ်ဆိုးကြောင်း အိပ်မက်ပေးပြီး ဆူဆူပူပူ လုပ်သတဲ့။

ဒီအခါမှာ မိဘတွေက နံနက်လင်းရင် အစ်ကိုကြီး၊ ညီလေး (စသည်ဖြင့်)တို့မှာ ဝတ်စရာ အခက်အခဲ ရှိတာကြောင့် ခဏ ယူဝတ်တာပါ။ စိတ်မဆိုးပါနဲ့လို့ တောင်းပန်ပြောဆိုမှ စိတ်ဆိုးပြေသတဲ့။

သူ့အစ်ကို၊ ညီတွေ မကျန်းမာလို့ ရှိရင်လဲ **"သားလေးရယ် မင်းရဲ့ညီ (အစ်ကို) နေမကောင်း ဖြစ်နေတယ်။ အဲဒါ သားလေးက ဆေးကုပေးပါ"** လို့ မိဘတွေက ပြောဆိုလိုက်ရင် ညဘက်မှာ အုပ်ဆေးနဲ့တွေရပြီးနောက် နေ့ကျတော့ ဖျားနာနေတဲ့ အစ်ကို၊ ညီတွေ သက်သာ ပျောက်ကင်းသွားတယ်တဲ့။

ကျွန်တော့်မိဘများ တိုးချောင်ကြီးကျေးရွာမှ သဃ်နီးကျွန်းကို ပြောင်းရွှေ့လာပြီးနောက် ဦးကြီးငွေ၊ ဒေါ်သိန်းလှတို့ ဇနီးမောင်နှံ ခေတ္တ လာလည်ကြပါတယ်။ အဲဒါအခါမှာ လူခြောက်လေး ဘဝပြောင်းသွားပြီ ဖြစ်ကြောင်း ဝမ်းနည်းစွာ ပြောပြကြပါတယ်။

လူခြောက်လေးက မိဘတွေကို တစ်ညမှာ အိပ်မက်ပေးသတဲ့...။

'အဖေနဲ့ အမေတို့ခင်ဗျား။ သားက အဖေနဲ့အမေတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ သားမှာ အပြစ်ရှိရင်လဲ ခွင့်လွှတ်ကြပါ။ သား မကြာမီ ဘဝပြောင်းရတော့မယ်။ ဒါကြောင့် သား ဘဝ မပြောင်းမီ သားအတွက် ကုသိုလ်ကောင်းမှုပြုပြီး သားကို အမျှပေးဝေပါလို့' အိပ်မက်ပေးတယ်တဲ့...။

ဒါကြောင့် အိမ်မှာ အမြန်ဆွမ်းကျွေးပြီး အမျှပေးဝေလိုက်ရသတဲ့။ အဲဒီနောက် တစ်ရက်အကြာမှာ လူခြောက်လေးကို ကြည့်လိုက်တော့ **အရိုးလေးတွေ ကြွေကျပြီး ဘဝပြောင်းသွားကြောင်း** မိခင် ဒေါ်သိန်းလှက ငိုယို၍ ပြောပြသဖြင့် ကျွန်တော် ကြားသိခဲ့ရဖူးပါတော့တယ်။

ဒါကတော့ ကျွန်တော် တွေ့ကြုံဖူးခဲ့တဲ့ လူခြောက်လေး အကြောင်းပါပဲ။ လူခြောက်ကလေးအကြောင်း သိသူများမှ ဖော်ထုတ်ရေးသားကြမယ်ဆိုရင် မှတ်တမ်းမှတ်ရာ တစ်ခုအဖြစ် ကျန်နေမှာပါ။

**(ဖြစ်ရပ်မှန်ပါ။ နာမည်များ လွှဲပြောင်း ရေးသားထားခြင်းသာ ဖြစ်ပါတယ်။)**

**ဦးစိန်(ခေတ္တ မြိတ်)**



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးသည် စာဖတ်ပရိသတ်အား အဘက်ဘက်က ဗဟုသုတဖြစ်ဖွယ်ရာများကို ဖြန့်ဖြူး ပေးနေသည်မှာ အထူး ညွှန်းဆိုရန် မရှိပါ။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ဤ မဂ္ဂဇင်းကြီးကို ၁၉၉၁ ခုနှစ်မှစ၍ လစဉ် ဝယ်ယူ ဖတ်ရှု အားပေးလျက် ရှိပါသည်။

ဦးမင်းလှိုင်

# ရတနာဆိုက် တူးကြရအောင်

ဤ မဂ္ဂဇင်းနှင့် ပါဝင် ရေးသားသူ များ၏ စေတနာကြောင့် ကျန်းမာရေး တွင် နှစ်ရှည် ခံစားနေရသော ဗိုက် အောင့်ဝေဒနာ ပျောက်ကင်းရခြင်း၊ သွားများ ကောင်းမွန်ခြင်း စသော ကောင်းကျိုးများ ခံစားခဲ့ရသလို အခြား သော အထွေထွေ ဗဟုသုတများလည်း ရရှိခဲ့ပါသည်။

ထိုသို့ ဘက်ပေါင်းစုံမှ ဗဟုသုတ ဖြစ်ဖွယ်ရာများ ပါရှိသော်လည်း ကျွန်ုပ် လိုချင်သော ကိစ္စရပ်တစ်ခုကိုမူ အားရ



www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ရာ မတွေ့ရှိခဲ့ပါ။ ကျွန်ုပ် ဝါသနာပါသော ကိစ္စမှာ ဤဆောင်းပါး ခေါင်းစဉ်ပါ ရတနာသိုက် တူးဖော်ရေးလုပ်ငန်းဖြစ်ကြောင်း စာဖတ်သူများ ရိပ်စားမိလောက်ပါပြီ။

ရတနာသိုက် တူးဖော်ရေးနှင့် ပတ်သက်၍ ဤမဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြချက်များမှာ ကုန်လွန်ခဲ့ပြီးသောကာလများက ကိစ္စရပ်များသာဖြစ်ပြီး လက်ရှိ တူးဖော်မှုကိစ္စများ သိပ်မတွေ့ရပါ။

သို့ဖြစ်၍ လိုအပ်သော ကွက်လပ်ကို ဖြည့်ပေးသည့်အနေဖြင့် သော်လည်းကောင်း၊ ကျွန်ုပ်ကဲ့သို့ ဝါသနာတူများနှင့် ဆက်သွယ်မိပြီး ကျွန်ုပ် မအောင်မြင်သေးသော ဤလုပ်ငန်းကို တစ်ကြိမ် တစ်ခါလောက် အောင်မြင်အောင် ဆောင်ရွက်နိုင်လေမည်လားဟု မျှော်လင့်၍ သော်လည်းကောင်း ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ရပါသည်။

အချိန်မှာ **၁၉၈၉ ခုနှစ် မိုးဦးကျစကာလ** ဖြစ်ပါသည်။ တစ်နေ့တွင် ကျွန်ုပ်ထံသို့ ညီတစ်ယောက်ကဲ့သို့ ခင်မင်သော ကိုထွန်းကြိုင် ရောက်လာပါသည်။

ကိုထွန်းကြိုင်မှာ မကြာခင်ကမှ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားရထားသူ ဖြစ်ပါသည်။ သူက ရောက်မဆိုက်ပင်...

'အစ်ကိုကြီးရေ ကျွန်တော်တော့ ပုံမှန်အလုပ် မရှိ၊ ဝမ်းစာရှာရတာ ခက်ခဲလှတယ်ဗျာ။ ရှာအလုပ်ကို လုပ်ပေမယ့် ထမင်းနပ်မှန်အောင် မနည်း ကြိုးစားနေရပါတယ်။ အဲဒါကြောင့် ဥပဒေဘောင်တွင်းက ငွေများများရနိုင်မယ့် အခွင့်အလမ်းကို ကြိုးစားပြီး ရှာဖွေနေတာ အခု အခွင့်ကောင်းတစ်ခု



တွေ့ရလို့ အစ်ကိုကြီးနဲ့ တိုင်ပင်ရအောင် လာခဲ့တာ'

ဟု ပြောရင်း သူ၏ အတွေ့အကြုံကို ဆက်လက် ရှင်းပြပါသည်။ သူသည် မကြာခင်က ငယ်သူငယ်ချင်းဖြစ်သူ ကိုချိုနှင့် တွေ့ဆုံရကြောင်း၊ ကိုချိုသည်လည်း မကြာခင်က ဘူမိဗေဒဌာန၊ ဓာတ်သတ္တု ရှာဖွေရေး ဝန်ထမ်း အငြိမ်းစားဖြစ်ကြောင်း၊ သူသည် ဓာတ်သတ္တု ရှာဖွေစဉ်က တစ်ခါတစ်ရံ အခွင့်ကြုံသည့်အခါ ရှေးလူများ မြေအောက်တွင် မြှုပ်နှံထားသော ရတနာပစ္စည်းများ ရှာဖွေသည့်အလုပ်ကို လုပ်မိရာမှ ယင်းအလုပ်ကို စိတ်ဝင်စားသွားပြီး ယခု ဝန်ထမ်းဘဝမှ နုတ်ထွက်သည့်အခါ ကိုယ်ပိုင် သတ္တုရှာဖွေရေး စက်ငယ်တစ်လုံး တည်ဆောက်ပြီး ရတနာပစ္စည်း ရှာဖွေရေး လုပ်ခဲ့ကြောင်း။

သို့သော် ပရလောကသားများ၏ နှောင့်ယှက်မှုကြောင့် တစ်ခါမှ မအောင်မြင်သေးကြောင်း၊ ယခုသော် ဂျပန်သင်္ချိုင်းထဲတွင် ဂျပန်များ မြှုပ်နှံခဲ့သော ရတနာပစ္စည်းအချို့ ရှိသည်ဟု သတင်းရထားသဖြင့် တူးဖော်ရန် အဖော်ရှာနေစဉ် ကိုထွန်းကြိုင်နှင့် တွေ့သဖြင့် အတူ လုပ်ကိုင်ကြရန် ပြောကြောင်း၊ ကိုထွန်းကြိုင်ကလည်း ကျွန်ုပ်ကိုပါ အဖော်စပ်ပြီး လက်တွဲလုပ်

လျှင် ပိုကောင်းမည်ဖြစ်ကြောင်း ပြောခဲ့ပြီး ယခု ကျွန်ုပ်ထံ လာရောက်ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ကျွန်ုပ်မှာလည်း မိမိလစာနှင့် လောက်အောင် ချွေတာ သုံးစွဲနေရသူဖြစ်ရာ သူ၏ အဆိုပြုချက်ကို ဝမ်းသာစွာ လက်ခံခဲ့ပါသည်။ ကျွန်ုပ်သည် ရန်ကုန်တွင် နှစ်အတော်ကြာ နေထိုင်ခဲ့ဖူးပြီး တာမွေသင်္ချိုင်းကို ကောင်းစွာ သိရှိသော်လည်း ဂျပန်သင်္ချိုင်းကို လုံးဝ မသိရှိပါ။ သို့ဖြစ်၍ နောက်နေ့တွင် ကိုချိုကို ခေါ်လာစေပြီး သတင်းရရှိပုံနှင့် အခြေအနေကို တိုင်ပင်ဆွေးနွေးကြပါသည်။

ကိုချို၏ ပြောပြချက်အရ သတင်းကို တစ်ဆင့်စကားအရ သိရှိရကြောင်း ဂျပန်သင်္ချိုင်းသို့ သွားရောက် စုံစမ်း သင်္ချိုင်းစောင့် ကိုညိုမောင်ဆိုသူနှင့် တွေ့ခဲ့ရကြောင်း၊ ကိုညိုမောင်မှာ သင်္ချိုင်းစောင့်အလုပ်ကို သူ၏ဖခင်ထံမှ ဆက်ခံ ရရှိခဲ့ရာ သင်္ချိုင်းထဲတွင် ပစ္စည်းများ မြှုပ်နှံထားသည့်သတင်းကို သိရှိထားပြီး သူ့ဖခင်လက်ထက်က သင်္ချိုင်းတွင်းမှ စိန်တစ်ပွင့် ကောက်ရ ကြောင်း။

သူ၏ဖခင် ဆုံးသွားပြီး အစောင့် အလုပ်ကို လက်ခံရပြီးနောက် ပစ္စည်း များကို တူးဖော်လိုသော်လည်း အ သွယ်ကောင်း မရှိခြင်းနှင့် မိမိ သဘောမတူခြင်းကြောင့် မတူး





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ကြောင်း၊ ယခု ကိုချို့မှ သိုသို သိပ်သိပ်နှင့် တူးဖော်နိုင်လျှင် မိခင်မသိအောင် သူ ခွင့်ပြုမည်ဖြစ်ကြောင်း ပြောပြ သိရှိရပါသည်။

ထို့နောက် ကျွန်ုပ်တို့သည် တူးဖော်ရေးကိစ္စ ဆက်လက် ဆွေးနွေးကြရာ ပစ္စည်းများ မြှုပ်ထားသောနေရာကို သိရန်အတွက် ကိုချို၏ သတ္တုရှာဖွေစက်ကို အသုံးပြုခြင်းနှင့် သချိုင်းစောင့် ထင်မြင်သော နေရာများတွင် တူးဖော်ရန် စီစဉ်ကြပြီး ပရလောကသားများ နှောင့်ယှက်မှုကို ကာကွယ်ရန် ဆက်လက် ဆွေးနွေးကြပါသည်။

ထိုအခါ ကျွန်ုပ်က မိမိ သိရှိထားသော စမ်းချောင်း၊ ငှက်ပျောတောလမ်းနေ ဆရာကြီး ဦးထင်ကို သတိရသဖြင့် ဆရာကြီးနှင့် သွားရောက်ဆွေးနွေးကြရန် သဘောတူကြပါသည်။

သို့ဖြစ်၍ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သုံးယောက် ဆရာကြီးဆီ သွားကြပြီး အခြေအနေကို ပြောပြ အကူအညီတောင်းကြပါသည်။ ဆရာကြီးက…

'ခင်ဗျားတို့ အဲဒီပစ္စည်း မြှုပ်ထားတဲ့နေရာကို ဘယ်လို ရှာကြမလဲ။ ပစ္စည်းတွေက အခု ရှိ/မရှိ သေချာသိရဲ့လား'

ဟု မေးပါသည်။ ကျွန်ုပ်တို့က ပစ္စည်းများ ယခု ရှိ/မရှိတော့ မသေချာကြောင်းနှင့် ရှာဖွေဖို့ကိစ္စကို စီစဉ်ထားသည့်အတိုင်း ပြောပြပါသည်။ ထိုအခါ ဆရာကြီးက…

=ခင်ဗျားတို့ဟာက မသေချာဘူး။ သေချာတဲ့နည်း ကျုပ်မှာ ရှိတယ်+

ဟု ပြောပြီး…

'ခင်ဗျားတို့ ဒိဗ္ဗစက္ခုအင်းဆိုတာ သိကြလား'

ဟု မေးပါသည်။ ကျွန်ုပ်သည် ထိုအချိန် (၅၁ နှစ်)အရွယ်ထိ ယင်းအင်းကို မကြားဖူးပါ။ မကြားဖူးကြောင်း ပြောပြသောအခါ ဆရာကြီးက အင်းအကြောင်း ရှင်းပြပါသည်။ ယင်းအင်းကို စည်းကြည့်ပါက ယူဇနာ (၁၀၀၀) ဝေးသော နေရာမှ ရေအောက်၊ မြေအောက်တွင် မြှုပ်ထားသော ရတနာပစ္စည်းများကို တွေ့မြင်နိုင်ကြောင်း၊ အင်းကို ဥစ္စာစောင့်ဝင်စားသူ (သို့မဟုတ်) သမာဓိ အားကောင်းသူများ စည်းကြည့်လျှင် မြင်နိုင်ကြောင်း၊ မိမိကိုယ်တိုင်တော့ ကြည့်မရကြောင်း၊ အင်းကို **စန္ဒာသူရိယ မည်သော နတ်** စောင့်ကြောင်း။

အင်းကို စီရင်ပုံမှာ နှစ်လက်မ ပတ်လည်ခန့်ရှိ ကြေးကမ္ဗဝါပြား ပေါင်း သုံးချပ်ပေါ်တွင် အင်းကွက်ချပြီး နက္ခတ်စုံသော ညတစ်ညတွင် တန်ခိုးကြီးဘုရားသို့ သွား၍ အင်းဆန်သွင်းရကြောင်း၊ ပြီးလျှင် သက်နုကြီးစနှင့် ချုပ်ထားပြီး မျက်စိတွင် စည်းရန် အသင့် ပြုလုပ်ထားရကြောင်း ရှင်းပြပါသည်။

ဆရာကြီးက ရှင်းပြပြီးနောက် လောလောဆယ် သူ အသုံးပြုနေသော ဥစ္စာ စောင့် ဝင်စားသူ မိန်းကလေးမှာ ခရီး လွန်နေသဖြင့် အရင်လိုပါက ကျွန်ုပ်တို့ သုံးယောက်မှ စမ်းသပ်စည်းကြည့်ရန် အကြံပြုပါသည်။

ကျွန်ုပ်တို့လည်း သဘောတူပြီး အသက်ကြီးဆုံး ကျွန်ုပ်က စတင် စည်းကြည့်ပါသည်။ ဘုရားရှေ့တွင် အလင်းတိုင်၊ အမွှေးတိုင်များ ပူဇော်၊ ငါးပါးသီလ ခံယူပြီး အင်းသုံးချပ်မှ အလယ်အင်းကို နဖူးပေါ်တွင် လည်းကောင်း၊ ကျန် နှစ်ချပ်ကို မျက်လုံးနှစ်လုံးပေါ်တွင် လည်းကောင်း တင်၍ စည်းထားပြီး တရားထိုင် အနေအထားဖြင့် ပထမ နှာသီးဖျားကို အာရုံထားပြီးနောက် မျက်စိကို အာရုံပြု၍ ကြည့်ရပါသည်။

ဆရာကြီးက ဘေးမှနေ၍ အင်းစောင့်ကို မည်သည့်နေရာမှ ပစ္စည်းများကို ပြပေးပါဟု လမ်းညွှန် ပြောကြားပေးပါသည်။ ကျွန်ုပ်အနေဖြင့် (၁၅) မိနစ်ခန့်ကြာသော်လည်း မည်သည့်အရာမှ မမြင်ရပါ။ သို့ဖြစ်၍ ကိုချိုကို စည်းစေပါသည်။ ကိုချိုကလည်း ဘာမှ မမြင်ရပါ။

နောက်ဆုံး ကိုထွန်းကြိုင် စည်းကြည့်ပါသည်။ သူသည် စည်းပြီး (၁၅) မိနစ်ခန့် ကြာသောအခါ တုန်သော



www.burmeseclassic.com

www.burmeseclassic.com

ပြီး လက်ချောင်းများ ကွေးကောက်၍ မီးရောင် မြင်ရကြောင်း စတင် ပြောပါသည်။ ဆက်၍ ကြည့်သောအခါ မီးရောင်မှာ လူတစ်ယောက်က ရေနံဆီမီးခွက်ကြီးကို ကိုင်ထားပြီး ရှေ့မှသွားကြောင်း၊ နောက်တွင် လူ (၁၅)ယောက်ခန့်ပါပြီး လက်နက်ကိုင် ဂျပန်စစ်သားများလည်း ပါကြောင်း၊ ထိုအထဲမှ တိုင်းရင်းသားတစ်ယောက်က နို့မှုန့်ဘူးအကြီးစားခန့် ဘူးကြီးတစ်ဘူးကို ကိုင်ထားကြောင်း။ ==ဘူးထဲကို မြင်အောင်ကြည့်ပါ++ဟု ဆရာကြီးက ပြောရာ ကိုထွန်းကြိုင်က ဘူးထဲတွင် ရွှေ၊ ငွေ ပစ္စည်းများ အပြည့်ပါကြောင်း ပြောပြပါသည်။

ထိုလူအုပ်သည် တစ်နေရာတွင် ရပ်ပြီး (၆)ပေခန့် နက်သော ကျင်းကြီး တစ်ကျင်းကို တူးကြောင်း၊ ထို့နောက် ဘူးကိုင်ထားသော လူကို အတင်းဆင်းစေပြီး ထိုလူကို ပစ်သတ်လိုက်ကြောင်း၊ ထိုသူသည် တင်ပျဉ်ခွေ အနေအထား ရှိပြီး ဘူးကို ခြေခွင်အတွင်း ထား၍ သေဆုံးသွားကြောင်း၊ ထို့နောက် ကျင်းကို မြေဖို့ပြီး ဂျပန်များနှင့် ကျန်လူများ ထွက်သွားကြောင်း၊ ကိုထွန်းကြိုင် ကြည့်နေစဉ်ပင် ကျင်းထဲမှလူမှာ အရိုးစု ဖြစ်သွားကြောင်း စသည်ဖြင့် တဖြည်းဖြည်း ပြောပြပါသည်။

ထိုအခါ ဆရာကြီးက မြေပေါ် အခြေအနေကို ကြည့်ခိုင်းရာ မြေပေါ်တွင် အရိုးစုနှင့် တစ်လံခန့်အကွာ၌ **တစ်တောင်ခန့်မြင့်သော သစ်ငုတ်တိုတစ်ခု တွေ့ကြောင်း၊ ယင်း သစ်ငုတ်အနီးတွင် အုတ်နံရံကြီး** တွေ့ကြောင်း ပြောပြပါသည်။

အင်း ရည်းကြည့်သည့် သဘောမှာ စည်းသူလည်း သတိလွတ်မသွား။ သောမှ ပြောသံကို ကြားရကြောင်း၊ ပစ္စည်းရှိ



သည့် နေရာကို ကိုယ်တိုင်ရောက်ပြီး ကြည့်သကဲ့သို့မြင်ရကြောင်းမြင်ကိုထွန်းကြိုင် စကားအရ သိရပါသည်။ ထိုမြင်လက်ရှိ အနေအထားအမြင် အတိတ်မှ မြင်ရင်များကိုပါပြသပေးခြင်းဖြစ်ကြောင်း သိရပါသည်။

ဆရာကြီးက ပစ္စည်းအနီးတစ်ဝိုက်တွင် ပရလောကသား အစောင့်များ ရှိ၊ မရှိ ကြည့်ခိုင်းရာ မရှိကြောင်း သိရပါသည်။

'ဒီဆိုရင် ခင်ဗျားတို့ နက်ဖြန်သွားပြီး မြေပြင် အနေအထား စစ်ဆေးပြီး တူးဖော်ကြပေတော့။ ကျုပ်ကတော့ ဥစ္စာသိုက်များ မတူးဖို့ ကတိပြုထားရလို့ မလိုက်နိုင်ဘူး။ အဆောင်လက်ဖွဲ့လေးများတော့ ပေးလိုက်ပါ့မယ်'

ဟု ဆရာကြီးက ပြောပြီး ကျွန်ုပ်တို့အား အဆောင်လက်ဖွဲ့အချို့ ပေးလိုက်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နောက်နေ့တွင် ဂျပန်သချိုင်းသို့ သွားကြရာ အစောင့် ကိုညိုမောင်နှင့် အဆင်သင့် တွေ့ရပါသည်။

ကျွန်ုပ်တို့သည် သချိုင်းအတွင်း လှည့်လည် စစ်ဆေးကြရာ သချိုင်းမှာ တစ်ဧကခန့်ကျယ်သော စတုဂံပုံရှိပြီး ဝင်ပေါက်တစ်ပေါက်သာ ချန်၍ ပတ်လည်တွင် (၁၀)ပေခန့်မြင့်သော အုတ်နံရံ ကာထားပါသည်။ အဝင်[illegible] အနီးတွင် အစောင့်၏အိမ်[illegible] ရှိပြီး ခြံတွင်း၌ သက်တမ်း[illegible] ရင့်ရော်ဘာပင်များ အပြည့်[illegible] ရှိပါသည်။ ၎င်းသချိုင်းတွင်[illegible] အလောင်းများ လုံးဝ မြှုပ်နှံမှုမရှိ[illegible] အရိုးများ ကောက်ပြီး ခေတ္တထားသော[illegible] နေရာ ဖြစ်ကြောင်း သိရပါသည်။

ခြံ၏တစ်နေရာတွင် အုံ့ညြွှယ်[illegible] ကောင်းအောင်ပင် တစ်တောင်ခန့်[illegible] မြင့်သော ရော်ဘာပင်ငုတ်တိုတစ်ခု[illegible] ခြံစည်းရိုးအုတ်နံရံအနီး၌ တွေ့ရပေ[illegible] အင်းစည်းကြည့်သော အမြင်နှင့်[illegible] တစ်ထပ်တည်း ဖြစ်နေပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ၎င်းသစ်[illegible] ငုတ်အနီး၌ တူးဖော်ရန် ဆွေးနွေး[illegible] ကြစဉ် ကိုညိုမောင်၏ မိခင်ကြီး ရှ[illegible] တရက် ရောက်လာပြီး =ဘယ်[illegible] ညီ့ သည်တွေလဲ+ဟု သူ့သား[illegible] မေးပါ သည်။

ကိုညိုမောင်က ကောင်းအော[illegible] ကြည့်ပြောပြီး ကျွန်ုပ်တို့အား ခြံပြင်[illegible] ပို့ပေး၍ တစ်နေရာတွင် ခေတ္တစော[illegible] ပေးရန် ပြောပါသည်။ ကိုညိုမောင်[illegible] မိခင်မှာ သူနှင့်အတူမနေဘဲ တစ်[illegible] တစ်ရံမှသာ လာလည်တတ်ကြော[illegible] သိရပါသည်။ ကျွန်ုပ်တို့သည် ခပ်[illegible] လှမ်းမှ စောင့်ကြည့်၍ သူ့မိခင် [illegible] ထွက်သွားသောအခါ တူးဖော်ရန် [illegible] ကြပါသည်။ ထိုအချိန်တွင် နေ့[illegible] တစ်နာရီထိုးခန့် ရှိနေပါပြီ။

ကျွန်ုပ်တို့သည် သစ်ငုတ်[illegible] တစ်လံခန့်အကွာနေရာတွင် [illegible] ပတ်လည်ခန့် ကျယ်သော အစ[illegible] တစ်တွင်းကို စတင် တူးဖော်ပါ[illegible] ဤသို့ အစမ်းတွင်းတူးမိခြင်း[illegible] ကြီးဖြစ်ကြောင်း နောက်မှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သည်။ မြေကြီးမှာ သဲဆန်သော မြေပွ ဖြစ်ပြီး မိုးရွာထားသဖြင့် တူးရ လွယ်ပေရာ နာရီဝက်ခန့်အကြာတွင် ခြောက်ပေအနက်ခန့် ရပါသည်။

သို့သော် ဘာမှမတွေ့သဖြင့် တစ်တောင်ခန့်အကွာတွင် နောက်ထပ် အစမ်းတွင်းတစ်တွင်း ထပ်တူးပါသည်။ ၎င်းတွင်း တူးပြီးသော အခါလည်း ဘာမှမတွေ့သဖြင့် ဆရာကြီးထံ ပြန်ပြီး အင်းစည်းကို ကြည့်ပါသည်။

ထိုအခါမှ ကျွန်ုပ်တို့တူးထားသော ကျင်းနှင့် ပစ္စည်းရှိသော အရိုးစုမှာ တြိဂံပုံကျနေသည်ကို တွေ့ရပါသည်။ ကိုထွန်းကြိုင်သည် နောက်တစ်ကြိမ် အင်းစည်းသောအခါ ပထမကြိမ်ကဲ့သို့ မကြာဘဲ နှစ်မိနစ်ခန့်အတွင်း မြင်ရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် သချိုင်းသို့ အမြန်ပြန်လာပြီး တူးကြရာ မိုးချုပ်စ အချိန်တွင် ခြောက်ပေအနက်ခန့် ရောက်ပြီး ထိုအခါမှပင် လူဦးခေါင်းရိုး၏ အပေါ်ခွံတစ်ခုကို အုန်းမှုတ်ခွက်ကဲ့သို့ ပုံစံဖြင့် ရရှိပါတော့သည်။ သို့သော် ထိုအချိန်မှာ အတော်မှောင်လာပြီဖြစ်၍ အန္တရာယ်ရှိနိုင်သောကြောင့် နောက်နေ့မှ ဆက်တူးရန် ရပ်နားပြီး အိမ်ပြန်ခဲ့ကြပါသည်။

နောက်နေ့နံနက်တွင် ကျွန်ုပ်တို့ ထပ်မံသွားရောက်၍ ကျင်းကျယ်ကျယ် တူးကြရာ လူဦးခေါင်းခွံနှင့်တကွ လူတစ်ယောက်၏အရိုးစုကို ရရှိသော်လည်း ရတနာပစ္စည်းဘူးကိုတော့ မတွေ့ရတော့ပါ။ အရိုးစု၏ အနီးတွင် ၎င်းနှင့်တစ်တန်းတည်း အရှေ့ဘက်သို့ ထွက်သွားသော ခြောက်လက်မခန့် တွင်းပေါက်တစ်ခု တွေ့၍ ၎င်းတွင်း ပေါက်အတိုင်း နှစ်တောင်ခန့် လိုက်တူးသော်လည်း ဘာမှမတွေ့ပါ။

သို့ဖြစ်၍ ဆရာကြီးထံ ပြန်သွားပြီး အင်းစည်းကြည့်ရာ **ပစ္စည်းဘူးမှာ တူးထားသောတွင်းပေါက်၏ ရှေ့ တစ်လံခန့်အကွာတွင် ရောက်နေကြောင်း** တွေ့ရပါသည်။ ထို့ပြင် ကျင်းနေရာတစ်ဝိုက်တွင် ပရလောကသား ဂျပန်စစ်သား ငါးယောက်၊ ခြောက်ယောက်ခန့်ကိုလည်း ပျာယာခတ် လှုပ်ရှားနေသည်ကို တွေ့ရပါသည်။

ထိုအခါ ဆရာကြီးက...

'ခင်ဗျားတို့ ဒီနေ့တော့ ထပ်မတူးနဲ့တော့။ စည်းချပြီး မတားနိုင်ရင် မောရုံပဲ ရှိမယ်။ ဟိုနေ့က အစောင့်မရှိဘူးဆိုလို့ တူးခိုင်းလိုက်တာ။ ဒီလို အစောင့်ရှိရင်တော့ ကျုပ် အစီအရင် ထပ်လုပ်ပေးပြီးမှ သွားတူးကြပေါ့'

ဟု ပြောပါသည်။ သို့ဖြစ်၍ နောက် တစ်ပတ်ခန့်အကြာတွင် ဆရာကြီး စီရင်ပေးသော ဆန်မန်း၊ စည်းချရန် ကြိုးမန်းများ ယူဆောင်ပြီး သွားတူးကြပါသည်။

ထိုနေ့က ကျင်းတူးပြီး ခဏအကြာတွင် ကျွန်ုပ်သည် မြေစာနှင့်ပါလာသော နှစ်တောင်ခန့်ရှည်သည့် သစ်မြစ်တစ်ခုကို အမှတ်တမဲ့ စည်းအပြင်သို့ လွှင့်ပစ်လိုက်မိပါသည်။ စည်းကမ်းဖောက်မိသည်ကို သတိရချိန်၌ နောက်ကျသွားပါပြီ။

ခေတ္တအကြာတွင် အစောင့် ကိုညိုမောင်၏ မိခင်ကြီး တန်းတန်းမတ်မတ် ရောက်လာပြီး...

=ရှင်တို့ ဘာလုပ်နေကြတာလဲ၊ အခု ထွက်သွားကြ။ မသွားရင် ရဲစခန်း သွားတိုင်မယ်+

ဟု အော်ပြောပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့လည်း ပစ္စည်းများ သိမ်းပြီး အမြန်ထွက်ခွာခဲ့ရပါတော့သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့၏ ပထမဆုံး ရတနာသိုက် တူးဖော်ရေးလုပ်ငန်း ပြီးဆုံးသွားခဲ့ရပါသည်။ သို့သော် ကျွန်ုပ်သည် အလွန်ပင် မချင့်မရဲ ဖြစ်ရသောကြောင့် နောက်တစ်ကြိမ် တူးဖော်လျှင် ကြည့်နိုင်ရန်အတွက် အင်းတစ်စုံ စီရင်ပေးပါရန် ဆရာကြီးကို အပူကပ်မိပါသည်။

ဆရာကြီးကလည်း လိုက်လျောပြီး အင်းတစ်စုံ စီရင်ပေးခဲ့ရာ ဤအင်းတွင် အကြားအာရုံပါ ရနိုင်ရန် အင်းငါးချပ် စီရင်ပေးခဲ့၍ ဒိဗ္ဗစက္ခု သောတအင်းကြီးကို အပိုင် ရရှိခဲ့ပါသည်။ ကျွန်ုပ်သည် ဤအင်းကို အသုံးပြု၍ နောက်ထပ်ရှာဖွေတူးဖော်ရေးများ လုပ်ခဲ့သည်ကို စာဖတ်သူများ စိတ်ဝင်စားပါက ဆက်လက် တင်ပြသွားပါမည်။

ကျွန်ုပ်တို့ မအောင်မြင်ရသည့် အဓိက အချက်မှာ ကျွမ်းကျင်သော ဆရာသမားကောင်း မပါရှိခြင်းကြောင့် ဖြစ်လေသတည်း။

**ဦးမင်းလှိုင်**

နက္ခတ္တရောင်ခြည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လက်ပနီ

လက်ဝှေ့ကျော် ဦးထွန်းမြတ်နှင့်

# ကြောင်အမြုတေ

[၁]

ဦးထွန်းမြတ်သည် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် အတွင်းရှိ ဝဲဒေါင့်ရွာဇာတိ ဖြစ်သည်။ သူ့၏ထံတွင် အစွမ်းထက်သော ကြောင်အမတေ - (အမြုတေ) တစ်ခု ရှိသည်ဟု ကျွန်ုပ်၏ဖခင် ဦးရန်အောင်က ပြောပြဖူးပါသည်။

ယခုမူ ဦးထွန်းမြတ်လည်း ကွယ်လွန်သွားပါပြီ။ သူ၏ သားနှင့်မြေးများသာ ကျန်ပါသည်။ ဦးထွန်းမြတ်သည် ကြောင်အမြုတေကို တောတစ်ခု အတွင်းမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က ဖြစ်ပါသည်။ ဦးထွန်းမြတ်သည် တောတစ်ခုအတွင်းသို့ ဝင်သွားရာမှ ကြောင်သေတစ်ကောင်ကို တွေ့ခဲ့ရပါသည်။

ထို ကြောင်သေမှာ ပုပ်ပွနေပြီး လောက်ကောင်များပင် တဖွားဖွားနှင့် တွေ့ရသည်။ သို့သော် ဦးခေါင်းပိုင်းမှာ ကြောင်ရှင်ကဲ့သို့ ဖြစ်နေပြီး မပုပ်မသိုးပါ။ နောက်ပြီး ကြောင်သေမှာ မျက်တောင်ခတ်လျက်နေသည်ကို ထူးဆန်းစွာ တွေ့ရသည်ဟု ဆိုပါသည်။

ဦးထွန်းမြတ်သည် ကြောင်သေ၏ ဦးခေါင်းအတွင်းမှ အမြုတေကို ထုတ်၍ ယူခဲ့ပါသည်။ **အမြုတေ၏ အရွယ်မှာ ရွှေးစေ့ကြီးကြီးခန့်ရှိပြီး ဝါဖန့်ဖန့် အရောင်ရှိသည်**ဟု မြင်လိုက် တွေ့လိုက်ရသူများက ဆိုပါသည်။

အမြုတေကို ကြောင်သေ၏ ဦးခေါင်းမှ ထုတ်ယူလိုက်သောအခါ ဦးခေါင်းပိုင်းသည် မျက်တောင်ခတ်ခြင်း ရပ်သွားလေသည်။ ဦးထွန်းမြတ်သည်



www.burmeseclassic.com

www.burmeseclassic.com

ထိုအမြှုတေကို လက်ကိုင်ပဝါအဖျား တွင် ထုပ်စည်းထားပြီး သွားလေရာသို့ အန္တရာယ်ကင်းစေရန် ဆောင်ယူလေ့ ရှိသည်။

[၂]

တစ်ခါသော် မကွေးမြသလွန် ဘုရားပွဲတော်သို့ ဦးထွန်းမြတ်နှင့် ရွာသားအချို့ ဘုရားဖူးရင်း၊ ဈေးဝယ်ရင်း လှေဖြင့် မြစ်ကြောင်းလမ်းမှ သွားကြလေသည်။

မြသလွန်ဘုရားပွဲသည် သီတင်းကျွတ်လပြည့်ဆိုလျှင် အလွန်စည်ကားသော အဝဏ်အညာ ဘုရားပွဲတော်ကြီး ဖြစ်ပါသည်။

ထိုအခါ မြသလွန်ဘုရားပွဲတွင် ကြည့်ချင်ပွဲအဖြစ် ညအခါတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ ထည့်သွင်းလေ့ရှိပေသည်။ ပွဲတော်သိမ်းခါနီးအနေဖြင့် အထူးပွဲ ကျင်းပလေသည်။

ထိုပွဲတွင် "ကျော်ကြီး"ဆိုသူနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူကို ရှာ၍နေလေသည်။ ယင်းကျော်ကြီးဆိုသူမှာ အသက်(၃၀)နှစ်အတွင်းဟု ခန့်မှန်းရပြီး တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းသူဖြစ်သည်။ သို့သော် လက်တံမရှည်လှ။ မျက်လုံးပြူးပြူး၊ နဖူးကျဉ်းကျဉ်း ခေါင်းတုံးနှင့် ဖြစ်ပါသည်။

နောက်ဆုံးည ပိတ်ပွဲအနေဖြင့် ကျော်ကြီးနှင့် ထိုးသတ်ဝံ့သူကို ဆုတော်ငွေ(၁၀၀)ကျပ် အပိုပေးလေသည်။ အကယ်၍ နိုင်ခဲ့ပါက ဆုကြေး(၁၀၀)ကျပ် ရရှိပေမည်။ ထို့ကြောင့် အနိုင်ရရှိသူသည် ဆုတော်ငွေ(၂၀၀)ကျပ်တိတိ ရရှိပေလိမ့်မည်။

ထိုစဉ်အခါက မင်္ဂလာ ဦးအောင်မောင်း၏ ရုံပွဲပင် လူကြီးရုံဝင်ခနှုန်းမှာ (၁)ကျပ်သာ ဖြစ်ပါသည်။ ယခင်နှစ်က



ယခုကျော်ကြီးဆိုသူနှင့် ယှဉ်ပြိုင်ခဲ့သူမှာ နံရိုးတစ်ချောင်း ကျိုးသွားခဲ့သည်ဟု သိခဲ့ရသည်။

သို့သော် ဝဲဒေါင့်ရွာသားများသည် ဦးထွန်းမြတ်ကို မပြောပြဘဲ ကျော်ကြီးနှင့် ထိုးသတ်ပါမည်ဟု စာရင်းပေးခဲ့လေသည်။ ဦးထွန်းမြတ်မှာ ရွာသားများ၏ တိုက်တွန်းမှုအရ လက်ဝှေ့စင်မြင့်ပေါ်သို့ တက်ခဲ့ရ၏။

ပရိသတ်များသည် ကျော်ကြီး စင်မြင့်ပေါ်သို့ တက်လာသောအခါ လက်ခုပ်တီးခြင်း၊ လက်ခေါက်မှုတ်ခြင်း၊ စောင်ပဝါများကို လေထဲသို့ ပစ်မြှောက်ပြီး ကြိုဆို အားပေးလေသည်။

ကျော်ကြီးမှာ သူ၏ ညာလက်မောင်းတွင် မဲချည်ကြိုးတစ်ချောင်း၊ ဝဲဘက်လက်မောင်းတွင် မဲချည်ကြိုးတစ်ချောင်း စည်းနှောင်ထား၍ နဖူးတွင် ပဝါနီခပ်သေးသေးကို ရစ်ပတ်ထားပြီး မြူးထူးခုန်ပေါက်ကာ ထွက်၍လာသည်။

ထို့နောက် ဦးထွန်းမြတ် စင်ပေါ်သို့ တက်လာသည်။ ထိုအခါ လက်ခုပ်သံလေး,ငါးချက်လောက် ကြားလိုက်ရ၏။

ဦးထွန်းမြတ်သည် ဦးသုံးကြိမ်ချ၍ ပရိသတ်ကို အရိုအသေပေးလိုက်သောအခါ လက်ခုပ်သံများ ဟိန်း၍ ထွက်လာ၏။

ဇာတ်ပွဲ၊ အငြိမ့်သဘင်ပွဲများတွင် ပြုလုပ်လေ့ ပြုလုပ်ထရှိသော လေချွန်ခြင်း၊ လက်ခေါက်မှုတ်ခြင်းတို့မှာလည်း ဆူညံနေပေသည်။

ဦးထွန်းမြတ်မှာ အသက်(၅၀)ခန့် ဖြစ်ပြီး သျှောင်တစောင်းနှင့်ဖြစ်သည်။ သူသည် မုန်းနားသားတို့ ဝတ်ဆင်လေ့ရှိသော ဒေသထွက် ပုဆိုးကွက်ပြာကို ခါးတောင်းကျိုက်ထားသည်။ သူ၏ သျှောင်ကို ဖျင်စောင်တစ်ပတ်နွမ်းဖြင့် စည်းနှောင်ထားသော်လည်း ဆံနွယ်အချို့မှာ လေဝယ် လွင့်ပျံနေပါသည်။

သူသည် ကြောင်အမြှုတေကို လက်ကိုင်ပဝါဖျားတွင် ချည်ထားပြီး ညာလက်မောင်းတွင်း မြဲမြံစွာ စည်းလျက်ထားသည်။ ဦးထွန်းမြတ်သည် ပေါင်နှစ်ဖက်လုံးကို ထိုးကွင်းထိုးထားသည်မှာ ဒူးခေါင်းအထိ ဖြစ်သည်။

ပွဲကြည့်လာသူ ဘကြီးတစ်ဦးက...

'သျှောင်တစောင်းနဲ့ လူက ထိုးကွင်းပေါင်ပြည့်နဲ့ကွ။ သတ္တိကောင်းပုံရတယ်'

ဟု ဝေဖန်နေသည်။

ထိုအခါ လူငယ်တစ်ဦးက...

'ကျော်ကြီးကို တုနိုင်မလားဗျာ၊ (၁၀၀)ကျပ်နဲ့ (၁၀)ကျပ် လောင်းကြေးထပ်မလား'

ဟု စိန်ခေါ်နေသည်။

ထိုစဉ် လက်ဝှေ့ပွဲစင်ရှေ့မှ ဆိုင်းဝိုင်းမှ ပတ်မသံပေးပြီး ဆူညံစွာ တီး[illegible] သဖြင့် လူအများ [illegible] လက်ဝှေ့ ဒိုင်ထွက်၍ လာ[illegible]။ ဒိုင်မှာ အရပ်အမောင်း [illegible]ပြတ်ပြတ်နှင့် ဂျပန်ဘောင်းဘီ[illegible] ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျော်ကြီးမှာလည်း ဘောင်းဘီတို အနက်ရောင်ခပ်ပွပွကို ဝတ်ထားပြီး ဟန်ရေးပြနေသည်။ တစ်ခါတစ်ခါ မျောက်ခုန်,ခုန်ပြသည်။ တစ်ခါတစ်ခါ လက်ခမောင်းခတ်သည်။ ဦးထွန်းမြတ်မှာ ဟန်ရေးမပြတတ်သဖြင့် ပွဲစလေသည်။

[၃]

ပွဲစလျှင်စချင်း ကျော်ကြီးက ဖိထိုးသည်။ ဘယ်,ညာလက်သီးများ သုံးပြီး ထိုးသည်။ သို့သော် ဦးထွန်းမြတ်ကို မထိ။ ထိုအခါ ကျော်ကြီးက ခြေဖြင့် ခတ်၏။ ထိုစဉ် ဦးထွန်းမြတ်သည် အားထည့်ပြီး ခုန်လိုက်ရာ ကြောင်တစ်ကောင်ကဲ့သို့ လေဝယ် လွင့်တက်သွားပြီး ပြန်အကျတွင် ကျော်ကြီး၏ ဖက်ကို ခွမိလျက်သား ဖြစ်နေသည်။

ဦးထွန်းမြတ်၏ ဒူးနှစ်လုံးကြားတွင် ကျော်ကြီး၏ ခေါင်းမှာ ညှပ်နေပြီး မလှုပ်နိုင်အောင်ဖြစ်နေ၏။

ထိုအခါ ပရိသတ်များမှာ မီးကို ရေနှင့် ငြိမ်းသတ်သကဲ့သို့ ဖြစ်သွားပြီး ငြိမ်ကျသွားသည်။ ဒီလိုနှင့် ပထမအချီ ပြီးသွားသည်။

[၄]

ဒုတိယအချီ ယင်းအချီမှာ လွန်စွာ ထူးဆန်းလှသည်။ ဦးထွန်းမြတ်မှာ လက်သီးလုံးဝမသုံးဘဲ လက်နှစ်ဖက်ကို မြှောက်ထားသည်။

ကျော်ကြီးကို စိတ်ကြိုက်ထိုးစေသည်။ သို့သော် ကျော်ကြီးကား ထိအောင် မထိုးနိုင်ခဲ့။ သို့ဖြစ်ရာ ဦးထွန်းမြတ်က လက်ဖဝါးစင်ပေါ်တွင် ပက်လက်အနေအထားဖြင့် နေပေးသည်။ ကြိုက်သလို ထိုးခွင့်ပေးသော်လည်း ကျော်ကြီးမှာ မထိုးနိုင်ဖြစ်သေသည်။

ခဏအကြာ ဦးထွန်းမြတ်သည် ပက်လက်အနေအထားမှ ထပြီး ဘယ်ဘက်လက်ဖျံဖြင့် ကျော်ကြီး၏ ရင်ဘတ်ကို ရိုက်လိုက်ရာ အသာလေးဟု ထင်ရသော်လည်း ကျော်ကြီးမှာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားသည်။ နောက်ပြန်၍ ထမလာသဖြင့် ပွဲပြီးသွားလေသည်။

ဦးထွန်းမြတ်မှာ ဆုလက်ခံယူပြီး လှေဆိပ်သို့ ပြန်လာရာ ချွေးပင် မထွက်ဟု ဆိုပါသည်။ ယခုအကြောင်းကို ဝဲဒေါင့်ရွာသားများသည် ဦးထွန်းမြတ် ကွယ်လွန်သွားပြီ ဖြစ်သော်လည်း သားစဉ်မြေးဆက် ပုံပြင်သဖွယ် ဂုဏ်ယူစွာ ပြောကြားကြလေ့ရှိရာ စာရေးသူလည်း ကြားခဲ့ရခြင်း ဖြစ်ပါသည်။

ဦးထွန်းမြတ်မှာ ကျော်ကြီးကို အနိုင်ထိုးခဲ့သဖြင့် "လက်ဖဝါးကျော် ဦးထွန်းမြတ်" ဟုပင် ခေါ်ဆိုကြလေသည်။ ယခု စာရေးသူမှာ ဝဲဒေါင့်ဇာတိ ဖြစ်ပါသည်။

**လက်ပံနီ**




ကိုယ်တွေ့

ပြဿနာ

အနာကျက်စေသော ဆေးနည်းကောင်း

ကျွန်မသည် မြောင်းပေါင်တွင် ခင်းထားသော သစ်သားခင်းပေါ်သို့ သတိမမူဘဲ တက်နင်းရာ သစ်သားမှာ မိုးဒဏ်၊ နေဒဏ်ကြောင့် ဆွေးမြည့်နေရာ ထက်ပိုင်းကျိုး၍ ကျွန်မ၏ ခြေတစ်ဖက်မှာ မြောင်းအတွင်းသို့ ကျွံကျသွားသည်။

ထိုမှ ခြေသလုံးအထက် ဒူးအောက်နားတွင် ပွန်းပဲ့ဒဏ်ရာ ရရာမှ အနာမှာ ရောင်ကိုင်းလာပြီး ပေါက်ပြကာ ပြည်များမှာ ချွဲဖတ်စိမ်းဝါရောင်နှင့် စေးတွဲတွဲ၊ ဆွဲခွာရာမှာလည်း အသည်းခိုက်အောင် နာကျင်လှပါသည်။

အနာကျက်ဆေး မန်းဆေးစား၊ မန်းဆေးသွေး၍ လိမ်းသော်လည်း မသက်သာဘဲ ခြေထောက်မှာ အထိမခံနိုင် အထိုင်အထခက် နာကျင်ကိုက်ခဲကာ မျက်ရည်နှင့်မျက်ခွက် ဆိုသလို နေရပါသည်။

လမ်းလျှောက်ရာမှာလည်း တုတ်တစ်ချောင်းနှင့် ထော့နင်းစွာ လမ်းလျှောက်ရပါသည်။ အစ်မကြီးတစ်ယောက်က မြင်တွေ့၍ ဆေးနည်းပေးရာက သက်သာပျောက်ကင်းရသဖြင့် ကျွန်မကဲ့သို့ ဝေဒနာခံစားရသောသူများ ဝေဒနာသက်သာပျောက်ကင်းစေလိုသော စေတနာဖြင့် ဆေးနည်းဖော်ပြအပ်ပါသည်။

**ဆေးနည်းမှာ...**

နံ့သာဖြူအတုံး (အစစ်)ကို ရေနှင့်ပျစ်ပျစ် သွေး၍ ပြည်တည်နာပေါ်တွင် လိမ်းပေး... ပြည်များမှာ တဖြည်းဖြည်း စင်သွားပြီး သက်သာပျောက်ကင်းရာ ရရှိကြောင်း ကိုယ်တွေ့ ရေးသားတင်ပြအပ်ပါသည်။

***ဆေးနည်းပေးသော အစ်မကြီး မဝင်းရွှေသို့ ...***

***ဝေဒနာ သက်သာစေလိုသော***

***စေတနာဖြင့်...***

**နန်းခင်ထွေး (***ဒ...ပါ***)**